""“အစ္စလာမ့်အတိတ်သမိုင်းမှသင်ခန်းစာများ”" ဦးစိုးလွင်(ငြိမ်းချမ်းလျပ်စစ်)

(စာရေးသူ၏အမှာစာ)

""“အလ်ဟာမ်ဒုလိလ္လာဟ်”"တုန္နိုင်းမဲ့ကိုးကွယ်ရာအရှင်၏ ကျေးဇူးတော်ဖြင့် ""အစ္စလာမ့်အတိတ်သမိုင်းမှသင်ခန်း စာများ"" ဟူသောစာအုပ်ကို ၂၀၁၂ ခုနှစ် (ရမ်ဒွန်) လတွင်ရေးသားပြီးစီးခဲ့သည်။ ဤစာအုပ်ကိုရေးသားရန် ရည်ရွယ်ခဲ့ သည့်အတွက် ဤစာအုပ်၏ ရှေ့ပြေးဖြစ်သော ""အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ""ဟူသည့်စာအုပ်ကို ၂၀၀၄ခုနှစ်က ကြိုတင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

""“အစ္စလာမ့် အတိတ်သမိုင်းမှ အယူ ဝါဒဆိုင်ရာရှုပ်ထွေးမှုများ”"စာအုပ်သည် အစ္စလာမ့် သမိုင်းတလျှောက် ပူးကပ်ပါဝင်လာသော အယူဝါဒ ဆိုင်ရာ အရှုပ် အထွေးများနှင့် စပ်လျဉ်း၍ ယေဘုယျ အကြမ်းဖျင်း တင်ပြထားသော စာအုပ် ဖြစ်သည်။ ယခုတင်ပြမည့် “အစ္စလာမ့်တိတ် သမိုင်းမှ သင်ခန်းစာများ” စာအုပ် သည် အစ္စလာမ့်သမိုင်း တလျှောက် ပူးကပ်ပါဝင်လာသော အယူဝါဒဆိုင်ရာ အရှုပ်အထွေးများနှင့် စပ်လျဉ်း၍ ခုနှစ်၊သက္ကရာဇ် များနှင့်တကွ အသေးစိတ် ဖော်ပြထားသောစာအုပ် ဖြစ်သည်။

ဤစာအုပ်ကို ရေးသားရာ၌ မွတ်စလင်(မ်)များ အတွက်တွင်မက၊ မွတ်စလင်(မ်) မဟုတ်သော၊ မြန်မာစာဖတ် ပရိသတ် များအတွက်ပါ ရည်ရွယ်၍ ရေးသား ထားသောကြောင့် ထိုစာအုပ်ပါ အရေးအသားများနှင့် ဝေါဟာရ အသုံးအနှုန်း အချို့ကို မြန်မာမှုပြု၍ သုံးစွဲထားလေသည်။ ဥပမာ အလ္လာဟ်ဟူ သောဝေါဟာ ရကို ""တုန္နိုင်းမဲ့ကိုးကွယ်ရာအရှင်ဟူ၍ လည်းကောင်း၊ ခလီဖာဟ် ဟူသော ဝေါ ဟာရကို သမ္မတဟူ၍ လည်းကောင်း၊ အာလင်(မ်) အိုလမာဟ်၊ မွဖ်တီ၊ မောက် လာနာ ဟူသော ဝေါဟာရများကို၊ ဆရာတော်ကြီးများဟူ၍လည်းကောင်း၊ ခေါ် ဝေါ် သုံးစွဲ၍၊ ဘာသာရေးရှုဒေါင့်သက်သက် တစ်ခုတည်းမှ မဟုတ်ဘဲ၊ သမိုင်း ဆိုင်ရာရှုဒေါင့်ကို ပိုမိုအလေးပေး ဖေါ်ပြထားသော စာအုပ်တစ်အုပ် ဖြစ်သည်။

သို့ရာတွင်ဤစာအုပ်ကို သမိုင်းဆိုင်ရာ ရှုဒေါင့်သက်သက်၊တစ်မျိုးတည်းမှတင် ပြထားသော စာအုပ်ဟူ၍လည်း ခေါ်ဆို၍မရပေ။ အဘယ် ကြောင့်ဆိုသော် တ မန်တော်မုဟမ္မဒ် (အရှင်၏ ငြိမ်းအေးမှုအပေါင်း ခညောင်းပါစေ) ထံသို့ ပထမ ဦးဆုံး (ဝဟီ) ဗျာဒိတ် စတင်ကျရောက်ချိန်မှ နောက်ဆုံးဗျာဒိတ် ကျရောက် ခဲ့ သည်အထိ ၂၃နှစ်အတွင်း တမန်တော်မုဟမ္မဒ် (အရှင်၏ငြိမ်းအေး မှုအပေါင်း ခညောင်းပါစေ)နှင့် (ဆွဟာဗာအ်) မဟာသာဝကများ၏ လက်တွေ့ ဘဝတွင် တွေ့ဆုံကြုံတွေ့ ခံစားကြရသော အဖြစ်အပျက် အတွေ့အကြုံများ အားလုံးကို အတိုချုံး၍လည်း ကောင်း၊ အဓိကကျသော အချက်အလက်များကို အကျယ် တစ်ဝင့် သမိုင်းဆိုင်ရာရှုဒေါင်များမှ ဖေါ်ပြချက်များလည်းပါဝင်သည်။

ရာရှေဒွန်း(ခေါ်) ဖြောင့်မတ်မှန်ကန်သော ခလီဖာဟ်သမ္မတကြီး လေးပါး တို့၏ ခေတ်တို့တွင် ပေါ်ပေါက်လာသော ပြဿနာရပ်များနှင့် ထို သမ္မတကြီးများ တို့ ၏ ကိုင်တွယ်ဖြေရှင်းခဲ့သော ကိစ္စရပ်များအပါအဝင် နောက်ဆက်တွဲ ပေါ် ပေါက်လာသော အကျိုးဆက်များနှင့် အဆိုး ဆက်များအားလုံးကို ခုနှစ် သက္ကရာဇ် အက္ခရာစဉ်များဖြင့် အသေးစိတ် ဖော်ပြထားသည်။

ထိုမှတစ်ဆင့် ၎င်းတို့၏ နောက်ပိုင်း အုပ်ချုပ်သူ မုအာဝေယာနှင့် ၎င်း၏ အရိုက်အရာများကို ဆက်ခံကြသော ၎င်းတို့၏ သားမြေးများခေတ် (သို့မဟုတ်) အိုမိုက်ယာ မင်းဆက် (၆၆၁-၇၅၀) (၈၉)နှစ် အုပ်ချုပ်ချိန်တွင် ပေါ်ပေါက်လာ သော နိုင်ငံရေးရာ မကျေနပ်မှုများမှ ဘာသာရေးဆိုင်ရာ အယူဝါဒများပါ ကွဲပြားခြားနားလာရန် အစပျိုးမှုများကို အကျယ်တဝင့် အသေးစိတ် ဖေါ် ပြ ထားချက်များလည်း ပါဝင်သည်။

ထိုမှတစ်ဆင့် အဘာစီမင်းဆက်များက (၇၅၀-၁၂၅၈) နှစ်တိုင်အုပ်ချုပ်ခဲ့ ကြ သည်။ ၎င်းတို့၏အုပ်ချုပ်မှုအတွင်း ဘာသာရေးဆိုင်ရာ ဂိုဏ်းဂဏ ကွဲများစွာ ပေါ်ပေါက်လာပုံ အသေးစိတ်ကို ခုနှစ်သက္ကရာဇ်များနှင့်တကွ ဖော်ပြထားရုံမ

က၊ အစ္စလာမ် သာသနာ၏အခြေခံဥပဒေဖြစ်သော ကုရ်အာန်၏ ဥပဒေများနှင့် တိုက်ရိုက်ဆန့်ကျင်သော နိုင်ငံခြားအတွေးအခေါ် နိုင်ငံခြား အယူ ဝါဒများသည် အစ္စလာမ့်ဥပဒေများအသွင်အပြင်ဖြင့် စတင်အမြစ်တွယ်၍ ပွားများနေရာ ယူလာပုံများကိုပါ အသေးစိတ်ဖော်ပြထား ချက်များ ပါဝင်သည်။

အစ္စလာမ့်အုပ်ချုပ်ရေးသည် ခလီဖာဟ်ဟူသော အုပ်ချုပ်သူတစ်ဦးတည်း၏ အုပ်ချုပ်မှု အောက်တွင်မရှိတော့ဘဲ ယေဘုယျ မွန်ဂိုအင်ပါယာ၊ ပါးရှန်းအင်ပါ ယာနှင့် အော်တိုမန်အင်ပါယာဟူ၍ ကွဲပြားခြားနားလာခဲ့သည်။ ထို ကွဲပြားခြား နားသော အုပ်ချုပ်ရေးများနှင့်အတူ ကာလ၊ ဒေသ၊ အင်္ဂါများ အရ များစွာသော လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများက၊ အစ္စလာမ်သာသနာ၏ အနှစ်သာရ ဥပဒေများအဖြစ် မွတ်စလင်(မ်)များ၏ နှလုံးသည်းပွတ်များအတွင်းမှ ရိုးတွင်း ချဉ်ဆီထဲအထိ အမြစ်တွယ်အနယ်ထိုင်လာရသော အကြောင်းရင်းများကိုပါ ဖေါ်ပြထားပါသည်။

မွတ်စလင်(မ်) အများစုအတွင်းသို့ မွန်ဂိုတာတာများ၏ ကြမ်းတမ်းခက်ထန် သော ထိုးနှက်တိုက်ခိုက်ချက်ကြောင့် မွတ်စလင်(မ်) အများစု ဒုက္ခပင်လယ် ဝေခဲ့ရသည့် အဖြစ်အပျက်များစွာပါဝင်သည်။ ထိုခေတ်မှစတင်၍ ကုရ်အာန်ကို အခြေခံသော (အဲ့ဂျ်သေဟာဒ်) ဟုခေါ်သော မိမိတို့ပတ်ဝန်းကျင်တွင် ကာလ ဒေသနှင့်ကိုက်ညီသော အစ္စလာမ့် ဥပဒေ ပြုမှု တံခါးများပိတ်လိုက်ရခြင်း၏ အကြောင်းများပါဝင်သည်။ ထိုသို့ အားဖြင့် ဘာသာရေးဆိုင်ရာ ပညာရှင်များကို မွေးထုတ်ပေးသော ဘာသာရေးကျောင်းများတွင် ကုရ်အာန်ကိုအခြေခံသော သင်ရိုးညွှန်းတမ်းစနစ် ကြီးက ရပ်ဆိုင်းသွားရခြင်းနှင့် နောက်ဆက်တွဲ ပြဿနာ များအကြောင်း ဖေါ် ပြချက်များပါဝင် သည်။

မွန်ဂိုတာတာများသည် အစ္စလာမ်ဟူသည့် အလွန်နူးညံ့သိမ်မွေ့သော သာသနာ ၏ အထိအတွေ့ကို ခံစားကြရပြီးနောက်ပိုင်းတွင် မွန်ဂိုများ အစုအ ဝေးဖြင့် အစ္စလာမ်သာသနာအတွင်းသို့ ဝင်ရောက်လာရုံတင်မက၊ အလွန်လိမ္မာပါးနပ်၍ တရားမျှတသော မွတ်စလင်(မ်) အုပ်ချုပ်သူများအဖြစ် သို့ ရောက်ရှိလာ ရသော အဖြစ်အပျက် အတွေ့အကြုံများစွာကို ဖော်ပြချက်များပါဝင်၏။

အနောက်တိုင်းသား နယ်ချဲ့တို့၏လက်အောက်သို့ အစ္စလာမ့်အုပ်ချုပ် ရေးနိုင်ငံ များ၊ တစ်နိုင်ငံပြီး တစ်နိုင်ငံ ရောက်ရှိ သွားရပုံနှင့်၊ ရောက်ရှိသွားခဲ့သော ခုနှစ်သက္ကရာဇ် များနှင့်တကွ အသေးစိတ်ဖော်ပြ ထားချက်များ ပါဝင်သည်။ အစ္စလာမ့် နိုင်ငံများသည် ကိုလိုနီလက်အောက်သို့ ရောက်ရှိပြီး နောက်ပိုင်း နယ်ချဲ့၏သွေးခွဲပေးမှုများကြောင့် မွတ်စလင်(မ်) အချင်းချင်း ညီရင်းအစ်ကို အဖြစ် ဘယ်သောအခါမျှ ပြန်လည်ရောက်ရှိ နိုင်ခြင်း မရှိတော့ဘဲ၊ ရန်သူများ အဖြစ် ရပ်တည် ခဲ့ကြရသော အကြောင်းရင်းအဖြစ်အပျက်များကို အသေး စိတ်ဖေါ်ပြချက်များ ပါဝင်သည်။

နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း မွတ်စလင်(မ်) နိုင်ငံပေါင်း များစွာပေါ်ပေါက် လာရပုံများနှင့် ထိုနိုင်ငံများအားလုံးသည် ကွဲပြားခြားနားသော မူဝါဒမျိုးစုံဖြင့်အုပ်ချုပ်ခဲ့ပုံများအကြောင်း။ အစ္စလာမ့်အုပ်ချုပ်ရေးဟု တသွင်သွင်သုံးပြီး ကုရ်အာန်နှင့်ဆန့်ကျင်သော အနောက် တိုင်းသားတို့၏ ကြိုးဆွဲရာကို ကကြရသော ရုပ်သေးအစိုးရများဖြစ်လာရသော အရပ်နိုင်ငံများအကြောင်း။ အစ္စလာမ်သာသနာ၏ အဓိကအခြေခံ ဥပဒေဖြစ်သော ကျမ်းမြတ်ကုရ်အာန်ကို မွတ်စလင်မ်များအတွက် ဖတ်သာဖတ်စေ မသိစေနဲ့ ဟူသော မူဝါဒများ ချမှတ်ခဲ့သော ဗြိတိသျှနယ်ချဲ့ တို့၏အကြောင်းများကို အသေးစိတ်ဖေါ်ပြချက်များ ပါဝင်သည်။

ယနေ့ကမ္ဘာတွင် ရေပန်းစားနေသော အစ္စလာမ့်အခြေခံ ဝါဒီများ (သို့မဟုတ်) မွတ်စလင်(မ်) အကြမ်းဖက်သမားများဟု အနောက်တိုင်းတို့က ခေါ်ဆိုသော လူတန်းစားတစ်ရပ်က အစ္စလာမ်သာသနာအတွင်း ပေါ်ပေါက်လာရပုံ သမိုင်း အသေးစိတ်ပါဝင်သည်။

အစ္စလာမ့်သမိုင်းကို စတင်ခဲ့သော တမန်တော်မုဟမ္မဒ်(အရှင်၏ငြိမ်းအေးမှုအပေါင်းခညောင်းပါစေ) ခေတ်မှ သက္ကရာဇ်၂၀၁၂ ခုနှစ်အတွင်း၊ ဖြစ်ပေါ်ပြောင်း လဲလာခဲ့သော အစ္စလာမ့်သမိုင်း ဖြစ်ရပ်မှန်များကို အက္ခရာစဉ် ခုနှစ်များဖြင့် ဖေါ်ပြထားချက်များပါဝင်သည်။ ခေတ်တိုင်း ခေတ်တိုင်းတွင် ပေါ်ပေါက်လာခဲ့ သော မွတ်စလင်(မ်) တွေးခေါ် ပညာရှင်များ သာသနာ့ပညာရှင်များနှင့် ဆူဖီများအကြောင်းကိုလည်း ခုနှစ် သက္ကရာဇ်များဖြင့် ဖေါ်ပြချက်များပါဝင်သည်။

ယနေ့ကမ္ဘာတစ်ဝှမ်းရှိ မွတ်စလင်(မ်)များသည် အစ္စလာမ်တည်းဟူသော ထီးရိပ်တစ်ခုထဲ အောက်တွင်၊ တစ်ပါးတည်းသော အလ္လာဟ်အရှင်ကို သက်ဝင်ယုံကြည်ကိုးကွယ်ပါလျှက်၊ တစ်ဆူတည်းသောကျမ်းဂန် ကုရ်အာန်ကို ဘဝလမ်းညွှန်ကျမ်းတစ်ဆူအဖြစ် လက်ခံပါလျှက်၊ တစ်ဦးတည်းသော တမန်တော် မုဟမ္မဒ်(အရှင်၏ငြိမ်းအေးမှုအပေါင်းခညောင်းပါစေ) ၏နောက်လိုက်များ ဖြစ်ပါလျက် မိမိတို့၏ မတူညီသော အယူဝါဒ ဂိုဏ်းဂဏကွဲများကြောင့် ------

ခဝပ်ကိုးကွယ်ရာ၌လည်းကောင်း၊ လိုက်နာကျင့်သုံးရာ၌လည်းကောင်း၊ စားသောက် ဖွယ်ရာ အစားအသောက်များ စားသုံးရာ၌လည်းကောင်း၊ မွတ်စလင်မ်တစ်ဦး စားသုံးခွင့်ရှိသော အစားအစာကို အခြားမွတ်စလင်မ် တစ်ဦးက စားခွင့်မရှိရ သောအကြောင်းရင်းများအကြောင်း။ မတူညီသော ဘာသာရေးဂိုဏ်းဂဏကွဲ များပေါ်ပေါက်လာရသော အကြောင်းရင်းများကို အကျယ်တစ်ဝင့် ဖေါ်ပြချက်များ ပါဝင်သည်။

((ဤစာအုပ်သည် ကျမ်းမြတ်ကုရ်အာန်ကို ဘဝလမ်းညွှန်အဖြစ် သက်ဝင်ယုံ ကြည်ကြသော မွတ်စလင်(မ်)များနှင့်အစ္စလာမ့် သမိုင်းဖြစ်ရပ်မှန်များကို သိလို ကြသူများအတွက် လက်ကိုင်ထားရမည့် စာအုပ်တစ်အုပ်အဖြစ် ရှေ့ရှု၍ ရေးသားထားကြောင်းသတင်းကောင်းပါးလျှက်။))

((((((ဆရာဦးမြတ်သူ၏အမှာစာ)))))))

သမိုင်းကျမ်းအမျိုးမျိုးပြုစုပြီးတိုင်း အမှာစာရေးပေးပါရန် ဦးစိုးလွင်က ကျွန်တော့အား ပြောလာတတ်ပါတယ်။ ကျွန်တော်ကလည်းရိုးရိုးဝန်ခံရရင် သမိုင်းဘာသာရပ်ကို မကျွမ်းပါ။ ဒီတော့ အမှာစာမရေးဖြစ်ခဲ့ပါ။ ဒီတစ်ကြိမ်လည်း ဘာသာရပ်ကျမ်းအတွက်အမှာစာမရေးပဲ၊ ကျမ်းပြုပုဂ္ဂိုလ်နှင့် အကျွမ်းဝင်ခင်မင် ခဲ့ရတဲ့ အကြောင်း) ကို အမှတ်တရဖေါ်ပြပါရစေ။

ဦးစိုးလွင်ကိုယ်တိုင် တရင်းတနှီးပြောပြလို့ သိရှိခဲ့ရတာက၊ သူငယ်စဉ်ကလေး ဘဝတုန်းက မြန်မာ စာနှင့် အင်္ဂလိပ်စာကို ဘုန်းတော်ကြီးကျောင်းများတွင် တက်ရောက် သင်ကြားခဲ့ရတယ်ဆိုပဲ။ တော်တော့ကို ""ထူး""ပါတယ်။ အထူးသဖြင့် ကမ္ဘာသုံး အင်္ဂလိပ်စာကို ကြီးပြင်းပြီးသည်အထိ ""လိုက်စား""အား ထုတ်ခဲ့ရာ ဗိုလ်တစ်ယောက်လို ""မွတ်""နေအောင် ပြောတတ်ဆိုတတ် ရေးတတ်တာကို ကျွန်တော်ကောင်းစွာ သိရှိထားပါတယ်။ ဒါကြောင့်လည်း ဇာတိချက်ကြွေ မွေးရပ်မြေကိုခွာပြီး၊ အမေရိကန်နိုင်ငံ။ လောစ်အင်ဂျလီစ်မှာ ချစ်ဇနီး၊ ချစ်သား၊ ချစ်သမီး၊မြေးများ နဲ့ ""တပျော်ကြီး"" နေထိုင်လျက် ယခုထိ ရှိနေစဲပါ။

သူမြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ""ကျွမ်း""နေစဲမှာ၊ တသက်လုံးတင်မက နှစ်သက် နှစ်ကာလ (ဒွန္နီယာ အာခိရသ်) မှာပါ မရှိမဖြစ်မသိမဖြစ် တတ်ကိုတတ်ရမည့် သိကိုသိရမည့် သုံးကိုသုံးရမည့် ကျမ်းမြတ်ကုရ်အာန်၏ မူရင်းစာပေဖြစ်တဲ့ အရဗီ ဘာသာစာစကားကိုလည်း၊ ကြောင်ပုဇွန်စား ကျွတ်ကျွတ် ဝါးသကဲ့သို့ သူလိုက်စားခဲ့တဲ့အကြောင်း သူပြောပြပုံက၊- ၁၉၈၀ ပြည့်နှစ် မတိုင်မီ အသက်(၅၀)မတိုင်မီအထိ အရဗီဘာသာ စာစကား တစ်ရပ်အနေနဲ့ တတ်သိနားလည်နိုင်ရန် မိမိဝန်းကျင်ရှိ ဘာသာရေးဆရာကြီးငယ်များထံ မဒရ်ဆာများကိုချဉ်းကပ်ကြိုးပမ်း အားထုတ်သင် ယူခဲ့သော်လည်း၊ ""ကြက်တူရွေး နည်း"" ""ပရိုဖတ်"" အဆင့်ကမကျော်နိုင်ပဲ အတန်ကြာအချိန် ကုန်ခဲ့ ရပါတယ်တဲ့။

တစ်နေ့၊၁၉၈၀ ပြည့်နှစ်လောက်က ရန်ကုန်မြို့ လမ်း ၃၀အလယ်ဘလောက် လှေခါးရင်း တစ်နေရာမှာ မိတ်ဆွေတစ်ဦးက မိတ်ဆက်ပေးလို့ ရန်ကုန်မြို့၂၉လမ်း၊ ပီကင်းဟော်တယ်အပေါ်ထပ်၊ ကျူလီယာမွတ်စလင်မ် ခမ်းမမှာ အရဗီ သပို့ချနေသူဆိုတဲ့ အဆောင်အယောင် ဘဝတစ်ခုမှ မရှိတဲ့၊ သာမည လမ်းဘေးက လူတစ်ယောက်နဲ့ မိတ်ဆက် ပေးလာတယ်။ ဦးစိုးလွင်က အရဗီ ဘာသာ သဒ္ဒါ ကို သင်ကြားပို့ချနေသူလို့ သိရ

သည်နှင့် တပြိုင်တည်း ထိုင်ရာ ကထ အနားတိုး လာပြီး ""ဒီမှာကျွန်တော်မေးမယ် အရဗီလို (အလ္လဟ်ဟု)( အလ္လဟ်ဟ) (အလ္လဟ်ဟိ) ဆိုတဲ့ စကားလုံးသုံးလုံးဟာ တစ်လုံးနဲ့ တစ်လုံး အဓိပ္ပါယ်များအားဖြင့် ဘာကွာခြားပါသလဲ။

ကျွန်တော်တွေ့သမျှ ဆရာကြီးငယ်တွေက ဘာမှမကွာပါဘူး အလ္လဟ် ဆိုတာ အလ္လဟ်ပါပဲ။ အရဗီ ဘာသာစာပေက ဘာသာရေးမှာ အရေးမကြီးပါဘူး၊ ကုရ်အာန်က သဒ္ဒါဥပဒေပါလို့လားဗျာ။ ကုရ်အာန် က အရင်ကျရောက် သလား၊ အရဗီ ဥပဒေက အရင်ကျရောက်သလား။ ဒီထက်အရေးကြီးဒါတွေ အများကြီး ရှိပါတယ် လို့ဖြေကြားတယ်ဆိုပဲ။

ကျွန်တော်ကတော့ လုံးဝ သဘောမကျဘူး။ ဘဝင်မကျဘူးဗျာ။ ဒါတွေသိပါမှ ဖြစ်မယ်။ ကဲ ခင်ဗျား ဖြေနိုင်မလားဖြေကြည့်ပါ လို့ဆိုတော့၊ အဲဒီလူက ချက်ချင်းပဲ (အလ္လဟ်ဟု)ဆိုတာ အလ္လဟ်သည် ဆိုတဲ့အနက်ပေးတဲ့ ကတ္တားပုဒ် ဖြစ်တယ်။ ( အလ္လဟ်ဟ) ဆိုတာ အလ္လာဟ်ကိုဆိုတဲ့ အနက်ပေးတဲ့ ကံပုဒ်ဖြစ်တယ်။ (အလ္လဟ်ဟိ)ဆိုတာ အလ္လဟ်၏ဆိုတဲ့ အနက်ပေးတဲ့ ပိုင်သူပုဒ်/ဝိဗတ်ပုဒ်တို့ အ သီးသီး ဖြစ်ကြပါတယ် ခင်ဗျားလို့ရှင်းပြပြီး။ ကုရ်အာန်ကျမ်း မြတ်သည် အရဗီ သဒ္ဒါဥပဒေ အရာတွင် "စံ" ပင်ဖြစ်ကြောင်းကိုပါ တစ်ပါတည်း ဖြေပြီးသားဖြစ် သွားပါတယ်။

ငယ်ငယ်က ဘုန်းတော်ကြီးကျောင်းမှာ မြန်မာ၊အင်္ဂလိပ် သင်ယူခဲ့တဲ့ ဘုန်းတော် ကြီးကျောင်း ပညာရေးရဲ့ သဒ္ဒါအသုံးအနှုန်းများဖြင့် အကျွမ်းတဝင်ရှိခဲ့သူ ဦးစိုးလွင်သည် အရဗီသဒ္ဒါဥပဒေ သဘောတရား အလွန်တရာလွယ်ကူ ရှင်းလင်းကြောင်းသိရပြီး၊ မရဏာပီတိ ဂွမ်းဆီထိ သွားလေပြီး ""ဖွဲ့နဲ့ လုပ်လိုက်လေ ကြာသလားလို့ ချက်ချင်းသူသားသမီး ဘုစုခရုတွေကိုပါ စွဲခေါ်ပြီး ပီ ကင်းပေါ်အရောက်ပေါက်ချ လာလေရောဗျာ။

နောက်နေ့ များကျတော့ သူ့ရဲ့အပေါင်း အသင်း ရောင်းရင်းကြီးများဖြစ်တဲ့၊ ဦးဟာရှင်၊ ဟာဂျီ ဦးယာဆင်မ် စသည့်သူတို့ကို ထပ်ခေါ်လာ ပြီး၊ အရဗီဘာသာကို တအားလေ့လာ လိုက်စားခဲ့ရာမှ တစ်ဆင့် မကြာမီ ရွှေဘုံသာလမ်း မိုးကျဗလီမှာ ဖဂျရ်ဆွလာသ်ပြီးတိုင်း ဦးစိုးလွင်၏ ကျမ်းမြတ်ကုရ်အာန် တဖ်ဆီရ် အကျယ်ဖွင့်ဆိုတဲ့ ဝိုင်းတစ်ဝိုင်း ပေါ်လာ လိုက်တာ၊ ရန်ကုန်မြို့ အလယ် ဘာသာ ရေးအသိုင်းအဝိုင်းက ထုံးစံအတိုင်း တီးတိုး တီးတိုး သဖန် ပိုးတွေ ဖြစ်လာလို့ ရဲရဲရင့်ရင့် တရားဝင် ဖြေရှင်းမှုပြုခဲ့ပြီး ဆက်လက်လုပ်မြဲ လုပ်ခဲ့တယ်ဆိုပဲ။

နောက်ဆုံး မိမိရဲ့ချစ်ဇနီးဒေါ် ရီရီကိုလက်တွဲခေါ်ပြီး၊ အီဂျစ်နိုင်ငံ အလ်အဇ်ဟရ် တက္ကသိုလ်သို့ သွားရောက်ပြီး အရဗီဘာသာသက်သက်ဖြင့် သင်တန်းများကို တက်ရောက်လာခဲ့ရသည်အထိ ကုရ်အာန်၊ အစ္စလာမ်၊ စာပေကျမ်းဂန်၊ ဟဒီစ် သမိုင်း၊ ဖေကဟ်၊ ဖတ္တဝါ ၊အစ်ဂျမဟ်၊ ကိယာဆ် စသည့်တို့တွင် ထူးချွန်မှု သရဖူကို ထိုက်ထိုက် တန်တန် ဆောင်းနိုင်ခဲ့ သူကြီးပါ။

(မြတ်သူ) M.Sc. Botany ၁၉၈၆မှ ၁၉၉၅ခုနှစ်အထိ ရန်ကုန်မြို့ဆေးတက္ကသိုလ်(၂)ရုက္ခဗေဒဌာနတွင်လက်ထောက်ကထိကအဖြစ်အမှုထမ်းခဲ့ပြီး အငြိမ်းစားယူခဲ့ပါသည်။ (ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့)

(ဆရာဦးငွေးလွင်ဦး၏အမှာစာ)

ကရုဏာရှင်၊အကြင်နာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်၏ ဂုဏ်တော်အားဖြင့် ပြည်တွင်းပြည်ပ မြန်မာမွတ်စလင်မ်တို့ ဗဟုသုတ ဆည်းပူးနိုင်ရန်အလို့ငှာ www.quraninburmese.com ဝက်ဘ်ဆိုဒ်အား အပင်ပန်းခံပြုစုလျှက် မြန်မာမွတ်စလင်မ်တို့၏အကျိုးအတွက် တတ်အားသမျှ သယ်ပိုးနေသော ဆရာ ဦးစိုးလွင်(ငြိမ်းချမ်းလျှပ်စစ်)မှ-ဆရာကိုယ်တိုင် ရှာဖွေကိုးကားပြုစုထားသော အစ္စလာမ့်သမိုင်းဖြစ်စဉ်များကို မြန်မာစာ အသုံးအနှုန်း ဝေါဟာရများ ကြည့်ရှုပေးပါရန် ကျွန်တော့ထံမေတ္တာရပ်ခံခဲ့ပါသည်။

အမေရိကန် လူမှုဘဝ မအားမလပ်သည့်ကြားမှ ဆရာ၏ယုံကြည်စွာအပ်နှံမှုအပေါ် ကျွန်တော့အနေဖြင့် အားတက် သရောလက်ခံလျှက် ဤသမိုင်း စာအုပ်ငယ်၌ စိတ်စေတနာ ဖြူစင်စွာဖြင့် ဝင်ရောက်လက်ထည့်ခဲ့ပါသည်။ သို့သော် ကျွန်တော့ဘဝတာတွင် စာအုပ်၊ စာပေ၊ ဆောင်းပါးပေါင်း ရာနှင့်ချီ၍ ဝေါဟာရ စစ်ဆေးပေးခဲ့ဘူးရာ၌ ဤစာအုပ်ငယ်အား ဝေါဟာရ စီစစ်ပေးရခြင်းသည် ကျွန်တော့အတွက် (ကျွန်တော်ပြန်ဆိုသည့် ကျမ်းမြတ်ကုရ်အံ ဘာသာပြန် ပြီးလျှင်) ဒုတိယ အခက်ဆုံးစာအုပ်ဟု ဆိုရပေမည်။

အကြောင်းမှာ ဤစာအုပ်ငယ်သည်ကား အစဉ်အလာ ကြားဘူးနားဝ စကားစဉ်များမှ ဖေါက်ထွက်လျှက် "ဟုတ်ပဲ ဟုတ်ပါ့မလား" ဟူသည့် တင်ပြချက်များဖြစ်နေသောကြောင့်ပင်။ အဘယ်ကြောင့်ဆိုသော် ထိုစာအုပ်ပါအကြောင်းအရာများသည် ကျနော်တို့ ပတ်ဝန်းကျင်တွင် ကြားဘူးနားဝပင် မရှိသေးသော အကြောင်းအရာများကို ဆရာက ရှေးဟောင်းသမိုင်း စာအုပ်များမှ ရှာဖွေတင်ပြထားသော အကြောင်းအရာများ ဖြစ်နေသောကြောင့်ပင်။

ထို့အပြင် ကျွန်တော်၏အကျင့်တစ်ခုမှာ "မိမိက မယုံကြည် မနှစ်သက်ဘဲလျှက် သူတစ်ပါးအား မျက်နှာချိုသွေး၍ အလိုက်သင့် မဆောင်ရွက်တတ်ပါ၊" ထို့အတူ ဤသမိုင်းဖြစ်စဉ်အား သမိုင်းလိမ်ဟုထင်မှတ်မိလျှင် ကျွန်တော်သည် ဆရာ၏ မျက်နှာ ကိုလည်း ထောက်ထားမည်မဟုတ်ဘဲ-၊ ဆက်လက် မဆောင်ရွက်နိုင်တော့ကြောင်း အကြောင်းတစ်ခုပြု ရှောင်ထွက်လိုက်မည် သာဖြစ် သည်။ ဤနေရာတွင် ဤသမိုင်း တင်ပြချက်အား လုံးဝမှန်ရမည်ဟု သက်သေ မလိုက်ပေး နိုင်သော်လည်း လုံးဝအမှား တရားချည်း မဟုတ်-၊ သမိုင်းရှုဒေါင့်မှ ဤသို့လည်း မြင်ထိုက်ရေးထိုက်သည်၊ ဤသို့သော သမိုင်းအမြင်များ မျိုးဆက်သစ်တို့အဘို့ သိသင့်သိထိုက်သည်ဟု စေတနာ ဖြူစင်စွာဖြင့် ခံစားမိပါသည်။ အမြင်ဟောင်းချည်း မြင်မိထင်မိနေရာမှ အမြင်သစ်များ- မတူသည့် ရှုဒေါင့်များမှ တစ်ဖန်ပြန်လည် မြင်ယောင်လျှက် ဆွေးနွေးထိုက်သည်ဟု ဆင်ခြင်မိသည်။ သို့ဖြင့် ဤ စာအုပ်ငယ်အား ဆရာ့ခွင့်ပြု ချက်ဖြင့် စ-ဆုံး သယ်ပိုးဝန်ဆောင်ပေးခဲ့ပါသည်။

သမိုင်းကို သမိုင်းလို လေ့လာသူများအဘို့- မြန်မာမွတ်စလင်မ် လောကတွင် ဤစာအုပ်သည် တစ်ကယ့် အစ္စလာမ့် သမိုင်းစာအုပ်အဖြစ် သမိုင်းတွင်မည့် စာအုပ်တစ်အုပ် ဖြစ်ပေသည်။
ဆရာ၏ ချွေးတစ်စက် မြေသို့မသက်စေရအောင် လက်ဖြန့်ခံပေးခွင့်ရလိုက်သည်ကိုပင်--၊ အလ္လာဟ်အရှင်မြတ်အား အလွန်အမင်း ကျေးဇူးတင်လျှက် --- ဆရာဦးဌေးလွင်ဦး BA (မြန်မာစာ-ရန်ကုန်) (ကုရ်အာန် ဘာသာပြန်ဆရာ) A.A (Media Marketing NVCC NY USA ) Scholar of Buddhism Christianity & Islam (American Author Association)

(အထူးကျေးဇူးတင်လွှာ)
ဤစာအုပ် ဖြစ်ပေါ်လာရခြင်းသည် တုနိူင်းမဲ့ကိုးကွယ်ရာ အရှင်၏အနိူင်းမဲ့ ကျေးဇူးတော်ကြောင့် ဖြစ် သည်။ ထိုကဲ့သို့ပင် အခြားကျေးဇူးတင်ထိုက်သူများမှာ ကျေးဇူးရှင်မိဘနှစ်ပါးတို့ဖြစ်သည်။ ၎င်းတို့ နှစ်ဦးက မွေးဖွား၍ အစ္စလာမ်ဟူသောသာသနာ၏ အသိတရားများကို ဆည်းပူးနိုင်သောအခွင့်အလမ်းများ ကို ဖန်တီး ပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထိုကဲ့သို့ပင် အခြားကျေးဇူးတင်ထိုက်သူတစ်ဦးမှာ ကျွန်တော်၏ ချစ်ဇနီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိမ် ထောင်သက်တမ်း(၄၂နှစ်)အတွင်းစီးပွားရေးထက် ဘာသာရေးကိုပိုမို၍ ဦးစားပေးခဲ့သော ခင်ပွန်းအား ကြည်ဖြူစွာဖြင့်ပါရမီဖြည့်ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။
((ဤစာအုပ်သည် ကျွန်တော်၏ဇနီးအတွက် မင်္ဂလာသက်နှစ်(၄၂)ကြိမ်မြောက်မင်္ဂလာလက်ဆောင်ဟုရည်ညွှန်း၍ ရေးသားသော စာအုပ်လည်းဖြစ်သည်။))
ထိုကဲ့သို့ပင်အခြားကျေးဇူးတင်ထိုက်သူများမှာ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာအားလုံးနှင့် ဤစာအုပ်ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းပံ့ပိုးကြသော သားသမီးများနှင့် မိတ်ဆွေသင်္ဂဟများဖြစ်သည်။ ထိုကဲ့သို့ပင် ဤစာအုပ်ကို အစမှအဆုံးတိုင် ဖတ်ပေး၍ စာဖတ်ပရိသတ်များ၏ ရှုဒေါင့်မှဝေဖန်ပေးခြင်း၊ ထိုစာအုပ်တွင် လိုအပ်သောသမိုင်းဆိုင်ရာ အထောက်အထားများနှင့်စပ်လျဉ်းသော စာအုပ်များကို အင်တာနက် မှရှာဖွေဝယ်ယူပေးသော သား-သားမက် မောင်ရန်နိုင်အားလည်းကောင်း၊ ဤစာအုပ်ကို အင်တာနက်မှတစ်ဆင့် လူတိုင်းဖတ်ရှုနိူင်ရန် စီစဉ်ရေးဆွဲပေးသော သား လွတ်ကမာန်း အားလည်း ကောင်း၊ ထိုနည်းတူစွာ စာမူများကို ပရိသတ်များ၏အမြင်ရှုဒေါင့်မှ ဖတ်ရှုဝေဘန်ပေးသော သားသမီးများကိုလည်းကောင်း စာမူအကြမ်းမှ စာမူ အချောရေးပေးသော ရှာဘီးရ် အဟ်မဒ် (ခေါ်) ဦးကျော်မြင့်(ကွယ်လွန်)သူအား လည်းကောင်း၊ အထူးကျေးဇူး တင်ရှိပါသည်။
ထိုကဲ့သို့ပင် ကျွန်တော်၏အကြောင်းကိုရေးပေးကြသော ဆရာဦးမြတ်သူနှင့်၊ ကျွန်တော်၏ ကိုယ်ရေး အတ္ထုပ္ပတ္တိ ကိုရေးပေးသော ငယ်ကျွမ်းရဲဘော် အွမ်မုရ်ခင်ညွန့်အားလည်းကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။
အခြားအထူးကျေးဇူးတင်ထိုက်သူ တစ်ဦးမှာဤစာအုပ်ကို အစမှအဆုံးတိုင်ပြန်လည် တည်းဖြတ် ပေးခြင်း၊ မွတ်စလင်မ်များတွင်မက မွတ်စလင်မ်မဟုတ်သော မြန်မာစာဖတ်ပရိသတ်များအတွက်ပါ လွယ်ကူချောမွေ့စေရန် မြန်မာဝေါဟာရများကို ရွေးချယ်ပေးခြင်း၊ သမိုင်းဆိုင်ရာအချက်အလက်များကို ဖြည့်စွက်ပေးခြင်းများကို မိမိ၏ကိုယ်တိုင်ရေး စာအုပ်တစ်အုပ်အတိုင်း ပြန်လည်ပြုပြင်မွမ်းမံစီစစ်ပေးခြင်းနှင့် အမှာစာရေးပေးသော --- ဆရာဦးဌေးလွင်ဦး BA (မြန်မာစာ-ရန်ကုန်) (ကုရ်အာန် ဘာသာပြန်ဆရာ) A.A (Media Marketing NVCC NY USA Scholar of Buddhism Christianity & Islam (American Author Association) အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

၁ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

{{အစ္စလာမ့်အတိတ်သမိုင်းမှ သင်ခန်းစာများ}} (၁)

(တုနိူင်းမဲ့ကိုးကွယ်ရာအရှင်၏ နာမတော်ဖြင့် အစပြုပါ၏)

တမန်တော် မုဟမ္မဒ်(အေဒီ ၅၇၀-၆၃၂)

((((အေဒီ ၆၁၀ ရမဒွါန်လတွင် အာရဗ် ကုန်သည်လေး တစ်ဦး၏ အတွေ့အကြုံ တစ်ခုသည် ကမ္ဘာ့ သမိုင်း တစ်ခုလုံး ကို ပြောင်းလဲလာရန် အကြောင်းက ဖန်လာခဲ့သည်ဟု ဆိုရပေမည်။)))) နှစ်စဉ်ထိုလတွင် မုဟမ္မဒ် အိဗ်နု အဗ်ဒုလ္လာဟ်သည် ဟိရာဟ်တောင်ရှိ ဂူငယ် တစ်ခုအတွင်း၌ ငြိမ်သက်စွာ တရားထိုင်လေ့ ရှိသည်။ ထိုတောင်ကုန်းလေးမှာ အာရေးဗီးယား ကျွန်းဆွယ်ရှိ မက္ကာဟ်မြို့၏မြို့ပြင် တစ်နေရာတွင် တည်ရှိသည်။ တမန်တော် လျောင်းလျှာ မုဟမ္မဒ်သည် ထိုဂူငယ် ထဲတွင် ဆွလာသ် ဝတ်ပြုခြင်း၊ ဥပုသ်သီလ စောင့်ထိန်းခြင်းများကို ပြုလုပ်လေ့ ရှိသည်။ သူသည် ဆင်းရဲသားများ ကိုလည်း လှူဒါန်းပေးကမ်းလျက်ရှိသည်။ လက်ရှိ အခြေ အနေတွင် အာရဗ် လူ့အဖွဲ့ အစည်းကြီးအတွင်း ဖြစ်ပေါ်လျက်ရှိသော ကိစ္စ အဝဝ တို့ နှင့် စပ်လျဉ်းပြီး သောကရှိသူ တစ်ဦးလည်း ဖြစ်သည်။
မက္ကာဟ်ရှိ အာရဗ်များအနက် ကိုရိုက်ရှ် မျိုး နွယ်များသည် တမန်တော် အီဗရာဟင်မ် ၏ သာသနာ့ လမ်းစဉ်ကို လက် ခကျင့်သုံးသူများဖြစ်ကြသည်။ ကိုရိုက်ရှ်များအဖို့ ဆွလာသ် တည်ဆောက်ခြင်း၊ ဥပုသ်သီလ စောင့်တည်ခြင်း၊ ဟဂ်ျပြုခြင်းများသည် ယနေ့ မွတ်စ်လင်မ် များ၏

ကျင့်စဉ်ပုံစံ အတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ယင်းကိုရိုက်ရှ်များသည် ဘုရား တစ်ဆူ ဝါဒကို ကိုးကွယ်ခြင်းနှင့်အတူ ဆင်းထုရုပ်ပွားများကိုပါ (ရှစ်ရ်က်)ရောပြွန်းကိုးကွယ်သူများ ဖြစ် ကြသည်။

ထိုကဲ့သို့ သောအာရဗ်များ ၏ အယူဝါဒသည် မှန်ကန်မှု မရှိကြောင်းကို တမန်တော် လောင်းလျာ မုဟမ္မဒ်က သိရှိခဲ့သည့်အတွက် သူ့အား ဉာဏ်စဉ် ဗျာဒိတ် မကိန်းဝပ်မှီ အထိ ၎င်းတို့၏ အယူ ဝါဒများအနက် ဆွလာသ် တည်ဆောက်ခြင်းကို အဆက်မပြတ် တည်ဆောက် ခဲ့သည်။ နှစ်စဉ် ရမဒ္ဒါန်လသို့ ရောက်ရှိတိုင်း ဥပုသ်သီလ စောင့်တည်ခဲ့ကြသည်။

ယခုနှစ်တွင် သူ၏မျိုးနွယ်ဖြစ်သော ကိုရိုက်ရှ်တို့သည် ပတ်ဝန်းကျင် နိုင်ငံများသို့ သွားရောက် ကုန်သွယ်ခြင်းအားဖြင့် စီးပွားဖြစ်ထွန်းခဲ့ကြသည်။ ထိုစဉ်က မက္ကာမြို့သည် နိုင်ငံအရပ်ရပ်မှ ကုန်သည်များ လာရောက်၍ ကုန်ပစ္စည်း ဖလှယ်ရာ ဌာနချုပ် ဖြစ်သည်။ သို့ရာတွင် အချို့ အာရဗ်မျိုးနွယ်စု များမှာမူ ၎င်းတို့၏ ကုန်ပစ္စည်းများ ဈေးကွက်တွင် အရောင်းထိုင်း၍ အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထိုကဲ့သို့ အရှုံးနှင့်ရင်ဆိုင် ကြရသူများကို စီးပွားဖြစ်ထွန်းသော အခြား အာရဗ်များက ယိုင်းပင်း ကူညီခြင်း အလေ့အထများ မရှိကြပေ။ ထိုအချိန်က အာရေဗျ ကျွန်း ဆွယ် တစ်ခုလုံးတွင် လောကုတ္တရာ နှင့်ဆိုင်သော အယူဝါဒများ ဆိတ်သုဉ်းလျက် အမိုက် မှောင်ကျနေသော အချိန် ဖြစ်သည်။

၎င်းတို့ ဝန်းကျင်ရှိ ဂျူးနှင့်ခရစ်ယာန်တို့၏ အယူဝါဒများမှာ ရောမနှင့်ပါရှန်း ဘုရင်များ၏ လိုက်နာကျင့်သုံးသော အယူဝါဒများအဖြစ် အာရဗ်များက သိရှိထားကြသည်။ အာရဗ် အများစု ၏ အမြင်တွင် ဂျူးနှင့် ခရစ်ယာန် ဝါဒများ ကို လိုက်စားခြင်းထက် ၎င်းတို့၏ မိစ္ဆာဒိဋ္ဌိ အယူကို လိုက်စားခြင်းက ပို၍ ပါးနပ် လိမ္မာသူများ ဖြစ်သည်ဟု လက်ခံခဲ့ကြသည်။ အချို့အာရဗ်များ၏ အယူဝါဒမှာ {အလ္လာဟ်}ကို နတ်ပေါင်းစု ဘုရားဟု ခံယူလျှက် ကိုးကွယ်ကြသည်။ အာရဗ် လူမျိုးများအတွင်း မည်သည့် အာရဗ် တမန်တော်နှင့် မည်သည့် အာရဗ်ကျမ်းဂန်ကိုမျှ စေလွှတ် ပို့ချခဲ့ခြင်း အလျှင်း မရှိခဲ့ချေ။

အာရဗ်များ၏ ပတ်ဝန်းကျင်ရှိ ဂျူးများနှင့် ခရစ်ယာန်များက အာရဗ်များကို လောကုတ္တရာ ဆိုင်ရာကျင့်ကြံအားထုတ်မှုများကို လစ်လျူရှု ထားသူများအဖြစ် သိရှိထားကြသည်။ အာရဗ် ကျွန်း ဆွယ် အတွင်းရှိ အာရဗ်များသည် အချင်းချင်း တိုက်ခိုက်ခြင်း၊ သတ်ဖြတ် လက်စားချေ ခြင်း ဟူသော သံသရာ တွင် ကျက်စား နေသူ များသာ ဖြစ်ကြ သည်။ ယောက္ခမဟု အခေါ်မခံလို ၍ မိမိတို့၏ ရင်သွေး သမီးငယ် များကိုပင် အရှင် လတ်လတ် မြေမြှုပ် သတ်သည် အထိ ပြုဝံ့သူ များ ဖြစ်ကြ၍၊ လူ့ယဉ်ကျေးမှု လူ့ဘောင်အတွင်းမှ ထာဝရ စွန့်ခွာနေသူများပင် ဖြစ်တော့၏။

၂ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

## ပထမဦးဆုံးဗျာဒိတ်

ရမဒ္ဒါန်လ၏(၁၇)ရက်ညတွင် တမန်တော်လျောင်းလျှာ မုဟမ္မဒ်သည် ကြီးမားသော စွမ်းအားတစ်ခု၏ လွှမ်းမိုးမှုကို မြင်တွေ့ ခံစားခဲ့ရသည်။ ထိုစွမ်းအား၏ လှုံ့ဆော်မှု အဟုန်ဖြင့် ပထမဦးဆုံး ဗျာဒိတ်ကို ၎င်း၏နှုတ်မှ စတင်ထွက် ပေါ်စေခဲ့သည်။ သူ၏ ထိုအဖြစ်အပျက်၊ အတွင်းစကားကို ဇနီးခတီဂျာနှင့် ခတီဂျာ၏ အစ်ကိုဝမ်းကွဲဖြစ်သူ ခရစ် ယာန် ဘာသာဝင် ဝရ်ကာ အိဗ်နုနောင်ဖလ်တို့အား ဖွင့်ဟ တိုင်ပင်ခဲ့သည်။ ၎င်းတို့ နှစ်ဦးစလုံးက ဤသည် နိစ္စထာဝ ရ ဘုရားသခင်ထံမှ ဗျာဒိတ် ဖြစ်သည်ဟု ယုံကြည်ကြသည်။

ဤသည့် ဖြစ်ရပ်ကို (၂) နှစ်တိုင်တိုင် နှုတ်ဆိတ်၍နေခဲ့သည်။ ၂-နှစ်အကြာ အေဒီ ၆၁၂တွင် တမန်တော်မုဟမ္မဒ်ထံသို့ တရားဓမ္မ ဟောကြားရန် အာရုံစျာန်ကိန်းဝပ်ခဲ့သည်။ ထို့နောက် ဖြည်းဖြည်းချင်း တမန်တော်မုဟမ္မဒ် ဆောင်လာ သော သာသနာကို အာရဗ်များက လက်ခံလာကြသည်။ ထိုလက်ခံသူများတွင် သူ၏ ညီဝမ်းကွဲတော်စပ်သူ လူငယ် လေး အလီအိဗ်နု အဘူတွာလိဗ်၊ သူ၏ မိတ်ဆွေဖြစ်သူ အဘူဘကရ်၊ အင်အား ကြီးမားသော အိုမိုက်ယာ မျိုးဆက် မှ ကုန်သည် တစ်ဦးဖြစ်သူ အွတ်စ်မာန်း အိဗ်နု အဖ်ဖာန်းနှင့် များစွာသော အမျိုးသမီးများလည်း ပါဝင်ခဲ့ ကြသည်။ အများ အားဖြင့် ဆင်းရဲသား မိသားစုများမှ ဖြစ်ကြသည်။ အရဗ်အများစုမှာမူ ၎င်းတို့ခံယူထားသော အယူဝါဒနှင့် တိုက်ရိုက် ဆန့်ကျင် နေသော အယူဝါဒဖြစ်သည့် အတွက် စိုးရိမ်မကင်း ဖြစ်ခဲ့ကြသည်။

တမန်တော်မုဟမ္မဒ် ဆောင်လာသော သာသနာ၏အကြောင်းကြားချက်မှာ ရိုးရိုးစင်းစင်းလေးပင်၊ သူသည် အရဗ် များအား တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်နှင့် စပ်လျဉ်းပြီး အယူဝါဒ အသစ်အဆန်းများကို တင်ပြခဲ့သည် မဟုတ်ပေ။ အာရဗ်များအတွင်း လူမျိုးကြီး ကိုရိုက်ရှ်များ လက်ခံသဘော ပေါက်ပြီး ဖြစ်သော စကြဝဠာနှင့် အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင်၊ တုနှိုင်းမဲ့ ကိုကွယ်ရာ အလ္လာဟ်အရှင်၏ အကြောင်းကိုသာ ပြန်လည် တင်ပြခဲ့ ခြင်း ဖြစ်သည်။ ထိုတုနှိုင်းမဲ့ ကိုးကွယ်ရာ အလ္လာဟ်အရှင်သည် လူသားတို့၏ ကောင်းရာကောင်းမှု ပြုမှုချက်များ၊ မကောင်းမှု ဒုစရိုက်များနှင့် စပ်လျဉ်းပြီး နောက်ဆုံး နေ့ (သို့မဟုတ်) နောက်ဆုံး တရားစီရင်မည့်နေ့တွင် တရားဆုံးဖြတ်မည့် အကြောင်းကိုသာ ဟောကြားခြင်းဖြစ်သည်။

သူ ဆောင်လာသော သာသနာနှင့် စပ်လျဉ်း၍ အသစ်အဆန်း သာသနာ တစ်ခုဟု မယူဆခဲ့ပေ။ ထိုတုနှိုင်းမဲ့ ကိုးကွယ်ရာ အလ္လာဟ်အရှင် အကြောင်းကို ဂျူးနှင့်ခရစ်ယာန်တို့ကလည်း ထာဝရဘုရားသခင်အဖြစ် လက်ခံပြီး ဖြစ်ပေသည်။ သူသည် တမန်တော်များ ဆိတ်ငြိမ်ကာလ၌ အာရဗ်များ အတွင်းတွင် ပွင့်ပေါ် ခဲ့၍၊ ရှေးတမန်တော် အဆက်ဆက် သွန်သင်ခဲ့သည့် ဘုရားတစ်ဆူဝါဒကိုသာ ပြန်လည် ဆောင်ယူလာခြင်း ဖြစ် သည်။ သူ့မတိုင်မှီ ခေတ် အဆက်ဆက်က လူသား မျိုးနွယ်ဝင်များအတွင်းတွင် တမန်တော် များ ပွင့်ပေါ် ခြင်း၊ ဗျာဒိတ် ကျမ်းဂန်များ ချပေးခဲ့ ခြင်းများသည် ရှိနှင့်ပြီး ဖြစ်သည်။ သို့သော် ဗျာဒိတ်ကျမ်း ဂန်များ နှင့် လက်လှမ်းမမှီ ဖြစ်နေသော ထိုခေတ် အာရဗ်များက တမန် တော်မုဟမ္မဒ်

သည် ၎င်းတို့၏ ကံကြမ္မာကို ပြုပြင် ပြောင်းလဲရန် အတွက် သာသနာ အသစ်တစ်ရပ်ကို ယူဆောင်လာ ခြင်း ဖြစ်သည်ဟု ထင်မှတ်ခဲ့ကြသည်။ ထိုစဉ် ကိုရိုက်ရှ်များ၏ အခြေခံဥပဒေမှာ အားအင်ချိနဲ့သော မိသားစုများ၊ သူဆင်းရဲများ၏ ဘဝ လူတန်းစား လက္ခဏာကို ကာကွယ် စောင့်ရှောက်နိုင်ခြင်း မရှိခဲ့ပေ။ ထိုကဲ့သို့ ဆက်လက်  ရပ်တည်နေလျှင် လူ့ဘောင် အသိုင်းအဝိုင်းအတွင်း ပိုမိုဆိုးဝါးသော အဆင်းခရီး အား ဘီးတပ်ထားသကဲ့သို့ ဖြစ်နေ တော့ပေသည်။

(ကုရ်အာန်)

တမန်တော်မုဟမ္မဒ် ဆောင်လာသော ကျမ်းအမည်မှာ ကုရ်အာန် (ပြန်လည် ရွတ်အံခြင်း) ဖြစ်သည်။ သို့ရာတွင် သူကိုယ်တိုင် ပင်လျှင် စာပေပါရဂူ စာသမား ပေသမား မဟုတ်ခဲ့ချေ။ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်က သူ၏ အသိ ဉာဏ် အတွင်းသို့ ကုရ်အာန်၏ အတွေးအခေါ် အဆုံးအမ အသိပညာများကို တစ်ဆင့်ချင်း ကိန်းဝပ်ချမှတ် ပေးခဲ့ ခြင်းပင်



ဖြစ်၏။ ထိုအချိန်မှ စတင်၍ သူ၏ ခံယူချက်၊ ရပ်တည်ချက်များနှင့် လုပ်ဆောင်ချက်များသည် တစ်စစချင်း ကုရ်အာန် က သွန်းလောင်း ပုံဖော်ပေးသော ကုရ်အာန်နည်းကျ လူသား တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။ တမန်တော် မုဟမ္မဒ် သည် ၎င်းနှင့်အတူ ခံယူချက် တူသူများကိုလည်း ကုရ်အာန်က သွန်းလောင်းပုံဖော်ပေးသော ပုံစံအတိုင်း ကုရ်အာန် နည်းကျ လူသားများအဖြစ် ပြုစွမ်းနိုင်ခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် ထိုခေတ်တွင် ဘုရား တစ်ဆူဝါဒ ကို လက်ခံ ယုံကြည်၍ ကုရ်အာန် ကျမ်းတစ်ဆူဝါဒ အား လိုက်နာ ကျင့်သုံးသူများ အဖြစ် အာရဗ်များကို စတင် ပြောင်းလဲ ပေးနိုင်ခဲ့သည်။
ကုရ်အာန် ပါ နိယာမများကို တမန်တော် မုဟမ္မဒ်ထံသို့ အာရုံစူးနှစ်ကိန်းဝပ်နေစဉ်တွင် သူ၏ ခန္ဓာကိုယ် အတွင်းအား သည် ချေမှု ဆွဲထုတ်ခြင်း ခံရသကဲ့သို့ ခံစားရကြောင်း သူ၏ဇနီးအား ပြောကြားခဲ့သည်။ ထိုကဲ့သို့သော အချိန်များ တွင် သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် သိမ့်သိမ့်တုန်၍ ချွေး အပြိုက်ပြိုက် ကျလာသည် အထိ ပင်ပန်းနွမ်းနယ် ခဲ့ရလေ သည်။တမန်တော် မုဟမ္မဒ်၏ ဉာဏ်စဉ် အတွင်းသဏ္ဍာန်၌ ထွန်းညှိပေးခြင်းခံရသော တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အလင်းဗျာဒိတ်များ သည် အလွန် အင်အားကောင်း လက်ရာမြောက်သော စာပေအသွင်ဖြင့် ကုရ်အာန် (တုနှိုင်းမဲ့ အရှင်၏ ဉာဏ်စဉ် ဗျာ ဒိတ်အား တမန်တော် မုဟမ္မဒ်၏နှုပ်မှ ရွတ်အံသော ကျမ်း) အဖြစ် ပေါ်ထွန်းလာခဲ့၍။ ကမ္ဘာ့ စာပေလောက တစ်ခုလုံးကို ယနေ့တိုင် စိန် ခေါ်လျက် ရှိခဲ့သည် သာမက သမိုင်းတစ်လျှောက် ယနေ့တိုင် မည်သည့် စာပေကမျှ ယှဉ်ပြိုင်နိုင်ခဲ့ခြင်း လုံးဝ မရှိခဲ့ ပေ။
ထို့ကြောင့် ကဗျာလင်္ကာ အရာ၌ သူမတူအောင် ကျွမ်းကျင် ဝါသနာထုံသော အာရဗ်များသည်မှ များစွာသည်ပင် စာ သမား ပေသမားမဟုတ်သော တမန်တော်မုဟမ္မဒ်၏ နှုတ်လျှာမှ ထွက်အံလာသည့် ဗျာဒိတ်များသည် ကဗျာလင်္ကာ အရာ၌ သူမတူအောင် လှပသော စာသားများ အဖြစ် မြင်တွေ့ခဲ့ကြရသည့် အပြင်၊ အတွေးအခေါ် 'ဒဿနအရာ၌ အ လွန် စူးရှ နက်ရှိုင်းသော ဘဝလမ်းညွှန်မှုလည်း ဖြစ်သည်ဟူ၍ ယုံကြည်သက်ဝင်ခဲ့ကြပေသည်။ ထိုကျမ်းသည် ရုပ်လောကနှင့် နာမ် လောက ဆိုင်ရာ တည်ရှိနေမှုများကို မျက်ဝါး ထင်ထင်မြင်တွေ့နိုင်သည့် ဥပမာ ဥပမေယျများ အားဖြင့် တန်ဆာဆင် မြန်းထားသော ကျမ်းဖြစ်သည်။ လူသားသဘာဝ၊ မလွဲမသွေ ကြုံတွေ့ရလေ့ရှိသော ဘဝတိုက်ပွဲ မျိုးစုံကို လွယ်ကူစွာ တွန်းလှန်အောင်နိုင်သော နည်းဗျူဟာများဖြင့် ဖွဲ့စည်းထားသည်။
သာမန်နွားကျောင်းသား လေးတစ်ဦးမှ ဒဿနပညာရှင်ကြီး တစ်ဦးအထိ တူညီစွာ သဘောပေါက် နားလည်စေနိုင် သော ဝေါဟာရများဖြင့် သီကုံးစီရင်အပ်သော စွယ်စုံကျမ်းကြီးလည်း ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ခေတ်မီတိုးတက် လျက်ရှိသော ခေတ်သစ် စနစ်သစ်များနှင့် လိုက်လျောညီထွေ သဟဇာတ ဖြစ်သော လမ်းညွှန်မှုများဖြင့် သီကုံးထား သော တုနှိုင်းမဲ့ ဘုရားရှင်၏ မတုပနိုင်သည့် လက်ရာပင် ဖြစ်သည်။
ရှေးအာရဗ်ရိုးရာ အယူဝါဒကို လက်ကိုင်ထားသော အွမ္မရ် အိဗ်နု အလ်ခတားဗ်သည် တမန်တော် မုဟမ္မဒ် ဆောင်လာ သော သာသနာကို အပြင်းအထန် ဆန့်ကျင်ခဲ့သူ တစ်ဦး ဖြစ်၍၊အသစ် ရောက်ရှိလာသော သာသနာကို အမြစ်ပြတ် ချေမှုန်း ရန် ဆုံးဖြတ်ချက် ချထားသူလည်း ဖြစ်သည်။ ထိုသို့သော သူသည်ပင် ကုရ်အာန်ပါ ဗျာဒိတ် အချို့ကို  ကြား လိုက်ရုံဖြင့် လေးနက် စူးရှသော ကုရ်အာန်၏ ဖမ်းစားမှုသည် သူ၏ နှလုံးသည်းပွတ်ကို ပျော့ပြောင်းနူးညံ့ စေရုံမျှမက မျက်ရည် များပင် ယိုစီးလာခဲ့ရသည်အထိ ကုရ်အာန်၏ လွှမ်းမိုးမှုကို ခံခဲ့ရသူ ဖြစ်သည်။ (ဤသည် အစ္စလာမ်ဟူသော ငြိမ်းအေးမှုက ကျွန်ုပ်၏ နှလုံးသည်းပွတ်ဆီမှ ရိုးတွင်းချဉ်ဆီထိ စွဲကပ်ငြိတွယ်ခဲ့ခြင်း ဖြစ်သည်ဟု သူကိုယ်တိုင် ဝန်ခံ ချက်ပေးတည်း၊) ဤသို့ဖြင့်- အစ္စလာမ် ဟူသည့် နောက်ဆုံး အချုပ်အခြာ သာသနာသည် အာရဗ် ကျွန်းဆွယ်လေး မှ စတင် ထွန်းလင်းခဲ့ပေပြီ။

အစ္စလာမ်နှင့် မွတ်စ်လင်(မ်)

အစ္စလာမ်ဟူသည် အာရဗီ ဝေါဟာရဖြစ်၍။ ငြိမ်းချမ်းရေးမူဝါဒ လမ်းစဉ်ဟု အဓိပ္ပာယ်ရ၏။ ထိုအစ္စလာမ် ဟူသည့် ငြိမ်းချမ်းရေး မူဝါဒလမ်းစဉ်ကို လက်ခံယုံကြည်သူကို မွတ်စလင်မ်ဟုခေါ်သည်။ ထိုသို့ ငြိမ်းချမ်းရေး ဝါဒီ မွတ်စလင်မ်

များ ဖြစ်လာရန် မိမိ၏ ဘဝသက်တမ်းကို တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ ပြဌာန်းချက် နိယာမ ဖြစ်သော ကုရ်အာန်၏ ညွှန်ကြားချက်နှင့်အညီ စည်းဝါး ကိုက်ညီစွာ အံဝင်ဂွင်ကျ လိုက်နာကျင့်သုံးသူလည်း ဖြစ်၏။ မွတ်စလင်မ် ဟူသော စကားလုံး၏ အခြား အဓိပ္ပာယ် တစ်မျိုးမှာ မိမိ၏ အတ္တစိတ်ရိုင်းကို ချိုးနှိမ်၍ တုန္နိုင်းမဲ့ကိုးကွယ်ရာအရှင်ထံ၌ မိမိ၏ ကိုယ်စိတ် နှလုံး သုံးပါးလုံးကို ပုံအပ်နာခံသူ ဖြစ်၏။ မွတ်စလင်မ်ဟူသည် မိမိ ပတ်ဝန်း ကျင်ရှိ လူသားအားလုံး နှင့် သက်ရှိ များ အားလုံးအပေါ် မေတ္တာထားရမည်၊ စာနာရမည်၊ သနားရမည်၊ ညှာတာရမည် တရားမျှတခြင်း များကို မိမိ ကိုယ်တိုင် ကျင့်ကြံလျှက် သူတစ်ပါးအားလည်း ဆင့်ဆိုရမည် ဖြစ်၏။ ထို့ကြောင့် မွတ်စလင်မ် ဟူသည် မိမိ၏ နှုတ်လျှာ အမူအရာ ကျင့်ကြံမှုများ အားလုံးဖြင့် သက်ရှိ၊ သက်မဲ့အားလုံးပေါ်၌ ငြိမ်းအေးစေသူ ဖြစ်စေရမည်ဟု တမန်တော် မုဟမ္မဒ်က ဖွင့်ဆို ခဲ့ပေသည်။

(ဆွလာသ်တည်ဆောက်ခြင်း)

ဆွလာသ် တည်ဆောက်ခြင်းကို ယေဘုယျအားဖြင့် ဘုရားဝတ်ပြုခြင်းဟု နားလည်ထားကြ၍ မြန်မာမွတ်စလင်မ် များက နမာ့ဇ်ဖတ်ခြင်း ဟု (ပါးရှန်း) ဝေါဟာရဖြင့် ခေါ်ဆိုကြပေသည်။ ဘာသာတရားတိုင်း၏ ဘုရားရှိခိုး အမျိုးမျိုးတွင် မတ်တတ်ရပ်၍၊ ဦးညွတ်၍၊ ထိုင်၍၊ ဦးချ၍ ဝတ်ပြုရန် ပြဌာန်းထား သကဲ့သို့ အစ္စလာမ် သာသနာ၏ ဆွလာသ် ဝတ်ပြုမှုတွင်လည်း ထိုအင်္ဂါရပ်များ အားလုံးကို ပါဝင်စေလျှက် ပြဌာန်းထား ပေသည်။ သို့သော် မွတ်စလင်မ် များအတွက် ဆွလာသ်ဝတ်ပြုရာတွင် ရည်စူးတည်ဆောက်စေသည့် အဓိဌာန်မှာ ရုပ်ခန္ဓာနှင့် စိတ်ခန္ဓာပိုင်းဆိုင်ရာ စွမ်းအားများကို မိမိအား ဖန်ဆင်းသောအရှင်၏ ရှေ့မှောက်တွင် နာခံပုံအပ် နေကြောင်းကို ရုပ်ပိုင်းဆိုင်ရာအားဖြင့် ဖော်ကျူးလျက်၊ စိတ်၌မူ ဖန်ဆင်းရှင်၏ ပညတ် နိယာမများအတိုင်း မိမိ၏ ရုပ်နာမ် နှစ်ပါးစလုံးက တစ်သဝေမတိမ်း လိုက်နာမည်ဟူသော ကတိဝန်ခံချက်များ အား အဓိဌာန် ပြုနေခြင်း ဖြစ်၏။ (ဘုရားဆိုသော အရာကြီးအား ကြောက်ရွံ့၍ သို့မဟုတ် ချစ်လွန်း၍ ‘ဒူးတုတ် ရှိခိုးနေခြင်း၊ အရိုအသေပြုနေခြင်း မဟုတ်ပေ။)
ထို့ကြောင့် ရှေးအာရဗ်တို့၏ အစဉ်အလာ ဝတ်ပြုခဲ့သော ဆွလာသ်နှင့် ကျမ်းမြတ်ကုရ်အာန်အား ကိန်းဝပ်ချမှတ် ပေးပြီးနောက် ဝတ်ပြုသော ဆွလာသ်တို့မှာ မတူတော့ပေ။ အစ္စလာမ် သာသနာဝင်တို့ ပြုရသော ဆွလာသ် တည်ဆောက်ခြင်းဟူသည် ကုရ်အာန်ပါ နိယာမအတိုင်း ကျင့်ကြံ ဆောင်ရွက်ပါမည်ဟု ကျမ်းမြတ်ကုရ်အာန်ပါ ပညတ် နိယာမများကို အနုလုံ ပဋိလုံ ရွတ်အံ ရှုမှတ်ရပေသည်။ထိုရွတ်အံရှု မှတ်သည့်အတိုင်း လက်တွေ့ဘဝ တည်ဆောက်ရာတွင်လည်း ကုရ်အာန် ပြစနစ် ဇယား အတိုင်းအကောင် အထည်ဖေါ်ဆောင်ခြင်းဖြစ်သည်။
ထို့ပြင် ဆွလာသ်တည်ဆောက်ခြင်း ဟူသည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံတို့၏ စပ်ကြား ဆက်သွယ်ခြင်း တစ်ရပ်လည်း ဖြစ်၍ ထိုကဲ့သို့ ဆက်သွယ် ရာ၌ ဖန်ဆင်းရှင်၏ရှေ့မှောက်တွင် ဖန်ဆင်းခံက မိမိ၏နှုတ်လျှာ အမူအရာများကို ထိန်း ကျောင်းလျှက် စိတ်ကို တည်ငြိမ်စေကာ စိတ်အာရုံဖြင့် ဆက်သွယ်ခြင်းဖြစ်သည်။ မေ့မှား၍သော်လည်းကောင်း၊ အတ္တစိတ်ရိုင်းကို တွန်းလှန်နိုင်မှု မရှိ၍ သော်လည်းကောင်း မိမိကျူးလွန်မိသော ကိုယ် စိတ်နှလုံး သုံးပါးလုံး၏ အမိုက် မှောင် အဝိဇ္ဇာများကို မိမိကိုယ်မိမိ ခဝါချခြင်းလည်း ဖြစ်ပေသည်။
ထိုသို့သော အကုသိုလ်များကို နောက်နောင် မကျူးလွန်မိရန် ဖန်ဆင်းရှင်အား ကတိကဝတ်ပြု၍ မိမိကိုယ်မိမိ အကြိမ်ကြိမ် သံဓိဌာန်ပြု သတိ ဖေါ်ပေးနေခြင်းလည်း ဖြစ်ပေသည်။ ထိုသို့ ဖန်ဆင်းရှင်အား တိုင်တည်လျှက် မိမိ ကိုယ်မိမိ အကြိမ်ကြိမ် သံဓိဌာန်ပြု သတိဖေါ်ပေနေခြင်းဖြင့် လက်တွေ့ဘဝတည်ဆောက်မှုအတွင်း သတိမူ ဆင်ခြင်လာ နိုင် ရန်လည်း ဖြစ်သည်။ ဤသည်ကို ကုရ်အာန်က (မွတ်သကီ) တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင့်သိစိတ်ဖြင့် ဘဝရှင်သန်သူဖြစ် ရမည်ဟု မိန့်ဆိုထားသည်။
မွတ်စလင်မ်များ ဆွလာသ်တည်ဆောက်ရာ၌ ဖန်ဆင်းရှင်၏ရှေ့မှောက်တွင် ဆင်းရဲချမ်းသာမရွေး၊ လူတန်းစားမရွေး၊ အသား အရောင်မရွေး၊ မျိုးရိုးဇာတိမရွေး၊ ရာထူးအနိမ့်အမြင့် မရွေး တစ်ပြေးညီ ရင်ပေါင်တန်း၍ အတူတစ်ကွ ဝတ်ပြုရ သကဲ့သို့ အပြင်လောကတွင်လည်း လူသားအား လုံးသည် တူညီသူများ ဖြစ်ကြောင်း ခံယူရသည်မှာ အစ္စလာမ်


သာသနာ၏ အဆုံးအမ တစ်ခုပင် ဖြစ်သည်။ ထို့ပြင် အသွင်မတူသော လူသားပေါင်းများစွာဆွလာသ် တည်ဆောက် ရန် အတွက် ဝတ်ကျောင်း များတွင် အတူစုရုံး ဝတ်ပြုရသော အလေ့အထများမှာ ကျမ်းမြတ်ကုရ်အာန်၏ ပြဌာန်းချက် တစ်ရပ်ဖြစ်သည်။ ထိုသို့အားဖြင့် အခြားသူများ၏ စားဝတ်နေရေး အခက်အခဲများ ကိုပါ သိကျွမ်းနားလည် ခံစားလာနိုင်မည် ဖြစ်သည်။ ထိုအခါ- မိမိနှင့် ရင်းနှီး ပတ်သက်လာသော ဆင်းရဲသားများ နှင့် အကူအညီ လိုအပ် သူများ အတွက်ပေးကမ်း ထောက်ပံ့ရမည်ဟူသော အသိနှင့် ဆင်းရဲသားထောက်ပံ့ကြေး ရံပုံငွေ အကြောင်းကို ပိုမိုနား လည် လာနိုင်ပေသည်။

((ဇကားသ် (ခေါ်) ဆင်းရဲသားများ၏ ဘဝလုံခြုံရေးခွန်))

ဇကားသ်ဟူသည့် အာရ်ဗီဝေါဟာရမှာ တိုးပွားခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဝါ ဒီ မွတ်စလင်မ်ဟူသည် မိမိ၏ ရုပ်ခန္ဓာ နှင့် စိတ်ခန္ဓာကို တုန္နိုင်းမဲ့ အရှင်၏ ချမှတ်သည့် စံချိန်နှင့် ကိုက်ညီစွာ နေထိုင်ရ သကဲ့သို့ မိမိတို့ ပိုင်ဆိုင်သော ပစ္စည်းများအနက် အချိုးအစား အလိုက် ဆင်းရဲသားများ (အရေးပေါ်လိုအပ်သူများ) အတွက် ရံပုံငွေပေးဆောင်ရ သည်မှာ တာဝန်တစ်ရပ် ဖြစ်သည်။ ထို့ကြောင့် အစ္စလာမ် သာသနာတွင် ဇကားသ်ကို

ဆင်းရဲသားများအတွက် ရံပုံငွေ  ပေးဆောင်ရခြင်းဟု ဖွင့်ဆိုပေသည်။ လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲလွန်းခြင်း၊ ချမ်းသာလွန်းခြင်းဟူသော ကွာဟချက်ကို ညှိပေးသော စနစ်တစ်ရပ် ဖြစ်၍ ဇကားသ် ဆင်းရဲသားများအတွက် ရံပုံငွေသည် စားရမဲ့သောက်ရမဲ့ ဆင်းရဲ သားများအား တစ်လုပ်တစ်ဖဲ့ ကျွေးမွေးရန်သက်သက် မဟုတ်ပေ။ ထိုဆင်းရဲသားများအား ဆင်းရဲသည့်ဘဝ သံသရာမှ လွတ်မြောက် ရန်အတွက် အရင်းအနှီး မတည်၍ ဘဝထူထောင်နိုင်သော လမ်းကြောင်းပေါ်သို့ တွန်းပို့ပေးခြင်း ဖြစ်သည်။ ဆင်းရဲသားများကို ကျွေးမွေး စောင့်ရှောက်ရမည့် တာဝန်မှာ အမြဲမပြတ် ဖြစ်သည်။(ကုရ်အာန်၂း၁၇၇) အချိန်ကန့်သတ် ၍ မထား ပေ။

ထိုကဲ့သို့သော ဇကားသ် ဆင်းရဲသားများအတွက် ရံပုံငွေသည် မိမိဆွေမျိုးရင်းချာများ အတွက် ပထမ ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်သည်။ လူ့အဖွဲ့အစည်းကြီး အတွင်းရှိ လူသားများသည် မိမိတို့၏ဆွေမျိုး အရင်းအချာများကို ဦးစားပေးဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲသားအများစု အတွက် ဆင်းရဲမှုဘဝမှ လွတ်မြောက်နိုင်မည် ဖြစ်သည်။ လူ့အဖွဲ့အစည်းကြီး အတွင်းရှိ လူသားတိုင်းသည် တစ်နည်းအားဖြင့် ဆက်နွယ်လျက်ရှိသော ဆွေမျိုးရင်း ချာများ ဖြစ်သည် ဟူသော အချက်ကိုလည်း မေ့ထား၍ မရနိုင်ချေ။ လူတစ်ဦးချင်းသည် လည်းကောင်း မိသားစု တစ် စုသည် လည်းကောင်း လူ့အဖွဲ့အစည်းကြီး အတွင်းရှိ လူတိုင်းလူတိုင်း မိသားစုတိုင်း မိသားစုတိုင်း စားဝတ် နေရေး နှင့် လိုအပ်ချက်အားလုံး တာဝန်မှာ မွတ်စလင်မ်တိုင်းအပေါ် တာဝန်တစ်ရပ် ဖြစ်သည်။ မိမိပိုင်ပစ္စည်း တိုး ပွားမှုမှ အခြားဆင်းရဲသား မိသားစုများ၏ ဥစ္စာ ပစ္စည်းများကိုပါ တိုးပွားစေခြင်း ဖြစ်သည်။ ထိုသို့သော အကြောင်း များ ကြောင့် ဇကားသ်ခေါ် ဆင်းရဲသားများ၏ ဘဝကို မြှင့်တင်ပေးသော ရံပုံငွေသည် မွတ်စလင်မ်များ အတွက် မပြု မနေ ရတာဝန်အဖြစ် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ထိုစနစ်ကိုလည်း ကျမ်းမြတ်ကုရ်အာန်ပါ သွန်သင်သည့် နိယာမ အတိုင်းသာ ပြုလုပ်ဆောင်ရွက်စေ၍ တမန်တော် အီဗရာဟင်(မ်)ထံမှ လက်ဆင့်ကမ်းခဲ့သည်ဟု ဆိုသော အာရဗ်တို့၏ ဓလေ့ထုံးတမ်းအတိုင်း ဆောင်ရွက်စေခြင်း မဟုတ်သကဲ့သို့ သာမာန် အလှူအဒါန်း ပြုလုပ် ကျွေးမွေးခြင်းများနှင့် မသက်ဆိုင်ပေ။

ဆွိယာမ်(ခေါ်)ဥပုသ်လီလ စောင့်တည်ခြင်း

ဘာသာတရားတိုင်းတွင် ဥပုသ်သီလ စောင့်ထိန်းရခြင်းကို ပြဋ္ဌာန်းထား သကဲ့သို့ အစ္စလာမ် သာသနာဝင် ဖြစ်သော ငြိမ်းချမ်းရေးဆောင် မွတ်စလင်မ်များ အတွက်လည်း ဥပုသ်သီလ စောင့်ထိန်းခြင်းကို တာဝန်တစ်ရပ် အဖြစ် ပြဋ္ဌာန်း ထားပေသည်။ အစ္စလာမ် သာသနာဝင်တို့၏ ဥပုသ်သီလ စောင့်ထိန်းခြင်းတွင် စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည် ရှိမှု ကို လေ့ကျင့်စေ သကဲ့သို့ ရုပ်ပိုင်း ဆိုင်ရာ အားဖြင့် ဆင်းရဲသားများ၏ စားရမဲ့ သောက်ရမဲ့ဘဝကို လက်တွေ့ခံစား



ရစေ၍ ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်စေရန် အတွက်လည်း ဖြစ်ပေသည်။ သို့မှသာ ဇကားသ် ဆင်းရဲသားများ ထောက်ပံ့ကြေး ရံပုံငွေ ဆိုသည်ကို ပိုမို နားလည် လာစေရန် ဖြစ်ပေသည်။ သို့ဖြစ်၍ အစ္စလာမ် သာသနာဝင်တို့အား  တစ်နှစ်တွင် တစ်လ ဥပုသ်သီလ စောင့်ထိန်းရန် ပြဋ္ဌာန်းထားပေသည်။ ဆွိယာမ် (ခေါ်) ဥပုသ် လီလ စောင့်တည် ခြင်း

သည် လူသား၏စိတ် စွမ်းအင်ကိုဖွံ့ဖြိုး တိုးတက်စေသော ကျင့်စဉ် တစ်ရပ်လည်း ဖြစ်သည်။ လူသား၏ သဘောသည် အတ္တစိတ် လွှမ်းမိုးမှုကို ခံရသော သဘာဝရှိသည်။ ဥပမာ- လူသတ်မှုတစ်ခုကို ကျူးလွန်မိသူသည် မိမိစိတ်ရိုင်းကို အချိန်မီ ထိန်းချုပ်နိုင်ခြင်း မရှိသော ကြောင့် လူသတ်မိခြင်း ဖြစ်သည်။ ထိုကဲ့သို့ပင် ကာမေသုမိစ္ဆာစာရကံ ကျူးလွန် မိသူသည် မိမိ၏ရာဂ စိတ်ရိုင်းကို အချိန်မီ မထိန်းချုပ် နိုင်ခြင်းကြောင့် ဖြစ်သည်။

လူသားသည် အခြားဖန်ဆင်းခံ သတ္တဝါများနှင့် မတူသော အချက်မှာ ကောင်းခြင်းနှင့် ဆိုးခြင်းကို ခွဲခြားသိမြင် နိုင်သော အချက် ဖြစ်သည်။ ဤသည်ကို ဆင်ခြင်တုံတရားဟု ယေဘုယျ ခေါ်ဆိုကြသည်။ ပြစ်မှုဒုစရိုက်ကို ကျူး

လွန်မိသူတိုင်းသည် ထိုပြစ်မှု ဒုစရိုက်၏ နောက်ဆက်တွဲ ဆိုးကျိုးများကို မသိနားမလည်၍ ကျူးလွန် ကြခြင်းမဟုတ်။ ထိုပြစ်မှု ဒုစရိုက်ကို ကျူးလွန်ရန် အတွက် အတ္တစိတ်ရိုင်း၏လှုံ့ဆော်မှုကို ဆင်ခြင်တုံတရားက တားဆီးနိုင်မှု မရှိခြင်း ကြောင့်သာ ဖြစ်သည်။ များသော အားဖြင့် ခိုးဆိုး လုယက် တိုက်ခိုက် သတ်ဖြတ်ခြင်းများမှာ ဆာလောင် ငတ်မွတ်၊ လိုလားတောင့်တရာမှ တစ်ဆင့်၊ ဆင်းရဲလွန်းခြင်း၏ ဒဏ်၊ လူရာမဝင်လွန်းဟု ခံစားရခြင်းဒဏ်၊ အနှိမ်ခံ ရသည်ဟု ထင်မြင်စွဲမှတ်လာသည့် ဒဏ် စသည့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာ ဒဏ်ချက်ပေါင်း များစွာမှ အခြေခံလာခြင်း ဖြစ်ပေ သည်။ သို့အတွက် ဆာ လောင်ငတ်မွတ်ခြင်းဒဏ်၊ လိုလားတောင့်တခြင်းဒဏ်များကို ကျင့်သားရစေရန်၊ ဆာလောင် ငတ်မွတ် လာလျှင်လည်း သည်းခံပါရမီ တည်ဆောက်နိုင်စေရန် ဥပုသ် သီလကို စောင့်ထိန်းစေခြင်း နည်းဖြင့် လေ့ ကျင့်စေခြင်းလည်း ဖြစ်ပေ သည်။

မျှတညီညွတ်စေခြင်း

အစ္စလာမ် သာသနာသည် လူမှုရေး နယ်ပယ်၌ တရားမျှတမှုကို လုံးဝအခြေခံ၍ တည်ဆောက်ထားသော လူ့အဖွဲ့အစည်းကြီး တစ်ခု ဖြစ်သည်။ ထိုလူ့အဖွဲ့အစည်းကြီးကို အွမ္မဟ် သို့မဟုတ် ငြိမ်းချမ်းရေးဆောင် မွတ်စလင်မ် အသိုက် အမြုံကြီးဟု ခေါ်သည်။ ထိုအသိုက်အမြုံကြီးသည်

ကုရ်အာန်ပြ စနစ်ဇယားအတိုင်း ခဲရည်ဖြင့် သွန်းလောင်း ထားသော အဆောက်အဦးကြီး သဖွယ် အလွန်ကျစ်လစ် ခိုင်မာတောင့်တင်းသော လူ့အဖွဲ့အစည်းကြီး တစ်ခု ဖြစ် သည်။

ထိုလူ့အဖွဲ့အစည်းကြီး၏ ညီညွတ်မှုသည် တစ်ဦးတစ်ယောက်အပေါ်ကျရောက်လာသော အခက်အခဲများကို စုပေါင်း ရင်ပေါင်တန်း၍ ညီညာစွာ ဝိုင်းဝန်းဖယ်ရှားပေးသူများ ဖြစ်ကြသည်။ ]အွမ္မဟ်}ခေါ် မွတ်စလင်မ်အသိုက်အမြုံ ကြီး ဟူသည် တစ်ပါးတည်းသော အရှင်ဝါဒကို လက်ခံယုံကြည်၍ တစ်ဆူတည်းသော ကျမ်းဂန်ကုရ်အာန်၏ လမ်းညွှန်ချက် အတိုင်း ဘဝတည်ဆောက်ပြခဲ့ သော တမန်တော် နည်းတူ ခံယူချက်တူညီသူများ ဖြစ်ကြသည်။ ထိုအချက်ကို- (ကုရ် အာန် ၆၁း၄) တွင်

“ငါအရှင် နှစ်သက်သော သူများသည် ဘဝတိုက်ပွဲဆင်နွှဲရာ၌ စုပေါင်းညီညာစွာ ရင်ပေါင်တန်း၍ ခဲရည်ဖြင့် သွန်း လောင်း ထားသော အဆောက်အအုံကြီး သဖွယ် မြဲမြံခိုင်ခံ့လျက် ရပ်တည် ကြသူများ ဖြစ်ကြသည်။”ဟု ကျမ်းတော်၌ ဆိုထားပေသည်။]အွမ္မဟ်}မွတ်စလင်မ် အသိုက်အမြုံကြီး အတွင်း စည်းလုံးညီညွတ်၍ ခိုင်မာတောင့်တင်းသော ခဲရည်ဖြင့် သွန်းလောင်း ထားသည့် အဆောက်အဦးကြီး သဖွယ်ရှိနေခြင်းသည် ကုရ်အာန်ပြ စနစ်ဇယားအတိုင်း အပြည့်အဝ လိုက်နာကျင့် သုံးသည့် လက္ခဏာ တစ်ရပ် ဖြစ်သည်။ အကယ်၍ ]အွမ္မဟ်}ဟူသော မွတ်စလင်မ် အသိုက်အမြုံကြီးအတွင်း စည်းလုံး ညီညွတ်မှုပြိုကွဲ၍ ဂိုဏ်းဂဏ များစွာ ပေါ်ပေါက်လာခြင်းသည် ကုရ်အာန်ပြ စနစ်ဇယားအတိုင်း လိုက်နာ ကျင့်သုံးမှု မရှိတော့သည့် လက္ခဏာရပ် ဖြစ်သည်။ ထိုသို့ မဖြစ်စေရန် ကျမ်းတော်၌-

၇ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

“၎င်းတို့အနက်မှ ထိုသူတို့သည် မိမိတို့၏ သာသနာကို အစိပ်စိပ်အမွှာအမွှာပြုလုပ်ခဲ့ကြပြီး ဂိုဏ်းဂဏအမျိုးမျိုး ဖြစ် သွားခဲ့ကြ ကုန်၏။ ထိုဂိုဏ်းဂဏ အသီးသီးတို့သည် မိမိတို့၌ရှိသော ဝါဒလမ်းစဉ်များနှင့်ပင် ကျေနပ်ဝမ်းမြောက် လျက် ရှိကြသည်။”ဟု လည်းကောင်း (ကုရ်အာန် ၃၀း၃၂)

“စင်စစ်ကေန် ထိုသူတို့သည် သာသနာကို အစိပ်စိပ်အမွှာမွှာ ခွဲပစ်ခဲ့ကြ၏။ ထို့နောက် ၎င်းတို့သည် ဂိုဏ်းဂနအသီးသီး ကွဲကြကုန်၏။ (မုဟမ္မဒ်)အသင်သည် ထိုသူများနှင့် မည်သို့မျှ မပတ်သက်ပေ။” ဟုလည်းကောင်း (ကုရ်အာန် ၆း၁၅၉) ပြောဆိုထားပေသည်။

ကုရ်အာန်ပါ ဖွင့်ဆို ရှင်းလင်းချက်များမှာ အမှန်ပင် ရိုးစင်းလှသည်။ လူသားတိုင်းသည် အမှန်တရားကို လေ့လာခွင့် ရပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခေတ်တိုင်းနှင့်လူမျိုးတိုင်း၌ တစ်ပါးတည်းသော အရှင်ဝါဒကို ပို့ချခဲ့သော တမန်တော်များ ရောက်ရှိခဲ့ပြီး ဖြစ်သော ကြောင့်ပင်။ ထိုတမန်တော်များနှင့် အတူ ဗျာဒိတ်ကျမ်းဂန်များလည်း ကျ ရောက်ခဲ့ပြီး ဖြစ်သည်ပင်။ သို့ရာတွင် တမန်တော်များနှင့် တမန်တော်များ၏ သာဝကများနှင့် ဝေးကွာလာသော ခေတ်ကာလများတွင် လူအများစုသည် တမန်တော်များ ယူဆောင်လာသော ဗျာဒိတ်ကျမ်းဂန်များကို စွန့်လွှတ် လစ် လျူရှုထားခြင်းများကြောင့် အမှန်တရားကို လက်လွှတ်ဆုံးရှုံး ခဲ့ကြရပေသည်။

ဤသည်ကို တုနိုင်းမဲ့ကိုးကွယ်ရာအရှင်က ပြန်လည်သတိပေးရန်အတွက် တမန်တော် မုဟမ္မဒ်ထံသို့ ဗျာဒိတ်ဆောင် ကုရ်အာန်ကို ချပေးခဲ့ခြင်း ဖြစ်၏။ တမန်တော်မုဟမ္မဒ်သည် ၎င်းပတ်ဝန်းကျင်ရှိ ကွဲပြားခြားနားသော အယူဝါဒ များကို လက်ကိုင် ပြုပြီး စည်းလုံးညီညွတ်မှု ပြိုကွဲလျက်ရှိသော အာရဗ်များကို ကုရ်အာန်ဗျာဒိတ်အားဖြင့် စည်းလုံး ညီညွတ်သော လူ့ အဖွဲ့ အစည်းကြီးတစ်ခု အဖြစ် တည်ဆောက်နိုင်ခဲ့သည်။ ထိုစည်းလုံး ညီညွတ်သော လူ့အဖွဲ့ အစည်းကြီးမှ တစ်ဆင့် ကမ္ဘာတဝန်းရှိ လူသား အားလုံးနီးပါးဆီသို့ ကုရ်အာန်၏ရောင်ခြည်ကို ထင်ဟပ်စေနိုင်ခဲ့ခြင်း ဖြစ်သည်။

တမန်တော်မုဟမ္မဒ်သည် အသစ်အဆန်း တမန်တော်တစ်ပါး မဟုတ်သကဲ့သို့ ကုရ်အာန်သည်လည်း အသစ်အဆန်း ကျမ်းဂန် တစ်ဆူ မဟုတ်ပေ။ ယခင်လူသားများနှင့် ရင်းနှီးပြီးဖြစ်သော တုနိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ ဥပဒေများကို ပြန်လည်ပို့ချခဲ့ ခြင်းသာ ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းတွင် ရှေးကျ၍ ကျော်ကြားခဲ့သော ဘာသာကြီးများစွာ၏ အဆိုအရ ဂင်္ဂါဝါလုသဲစု အမျှ လူသားဘုရား (သို့မဟုတ်) လူသား တမန်တော်များ ပွင့်ခဲ့သည်ဟူ၍ အဆိုများရှိခဲ့ပါသည် မဟုတ် တုံလော။

တမန်တော်မုဟမ္မဒ်သည် ဖော်ပြပါ သဲစုအမျှ ပွင့်ခဲ့ပြီးဖြစ်သော လူသား ဘုရားများကဲ့သို့ တမန်တော်တစ်ပါး ဖြစ် သည်။(၃၆း၃) သူပွင့်ပေါ်မည့် အကြောင်း ရှေးကျမ်းဂန်များတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ အချို့ကျမ်းများတွင် တမန် တော် မုဟမ္မဒ် ပွင့်ပေါ်မည့် အကြောင်း နေရာဒေသ အတိအကျ ဖော်ပြထားသည်ကို တွေ့ရပေသည်။ ရေများ ဝိုင်းရံ လျှက် ရှိသည့် ကျွန်း (အာရေဗျ ကျွန်းဆွယ်မှ) မေတ္တာ အရာ၌ သူမတူအောင် စွမ်းဆောင်နိုင်သော လူသားတမန်ဟူ၍ လည်းကောင်း၊ အချို့ကျမ်းများတွင် အလွန်မြင့်မြတ်သော နယ်မြေကို ဂုရု(ဝါ)သူတော်စင် တစ်သောင်းနှင့်အတူ ကုလား အုတ်စီး၍ သိမ်းဆည်းမည့် အလင်းရပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ အချို့ကျမ်းများတွင် ထာဝရဘုရားသခင်၏ ချီးကျူးမှုကိုအလွန့် အလွန်ခံရသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း မြောက်မြားစွာ ဖေါ် ပြထားပေသည်။

ကုရ်အာန်(၂၁း၁၀၇)တွင် တမန်တော် မုဟမ္မဒ်အား စကြဝဠာ တစ်ခုလုံးအတွက် မဟာကရုဏာရှင်အဖြစ် စေလွှတ်ခဲ့ သည် ဟု ဖော်ပြထားသည်။ သူသည် ကုလားအုတ်စီး၍ မဟာသာဝကပေါင်း တစ်သောင်းနှင့်အတူ အလွန်မြင့်မြတ် သော မက္ကာဟ်မြို့ကို သွေးတစ်စက်မြေမကျ ငြိမ်းချမ်းစွာ သိမ်းဆည်းခဲ့ကြောင်း သမိုင်းတွင် အထင်အရှား ဖြစ်သည်။ တမန်တော်မုဟမ္မဒ်၏ အမည်မှာ အဟ်မဒ်လည်း ဖြစ်သည်။ ထိုအမည်နှစ်ခု စလုံးမှာ

အာရဗီ ဝေါဟာရများဖြစ်၍ မုဟမ္မဒ်၏ အဓိပ္ပာယ်မှာ (အဆက်မပြတ် မေတ္တာပို့ခံရသူ) ဟုလည်းကောင်း အဟ်မဒ်၏ အဓိပ္ပာယ်မှာ (အဆက်မပြတ် မေတ္တာပို့နေသူ)ဟု ဖြစ်ပေသည်။ ထို့ကြောင့်သူ့အား မေတ္တာရှင်၊ ကရုဏာရှင်ဟု ဘွဲ့ချီးမြှင့်ခြင်း ဖြစ်ပေသည်။



ကုရ်အာန် ၏ အဆိုအရ တမန်တော်မုဟမ္မဒ်သည် ရှေးသာသနာများကို ဆန့်ကျင်ပယ် ဖျက်ရန် ရောက်ရှိ လာသည် မဟုတ်သကဲ့သို့ ရှေးတမန်တော်များ၏ လမ်းစဉ်နှင့် ဆန့်ကျင်၍ အယူဝါဒ အသစ်တစ်ရပ်ကို ယူလာခဲ့ခြင်း လည်း မဟုတ်ပေ။ သူ၏အကြောင်းကြားချက်သည် အီဗရာဟင်(မ်)၊ မိုးဇက်၊ ဒေးဗစ်၊ ဆော်လမွန်၊ ယေရှုတို့၏ အကြောင်းကြားချက်များနှင့် အတူတူပင် ဖြစ်သည်။ ကုရ်အာန်သည် ရှေးကျမ်းဂန်များကို ထောက်ခံသော ကျမ်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှေးဗျာဒိတ်ကျမ်းရ သာသနာ အားလုံးတို့၏ အနှစ်သာရများမှာလည်း တစ်ပါး တည်းသော တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်ကိုသာ ကိုးကွယ်ရမည် ဖြစ်သည်။ အလားတူပင် လူသားက ဖန်တီးသော ဘုရားဆိုသည်များကို ကိုးကွယ်ခြင်းနှင့် လူရေးကျမ်းမူဝါဒများကို လိုက်နာ ကျင့်သုံးခြင်းများအား တားမြစ်ခြင်းသည် ဗျာဒိတ်ကျမ်းအားလုံး၏ တူညီသော အချက်ဖြစ်ပေသည်။

## ဟဂ်ျ (ခေါ်) ကမ္ဘာလုံးဆိုင်ရာ စုပေါင်း ဝတ်ပြုသည့် အခမ်းအနား

တမန်တော်မုဟမ္မဒ်သည် လက်ဦးမဆွကပင် မြင့်မြတ်မှုရှိပြီး ဖြစ်သော မက္ကာဟ်မြို့တွင် သူ ဆောင်လာသော သာသနာ ကို အခြေချ တည်ဆောက်လိုသော ဆန္ဒ ရှိခဲ့သည်။ ယနေ့မွတ်စလင်(မ်)များ သွားရောက်၍ ဟဂ်ျပြုကြသော ကာဗအ်ဲ မှာ ရှေးအကျ ဆုံး အဆောက်အဦးတစ်ခု ဖြစ်ကြောင်း ကုရ်အာန်တွင်ဖော်ပြထားပေသည်။ (၃း၉၆)

ထိုကာဗအ်သည် မက္ကာဟ်မြို့၏ အလယ်ဗဟိုတွင် တည်ရှိသည်။ ထိုကာဗအ်မှာ ယခင်အာရဗ်များ အတွက်လည်း အ လွန်အရေးပါသော နေရာတစ်ခု ဖြစ်ခဲ့သည်။ အာရေးဗီးယား ကျွန်းဆွယ်အတွင်းရှိ အာရဗ်များသည် တစ်နှစ် တစ် ကြိမ် ဟဂ်ျစုပေါင်း ဝတ်ပြုသည့် အခမ်းအနားကို ကာဗအ်ကျောင်းတွင် စုရုံးခဲ့ကြသည်။ အနီးပတ်ဝန်းကျင် နိုင်ငံ များ မှ ကုန်သည်များကလည်း ဟဂ်ျ ဝန်တာ ဆောင်ရွက်ချိန်တွင် ရောက်ရှိလာကြပြီး ရောင်းဝယ်ဖောက်ကားမှု များ ပြု လုပ် ကြပေသည်။

အစ္စလာမ်သာသနာ မတိုင်မှီက ဂရုဓမ္မ အဖြစ် ရှိခဲ့သော သီလများမှာ- ဟာ့ဂ်ျ အတွက် ပြဌာန်းထားသော လများတွင် စစ်မတိုက်ရ။ ကာဗာအ် ကျောင်းတော်အတွင်း လက်နက်များ မကိုင်ဆောင်ရ ဝတ်ကြောင်စွန့် ထားသော ဟာဂျီများ သည် မိမိတို့၏ အိမ်သို့ မသွားရဟု စသည့်ဖြင့် ဖြစ်ခဲ့ပေသည်။

အစ္စလာမ် သာသနာသည် လူ့လက်ရာများ စွက်ဖက်ထားသော ရှေးလက်ဟောင်း ဂရုဓမ္မများကို တသွေမတိမ်း လိုက် နာ စေ ခြင်းမရှိချေ။ လူသားတို့ အကျိုးငှာ ခပ်သိမ်းကုန်အား သိနေသော တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်က ဟာ့ဂ်ျ နှင့် ပတ် သက် သော ဥပဒေများကို ပြန်ပြင်ပေးခဲ့သည်များ ရှိပေသည်။

(၁) ဟာ့ဂ်ျဝန်ဆောင်နေစဉ် (ဝတ်ကြောင်စွန့်ထားစဉ်) အမဲလိုက်ခြင်း၊ အသက်သတ်ဖြတ်ခြင်းကို မပြုရ၊

(၂)မေထုံမှုကို ရှောင်ရမည်၊

(၃)ရန်လိုသော၊ အာဃာတ ဖြစ်စေသော စကားများကို ရှောင်ကြည်ရမည်၊

(၄)ဝတ်ကြောင် စွန့်ထားစဉ် (အာဟ်ရမ် ဝတ်ရုံ ဝတ်ထားစဉ်) မိမိအိမ်၊ မိမိတည်းခိုနေရာအား သွားလာနိုင်ခွင့် ရှိသည်၊ သို့သော် ခိုးကြောင်ခိုးဝှက် သွားလာခွင့် မရှိ။

(၅)မိမိသည် ရန်သူအား စစ်မကျူးကျော်ရ၊ မိမိနှင့် ရန်သူ ဖြစ်ခဲ့သော သူသည် အင်အားနည်းနေသည် ဖြစ်စေ ထိုသူ အား အာဃာတ မထားရ၊ သို့သော် မိမိအား ကျူးလွန် တိုက်ခိုက်လာလျှင် ညီမျှသော ဟန့်တားမှုဖြင့် ဟန့်တား ခွင့် ရှိ သည်။

(၆)ဘုရားတစ်ဆူဝါဒအား မထိခိုက်စေသည့် တချို့သော ရှေးရိုးရာများ (ဥပမာ- ကာဗာဟ်ကျောင်းတော်ဘေး ရှိ ဥက္ကာပျံတစ်ခုမှ အစိတ်အပိုင်းအား တန်ဘိုးထား ထိန်းသိမ်းစောင့်ရှောက်ထားခြင်း၊ ဆွဖါနှင့် မာရ်ဝါ တောင်ပူစာ နှစ် ခုအား သွားရောက် လည်ပတ်ခြင်း) ကို ပြုလုပ်လိုက ဆက်လက် ပြုလုပ်ခွင့် ပေးထားပေ သည်။

(၇)လာရောက်ဝတ်ပြုကြသော လူသားထုကြီး၏ စားသောက်ရေးအတွက် လှူဘွယ်၊ စားဘွယ်များကို လှူဒါန်းရ မည်။



(၈)ထို့နောက် ဆံပါယ်ရမည် ဖြစ်သည်။

(၉)လူအများ လာရောက်စုဆုံသည့် အခမ်းအနားကြီး ဖြစ်သည့်အတွက် နားနေရာ စခန်းချရာများကိုလည်း စနစ်ကျ စွာ ပြဌာန်းပေးထားပေသည်။

ကုရိုက်(ရှ်)များသည် ဖခင်ကြီး အီဗရာဟင်(မ်)၏ သာသနာကို လက်ခံကျင့်သုံးသူများ အဖြစ် ကြွေးကြော်သူများ ဖြစ် ကြသည်။ သို့ရာတွင် ကာဗအ်ကျောင်းတော် အတွင်း ရိုးရာ ရုပ်ထုပေါင်း(၃၆၀)ကိုလည်း ထုဆစ်ကိုးကွယ်ကြပေသည်။  တမန်တော် မုဟမ္မဒ်သည် အာရဗ်များ၏ မှားယွင်းသော ဘုရားအများဝါဒ လမ်းကြောင်းမှ တစ်ပါးတည်း သော အရှင်ဝါဒ လမ်းကြောင်းပေါ်သို့ ပြန်လည် တင်ပေးခဲ့ခြင်းဖြစ်သည်။

## စီးပွားရေး ပိတ်ဆို့ခံရခြင်း

တမန်တော် မုဟမ္မဒ် ဆောင်လာသော အစ္စလာမ် သာသနာသို့ ကူးပြောင်း သက်ဝင်လာကြသူများမှာ ပထမပိုင်းတွင် လူဦးရေ (၇၀) ခန့် လူနည်းစုသာ ဖြစ်ခဲ့သည်။ သူတို့အား မက္ကာဟ်ရှိ မိရိုးဖလာ အသိုင်းအဝိုင်းကြီးက  အနှောင့် အ ယှက် မျိုးစုံ ပေးခဲ့ကြသည်။
အေဒီ- ၆၁၆ တွင် မက္ကာဟ်ရှိ သြဇာအာဏာ အရှိဆုံးသော ပုဂ္ဂိုလ်များသည် တမန်တော်မုဟမ္မဒ်နှင့် လူနည်းစု မွတ် စလင်(မ်)များ အပေါ်သို့ ဆန့်ကျင်မှုများ ပြုလာကြသည်။ တမန်တော်မုဟမ္မဒ်သည် ၎င်းတို့၏ဘိုးဘေးများ၏ လမ်း စဉ်ကို စော် ကားသူဟူ၍ လည်းကောင်း၊ ကုရ်အာန်က သွန်သင်သော နောင်တမလွန် ရှိခြင်း ဟူသည် ဒဏ္ဍာရီ ပုံပြင် များသာ ဖြစ်သည် ဟူ၍ လည်းကောင်း၊ ကုရ်အာန်ပါ အဆိုအမိန့်များသည် ဂျူးနှင့်ခရစ်ယာန်တို့၏ အယူဝါဒ များကို ပုံတူ ကူးယူထားသည် ဟူ၍ လည်းကောင်း အမျိုးမျိုးပြစ်တင် ရှုံ့ချခဲ့ကြလေသည်။ မက္ကာဟ်၌ ရှိသူအားလုံး မွတ်စ လင်(မ်) များကို ကူညီရိုင်းပင်းမှု မပြုရ၊ မိမိတို့၏ကာယ၊ ဉာဏ၊ ဘောဂ စွမ်းအားများဖြင့် တစ်ဦးချင်းဖြစ်စေ၊ အစု လိုက် အပြုံလိုက် ဖြစ်စေ အစ္စလာမ်သာသနာသို့ ဝင်ရောက် နိုင်မှု မရှိရန် တားဆီးရမည် ဖြစ်သည်။ အလားတူ အစ္စလာမ်သာသနာသို့ ဝင်ရောက်ပြီး ဖြစ်သော သူများကိုလည်း အယူဝါဒဟောင်းသို့ ပြန်လည် ရောက်ရှိလာရန် ကြိုး စားအားထုတ် နေရမည် ဟူ၍ အဘူအလ်ဟကမ် (ခေါ်) အဘူဂျာဟလ်က ဦးဆောင်၍ ပြင်းပြင်းထန်ထန် ဆန့်ကျင် မှုများပြုခဲ့သည်။
အလွန်အသိဉာဏ် ကြွယ်ဝသော အဘူဆူဖီယန်သည် တမန်တော်မုဟမ္မဒ်နှင့် အလွန်ခင်မင်ရင်းနှီးသူတစ်ဦး ဖြစ်သည်။ ထိုကဲ့သို့ပင် ဆိုဟေးလ်အေ့ဗနု အမရ်သည်လည်း ထိုစဉ်က ရှေးအာရဗ်အယူဝါဒကို လက်ခံထားသူများ ဖြစ်သည်။ ၎င်းတို့၏ ဆွေမျိုးရင်းချာများသည် အစ္စလာမ် သာသနာဝင်များ ဖြစ်သွားရခြင်းနှင့် စပ်လျဉ်း၍ အလွန် သောက ရောက်ရှိခဲ့သူများ ဖြစ်ကြသည်။ တမန်တော်မုဟမ္မဒ်သည် မက္ကာဟ်မြို့၏ အကြီးအကဲဖြစ်လို၍ ယခုကဲ့သို့ လူအများကို မိမိဘက်သို့ သိမ်းသွင်းနေခြင်း ဖြစ်သည်ဟု ၎င်းတို့နှစ်ဦးက ယူဆခဲ့ကြသည်။ ထိုသို့သော ထင်မြင်ယူဆချက် မျိုးစုံဖြင့် အဘူဂျာဟလ် ခေါင်းဆောင်သော အာရဗ်များသည် မွတ်စလင်(မ်)များနှင့် ရောင်းဝယ်ဖောက်ကားမှု မပြုရေး၊ သားပေး သမီးယူ မပြုရေး၊ အဆက်အသွယ် မပြုရေးဟူသော အထွေထွေ သပိတ်ကြီးကို မှောက်ခဲ့ကြသည်။
အထူးသဖြင့် လူနည်းစုဖြစ်သော မွတ်စလင်(မ်)များအား မည်သည့် စားသောက်ကုန် ပစ္စည်းမျှ မရောင်းရဟူသော ပြင်းထန်သည့် ထိုးနှက်ချက်ဖြင့် နှစ်နှစ်တိုင် အရေးယူ ပိတ်ဆို့မှုပြုခဲ့သည်။ မွတ်စလင်(မ်)အားလုံး အာဟာရချို့တဲ့မှု ဒဏ်ကို ခါးစည်း၍ ခံခဲ့ကြရသည်။ ထိုစီးပွားရေး ပိတ်ဆို့မှု ဧယက်အောက်တွင် တမန်တော်မုဟမ္မဒ်၏ ဇနီးခတီဂျာပင် ကွယ်လွန်ခဲ့ရသည် အထိ ပြင်းထန်လှပေသည်။ အခြားတစ်ဖက်တွင်လည်း အစ္စလာမ် သာသနာသို့ ဝင်ရောက်ခဲ့ကြ သော ကျေးကျွန်များ အားလုံးကို ၎င်းတို့၏ သခင်များက အလွန်ပြင်းထန်သော ညှင်းပန်း နှိပ်စက်မှုများ ပြုခဲ့ကြ သည်။ သို့သော် ထိုစီးပွားရေး ပိတ်ဆို့မှုသည် အစ္စလာမ်အယူဝါဒအား ပြိုလဲစေရန် မစွမ်းဆောင်နိုင်ခဲ့ချေ၊ အေဒီ



၆၁၉ တွင် မွတ်စလင်(မ်)များ အပေါ်သို့ ပိတ်ဆို့ထားသော ဥပဒေကို ပြန်လည် ရုပ်သိမ်းခဲ့ရသည်။ ထိုနှစ်များတွင်ပင် တမန်တော်မုဟမ္မဒ်၏ အုပ်ထိန်းသူ အဘူတွာလစ်(ဘ်) ကွယ်လွန်သေဆုံးခဲ့သည်။
အေဒီ ၆၂၀ တွင် မဒီနာမြို့မှ ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့သည် တမန်တော်မုဟမ္မဒ်ရှိရာ မက္ကာမြို့သို့ ရောက်ရှိခဲ့၍၊ ထိုအဖွဲ့ဝင် အားလုံးသည် တမန်တော်မုဟမ္မဒ်ထံတွင် အစ္စလာမ် သာသနာကို လက်ခံခဲ့ကြသည်။ ၎င်းတို့မြို့တွင်လည်း အစ္စလာမ် သာသနာကို လက်ခံရန် အသင့်ဖြစ်နေသော သူများ ရှိနေကြောင်း တမန်တော်မုဟမ္မဒ်အား ပြောကြားခဲ့ သည်။ ထိုမဒီနာ ဝန်းကျင်မှ သူများသည် ၎င်းတို့၏ ပတ်ဝန်းကျင်၌ ရှိနှင့်ပြီးဖြစ်သော ဂျူးနှင့် ခရစ်ယာန် သာသနာ များကြောင့် တစ်ဆူတည်းသော အရှင်ဝါဒနှင့် ရင်းနှီးပြီးသူများ ဖြစ်ကြသည်။ အချို့အာရဗ်များမှာလည်း ဂျူးနှင့် ခရစ်ယာန် သာသနာများသို့ ကူးပြောင်းခဲ့ကြပြီး ဖြစ်သည်။ ထိုသူတို့ အဖို့ အစ္စလာမ် သာသနာကို လက်ခံရာ၌ မည် သည့် အခက်အခဲမျှ မရှိကြပေ။ ထိုမြို့သားတို့သည် အများအားဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေး ဝမ်းကျောင်း ပြုသူများ ဖြစ်ကြသည်။ ထို ကိုယ်စား လှယ် အဖွဲ့က မက္ကာဟ်မြို့ရှိ မွတ်စလင်(မ်)များကို ၎င်းတို့ နေထိုင်ရာ ဒီနာမြို့ သို့ ဖိတ်ခေါ်ကြသည်။ မဒီနာမြို့တွင် မွတ်စလင်(မ်)များ အတူတကွ နေထိုင်၍ သာသနာပြု လုပ်ငန်းများကို စုပေါင်း လုပ်ကြမည်။ ပေါ်ပေါက်လာမည့် အနှောင့်အယှက်၊ အဟန့်အတားအားလုံးကို စုပေါင်းကာကွယ်ကြမည် ဖြစ် ကြောင်း ၎င်းတို့က ကတိကဝတ်များ ပြုကြ သည်။

## ဟစ်ဂျရည်(ခေါ်) လွတ်မြောက်နယ်မြေသို့

အေဒီ ၆၂၂ မှစတင်၍ မက္ကာဟ်မြို့ရှိ မွတ်စလင်(မ်) မိသားစုများသည် တိတ်ဆိတ်စွာဖြင့် မဒီနာမြို့သို့ ရွှေ့ပြောင်း နေထိုင်ကြသည်။ ထိုအချိန်တွင် တမန်တော်မုဟမ္မဒ်အား စောင့်ရှောက်သော ဦးရီးတော် အဘူတွာလစ်(က်)လည်း ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ တမန်တော်နှင့် အဆွေတော် အဘူဘကရ်တို့မှာလည်း မဒီနာသို့ အခြေချ နေထိုင်ရန် တိတ် တဆိတ် ထွက်ခွာခဲ့လေသည်။ ထိုရက်ထိုအချိန်မှ စတင်၍ ဟစ်ဂျရီသက္ကရာဇ် သမိုင်းကို အစပြုရေတွက်ခဲ့ခြင်း ဖြစ် သည်။ တမန်တော်မုဟမ္မဒ်သည် မဒီနာ၌ ကုရ်အာန်၏လမ်းညွှန်မှု အတိုင်း အပြည့်အဝ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အစ္စလာမ် သာသနာ အတွင်းသို့ ဝင်ရောက် လာသူများ များပြားလာခဲ့သည်။

ထိုအချိန်သည် မွတ်စလင်(မ်)များအဖို့ အစ္စလာမ် သာသနာကို ကမ္ဘာတစ်ဝန်းသို့ တင်ပြနိုင်ရန်အတွက် ပထမ ခြေလှမ်း ဖြစ်သည်။ ရှေးအာရဗ်များ၏ အယူအဆမှာ အရေးကြီးလျှင် သွေးနီးရမည်ဟူသော စကားအတိုင်း မိမိတို့၏ မျိုးနွယ် စု များက ညီညွတ်စွာဖြင့် အခြားမျိုးနွယ်များကို တိုက်ခိုက်ချေမှုန်းသော ဓလေ့များ ရှိခဲ့ပေသည်။

သို့ရာတွင် မဒီနာ၌ တမန်တော်မုဟမ္မဒ်သည် မျိုးနွယ်ပေါင်းစုံ၏ ခေါင်းဆောင် ဖြစ်သည်။ ထိုမျိုးနွယ်စုများမှာ မက္ကာဟ် အာရဗ်များ ကဲ့သို့ သွေးသားတော်စပ်သူ အချင်းချင်း ဖွဲ့စည်းထားသော မျိုးနွယ်စုများ မဟုတ်ပေ။ အတွေး အခေါ် အယူအဆ တူသူများ အချင်းချင်း ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းကြီး တစ်ခုသာ ဖြစ်ပေသည်။ ကုရ်အာန် တွင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အစ္စလာမ်သာသနာသို့ ဝင်ရောက်လာရန် အတင်းအကြပ် တိုက်တွန်းခြင်း မပြုရ ဟု လက်ဦး မဆွက ပင် တားမြစ်ထားပြီး ဖြစ်သည်။ (၂း၂၅၆)

မဒီနာမြို့တွင် ရှိကြသော မွတ်စလင်(မ်)များနှင့် မွတ်စလင်(မ်)မဟုတ်သော အာရဗ်များ၊ ဂျူးနှင့်ခရစ်ယာန် အားလုံး တို့သည် ညီညွတ်စွာဖြင့် ခိုင်မာသော အဖွဲ့အစည်းကြီး တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဘာသာ အယူဝါဒ မတူသူ များနှင့် မွတ်စလင်(မ်)များ စပ်ကြား စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်မှု မပြုရေး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့က အရေးကြုံလာလျှင် ဝိုင်းဝန်းကူညီရေးဟူသော ကတိကဝတ်များဖြင့် ချည်နှောင် ဖွဲ့စည်းထားခဲ့ကြသည်။ ဤနည်းအားဖြင့်အေဒီ- ၆၃၂ တမန်တော်မုဟမ္မဒ် မကွယ်လွန်မီအလျင် အာရေးဗီးယားကျွန်းဆွယ် တစ်ခုလုံးကို ငြိမ်းချမ်း သာယာဝပြောသော နယ် မြေကြီး အဖြစ် တည်ဆောက် ပေးနိုင်ခဲ့လေသည်။ အစ္စလာမ့်သမိုင်းတွင် မဒီနာသည် အလွန်ကျစ်လစ် ခိုင်မာ တောင့်



တင်းသော မွတ်စလင်(မ်) အဆောက်အအုံကြီးကို တည်ဆောက်နိုင်ခဲ့သည့် သမိုင်းဝင် အထိမ်းအမှတ် မြို့ကြီးတစ်မြို့ဖြစ်သည်။

တမန်တော်မုဟမ္မဒ်သည် မဒီနာသို့ ရောက်လျှင်ရောက်ချင်း အလွန်တရာမျှ ရိုးစင်းသော ဝတ်ကျောင်း တစ်ခုကို တည် ဆောက်ခဲ့သည်။ ထိုဝတ်ကျောင်းမှာ သစ်လုံးများကိုထောင်၍ အမိုးအတွင်း ကျောက်တုံးတစ်ခုကို ]]ကစ်ဗလာဟ်}}

မျက်နှာမူရာ အရပ်ကို ညွှန်ပြထားသော အရာအဖြစ် သတ်မှတ်ခဲ့သည်။ တမန်တော်မုဟမ္မဒ်သည် သစ်လုံးဘေး တွင် ရပ်၍ တရားဟော လေ့ရှိသည်။ နောက်ပိုင်း မွတ်စလင်(မ်)များ ဝတ်ပြုရန်အတွက် ဝတ်ကျောင်းများ တည်ဆောက်ရာ ၌ ဖော်ပြပါ ဝတ်ကျောင်းကို စံထား၍ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

တမန်တော်သည် ထိုဝတ်ကျောင်းကို ဝတ်ပြုရန် အသုံးပြုသကဲ့သို့ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေးဟူသော ကိစ္စရပ်များကို အထူးဆွေးနွေးနိုင်သော ဌာနချုပ်အဖြစ် အသုံးပြုခဲ့သည်။ ထိုဝတ်ကျောင်း၏ ဘေးကပ်လျက်တွင် သူ၏ ကြင်ယာတော်များ အတွက် တဲမျှသာ ရှိသော အဆောင် ကလေးများကို တည်ဆောက်ပေးခဲ့သည်။

အစ္စလာမ်သာသနာ၏ထူးခြားချက်မှာ လောကီရေးနှင့် လောကုတ္တရာရေးဟူ၍ ခွဲခြားထားခြင်း မရှိပေ။ လောကီ လောကုတ္တရာ ဟူသည် ဒင်္ဂါးပြားတစ်စေ့၏ ခေါင်းနှင့် ပန်းကဲ့သို့ ‘ဒွန်တွဲနေပေသည်။ တမန်တော်မုဟမ္မဒ် ကိုယ်တိုင် လူသားထု တစ်ရပ်လုံး အတွက် စံပြခေါင်းဆောင် တစ်ဦး ဖြစ်ခဲ့သည်။ မွတ်စလင်(မ်)များ အတွက် ဘာသာရေး၊ နိုင်ငံရေး၊ လူမှု ရေးနှင့် အိမ်ထောင်သားမွေး ကိစ္စရပ် အားလုံးအား နိမ့်ကျသော အရာများ မဟုတ်ဟု လောက နိယာ မကို စံပြ ထူထောင် ပြခဲ့ပေသည်။

## တမန်တော်မုဟမ္မဒ်၏ အိမ်ထောင်ရေး

တမန်တော်မုဟမ္မဒ်သည် အသက်(၂၅)နှစ် အရွယ်တွင် အသက်(၄၀) အရွယ်ရှိ မုဆိုးမခတီဂျာနှင့် အိမ်ထောင်ပြု ခဲ့ သည်။ အိမ်ထောင်သက် နှစ်ဆယ့်ငါးနှစ်တွင် ခတီဂျာ ကွယ်လွန်ခဲ့သည်။ ဇနီးမယား မရေမတွက်နိုင်အောင် သိမ်း ပိုက်ယူကြသော လူ့အသိုင်းအဝိုင်းအတွင်း ကြီးပြင်းလာသော တမန်တော် မုဟမ္မဒ်သည် ထိုအိမ်ထောင်သက် (၂၅)နှစ် အတွင်း အခြား မည်သည့် အမျိုးသမီး တစ်ဦးတစ်ယောက်ကိုမျှ အိမ်ထောင် မပြုခဲ့ပေ။ ခတီဂျာနှင့် သား သမီး(၆)ဦး ထွန်းကားခဲ့၍ သမီး (၄) ယောက်သာ အဖတ်တင်ခဲ့သည်။ ခတီဂျာ ကွယ်လွန်ပြီးနောက် ပြုခဲ့သော မျိုးနွယ် စုများ အကြား အမုန်း အာဃာတများကို ဖြတ်တောက်လျှက် ငြိမ်းချမ်းစွာ အတူနေထိုင်ရေးကို ဦးတည်ရန် ကြင်ယာကြင် ဘက်များ ပေါင်းသင်းနေထိုင်ခဲ့ရသည်။ ]]အွမ္မဟ်}}ဟုခေါ်သော မွတ်စလင်(မ်)အသိုက် အမြုံကြီးကို တည်ဆောက် ရာ ၌ ပိုမိုခိုင်ခံ့မှု ရှိစေရန် အတွက် ၎င်း၏ အနီးကပ်ဆုံး မိတ်ဆွေ အဘူဘကရ်၏ သမီး အာအေရှာဟ်နှင့် အခြားအနီး ကပ်ဆုံးမိတ်ဆွေ အွမ္မရ်အေ့ဗနု ခတ္တာ(ဗ်)၏သမီး

ဟဖ်ဆာတို့နှင့် ပေါင်းသင်းနေထိုင်ခဲ့ရသည်။ ထိုကဲ့သို့ပင် အခြား အနီးကပ်ဆုံး မိတ်ဆွေ တစ်ဦးဖြစ်သူ အွတ်စမာန်အေ့ဗနု အဖား(န်)နှင့် တမန်တော်မုဟမ္မဒ်၏ ညီဝမ်းကွဲတော်စပ်သူ အနီးကပ်ဆုံးမိတ်ဆွေ အလီအေ့ဗနု အဘူတွာလစ်(ဘ်)တို့အား သူ၏သမီးများနှင့် နေရာချ ပေးခဲ့သည်။

တမန်တော် မုဟမ္မဒ်၏အခြား ဇနီးများမှာလည်း ]]အွမ္မဟ်}ဟုခေါ်သော မွတ်စလင်(မ်) အသိုက်အအုံကြီးနှင့် မဟာ မိတ် ပြုထားသူ အာရဗ်များ၏ မျိုးနွယ်များမှ အမျိုးသမီးများ ဖြစ်ကြသည်။ ဥပမာ- မွတ်စလင်(မ်)များကို တိုက်ခိုက် သော မက္ကာမြို့မှ အာရဗ်များနှင့် မဟာမိတ်ဖွဲ့ထားသော မျိုးနွယ်များလည်း ရှိခဲ့သည်။ စစ်တိုက်ရာ၌ စစ်ပွဲတွင် ရှုံး နိမ့်သော ဘက်မှ ပစ္စည်းများနှင့် စစ်သုံ့ပန်းများကို စစ်နိုင်သည့်ဘက်မှ သိမ်းပိုက်ကြသည်။ ထိုစစ်သုံ့ပန်းများတွင် ရန် သူ အာရဗ်စော်ဘွားများ၏ မျိုးနွယ်များလည်း ပါဝင်ကြသည်။ တမန်တော်မုဟမ္မဒ်သည် ထိုသုံ့ပန်းများအနက် စော်ဘွား မျိုးနွယ် အမျိုးသမီးနှင့် အိမ်ထောင်ပြုလိုက်ခြင်းဖြင့် ထိုအမျိုးသမီးနှင့် ဆက်နွယ်နေသော လူမျိုးစု တစ်စု လုံး စစ်သုံ့ပန်းအဖြစ်မှ လွတ်မြောက်သွားခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် တမန်တော်မုဟမ္မဒ်သည်

၁၂ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

အသက် (၅၀) ကျော်ပြီးမှ ကြင်ဘက်အများဖြင့် စုပေါင်းနေထိုင်ခဲ့ခြင်း ဖြစ်သည်။ တမန်တော်မုဟမ္မဒ်၏ ကြင်ဘက် အားလုံး အနက် အာအေရှာဟ်မှ လွဲ၍ မုဆိုးမများနှင့်လင်ကွာ အမျိုးသမီးများ ဖြစ်သည်။

အစ္စလာမ်ဆန့်ကျင်ရေး သမားတို့က တမန်တော်မုဟမ္မဒ်သည် သူ၏ ချွေးမကိုပင် ဇနီးမယား အဖြစ် သိမ်းပိုက်ခဲ့သည် ဟု စွပ်စွဲမှုများလည်းကို တွေ့ရပေသည်။ ထိုအချက်မှာ ကုရ်အာန်ကျမ်းတော်အား လုံးဝ နားမလည်၍သာ ဖြစ်တော့

သည်။ ကုရ်အာန်တွင် “မုဟမ္မဒ်သည် အသင်တို့ အနက် မည်သည့် ယောကျာ်းများ၏ဖခင်မှ မဟုတ်။” ဟု အတိအကျ ဆိုထားပြီး ဖြစ်ပေသည်။ (၃၃း၄၀) ထိုသို့ သားမရှိသော တမန်တော်မုဟမ္မဒ်တွင် ချွေးမဟူ၍ မည်သို့ ရှိနိုင်အံ့နည်း။

သို့ဖြစ်၍ တမန်တော်မုဟမ္မဒ်၏ အိမ်ထောင်ရေး သမိုင်းသည် သမိုင်းဆရာများ မဆင်မခြင် မှတ်တမ်းတင်ထားခြင်း နှင့် ကုရ်အာန်ပါ အဆိုများ ကွာဟလျှက် ရှိပေသည်။ သူသည် အသက်(၂၅)နှစ်မှ အသက်(၅၀)အထိ တစ်လင်တစ် မယား စနစ်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ အသက်(၅၀)ကျော်မှ (၆၃)နှစ်အထိ (၁၃)နှစ် အတွင်း ကျယ်ဝန်း စွာ ခေါင်းဆောင်မှု ပေးရသော ကြောင့် မတူညီသော လူတန်းစားများကို အသိုက်အမြုံတစ်ခုတည်း အဖြစ် တည်ဆောက် စဉ်တွင် ငြိမ်းချမ်းစွာ အတူနေထိုင်ရေးမူအား တည်ဆောက်ရန် စံပြအိမ်ထောင်စု အဖြစ် တည်ဆောက် ၍ မျိုးနွယ်မတူ၊ အလှအပမတူ၊ ဘဝမတူသော အမျိုးသမီးများနှင့် ငြိမ်းချမ်းစွာ အတူနေထိုင်တည်ဆောက် ပြသွားခြင်း သာ ဖြစ်ပေ သည်။

## အမျိုးသမီးများအခွင့်အရေး

တမန်တော်မုဟမ္မဒ်သည် ကြင်ယာရဲဘော်ရဲဘက်များနှင့် ဆက်ဆံရေး၌ သူမတူအောင် ထောက်ထားညှာတာ တတ်သူ ဖြစ်သည်။ အိမ်မှုကိစ္စများကို ဝိုင်းဝန်းကူညီပေးလေ့ရှိသည်။ သူမတို့၏ မေးလာသော မေးခွန်းများကို စိတ် ရှည် လက်ရှည် ဖြေကြားပေးလေ့ရှိသည်။ အစ္စလာမ် မတိုင်မီ အာရဗ်ကမ္ဘာတွင် အမျိုးသမီးများမှာ ငွေဝယ်ကျွန်များ နှင့် မ ခြား အခွင့်အရေးများ ဆုံးရှုံးခဲ့ကြရသည်။ အစ္စလာမ် သာသနာက အမျိုးသမီးများ၏ အခွင့်အရေးများကို အမျိုး သားများ နည်းတူ ပြဋ္ဌာန်းထားပေသည်။ အမွေဆက်ခံပိုင်ခွင့်၊ ပညာသင်ပိုင်ခွင့်၊ လူမှုရေး ဘာသာရေး ဆောင် ရွက်ခွင့်၊ အိမ်ထောင်ပြု အိမ်ထောင်ကွာ ကိစ္စများ၌ အမျိုးသားနှင့် တန်းတူ အခွင့်အရေး ရှိခွင့် စသည်ဖြင့် လူသား တည်းဟူသည့် အမျိုးသမီးများ၏ ဘဝကို ပီပီပြင်ပြင် လမ်းဖွင့်ပေးနိုင်ခဲ့သည်။ နောက်ဆုံးအနေဖြင့် အမျိုးသမီးသည် တုန့်ငြင်းမဲ့ ကိုးကွယ်ရာအရှင်၏ ထံမှ ဗျာဒိတ်ဉာဏ်စဉ် ကိန်းဝပ်ခံရသော အလွန်မြင့်မြတ်သည့် နဗီ၊ ရစူလ်များ ရရှိသည့် ဉာဏ်စဉ်အဆင့်များ ရရှိနိုင်သည်ဟု တမန်တော် မူဆာ၊ တမန်တော် အီဆာတို့၏ မိခင်များကို သက်သေပြုလျှက် အမျိုး သမီးများအား မည်သည့် ဘာသာတရားကမှ မပေးခဲ့သော အဆင့်ကို ကုရ်အာန်ကျမ်းတော်က ပွင့်ပွင့် လင်း လင်း ပေးခဲ့ပေသည်။

## ကစ်ဗလာဟ်(ခေါ်) ရှေ့ရှုဦးတည်ရာ

တမန်တော်မုဟမ္မဒ်သည် မဒီနာသို့ရောက်ရှိပြီး အစဦးပိုင်းတွင် ဂျေမ္မအ်(ခေါ်) သောကြာနေ့ ဆွလာသ်ကို အစုအဝေး ဖြင့် တည်ဆောက်ခဲ့၏။ ထိုအချိန်တွင် ဂျူးများက ဘုရားရှိခိုးရန်အတွက် ပြင်ဆင်မှုများ ပြုခဲ့ကြသည်။ ထိုကဲ့သို့ပင် ရမ်သွာန်လတွင် မွတ်စလင်(မ်)များက ဥပုသ်သီလ စောင့်တည်းခြင်းနှင့် ဂျူးများ၏ ဥပုသ် တည်ဆောက်ခြင်းတို့သည် ခပ်ဆင်ဆင် ဖြစ်နေခဲ့သည်။ သို့ရာတွင် ဂျူးများက တမန်တော်မုဟမ္မဒ်ကို မှန်ကန်သော တမန်တော် တစ်ပါးအဖြစ် လက်ခံ ခဲ့ခြင်း မရှိပေ။ ကုရ်အာန် တွင်ပါဝင်သော အကြောင်းအရာ အချို့နှင့် ဂျူးများ၏ ကျမ်းပါ အကြောင်းအရာ

အချို့မှာ ကွဲပြားလျက် ရှိခဲ့သည်။ ဤသည်ကိုအကြောင်းပြု၍ ဂျူး များက တမန်တော်မုဟမ္မဒ်အား ပြက်ရယ်သမှု ပြုခဲ့ကြ သည်။
တမန်တော်မုဟမ္မဒ် မဒီနာကို မရောက်မီ အလျင်က ဂျူးများအနက် မျိုးနွယ်စု သုံးစုမှာ အလွန် အင်အား ကြီးသော မျိုးနွယ်စုကြီးများ ဖြစ်ကြသည်။ သို့ရာတွင် တမန်တော်မုဟမ္မဒ် မဒီနာကို ရောက်ရှိပြီးနောက်ပိုင်း ၎င်းတို့၏ ဩဇာ အာဏာများသည် တဖြည်းဖြည်း ကျဆင်းလျက် ရှိနေသောကြောင့် ၎င်းတို့က တမန်တော်မုဟမ္မဒ်ကို လုပ်ကြံ သတ် ဖြတ်ရန် အထိ ကြိုးစား အားထုတ်ခဲ့ကြသည်။ သို့ရာတွင် တမန်တော်မုဟမ္မဒ်နှင့် အခြားသော ဂျူးမျိုးနွယ်စုများမှာ သဟ ဇာတ ဖြစ်ခဲ့သည်။ တမန်တော် မုဟမ္မဒ်သည် ဂျူးများနှင့် ခရစ်ယာန်များကို ရှေးကျမ်းဂန်ရသူများ အဖြစ် လေးစားသည်။ ဂျူး နှင့် ခရစ်ယာန်တို့၏ ဘုရားသခင်မှာ မွတ်စလင်(မ်)များ ယုံကြည်သော ဘုရားသခင် နှင့်မခြား အတူတူပင် ဖြစ်သည်။
ဂျူးကျမ်းနှင့် ခရစ်ယာန်တို့၏ကျမ်းမှာ တူညီပါလျက် ၎င်းတို့ အချင်းချင်း ဂိုဏ်းဂဏကွဲများ ဖြစ်နေကြသည်။ ကုရ် အာန် သည် ဂိုဏ်းဂဏကွဲ ဝါဒကို လုံးဝ လက်မခံပေ။ အလားတူ မိုးကျကျမ်း(ဝါ) ဗျာဒိတ်ကျမ်းအားလုံးသည် လူသား တစ်ရပ်လုံး အတွင်း ကွဲပြားခြားနားသော အယူဝါဒများဖြင့် စည်းလုံးညီညွတ်မှု ပြိုကွဲလျက်ရှိသော လူသား တစ်ရပ် လုံးကို ပြန်လည်၍ တစ်စုတည်း တစ်ဝေးတည်း ဖြစ်ရန် လမ်းညွှန်ချက်များ ဖြစ်သည်။ ဂျူးနှင့် ခရစ်ယာန်တို့သည် မိုးကျဗျာဒိတ်ကျမ်းများကို လက်ဝယ်ရှိပါလျက် တစ်စုနှင့်တစ်စု ဂိုဏ်းကွဲများအဖြစ် တည်ရှိနေခြင်းကြောင့် ကုရ်အာန် ပါ ]]အဟ်လေကေသာ့ဗ်}} (ဝါ) ရှေးကျမ်းဂန် အစစ်အမှန်များ မဖြစ်နိုင်ဟု တမန်တော်မုဟမ္မဒ်က ခံယူခဲ့လေသည်။
အေဒီ ၆၂၄ ဇန်နဝါရီလတွင် တမန်တော် မုဟမ္မဒ်သည် အစုအဝေးဖြင့် ဆွလာသ်တည်ဆောက်နေစဉ် အတွင်း၊ မွတ်စလင်မ်များ မျက်နှာမူလျက်ရှိသော ဂျေရုဆလင်မ်ဘက်မှ ကာဗဟ်ကျောင်းတော် ဘက်သို့ မျက်နှာမူ၍ ဝတ်ပြု အမိန့်ကျရောက်ခဲ့ သည်။ ယခုကဲ့သို့ မျက်နှာမူရာ အရပ်ပြောင်းလိုက်ခြင်းသည် မွတ်စလင်မ်များအဖို့ အခြား ဘာသာ အယူဝါဒ၏ အနှောင်အဖွဲ့ လောင်းရိပ်အောက်မှ လွတ်လပ်သော သာသနာတစ်ရပ် အဖြစ် ကြေညာချက် တစ်ရပ် ဖြစ် သည်။ အစ္စလာမ် သာသနာသည် ဂျူး သို့မဟုတ် ခရစ်ယာန်တို့နှင့် မည်သည့် ဆက်သွယ်မှုမျှ မရှိတော့ဘဲ ရှေးတမန် တော် အီဗရာဟင်မ် ယူဆောင်လာသော တစ်ဆူတည်းသော ဝါဒဟောင်းကို ထင်ရှားစွာ ပြန်လည် ဆန်းသစ်ခြင်း တစ်ရပ်ဖြစ်သည်။ ထိုကစ်ဗလာဟ်(ခေါ်) ဝတ်ပြုရာတွင် မျက်နှာမူရာ အရပ်ပြောင်းခြင်း နှင့်စပ်လျဉ်းပြီး ကုရ်အာန် ၂း၁၄၃-၁၄၈-၁၄၉ တွင် အသေးစိတ် ဖော်ပြထားပေသည်။
ကစ်ဗ်လာဟ် မျက်နှာမူရာအရပ်ဟူသည် ထိုအရပ်ရှိ အဆောက်အဦးကို ကိုးကွယ်ဆည်းကပ် ခြင်းမဟုတ်ပေ။ မျက်နှာ မူရာ အရပ်တစ်ခုအား ညီညာစွာ တစ်စုတစ်ဝေးတည်း စုပေါင်းဝတ်ပြုခြင်းဖြင့် မွတ်စလင်မ်ဟူသည် စည်းလုံးညီညွတ် သော လူ့အဖွဲ့အစည်း တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာသို့ကြေညာ ခြင်းဖြစ်သည်။ မွတ်စလင်မ်တို့သည် တစ်ပါးတည်းသော အရှင်အား ကိုးကွယ်၍ တစ်ဆူတည်းသော ကုရ်အာန်၏ လမ်းညွှန်မှုအတိုင်း ဘဝတည်ဆောက်ကြသော တမန်တော် မုဟမ္မဒ်၏ နောက်လိုက်အဖြစ် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ရှေ့ဆောင်စံပြများဖြစ်ရမည်ဟု ကုရ်အာန်ကမိန့်ဆိုထား သည်။ ကုရ်အာန်က ကစ်ဗ်လာဟ် မျက်နှာမူရာအရပ်ကို ပြဋ္ဌာန်းခြင်းသည် လူသားတို့အား စမ်းသတ်ခြင်း တစ်ရပ်ဖြစ် သည်။ အစ္စလာမ်သာသနာ စတင်ချိန်က အာရဗ်များသည် ကအ်ဗဟ်ကျောင်းတော် ထဲတွင်ရုပ်တုပေါင်း(၃၆၀) ကို ထုဆစ် ကိုးကွယ်ကြသူများဖြစ်သည်။ ထိုအာရဗ်များသည် မွတ်စလင်မ်များ ဖြစ်လာပြီးနောက်ပိုင်း ရိုးရာ ရုပ်တုရုပ်ပွား များနှင့် ပြကတိ အဆက်ဖြတ်ပြီး ဂျေရုဆလင်မ် ဖက်သို့ ကစ်ဗ်လာဟ် မျက်နှာမူ၍ ဝတ်ပြုစေခြင်းဖြစ်သည်။
ထိုကဲ့သို့ ဂျေရုဆလင်မ် ဖက်သို့ ကစ်ဗ်လာဟ် မျက်နှာမူ၍ ဝတ်ပြုခြင်း အပေါ်များစွာသော ရှေးကျမ်းရများ သည်လည်း အစ္စလာမ်သာသနာထဲသို့ဝင်ရောက်ခဲ့ကြသည်။ ၎င်းတို့အတွင်းမှ မွတ်စလင်မ် အယောင်ဆောင်များလည်း ပါဝင်သည်။ ဂျေရုဆလင်မ် ဖက်မှ ကာဗဟ်ကျောင်းတော် ဖက်သို့ ကစ်ဗ်လာဟ် မျက်နှာမူရန် အမိန့်ကျရောက် လာ သော အခါ ထို်အယောင်ဆောင်များ ၏ အယောင်ဆောင်မှုသည် မွတ်စလင်များရှေ့တွင် ကွက်ကွက်ကွင်းကွင်း ပေါ်ပေါက် လာစေခဲ့သည်။



အမှန်တကယ် အားဖြင့် ဂျူးများနှင့် ခရစ်ယာန်တို့၏ ကျမ်းများမှာလည်း ဖခင်ကြီး အီဗရာဟင်မ်ယူ ဆောင်ခဲ့သော တစ်ပါးတည်းသော အရှင်ဝါဒများသာလျှင် ဖြစ်သည်။ သို့ရာတွင် ဂျူးနှင့်ခရစ်ယာန်တို့သည် ဗျာဒိတ်ကျမ်းဂန်ပါ အနှစ်သာရ များကိုစွန့်၍ ဗျာဒိတ်ကျမ်းဂန်အလွန် လူရေးကျမ်းအတွေးအခေါ်များအားဖြင့် ကွဲပြားခြားနားသော၊ ဂိုဏ်းဂဏကွဲ များ ဖြစ်လာကြခြင်း ဖြစ်သည်။ ထိုအချိန်က မွတ်စလင်(မ်)ဟူသည် ဂျူးကျမ်းနှင့် ခရစ်ယာန်ကျမ်းပါ တစ်ပါးတည်း သော အရှင်ဝါဒကို တိုက်ရိုက်လိုက်နာသူများ ဖြစ်ခဲ့ကြသည်။ ကုရ်အာန်က ဂိုဏ်းဂဏကွဲ ဝါဒများကို လက်ဦး မဆွကပင် တားမြစ်ခဲ့ပြီး ဖြစ်သည်။ ဖော်ပြပါ ဝတ်ပြုရာ၌ ]]ကစ်ဗလာဟ်}} မျက်နှာမူရာ အရပ် ပြောင်းခြင်း သည်ပင် မွတ်စလင်(မ်) များ အဖို့ ဂျူးနှင့်ခရစ်ယာန်တို့၏ သာသနာမှ ပုံတူကူးယူခြင်းဟူသော အာရဗ်များ ၏ ပြောင်လှောင် စွပ်စွဲချက်များမှ လွတ်မြောက်ပြီး လုံးဝဥဿုံ လွတ်လပ်သော ကိုယ်ပိုင်အလံ စိုက်ထူလိုက်သည့် သာသ နာတစ်ရပ် ဖြစ်လာခဲ့သည်။

ဤသို့အားဖြင့် အစ္စလာမ် သာသနာသည် လက်ဦးမဆွကပင် အခြားမည်သည့် သာသနာများ၏ လောင်းရိပ် အောက်မှ မှီတွယ်၍ တက်လာသော သာသနာ မဟုတ်ပေ။ အစကနဦးပိုင်းတွင် ဂျေရုဆလင်(မ်)ဘက်သို့ မျက်နှာမူ၍ ဝတ်ပြုခြင်း ကို မိစ္ဆာဒိဋ္ဌိ အာရပ်တို့က မွတ်စလင်(မ်)များသည် ဂျူးနှင့်ခရစ်ယာန်တို့၏ သာသနာများကို ပုံတူ ကူးချခဲ့ သည်ဟု ယိုး စွပ်ကြခြင်းသာ ဖြစ်သည်။ မွတ်စလင်(မ်)များ၏]]ကစ်ဗလာဟ်}} မျက်နှာမူရာအရပ် ပြောင်းခြင်းအားဖြင့် ၎င်းတို့၏ ယိုး စွပ်မှုများသည် သဲထဲရေသွန်သည့်နှယ် ဖြစ်သွားခဲ့သည်။ ]]ကစ်ဗလာဟ်}} ပြောင်းပြီးနောက် မဒီနာမြို့ တွင် အခြေ ချ နေထိုင်လျက်ရှိသော မွတ်စလင်(မ်)များသည် ၎င်းတို့ ရောက်ရှိနေသော ဒေသခံများနည်းတူ စိုက်ပျိုး ရေး လုပ်

ငန်း များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ၎င်းတို့မှာ တစ်ချိန်တစ်ခါက မက္ကာတွင်ရှိနေစဉ် ကမ္ဘာ အရပ်ရပ် သို့ လှည့်လည်၍ ကူသန်းရောင်းဝယ်ခဲ့ကြသော ကုန်သည်များ ဖြစ်ကြသည်။

အစ္စလာမ် မတိုင်ခင် အလျင်က ၎င်းတို့သည် ကုန်သည်များလည်း ဖြစ်သည်။ အုပ်စုတစ်စုက အခြားအုပ်စုများကို တိုက်ခိုက်၍ ပစ္စည်းဥစ္စာများကို သိမ်းပိုက်ကြသူများလည်း ဖြစ်ကြသည်။ အထူးသဖြင့် အာရဗ်များသည် ကွဲပြား ခြားနားသော မျိုးနွယ်စု ကွဲများ ဖြစ်ကြသည်။ ထိုမျိုးနွယ်စုများ အတွင်း ကြီးနိုင် ငယ်ညှင်းဟူသော မတရားမှုများ ဖြင့် ကျင်လည် ကျက်စားနေကြသော အာရဗ်များ ဖြစ်သည်။ ရှုံးနိမ့်သူများ ဘက်မှ ပြန်လည် လက်စားချေခြင်း ဟူ သော ရန်ငြိုးရန်စများ အားဖြင့် ခိုးဆိုး တိုက်ခိုက်နေသူများလည်း ဖြစ်သည်။ ထိုအာရဗ်များသည် အစ္စလာမ် သာသ

နာဝင် မွတ်စလင်(မ်)များ ဖြစ်လာကြပြီး နောက်ပိုင်းတွင် ကုရ်အာန်၏ အဆုံးအမ ဖြစ်သော အပြစ်မဲ့သူ တစ်ဦး ကို သတ်ဖြတ်ခြင်းသည် လူသားတစ်ရပ်လုံး ကိုသတ် ဖြတ်ခြင်း ဖြစ်သည်။ (၅း၃၂)ထိုနည်းတူစွာ မွတ်စလင်(မ်) အချင်း ချင်းစစ်အတွင်း၌ မှားယွင်း သတ်ဖြတ်မိပါက ထို သေဆုံးသွားသော မွတ်စလင်(မ်) မိသားစုအား အသက်လျော် ကြေး ကို ပေးဆောင်ရမည်။ ထိုမှားယွင်းစွာ သတ်ခဲ့မိသော မွတ်စလင်(မ်)အဖို့ ရက်ပေါင်း(၆၀) ဆက်တိုက် ဥပုသ်သီလ စောင့် ထိန်းရမည်ဆိုသော ကုရ်အာန်က ညွှန်ကြားပြသသော ဥပဒေကိုလည်းကောင်း၊(၄း၉၂) အကြင်သူသည် မွတ်စ လင်(မ်) အချင်းချင်း ဒေါသ ကို မချုပ်တည်းနိုင်၍ဖြစ်စေ၊ရ န်ငြိုးရန်စကြောင့်ဖြစ်စေ သေစေလိုသော ဆန္ဒဖြင့် သတ်ဖြတ်ပါက ထိုသူ့အတွက် အပယ်ငရဲမှလွဲ၍ အခြား မရှိပြီ ဟူ၍ ကုရ်အာန် ၄း၉၃၊ တွင် ပြဋ္ဌာန်းထားပြီး ဖြစ်သည့် ဥပ ဒေများကို လည်းကောင်း တစ်သဝေ မတိမ်း လိုက်နာခဲ့ကြသည်။

ထိုအာရဗ်များသည် မွတ်စလင်(မ်)များ ဖြစ်လာပြီးနောက်ပိုင်း အချင်းချင်း စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်း ကြီး ဖြစ်လာခဲ့သည်။ ထိုစည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းနှင့် မဒီနာရှိအခြား ဘာသာဝင်များသည် ပင်လျှင် မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့ကြသည်။ မွတ်စလင်(မ်) အချင်းချင်းအတွင်း၌သော်လည်းကောင်း၊ အခြား မွတ်စလင်(မ်) မဟုတ်သူများနှင့် သော်လည်းကောင်း ရှိခဲ့ဘူးသော ရန်ငြိုးရန်စများနှင့် အာဃာတများကို ချေဖျက်နိုင်ခဲ့ကြလေ သည်။



ဗဒရ်ဒေသ တော်လှန်ရေးစစ်ပွဲ

အေဒီ ၆၂၄ တွင် မွတ်စလင်(မ်)များသည် မက္ကာဟ်မြို့သားများနှင့် ပထမဦးဆုံး ကျူးကျော်လာသည့် စစ်ပွဲ တစ်ပွဲကို မဒီနာမြို့ရှိ ဗဒရ်ဟူသော အရပ်တွင် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ထိုစစ်ပွဲသည် အစ္စလာမ့် သမိုင်းတွင် အလွန်ထင်ရှား သော စစ်ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။ ရန်သူများဘက်မှ စစ်သားဦးရေ (၉၅၀)ကျော်ပါဝင်ပြီး မွတ်စလင်(မ်)များ ဘက်မှ စစ် သားဦးရေမှာ (၃၁၃)ယောက်သာ ဖြစ်သည်။ မက္ကာဟ်သားများသည် ရှေးအာရဗ်ရိုးရာ ဗျူဟာဖြင့် တိုက်ခိုက်ကြ သည်။ ထိုစစ်သား(၉၅၀)ကို စစ်ဦးစီး တစ်ဦးတည်းက ဦးစီးခြင်း မရှိဘဲ ထိုစစ်သားများကို မိမိတို့၏ မျိုးနွယ် အလိုက် မျိုးနွယ် ခေါင်းဆောင်များက ဦးစီးကြသည်။ ရန်သူများသည် စစ်သားဦးရေများ သကဲ့သို့ ထိုစစ်သားများ ကို ဦး ဆောင်သော ခေါင်းဆောင်များလည်း များပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် များစွာသော စစ်သားများကို များစွာသော ခေါင်းဆောင်များက ဦးစီး၍ တိုက်ခိုက်သော စစ်ပွဲ ဖြစ်သည်။ ထို့အတွက်ကြောင့် စစ်တပ် ကြီးအတွင်း ကွဲပြားခြားနားသော အုပ်စုငယ်ပေါင်း များစွာ တည်ရှိနေသည်။ ဤသည် အာရဗ်များ၏ ရှေးရိုးရာ စစ်ဗျူဟာ ဖြစ်သည်။

မွတ်စလင်(မ်)များ၏ စစ်တပ်တွင် စစ်သားဦးရေမှာ (၃၁၃)ယောက်သာ ဖြစ်သော်ငြားလည်း စစ်ဦးစီး အဖြစ် တမန် တော်မုဟမ္မဒ် တစ်ဦးတည်းက ကွပ်ကဲအုပ်ချုပ်သည်။ ထိုမွတ်စလင်(မ်)စစ်သား (၃၁၃)ယောက်သည် အလွန်စည်းလုံး လျက်ရှိကြသည်။ မွတ်စလင်(မ်) စစ်သားများသည် တရားသောစစ်ပွဲကို ဆင်နွှဲသူများ ဖြစ်ကြသည်။ အဘယ် ကြောင့် ဆိုသော် မွတ်စလင်(မ်)များသည် မက္ကာဟ်မြို့တွင် နေထိုင်စဉ်အတွင်း ထိုမိရိုးဖလာဝါဒီများ၏ ညှင်းပန်း နှိပ်စက်မှု

ဒဏ်ကို မခံနိုင်သည့် အဆုံး မိမိတို့၏ ချက်မြှုပ်ကို စွန့်၍ မဒီနာသို့ ပြောင်းရွှေ့လာခဲ့သူများ ဖြစ်သည်။ ထိုကဲ့သို့ မဒီနာ သို့ ရွှေ့ပြောင်း နေထိုင်ပြီးသည့်တိုင် မက္ကာဟ်သားများသည် မဒီနာမြို့ထိ လာရောက် ကျူးကျော် တိုက် ခိုက်ခြင်း အ တွက် မွတ်စလင်(မ်)များ အနေဖြင့် မလွှဲသာ မရှောင်သာ ခုခံတိုက်ခိုက်ရသော တော်လှန်ရေး ဖြစ်သည်။ မက္ကာဟ်မှ ရန်သူစစ်သားများသည် မွတ်စလင်(မ်)များ၏ ဆွေမျိုးရင်းချာများ

ဖြစ်ကြသည်၊ သို့သော် မွတ်စလင်(မ်) များ အနေ ဖြင့် ထိုဆွေမျိုးသားချင်းများ ကိုယ်တိုင်၏ တိုက်ခိုက် ညှင်းပန်းမှုအား ခံနေရသည်မှာ အကြိမ်ကြိမ်ပင်၊ နောက်ဆုံး နယ်ပြောင်းပြေးလာခဲ့သည်ပင် မလွတ် လိုက်လံတိုက်ခိုက် နေလေပြီ။ ရန်သူများဘက်က အမျိုးဟု မကြည့် ကျူပင် ခုတ် ကျူငုတ်ပင် မကျန်စေလို ဖြစ်၏၊ သို့အတွက် မွတ်စလင်မ် များအတွက် ကုရ်အာန်က ပြဌာန်းပေးသည်မှာ -

"အကယ်၍ အချို့ကို အချို့အားဖြင့် မတော်လှန်စေခဲ့လျှင် ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ ဂျူးဘုရားကျောင်းများ၊ အစ္စလာမ့်ဝတ်ပြုကျောင်းများသည် ဖျက်ဆီးပြီး ခံရလတံ့" ၂၂း၄၀။ ဟုလည်းကောင်း။

ညှင်းပန်း နှိပ်စက်ခြင်း ရပ်တန့်သည့်တိုင် တော်လှန်ရေးဆင်နွဲကြကုန်လော့ ၂း၁၉၃၊ ၈း၃၉ ဟုလည်းကောင်း၊ သင်တို့ သည် စစ်ဖြစ်ရမည်ကို မုန်းတီးသော်လည်း သင်တို့အတွက် တော်လှန်ရေးကို ပြဌာန်းတော်မူပြီ။ ၂း၂၁၆-"ညှင်းပန်း နှိပ်စက်ခြင်းသည် သတ်ခြင်းထက် ပို၍ ဆိုးသောအမှုဖြစ်သည်" (၂း၂၁၇)ဟု ဖြစ်၍၊ မွတ်စလင်(မ်)များ အနေဖြင့် မိမိနေထိုင်ရာ မဒီနာ ပတ်ဝတ်ကျင်မှ ဘုန်းကြီးကျောင်း ဘုရားကျောင်း မှန်သမျှနှင့် မိမိတို့၏ ဘာသာရေး လွတ်လပ် ခွင့်အား ကာကွယ်ရန်မှာ တရားသော တာဝန် တစ်ရပ် ဖြစ်လာခဲ့ပေသည်။ တနည်းအားဖြင့် မတရားမှုကို ခေါင်းငုံခံ နေခြင်းသည် ဘာသာရေး မမည်ဟု အစ္စလာမ် သာသနာက ပွင့်ပွင့်လင်းလင်း သွန်သင်ပေးပေသည်။ သို့ဖြစ်၍ ရန် သူနှင့် နှိုင်းယှဉ်လျှင် အလွန်အင်အားနည်းသော ကျူးကျော်စော်ကားခံရသည့် မွတ်စလင်(မ်) စစ်တပ် သည် ၎င်းတို့ ထက် အင်အားကြီး အဆပိုများသော ရန်သူစစ်တပ် အတွင်းသို့ ထိုးဖောက်ဝင်ရောက် တိုက်ခိုက်ခဲ့ ကြသည်။ ၎င်းတို့၌ ကြောက်စိတ်ဟူ၍ အနည်းငယ်မျှ မရှိ၊ သေခြင်းနှင့် ရှင်ခြင်းဟူသည်ကို တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်တစ်ပါးတည်းက စိုးပိုင်သည်ဟု ခံယူယုံကြည်လျှက်၊ ထိုယုံကြည်ချက်က မွတ်စလင်(မ်)များအတွက် အကြီးမား ဆုံး စိတ်ဓာတ် စွမ်းအား တစ်ခု ဖြစ်ခဲ့သည်။ ထိုစိတ်ဓာတ်စွမ်းအားသည် တစ်ပါးတည်းသော အရှင်ကို ကိုးကွယ်၍ တစ်ဆူတည်းသော ကျမ်းဂန် ကုရ်အာန်အား လိုက်နာ ကျင့်သုံးခြင်းဖြင့် ရရှိလာသော နာမ်ပိုင်းဆိုင်ရာ စွမ်းအား တစ်ရပ် ဖြစ်သည်။

၁၆ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ထိုစစ်ပွဲတွင် ရန်သူများ ကစဥ့်ကလျားဖြစ်ပြီး အကြီးအကျယ် စစ်ရှုံးခဲ့ကြရသည်။ အလွန်သြဇာ အာဏာ ကြီးမား ပါ သည် ဟူသော မက္ကာဟ်သားများသည် ယခုကဲ့သို့ မွတ်စလင်(မ်) လူနည်းစု စစ်တပ်၏ ထိုးနှက်ချက်ကြောင့် အခြား မွတ်စလင်(မ်) မဟုတ်သော လူအများ၏ အမြင်တွင်လည်း နိမ့်ကျသူများ အဆင့်သို့ ရုတ်တရက် ရောက်ရှိခဲ့ကြသည်။ ထိုစစ်ပွဲတွင် မက္ကာဟ်သားများ ရှုံးနိမ့်ခဲ့ရသည့် အတွက် အဘူဆူဖီယန် ဦးဆောင်၍ ဒုတိယစစ်ပွဲ အတွက် ပြင်ဆင် မှုများ ပြုလုပ်ခဲ့ကြသည်။ အဘူဆူဖီယန်၏ ရည်ရွယ်ချက်မှာ မဒီနာရှိ မွတ်စလင်(မ်)များကို အမြစ်ဖြတ် ချေမှုန်းရန် ဖြစ်သည်။ ထိုအချိန်တွင် မဒီနာရှိ ဂျူးများကလည်း မွတ်စလင်(မ်)များအား ချေမှုန်းရေး အခွင့်အလမ်းကို စောင့်နေ သူများ ဖြစ်ခဲ့ကြသည်။ မွတ်စလင်(မ်)များ အဖို့ မက္ကာဟ်မြို့မှ အာရပ်များနှင့် မဒီနာရှိဂျူးများ၏ တိုက်ခိုက်မှုကို တော်လှန်နိုင်ရန် တော်လှန်ရေး မျက်နှာစာနှစ်ခုကို တစ်ကြိမ်တစ်ခါတည်း ဖွင့်ရတော့မည့် အခြေအနေတွင် ရှိနေပေ သည်။

ဗဒရ်တော်လှန်စစ်ပွဲဆိုင်ရာ သမိုင်းမှားတစ်ခု

တမန်တော် မုဟမ္မဒ် သက်တော်ထင်ရှား ရှိစဥ်က တိုက်ပွဲအားလုံးသည် ခုခံတော်လှန်စစ်များသာ ဖြစ်သည်။ ဤသည် ကိုမဆင်ခြင်ဘဲ မွတ်စလင်(မ်) ခေါင်းစဥ်အောက်၌ ခိုလှုံလျှက် အချို့သော သမိုင်းဆရာများက တမန်တော် မုဟမ္မဒ်နှင့် မွတ်စလင်(မ်) တစ်စုသည် ဆီးရီးယားဘက်မှ ပြန်လာသော မက္ကာဟ်သား ကုန်သည်များကို ဝင်ရောက်တိုက်ခိုက်၍ ထိုသူတို့၏ ပစ္စည်းများကို လုယက်ခြင်းကြောင့် ဗဒရ်စစ်ပွဲဖြစ် ခဲ့သည်ဟု ပြောဆိုရေးသား သည်များလည်း ရှိနေပေ သည်။ ကုရ်အာန်ပါ နိယာမ ပြဌာန်းချက်နှင့် မကိုက်ညီသော ဤသို့ မဆင်မခြင် ရေးသားမှုများသည် အစ္စလာမ် သာသနာအားပုတ်ခတ်စော်ကားရန် အကွက်ချောင်းနေသူများတွက် လက်ခမောင်းခတ် စရာ အချက်အလက်များ အဖြစ် ဖြစ်လာ ကာ မြောက်မြားစွာသော အနောက်တိုင်းသားတို့ က ဗဒရ်စစ်ပွဲနှင့်စပ်လျဉ်းပြီး အစ္စလာမ်နှင့် တမန် တော် မုဟမ္မဒ်ကို ရစရာမရှိအောင် စွပ်စွဲ ပုတ်ခတ်သော စာအုပ်စာပေ မြောက်များစွာ ထွက်လာခဲ့ပေသည်။ ထိုသို့ သော စွပ်စွဲ ချက်မှာ ယခုခေတ်ထိပင် အချို့ နေရာများ၌ ရှိနေသေးပေသည်။ ထိုမှ ထပ်ဆင့် အစ္စလာမ် သာသနာအား ဓားမိုး၍ ဖြန့်ချီခဲ့ သော သာသနာ အဖြစ် ပုတ်ခတ် စွပ်စွဲမှုများ အတောမသတ်ပင် ဖြစ်တော့သည်။

အရိုးခံရှိသော သာမန် မွတ်စလင်(မ်) လူထုကြီးမှာ သမိုင်းဆရာများ၏ ပြောစကားနှင့် မှတ်တမ်းများကို အစ္စလာမ် သာသနာ၏ သာသနာရေးဆိုင်ရာ ကျင့်ဝတ်ပြဌာန်းချက် အဖြစ် လိုက်နာယုံကြည်စေရန် စည်းရုံးသိမ်းသွင်းခြင်းများ

လည်း များစွာ ခံခဲ့ရပေသည်။ ထိုသို့သော အကြောင်းများကြောင့် မွတ်စလင်(မ်) လူထုကြီးသည်ပင် မိမိတို့၏ ချစ်လှ စွာသော တမန်တော် မုဟမ္မဒ်နှင့် စပ်လျှဉ်း၍ လွဲမှားစွာ နားလည်ထားချက်များ ရှိနေပေသည်။

မွတ်စလင်(မ်)များအဖို့ ကုရ်အာန်သည် လောကီ လောကုတ္တရာ နှစ်ဌာနလုံး၏ လမ်းညွှန်ကျမ်း ဖြစ်သကဲ့သို့ အရာ ခပ်သိမ်းကို တိုင်းတာချင့်ချိန်၍ အမှားအမှန်ခွဲခြား သိရှိနိုင်ရန်အတွက် ]]ဖွရ်ကာန်}}ဟူသော မှတ်ကျောက်လည်း ဖြစ် သည်။ သို့သော်လည်း မွတ်စလင်(မ်) အများစုသည် တမန်တော်မုဟမ္မဒ်ကို မြင်တွေ့ရာ၌ ကုရ်အာန်ကို ကျော်၍ သမိုင်းဆရာတို့၏ အမြင်ရှုထောင့်မှ ဖွင့်ဆိုပြသော သဏ္ဍာန်အရ မြင်တွေ့

ခံစားကြရသည်က များပေသည်။ ထိုဖော်ပြ ပါ သမိုင်း ဆရာများ၏ ရေးသားချက်များကို ကုရ်အာန်၏ ရှုထောင့်မှ ပြန်လည် ဆန်းစစ်ရမည်မှာ မွတ်စလင်(မ်)များ ၏တာဝန် ဖြစ်သည်ဟူသော အချက်ကို သိနားလည်ဟန် မရှိချေ။ မွတ်စလင်(မ်)တိုင်းသည် ကုရ်အာန်က ဖော်ပြသော တမန်တော်မုဟမ္မဒ်၏ အကြောင်းကို သိရှိရမည်မှာ အရေးကြီးသော အချက် ဖြစ်ပေသည်။ တမန်တော် မုဟမ္မဒ်၏ ကျင့်ကြံဆောင်ရွက်သမျှသည် ကုရ်အာန် ဥပဒေအတိုင်းသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ဗဒရ်စစ်ပွဲကို အမှန်အတိုင်း နားလည်ရန် ချည်းကပ်ရန်မှာ-



ကုရ်အာန်က စစ်တိုက်ခွင့်ပြုထားသည်။ ထိုစစ် တိုက်ခွင့်သည် သူတစ်ပါးက ကျူးကျော်ထိပါးရန် စလာသည့် အခါ၌ သာ တိုက်ခိုက်ရမည် ဖြစ်သည်။ စစ်တိုက် ရခြင်းဟူသည် မိမိတို့၏ အသက်စည်းစိမ် ဥစ္စာများကို ကာကွယ်ရန်အတွက် ဖြစ်သည်။ မိမိတို့ဘက်မှ ကျူးကျော်စစ်တိုက်ခိုက်ရန်အတွက် လုံးဝပိတ်ပင် တားမြစ်ထားပြီး ဖြစ်သည်။(၂း၁၉၀)
စစ်ကာလ၊ စစ်ဒေသ၊ စစ်၌ပါဝင်ဆင်နွဲသူ မဟုတ်ဘဲ သူတစ်ပါး ပစ္စည်းကို တိုက်ခိုက်သိမ်းပိုက်၍ စစ်သုံ့ ပစ္စည်းအဖြစ် သိမ်းဆည်းခြင်းကို ကုရ်အာန်က တားမြစ်ပိတ်ပင်ထားပြီး ဖြစ်သည်။ သို့ဖြစ်၍ ဗဒရ်စစ်ပွဲ မတိုင်မီ စစ်နှင့် မပတ်သက် သော ကုန်သည်များထံမှ စစ်သုံ့ပန်းအဖြစ် ဖြစ်စေ၊ မတော်မတရားဖြစ်စေ မွတ်စလင်(မ်)များက တိုက်ခိုက် သိမ်းပိုက် ယူသည် ဆိုခြင်းသည် ကုရ်အာန်ပါ ဥပဒေနှင့် လုံးဝဆန့်ကျင့်နေပေသည်။ ထိုအချိန်၊ ထိုကာလ ဘာသာရေးစိတ်ထွန်း တောက်နေချိန်တွင် မွတ်စလင်(မ်)များက ကုရ်အာန်အား ဆန့်ကျင်သော အမှုကို ကျူးလွန်သည် ဆိုခြင်းမှာ သမိုင်း လိမ်သာ ဖြစ်တော့သည်။ ဆက်လက် ဆင်ခြင်ရန်မှာ-

## မွတ်စလင်(မ်) တပ်၊ ရန်သူတပ်နှင့် ကုန်သည်တို့၏ အနေအထား

ဗဒရ်စစ်ပွဲ မဖြစ်မီ၊ ဖြစ်နေဆဲကာများတွင် မွတ်စလင်(မ်)တပ်၊ ရန်သူတပ်နှင့် ကုန်သည်တို့၏ တည်ရှိနေမှုကို သိရန် လို အပ်ပေသည်။ မွတ်စလ(မ်)တို့သည် ကုရ်အာန်ပါ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြသည် ဖြစ်ရာ- ရန်သူများ ရှိသည့် မက္ကာဒေသ ပိုင်နက်သို့ သွားရောက်၍ ရန်ရှာစော်ကားခြင်း မဟုတ်ချေ။ ရန်သူများနေထိုင်သည့် မက္ကာမြို့နှင့် မွတ်စလင်(မ်) များ နေထိုင်သည် မဒီနာ မြို့သည် မိုင် ၂၅၀ – (အသွားအပြန် မိုင် ၅၀၀) ကွာဝေးပေသည်။ မက္ကာသား အာရဗ်တို့သည် မွတ်စလင်(မ်)များကို တိုက်ခိုက် ချေမှုန်းပစ်ရန် မဒီနာ ပိုင်နက်ထဲသို့ ချီတက်လာနေချိန်ဖြစ်သည်။ ထို သတင်းကို မွတ်စလင်(မ်)များရ၍- ကုရ်အာန်ပါ သွန်သင်ချက်နှင့် အညီ ခုခံစစ်ဖြင့် တော်လှန်ရန် မိမိတို့ ၏ ပိုင်နက် ဗဒရ်ဆိုသော အရပ်မှ ရန်သူများကို စောင့်နေခြင်းသာ ဖြစ်သည်။
ထိုသို့ ရန်သူတပ်များ ချီတက်လာသည့် လမ်းကြောင်းနှင့် မွတ်စလင်မ် တပ်များ စောင့်နေသည့် စခန်းကြားတွင် ကုန် သည် အုပ်စု တစ်စုက တိုက်တိုက်ဆိုင်ဆိုင် ခရီးသွားနေပေသည်။ ၎င်းကို ကျမ်းတော်က-
"အုပ်စုတစ်စု နှင့်တစ်စု ရင်ဆိုင်တွေ့ရသောအခါ ထိုအချိန်တွင် အသင်တို့အုပ်စုသည် စစ်မြေပြင်အနီး၌ ရှိခဲ့ကြကုန် ၏။ သို့ရာတွင် ၎င်းတို့မှာမူ စစ်မြေပြင်နှင့်အဝေး၌ရှိ၍ ကုန်သည်အုပ်စုတို့မှာကား အသင်တို့၏ အောက်ဖက်တွင် ရှိခဲ့ လေသည်။ အကယ်၍သာ အသင်တို့သည် အသင်တို့နှင့် ထိုသူတို့သည် အချင်းချင်းတစ်ဖက်နှင့် တစ်ဖက် ချိန်းချက်ခဲ့
ပါလျှင် မုချဧကန် အသင်တို့သည် ထိုချိန်းချက်မှုနှင့် စပ်လျဉ်း၍ ကွဲလွဲကြမည်သာ ဖြစ်သည်။ သို့ရာတွင် အရှင်သည် ဖြစ်ရမည့် ကိစ္စရပ်ကို ဖြစ်စေတော်မူခဲ့၏။" ဟု ဆိုထားပေသည် ၈း၄၂။
ကျမ်းတော်၏ ဤအပိုဒ်က – ပထဝီ မြေပြင်အရ သင်တို့ မွတ်စလင်မ်များသည် စစ်ရင်ဆိုင် တွေ့ရမည့် ဗဒရ်အရပ် ဒေသ၏ အနီး၊ ရန်သူတပ်များက ထိုဒေသနှင့် ဝေးသည့်ဘက်၊ ကုန်သည် လူစုက မွတ်စလင်(မ်)များ၏ အောက်ဘက် မြေနိမ့်ပိုင်း တွင် ရှိနေကြောင်းကို အတိအကျ ပြောဆိုပေသည်။ ဤစကားအရ-
စစ်ပွဲတွင် ကုန်သည်များနှင့် လုံးဝ မပတ်သက်ပေ။ ကုန်သည်များသည် မွတ်စလင်(မ်)များ မဟုတ်ချေ။ သို့သော်လည်း မွတ်စလင်(မ်)ကို ရန်မရှာသော- သာမာန် ကူးသန်းရောင်းဝယ် စားသောက်သော သူများသာ ဖြစ်၍ ထိုသို့သော သူ များအား ရန်သူအဖြစ် သတ်မှတ်လျှက် တော်လှန်တိုက်ခိုက်ခြင်း မပြုစေရန်သာ သတိပေးခြင်း ဖြစ်ပေသည်။ မွတ်စ လင်(မ်) ဟုတ်၏၊ မဟုတ်၏ ဆိုသည်ထက် ရန်သူသည် ရန်သူသာ ဖြစ်၏ ဆိုသော အမြင်အား မွတ်စလင်(မ်) များကို သိစေခြင်းသာ ဖြစ်ပေသည်။
သမိုင်းဆရာတို့၏ အဆိုအရ ဆီးရီးယားဘက်မှ လာသော ကုန်သည်များကို မွတ်စလင်(မ်)များက ခြေတိုက်လိုက်သည် ထိုအကြောင်းကို မက္ကဟ်အာရဗ်များထံသို့ သတင်းသွားပို့သည်- ထိုအခါ မက္ကဟ်အာရဗ်များက လိုက်လာ၍ မွတ်စလင်(မ်) များကို တိုက်ခိုက်ရာမှ ဗဒရ်စစ်ဖြစ်လာရသည် ဟူလို-

ထိုခေတ် ထိုအခါက တိုက်လေယာဉ်များ ခေတ်မဟုတ်ချေ။ အကယ်၍ ကုန်သည်များ ခပြေတိုက်ခံရပါက- ထိုကုန်သည် များ သေကြေ ပျက်စီး အရိုးဆွေးသွားသည်အထိ သူတို့အား ကယ်တင်နိုင်မည်သူများ ရောက်လာနိုင်မည် မဟုတ်ပေ။ ကုန်သည်များ ရှိသော အရပ်သည် မက္ကာနှင့် အသွားအပြန် မိုင် ၅၀၀ ခန့်ဝေးကွာပေသည်။ ထိုခေတ်ထိုအခါမှ အလွန် လျှင်မြန်သော မြင်းနှင့် ပြေးမည်ဆိုက အသွား (၃)ရက် အနည်းဆုံးကြာမည်။ ထို့နောက် စစ်လှုံ့ဆော်၍ စစ်သားများ စုဆောင်းပြင်ဆင်ရဦးမည်။ စစ်ပွဲအတွက် ရိက္ခာများ စုဆောင်းရဦးမည်။ ထိုသို့ အဆင်သင့် ဖြစ်သော အခါတွင်မှ ထို အခင်းဖြစ်ပွားရာသို့ အလျှင်အမြန် လိုက်လာရမည်။ ထိုသို့ ကြာမည့် ရက်များကို ယုတ္တိဗေဒရှုစွာ တွက်ကြည့်လျှင်- ကုန်သည်များအနေဖြင့် အသက်ရှင်ခွင့် ရှိတော့မည် မဟုတ်ချေ။ ကုရ်အာန်ပါ ပြဋ္ဌာန်းချက်ဖြင့် သာမက လောက ယုတ္တိဗေဒဖြင့်ပင် မကိုက်ညီသော အဆိုအား အတည်ပြုလျှက် အစ္စလာမ် သမိုင်း ဖြစ်ရပ်ဟု သွပ်သွင်းလာခြင်းမှာ ရိုးသားမှု မဟုတ်ပေ။

ဗဒရ်စစ်ပွဲ မဖြစ်မီအလျင်ကတည်းက မွတ်စလင်(မ်)များသည် ကာဖိရ်များအပေါ်သို့ လွှမ်းမိုးမည် ဟူသောဗျာဒိတ် ကို ကုရ်အာန် ၃း၁၂ တွင် ကြိုတင်သတိပေးပြီးဖြစ်သည်။ (အို-မုဟမ္မဒ်၊ အသင်သည် ယင်းမယုံကြည် သွေဖည်သူများကို ဤသို့ပြောကြားပါလေ။ မကြာမီအတွင်း အသင်တို့သည် (ဤပစ္စုပ္ပန် မျက်မှောက်ဘဝတွင်ပင်လျှင်) ]]ဂျဟန္နမ်}} ငရဲဘုံ၌စုဝေးစေခြင်းကို ခံကြရအံ့။ စင်စစ် ထိုငရဲဘုံ၏နေရာ ထိုင်ခင်းသည် အလွန်ယုတ်ညံ့ သိမ်ဖျင်းလှပေတကား။) ဆက်လက်၍ ကုရ်အာန် ၃း၁၃ တွင် “ကေန်စင်စစ် အသင်တို့ ဆင်ခြင်ရန်အတွက် (ဗဒရ်)စစ်ပွဲတွင် လူနှစ်စုသည် တစ် ဖက်နှင့် တစ်ဖက် ရင်ဆိုင်ကြသော(အချင်းအရာ)၌ သက်သေသာဓက တစ်ရပ် ဖြစ်သည်။ ယင်းနှစ်စုအနက် တစ်စု သည် မွတ်စလင်(မ်)များဖြစ် ကြပေရာ တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ လမ်းတော်၌ စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်လျက် ရှိခဲ့ကြ၏။ သို့ရာတွင် နောက်တစ်စုသည် မယုံကြည်သွေဖည် ငြင်းပယ်သူများ ဖြစ်ကြ၏။ ယင်း(ကာဖိရ်)တို့သည် မိမိတို့ကိုယ်ကို မွတ်စလင်(မ်)များထက် နှစ်ဆဖြစ်နေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင် ကြရပေသည်။ သို့ရာ တွင် တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်သည် မိမိနှစ်သက်သူများ ကိုသာ မိမိအကူအညီဖြင့် အားပေး၍ နိုင်စေခဲ့သည်။ အမှန်သော်ကား ယင်းအခြင်းအရာ၌ ဉာဏ်စက္ခုအမြော်အမြင် ရှိသူများအဖို့ရာ ကြီးကျယ်သော သင်ခန်းစာသည် အမှန်ပင်ရှိပေသတည်း။” ဟုဆိုထားပြီး ဖြစ်ပေသည်။

ဗဒရ်စစ်ပွဲဖြစ်ရသည့် အကြောင်းရင်းကို ကုရ်အာန်က အသေးစိတ် ဖော်ပြထားပြီး ဖြစ်သည်။ ထိုဗဒရ်စစ်ပွဲ ဖြစ်ရခြင်း သည် တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ ချိတ်ဆက်မှု တစ်ရပ်အဖြစ် ကုရ်အာန်တွင် ဖော်ပြထားသည်။ ကုရ်အာန်အရ ထိုစစ်ပွဲမှ မွတ်စလင်(မ်)များကို ဝင်ရောက်တိုက်ခိုက်ကြမည့် ဦးရေမှာ မွတ်စလင်(မ်)စစ်သား ဦးရေထက် သုံးဆပိုများ သည်။ သို့သော် ထိုအင်အားအတိုင်း မွတ်စလင်(မ်)များ သိသွားပါက၊ သူတို့အတွက် ပွဲဦးထွက် စစ်ပွဲတွင်ပင် အင်

အား ကြီးမားသော ရန်သူကို ရင်ဆိုင်ရမည်ဟု စိုးရိမ်ကြောက်လန့်စိတ်များ ဖြစ်လာနိုင်ဘွယ် ရှိပေသည်။ သို့ဖြစ်၍ တမန်တော် မုဟမ္မဒ်၏ အာရုံတွင် ရန်သူအင်အားကို လျှော့၍ ပေါ်စေခဲ့သည်။ ထိုစစ်ပွဲသည် မွတ်စလင်(မ်)များ အ တွက် ပွဲဦး ထွက်စစ်ပွဲ ဖြစ်သည့် အလျောက် ထိုစစ်ပွဲအားဖြင့် မွတ်စလင်(မ်)များသည် တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင် ထံ မှ အကူအညီ များကို မျက်ဝါးထင်ထင် တွေ့ကြုံခံစားကြရပြီး ထိုအရှင့်အပေါ် ယုံကြည်ကိုးစား အပ်နှင်း စိတ်များ ပိုမို ခိုင်မာစေ ခဲ့သည်။ ရန်သူများ၏ စိတ်တွင်လည်း မွတ်စလင်(မ်)ဟူသည် သူတစ်ပါးကို ကျူးကျော် စော်ကားသူများ မဟုတ် သကဲ့သို့ သူတစ်ပါး၏ ကျူးကျော် စော်ကားမှုကိုလည်း ခံသူများ မဟုတ်ဟု သိစေခဲ့သည်။

ဗဒရ်စစ်ပွဲဖြစ်ရသည့် အကြောင်းရင်းသည် ငါအရှင်ကိုယ်တိုင် ချိတ်ဆက်ပေးသော တိုက်ပွဲ ဖြစ်သည်။ ထိုကဲ့သို့ ချိတ် ဆက်ရန်အတွက် မည်သူ တစ်ဦး တစ်ယောက်ကမျှလည်း ထိုကဲ့သို့အချိတ်အဆက်ပြုရန် စွမ်းနိုင်မည် မဟုတ်။ အဘယ် ကြောင့်ဆိုသော် တရားသော စစ်ပွဲကို ဆင်နွှဲရာ၌ လူဦးရေ အနည်းအများနှင့် လက်နက်ပစ္စည်းများသည် အဓိက မဟုတ်ဘဲ စိတ်ဓာတ် ကြံ့ခိုင်မှုသာလျှင် အဓိက ဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားစေသော တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင် ၏ အစီအစဉ် ဖြစ်ကြောင်း ကုရ်အာန်တွင် ဖော်ပြထားပေသည်။ တိုက်ပွဲနှင့်စပ်လျဉ်း၍ လူ့သမိုင်းတွင် ထင်ဟပ် ရန် အလို့ငှာ ကုရ်အာန်တွင် အသေးစိတ် ဖော်ပြထားပြီး ဖြစ်သည်။

၁၉ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ဗဒရ်စစ်ပွဲနှင့်စပ်လျဉ်း၍ ကုရ်အာန် ၃း၁၃၊၁၇၂၊၁၇၄ ၈း၇-၁၀၊ ၁၂၊ ၁၉၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၈၊၅၀၊၅၁။၇၀၊ တို့ တွင်လေ့လာ နိုင်ပေသည်။

အိုဟူးဒ်ဒေသ တော်လှန်စစ်ပွဲ

အေဒီ ၆၂၅ တွင် မက္ကာမြို့သားတို့၏ ဒုတိယအကြိမ် ကျူးကျော်တိုက်ခိုက်မှုကို မွတ်စလင်(မ်)များက မဒီနာမြို့၏ ဝန်းကျင်တစ်နေရာ ဖြစ်သော အိုဟူးဒ် အရပ်၌ ခုခံတိုက်ခိုက်ခဲ့သည်။ ထိုစစ်ပွဲတွင် မွတ်စလင်(မ်)များသည် နိုင်နေပါ လျက် သရေအဖြစ်သို့ ရောက်ရှိခဲ့ရသည်။ တမန်တော် မုဟမ္မဒ်သည် အိုဟူးဒ်တောင်ပေါ်တွင် လေးသည်တော်(၅၀)ကို အခိုင်အမာ တပ်စွဲစေခဲ့၍ သူ၏ အမိန့်တစ်စုံတစ်ရာ မရရှိဘဲ မည်သည့်လေးသည်တော်မျှ အောက်သို့ ဆင်းမလာရ ဟု အမိန့် ထုတ်ပြန်ထားသည်။ ထိုလေးသည်တော်များကို အဗ္ဗဒွလ္လာဟ်အွေဗနု ဂျိုဘိုက်(ရ်)က ဦးဆောင်သည်။ မက္ကာဟ် သားများဖက်မှ လူပေါင်း(၃၀၀၀)နှင့် မွတ်စလင်(မ်)များဖက်မှ (၇၀၀)ဖြစ်သည်။

မက္ကာဟ်သားများသည် မွတ်စလင်(မ်)များကို အမြစ်ပြတ် ချေမှုန်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် မွတ်စလင်(မ်) စစ် တပ် အတွင်းသို့ အလုံးအရင်းနှင့် စတင် တိုက်ခိုက်ခဲ့ကြသည်။ ထိုအခါ အိုဟူဒ်တောင်ပေါ်မှ လေးသည်တော်(၅၀)၏ မြားချက်များကို ရန်သူများ မမျှော်လင့်ဘဲ ခံလိုက်ကြရသည်။ ရုတ်တရက် အပေါ်စီးမှ ရောက်ရှိလာသော မြားဒဏ် များကြောင့် ရန်သူများအဖို့ ပြန်လည်ခုခံရန်ပင် အချိန်မရလိုက်ပေ။ စစ်ပွဲစသည်နှင့် ရန်သူများ ကစဥ့်ကလျား ထွက် ပြေး ကြရသည်။ ၎င်းတို့ သယ်ဆောင်လာသော လက်နက်ပစ္စည်းများနှင့် စားနပ်ရိက္ခာအားလုံးကို ထား၍ ကိုယ် လွတ် ရုန်းကာ ထွက်ပြေးကြရသည်။ ထိုစစ်ပွဲတွင် မွတ်စလင်(မ်)များ အပြတ်အသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် စစ်ဦး စီး ဖြစ်သော တမန်တော်မုဟမ္မဒ်၏ အမိန့်တစ်စုံတစ်ရာ မရရှိဘဲ အုဟူဒ် တောင်ပေါ်မှ လေးသည်တော်များ အောက် သို့ မဆင်းရဟူသော အမိန့်ကို လိုက်နာခြင်း မရှိဘဲ လေးသည်တော် ခေါင်းဆောင်အပါအဝင် လေးသည်တော် (၁၁) ယောက် မှအပ ကျန်(၃၉)ယောက်သည် ရန်သူများထံမှ ကျန်ခဲ့သော ပစ္စည်းများရှိရာသို့ ဆင်းသွားခဲ့ကြသည်။ ထို ကဲ့ သို့ပင် ကျန် မွတ်စလင်(မ်) စစ်သားများမှာလည်း ရန်သူများ ကျန်ခဲ့သော ပစ္စည်းများ ရှိရာသို့ ရောက်ရှိနေကြ သည်။ ထိုအချိန်တွင် မက္ကာဟ်စစ်တပ်ကို ဦးဆောင်သော စစ်ဦးစီးမှူးမှာ ခါလစ်(က်)အေ့ဗနုဝလစ်(ဒ်)ဖြစ်သည်။ (နောက်ပိုင်း အစ္စလာမ် ဘာသာကို လက်ခံယုံကြည်ပြီးသည့်တိုင် မွတ်စလင်(မ်)များ၏စစ်တပ်ကိုလည်း ၎င်းက ဦးစီးခဲ့ သည်။)

ရန်သူများဘက်မှ ခါလစ်(က်)အေ့ဗနုဝလစ်(ဒ်) ဦးစီးသောစစ်တပ်သည် အိုဟူးဒ်တောင်၏ အခြား တစ်ဖက်မှ ပြန် လည် ဝင်ရောက်လာပြီး မွတ်စလင်(မ်) စစ်တပ်ကို အတင်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ တောင်ပေါ်တွင်ရှိသော လေး သည်တော်(၁၁)ယောက် အပါအဝင် မွတ်စလင်(မ်)(၇၀) ကျဆုံးခဲ့သည်။ တမန်တော် မုဟမ္မဒ်ပင်လျှင် ထိုစစ်ပွဲတွင်

ဒဏ် ရာရရှိ ခဲ့သည်။ ထိုကဲ့သို့ပင် မွတ်စလင်(မ်)များ မျှော်လင့်မထားဘဲ ပြန်လည် တိုက်ခိုက်ခံရသည့် အတွက် မွတ်စလင်(မ်) စစ်တပ်ကြီး တစ်ခုလုံး ကစဥ့်ကလျား ဖြစ်ခဲ့ရသည်။ ထိုအချိန်တွင် တမန်တော်၏ အနီးကပ်ဆုံး စစ် သည် တစ်ဦး ကျဆုံးခြင်းကို တမန်တော် ကျဆုံးသွားပြီဟူသော သတင်းများ ပျံ့နှံ့သွားသည့် အတွက် မွတ်စလင်(မ်)

စစ်သားများ အကြီးအကျယ် စိတ်ဓာတ် ကျခဲ့ရသည်။ ထိုအချိန်တွင်ဗျာဒိတ် ၃း၁၄၄ ကျရောက်ခဲ့ သည်။ (မုဟမ္မဒ် သည် တမန်တော်တစ်ပါး သာလျှင်ဖြစ်သည်၊ ၎င်း၏အလျှင်ပွင့်ပေါ် ခဲ့သော တမန်တော်အပေါင်းသည် ကွယ် လွန်ခဲ့ ကြပြီးဖြစ်သည်။အကယ်၍ တမန်တော်မုဟမ္မဒ်သည် သေဆုံးသည်ဖြစ်စေ အသတ်ခံရသည်ဖြစ်စေ အသင် တို့သည် နောက်ကြောင်း ပြန်လှည့်ကြမည်လော။ အကြင်သူသည် နောက်ကြောင်းပြန်လှည့် ပါက အလ္လာဟ် အရှင်အဖို့ တစ်စုံ တစ်ရာ ဆုံးရှုံးနစ်နာ မည်မဟုတ်ပေ၊ အလ္လာဟ်အရှင်သည် ကျေးဇူးသိတတ်သူများ ကိုဆုချီးမြှင့် သော အရှင် ဖြစ် ၏။)

သို့ရာတွင် တမန်တော်မုဟမ္မဒ်၏ ပြန်လည် စီစဉ်နိုင်မှုကြောင့် မက္ကာဟ်စစ်တပ်ကို ပြန်လည်တိုက်ခိုက် အောင်နိုင် ခဲ့၍ မက္ကာဟ်စစ်တပ်မှ စစ်သားဦးရေ (၇၀)ကျဆုံးခဲ့သည်။

၂၀ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ထိုသို့သော အကြောင်းများကြောင့် အူဟုဒ်စစ်ပွဲကို မွတ်စလင်(မ်)များ နိုင်ရာမှ သရေ ဖြစ်သွားသည်ဟု သမိုင်းတွင် ကမ္ပည်း တင်ထားခဲ့သည်။

## မဒီနာနယ် ကျုံးခံတပ် တော်လှန်စစ်ပွဲ

အေဒီ ၆၂၇ တွင် မွတ်စလင်(မ်)များအဖို့ ကြီးမားသော စစ်ပွဲကြီး တစ်ခုကို ရင်ဆိုင် တိုက်ခိုက်ရန် အကြောင်း ဖန် လာခဲ့သည်။ ရန်သူများဘက်မှ မဟာမိတ်များ ပါဝင်သည့် စစ်ပွဲ ဖြစ်သည်။ ထိုစစ်ပွဲတွင် မက္ကာဟ်စစ်တပ်မှ စစ်သား ဦးရေ တစ်သောင်းတိတိ ဖြစ်၍။ မွတ်စလင်(မ်)များ၏ဘက်မှ စစ်သည်တော် သုံးထောင်သာ ဖြစ်သည်။ ထိုစစ်ပွဲသည် မွတ်စလင်(မ်) များကို အမြစ်ပြတ် ချေမှုန်းရန် အတွက် မက္ကာဟ်သားများနှင့် မဒီနာရှိ အာရဗ်ဂျူးများ၏ အထူး ပူး ပေါင်း အစီအစဉ် တစ်ရပ် ဖြစ်သည်။

မွတ်စလင်(မ်)များဘက်မှ စလ်မာန်းဖာရစီက ဦးဆောင်၍ ပါရှန်းစစ်နည်းဗျူဟာကိုသုံးပြီး မြို့ပတ်လည်ကို ကတုတ် ကျင်းများ တူးခဲ့သည်။ ထိုကတုတ်ကျင်းများမှ မွတ်စလင်(မ်) စစ်သည်များက နေရာယူ၍ ဒူးလေးများဖြင့် ကာကွယ် ခုခံခဲ့သည်။ မွတ်စလင်(မ်)များအဖို့ ထိုစစ်ပွဲသည် တတိယစစ်ပွဲ ဖြစ်သည်။ မွတ်စလင်(မ်)များအဖို့ ရန်သူများနှင့် ရင်ဆိုင်ရာ၌ လူအင်အားနှင့် လက်နက်အင်အား အလွန်ကွာခြားသော စစ်ပွဲ ဖြစ်သည်။ ထိုစစ်ပွဲကို အောင်နိုင်ရန် အတွက် တုနိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အကူအညီပေါ်တွင်သာ မူတည်သည်ဟု မွတ်စလင်(မ်)များက ယုံကြည်ထား သည်။ ရန်သူများဘက်မှလည်း အစ္စလာမ်ဟူသည် ကမ္ဘာ့သမိုင်းတွင် ရှိခဲ့ဖူးသည် ဟူ၍ပင် မကျန်ရှိ လေအောင် အမြစ် ဖြတ် ချေမှုန်းရန် ကြိုးစားသော စစ်ပွဲဖြစ်ခဲ့သည်။ မွတ်စလင်(မ်)များအဖို့ မည်မျှ အကြပ်အတည်း နှင့်ရင်ဆိုင်ရသော တိုက်ပွဲဖြစ်သည်ကို အောက်ပါကုရ်အာန် ဗျာဒိတ်ကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်။

၂း၂၁၄ "တုနိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ အကူအညီများ ဘယ်တော့များမှ ရောက်ရှိလာပါ့မလဲ။"ဟူသော တမန် တော်နှင့် မွတ်စလင်(မ်)များ၏ ညည်းညူချက်ကို ကုရ်အာန်တွင် မှတ်တမ်းတင်ထားပေသည်။ ထိုကဲ့သို့ အကြပ်အ တည်းနှင့် ရင်ဆိုင် နေရသော မွတ်စလင်(မ်)များအား ဝင်ရောက် တိုက်ခိုက်သော မက္ကာဟ်သားများနှင့် မဟာမိတ် စစ်သားများသည် လုံးဝ မျှော်လင့်မထားသော ကတုတ်ကျင်းများနှင့် ရုတ်တရက် ရင်ဆိုင်ကြရလေသည်။ အာရဗ်သ မိုင်း တစ်လျှောက် တစ်ခါဖူးမျှ မကြုံဘူးသော ကတုတ်ကျင်းများကို ကျော်ဖြတ်ရန်အတွက် ၎င်းတို့၏

မြင်းများသည် လုံး၀ အသုံး မဝင်သော အခြေအနေသို့ ဆိုက်ရောက်ခဲ့ကြရသည်။ ထိုအချိန်တွင် ကတုတ်ကျင်းများ အတွင်းမှ လေး သည်တော်များ၏ မြားချက်များသည် ရန်သူများကို အထိနာစေခဲ့သည်။ ထိုအခါ မွတ်စလင်(မ်) စစ်တပ်သည် ကစဉ့် ကလျား ပြေးလွှားလျက် ရှိသော ရန်သူများကို တစ်ဟုန်ထိုး ထိုးစစ်ဆင်၍ တိုက်ခိုက်ခဲ့သည်။ နောက် တစ်နေ့တွင် မွတ် စလင်(မ်) စစ်တပ်က ရန်သူများကို ]]ဟမ္မရာဟ်-အလ်အဆဒ်}}ဒေသအထိ မောင်းထုတ် နိုင်ခဲ့သည်။

ဤကတုတ်ကျင်း စစ်ပွဲသည် မွတ်စလင်(မ်)များ အဖို့ အလွန်ကြီးမားသော အောင်မြင်မှု တစ်ရပ် ဖြစ်သည်။ ထိုစစ်ပွဲ အပြီး မဒီနာရှိ မွတ်စလင်(မ်) မဟုတ်သူ အမြောက်အမြား မွတ်စလင်(မ်)များ၏ ]]အွမ္မဟ်}}ဟုခေါ်သော အဖွဲ့အစည်း ကြီးနှင့် မဟာမိတ်စာချုပ်များ ချုပ်ဆိုခဲ့ကြသည်။ ထိုမဟာမိတ် အဖွဲ့ဝင်များ အတွင်း အဖွဲ့တစ်ဖွဲ့ကို အခြားအဖွဲ့ တစ်ဖွဲ့ဖွဲ့က ဝင်ရောက် တိုက်ခိုက်ပါက မဟာမိတ် အဖွဲ့ဝင်များက ရန်သူများကို ဝိုင်းဝန်း တိုက်ထုတ်ရမည် ဟူသော

ကတိကဝတ်များ ဖြစ်သည်။ (တမန်တော်မုဟမ္မဒ်၏ ထို မဟာမိတ်စာချုပ်ပါ ပုံစံကို အခြေခံ၍ နောက်ပိုင်း ကမ္ဘာ့ ကုလ သမဂ္ဂတွင် နိုင်ငံပေါင်းစုံပါဝင်သော လုံခြုံရေးကောင်စီကို ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်သည်။)

ထိုအချိန်မှစတင်၍ အစ္စလာမ် သာသနာ၏ ဂုဏ်သတင်းသည် တစ်မုဟုတ်ချင်းပင် အာရေးဗီးယား ကျွန်းဆွယ် တစ်ခု လုံးသို့ ပျံ့နှံ့ခဲ့သည်။ ထိုနှစ်တွင် မက္ကာဟ်မြို့၌ ကျန်ရှိနေသေးသော မွတ်စလင်(မ်)များသည်လည်း မဒီနာသို့ အခြေချ နေထိုင်ရန် ထပ်မံရောက်ရှိ လာခဲ့ကြသည်။ ထိုအချိန်မှ စတင်၍ အစ္စလာမ် သာသနာကို လက်ခံလာသူများ များပြား



လာခဲ့သည်။ တမန်တော်မုဟမ္မဒ်သည် မဒီနာသို့ ရောက်ရှိပြီး (၅)နှစ်အတွင်း ရန်သူများအား တော်လှန်စစ်သုံးကြိမ် ဖြစ်ခဲ့သည်။ ထိုစစ်ပွဲသုံးပွဲ စလုံးတွင် မွတ်စလင်(မ်) များသည် ရန်သူများထက် စစ်သားဦးရေ၊ လက်နက်ပစ္စည်း၊ ကုလားအုတ်စသည်များ အားလုံး အလွန်တရာမျှ နည်းပါးခဲ့သည်။ ထိုစစ်ပွဲသုံးပွဲအနက် ဒုတိယစစ်ပွဲမှာ နိုင်ရာမှ သရေ ဖြစ်သွားရသော အချက်ကို ပြန်လည် ဆန်းစစ် ကြည့်မည် ဆိုပါက စစ်ဦးစီးချုပ်ဖြစ်သော တမန်တော် မုဟမ္မဒ်၏အမိန့်ကို လျစ်လျူရှုမိသော စစ်သားအချို့ကြောင့် ဖြစ်သည်။

ထိုစစ်ပွဲ သုံးပွဲစလုံးတွင် တုန္နိုင်းမဲ့ကိုးကွယ်ရာအရှင်ထံမှ မြောက်မြားစွာသော အကူအညီများ ပေးခဲ့ကြောင်းကို ကုရ်အာန်တွင် မှတ်တမ်းတင်ထားပေသည်။ အေဒီ-၆၂၇ တွင် ဖြစ်ပွားခဲ့သောစစ်ပွဲကို ကတုတ်ကျင်းစစ်ပွဲဟူ၍ လည်း ကောင်း၊ ကျုံးစစ်ပွဲဟူ၍လည်းကောင်း၊ အာရဗ်များနှင့် မဟာမိတ်တပ်များ ပါဝင် တိုက်ခိုက်ကြသည့်အတွက် မဟာ မိတ်စစ်ပွဲဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ထိုစစ်ပွဲတွင် အာရဗ်များဘက်မှ မဟာမိတ်အဖြစ် ပါဝင်သူများမှာ မဒီ နာမြို့ရှိ ဂျူးမျိုးနွယ် သုံးစုဖြစ်သည်။ ထိုဂျူးမျိုးနွယ်များ၏ အမည်များမှာ (ကေနုကာဟ်) (နာဒီရ်)နှင့် (ကူရေဇာဟ်) မျိုးနွယ်များ ဖြစ်သည်။ ထိုဂျူးများ၏ ရည်ရွယ်ချက်မှာ မက္ကာဟ် အာရဗ်များက မွတ်စလင်(မ်) များကို အလုံး အရင်း နှင့် ဝင်ရောက်တိုက်ခိုက်သော အချိန်တွင် ၎င်းတို့ နောက်ကျောမှ မွတ်စလင်(မ်)များကို တိုက်ခိုက် ချေမှုန်းရန် ဖြစ် သည်။ ထိုကဲ့သို့ မဒီနာတွင် မွတ်စလင်(မ်)များ ချုပ်ငြိမ်း သွားမှ သာလျှင် ၎င်းတို့၏ ဩဇာအာဏာ သည် ယခင်ကကဲ့ သို့ ပြန်လည် ရရှိနိုင်မည် ဖြစ်သည်။

သို့ရာတွင် ၎င်းတို့၏အကြံအစည်သည် အထ မမြောက်ခဲ့သည့် အပြင် ၎င်းတို့ကိုယ်တိုင် မဒီနာမြို့မှ နှင်ထုတ်ခြင်း ခံခဲ့ ကြရသည်။ ၎င်းတို့အနက် (နာဒီရ်) မျိုးနွယ်စုမှာ အခြား အုပ်စုနှစ်စု၏ လှုံ့ဆော်မှုကြောင့်သာလျှင် ထိုစစ်ပွဲတွင် ပါဝင်သူများ ဖြစ်သည်။ ထို့ကြောင့် တမန်တော်မုဟမ္မဒ်သည် ထို ဂျူးမျိုးနွယ်များကို ]]အွမ္မဟ်}} ဟူသော မွတ်စ လင်(မ်) အသိုက်အမြုံကြီး၏ အောက်တွင် နေထိုင်ခွင့်ပြုခဲ့ပေသည်။ နောက်ပိုင်း တမန်တော်မုဟမ္မဒ်အား ချောင်း မြောင်း လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သော အခါမှ နယ်နှင်ဒဏ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

နယ်နှင်ဒဏ်ပေးခံရသော ဂျူးမျိုးနွယ်စုသုံးစုမှာ အခြားဂျူးများ နေထိုင်လျက်ရှိသော (ခေဘာရ်)ဟူသော အရပ်သို့ ဖြစ်သည်။ ထိုအရပ်ရှိဂျူးများမှာ မွတ်စလင်(မ်)များကို တိုက်ခိုက်ရန် ချီတက်လာသော အဘူဆူဖီယန်ခေါင်း ဆောင် သည့် စစ်တပ်ကို ဗုံမောင်းတီး၍ ကြိုဆိုထောက်ခံခဲ့သော အာရေးဗီးယား မြောက်ပိုင်းသားတို့ ဖြစ်သည်။ ကတုတ် ကျင်း စစ်ပွဲတွင် မက္ကာဟ်စစ်တပ်နှင့် ပူးပေါင်းတိုက်ခိုက်ခဲ့သော ဂျူးမျိုးနွယ်စု ဘက်မှ စစ်သား (၇၀၀) သေဆုံးခဲ့ သည်။ ဤသည်ကို အခြေခံ၍ တမန်တော်မုဟမ္မဒ်သည် ဂျူးမုန်းတီးရေးသမား ဖြစ်သည်ဟု အနောက်တိုင်းသားတို့က ရေးသားကြသည်။ အကယ်၍ တမန်တော်မုဟမ္မဒ်သည် ဂျူးမုန်းတီးရေးသမား ဖြစ်ပါက မဒီနာရှိ ဂျူးအားလုံးကို ပြည်နှင်ဒဏ် ပေးမည်သာဖြစ်မည်။ ယခုမူ ရန်သူများနှင့် ပူးပေါင်းသော မျိုးနွယ်စု သုံးစုကို သာ ပြည်နှင် ဒဏ် ပေးလိုက်၍၊ အခြားသော ဂျူးပေါင်းများစွာအား မဒီနာတွင် ဆက်လက်နေထိုင်ခွင့် ပြုထားကြောင်းကို ထည့်သွင်း စဉ်းစားဟန် မတူချေ။

## ဟိုဒိုင်ဗီယာစာချုပ်

အစ္စလာမ် သာသနာသည် ငြိမ်းချမ်းရေးနှင့် လူမှုရေးကို အခြေခံသော သာသနာ ဖြစ်သည်။ တမန်တော် မုဟမ္မဒ် ရင် ဆိုင်ရခဲ့သော စစ်ပွဲအားလုံးသည် ခုခံတော်လှန် စစ်ပွဲများသာ ဖြစ်ခဲ့သည်။ မည်သည့် စစ်ပွဲကိုမျှ စတင်ကျူးကျော် တိုက်ခိုက်ခဲ့ခြင်း အလျှင်း မရှိခဲ့ပေ။ တမန်တော်မုဟမ္မဒ်သည် မဒီနာမြို့သို့ အခြေချ နေထိုင်ပြီးနောက်ပိုင်း တော်လှန် ရေး သုံးကြိမ်ကို ဆင်နွှဲခဲ့ရ ပေသည်။ အထူးသဖြင့်

ထိုတော်လှန်ရေးကြီးများ အပြီး မဒီနာမြို့နှင့် အနီး ပတ်ဝန်းကျင် တွင် မွတ်စလင်(မ်)များအား ကျူးကျော်သော ရန်သူ ဟူ၍ အလျှင်း မရှိတော့ပေ။ မွတ်စလင်(မ်)များနှင့် မွတ်စ လင်(မ်) မဟုတ်သူများ ငြိမ်း ချမ်းစွာ အတူယှဉ်တွဲ နေထိုင် ခဲ့ကြသည်။



အေဒီ-၆၂၈ မတ်လတွင် တမန်တော်မုဟမ္မဒ်သည် ဟဂ်ျပြုလုပ်ရန် အတွက် လူပေါင်း တစ်ထောင်နှင့်အတူ မက္ကာဟ် မြို့သို့ ]အဟ်ရမ်} ဝတ်ဖြူစင်ကြယ် ဝတ်ဆင်၍ သွားခဲ့ကြသည်။ မွတ်စလင်(မ်)များ၏ ဟဂ်ျခရီးစဉ်တွင် လက်နက် ကိုင်ဆောင်ခွင့် မရှိပေ။ မက္ကာဟ်သားများ အနေဖြင့် ဟဂ်ျပြုသူ မွတ်စလင်(မ်)များကို လာရောက် တိုက်ခိုက်သည် ဖြစ် စေ၊ မွတ်စလင်(မ်)များကို ဟဂ်ျပြုရန် တားဆီးပိတ်ပင်ခဲ့သည် ဖြစ်စေ တမန်တော်မုဟမ္မဒ်နှင့် ဟာဂျီလောင်း တစ် ထောင်ကို စောင့်ရှောက်ရန် အတွက် လက်နက် ကိုင်ဆောင်သော မွတ်စလင်(မ်)များက လိုက်ပါ၍ ဟိုဒိုင်ဗီယာ အရပ်မှ မက္ကာဟ်သားများ၏ တုံ့ပြန်ချက်ကို စောင့်ဆိုင်းခဲ့ကြသည်။ မက္ကာဟ်သားများဘက်မှ အဘူဆူဖီယန် ခေါင်းဆောင် သော ကိုယ်စား လှယ်အဖွဲ့က တမန်တော်မုဟမ္မဒ်နှင့် ငြိမ်းချမ်းရေး စာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်ကို ဟိုဒိုင် ဗီယာ စာချုပ်ဟု ခေါ်ဆိုပေသည်။
ထိုစာချုပ်တွင် တမန်တော်မုဟမ္မဒ်အား တမန်တော်တစ်ပါး အဖြစ် အသိအမှတ် မပြုဘဲ မုဟမ္မဒ်အေ့ဗနု အဗ္ဗဒွလ္လာဟ် ဟူ၍သာ စာချုပ်တွင် ဖော်ပြရမည်။ မွတ်စလင်(မ်)များဘက်မှ ယခင်အာရဗ် သာသနာဟောင်းသို့ ပြန်လည် ဝင်ရောက်လိုပါက တားဆီးခြင်း မပြုရ။ အကယ်၍ အာရဗ်များဘက်မှ အစ္စလာမ် သာသနာသို့ ဝင်ရောက်လိုပါက လက်မခံရ။ တမန်တော်မုဟမ္မဒ် နှင့် မွတ်စလင်(မ်) ဦးရေ တစ်ထောင်သည်လည်း ယခုနှစ်တွင် ဟဂ်ျ မပြုရ။ နောင်နှစ် ဟဂ်ျကာလ ရောက်ရှိမှသာ ဟဂ်ျပြုရမည်ဟု ဖြစ်၍ တစ်ဖက်သတ်ဆန်လွန်းသော စာချုပ် ဖြစ်ပေသည်။ ထိုစာချုပ် သည် မွတ်စလင်(မ်)များ အတွက် ဘဝင်ကျစရာ မရှိသော်လည်း တမန်တော်မုဟမ္မဒ်က သဘောတူ လက်မှတ်ရေးထိုးခဲ့ ပေသည်။

## မက္ကာဟ်ကိုအောင်နိုင်ခြင်း

ထိုအချိန်တွင် မွတ်စလင်(မ်)များ၏ အခြေအနေသည် မက္ကာဟ်သားများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် အတွက် လူအင် အား၊ မဟာမိတ်အင်အား၊ လက်နက်အင်အားများ အဘက်ဘက်မှ မက္ကာဟ်သားများထက် သာပိုခဲ့လေသည်။ သို့ပါလျက် တမန်တော် မုဟမ္မဒ်သည် ဟိုဒိုက်ဗီယာ စာချုပ်တွင် အလျှော့ပေး ချုပ်ဆိုခဲ့ခြင်းဖြင့် မွတ်စလင်(မ်)ဟူသည် ငြိမ်းချမ်း ရေးကို လိုလားသူများ ဖြစ်ကြောင်း နှလုံးရည် သက်သေပြခဲ့သည်။ ဤသို့သော အကြောင်းများကြောင့် မက္ကာဟ်ရှိ လူအများစုသည် အစ္စလာမ် သာသနာသို့ အစုလိုက်အပြုံလိုက် ဝင်ရောက်ရန် စိတ်ညွတ်လာခဲ့သည်။ တမန်တော် မုဟမ္မဒ်၏ မေတ္တာတရားသည် သူတို့အား ကြီးမားစွာ ရိုတ်ခတ်ခဲ့တော့သည်။
ဟိုဒိုင်ဗီယာ စာချုပ်အပြီး (၂) နှစ် အေဒီ- ၆၃၀ တွင် မက္ကာဟ်သားများသည် တမန်တော် မုဟမ္မဒ်နှင့် မဟာမိတ်ဖွဲ့ ထားသော အဖွဲ့ကို စတင် တိုက်ခိုက်၍ ဟိုဒိုင်ဗီယာ စာချုပ်ကို ချိုးဖောက်ခဲ့ကြသည်။ သို့ဖြစ်၍ တမန်တော်မုဟမ္မဒ် ဦးစီးသော မွတ်စလင်(မ်) စစ်သား ဦးရေ တစ်သောင်းသည် မက္ကာဟ်မြို့သို့ စစ်ချီတက်ခဲ့ကြသည်။ မက္ကာဟ်သားများ သည် တိုက်ခိုက်ခြင်း အလျှင်းမရှိဘဲ မက္ကာဟ်မြို့၏ တံခါးကို ဖွင့်ပေးခဲ့သည်။ မက္ကာဟ်မြို့ကို သိမ်းဆည်းရာ၌ သွေး တစ်စက်မျှ မြေခခြင်း မရှိခဲ့ပေ။ ကာဗဟ်ကျောင်း အတွင်းရှိ ရှိသမျှသော ရုပ်ထု ရုပ်ပွား(၃၆၀)ကို ဖျက်သိမ်း၍ တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင် တစ်ပါးတည်းကိုသာ ကိုးကွယ်သော ဝါဒကို ပြန်လည် ဖော်ဆောင်နိုင်ခဲ့သည်။ စင်စစ် အားဖြင့် ကာဗဟ်ကျောင်းတော်သည် ရှေးအကျဆုံး အဆောက်အဦးကြီး တစ်ခု ဖြစ်သည်။ ထိုအဆောက်အဦးကြီးကို တမန်တော် အီဗရာဟီ(မ်) ခေတ်တွင် ပြန်လည်မွမ်းမံခဲ့ကြောင်း ကုရ်အာန်တွင် ဖော်ပြထားသည်။ ရုပ်ပွားဆင်းတု ပေါင်း (၃၆၀)အား ဖျက်သိမ်းခြင်းသည်လည်း ဘာသာရေး စော်ကားခြင်း မဟုတ်ချေ။ ထိုရုပ်ပွားတို့သည် မက္ကာဟ် သားတို့၏ ရိုးရာ အမွေများသာ ဖြစ်ပေသည်။ ထိုမက္ကာဟ်သားတို့က အစ္စလာမ် သာသနာအား လှိုု့ဝှက်မြတ်နိုးခုံမင် လက်ခံထားသောကြောင့် မွတ်စလ(မ်)များ မက္ကာဟ်သို့ ရောက်လာသောအခါ- မက္ကာဟ်မြို့အား သိမ်းဆည်းရန် အပ်ခဲ့ ခြင်းသာ ဖြစ်ပေသည်။ ထို့အပြင် သူတို့အနေဖြင့် မလိုအပ်တော့သော ရုပ်ပွားဆင်းတုများကို ဖျက်သိမ်းခြင်းသာ ဖြစ်ပေသည်။ တနည်းအားဖြင့် သူတို့ အမွေအား သူတို့ ဖျက်သိမ်းလိုက်ခြင်း ဖြစ်ပေသည်။ အခြားသူများ၏ အမွေအနှစ်



ကို စော်ကားခြင်း မဟုတ်ချေ။ ထိုအဆောက်အဦးကြီး၏ မူလရည်ရွယ်ချက်မှာ တုနိူင်းမဲ့ကိုးကွယ်ရာ အရှင် တစ်ပါး တည်းကို ဝတ်ပြုဘို့ရာ ဗိမာန်ကြီး ဖြစ်သည်။
တမန်တော်အီဗရာဟီ(မ်)သည်လည်း ထိုအဆောက်အဦးကြီးမှ တစ်ပါးတည်းသော အရှင်ဝါဒကို ကိုးကွယ်သည့် စနစ် ကိုကျင့်သုံးခဲ့သည်။ နောက်ပိုင်း အာရဗ်မျိုးနွယ်များ အတွင်းမှ ကိုရိုက်(ရှ်) မျိုးနွယ်များသည် အီဗရာဟီ(မ်) ဆောင် လာသော သာသနာဝင်များဟု ကြွေးကြော်ခဲ့ကြသည်။ ထိုတစ်ပါးတည်းသော အရှင်နှင့်ယှဉ်တွဲ၍ ရုပ်ထုရုပ်ပွား ပေါင်း (၃၆၀)ကိုလည်း ကိုးကွယ်သူများ ဖြစ်ကြသည်။ ကုရ်အာန်တွင် ၎င်းတို့အား ]]မွတ်ရှရစ်(က်)}} တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင်နှင့် ယှဉ်တွဲ၍ အခြားအရာကိုလည်း ကိုးကွယ်သူများဟု သုံးစွဲခေါ်ယူခဲ့သည်။

အေဒီ-၆၃၀ တွင် တမန်တော်မုဟမ္မဒ်သည် မက္ကာကို အောင်နိုင်ချိန်၌ ဖော်ပြပါ ရုပ်ထုရုပ်ပွား(၃၆၀)ကို ဖျက်သိမ်းပြီး တစ်ပါး တည်းသော အရှင်ဝါဒကို ပြန်လည် တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ တမန်တော်မုဟမ္မဒ်သည် မည်သည့် အာရဗ်တစ်ဦး တစ် ယောက်ကိုမျှ အစ္စလာမ် ဘာသာသို့ အတင်းအဓမ္မ ဝင်ရောက်ရန် တိုက်တွန်းခဲ့ခြင်း အလျှင်း မရှိခဲ့ပေ။ မက္ကာဟ် ကို သိမ်းပိုက် အောင်မြင်ပြီးနောက် မက္ကာအာရဗ်များ အတွင်းရှိ တမန်တော်မုဟမ္မဒ်နှင့် အတိုက် အခံ ဖြစ်ခဲ့ဖူးသော အဘူဆူဖီယန်သည် အစ္စလာမ် သာသနာသို့ ကူးပြောင်းလာခဲ့သည်။ ထိုကဲ့သို့ပင် အာရေးဗီးယား ကျွန်းဆွယ် တစ်ခု လုံးရှိ အာရဗ်များ အားလုံးနီးပါး အစ္စလာမ် သာသနာသို့ ကူးပြောင်းလာခဲ့သည်။ အလားတူ မွတ်စ လင်(မ်) မဟုတ် သော အခြား ဘာသာ သာသနာဝင်များသည်လည်း အစ္စလာမ့်အုပ်ချုပ်ရေး စနစ်အောက်သို့ မွတ်စလင်(မ်) များ၏ အစောင့်အရှောက်ခံများ အဖြစ် ပူးပေါင်းလာသူများ များပြားလာခဲ့သည်။ မွတ်စလင်(မ်) များနှင့် မွတ်စလင်(မ်) မဟုတ်သူများ စပ်ကြား စစ်မတိုက်ရန် ငြိမ်းချမ်းရေး စာချုပ်များ ချုပ်ဆိုကြခြင်းအားဖြင့် အာရဗ် မျိုးနွယ်စု အချင်းချင်း သတ်ဖြတ် လက်စား ချေခြင်းဟူသော ရန်ငြိုးရန်စများသည် အဆုံးသတ်ခဲ့လေသည်။

တမန်တော်မုဟမ္မဒ်သည် အဝိဇ္ဇာအမိုက်မှောင်များ လွှမ်းမိုးလျက်ရှိသော အာရဗ်များ၏ ဘဝကို အစ္စလာမ်တည်း ဟူ သော ဝိဇ္ဇာ အလင်းဖြင့် အစားထိုး ထည့်ဝါစေခဲ့၍။ အေဒီ- ၆၃၂ သက်တော် ၆၃ နှစ်အတွင်း ပရိနိဗ္ဗာန်ပြုသွား ခဲ့ လေသည်။

ရာရှေးဒွန် သမ္မတကြီးများ

သမ္မတကြီးလေးပါးခေတ် (အေဒီ ၆၃၂-၆၆၁)

၂၃ နှစ် ကာလအတွင်း ဗျာဒိတ်ကျမ်းဖြစ်သော ကုရ်အာန်ကို တမန်တော်မုဟမ္မဒ်ထံသို့ တုန်ရှင်းမဲ့ ကိုးကွယ်ရာအရှင်က ပြီးပြည့်စုံစွာ ချမှတ်ပေးခဲ့သည်။ တမန်တော်မုဟမ္မဒ်သည် ထို ဗျာဒိတ်သက်တမ်း (၂၃)နှစ် အတွင်း ကိုယ်စိတ် နှလုံးသုံးပါးလုံးကုရ်အာန်ပြ စနစ်ဇယားအတိုင်း ဘဝကို ပုံသွင်း တည်ဆောက်ခဲ့ပေသည်။ ထိုတည်ဆောက်မှု သရုပ် သည် မဟာသာဝက ကြီးများ၏ နှလုံးသည်းပွတ် အတွင်းသို့လည်း တံဆိပ်ခတ်နှိပ်ထားဘိ သကဲ့သို့ ထင်ဟပ်လျက် ရှိစေခဲ့ကြသည်။ ထို့မျှ တိုတောင်းသော ကာလ(၂၃)နှစ် ဟူသည့် အချိန်အတွင်း၌ သူ၏ နောက်လိုက် သာဝကများကို ကမ္ဘာ့ အကောင်းဆုံး စံထားလောက်သည့် ခေါင်းဆောင်များ အဆင့်သို့ အရောက်ပို့ပေးနိုင်ခဲ့သည်။ ထို သာဝက များ၏ နှလုံးသည်းပွတ်တွင် တစ်ပါးတည်းသော တုန်ရှင်းမဲ့ ကိုးကွယ်ရာ အရှင်ကို ယုံကြည်၍ ထိုအရှင်က သာလျှင်
အရာခပ်သိမ်းကို စွမ်းဆောင်နိုင်ပြီး ထိုအရှင်၏ တစ်ဆူတည်းသော ကျမ်းဂန် ကုရ်အာန်၏ လမ်းညွှန်ချက်များသာ လျှင် လောကီလောကုတ္တရာ အတွက် ပြည့်ဝစုံလင်ပြီးပြည်စုံသည့် လမ်းညွှန်ချက် ဖြစ်သည်ဟု စွဲမှတ်ယုံကြည်ခဲ့ကြ သည်။ သူတို့သည် ကုရ်အာန်၏ လမ်းညွှန်ချက်များကို နှလုံးသွင်း ဘဝတည်ဆောက်နိုင်ခဲ့ကြသည့် အတွက် ခံယူချက် တူ မွတ်စလင်(မ်)များ အတွင်း စိတ်ဝမ်း ကွဲပြားမှုကင်း၍ စည်းလုံးညီညွှတ်စွာ အတူ နေထိုင်နိုင်ခဲ့ကြသည်။ သူတို့၏ ခေတ်တွင် မွတ်စလင်(မ်)အသိုက် အမြုံကြီး အတွင်း ဂိုဏ်းဂဏကွဲများ ဟူ၍ လုံးဝ မရှိခဲ့ကြပေ။ မွတ်စလင်(မ်)များ အဖို့ အခြေခံဥပဒေဟူသည် တုန်ရှင်းမဲ့ ကိုးကွယ်ရာ အရှင်၏ ဗျာဒိတ်ကျမ်းဂန် ကုရ်အာန်တစ်ဆူတည်းသာ ရှိခဲ့သည်။
၂၄ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ထိုအချိန် ထိုကာလ၌ ကုရ်အာန်မှလွဲ၍ အခြားမည်သည့် ကျမ်းဂန်မျှ မရှိ၊ အခြားမည်သည့် ကျမ်းဂန်၏ နောက်ကိုမှ လည်း မလိုက်နာခဲ့ပေ။ တမန်တော်မုဟမ္မဒ်ကလည်း ကုရ်အာန်မှလွဲ၍ အခြား သွန်သင်ပို့ချခဲ့သည့် ကျမ်းဟု မထား ခဲ့ပေ။

ထိုသို့သော အကြောင်းများကြောင့် တမန်တော်မုဟမ္မဒ်မရှိသည့် နောက်ပိုင်း မွတ်စလင်(မ်)များကို အုပ်ချုပ်ခဲ့ကြ သော သမ္မတကြီး လေးပါးလုံးက တမန်တော်မုဟမ္မဒ် ရှိစဉ်ကာလက အတိုင်း ကုရ်အာန်၏ လမ်းညွှန်ချက်နှင့် အညီ ဆက်လက် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့ကြောင့် သူတို့အား ]]ရာရှေဒွန်း}} (ဝါ) ဖြောင့်မတ် မှန်ကန်သော ခေါင်း ဆောင်များ ဟု သမိုင်းတွင် မော်ကွန်းတင် ခဲ့ရလေသည်။ ထိုခေတ်ကာလ၌ အစ္စလာမ့် အရိပ်အာဝါသသည် ရွှေထီး အဖြစ်နှင့် ကမ္ဘာ့ လူမျိုးများ အပေါ်သို့ အရိပ်ပေးနိုင်ခဲ့ကြသည်။ သူတို့၏အုပ်ချုပ်မှု ကာလအတွင်း ပေါ်ပေါက် လာသမျှသော ပြဿနာ အစုံကို ကုရ်အာန်ကို အခြေခံသည့် ဥပဒေများအားဖြင့် ကိုင်တွယ်ဖြေရှင်း ခဲ့ကြသည်။ သူတို့ သည် တမန်တော်များ မဟုတ် သကဲ့သို့ ၎င်းတို့ထံ မည်သည့်ဗျာဒိတ် လမ်းညွှန်ချက် အသစ်များလည်း ရောက် ခဲ့ခြင်း မရှိပေ။ တုန်ရှင်းမဲ့ ကိုးကွယ်ရာ အရှင်က တမန်တော်မုဟမ္မဒ်ထံသို့ ဗျာဒိတ် အဖြစ်ချပေးခဲ့သော ကုရ်အာန်သည် သာ ကမ္ဘာ့လူသား တစ်ရပ်လုံး အတွက် ကမ္ဘာတည်သ၍ ရှင်သန်နေသည့် တစ်ဆူတည်းသော ကျမ်းဟု သူတို့က ခိုင်မာ စွာ ယုံကြည်ထားသည့် အပြင် တမန်တော်မုဟမ္မဒ်၏ နောက် မည်သည့် တမန်တော်နှင့် မည်သည့် ကယ်တင်ရှင်မျှ မလာတော့ဟု ယတိပြတ် ကင်းကင်းစင်စင် ယုံကြည်ချက် ခိုင်နောင်းသူများ ဖြစ်ပေသည်။

သူတို့အနေဖြင့် အစ္စလာမ်ဟူသော သာသနာသည် တမန်တော်မုဟမ္မဒ် သက်တော်ထင်ရှား ရှိစဉ်၊ ပရိနိဗ္ဗာန် မပြုမီ (၈၁)ရက် အလို "ယနေ့ ငါသည် သင်တို့ သာသနာအား ပြီးပြည့်စုံစေတော်မူပြီ၊" ဟူသည့် (၅း၃) ဗျာဒိတ်တော်ကို ချမှတ်ပြီး ကတည်းကပင်- လုံးဝဥဿုံ ပြီးပြည့်စုံပြီး ဖြစ်သည် ဟု ယတိပြတ် ယုံကြည်ထားသူများ ဖြစ်ပေသည်။ ထို သာသနာ၏ ပြီးပြည့်စုံမှုသည် မည်သည့် ဖြည့်စွက်မှုနှင့် မည်သည့် ထုတ်ပယ်မှု ဟူ၍ လုံးဝ မလိုအပ်သော သာသနာ ဖြစ်ကြောင်း သူတို့၏ လက်တွေ့ဘဝတည်ဆောက်မှုဖြင့် သက်သေပြခဲ့ကြသည်။ အစ္စလာမ် သာသနာ၏ အခြေခံမူ ဝါဒ ဖြစ်သော ကုရ်အာန်တွင် တမန်တော်မုဟမ္မဒ်၏ နောက် မည်သည့် တမန်တော်များနှင့် မည်သည့် ကယ်တင်ရှင် များမှ လာရောက်

ဆောင်ကြဉ်းမည် ဟူသော အတွေးအခေါ်အဖြစ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက် သောနည်းနှင့် ဖြစ် စေ၊ စေ့စေ့တွေးမှ ရေးရေးပေါ်လာ နိုင်သည့် မိန့်ကြားချက်မျိုး လုံးဝဥဿုံ ပါဝင်ခြင်းမရှိပေ။
အစ္စလာမ်ထဲသို့ ကယ်တင်ရှင်ဝါဒ၊ အလင်းရပုဂ္ဂိုလ်များကို စောင့်ဆိုင်းသောဝါဒများသည် နောက်ပိုင်းတွင်မှ နိုင်ငံရေး ပရောဂများအောက်၌ မွန်းကြပ်နေသော လူတန်းစားအား ထွက်လမ်းအဖြစ် အခြား အခြားသော ဘာသာ အယူဝါဒ များမှ ပူးကပ်ပါလာသော အတွေးအခေါ်များသာ ဖြစ်ပေသည်။
ကယ်တင်ရှင် ဝါဒမရှိ၊ အလင်းပြပုဂ္ဂိုလ် အယူများ လုံးဝကင်းစင်၍ ကုရ်အာန် လမ်းညွှန်မှု တစ်ခုတည်းကို အခြေခံ သော အတွေးအခေါ်အားဖြင့် တမန်တော်မုဟမ္မဒ်နည်းတူ ဘဝတည်ဆောက် နိုင်ခဲ့ကြသော သမ္မတကြီး လေးပါး ခေတ်သည် ကမ္ဘာတွင် အတုမရှိသော ကမ္ဘာ့စံပြ စနစ်ကြီး အဖြစ် ဖြစ်တည်ခဲ့ကြောင်း ကမ္ဘာ့သမိုင်း၌ ကမ္ပည်းတင်ထား လျှက် ရှိနေတော့သည်။ တနည်းအားဖြင့် ကုရ်အာန်ကျမ်းတော် တစ်ဆူတည်းကိုသာ လိုက်နာလျှက် ဘဝတည်ဆောက် သည့် လူ့အသိုက်အမြုံကိုသာ တမန်တော်မုဟမ္မဒ်က အစ္စလာမ့် အွမ္မတ်ဟု ကင်ပွန်းတပ် ခဲ့ခြင်း ဖြစ်တော့သည်။
တမန်တော်မုဟမ္မဒ်သည် အရိုက်အရာကို ဆက်ခံစေရန် မည်သူ့ကိုမျှ ရွေးချယ်ခဲ့ခြင်း မရှိချေ။ ထိုအချက်သည် နောင်လာနောက်သားများအတွက် တန်ဘိုး မဖြတ်နိုင်သော အတွေးအခေါ် အမွေများကို ပေးခဲ့ခြင်းပင်။ အကယ်၍ တမန်တော်မုဟမ္မဒ်အနေဖြင့် အရိုက်အရာ ဆက်ခံမည့် သူအား တိုက်ရိုက်ရွေးချယ်ခဲ့သော် --
ထိုရွေးချယ်ခံရသူအား နောင်လာနောက်သားများက တမန်တော်ကဲ့သို့ သတ်မှတ်ခံယူလာနိုင်သည်။ ထိုအခါ အယူအဆရေးရာ ရှုပ်ထွေးမှုများ ဖြစ်လာနိုင်သည်။
တမန်တော်မုဟမ္မဒ်က လက်ဆင့်ကမ်း ဘုရင်စနစ်ကို တည်ထောင်ရန် အတည်ပြုပေးခဲ့ သကဲ့သို့ ဖြစ်နေမည် သို့မဟုတ် လူထု၏ သဘောထားအား အလေးမထားသော အလေ့အထကြီး ပေါ်ပေါက်လာ နိုင် ပေသည်။

၂၅ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ထိုအချက်များသည် ကုရ်အာန်က တားမြစ်ထားသည့် အရေးကြီးသည့် အချက်များ ဖြစ်ပေသည်။ ထို့ကြောင့် တမန် တော်မုဟမ္မဒ် အရိုက်အရာ ဆက်ခံခြင်းအား လူထု၏ လက်သို့ အပ်နှံခဲ့ခြင်း ဖြစ်ပေသည်။ တမန်တော်မုဟမ္မဒ် လွန်
သောအခါ-အများစု၏ ရွေးချယ်မှုဖြင့် အဘူဘကရ်သည် မွတ်စလင်(မ်)များ၏ ပထမဦးဆုံး သမ္မတ ဖြစ်လာခဲ့ သည်။

အဘူဘကရ် အေဒီ ၆၃၂-၆၃၄ (ပထမ သမ္မတကြီး)

အဘူဘကရ်၏ အုပ်ချုပ်ရေး သက်တမ်းသည် အလွန် တိုတောင်းခဲ့သည်။ ထို့ပြင် တမန်တော်မုဟမ္မဒ် ပရိနိဗ္ဗာန် စံမြန်းပြီ ဟူသည့် သတင်း၏ နောက်ဆက်တွဲတွင် ကြီးမားသော ပြဿနာသုံးရပ် ပေါ်လာခြင်းကြောင့် အဘူဘကရ်၏ အုပ်ချုပ်ကာလသည် အလွန် အကြပ်အတည်းနှင့် ရင်ဆိုင်ရသော ကာလ ဖြစ်ခဲ့သည်။ ထိုပြဿနာများမှာ-
(၁) မွတ်စလင် (မ်) အသိုက်အမြုံကြီးမှ ခွဲထွက်ရေးသမားများ ပြဿနာ။
(၂) တမန်တော် အတုအယောင်များနှင့် ဗျာဒိတ် အတုအယောင်များ ပြဿနာ။
(၃)ရောမအင်ပါယာက မွတ်စလင်(မ်)တို့အား လာ ရောက်တိုက် ခိုက်တော့ မည် ဟူသော ပြဿနာတို့ဖြစ်သည်။
မွတ်စလင်(မ်)များ၏ နယ်မြေ လုံခြုံရေးအတွက် အိုဆာမာ ဦးဆောင်သော စစ်တပ်ကြီးအား ရှေးတန်းသို့ တာဝန် ထမ်းဆောင်ရန် တမန်တော်မုဟမ္မဒ် ပရိနိဗ္ဗာန် မပြုမီကပင် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ထိုစဉ်က တမန်တော်မုဟမ္မဒ် ၏ ကျန်းမာရေး အခြေအနေကြောင့် ထိုစစ်တပ်ကြီး၏ စစ်ထွက်ရန်မှာ နှောင့်နှေး ကြန့်ကြာခဲ့ရသည်။ တမန်တော် မုဟမ္မဒ်သည် အလွန်ဆိုးရွားလှသော ကျန်းမာရေး အခြေအနေ၌ပင်၊ အိုဆာမာ ဦးစီးသော စစ်တပ် ရှေ့တန်းသို့ သွား ရောက်လျှက် တိုင်းပြည်အား ကာကွယ်ရန် မကြာခဏ မှာကြား ခဲ့လေသည်။
အဘူဘကရ် သမ္မတ ဖြစ်လာသောအခါ၊ အိုဆာမာ ဦးဆောင်သော စစ်တပ်အား ရှေ့တန်းသို့ စေလွှတ်ရန် ပထမဦး ဆုံးပင် စီစဉ်ခဲ့သည်။ သို့သော် ထိုအချိန်၌ များစွာသော သာဝကကြီးများက တမန်တော်မုဟမ္မဒ် ရှိစဉ်က ခွဲထွက်ရေး ပြဿနာ၊ တမန်တော်အတု ပြဿနာ၊ ရောမမှ လာရောက် တိုက်ခိုက်မည့် ပြဿနာများ မပေါ်သေးချေ။ ယခုအခါ ထို ပြဿနာ များ ရှိနေ၍ ထို ပြဿနာတို့အား ဖြေရှင်းနိုင်ရန် အိုဆာမာ ဦးစီးသော စစ်တပ်အား ရှေ့တန်းသို့ မပို့သင့်။ ထိုတပ်သည် မြို့ဝန်းကျင်၌ ရှိနေသင့်သည်ဟု အကြံ ပေးခဲ့ကြသည်။ထိုအခါ သမ္မတကတမန်တော်၏ကျန်းမာရေးဆိုး ရွားသော အချိန်၌ပင် တဖွဖွ မှာကြားထားသော ထို အစီအစဉ်အား ဆောင်ရွက်ရန် ကိစ္စမှာ ကျွန်ုပ်၏ ပထမဦး စား ပေး တာဝန် ဖြစ်သည်၊ ထိုစစ်တပ်ကြီး မရှိတော့လျှင် ခွဲထွက်ရေး သမားများနှင့် ရောမ စစ်တပ်ကို ခုခံတော် လှန်ရန် အတွက် အခြား စစ်တပ်များဖြင့် အစားထိုးသွားမည် ဖြစ်သည်။ အကယ်၍ စစ်ရှုံးသွားပါက ကျွန်ုပ်အပါအ ဝင် တမန် တော်၏ ကြင်ဖေါ်ကြင်ဘက်များ၊ မွတ်စလင်(မ်)များ သေကြေ ပျက်စီးသွားရမည် ဆိုသော်လည်း၊ အလောင်းများ မြှုပ်နှံသူ မရှိ၍ ကျေးငှက်၊ လင်းတ ထိုးဆိတ် စားသောက်ခံရမည် ဆိုသော်လည်း

တမန်တော်၏ အစီအစဉ်အား ကျွန်ုပ်က ဖျက်ပယ်မည် မဟုတ်ဟု ပြတ်သားစွာ မိန့်ခွန်းခြွေခဲ့သည်။ မိန့်ခွန်းအပြီး အိုဆာမာ၏ မြင်းဇက် ကြိုးကို ဆွဲကာ မြို့ပြင် အထိ ကိုယ်တိုင် လိုက်ပို့ပေးခဲ့သည်။
]]အွမ္မဟ်}}(သို့မဟုတ်) မွတ်စလင်(မ်) အသိုက်အမြုံကြီးကို တမန်တော်မုဟမ္မဒ်က တည်ထောင်ခဲ့သည်။ မွတ်စလင်(မ်) ဟူသည် ငြိမ်းချမ်းရေး လမ်းစဉ်ပေါ်၌ ခံယူချက်၊ ရပ်တည်ချက် တူသူများဖြစ်၍၊ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် သွေးသား တော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည် ဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာ အားဖြင့် ညီရင်းအစ်ကို မောင်ရင်းနှမများ ဖြစ် သည်ဟု ခိုင်မာစွာ ခံယူထားကြသူများ ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်၏ အခက်အခဲသည် အခြားသူ၏ အခက် အခဲပင် ဖြစ်၍ ထိုအခက်အခဲအား ဝိုင်းဝန်းဖြေရှင်း ပေးကြသူများ ဖြစ်ကြသည်။ အချင်းချင်းသော်လည်းကောင်း၊ အခြားသူများကို သော်လည်းကောင်း ကျူးကျော် စော်ကားမှု မပြုရချေ။ တမန်တော်မုဟမ္မဒ် တည်ဆောက်ပေးခဲ့ သော ထိုမွတ်စလင်(မ်) အသိုက်အမြုံကြီးတွင် အာရဗ်များ ပါဝင်သကဲ့သို့ အာရဗ် မဟုတ်သော သူများလည်း ပါဝင်ခဲ့ ကြသည်။



သို့သော် အွမ္မဟ်အဖွဲ့ဝင် အချို့မျိုးနွယ်စုများက တမန်တော်မုဟမ္မဒ် မရှိတော့သည့် နောက်၊ ထိုအွမ္မဟ်လည်း ရှိရန် မလိုအပ်တော့ပေဟု ယူဆခဲ့ကြသည်။ ထိုအွမ္မဟ် အသိုက်အမြုံကြီး၏ ပြဋ္ဌာန်းချက် စည်းကမ်းများတွင် "မိမိတို့ အ ချင်းချင်း၌ ဖြစ်စေ၊ အခြားသူများကို ဖြစ်စေ အုပ်စုဖွဲ့၍ တိုက်ခိုက်ခြင်း၊ နိုင်သောဘက်မှ ရှုံးသောသူများ၏ အိုး အိမ် စည်းစိမ်များကို သိမ်းပိုက်ခြင်းများကို မပြုရ"ဟု တားမြစ်ထားချက်သည် ပါဝင်ခဲ့သည်။ ထိုသို့ အာရဗ်များ၏ မိရိုးဖလာ ကြီးနိုင်ငယ်ညှင်း စနစ်အား တားမြစ်ထားသည်ကို မကြိုက်သော အာရဗ် မျိုးနွယ်စုများက အွမ္မဟ်မှ ခွဲ ထွက်ရန် သောင်းကျန်းလာကြပေသည်။ ထိုခွဲထွက်ရေးသမားများ အပြင် တမန်တော် မုဟမ္မဒ်ရှိစဉ်က ပြုထားသော ကတိကဝတ်များသည် သူမရှိတော့သည့် နောက်ပိုင်း အကျိုးသက်ရောက်မှု မရှိတော့ဟု ခံယူကြသူများလည်း ရှိကြ သည်။ ထိုခွဲထွက်ရေးသမားများသည် အစ္စလာမ့်မတိုင်မီ သာသနာပခေတ်မှ ရပ်တည်ချက်အတိုင်း သီခြား လွတ်လပ် သော အုပ်စုခွဲများ အဖြစ် ရပ်တည် ချင်သူများ ဖြစ်လာကြသည်။ သို့သော် သူတို့၏ အရေးတော်ပုံသည် အစ္စလာမ် သာသနာမှ စွန့်ခွာလိုခြင်း မဟုတ်ချေ။ ထို့ကြောင့် ထိုအရေးမှာ သာသနာရေး ဆိုင်ရာ ပြဿနာ မဟုတ်ပေဘဲ၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပုန်ကန်မှုသာ ဖြစ်ပေသည်။
ဒုတိယ အခြေအနေမှာ အချို့သော အာရဗ် ခေါင်းဆောင်များက မိမိတို့ကိုယ်မိမိ တမန်တော်ဟု ကြွေညာကာ၊ ဗျာ ဒိတ်ရသည်ဟု ဗျာဒိတ်အတုများကို လှိုင်လှိုင်ထုတ်ခဲ့ကြပေသည်။ သို့ရာတွင် အာရဗ်များအဖို့ စစ်မှန်သော ဗျာဒိတ် ၏ သဘောတရားများနှင့် စပ်လျဉ်း၍ နက်ရှိုင်းသော အတွေ့အကြုံများ ရှိပြီးသူများ ဖြစ်သည့် အားလျော်စွာ ဖော်ပြပါ ဗျာဒိတ် အတုများသည် လူသားတို့၏ ဖန်တီးချက်များသာ ဖြစ်ကြောင်း ကောင်းစွာ သိရှိခဲ့ကြသည်။
တမန်တော် မုဟမ္မဒ်၏ နှလုံးအိမ် အတွင်းသို့ အာရုံစူးနစ်ကိန်းဝပ်စေခြင်း ခံရသော ဗျာဒိတ်ကုရ်အာန်သည် တစ်ဦး ကောင်း တစ်ယောက်ကောင်း အတွက် ပုဂ္ဂလဓိဋ္ဌာန် ယုံကြည်မှုမျိုး မဟုတ်ဘဲ လူသား တစ်ရပ်လုံးနှင့် ဆိုင်သော ခေတ် တိုင်း နေရာတိုင်းအတွက် စကြဝဠာဆိုင်ရာ ဗျာဒိတ်ကျမ်းကြီး ဖြစ်သည်။ ထိုဗျာဒိတ်၏သဘောသည် လူသား၏ စိတ် သန္တာန်တွင်းသို့ ထိုးဖောက်လွှမ်းခြုံပြီးလျှင် ထိုလူသား၏ အတွေးအခေါ် အယူအဆများကို ဗီဇမှပင် စတင်၍ ပြောင်းလဲပေးသော နိယာမ သတ္တိများ အပြည့်ရှိသည်။ တမန်တော်မုဟမ္မဒ်သည် သူ၏ ဗျာဒိတ်သက်တမ်း ၂၃နှစ်ဟူ သော တိုတောင်းသည့် ကာလ အတွင်းတွင် အာရေဗျ ကျွန်းဆွယ် အတွင်းရှိ အာရဗ်များ၏ ကြမ်းတမ်းခက်ထန်သော လူနေမှု စနစ်ဟောင်းကြီးကို ပယ်ဖျက်၍ ရတ်တရက်ပင် အလွန် စည်းလုံးညီညွတ် ခိုင်မာ ကျစ်လစ်သော လူနေမှု စနစ်သစ်သို့ ပြောင်းလဲ ပေးနိုင်ခဲ့သည်။
၂၃ နှစ်ဟူသည် ထိုအာရဗ်များ၏ ခေတ်အဆက်ဆက် ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာခဲ့သော သူတို့၏ စနစ်ဟောင်း သက်တမ်းနှင့် နှိုင်းယှဉ်လျှင် ရိပ်ကနဲ မြင်တွေ့လိုက်ရသည့် လျှပ်တစ်ပြက်သာ ဖြစ်တော့၏။ သို့သော် ထိုရိပ်ကနဲ ကာလလေး အတွင်းတွင် ယုံကြည်မှုအယူဝါဒ၊ ဘဝတည်ဆောက်မှု ပုံစံ၊ လူနေမှုကျင့်ဝတ် စသည်တို့အား အခြေခံမှပင် စတင်၍ ပြုပြင်ပြောင်းလဲ ခဲ့ယုံမျှမက အာဃာတများကို ပယ်ဖျက်လျှက် မေတ္တာထားတတ်ခြင်း၊ အချင်း ချင်း သတ်ပုတ်နေမှုများကို ခဝါချစေလျှက် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်းတို့၌ သူမတူအောင် စွမ်းဆောင်နိုင် သော စံပြ ခေါင်းဆောင်များ အဖြစ် ပြုစုပျိုးထောင် ပေးနိုင်ခဲ့သည်။ ထိုသို့ အလွန်ထက်မြက်သော အရည် အချင်း များကို ရရှိခဲ့ကြပြီး ဖြစ်သော အာရဗ်များအား တမန်တော် အတုများနှင့် ဗျာဒိတ်အတုများက မည်သို့မျှ ဆွဲဆောင် နိုင်ခြင်း မရှိခဲ့ပေ။
သမ္မတကြီး အဘူဘကရ်သည် အထက်ဖော်ပြပါ ခွဲထွက်ရေးသမားများနှင့် တမန်တော် အတုများကို နှိမ်နင်း၍ ]]အွမ္မဟ်}}ခေါ် မွတ်စလင်(မ်) အသိုက်အမြုံ ကြီးကို မူရင်းအတိုင်း ဆက်လက် ထိန်းသိမ်းနိုင်ခဲ့သည်။ ခွဲထွက်ရေး သ မားများကို နှိမ်နင်းရာ၌ ]]အွမ္မဟ်}}ဟူသော မွတ်စလင်(မ်) အသိုက်အမြုံကြီး အတွင်းသို့ ပြန်လည် ဝင်ရောက်သူ များကို လက်တုံ့ပြန်ခြင်း၊ အရေးယူခြင်း မရှိဘဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။

ထိုပြဿနာ နှစ်ရပ်ကို ဖြေရှင်းနိုင်ခြင်းသည် ရောမ အင်ပါယာမှ မွတ်စလင်(မ်)များကို လာရောက်တိုက်ခိုက်မည့် အစီအစဉ်အား ဟန့်တားနိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သမ္မတကြီး အဘူဘကရ်သည် ရောမမှ စစ်သည်များ လာရောက် တိုက်ခိုက်မည့် သတင်းကိုရထားပါလျက်၊ ပြည်တွင်းခွဲထွက်ရေး သမားများအား နှိမ်နင်းရန် ရှိပါလျက် အလွန် တရာမျှ အင်အားကြီးမားသော စစ်တပ်ကြီးကို နယ်မြေ လုံခြုံရေးအတွက် စစ်ထွက်စေခဲ့ခြင်း ဟူသော အ ချက် ကြောင့်ပင်တည်း။ ထို့ကြောင့် ရန်သူများအနေဖြင့် မွတ်စလင်(မ်)များ၏ စစ်အင်အားနှင့် စစ်ပရိယာယ်ကို မှန်း ဆ၍ မရ မျက်လုံးလည် သွားခဲ့ရခြင်း ဖြစ်သည်။

အဘူဘကရ်သည် တမန်တော် မုဟမ္မဒ်၏ အရင်းနှီးဆုံး မိတ်ဆွေ တစ်ဦး ဖြစ်၍။ တမန်တော်က သူ့ကိုယ်သူ တမန် တော် ဖြစ်ပြီဟု ဆိုရုံဖြင့် တုံ့ဆိုင်းတွေဝေခြင်း မရှိဘဲ အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်ခဲ့သူ ဖြစ်သည်။ တမန် တော်၏ မက္ကာဟ်မှ မဒီနာသို့ လျှို့ဝှက် ထွက်ခွာသည့် ခရီးစဉ်၌ တမန်တော်နှင့် အတူ တစ်ဦးတည်းသော အဖော် ဖြစ်ခဲ့ ၍၊ ထိုခရီးစဉ် အတွင်း ]]ဂါရေးဆူးရ်}} (ခေါ်) လိုဏ်ဂူအတွင်း၌ ခေတ္တခိုအောင်းခဲ့သည်ကို အကြောင်းပြု၍ ဗျာဒိတ် ကုရ်အာန်တွင် ]]ဂူထဲမှအဖော်}}ဟူ၍ ဖော်ပြခြင်းခံခဲ့ရသူ ဖြစ်သည်(၉း၄၀)။ ထို့အပြင် တမန်တော် သက်တော်ထင်ရှား ရှိစဉ် ၌ပင် သူ့အား နဗဝီဝတ်ကျောင်းတော်၌ အများမွတ်စလင်(မ်) များကို ရှေ့ဆောင်၍ ဆွလာသ် တည်ဆောက်စေ ခဲ့ သည်။ တမန်တော် ကိုယ်တိုင်သည်လည်း အဘူဘကရ် ဦးဆောင်သော ဆွလာသ်ကို အများမွတ်စလင်(မ်) များနှင့် အတူ တည်ဆောက်ခဲ့သည်။ တမန်တော်၏ ကျန်းမာရေး အခြေအနေ အဆိုးရွားဆုံးသို့ ရောက်ချိန်တွင် အဘူ ဘ ကရ်အား မွတ်စလင်(မ်)များ အားလုံးကို ရှေ့ဆောင်၍ ဆွလာသ်ဝတ်ပြု စေခဲ့သည်။

တမန်တော် မုဟမ္မဒ်ထံ ဗျာဒိတ် စတင် ကျချိန်မှစ၍ ပရိနိဗ္ဗာန်ပြုချိန် အထိ တမန်တော်၏ အထူးအနီးကပ် အဆွေ တော်ကြီး တစ်ဦး ဖြစ်သည်။ သူသည် တမန်တော် သက်တော် ထင်ရှား ရှိစဉ်က တမန်တော်၏မိန့်ကြားချက် ငါးရာ ကျော်ကို ကိုယ် တိုင် ရေးမှတ်ခဲ့၍ တမန်တော် မရှိတော့သည့် နောက်ပိုင်း သူသမ္မတ ဖြစ်ချိန်တွင် ထိုမှတ်တမ်းတင် အ ဆိုအမိန့် ငါးရာ ကျော်ကို မီးရှို့ဖျက်ဆီး ခဲ့သူလည်း ဖြစ်သည်။

ထိုသို့ တမန်တော်မုဟမ္မဒ်၏ အဆိုအမိန့်များကို အဘယ်ကြောင့် မီးရှို့ဖျက်ဆီးရသနည်းဟု သမီးဖြစ်သူ  အာအေရှဟ် က မေးမြန်းရာ၊ သူက “တမန်တော်က သူ၏ ပြောကြားချက်များ အနက် ကုရ်အာန်မှလွဲ၍ အခြားပြောကြားချက် များကို ရေးမှတ်ခြင်းမပြုရန် တားမြစ်ခဲ့ကြောင်း၊ ထိုသို့ မှန်ကန်ပါသည်ဟု ဆိုသော တမန်တော်၏ မိန့်မှာချက်များ သည် နောက်ပိုင်းတွင် မြောက်မြားစွာ ဖေါင်းပွလာနိုင်၍ ထိုသို့ ဖေါင်းပွမည်ကို စိုးရိမ်ကြောင်း၊ ထို့ကြောင့် ထိုမှတ် တမ်း တင်ထားသည့် အဆိုအမိန့်များကို မီးရှို့ရခြင်း ဖြစ်ကြောင်း” ပြောဆိုခဲ့ပေသည်။

အဘူဘကရ် ကျန်းမာရေး ချို့တဲ့လာချိန်တွင် သူ၏အရိုက်အရာကို ဆက်ခံမည့်သူသည် အွမ္မရ် ဖြစ်လာသည်။ အဘယ် ကြောင့်ဆိုသော် အများပြည်သူများ၏ ဆန္ဒကို သူမကွယ်လွန်မီ အလျင်ကတည်းက ခံယူပြီး ဖြစ်သည့် အတွက် အွမ္မရ် ကို သမ္မတအဖြစ် ကြေညာခဲ့သည်။ အေဒီ ၆၃၄ တွင် အဘူဘကရ် ကွယ်လွန်ခဲ့သည်။ ၎င်း၏ ရုပ် ကလာပ်ကို မဒီနာရှိ တမန်တော် မုဟမ္မဒ်၏အုတ်ဂူနံဘေးတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

အွမ္မရ် (အေဒီ ၆၃၄-၆၄၄) (ဒုတိယ သမ္မတကြီး)

အွမ္မရ်သည် တမန်တော် မုဟမ္မဒ် တည်ဆောက်ခဲ့သော မွတ်စလင်(မ်) အသိုက်အမြုံကြီးအား ဆက်လက် ထိန်းသိမ်းရန် မွတ်စလင်(မ်)များ၏ ဒုတိယသမ္မတ ဖြစ်လာခဲ့သည်။ သူ့အား အများမွတ်စလင်(မ်)များက (အမီရွလ်မုအ်မေနီး) သက် ဝင် ယုံကြည်သူများ၏ အကြီးအကဲဟူ၍ ခေါ်ဝေါ်ကြသည်။ ယနေ့တိုင် ကမ္ဘာ့ အထက်တန်းကျောင်းများ၊ ကောလိပ် များနှင့် တက္ကသိုလ်များတွင် အွမ္မရ်၏ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ သင်ရိုးညွှန်းတမ်းအဖြစ် သင်ကြားပေးလျက် ရှိ သည်။ မွတ်စလင်(မ်) သမ္မတကြီးများသည် တစ်ပါးတည်းသော တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်ကို ယုံကြည်၍ တစ်ဆူ တည်းသော ဗျာဒိတ်ကုရ်အာန်၏ လမ်းညွှန်ချက်အတိုင်း လိုတိုးပိုလျှော့ခြင်း မရှိဘဲ]]အွမ္မဟ်}} ဟူသော မွတ်စလင်(မ်)



အသိုက်အမြုံကြီးကို တမန်တော် မုဟမ္မဒ် နည်းတူ ပိုမိုခိုင်မာ ကျစ်လျစ်စွာ ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ကြသည်။ ထိုသို့ သော အကြောင်းများကြောင့် ၎င်းတို့ခေတ် အုပ်ချုပ်ရေးများတွင် မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိ ဆွေမျိုး မိတ်သင်္ဂဟများ အတွက်ဟူသော အတ္တအကျိုးမျိုးစုံကို စွန့်၍ မွတ်စလင်(မ်) အသိုက်အမြုံကြီး တစ်ခုလုံးအား တရား မျှတစွာ အုပ်ချုပ်ခဲ့သူများဖြစ် ကြသည်။

ထိုသို့ တရားမျှတသော ခေါင်းဆောင်မှုကြောင့် မွတ်စလင်(မ်) အသိုက်အမြုံကြီးသည် အံ့မခန်း ဖွယ်ရာ အဖြစ် အီရတ် နိုင်ငံ၊ ဆီးရီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံမှ တစ်ဆင့် အေဒီ ၆၃၇ တွင် ပါးရှန်းအင်ပါယာထိ ကျယ်ပြန့်လာခဲ့သည်။ ထိုအချိန်မှ စတင်၍ ရောမအင်ပါယာ၏ ဝင်ရောက်တိုက်ခိုက်မှုကို ခုခံတော်လှန်နိုင်ခဲ့သည်။

အေဒီ ၆၃၆ (ယာမွတ်က်) စစ်ပွဲ၌ မြောက်ပိုင်း ပါလက်စတိုင်းကို အောင်မြင်ခဲ့၍ အေဒီ ၆၃၈ တွင် ဂျေရုဆလင်(မ်)ကို အောင် မြင်ခဲ့သည်။ အေဒီ ၆၄၁ တွင် ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အီဂျစ်နယ်မြေ အားလုံးကို ထိန်းချုပ်နိုင်ခဲ့ သည်။

အေဒီ ၆၄၄ တွင် မြောက်အာဖရိက ကမ်းရိုးတန်း တစ်လျှောက် အထိ မွတ်စလင်(မ်) အသိုက်အမြုံ ကြီးကို ကျစ်လစ်သိပ်သည်း စည်းလုံးညီညွှတ်စွာဖြင့် ကျယ်ပြန့်စေခဲ့သည်။ မွတ်စလင်(မ်)များ၏ ပထမဦးဆုံး ]]ဗဒရ်}} စစ်ပွဲ အပြီး နှစ် (၂၀) တွင် အလွန်တရာမျှ အရွယ် ပမာဏ ကြီးမားသော နယ်ပယ်များ အတွင်းရှိ လူသားများကို အစ္စလာမ့် အေးရိပ် ဆာယာ၏ ငြိမ်းအေးမှုကို ပြသခွင့်ရရှိခဲ့သည်။ ဖော်ပြပါ

အစ္စလာမ့်အေး ရိပ်ဆာယာ အရိပ် အာဝါသသည် ဆက်လက် ကျယ်ပြန့်လာခဲ့ရာ တမန်တော်၏နောက်ပိုင်း နှစ်တစ်ရာအတွင်း ဥရောပ အနောက်တောင် ပိုင်းရှိ ပြင်သစ် စပိန်နယ်စပ်နှင့် မြေထဲပင်လယ်ဒေသမှ ဟိမဝန္တာ တောင်တန်းရှိ နယ်ပယ် များ အထိ အစ္စလာမ့် အေးရိပ်ဆာယာ အ ရိပ်အာဝါသကို မိုးပေးနိုင်ခဲ့သည်။ ဤသည် တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ အထူးချီးမြှင့်သော ကျေးဇူးတော် တစ်ရပ် ပင် မဟုတ်တုံလော။

အစ္စလာမ် မတိုင်မှီ သာသနာပ မိရိုးဖလာ အာရဗ်များ၏ဘဝအား ပြန်လည် သုံးသပ်ကြည့်လျှင် သူတို့သည် ကမ္ဘာ တစ်ဝှမ်းရှိ လူသား တစ်ရပ်လုံး၏ အပယ်ခံ အနှိမ်ခံ အမုန်းခံ လူသားများသာ ဖြစ်ခဲ့၍၊ အချင်းချင်း အုပ်စုဖွဲ့ တိုက်ခိုက် သတ်ဖြတ် လုယက် ဆိုးသွမ်းလျှက် တစ်ဦးကို တစ်ဦး အယုံအကြည် ကင်းမဲ့ခြင်း၌သာ ရှိနေခဲ့ပေသည်။ တနည်း အားဖြင့် စည်းလုံးညီညွတ်မှု ဗျန်းဗျန်းကြီး ပြိုကွဲနေသော ဝရုန်းသုန်းကား လူ့အဖွဲ့အစည်းကြီး တစ်ရပ်သာ ဖြစ်ခဲ့ သည်။ ထိုသို့ အသုံးမဝင် အောက်တန်းကျနေသော လူ့အဖွဲ့အစည်းမှာ ရိပ်ကနဲသော ကာလအတွင်း ကမ္ဘာ တစ်ဝှမ်း အား ဩဇာလွှမ်းမိုးသူများ ဖြစ်လာ ခဲ့တော့သည်။ ယင်းမှာ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ ဗျာဒိတ် ကျမ်းတော် ကုရ် အာန်အား အတုမထား ယုံကြည် ကျင့်ကြံလက်ခံသောကြောင့် ဖြစ်သည် ဆိုခြင်းမှာ ငြင်းနိုင်စရာ အကွက် မရှိ ချေ။ ကုရ်အာန်သည်ကား ကာလမရွေး၊ ဒေသမရွေး၊ လူမျိုးမရွေး လိုက်နာသူတိုင်းအား တဟုန်ထိုး တိုး တက်သည့် အ တွေးအခေါ် အယူအဆ၊ ထက်မြက်မှုနှင့် တော်လှန်သတိများကို ပေးစွမ်းနိုင်ဆုံးသော ကျမ်းတော်ကြီး တစ်ပါးပင် ဖြစ်တော့၏။ နာမ်ပိုင်းဆိုင်ရာ အမှောင်ကျနေသော သူများအတွက် ဝိဇ္ဇာအလင်းဆောင် ဆေးကောင်း ကြီး တစ် လက်ပင် ဖြစ်တော့၏။

တမန်တော်မုဟမ္မဒ်၏ ခေတ်က မဒီနာမြို့တွင် စတင်တည်ဆောက်ခဲ့သော မွတ်စလင်(မ်) အသိုက်အမြုံအား အမြစ် ပြတ် သုတ်သင်ပစ်ရန် မက္ကာဟ် မြို့သားများနှင့် မဒီနာပတ်ဝန်းကျင်ရှိ  မွတ်စလင်(မ်) မဟုတ်သူများက ပြောင်ပြောင် တင်းတင်း တစ်မျိုး၊ လျှို့ဝှက်၍ တစ်ဖုံ၊ အချင်းချင်းကြား သပ်လျှိုသွင်း သွေးခွဲစေလျှက် တစ်နည်း ဖျားယောင်း သွေးဆောင်လျှက် တလှည့် အဖန်ဖန်အလီလီ မနားတမ်းကျိုးပမ်းခဲ့ကြသည်သာ။ သို့သော် ရန်သူတို့၏ ထိုးနှက်ချက် သည်ကား ကျောက်ဆောင်အား လေတိုက်ဘိ သကဲ့သို့ တိုက်ခတ်လာသော လေသည်သာ တစ်ဖျတ်ဖျတ် ဦးကွဲသွား လျှက် ကျောက်ဆောင်သည်ကား အနေအထား မပျက် မားမားမတ်ရပ်တည်ခဲ့သည်သာ ဖြစ်တော့၏။ယင်းမှာ တုနှိုင်း မဲ့ ကိုးကွယ်ရာ အရှင်၏ အရောင်တင်ပေးခြင်းတည်း ဟူသည့် ကုရ်အာန် ဟူသော အရောင်ကို ဆိုးကြလျှက် (၂း၁၃၈) အသွေးတူ အရောင်တူ အသိုက်အမြုံ တစ်ခုကို ဖန်တီး နိုင်ခဲ့ခြင်းကြောင့်ပင်။

၂၉ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

သမ္မတအွမ့်ရ် ခေတ်က မွတ်စလင်(မ်) အသိုက်အမြုံကြီးကို ငြိမ်းချမ်းသည့် ဗိမ္မာန် (‘ဒါရုလ် ဆလာမ်) ဟု ခေါ်ဆိုပြီး။ နောက်ပိုင်းတွင် အစ္စလာမ်အေးရိပ်ဖြင့် အုပ်ချုပ်သောသော စနစ်ကို ဒါရုလ်ဆလာမ် ဟု ခေါ်တွင်လာခဲ့ကာ၊အစ္စလာမ် အုပ်ချုပ်ရေး မဟုတ်သော နိုင်ငံများကို ‘ဒါရို ဟရာဘ် စစ်သင်္ချိုင်းဟု ခေါ်တွင်လာသည်ထိ ဖြစ်လာခဲ့ပေ သည်။ ထိုသို့ ဖြစ်လာရခြင်း အကြောင်းမှာ-

ထိုအစ္စလာမ် အုပ်ချုပ်ရေးနယ်တွင် နေထိုင်သော ဂျူး၊ ခရစ်ယာန်၊ ဇိုရိုအက်စတာနှင့် အခြားသော သာသနာဝင် များ၏ ဘဝ ငြိမ်းချမ်းရေးကို မွတ်စလင်(မ်) အစိုးရ၊ အုပ်ချုပ်သူများနှင့် စစ်သားများက အပြည့်အဝ တာဝန်ယူပေး

ခဲ့သည်။ တိုင်းပြည် လုံခြုံရေး ထိုသူများ၏ ဘဝ လုံခြုံရေးအတွက် မွတ်စလင်(မ်) အစိုးရက ကောက်ခံသော အခွန် ဘဏ္ဍာကို ]]ဂျစ်ဇယာ}} ဟု ခေါ်၍ ထိုအခွန်သည် အစ္စလာမ် သာသနာဝင်များက အစိုးရအား ပေးဆောင်ရသည့် ဇကားသ် အခွန်ထက် လွန်စွာ လျှော့နည်းပေသည်။ ထို့အပြင် ထိုလူသားများသည် အစ္စလာမ် အစိုးရ၏ အုပ်ချုပ်ရေး အောက်တွင် ဘာသရေး လွတ်လပ်ခွင့်ကို အပြည့်အဝ ရခဲ့ပေသည်။ ထိုသို့ အစ္စလာမ့် အုပ်ချုပ်ရေးလက်အောက်၌ပင် သူတို့၏ ဘဝမှာ ဘာသာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်ခွင့် ရရှိကြပါလျက် ဘိုင်ဇန် တိုင်း အင်ပါယာ လက်အောက်ရှိ ပြည်သူများသည် ဘာသာရေးဆိုင်ရာ လွတ်လပ်မှု အကြီးအကျယ် ဆုံးရှုံးခဲ့ကြရ လေသည်။ အလားတူ ဘိုင်ဇန်တိုင်း၏ ထာဝရ ပြိုင်ဘက် ပါရှန်းအင်ပါယာ အောက်ရှိ လူသားများမှာလည်း ဆင်းရဲ မွဲတေ ဖွတ်ဘိုးအေ ဘဝဖြင့် မလူးသာ မလှုပ်သာ ဖြစ်ခဲ့ရပေသည်။

ထိုစဉ်တွင် အစ္စလာမ့် ထီးရိပ်၏ အပြင်ဘက်တွင်  ပါရှန်း အင်ပါယာနှင့် ဘိုင်ဇန်တိုင်း အင်ပါယာတို့မှာ အကြီးအကျယ် အင်အားပြိုင်ဆိုင်လျက်ရှိသော ကာလ ဖြစ်သည်။

ပါရှန်း

နှစ်ပေါင်းများစွာ ဘတစ်ပြန် ကျားတစ်ပြန် စစ်ခင်းနေခြင်းကြောင့် နှစ်ဖက်စလုံး အင်အား ကုန်ခန်းလျက် ရှိသော ကာလ လည်း ဖြစ်သည်။ ပါရှန်း အင်ပါယာ အတွင်း ဂိုဏ်းဂဏကွဲများ အချင်းချင်း အမြဲတမ်း တိုက်ခိုက်လျက် ရှိသည့် အပြင် ထိုအင်ပါယာ၏ အဓိက စီးပွားရေး ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းမှာလည်း ရာသီဥတု ဆိုးရွားမှုဒဏ်ကို မကြာ ခဏ ကြုံတွေ့ရပြီး စိုက်ခင်းများ ပျက်စီးခဲ့ရသည်။ ထိုသို့ ပြည်တွင်းစစ်နှင့် စီးပွားပျက်မှု ထပ်ဆင့်ကွမ်းဒဏ်ကို ခံရ သော ပြည်သူလူထုမှာ ဘဝရပ်တည်မှု ယိုင်နဲ့သွားခဲ့သည်။

ဘိုင်ဇန်တိုင်

ဂရိအယူဝါဒ အောက်တွင် ခရစ်ယာန်များအဖို့ ညှင်းပန်းနှိပ်စက် ခံကြရသည့် အတွက် ဘိုင်ဇန်တိုင်း အင်ပါယာ၏ ပိုင် နက်အတွင်း ကျရောက်သော ဆီးရီးယားနှင့် အာဖရိက မြောက်ပိုင်းရှိ ပြည်သူများ အတွင်း ပြင်းထန်သည့် ဂရိ အယူ ဝါဒကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲလျက်ရှိသည်။ သူတို့အနေဖြင့် ဘိုင်ဇန်တိုင်း လက်အောက် တွင် နေရသည်ထက် အစ္စလာမ့်အုပ်ချုပ်ရေး၏ ထီးရိပ်ကို ခိုလှုံလို စိတ်များ တစ်ဖွားဖွား ပေါ်လာပေတော့သည်။

ဝင်လာမစဲ တသဲသဲ

သမ္မတအွမ့်မရ်သည် နိုင်နင်းသော အုပ်ချုပ်ရေးနှင့် ဥပဒေ စိုးမိုးရေးကို အမြဲ ထိန်းသိမ်းနိုင်ခဲ့သည်။ အစ္စလာမ့် အုပ် ချုပ်ရေးသို့ လက်အောက်ခံ အပ်နှံလာသော နယ်မြေသစ်များမှ လယ်မြေစိုက်ခင်းများကို မွတ်စလင်(မ်) စစ်တပ်မှ အကျိုး ခံစားခွင့် မရှိစေသည့်အပြင်၊ ထိုလယ်မြေ စိုက်ခင်းများကို မူလ ပိုင်ရှင်များကသာ ဆက်လက် ပိုင်ဆိုင်ခွင့် ရှိ စေခဲ့သည်။ ထိုနယ်မြေများတွင် မွတ်စလင်(မ်)စစ်သားများအား နေပိုင်ခွင့်လည်း မပေးခဲ့ချေ။ မွတ်စလင်(မ်) စစ် တပ် များအား မြို့အစွန်ပိုင်းရှိ မြို့စောင့်သတ်မှတ် နယ်မြေများတွင်သာ တန်းလျား ဆောက်နေထိုင် စေခဲ့သည်။ ဥပမာ- အီရတ်နိုင်ငံရှိ မြို့စောင့်တပ်စခန်း၏ တည်နေရာမှာ ကူဖာနှင့်ဘာဆရာ၊ အီရန်နိုင်ငံတွင် ကွမ်န် နှင့် နိုင်းမြစ် ဖျားရှိ ဖုစ်တာ့တ်တို့ ဖြစ်ခဲ့သည်။



ဒမတ်စကတ်မြို့ဟောင်းကြီးမှာ မွတ်စလင်(မ်)များ အတွက် ဌာနချုပ်ကြီး ဖြစ်လာခဲ့သည်။ မွတ်စလင်(မ်) အစောင့် တပ်များ ရှိရာ စခန်းများ၌ ဝတ်ကျောင်း တစ်ကျောင်းစီ တည်ဆောက်စေ၍၊ ထိုဝတ်ကျောင်းများမှ အစ္စလာမ့် လူနေ မှုစနစ်များနှင့် စည်းကမ်းနည်းလမ်းများကို အစောင့်တပ်များအား သင်ကြားပေးလျက် ရှိသည်။ သမ္မတကြီး အွမ့်မရ် သည် တမန်တော်မုဟမ္မဒ်၏ ခြိုးခြံချွေတာသော ဘဝတည်ဆောက်မှုကို သူကိုယ်တိုင် လိုက်နာကျင့်သုံးလျှက် အများ မွတ်စလင်(မ်)များကိုလည်း တိုက်တွန်းစည်းရုံးခဲ့သည်။ မွတ်စလင်(မ်) အစောင့်တပ်သားများသည် ကုရ်အာန်၏ လမ်း ညွှန် နိယာမအတိုင်း လိုက်လျောညီထွေစွာ ဘဝကို တည်ဆောက်နိုင်ခြင်း အားဖြင့် အစ္စလာမ့် အုပ် ချုပ်မှု ထီးရိပ်သို့ ဝင်ရောက် ခိုလှုံလာရာ ဒေသများမှ အများပြည်သူများကိုလည်း ကုရ်အာန်ပါ ဘဝ တည်ဆောက်မှု လမ်းစဉ်ကို ထင် ဟပ်နိုင်စေခဲ့သည်။

သို့ဖြင့် နွေးထွေးသော၊ ဘဝလုံခြုံစိတ်ချရသော၊ အေးချမ်းသာယာသည့် အစ္စလာမ်ထီးရိပ်သို့ ဝင်ရောက်ခိုလှုံလာသည့် နယ်မြေဒေသများ၊ ပြည်သူလူထုများမှာ ဝင်လာမစဲ တသဲသဲ ဖြစ်လျှက် အစ္စလာမ် ဟူသည့် ငြိမ်းချမ်းရေး ရေစင်ကို ကမ္ဘာ့လူသား တစ်ရပ်လုံးအား တိုက်ကျွေးခြင်းအား စတင်ခဲ့ရလေတော့သည်။

သမ္မတ အွမ့်မရ်၏ အုပ်ချုပ်မှုအတွင်း၌ အစ္စလာမ် သာသနာ၏ ဂုဏ်ရှိန်သည် အထွဋ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။ သူ့၏ ခေတ်နောက်ပိုင်းတွင် အွမ့်မဟ်၏ အရောင်မှာ ထိုမျှလောက် မထွန်းပြောင် နိုင်တော့ပေ။

သမ္မတအွမ့်မရ် လက်ထက် အစ္စလာမ် သာသနာ ကျယ်ဝန်းလာမှုများကို အချို့သော သူများက အစ္စလာမ်သည် ဓါးမိုး၍ သာသနာပြုခဲ့သည်ဟု စွပ်စွဲ ရေးသားချက်များလည်း ရှိပေသည်။ အမှန်တကယ်တွင် အစ္စလာမ် သာသနာ၏ ဓါး မိုး၍ သာသနာပြုခံခဲ့ရသော လူမျိုးနှင့် အရပ်ဒေသ ဟူ၍ ကမ္ဘာ့သမိုင်းတွင် သက်သေပြနိုင်ခြင်း မရှိချေ။ သမ္မတ အွမ့်မရ် ခေတ် အစ္စလာမ် သာသနာ၏ ထီးရိပ် ကျယ်ပြန့်လာခြင်းမှာ ဝင်ရောက်ခိုလှုံလာသူ တိုးပွားလာခြင်း ကြောင့်သာ ဖြစ် ပေသည်။

အေဒီ ၆၄၄ နိုဝင်ဘာလ၏ နံနက်ခင်း ဖဂျရ်ဆွလာသ်ကို ဦးဆောင်လျက်ရှိသော သမ္မတကြီး အွမ့်မရ်အား အဘူလူလူ ]]မဂျူစီ}} (ပါရှန်းစစ်သုံ့ပန်းဟောင်း)က ကိုယ်ရေးကိုယ်တာ ရန်ငြိုးဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည်။

ထိုအချိန် မှစတင်၍ အစ္စလာမ့် ရေစီးကြောင်းကြီး၏အလျင်သည် ရုတ်တရက် အရှိန်လျော့သွားရန် အကြောင်း ဖန်လာခဲ့ခြင်း ဖြစ်သည်။ အွမ့်မရ်၏နောက်ဆုံး အခြေအနေတွင် အများမွတ်စလင်(မ်)များက ၎င်း၏ အရိုက်အရာ အား ဆက်ခံမည့် သူတစ်ဦးဦးကို ရွေးချယ်သွားရန် မေတ္တာရပ်ခံခဲ့ကြသည်။ ထိုစဉ်တွင် အွမ့်မရ်၏သား အဗ္ဗဒုလ္လာဟ် အဲ့ဇနု အွမ့်မရ်သည် မွတ်စလင်(မ်)များ အတွင်း တရား ဆုံးဖြတ်ခွင့်ရှိသူ ဓမ္မသတ်မှူး လေးဦးအနက် တစ်ဦးဖြစ် သည်။ သို့သော် အွမ့်မရ်က အဘူဘကရ်သည်ကား သူ၏ နောက်ဆုံးအချိန်၌ အများပြည် သူများ၏ ဆန္ဒအရ အွမ့်မရ် အား သမ္မတအဖြစ် ရွေးချယ်ခဲ့နိုင်သော်လည်း တမန်တော် မုဟမ္မဒ်သည် သူ၏ နောက်ဆုံးအချိန်၌ မည်သူ့ကိုမျှ မွတ်စလင်(မ်)များ၏ ခေါင်းဆောင် အဖြစ် ကြိုတင်၍ ရွေးချယ်ခဲ့ခြင်း မရှိ။ ကျွန်ုပ် အွမ့်မရ်၏ နောက်ဆုံးအချိန် တွင် မွတ်စလင်မ် ညီအစ်ကို မောင်နှမတို့အား အကြံပေးလိုသည်မှာ အသင်တို့သည် အွတ်စမာန်း၊ အလီနှင့် မုအာဝေယာတို့ အနက် တစ်ဦးဦးကို ခေါင်းဆောင် တင်မြှောက်သင့်၏ဟု အကြံပေးလိုသည်ဟု ဆို၍ သူ၏သားဖြစ်သူအား လေးနက် စွာ မိန့်ဆိုခဲ့သည်မှာ-]]အသင်သည် မွတ်စလင်မ် အများစု၏ ဆန္ဒအရ သမ္မတ အဖြစ် ရွေးချယ်ခံရပါကလည်း မည် သည့် အခါမျှ ထိုရာထူးကို လက်မခံလေနှင့်၊ အစ္စလာမ့် သမိုင်းတွင် အဖေ သမ္မတ သေဆုံး၍ သားက သမ္မတ ဖြစ်သည့် အယူ ဝါဒသည် သမ္မတကြီး အုမရ်၏ လက်ထက်မှ အစပြုခဲ့သည် ဟူသော အဖြစ်ကို ကျွန်ုပ် မလိုလားပေ။}}ဟု ဖြစ် ပေသည်။

ဤသည် အစ္စလာမ့် စနစ်၏ ပကတိ ဖြစ်တည်ရမည့် နမူနာကို တမန်တော်မုဟမ္မဒ်နှင့် သူ၏ရှေ့မှ နောင်တော်ကြီး အဘူ ဘကာရ်တို့ နည်းတူ လက်တွေ့အကောင်အထည် ဖေါ် ပြသွားခြင်းပင် ဖြစ်တော့၏။

အွတ်စ်မာန်း (အေဒီ ၆၄၄-၆၅၆) (တတိယ သမ္မကြီး)

အေဒီ ၆၄၄ တွင် မွတ်စလင်မ် အများစု၏ ဆန္ဒအားဖြင့် အွတ်စမာန်းအိဗ်နု အဖ်ဖာန် သမ္မတ ဖြစ်လာသည်။ ထို အချိန်မှစ၍ ]]ရာရှေဒွန်း}} (ဝါ) ဖြောင့်မတ် မှန်ကန်သော ခေါင်းဆောင်များ၏ အုပ်ချုပ်ထိန်းသိမ်းမှု ကာလ၌ ခြား နားမှုများ စတင် လာတော့သည်။ သမ္မတ အွတ်စမာန်း၏ အုပ်ချုပ်ရေး စနစ်သည် သမ္မတ အုမရ်၏ အုပ် ချုပ်ရေး စ နစ်ထက် အားနည်းသော လက္ခဏာများကို တွေ့ရသည်။ သို့သော် သူ၏ အုပ်ချုပ်မှု သက်တမ်း ပထမ ခြောက်နှစ် အ တွင်း မွတ်စလင် အသိုက်အမြုံကြီးမှာ ဘိုင်ဇင်တိုင်း အင်ပါယာမှ ဆိုက်ပရပ်စ်၊ မြေထဲပင်လယ် အရှေ့ပိုင်းနှင့် မြောက် အာဖရိက ထရီပိုလီ (ယခုအခေါ်လစ်ဗျား)၊ အာမေးနီးယားမှ ကော့ကေးဆပ်၊ အီရန်နိုင်ငံ အော့စပ် မြစ်တစ်လျှောက်၊ အာဖဂန် နိုင်ငံ၊ အီရတ်နှင့် အိန္ဒိယ တိုက်ငယ် ဆင်းဒ်ပြည်နယ် အထိ ကျယ်ပြန့် ဖွံ့ဖြိုးလာခဲ့သည်။
ထိုသို့ အောင်မြင် ဖွံ့ဖြိုးလာခြင်းနှင့် အတူ နယ်မြေလုံခြုံရေး စစ်တပ်အင်အားမှာလည်း ကြီးထွားလာခဲ့သည်။ သူသည် အွမ္မရ်ကဲ့သို့ပင် သိမ်းသွင်းရရှိသော နယ်မြေများတွင် စစ်သားများ အတွက် ကိုယ်ပိုင် အိမ်ယာများ တည်ဆောက် ခွင့် မပြုခဲ့ချေ။ မက္ကာဟ်မှ ကြွယ်ဝချမ်းသာသော သူများကိုလည်း အသစ်သိမ်းဆည်း ရရှိသော နယ်မြေများတွင် ကိုယ်ပိုင် အိမ်ယာ ပိုင်ဆိုင်မှုကို ခွင့်မပြုခဲ့ပေ။ စစ်သည်များအနေဖြင့် အွမ္မရ်၏ လက်ထက်တွင် သူတို့ အခြေချရာ စစ်စခန်းများ ၌ ဧည့်သည်များကဲ့သို့သာ ဖြစ်ခဲ့သော်လည်း ကာလကြာမြင့်လာသော အခါ၊ သူတို့၏ ဇာတိမြေကဲ့သို့ ဖြစ်လာခဲ့သည်။ သူတို့၏ စစ်နားချိန် အထူးသဖြင့် ဆောင်းရာသီများတွင် အစောင့်စခန်းရှိ နေအိမ်များတွင် အနားယူ နေထိုင်လေ့ရှိ သည်။ ထိုမှ တစ်ဆင့် အခြေကျလာခြင်း ဖြစ်သည်။ သို့ဖြစ်၍ စခန်းအခြေချ သက်တမ်းကြာလာသော ကူဖာနှင့် ဖုစ်တက်တို့တွင် အွတ်စမာန်း၏ ပေါ်လစီအား မကြိုက်သူ များလာခဲ့သည်။ အထူးသဖြင့် အွတ်စမာန်သည် အသစ်သိမ်းဆည်း နယ်မြေများကို အွမ္မရ်ကဲ့သို့ပင် မွတ်စလင်(မ်) စစ်သားများနှင့် မက္ကာဟ်သားတို့အား ခွဲဝေပေး ခြင်းကို ပိတ်ပင်ခဲ့သည်။ ဤသည့် အကြောင်းများကြောင့် အွတ်စမာန်အား ဆန့်ကျင်သူများရှိလာခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ အလီအေ့ ဗနုအဘူတွာလစ်(ဘ်)က သမ္မတ ကြီးအွတ်စမာန်းအား အိတ်ဖွင့်ပေးစာ ပေးခဲ့ဖူးသည်။
အလားတူ သမ္မတကြီး အွမ္မရ်ကိုလည်း အိတ်ဖွင့်ပေးစာ ပေးခဲ့ဖူးကြောင်း သမိုင်းတွင် ဖော်ပြထားသည်ကို တွေ့ရ ပေသည်။
အခြား တစ်ဖက်တွင်လည်း အိုမိုက်ယာ မိသားစုအား အဆင့်မြင့်သော ရာထူးရာခံများကို ပေးသည်ဟု စွပ်စွဲ၍ မဒီနာ မြို့ခံသားများက မကျေနပ်ကြပေ။ သမ္မတ အွတ်စမာန်း လက်ထက်တွင် များစွာသော အိုမိုက်ယာ မျိုးနွယ်များက အဆင့်မြင့် ရာထူးများကို ရရှိခဲ့သည်။ ဥပမာအားဖြင့် တစ်ချိန်က တမန်တော်မုဟမ္မဒ်နှင့် အတိုက်အခံ ဖြစ်သော အဘူ ဆူဖီယာန်၏သား မုအာဝေယာသည် ဆီးရီးယားနိုင်ငံ၏ အုပ်ချုပ်ရေးမှူး ရာထူးကို ခန့်အပ်ခြင်းခံရသည်။ မုအာဝေ ယာသည် အုပ်ချုပ်ရေးတွင် အလွန်ကျွမ်းကျင်၍ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များတွင်လည်း သူမတူအောင် ဆောင်ရွက်နိုင်သူလည်း ဖြစ်သည်။ သို့သော် မဒီနာမြို့ခံသားများ၏ အမြင်တွင် ဖော်ပြပါ ရာထူးမျိုးကို တမန်တော် ၏ အတိုက်အခံဟောင်း အဘူဆူဖီယာန်၏ သား မုအာဝေယာထက် တမန်တော်၏ အထူး အခွင့်အရေး ပေးခြင်းခံ ရသော အာန်ဆွာရ်ခေါ် မဒီနာမြို့ခံသားတို့က ပိုမို၍ ရထိုက်သည်ဟု ယူဆခဲ့ကြသည်။
အခြား ကိစ္စရပ် တစ်ခုမှာ- ထိုခေတ်ထိုအခါက မွတ်စလင်မ်များ အတွင်း ကုရ်အာန်ကို အလွတ် အာဂုံဆောင် ထားသူများသည် သာသနာရေးရာ၌ အကြီးအကဲများ ဖြစ်ကြသည်။ ထိုအာဂုံဆောင်များသည် အာရဗ် မျိုးနွယ်စု ၇-စု၏ လေသံဖြင့် ကုရ်အာန်ကို ရွတ်ဖတ်ခဲ့ကြသည်။ အလိုက် သံစဉ်ကွဲပြားသော်လည်း ကုရ်အာန်၏ စားသား အဓိပ္ပါယ် မှာ ကွဲပြားခြင်း မရှိချေ။ မြန်မာ စာအုပ်အား မန္တလေး လေသံ၊ ရန်ကုန်လေသံ၊ မော်လမြိုင်လေသံ၊ ရခိုင်လေသံ နှင့် ဖတ်ရွတ်သကဲ့သို့သာ ဖြစ်သည်။ သို့သော် ကျယ်ပြန့်လာသော အစ္စလာမ့် ကမ္ဘာတွင် အာရဗ်လူမျိုး တစ်မျိုးတည်းသာ မဟုတ်တော့ဘဲ၊ ဥရောပမှ- အာဖရိက အာရှထိ ကျယ်ပြန့်နေပေပြီ။ လူမျိုးစုံ ဘာသာစကားစုံ ရောနှောနေပေပြီ သို့ဖြစ်၍ လူမျိုး မတူသူများ၊ နောင်လာ နောက်သားများသည် ကုရ်အာန်အား နားလည်မှု လွဲမှားသွားနိုင်သည်ဟု ရတက် မအေး ဖြစ်လျှက် အွတ်စမာန်းက ထိုကွဲပြားနေသည့် သံစဉ် အလိုက် ၇-မျိုးအနက် ယနေ့မွတ်စလင် အများစု



ရွတ်ဖတ်သော သံစဉ်တစ် မျိုးတည်းကိုသာ အတည်ပြုပြီး အခြားသံစဉ်အလိုက် ၆ မျိုးကို ပယ်ဖျက်ခဲ့သည်။ ထိုဆောင် ရွက်ချက်ကြောင့် သူတို့၏ သံစဉ်ကို ပယ်ဖျက်ခံရသော မျိုးနွယ်စုများက အွတ်စမန်းကို မကျေနပ်ကြပေ။
ထိုသို့ သမ္မတ အွတ်စမာန်း၏ ကုရ်အာန်နှင့်စပ်လျဉ်းသော လုပ်ဆောင်မှုကို မွတ်စလင်(မ်) သမိုင်းဆရာအချို့က တမန်တော် မုဟမ္မဒ် လက်ထက်က ကုရ်အာန်ကို ကျမ်းအဖြစ် တစ်စုတစ်ဝေးတည်း စုစည်းနိုင်မှု မရှိခဲ့သည့် အတွက် အွတ်စမာန်း လက်ထက်မှ စာအုပ်အဖြစ် စုစည်းခဲ့သည်ဟု မှားယွင်းစွာ ဖော်ပြသည်များလည်း ရှိပေသည်။ ထိုသို့သော သမိုင်းမှတ် တမ်းသည် ကုရ်အာန်၏ အခြေခံမှုဖြစ်သည့် “ကုရ်အာန်ကို ချမှတ်ပေးခြင်း၊ ကုရ်အာန်ကို စုစည်းခြင်း၊ ကုရ်အာန်ကို ထိန်းသိမ်းခြင်းမှာ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏တာဝန်သာ ဖြစ်သည်။” (ကုရ်အာန် ၇၅း၁၇၊ ၁၅း၉) ဟူသည့် ဥပဒေ နှင့် လုံးဝ ဇီလာဆန့်ကျင်လျှက် ဖြစ်တော့သည်။

သမိုင်းဆရာများ၏ အဆိုမှာ ကုရ်အာန်သည် တမန်တော် မုဟမ္မဒ် လက်ထက်က ကုရ်အာန်ကို ကျောက်တုံးများ၊ သား ရေများတွင် မှတ်တမ်းတင်ထားခဲ့သည်။ ထိုသားရေများ၊ ကျောက်တုံးများမှ စာသားများကို အွတ်စမာန်း လက် ထက်တွင် စာအုပ် အဖြစ် စုစည်းခဲ့သည် ဟု ရေးသား ဖော်ပြကြသည်။ ထို သမိုင်းဆရာတို့၏ အဆိုသည် ကုရ်အာန် ၉၈း၂ ပါ "မုဟမ္မဒ်သည် အလွန်စင်ကြယ်သော ကျမ်း၏ စာမျက်နှာများကို ဖတ်ကြားပြ၏။"ဟု လည်းကောင်း၊ ၂း၂ တွင် "ဤသည် ကျမ်းဂန်တစ်ဆူ ဖြစ်သည်။ ထိုကျမ်းဂန်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဒွိဟသံသယ မဖြစ်လေနှင့်။ ထိုကျမ်းသည် မွတ္တကီ (ခေါ်) တုန္ဒိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ သိစိတ်ရှိသူများအဖို့ လမ်းညွှန်မှု ဖြစ် သည်၊" ဟုလည်းကောင်း၊ ၉၆း၄ တွင် "ထိုအရှင်သည် ကလောင်တံအားဖြင့် သင်ကြားပေးခဲ့သည်၊"ဟု ဆိုထားခြင်း များနှင့် ကိုက်ညီခြင်း လုံးဝ မရှိချေ။ ၉၈း၂ တွင် ဆိုသော စာရွက်များ ဆိုသည်ကို စာရွက် တစ်ရွက်ဟု အနက် ကိုပေး သည့် အရဗီဝေါဟာရ]]ဆွဟီဖဟ်}}၏ အများပြ ]]ဆိုဟိုဖန်" ဟု ဖြစ်၍ အဓိပ္ပာယ်မှာ ပေရွက်များဖြင့် ချုပ်ထားသော စာအုပ်၏ စာမျက်နှာများ ဖြစ်သည် သို့မဟုတ် စာရွက်များဖြင့် ချုပ်ထားသော စာအုပ်၏ စာမျက်နှာများ ဖြစ်သည်။ ထိုပေရွက်များ (ဝါ) စာရွက်များကို ကလောင်တံဖြင့်သာ ရေးသားရပေသည်။ ထိုပေရွက်များ (ဝါ) စာရွက်များကို စုစည်း၍ ချုပ်လုပ်ထားသည်ကို စာအုပ်ဟု ခေါ်ဆိုကြောင်း ကုရ်အာန်ပါ ထိုအာယသ်များက မီးမောင်းထိုးပြထားပြီး ဖြစ်သည်။
ယနေ့ခေတ်တွင် ပင်လျှင် တမန်တော် မုဟမ္မဒ်၏လက်ထက်မှ စာရွက်များပေါ်တွင် ရေးသား မှတ်တမ်းတင်ထားသော ရှေးဟောင်း ကျမ်းဂန် ကုရ်အာန် လက်ရေးမူများကို ပြတိုက်များတွင် တွေ့ရှိရပေသည်။
အေဒီ ၆၅၆ တွင် အွတ်စမာန်ကို မကျေနပ်သော ကိစ္စရပ်သည် အမြင့်ဆုံး အခြေအနေသို့ ဆိုက်ရောက်ခဲ့ ရုံမက လုံးလုံး လျားလျား ပုန်ကန်ခဲ့ကြသည်။ ဖုစ်တာ့တ်မှ စစ်သည် အုပ်စုသည် မဒီနာသို့ ပြန်လာ၍ ၎င်းတို့၏ အခွင့် အရေးများကို တောင်းဆိုရန်ဟူသော အကြောင်းပြချက်ဖြင့် အွတ်စမာန်အား နေအိမ်၌ပင် လုပ်ကြံ သတ်ဖြတ်ခဲ့ ကြ သည်။ ထို့နောက် သူတို့က အလီသည် မွတ်စလင်(မ်)များ၏ သမ္မတဖြစ်သည်ဟု ကြေညာခဲ့ကြသည်။

## အလီ (အေဒီ ၆၅၆ - ၆၆၁) (စတုတ္ထသမ္မကြီး)

သမ္မတ အွတ်စမာန်း လုပ်ကြံ ခံခဲ့ရပြီးနောက် မွတ်စလင်(မ်)များ၏ သမ္မတ အဖြစ် အလီအား တင်မြှောက်ခဲ့သည်။ အလီသည် ကလေးသူငယ် ဘဝကပင် အစ္စလာမ် သာသနာကို လက်ခံခဲ့သူ တစ်ဦး ဖြစ်သည်။ တမန်တော် မုဟမ္မဒ်နှင့် အနီးကပ် လက်ပွန်းတတီး နေထိုင်ခဲ့ခြင်းဖြင့် တမန်တော်ထံမှ သာသနာဆိုင်ရာ အတွေးအခေါ် အယူဝါဒများကို လည်း အနီးကပ် ဆည်းပူးခဲ့သူ ဖြစ်သည်။ အလီသည် တိုက်ရည်ခိုက်ရည် ကောင်းသော စစ်သားတစ်ဦး ဖြစ်သကဲ့သို့ စာရေးကောင်းသူ တစ်ဦးလည်း ဖြစ်သည်။ အလီက ၎င်း၏ စစ်ဦးစီးများထံ ရေးသားသော သဝဏ်လွှာများတွင် တရားမျှတမှု အရေး ကြီးပုံနှင့် မိမိတို့၏ လက်အောက် ငယ်သားများအား ဆက်ဆံရာတွင် ကရုဏာတရား ထားရှိရန်



အကြောင်းများ ပါဝင်လေသည်။ ထိုသဝဏ်လွှာများကို ဘာသာရေးကျောင်းများတွင် ယနေ့တိုင် သင်ကြားပေးလျက် ရှိနေသည်။ အလီသည် တမန်တော် မုဟမ္မဒ်နှင့် အလွန် နီးစပ်မှု ရှိသူ ဖြစ်သော်လည်း ယခင့် ယခင်သမ္မတများ ကဲ့သို့ မွတ်စလင်(မ်) အသိုက် အမြုံကြီး တစ်ခုလုံး၏ ရာနှုန်းပြည့် ထောက်ခံမှုကို မရရှိခဲ့ပေ။ အလီအား ထောက်ခံသူများမှာ မဒီနာမြို့ခံသားများနှင့် အွတ်စမာန် လက်ထက်က အိုမိုက်ယာ မျိုးနွယ်အား အဆင့်မြင့် ရာထူးပေးခြင်းကို မကျေ နပ်ကြသည့် မက္ကာဟ် သားများ ဖြစ်ကြသည်။
ထိုမက္ကာဟ်သားများသည် အီရတ်တွင် စစ်စခန်းချ နေထိုင်စဉ်တွင်ပင် ၎င်းတို့၏ရိုးရာဓလေ့ကို စွဲကိုင်ထားသူများ ဖြစ် ကြသည်။ ၎င်းတို့သည် အစီးအနင်းယာဉ်များဖြင့် အုပ်စုဖွဲ့၍ နယ်လှည့် ကူးသန်းရောင်းဝယ်သူများ ဖြစ်ကြသည်။
ယခုအခါ ကူဖာမြို့၏ မြို့စောင့်တပ် စခန်းတွင် နေထိုင်ကြ၍ ထိုတပ်စခန်းသည် နောက်ပိုင်းတွင် အလီအတွက် အမာ ခံ နယ်မြေတစ်ခု ဖြစ်လာခဲ့သည်။

## အလီလက်ထက် ပြည်တွင်းစစ်

အလီသမ္မတ ဖြစ်ချိန်မှ စ၍ မွတ်စလင်(မ်) အသိုက်အမြုံကြီး အတွင်း အချင်းချင်း စစ်ခင်း၍ ငါးနှစ်ကြာ ပြည်တွင်း စစ် ဖြစ်ရန် အကြောင်း ဖန်လာခဲ့သည်။ ထိုမှစ၍ မွတ်စလင်(မ်) အသိုက်အမြုံကြီး အတွင်း ဂိုဏ်းဂဏများ စတင် ကွဲပြားရန် သန္ဓေတည်လာတော့သည်ဟု ဆိုရပေတော့မည်။
အလီအား အကြည်ညိုပျက်လာရသော အကြောင်းရင်းများမှာ သူသည် မွတ်စလင်(မ်)များ၏ စတုတ္ထသမ္မတ ဖြစ် သည်။ ထိုကြောင့် တတိယ သမ္မတ အွတ်စမာန်းအား လုပ်ကြံသူကို ဖမ်းဆီးအရေးယူပေးရမည် ဖြစ်သည်။ ထိုအမှု ကိစ္စသည် အလီအတွက် ဆုံးဖြတ်ရန် ခက်ခဲလျှက် ဘေးကြပ်နံကြပ်ဖြစ်ခဲ့ရသည်။ အလီအား ထောက်ခံသူများအနက် အချို့က လူသတ် တရားခံအား အရေးမယူရန် တိုက်တွန်းကြသည်များ ရှိ၍ အလီကိုယ်တိုင် သူ့လူများကို သူမ ပိုင် ခဲ့ချေ။ အခြား တစ်ဘက်တွင် လူသတ်တရားခံအား အရေး မယူပေးသောကြောင့် သူ့အား ထောက်ခံသူများမှ တစ်ချို့သည် သူ့ထံမှ ခွဲထွက်သွားကြပေသည်။

### ကုလားအုပ်စစ်ပွဲ

အလီသည် လူသတ်တရားခံအား အရေးမယူပေးသောကြောင့် တမန်တော် မုဟမ္မဒ်၏ ကြင်ယာတော် အာအေရှဟ်က သူမ၏ ဆွေမျိုးတော်စပ်သူ သာလဟာနှင့် တမန်တော် မုဟမ္မဒ်၏ မိတ်ဆွေ ဖြစ်ခဲ့သူ ဇိုဗေးရ်တို့ကို ဦးဆောင်စေ၍ အလီအား တိုက်ခိုက်ရန် မဒီနာမှ အီရတ်သို့ စစ်ချီခဲ့ကြသည်။ ထိုသို့ စစ်ချီလာစဉ်တွင် အလီ၏ ရုံးစိုက်ရာ ကူဖာမြို့မှ အချို့သော သူများကလည်း အလီဆီမှ ခွဲထွက်သွားကြောင့် အလီသည် မဒီနာမှ စစ်ချီလာခြင်းကို ရင်မဆိုင်ဘဲ ဘာဆ ရာမြို့မှ ကူဖာမြို့သို့ သွားရောက် ခိုလှုံခဲ့ရလေသည်။ နောက်ပိုင်း ကူဖာမြို့တွင် စစ်အင်အား ဖြည့်တင်း၍ ဘာဆရာ တွင် ရောက်ရှိနေသော အတိုက်အခံများအား လွယ်လွယ်ကူကူနှင့်ပင် တိုက်ထုတ်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် အလီ သည် ကူဖာမြို့ကို မြို့တော် အဖြစ်သတ်မှတ်၍ အုပ်ချုပ်ခဲ့သည်။ အလီနှင့်တိုက်သော ထိုတိုက်ပွဲတွင် အာအေရှဟ် ကိုယ်တိုင် ကုလားအုတ်စီး၍ ဝင်ရောက် တိုက်ခိုက်ခဲ့သည့် အတွက် ကုလားအုတ် စစ်ပွဲဟု သမိုင်းတွင်ခဲ့ပေသည်။ ထိုစစ် ပွဲအပြီးတွင် အလီသည် သူ့အား ထောက်ခံသူများကို ရာထူးရာခံများနှင့် လက်ရဖမ်းဆီး ရမိသောပစ္စည်းများကို ခွဲဝေ ပေးခဲ့သည်။ တစ်ချိန်က ပါရှန်းအင်ပါယာ အတွင်း၌ စိုက်ပျိုးရေးဖြင့် ဝင်ငွေကောင်းသော ]]ဆာဝဒ်}} ပြည်နယ် ကို လည်း သိမ်းပိုက်ခဲ့သည်။

အွတ်စမာန်ကို လုပ်ကြံသတ်ဖြတ်ခဲ့သူသည် အလီအားထောက်ခံသူ ဖြစ်၍ အလီကလည်း ထိုသူအား ယခုထက်တိုင် အရေး မယူသည့် အတွက် မွတ်စလင်(မ်) အများစုက အလီအား ကြီးမားသော သံသယလွှမ်းနေခဲ့ရာ၊ သိမ်းပိုက် နယ် မြေများကို ပါဝင်တိုက်ခိုက်သော စစ်သည်များအား ခွဲဝေ ပေးခဲ့သော်လည်း အလီသည် စစ်သားများ၏ ကျေနပ် နှစ် သက်မှုကို အပြည့်အဝ မရရှိခဲ့ပေ။

၃၄ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

### ဆီးရီးယားအုပ်ချုပ်ရေးမှူး၏ သဘောထား

ထိုလူသတ် တရားခံအား အရေးမယူ နိုင်ခဲ့သောကြောင့်ပင်လျှင်။ ဒမတ်စကတ်မြို့ကို မြို့တော်အဖြစ် သတ်မှတ်၍ ဆီးရီး ယား နိုင်ငံအား အုပ်ချုပ်နေသော အုပ်ချုပ်ရေးမှူး မိုအာဝေယာသည် အလီ၏ အုပ်ချုပ်ရေး အစိုးရကို အသိ အမှတ် မပြုခဲ့ပေ။ မိုအာဝေယာသည် ချမ်းသာကြွယ်ဝသော မက္ကာဟ်သားများ၏ ထောက်ခံအားပေးမှုကို ရရှိသူ လည်းဖြစ်သည်။ မိုအာဝေယာသည် လုပ်ကြံခံရသော အွတ်စမာန်နှင့် ဆွေမျိုးတော်စပ်သူ ဖြစ်သည့်အလျောက် အွတ် စမာန်အား သတ်သူကို အရေးယူရန်မှာ သူ၏တာဝန် ဖြစ်သည်ဟု ခံယူခဲ့သူလည်း ဖြစ်သည်။ သူ၏ အုပ်ချုပ်ရေး အောက်တွင် ရှိသော ပြည်သူများက သူ့အား အမြော်အမြင်ကြီးသော ခေါင်းဆောင်ကောင်း တစ်ဦး အဖြစ်လည်း လက် ခံထားကြသည်။ အလီအနေဖြင့် မိုအာဝေယာသည် သူ့ထက် အစစအရာရာ၌ သာသည်ဟု သိထားသည် ဖြစ်၍ မိုအာ ဝေယာ၏ ဘက်သို့ မည်သည့် ဆန့်ကျင်ဘက် ခြေလှမ်းကိုမျှ မလှမ်းခဲ့ပေ။

တမန်တော် မုဟမ္မဒ်၏ရှုထောင့် အမြင်တွင်လည်း တည်ကြည်ဖြောင့်မတ်သော၊ မျိုးနွယ် အချင်းချင်း ဖြစ်စေ၊ အဆွေ တော် အချင်းချင်း ဖြစ်စေ တစ်ဦးကို တစ်ဦး တိုက်ခိုက်ခြင်းအား တားမြစ်ထားပြီး ဖြစ်သည်။ တမန်တော် မုဟမ္မဒ် သည် ဖော်ပြပါ ခံယူချက်အားဖြင့် အစိတ်စိတ် အမွှာမွှာ ဖြစ်နေကြသော လူ့အဖွဲ့ အစည်းကြီးကို အလွန် စည်းလုံး ညီညွတ် ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထို မူဝါဒများအား လိုက်နာလိုသော အားဖြင့် ထိပ်တိုက် ဆုံတွေ့ တော့မည့် အုပ်စုနှစ်စုသည် မွတ်စလင်(မ်) အသိုက်အမြုံကြီး အတွင်း ချောက်ချား ထိတ်လန့် ဖွယ်ရာများမှ ရှောင်နိုင် ရန် အလို့ငှာ တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်၍ ဖြေရှင်းသောနည်းကို စွန့်လွှတ်ခဲ့ကြသည်။

### တိုင်တည်ကျိန်ဆိုရန် တောင်းဆိုချက်

အေဒီ ၆၅၇ တွင် ယူဖရေးတီး အရပ် စစ်ဖင်မြို့၌ နှစ်ဖက် ကိုယ်စားလှယ်များက အွတ်စမာန်အား သတ်သူကို အရေး ယူရေး၊ မယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ ကျင်းပခဲ့ရာ တိကျသော ဆုံးဖြတ်ချက် မချမှတ်နိုင်ခဲ့ပေ။ မိုအာဝေယာ ကို ထောက်ခံသူများဘက်မှ ကုရ်အာန်ကို လှံထိပ်တွင်တင်လျှက် အလယ်ဗဟိုတွင်ထားပြီး ခုံသမာဓိများ၏ ရှေ့တွင် မုဘာဟီလာ ဟုခေါ်သော တိုင်တည် ကျိန်ဆိုချက် ပြုရန် တောင်းဆိုသည်။ ထိုတောင်းဆိုချက်သည် ကုရ်အာန်အရ  နည်းမျိုးစုံအားဖြင့် ညှိနှိုင်းဆွေးနွေး၍ မရနိုင် တော့သော အခြေအနေတွင် နောက်ဆုံးပြုလုပ်ရ မည့်နည်းဖြစ်သည်။ တမန်တော် မုဟမ္မဒ်အား ဂျူးများက အစ္စလာမ် ဟူသော သာသနာသည် မှန်ကန်မှု မရှိကြောင်း စွပ်စွဲပြောဆိုခဲ့စဉ် ထိုနည်းသုံးရန် ကုရ်အာန်က ခွင့်ပြုခဲ့သည်။ အလားတူ ဖြစ်ရပ်အတွက် ခရစ်ယာန်များနှင့်လည်း ထိုနည်းကို သုံး၍ ဖိတ်ခေါ် ခဲ့သည်။ သို့သော် သူတို့ဘက်မှာ ရှောင်တိမ်းခဲ့ကြပေသည်။ ၃း၆၁။ ၆၂း၆

ယခုအမှုတွင် မုအာဝေယာဘက်မှ တောင်းဆိုချက်မှာ “ အလီက ထိုလူသတ်တရားခံအား အရေးမယူခြင်းသည် မှန် ကန်သည်ဟု ခံယူပါက ထိုခံယူချက် မှန်ကန်ကြောင်း ကုရ်အာန်နှင့် ခုံသမာဓိများ ရှေ့တွင် တိုင်တည်ကျိန်ဆိုရမည် ဖြစ် သည်။ အလားတူပင် မိုအာဝေယာကလည်း ထိုလူသတ်တရားခံအား အရေးယူရမည်မှာ မှန်ကန်ကြောင်း သူ၏ ခံယူချက်ကို ကုရ်အာန်နှင့် ခုံသမာဓိများ ရှေ့တွင် တိုင်တည်ကျိန်ဆိုရမည် ဖြစ်သည်။”

မိုအာဝေယာက အလီသည် ထိုတိုင်တည် ကျိန်ဆိုမှု ပြုခြင်းကို ငြင်းခဲ့ပါက အလီ၏ အစိုးရကို ဖြုတ်ချ၍ မိမိ ကိုယ်မိမိ သမ္မတ အဖြစ် ကြေညာမည် ဖြစ်သည်။ ထို တိုင်တည်ကျိန်ဆိုရန် ဖိတ်ခေါ်ချက်ကို လက်ခံရန် အလီအား ၎င်း၏ အဆင့်မြင့် အရာရှိများက တိုက်တွန်းခဲ့သည်။ သို့သော် လက်မခံရန် အကြံပေးသူများလည်း တစ်ချို့ရှိခဲ့သည်။
အလီသည် ထို လက်မခံရေးမှုကို အတည်ပြုလျှက် မိုအာဝေယာဘက်မှ တောင်းဆိုမှုကို ဆန့်ကျင်ကာ အွတ်စမာန်အား လုပ်ကြံခဲ့သူကို အပြစ်ပေးခြင်းမှ လွတ်ပေးခဲ့သည်။

ခရာဂျိုက် ခွဲထွက်ရေးသမားများ
ထိုကဲ့သို့ အလီ၏ ရပ်တည်ချက်သည် ကုရ်အာန်က ပြဋ္ဌာန်း ထားသော လူသတ်မှု ကျူးလွန်သူအား ညီမျှစွာ အရေး ယူရမည်ဟူသည့် ၂း၁၇၈ ဥပဒေအား ချိုးဖေါက်သည်ဟု စွပ်စွဲ ချက်ဖြင့် အလီ၏ အုပ်ချုပ်ရေးအောက်မှပင် ခွဲထွက်



သူများ ရှိခဲ့ပြန်သည်။ ထိုခွဲထွက်ခဲ့သူများသည် မိမိတို့၏ ကိုယ်ပိုင်စစ်တပ်များ၊ ကိုယ်ပိုင်တပ်စခန်းနှင့် လွတ်လပ်စွာ ရပ် တည်ခဲ့ကြသည်။ ၎င်းတို့ကို ]ခရာဂျိုက်} (ခေါ်) ခွဲထွက်ရေးသမားများဟု သမိုင်းတွင် ဖေါ်ပြပေသည်။ ဤသည် တမန် တော် မုဟမ္မဒ် တည်ဆောက်ခဲ့သော မွတ်စလင်(မ်) အသိုက်အမြုံကြီး အတွင်းမှ ပထမဦးဆုံး ခွဲထွက်ခဲ့သော အုပ်စု ကွဲ ကြီး ဖြစ်ပေသည်။
သမ္မကြီး အလီသည် ထို ခရာဂျိုက် ခွဲထွက်ရေး သမားများကို တိုက်ခိုက်ချေမှုန်း နိုင်ခဲ့သော်လည်း ခရာဂျိုက်များ၏ အယူအဆဖြစ်သည့် မည်မျှ မြင့်မြတ်သူ ဖြစ်စေကာမူ ကုရ်အာန်၏ ညွှန်ကြားချက် ဥပဒေနှင့် ဆန့်ကျင်သူ ဖြစ်က သူ့ အမိန့်အား နာခံရန် မလိုအပ်၊ တမန်တော် မုဟမ္မဒ်သည်ပင်လျှင် ကုရ်အာန်၏ ဥပဒေဘောင်ကို ကျော်လွန် နိုင်ခွင့် မရှိခဲ့၊ မွတ်စလင်(မ်)ဟူသည် ကုရ်အာန်ပြ စနစ်ဇယားအတိုင်း ခံယူချက်၊ ရပ်တည်ချက်၊ လုပ်ဆောင်ချက်များဖြင့် ရှင် သန်နေသူများဖြစ်၍ တုနှိုင်းမဲ့ကိုး ကွယ်ရာ အရှင်၏ ရှေ့မှောက်တွင် တစ်ပြေးညီ တူညီသော အခွင့်အရေးများ ရှိ၏ ဟူသည့် အတွေးအခေါ်များကို လူထုတွင်းသို့ ထိုးဖောက်မျိုးစေ့ချနိုင်ခဲ့သည်။
ခရာဂျိုက်များ၏ ခံယူချက်သည် ကုရ်အာန်၏ ဥပဒေအား အခြေခံထားသောကြောင့် လူထုက ထောက်ခံခဲ့သည်။ ထို ခရာဂျိုက်တို့အား ပြင်းထန်စွာ ချေမှုန်းခဲ့သော အလီ၏ လုပ်ဆောင်ချက်ကြောင့် ခရာဂျိုက်များကို ပို၍ပင် ထောက်ခံ လေတော့သည်။

ကြားနေမက္ကာဟ်သားတို့၏ သဘောထား
အစပိုင်းတွင် မိုအာဝေယာနှင့် အလီတို့၏ စပ်ကြား၌ ကြားနေ အဖြစ် ရပ်တည်ခဲ့သော မက္ကာဟ်သားတို့အနက်အချို့ သည် မိုအာဝေယာ ဘက်မှ တောင်းဆိုသော တိုင်တည် ကျမ်းကျိန်မှုအား အလီက လက်မခံခဲ့ခြင်း မိုအာဝေယာ၏ ဘက်သို့ ထောက်ခံ ပူးပေါင်းသွားခဲ့သည်။
အလီ၏ အုပ်ချုပ်ရေး အဓိကနယ် ဖြစ်သော ကူဖာ၌ပင် ခရာဂျိုက်များကို ထောက်ခံသူ များလာကာ သမ္မအမည်ကို ခံထားသော အလီသည် မွတ်စလင်(မ်) အသိုက်အမြုံကြီး၏  အနည်းငယ်ကိုသာ အုပ်ချုပ်နိုင်ခဲ့၍ မိုအာဝေယာသည် ကား မွတ်စလင်(မ်)များ၏ ထောက်ခံမှုကို ပိုမိုရရှိလျှက် ပိုမိုကျယ်ပြန့်သော နယ်မြေများကို ထိန်းထားနိုင်ခဲ့သည်။
တမန်တော် မုဟမ္မဒ်၊ အဘူဘကရ်၊ အွမ္မရ်နှင့် အွတ်စမာန်တို့သည် မဒီနာကို မြို့တော် အဖြစ် သတ်မှတ်၍ အုပ်ချုပ် ရေးကို တည်ဆောက်ခဲ့သော်လည်း  အလီ၏ လက်ထက်တွင် ကူဖာမြို့ကို မြို့တော် အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပေ သည်။ အခြားတစ်ဘက်တွင် မိုအာဝေယာ၏ စင်ပြိုင် အစိုးရသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ကို မြို့တော် အဖြစ် သတ်မှတ်၍ ရပ်တည်ခဲ့ပေသည်။
မိုအာဝေယာသည် ဒုတိယအကြိမ် ]မိုဘာဟီလာ} ပြုရန် ကြေညာခဲ့သည်။ ထို]မိုဘာဟီလာ} စိန်ခေါ်ပွဲကြီးသည် မွတ်စ လင်(မ်) အသိုက်အမြုံကြီး တစ်ခုလုံးကို အုပ်ချုပ်မည့် သမ္မတ ရွေးချယ်ရန် ဖြစ်သည်။ သို့သော် ထို စိန်ခေါ်ပွဲ အား မည်သူမှ မပါဝင်ခဲ့သည့် အတွက် အထမမြောက်ခဲ့ချေ။ သို့သော် ထို့နောက်တွင် မိုအာဝေယာသည် အာရေး ဗီးယား တစ်ခုလုံးကို အုပ်ချုပ်ရန် အတွက် အနှောင့်အယှက် အဟန့်အတားများကို ဖယ်ရှားနိုင်ခဲ့သည်။
အေဒီ ၆၆၁တွင် ခရာဂျိုက်များ၏ လုပ်ကြံမှုကြောင့် အလီ ကွယ်လွန်သွားခဲ့သည်။ ထိုအခါ အလီအား ထောက်ခံကြ သော ကူဖာသားတို့က အလီ၏ သားကြီး ဟစန်ကို အလီ၏ နေရာတွင် ဆက်လက် အစားထိုး အုပ်ချုပ်ရန် စီစဉ် ခဲ့ ကြ သည်။ သို့ရာတွင် ဟစန်သည် နိုင်ငံရေးမှ အနားယူတော့မည် ဖြစ်ကြောင်း မိုအာဝေယာနှင့် သဘောတူညီခဲ့ပြီး ဖြစ် သည်။ ဟစန်သည် အေဒီ ၆၆၉ ခုနှစ် သူကွယ်လွန်ချိန် အထိ နိုင်ငံရေး မလုပ်ဘဲ အငြိမ်းစားယူခဲ့သည်။
ထိုအချိန်မှ စတင်၍ မိုအာဝေယာသည် ဒမတ်စကတ်ကို မြို့တော် အဖြစ် ဗဟိုပြု၍ မွတ်စလင်(မ်)ထု တစ်ရပ်လုံးကို စည်းလုံးညီညွတ်စွာ အုပ်ချုပ်နိုင်ရန် အတွက် ကြိုးပမ်းအားထုတ်ခဲ့သည်။ သို့ရာတွင် တစ်ချိန်က အီရတ်အစိုးရနှင့်  ဆီးရီးယား အစိုးရ ဟူ၍ ခွဲခြား အုပ်ချုပ်ခြင်းကို ခံခဲ့ရပြီးသော မွတ်စလင်(မ်)များသည် ယခုကဲ့သို့ မိုအာဝေယာ တစ်ဦးတည်း၏ အုပ်ချုပ်မှု အောက်တွင် ရှိစေကာမူ အင်အားစု နှစ်ခုအကြား အငြိုးအတေးများ ရှိနေခဲ့ကြသည်။ အချို့မွတ်စလင်(မ်)များက အသတ်ခံရသော အလီသည် တမန်တော် မုဟမ္မဒ်၏ အလွန်နီးစပ်သော ဆွေမျိုး တစ်ဦး

ဖြစ်သည်။ ကလေးဘဝကပင် အစ္စလာမ် သာသနာကို လက်ခံလာခဲ့ပြီး ဘာသာတရား အလွန် ကိုင်းရှိုင်းသော ခေါင်း ဆောင်တစ်ဦး ဖြစ်သည်။ တမန်တော် မုဟမ္မဒ်ထံမှ သာသနာ့ ဆိုင်ရာ အရည်အသွေးများကို အထူးသီးသန့် ရရှိခဲ့ သူ လည်း ဖြစ်သည်ဟု ခံယူ ခဲ့ကြသည်။
အခြား တစ်ဖက်တွင်မူ အလီ၏ ကံကြမ္မာသည် ၎င်း၏ မိတ်ဆွေများနှင့် ရန်သူများကပါ သစ္စာဖောက် ခြင်းခံရသော လက္ခဏာများကို ကြည့်ခြင်း အားဖြင့် အလီသည် ပင်ကိုကပင် တရားမျှတမှု မရှိသူတစ်ဦးဟု ပြောဆိုစွပ်စွဲ ခဲ့ကြသည်။ သို့ဖြင့် အလီအား ထောက်ခံသူနှင့် မထောက်ခံသူများ အကြား ရန်ငြိုးကြီးထွား လာခဲ့ကာ နိုင်ငံရေးပရောဂများ ဝင်
ရောက်ဖက်လာခြင်းဖြင့် အချင်းချင်း စိတ်ဝမ်းကွဲမှုများသည် အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။ အလီ ရှိစဉ် ကပင် အလီ၏ အမည်ကိုကြားသည်နှင့် ခရာဂျိုက်များက ]]အတ်(စ်)ဝ သွလ္လာဟ် ဝဂ်ျဟဟု}} ၎င်း၏ မျက်နှာသည် ဘုရားရှင်ထံမှ အဝိဇ္ဇာအမှောင်သင့်ပါစေ ဟု ရေရွတ်ကြ၍ ၎င်းကို တန်ပြန်ခြင်းအားဖြင့် အလီ၏ ဘက်တော်သား များက ]]ကရ်ရာမလ္လာဟ်ဝဂ်ျဟဟု}} ဘုရားရှင်ထံမှ ကျက်သရေမင်္ဂလာဖြင့် လင်းဝင်းပါစေဟု ဆိုခဲ့ကြသည်။ ထို့အပြင် အလီအား ထောက်ခံသူတို့သည် သူတို့ကိုယ်သူတို့ ]]ရှီယာအေအလီ}} (ဝါ) အလီ၏ အဖွဲ့သားများဟု ခေါ်ဆို သတ် မှတ်ကာ အလီကိုပင် ]]မောက်လာအလီ}}အရှင်သခင် အလီဟု ခေါ်ဆိုခဲ့ကြသည်။
အလီ သမ္မတ ဖြစ်ချိန်တွင် သူ့အား သစ္စာခံသူများရှိ သကဲ့သို့ အလားတူ အွတ်(စ်)မာန်ကို လုပ်ကြံသူအား အရေး မယူ မှုကြောင့် ခွဲထွက်သွားသူများလည်း ရှိသည်။ ခွဲထွက်သူ ခရာဂျိုက်များသည် အလီအား မကြိုက် သကဲ့သို့ မိုအာ ဝေ ယာ ကိုလည်း မထောက်ခံကြချေ။ နှစ်ဘက်လုံးအား ဆန့်ကျင်သူများ ဖြစ်ကြသည်။ အလီ၏ ဘက်တော်သားများ နှင့် ခရာဂျိုက်များသည် မိုအာဝေယာ၏ အုပ်ချုပ်ရေးကို တော်လှန်ပုန်ကန်ရန် အကြီးအကျယ် လှုံ့ ဆော်သူ များဖြစ် သည်။ တဖန် အလီနှင့် မိုအာဝေယာ တို့၏ ပြဿနာကြောင့် များစွာသော မက္ကာဟ် နွယ်ဘွားများသည် ကြားနေ အ ဖြစ် ရပ်တည်ခဲ့ကြသည်။ အလီ၏ သမ္မတသက်တမ်းတွင်ကား အစ္စလာမ်အုပ်ချုပ်ရေး တိုင်းပြည်ကြီးသည် မငြိမ် မ သက် ဖြစ်ခဲ့ရပေသည်။

ရာရှေဒွန်းခေတ်လွန် မွတ်စလင်မ် မင်းဆက်များ

မိုအာဝေယာ (အေဒီ ၆၆၁ - ၆၈၀)

မိုအာဝေယာသည် အလီ ကွယ်လွန်ပြီး နောက်ပိုင်းတွင် ဆီးရီးယား အုပ်ချုပ်ရေးမှူး အဖြစ်မှ မွတ်စလင်(မ်) အုပ်ချုပ် ဒေသ တစ်ခုလုံး၏ သမ္မတ အဖြစ် ခံယူခဲ့၍၊ စည်းလုံးညီညွတ်မှု ပြိုကွဲလျက်ရှိသော တိုင်းပြည်အား ပြန်လည် စည်းရုံး နိုင်ရန် အစွမ်းကုန် ကြိုးပမ်း ခဲ့သည်။
သူသည် ရှေးသမ္မတကြီးများ၏ အစဉ်အလာ ကဲ့သို့ ရွေးကောက် တင်မြှောက် ခံရခြင်းဖြင့် သမ္မတ ဖြစ်လာခဲ့ခြင်း မ ဟုတ်ချေ။ ဆီးရီးယား အုပ်ချုပ်ရေးမှူး အဖြစ်မှ တစ်တိုင်းပြည်လုံး၏ သမ္မတ အဖြစ် ခံယူကာ တိုးမြှင့် အုပ်ချုပ်ခဲ့ သည့် အတွက် ဆန့်ကျင်သူ များပြားခဲ့သည်။ အလီအား သစ္စာခံခဲ့သော ရှီယာအေ အလီအဖွဲ့ဝင်များကလည်း သူ၏ အုပ်ချုပ်ရေးကို မကျေနပ်ခဲ့ကြပေ။ ထိုအချိန်တွင် စည်းလုံးညီညွတ်မှု ပြိုကွဲနေသော တိုင်းပြည်အား ပြန်လည် စုစည်း နိုင်မည့် သူမှာ မိုအာဝေယာသာ ဖြစ်သည်ဟု ယုံကြည်ကြများလည်း ရှိပေသည်။
နောက်ပိုင်းတွင် မိုအာဝေယာသည် အီရတ်နိုင်ငံထိ တိုးချဲ့ အုပ်ချုပ်နိုင်ခဲ့ကာ ထိုဒေသများအား သူ၏ အုပ်ချုပ်ရေး မှူးများက အုပ်ချုပ်ကြသည်။ သူ၏ အုပ်ချုပ်မှု ပုံစံသည် သမ္မတအွမ္မရ်၏ အုပ်ချုပ်မှု ပုံစံကဲ့သို့ ဖြစ်၍ အွမ္မရ်၏ လမ်းစဉ်အတိုင်း ပုံဖော်ဆောင်ရွက်ခဲ့သည်။ သူ၏ ထူးခြားချက်မှာ ရှိပြီးသား နယ်မြေများနှင့် ပြည်သူများကိုသာ နိုင်နိုင် နင်းနင်းအုပ်ချုပ် နိုင်ရန် ဦးစားပေးခဲ့၍။ ခိုလုံပူးပေါင်းလာမည့် နယ်မြေ အသစ်များ၊ အစ္စလာမ် သာသနာသို့ အသစ် ဝင်ရောက်လာရန် ဆောင်ရွက်မှုများကို ဦးစားမပေးခဲ့ချေ။ အသစ် သိမ်းဆည်းသော နယ်မြေများ အတွင်း တွင် မက္ကာဟ်သားများအား ပိုင်ဆိုင်ခွင့်များကို အွမ္မရ်နှင့် အွတ်စမာန် ကဲ့သို့ပင် ထိန်းချုပ်ထားခဲ့သည်။ ပြည်သူလူ



ထု၏ ဘဝ လုံခြုံရေးကို ဦးစားပေး အုပ်ချုပ်သော ခိုင်မာသည့် အစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအချိန်တွင်လည်း များစွာသော နယ်မြေများနှင့် ထိုနယ်များမှ ပြည်သူများသည် အစ္စလာမ့် အုပ်ချုပ်ရေး အတွင်းသို့ ဝင်ရောက်လာ ဆဲပင်ဖြစ်သည်။
အာရဗ်များသည် ဘုရင်စနစ် အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ အတွေ့အကြုံ မရှိခဲ့ချေ။ သို့ဖြစ်၍ ပထမပိုင်းတွင် မုအာ ဝေယာသည် ၎င်း၏ပတ်ဝန်းကျင်ရှိ ဘိုင်ဇန်တိုင်း အင်ပါယာနှင့် ပါရှန်း အင်ပါယာတို့၏နည်းစနစ်အချို့ကို အတုယူ၍ အုပ်ချုပ်ခဲ့သည်။ ထိုမှတစ်ဆင့် မွတ်စလင်(မ်) အင်ပါယာကြီးကို တဖြည်းဖြည်းချင်း စည်းလုံးညီညွတ်သည့် အခြေ အ နေသို့ ပြုပြင်ပြောင်းလဲ နိုင်ခဲ့သည်။ အခြား တစ်ဖက်တွင်လည်း တရားဥပဒေ စိုးမိုးရေးကို တိုးတက်လာစေ ခဲ့သည်။
ထိုကာလတွင် တိုင်းပြည်အတွင်းရှိ မွတ်စလင်(မ်)များရော မွတ်စလင်(မ်) မဟုတ်သူပါ တိုင်းသူပြည်သားအားလုံးမှာ စားဝတ်နေရေး ချောင်ချိကြလျှက် များစွာသော သူတို့မှာ စီးပွားဖြစ်ခဲ့သည့်အပြင် တရားမျှတမှု အေးရိပ်ကို ခံစား ခဲ့ရပေသည်။ သို့ဖြင့် အခြားသော တိုင်းပြည်များ၏ ကြည်ညိုလေးစားမှုကို ခံရသော အဆင့်သို့ပင် ပြန်လည် ရောက် ရှိလာခဲ့သည်။

မိုအာဝေယာ၏ အုပ်ချုပ်ရေး ကာလတွင် အစ္စလာမ့် အင်ပါယာသည် ပိုမိုကြီးထွား လာသည်နှင့်အမျှ ထိုအုပ်ချုပ်ရေး သည်လည်း ဘုရင်စနစ်ဘက်သို့ ပိုမို၍ ရောက်ရှိလာခဲ့သည်။ မိုအာဝေယာသည် လယ်ယာမြေ စီးပွားရေးစနစ်ကို အခြေခံသော သက်ဦးဆံပိုင် ဘုရင်စနစ်က လက်ရှိအုပ်ချုပ်ရေး စနစ်ထက် ပိုမိုကောင်းမွန်မည်ဟု ခံယူခဲ့လေသည်။ လက်ရှိ အုပ်ချုပ်ရေး စနစ်တွင် စစ်တပ်မှ စစ်ဦးစီးများတွင် လုပ်ပိုင်ခွင့် အာဏာ ပို၍ ရှိနေပြီး စစ်ဦးစီးအချင်းချင်း အင်အား ပြိုင်မှုများလည်း ရှိနေပေသည်။ ထိုသို့ အင်အားပြိုင် ရင်း တိုင်းပြည် မငြိမ်မသက် ဖြစ်နေမည့် အစား အာ ဏာအား ဘုရင်တစ်ဦးတည်းက ချုပ်ကိုင်ထား၍ ဘုရင်၏အမိန့် အာဏာများကို နယ်မြေ အုပ်ချုပ်ရေးမှူးများ ထံသို့ ခွဲဝေပေးထားသော စနစ်ကို ကျင့်သုံးလျှင် ပို၍ ကောင်းမည်ဟု မြင်လာခဲ့သည်။ သို့ဖြစ်၍ ထိုအုပ်ချုပ်မှု စနစ် အောက်တွင် စစ်ဦးစီးများပင် သာမန်ပြည်သူ တစ်ဦးနှင့် အမှုအခင်း ဖြစ်ပွားပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး များ၏ တရားရုံးများသို့ သွားရောက်၍ အဆုံးအဖြတ်ခံ ယူကြရသည်။ သို့ဖြင့် ပြည်တွင်းပြည်ပ အားလုံး၌ ငြိမ်းချမ်း ရေးကို ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုဘုရင်အုပ်ချုပ်ရေး စနစ်သည် ကုရ်အာန်ပါ သွန်သင်ချက်ဖြစ်သည့် လူသား အချင်းချင်း တန်းတူအခွင့်အရေး ရှိရ မည် ဟူသော အချက်နှင့် ကိုက်ညီပါ၏လောဟု မေးစရာ အကြောင်း ရှိလာသည်။ သို့သော် မိုအာဝေယာသည် မဟာ သာဝက တစ်ဦး ဖြစ်သည်။ အုပ်ချုပ်ပုံ ဘုရင်စနစ်မှာ ဘုရင်စနစ် ဖြစ်သော်လည်း ဘုရင်၏ ဩဇာအာဏာကို အ များ ပြည်သူများ၏ အကျိုးအတွက်သာ ဖြစ်စေခဲ့သည်။ အခြားတစ်ဘက်တွင် သူ၏ အုပ်ချုပ်ရေး စနစ်သည် အာရဗ်ရိုးရာ အုပ်ချုပ်ရေး စနစ်နှင့် အလွန်တူနေသည်ကို တွေ့ရသည်။ အာရဗ်များသည် ဘုရင်စနစ်ကို နှစ်သက်သူများ မဟုတ် ပေ၊ သို့သော် ၎င်းတို့၏ ခေါင်းဆောင်က အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး အားလုံးတို့ကို တစ်ဦးတည်း ဦးဆောင်ခဲ့သည်။ ရိုးရာ အုပ်ချုပ်မှုစနစ်တွင် များစွာသော ခေါင်းဆောင်များက သီးခြား အုပ်ချုပ် ခဲ့ ကြသော်လည်း အုပ်စုများ အတွင်း စားဝတ်နေရေး အကြပ်အတည်းများကြောင့် ပေါ်ပေါက်လာသော ပြဿနာ ရပ်များကို မျှမျှ တ တ တာဝန်ယူ ဖြေရှင်းပေးနိုင်သော နည်းလမ်းများဟူ၍ စနစ်တကျ တိတိ ပပသေချာစွာ မရှိခဲ့ပေ။ ထိုသို့သော အ ကြောင်းများကြောင့် အာရဗ်များသည် ခေါင်းဆောင်ကောင်းများကို အမြဲတမ်း လိုအပ်လျက် ရှိခဲ့ ကြသည်။

မိုအာဝေယာ လက်ထက်တွင်မူ၊ သူသည် တမန်တော်၏ မဟာသာဝကကြီး တစ်ဦးလည်း ဖြစ်သည်။ လောကီရေးရာ၊ စီးဗိမ် ဉစ္စာကို မက်မော တွယ်တာသူ မဟုတ်ပေ။ ဘာသာ တရား၌ ရိုသေလေးစား မြတ်နိုး ကိုင်းရှိုင်းသော သူလည်း ဖြစ်ပေသည်။

အများပြည်သူများ၏ အကျိုးနှင့် လိုအပ်ချက်များကို အမြဲကြိုးစားနေသော ခေါင်းဆောင်ကောင်း တစ်ဦးလည်း ဖြစ် သည်။ မွတ်စလင်(မ်) အသိုက်အမြုံကြီးအား ခေတ်မှီတိုးတက်သော ခေတ်ရေစီးကြောင်းပေါ်သို့ ရောက်ရှိရန် ကြိုး ပမ်း အားထုတ်လျှက်၊ ကုရ်အာန်၏ လမ်းညွှန်ချက်နှင့် အညီ ညီရင်းအစ်ကို မောင်ရင်းနှမများ သဖွယ် စည်းလုံးညီ ညွတ်ရမည်ဟူသော အချက်ကို လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်သူ တစ်ဦးလည်း ဖြစ်သည်။



သို့ရာတွင် ခရာဂျိုက်များ၏ အမြင်၌ မိုအာဝေယာ၏ ကုရ်အာန်ကို အခြေခံသော အုပ်ချုပ်ရေးသည် အတိုင်းအတာ တစ်ခု အထိသာ ဖြစ်၍ များစွာသော ကိစ္စရပ်များတွင် လိုအပ်ချက်များ ရှိသည်ဟု ယူဆခဲ့ကြသည်။ ထို့ပြင် အာရဗ် များ က အစ္စလာမ့် သိမ်းဆည်းနယ်မြေများ အတွင်း မွတ်စလင်(မ်)များ၏ လယ်ယာမြေ ပိုင်ဆိုင်ခွင့် ရရှိရေးကို မိုအာ ဝေယာ၏ အစိုးရထံ ဆက်လက် တောင်းခံလျက် ရှိခဲ့ကြခြင်းဖြင့် တင်းမာမှုများ ရှိနေခဲ့သည်။ မိုအာဝေယာသည် သိမ်းဆည်း နယ်မြေများတွင် ကိုယ်ပိုင်လယ်ယာ ထုထောင်ရေး စနစ်ကို ပယ်ဖျက်နိုင်ခြင်းဖြင့် မွတ် စလင်(မ်) များကို စည်းလုံးညီညွတ်စေမည်ဟု ယုံကြည်ခဲ့သူ ဖြစ်သည်။ ထိုပြဿနာသည် သူ ကွယ်လွန်ပြီး နောက်ပိုင်း၌ ကြေကွဲ ဝမ်း နည်းဖွယ်ရာ အဖြစ် ထင်ရှားလာခဲ့သည်။ မိုအာဝေယာ မကွယ် လွန်မီအလျင် ၎င်း၏ အရိုက်အရာကို ၎င်း၏ သား အား ဆက်ခံစေ၍ မိုအာဝေယာ၏ တည်ထောင်ခဲ့သော မင်းဆက်ကို အိုမိုင်ယာ မင်းဆက်ဟု ခေါ်တွင် ခဲ့လေသည်။

ယဇစ်(၁) (အေဒီ ၆၈၀ - ၆၈၃)

မိုအာဝေယာ ကွယ်လွန်ပြီးသော် သူ၏သား ယဇစ် (၁) က မွတ်စလင်(မ်) အသိုင်းအဝိုင်းကြီး၏ အုပ်ချုပ်ဒေသများကို ဆက်လက် အုပ်ချုပ်ခဲ့ပေသည်။ ထိုချိန်တွင် အစ္စလာမ့်သမိုင်း တစ်လျှောက် မေ့မရနိုင်တော့သော ကြေကွဲဖွယ်ရာ ဖွယ် ရာ တစ်ခု ဖြစ်ခဲ့လေသည်။ ထိုပြသနာကြောင့် မွတ်စလင်(မ်) အသိုက်အအုံကြီး အတွင်း ပြန်လည် ပေါင်းစည်းရန် မလွယ်ကူတော့သော ဂိုဏ်းဂဏကွဲကြီးတစ်ရပ် ပေါ်ပေါက်လာရန် အကြောင်း ဖြစ်ခဲ့ရသည်။ ထိုမှ အခြေခံ၍ နောက် ပိုင်း မွတ်စလင်(မ်)များ အတွင်း တစ်ဘက်နှင့် တစ်ဘက် တိုက်ခိုက် သတ်ဖြတ် အငြိုးအတေးများ ကြီးထွားခဲ့ ကြရ သည်။

ထိုပြသနာသည်ကား အခြားမဟုတ်။

အေဒီ ၆၈၀- ယဇစ်(၁) ထီးနန်းဆက်ချိန်တွင် အီရတ်နိုင်ငံ ကူဖာမြို့မှ မွတ်စလင်(မ်)များက အလီ၏ သားငယ် ဟူစိန် အား ကူဖာကို အုပ်ချုပ်ရန် ဖိတ်ခေါ် ခဲ့သည့် အတွက်၊ ထိုဖိတ်ခေါ်ချက်အား လက်ခံကာ ဟူစိန်နှင့် မိသားစု အပါအဝင် လူစုသည် မဒီနာမှ အီရတ်နိုင်ငံ ကူဖာမြို့သို့ ထွက်ခွာခဲ့ကြသည်။ ထိုအချိန်တွင် အီရတ်နိုင်ငံ ကူဖာမြို့ကို ယဇစ်(၁)၏ သစ္စာခံ အုပ်ချုပ်ရေးမှူးက အုပ်ချုပ်လျက် ရှိသည်။ ကူဖာမှ ယဇစ်(၁)၏

အုပ်ချုပ်မှုကို မခံယူလိုသူတို့က ဟူစိန်အား ထီးနန်းဆက်ခံရန် ဖိတ်ခေါ်သည်ဟူသည့် သတင်းကို ကူဖာပြည်နယ် အုပ်ချုပ်ရေးမှူးက သိသွားသော အခါ၊ ဟူစိန် အား ထောက်ခံမှုကို စွန့်လွှတ်ရန် ရာဇသံပေးခဲ့သည်။ တစ်ချိန်တည်းတွင်ပင် ကူဖာမြို့ ပြင်ပရှိ ]ကရ်ဗ လာ} ဟူသော ကွင်းပြင်၌ ဟူစိန်နှင့် မိသားစုကို ကူဖာအုပ်ချုပ်ရေးမှူး၏ တပ်မှ ဝိုင်းရံထားပြီး လက်နက်ချ အဖမ်း ခံရန် ကမ်းလှမ်း ခဲ့သည်ကို ဟူစိန်တို့ဘက်မှ ငြင်းဆန်ခဲ့သည်။ သဲကန္တာရ လွင်တီးခေါင်ကြီးတွင် ဝိုင်းရံထားခြင်း ခံရသော ဟူစိန်နှင့် မိသားစုတို့သည် နောက်ဆုံးတွင် အစာရေစာ ပြတ်လတ် သေဆုံးသည်အထိ ဖြစ်ခဲ့ရသည်။

အာဏာ၏ သဘောတရားသည် ခါးသီးဘွယ် ကောင်းပေစွ။ ယခု ချေမှုန်းခံရသော ဟူစိန်ဆိုသူကား အခြားမဟုတ် အစ္စလာမ် သာသနာ၏ အဓိပတိ ဦးဆောင် ဖြစ်သော၊ ကျေးဇူးရှင် ဖြစ်သော တမန်တော်မုဟမ္မဒ်၏ ချစ်လှစွာသော မြေးငယ်ပင်တည်း။

ထိုအရေးအခင်းမှ စတည်၍ ]]ရှီယာအေအလီ}}ဟုခေါ်သော အလီ၏ အဖွဲ့ဝင်များသည် ပင်မ မွတ်စလင်(မ်) အသိုက် အမြုံကြီး၏ အတွင်းမှ အပြီးအပိုင် ခွဲထွက်၍ ရှီယာမွတ်စလင်(မ်)များ ဟူသော အမည်ဖြင့် သီးသန့် ရပ်တည်လာ ခဲ့ကြသည်။ သို့သော် ထိုသို့ ခွဲထွက်ခြင်းမှာ ဘာသာရေး အယူအဆများ ကွဲလွဲ၍ မဟုတ်ချေ။ နိုင်ငံရေးအရ သို့မဟုတ် အာဏာလုပွဲများကြောင့် အုပ်စုကွဲ ပါတီကွဲသွားရခြင်းသာ ဖြစ်တော့သည်။

တစ်ပြိုင်နက်တည်းတွင် အဗ္ဗဒွလ္လာဟ် အေ့ဗနု ဇိုဗေးရ် (အာအေရှာ် ဦးဆောင်သော ကုလားအုပ် တိုက်ပွဲတွင် စစ်ဦး စီး ဖြစ်ခဲ့သော ဇိုဗေးရ်)၏ သားက အိုမိုင်ယာ မင်းဆက်ကို ဖြုတ်ချရန် ဟီဂျတ်(ဇ)ပြည်နယ်မှ စတင် တော်လှန်ရေး ခဲ့ သည်။ သူက အိုင်မိုင်ယာ မင်းဆက်သည် ရာရှေဒွန်းခေါ် ဖြောင့်မတ်မှန်ကန်သော သမ္မတကြီးများ၏ ကုရ်အာန်ကို



အခြေခံသော စနစ်ကို ဖီဆန်၍ အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်မင်းမူထားသည်ဟု ယုံကြည်သည်။ ထို့ကြောင့် သူ၏ ရည်ရွယ်ချက်မှာ အာဏာရှင် အိုမိုင်ယာ မင်းဆက်ထံမှ မွတ်စလင်(မ်) အသိုက်အမြုံကြီးကို ကယ်တင်၍ ရာရှေဒွန်း ခေတ် ကို ပြန်လည် ဖော်ဆောင်ရန် ဖြစ်သည်။ သူ၏ မူဝါဒမှာ မဒီနာကိုမြို့တော် အဖြစ် ဗဟိုပြု၍ အခြားဒေ သများ ကို အုပ်ချုပ်ရန် ဖြစ်သည်။ သို့ဖြစ်၍ အများ မွတ်စလင်(မ်)ထု၏ ထောက်ခံမှုကို ရခဲ့လေသည်။

အေဒီ ၆၈၃ တွင် အိုမိုင်ယာ စစ်တပ်က မဒီနာမြို့ကို သိမ်းပိုက်ခဲ့သည်။ သို့သော် ယဇစ်(၁)နှင့် ၎င်း၏ မွေးကင်းစ သားငယ် မိုအာဝေယာ(၂)တို့ ကွယ်လွန်ခဲ့ခြင်းကြောင့် မက္ကာဟ်မြို့အား ဆက်လက် သိမ်းပိုက်မည့် အစီအစဉ် စွန့်လွှတ် ခဲ့လေသည်။ ထိုကာလသည် မွတ်စလင်(မ်)များ အတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲလျက် သူတစ်လူ ငါတစ်မင်းဖြင့် စည်းလုံးမှု ပြိုကွဲ ရသော ကာလပင် ဖြစ်တော့သည်။ ထိုအချိန်တွင် အဗ္ဗဒွလ္လာဟ်အေ့ဗနု ဇိုဗေးရ်၏ ဟီဂျတ်(ဇ်)နယ်ကို ခြေကုပ်ယူ လှုပ်ရှားသော  တော်လှန်ရေး အပေါ် ထောက်ခံလျှက် သူ့အား ခလီဖာ အဖြစ်သတ်မှတ်ရန် လူအများစုက လိုလားလာခဲ့သည်။

အေဒီ ၆၈၄ တွင် ခွဲထွက်သူ (ခရာဂျိုက်)များက အာရေးဗီးယား အလယ်ပိုင်းကို လွတ်လပ်သော ပြည်နယ် အဖြစ် ကြေညာ၍ အုပ်ချုပ်ခဲ့ကြသည်။ ထိုကဲ့သို့ပင် အခြားသော ခွဲထွက်သူ (ခရာဂျိုက်) များက အီရတ်နှင့် အီရန်တွင် အိုမိုင် ယာ အစိုးရကို ဆန့်ကျင်လျက် ရှိကြသည်။ ရှီယာမွတ်စလင်(မ်)များက ဟူစိန်အား သတ်သူကို ကလဲ့စားချေ၍ အလီ၏ ကျန်ရှိနေသော သားများအနက် တစ်ဦးဦးကို ကူဖာတွင် သမ္မတ အဖြစ် တင်မြှောက်ရန် စိုင်းပြင်းလျက် ရှိနေ ခဲ့သည်။ အီရတ်နှင့် အီရန်ဘက်မှ ခွဲထွက်သူ (ခရာဂျိုက်) များက လူသားတိုင်းသည် မွေးရာပါ လူ့အခွင့်အရေး များကို တူညီစွာ ခံစားရမည်မှာ ဗျာဒိတ်ကုရ်အာန်၏ အခြေခံမူဝါဒ တစ်ရပ် ဖြစ်သည်။ ထိုသို့ မွေးရာပါ လူ့အခွင့် အရေး များ ကို ဖိနှိပ် ချုပ်ချယ်သည့် အုပ်ချုပ်သူ လူတန်းစားအား တော်လှန်ခြင်းရန်မှာ ကုရ်အာန်အရ လူတိုင်းတွင် တာဝန်ရှိ သည်ဟု လှုံ့ဆော်ခဲ့ကြသည်။

သို့ရာတွင် မရ်ဝမ်ဟူသော အမည်ဖြင့် မိုအာဝေယာ၏ ညီအစ်ကိုဝမ်းကွဲ တော်စပ်သူက သူ၏သား အဗ္ဗဒွလ် မာလစ်က်  နှင့်အတူ ဆီးရီးယားကို ဗဟိုပြု၍ အိုမိုင်ယာ အုပ်ချုပ်ရေးကို ဆက်လက် ဦးဆောင်လျှက် အေဒီ ၆၉၁ တွင် ပြည်တွင်း ပုန်ကန်သူအားလုံးကို ညီညွတ်စေရန် စွမ်းဆောင်နိုင်ခဲ့၍။ ထိုနှစ်တွင်ပင် အဗ္ဗဒွလ္လာဟ် အေ့ဗနု ဇိုဗေးရ် နှင့် သူ့အား ထောက်ခံသူတို့ကို ချေမှုန်း၍ အဗ္ဗဒွလ္လာဟ် အေ့ဗနု ဇိုဗေးရ်အား ကွပ်မျက်ခဲ့သည်။

## အဗ္ဗဒွလ်မာလစ်(က်) (အေဒီ ၆၈၅ - ၇၀၅)

အဗ္ဗဒွလ်မာလစ်(က်)သည် မိုအာဝေယာ အုပ်ချုပ်ရေး ဥပဒေကို ပြန်လည် အကောင်အထည် ဖော်နိုင်သူ တစ်ဦး ဖြစ် သည်။ သူ၏ အုပ်ချုပ်ရေး ဆယ့်နှစ်နှစ်တွင် မွတ်စလင်(မ်)အင်ပါယာ တစ်ခုလုံးကို ငြိမ်းချမ်းမှု အပြည့်ရရှိစေပြီး စီး ပွားရေးရာ တိုးတက်မှုကို အကောင်းဆုံး ခြေအနေသို့ ရောက်ရှိရန် ဖန်တီးပေးနိုင်ခဲ့သည်။ အိုမိုင်ယာ အုပ်ချုပ်ရေး တစ်လျှောက်တွင် ပြည်တွင်း ပုန်ကန်သူများနှင့် ပြေလည်မှုရရှိရန် အတိုင်းအတာ တစ်ခုအထိ စွမ်းဆောင်နိုင်ခဲ့သည်။ မွတ်စလင်(မ်) အသိုက်အမြုံကြီး တစ်ခုလုံးကို ဗဟိုအစိုးရဖွဲ့၍ ပြည်နယ် ကိုယ်စားလှယ်များဖြင့် အစားထိုးခဲ့သည်။ ပါရှန်းစာပေနှင့် ပါရှန်းဘာသာ စကားနေရာ၌ အာရပ်စာပေနှင့် အာရဗ်ဘာသာ စကားများကို အစားထိုးခဲ့နိုင်၍ အာရဗ်စာပေ ဘာသာ စကားကို ရုံးသုံး ဘာသာစကား အဖြစ် စတင်သုံးစွဲခဲ့သည်။ ကမ္ဘာ့ ပထမဦးဆုံး ကုရ်အာန် စာ လုံး ဖြင့် ပုံဖော်သော ဒင်္ဂါးများကို ထုတ်ခဲ့သည်။

အေဒီ ၆၉၁ တွင် ဂျေရုဆလင်(မ်)၌ ]]အတ်(က်)ဆာ}} ဝတ်ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သည်။ ယင်းသည် တမန်တော်များ များစွာ ပွင့်ပေါ်ခဲ့သော၊ ခရစ်ယာန်များ၏ အထွတ်အမြတ် ထားရာ နယ်မြေတွင် ပထမဦးဆုံး အစ္စလာမ့်မော်ကွန်း အထိမ်းအမှတ် ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထိုအဆောက်အဦးကြီးကို အစ္စလာမ့် ဗိသုကာ လက်ရာများဖြင့် စီခြယ်၍ တစ်မူထူးစွာ တည်ဆောက်ထားသည်။ ထိုခေတ်ထိုကာလက



ထိုဝတ်ကျောင်းတော်ကြီး.၏ လက်ရာအား မှီအောင် စီခြယ်ပြောင်မြောက်သော ဗိသုကာလက် ရာ ဖြင့် အခြားသော အဆောက်အဦး ဟူ၍ မရှိသေးချေ။ ဝတ်ကျောင်းတော်၏ အတွင်းပိုင်းတွင် ဗျာဒိတ်ကုရ်အာန် စာလုံးများဖြင့် စီ ခြယ်ထားလျှက်၊ ]မီနာရက်} မျှော်စင်ကြီးမှာ ကောင်းကင်ဘုံသို့ ထိလုခနန်း ကောင်းကင်နိုင်ငံတော် နိဗ္ဗာန်သို့ ညွှန်ပြ နေသည့် အလား ထင်မှတ်ရပေသည်။ ယင်းသည် ]]သောင်ဟိဒ်}} ခေါ် ဘုရားတစ်ဆူဝါဒကို ဖော် ဆောင်သည့် အစ္စ လာမ့် ငြိမ်းချမ်းရေး ရောင်ခြည်များ ဖြာထွက်လျှက် အလွန် ထည်ဝါသော ဘုံပြသဒ်ကြီး တစ်ခုပင် တည်း။ မြင်တွေ့ ရသူတို့အဘို့ ရုပ်ပိုင်းဆိုင်ရာ အားတက်သရော ဖြစ်ခြင်းနှင့် နာမ်ပိုင်းဆိုင်ရာ စိတ်နှလုံး ချမ်းမြေ့ခြင်း များကို တစ်ပြိုင် နက် ခံစားရပေတော့သည်။

ထိုဝတ်ကျောင်းကြီးကို များစွာသော သမိုင်းဆရာများက တမန်တော် မုဟမ္မဒ် မတိုင်မီ ရှေးပဝေဏသီ ရှေးတမန်တော် စုလိုင်မာန် လက်ထက်ကပင် တည်ဆောက်ထားခဲ့သည်ဟု ရေးသားချက်များကို တွေ့ရသည့် အပြင် ထိုသမိုင်းဆရာ တို့၏ အဆိုအရ တမန်တော် မုဟမ္မဒ်က မိန့်ခဲ့သည်မှာ မက္ကာဟ်ရှိ ကအ်ဗဟ် ဝတ်ပြုကျောင်း၌ ဝတ်ပြုခြင်းသည် ကုသိုလ် အကျိုး တစ်သိန်းရမည်၊ မဒီနာရှိ နဗဝီ ဝတ်ပြုကျောင်း၌ ဝတ်ပြုပါက ကုသိုလ်အကျိုး ငါးသောင်း ရရှိမည်။ ဂျေရုဆလင်(မ်)ရှိ ]]အက်(က်)ဆာ}} ဝတ်ပြုကျောင်းတွင် ဝတ်ပြုခြင်းဖြင့် ကုသိုလ်အကျိုး နှစ်သောင်း ငါးထောင် ရမည် ဖြစ်သည်ဟု အဆိုများ ရှိခဲ့ပေသည်။ အကယ်၍ တမန်တော် မုဟမ္မဒ်က ထိုသို့ ပြောခဲ့သည် ဆိုပါက အက်(က်) ဆာ ဝတ်ကျောင်း ကို ရည်ညွှန်းခြင်း မဖြစ်နိုင်ပေ။ ထိုဝတ်ကျောင်းကြီးမှာ တမန်တော် မုဟမ္မဒ် ပရိနိဗ္ဗာန်ပြုပြီး ရာစု နှစ်ဝက်ကျော်မှ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပေသည်။ အမှန်တစ်ကယ် တမန်တော် မုဟမ္မဒ် ရည်ရွယ်၍ ပြောဆို ခဲ့သည် ဆိုပါက ခရိယံများ၏ (ဝက်စ်တန်းဝေါလ်) ဝတ်ကျောင်းကို ဆိုလိုခြင်း ဖြစ်နိုင်ပေ သည်။

မာလစ်(က်)၏ လက်ထက်တွင် နိုင်ငံရေးရာ တင်းမာမှု အားလုံးသည်လည်း ပျော့ပျောင်းသော အခြေအနေသို့ ရောက် ရှိခဲ့သည်။ မွတ်စလင်(မ်)များသာ သီးသန့် နေထိုင်ခဲ့သော မြို့စောင့်တပ်စခန်း သိမ်းဆည်း နယ်မြေများတွင် မွတ်စ လင်(မ်) မဟုတ်သူများလည်း အတူတကွ ငြိမ်းချမ်းစွာ နေထိုင်ခွင့်ရှိ လာခဲ့ကြသည်။ မွတ်စလင်(မ်) မဟုတ်သော တောင်သူ လယ်သမား ကုန်သည်များကလည်း အာရဗီစာပေနှင့် စကားပြောများကို သင်ယူဆည်းပူး၍ အာရဗ်များ နှင့် ရောင်းဝယ်ဖောက်ကားမှု ပြုလာကြသည်။ အိုမိုင်ယာမင်းဆက် ခေတ်ကာလတွင် အစ္စလာမ် သာသနာသို့ ကူး ပြောင်း လာသူများကို အထူးအခွင့် မရေး မပေးခဲ့သော်လည်း များစွာသော နိုင်ငံများရှိ ဘုရင့် အမှုထမ်းများ အ တွင်းမှ အစ္စလာမ် သာသနာအတွင်းသို့ ကူးပြောင်းလာသူများ များပြားလာခဲ့သည်။ သို့ဖြင့် မွတ်စလင်(မ်)များနှင့် မွတ်စလင်(မ်) မဟုတ်သူများ၏ကြား၌ သီးခြားနေထိုင်ခြင်း အလေ့အထများ ပျောက်ကွယ်သွားခဲ့သည်။

သို့သော် အိုမိုင်ယာ မင်းဆက်၏ ရှိရင်းစွဲ မက္ကာဟ်သားများအား အထူးအခွင့်အရေးများ ဆက်လက်ပေးထားခြင်းကို အခြား မွတ်စလင်(မ်)များက ကျေနပ်မှု မရှိကြပေ။ ထို့ပြင် ထိုမင်းဆက်၏ နှိမ်နှင်းခြင်းကို ခံထားကြရသော ခွဲထွက် ရေးသမား ခရာဂျိုက်များနှင့် ရှီယာများက အစိုးအပေါ်၌ ကျေနပ်မှု မရှိကြပေ။ ခရာဂျိုက်များက အဗ္ဗဒွလ်မာ လစ်(က်)အား အုပ်ချုပ်ရေး ပုံစံအား ကုရ်အာန်ကို အခြေခံသည့် အုပ်ချုပ်ရေးအဖြစ် ပြုပြင်ပြောင်းလဲရန် တောင်းဆို ကြသည်။ ခရာဂျိုက်များ ပြောဆိုသော ကုရ်အာန်ကို အခြေခံသော အုပ်ချုပ်ရေး စနစ် ဆိုသည်မှာ ဘုရင် စနစ်အဖြစ် ဖြစ်တည်နေသော စနစ်ကို ဖျက်သိမ်းပေးရန် တောင်းဆိုခြင်း ဖြစ်သည်။ အဗ္ဗဒွလ်မာလစ်(က်) ကိုယ်တိုင်ကလည်း အာရေး ဗီးယား အပါအဝင် အင်ပါယာ တစ်ခုလုံး၌ ဘုရင်စနစ်ကို ဖျက်သိမ်းပစ်ရန် ဆန္ဒရှိခဲ့သည်- ထိုသို့ ပြောင်းလဲ နိုင်ခဲ့လျှင် ပုန်ကန်သူ မရှိ တိုင်းပြည် ငြိမ်းချမ်းရေး ရမည်ဟုလည်း ယုံကြည်ထားသူ ဖြစ်သည်။ သို့သော် နှစ်ရှည် လ များ တည်တံ့လာခဲ့သော ဘုရင်စနစ်အား လျှပ်တစ်ပြက်အတွင်း ဖျက်သိမ်းလိုက်လျှင် သူတလူ ငါတမင်းနှင့် တိုင်း ပြည် ပျက်သွားနိုင်သည်၍ အချိန်ကာလ တစ်ခု စောင့်စားရဦးမည်ဟု နားလည်သဘောပေါက်ခဲ့သည်။



ကွဲပြားခြားနားသော ဘာသာရေးလှုပ်ရှားမှုအစ

အစ္စလာမ့် ပြည်ထောင်စုအတွင်း ပြည်တွင်းစစ် အခြေအနေ မြင့်တက်လာသည်နှင့် အတူ များစွာသော အရေးပါသည့် မေးခွန်းများသည်လည်း ပေါ်ထွက်လာခဲ့သည်။ အစ္စလာမ် ပြည်ထောင်စု အတွင်း များစွာသော ဘာသာရေး ခေါင်း ဆောင်များ အသတ်ခံကြရခြင်းနှင့် စပ်လျဉ်းသော မေးခွန်းများ၊ အစ္စလာမ့် ပြည်ထောင်စု ကြီးအား မည်ကဲ့သို့သော
ခေါင်းဆောင်က ဦးဆောင်သင့် သနည်းဟူသော မေးခွန်းများ၊ ခွဲထက်ရေးသမား ခရာဂျိုက်များ ပြောဆို သကဲ့သို့ သမ္မတဟူသည် ဘာသာတရား ကိုင်းရှိုင်းသူများ ဖြစ်ရမည် လောဟူသော မေးခွန်း သို့မဟုတ် ရှီယာများ ယူဆ သကဲ့သို့ သမ္မတသည် တမန်တော် မုဟမ္မဒ်၏ မျိုးနွယ်မှ ဆင်းသက်လာသူများ ဖြစ်ရမည်ဟူသည့် မေးခွန်း၊ အစ္စလာမ့် ပြည် ထောင်စု ကြီးအတွက် ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို လျစ်လျူရှုထားသော အိုမိုင်ယာ မင်းဆက်ကိုသာ ယုံကြည် ရ မည်လော ဟူသည့်မေးခွန်း၊ အစ္စလာမ့်သမိုင်းတွင် ပထမဦးဆုံး ပေါ်ပေါက်ခဲ့သော အကြောင်းရင်းနှင့် စပ်လျဉ်းပြီး အလီ သို့မဟုတ် မိုအာဝေယာတို့ အနက် မည်သူက မှန်ကန်မှုရှိသနည်း ဟူသော မေးခွန်းများ၊ အုပ်ချုပ်သူ လူတန်း စားများက ကြွယ်ဝ ချမ်းသာလွန်းပြီး ဇိမ်ခံပစ္စည်းများနှင့် အဖက်ဖက်က ပြည့်စုံနေပါလျက် အများပြည်သူများက ဆင်းရဲလွန်း၍ အဖက်ဖက်မှ ချို့တဲ့မှုအပေါင်းနှင့် ရင်ဆိုင်နေရသည်ကို လျစ်လျူရှုထားသော အုပ်ချုပ်သူများအား မှန်ကန်သော မွတ်စလင်(မ်)များဟု ခေါ်ထိုက်သလော ဟူသော မေးခွန်းများ၊ အစ္စလာမ် သာသနာကို လက်ခံလာ ခဲ့ ကြသည့် အာရဗ် မဟုတ်သော မွတ်စလင်(မ်)များအဖို့ မည်ကဲ့သို့ အခြေအနေတွင် ရှိသင့် သနည်း ဟူသော မေးခွန်း များ၊ အစ္စလာမ့် အုပ်ချုပ်မှု အောက်တွင် မွတ်စလင်(မ်) မဟုတ်သူများ၏ လုံခြုံရေးကို အစိုးရက တာဝန် မယူဘဲ အာ ရဗ် မျိုးနွယ်စုများက ငွေကြေး အခွန်ကောက်ယူ၍ လုံခြုံမှုပေးသော စနစ်သည် မှန်ကန်၏လော ဟူသည့် မေး ခွန်း များ၊ အုပ်ချုပ်သူများက အာရဗ်များကို အရဗ် မဟုတ်သော မွတ်စလင်မ်များထက် ပိုမို၍ အထူး အခွင့် ရေးများ ပေး ထားသော မျက်ကန်း မျိုးချစ်ဝါဒသည် ကုရ်အာန်၏ အခြေခံဥပဒေနှင့် သဟဇာတ ဖြစ်ပါ၏လောဟူသည့် မေးခွန်း များ ဖြစ်သည်။
ဤသည် အိုမိုင်ယာ မင်းဆက်များ၏ အုပ်ချုပ်ချိန်ကာလ (၄၅)နှစ်တွင် ပေါ်ပေါက်လာသော မြောက်မြားစွာရှိသည့် မေးခွန်းများ အနက် အချို့ကိုတင်ပြခြင်း ဖြစ်သည်။ အစ္စလာမ့် သမိုင်းတွင် ထိုအိုမိုင်ယာ မင်းဆက်များ၏ အုပ်ချုပ် ချိန်ကာလသည် တမန်တော်မုဟမ္မဒ် ပရိနိဗ္ဗာန်ပြုခဲ့သော ကာလနှင့် နှစ်ပေါင်း(၅၀)မျှသာ ကွာခြားခဲ့ချိန်တွင် ထိုမေး ခွန်းများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က သာမန် မွတ်စလင်(မ်)များ၏ ခံယူချက်မှာ အစ္စလာမ် သာသ နာဝင် မွတ်စလင်(မ်)များ၏ အရေးသည် ပထမ အာရဗ်များ၏ အရေးသည် ဒုတိယ ဖြစ်ရမည်။ အဘယ်ကြောင့် ဆို သော် ဗျာဒိတ်ကုရ်အာန်တွင် အစ္စလာမ်ဟူသော တုနှိုင်းမဲ့ကိုးကွယ်ရာအရှင် ပြစနစ်ဇယားကြီးကို လက်ခံယုံကြည်သော မွတ်စလင်(မ်) ဟူသည် အာရဗ်ဖြစ်စေ၊ အာရဗ် မဟုတ်သူဖြစ်စေ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ညီရင်း အစ် ကို မောင်ရင်း နှမများဖြစ်ကြသည့် အတွက် တူညီသော အခွင့်အရေးများကို တစ်ပြေးညီ ခံစားခွင့် ပေးထားပြီး ဖြစ်သည်။

ဟစန်အလ်ဘစရီ (အေဒီ ၇၂၈)

အေဒီ ၇၂၈ သည် တမန်တော် မုဟမ္မဒ်၏ မိသားစု အသိုင်းအဝိုင်းနှင့် နီးစပ်သော မွတ်စလင်(မ်)များ အဖို့ စံပြ ထား အပ်သော ဟစန်အလ်ဘစရီသည် မဒီနာမြို့မှ ၎င်း၏ မွေးရပ်မြေ အီရတ်နိုင်ငံ ဘာဆရာမြို့သို့ ပြန်လည် ရောက် ရှိ လာခဲ့သည်။ သူသည် ကလေးဘဝ၌ပင် မဒီနာ၌ အခြေချနေ ထိုင်ခဲ့သူ တစ်ဦးဖြစ်သည်။ ဟစန်အလ် ဘစရီ သည် အီရတ်နိုင်ငံ၌ အစ္စလာမ့် မူရင်းပုံစံကို ပြန်လည် ဖော်ထုတ်ရန် ကြိုးစားခဲ့သည်။ သူသည် တမန်တော် မုဟမ္မဒ်၏ ရုပ်ပိုင်းဆိုင် ရာကျင့်စဉ် ကျင့်ရပ်များနှင့် စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ် ကျင့်ရပ်များကို အခြေခံသော ဘဝတည်ဆောက်မှု လမ်းစဉ်ကို ပြန်လည် ဖော်ထုတ်ခဲ့သူ ဖြစ်သည်။

၄၂ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

သူသည် ၎င်း၏ တပည့်များကို သင်တန်းပို့ချရာ၌ ကုရ်အာန်ပါ လမ်းညွှန်ချက် များအပေါ် လေးလေးနက်နက် စဉ်း စားဆင်ခြင်၍ မိမိတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းများကို ကုရ်အာန်ပြ စနစ် ဇယားအတိုင်း ထင်ဟပ်လာနိုင်ရေးကို လက် တွေ့ သင်တန်း ပို့ချခဲ့သူ ဖြစ်သည်။ အထူးသဖြင့် လူသား၏ပျံ့ လွင့်နေ လျက်ရှိသော စိတ်၏ စွမ်းအင်များကို စိတ် နှ လုံးကို ဗဟိုပြု၍ ပြန်လည် စုစည်းသော နည်းစနစ်များကို သင်ကြား ပေးခဲ့သည်။ ထိုကဲ့သို့ ပျံ့လွင့်နေလျက် ရှိသော စိတ်၏ စွမ်းအင်များကို စိတ်နှလုံး၏ ဗဟိုပြုရာသို့ ပြန်လည် စုစည်းနိုင်ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အတ္တ  တဏှာ ဟူသော စိတ်ပိုင်းဆိုင်ရာ စိတ်ရိုင်းများကို ထိန်းချုပ်နိုင်သော နည်းလမ်းများ ဖြစ်သည်။ ထိုကဲ့သို့ စိတ်ပိုင်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နိုင်ခြင်းဖြင့် ကုရ်အာန်ပြ စနစ်ဇယား တစ်ခုလုံးကို လိုက်နာ ကျင့် သုံး ရာ၌ ပီတိသောမနဿ ခံစား၍လိုက်နာ လိုစိတ်များ ပေါ်ပေါက် လာမည်ဖြစ်သည်။ လူသားသည် မိမိ၏ စိတ် သဏ္ဍာန်ကို ဖွံ့ဖြိုး တိုးတက်ရန် အတွက်ကြိုးစား အားထုတ် ရမည်မှာ တာဝန် တစ်ရပ် ဖြစ်သည်ဟု သူက ဖွင့်ဆို ခဲ့သည်။ ထိုစိတ် ဓာတ်စွမ်းအား ကျင့်စဉ် ကျင့်ရပ် များကို ]]ကာဒရီ}} ကျင့်စဉ် ဖြစ်သည်ဟု ဆိုခဲ့သည်။ ]]ကဒရ်}} ဟူ သော တုနှိုင်းမဲ့ ကိုး ကွယ်ရာ အရှင်၏ တိုင်းတာချင့်ချိန်ချက် ဟူသည် လူသား၏ ကံကြမ္မာကို ကြိုတင် သတ်မှတ် ဆုံး ဖြတ် ထားခြင်းမျိုး မဟုတ်ဘဲ လူသားသည် လွတ်လပ်စွာဖြင့် မိမိဘဝကို စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့် အပြည့် ရှိသည်။ ထိုလူသား၏ ပြုမူ ချက်အားလုံး၏ အစား ရလဒ်ကို ပြန်လည်၍ ခံစားစံစားကြရမည် ဖြစ်သည်။ ထို စံစားခံစားရခြင်း အတွက် တာဝန် ရှိသူမှာ လူသားပင်ဖြစ်သည် ဟူသော အတွေးအခေါ် အဆုံးအမများ အားဖြင့် ဟစန်အလ် ဘစရီ၏ ဂုဏ်သတင်း သည် အစ္စလာမ့် ပြည်ထောင်စုကြီး အတွင်း

ကျော်ကြားလာခဲ့သည်။ အုပ်ချုပ်သူ လူတန်းစားအတွင်း အာဏာနှင့် ကြွယ်ဝမှုများကို အတိုင်းထက်အလွန် သုံးစွဲခြင်းဖြင့် ပျက်စီးတတ်သော သဘော တရားများကို ပြောဆို ပြစ်တင် ခဲ့သူလည်း ဖြစ်သည်။ အုပ်ချုပ်သူ သမ္မတများမှာ ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ ဖြစ်ကြသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များသည် ကုရ်အာန်၏ ညွှန်ကြားချက် ဘောင် အတွင်းမှ ဖြစ်ရ မည်။ ထိုသို့ မဟုတ်ပါက တုနိူင်းမဲ့ကိုးကွယ်ရာအရှင်၏ အမိန့်ပညတ်ချက်များကို ဖီဆန်သူများ ဖြစ်သည်ဟု သူက အတိအလင်း ပြောကြားခဲ့သည်။

ထိုအကြောင်းအရာများကို ကြားသိရသော သမ္မတ အဗ္ဗဒွလ်မာလစ်(က်)က ဟစန်အလ်ဘစရီ၏ ပြောဆိုမှုများသည် အုပ်ချုပ်မင်းလုပ်သော အစိုးရကို ဆန့်ကျင်ပုန်ကန်မှု တစ်ရပ်ဖြစ်သည်ဟု ယူဆ၍ ဟစန်အလ်ဘစရီအား တရားရုံးသို့ သမ္မတ အမိန့်ဖြင့် ဆင့်ခေါ် ခဲ့သည်။ ထိုအချိန်တွင် ဟစန်အလ်ဘစရီသည် လူကြိုက်များသော အစ္စလာမ့်ဘာသာရေး ခေါင်းဆောင်တစ်ဦး ဖြစ်သည့် အလျောက် သမ္မတ၏ ဆင့်ခေါ်မှုကိုပယ်ချခဲ့သည်။ ထိုအချိန်က သမ္မတ အဗ္ဗဒွလ် မာ လစ်(က်) အနေဖြင့် ဟစန်အလ်ဘစရီကို အတင်းအဓမ္မ အရေးယူမှု မပြုဝံ့ခဲ့ပေ။ ဟစန်အလ် ဘစရီသည် အတွင်း ပိုင်း ဆိုင်ရာ ကျင့်စဉ်ကျင့်ရပ်များဖြင့် ပေါင်းစပ်ထားသော လူနေမှုစနစ်ကို တည်ထောင်ခဲ့ ခြင်းဖြင့် အိုမိုင်ယာ အစိုးရ ၏အတိုက်အခံတစ်ဦး ဖြစ်ခဲ့သည်။ ဟစန်အလ်ဘစရီ၏ ]]ကာဒရီ}}အဖွဲ့ဝင် အများစုသည် အိုမိုင်ယာ အုပ်ချုပ် ရေး ကို ထောက်ခံသူများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ် ထိုအခါက အိုမိုင်ယာ အုပ်ချုပ်ရေးက သာလျှင် အစ္စလာမ့်ပြည်ထောင်စုကြီး တစ်ခု လုံးကို ဦးဆောင်နိုင်မည်ဟု ၎င်းတို့က ယုံကြည်ခဲ့ကြသည်။ ထိုအချိန်က ခရာဂျိုက် များသည် အိုမိုင်ယာ အုပ်ချုပ်ရေး အစိုးရကို အယူပြောင်း သူများ၊ သေဒဏ်ထိုက်သူများဟု ပြစ်တင် ရှုတ်ချသော သူ များ ဖြစ်သည်။

ဝါစန် အေဇ့ဗနအတာ (အေဒီ ၇၄၈)

ဟစန်အလ်ဘစရီ၏ တပည့် ဝါစန်အေဇ့ဗနအတာ အေဒီ(၇၄၈)သည် သူ၏ ဆရာ ဟစန်အလ်ဘစရီ၏ လမ်းစဉ်မှ ပြန် လည် စွန့်ခွာ ခဲ့သူ ဖြစ်သည်။ ထိုအချိန်က ဘာသာရေးဆိုင်ရာ အင်အားကြီးနှစ်ဖွဲ့မှာ ကာဒရီဂိုဏ်းနှင့် မိုသာဇလိုက် (ခေါ်) မိုးကျ ဗျာဒိတ်ပါ အဆိုအမိန့် တစ်ခုတည်းကို ယုံကြည်သူများအဖွဲ့ ဖြစ်သည်။ ထို အင်အားကြီးမားသော အဖွဲ့



နှစ်ဖွဲ့မှ အလယ်အလတ်စား နည်းစနစ်များဖြင့် ဟစန်အလ်ဘစရီ၏ တပည့်ဝါစန်က ]]အီသာဇာဟု}} ခေါ် ပြန်လည် စွန့်ခွာရေး အဖွဲ့ကို တည်ထောင်ခဲ့သည်။ မိုသာဇလိုက်များမှာ ကုရ်အာန်ပါ ဥပဒေများကိုသာ လက်ခံ ကျင့်သုံးသူများ ဖြစ်ကြသည်။ ကုရ်အာန်တွင် ပါဝင်မှု မရှိသော ကိစ္စများ အားလုံးသည် အဓိက မကျသော ကိစ္စရပ်များ ဖြစ်သည်။ ကုရ်အာန် တွင် မပါဝင်သော ကိစ္စရပ်များသည် အခြေအနေနှင့် အချိန်အခါပေါ်တွင် မူတည်၍ မိမိတို့၏ အသိဉာဏ် ဖြင့် ချင့်ချိန်၍ပြုရမည့် ကိစ္စရပ်များ ဖြစ်သည်ဟု ၎င်းတို့က ခံယူကြသည်။ ဖော်ပြပါ ကုရ်အာန်တွင် ပါဝင်မှု မရှိသော ကိစ္စရပ်များကို အခြေခံ၍ အငြင်းပွားခြင်းသည် မွတ်စလင်(မ်)များ၏ လမ်းစဉ် မဟုတ်၊ ရှေးကျမ်းဂန်ရ များ၏ လမ်း စဉ်သာ ဖြစ်သည်ဟု ၎င်းတို့က ခံယူထားကြသည်။ ဖော်ပြပါ မိုသာဇလိုက်များ၏ယုံကြည်မှုမှာ တမန်တော် မုဟမ္မဒ် သည် ၎င်းထံသို့ ဗျာဒိတ်အဖြစ် တုနိူင်းမဲ့ကိုးကွယ် ရာအရှင်ထံမှ ကုရ်အာန်ကို ချပေးခြင်း ခံခဲ့ရသည်။ တမန်တော် မုဟမ္မဒ်သည် ထိုကုရ်အာန် အတိုင်းသာလျှင် ဘဝတည်ဆောက်ခဲ့သူ ဖြစ်သည်။ ထိုကုရ်အာန်ကျမ်း တစ်ဆူ တည်းကို သာလျှင် မဟာသာဝကများထံ အမွေအဖြစ် ထားခဲ့သည်။ တမန်တော် မုဟမ္မဒ်သည် ကုရ်အာန်ပါ ညွှန်ကြား ချက် များမှ လွဲ၍ ထိုကုရ်အာန်၏ ညွှန်ကြားချက်နှင့် မြူမှုန်မျှဆန့်ကျင်သော အပြောအဆိုအပြုအမူများကို လုံးဝဥဿုံ ပြု လုပ်ခဲ့ခြင်း အလျှင်းမရှိဟူသော အချက်ကို အခြေခံ ယုံကြည်သူများ ဖြစ်ကြသည်။

အခြား တစ်ဖက်တွင် ရှိသော ဟစန်အလ်ဘစရီ၏ ကာဒရီ ဂိုဏ်းဝင်များမှာမူ ကုရ်အာန်ပါ ဥပဒေများကို လိုက်နာ ကျင့်သုံးရာ၌ လွယ်ကူမှုရှိစေရန်အတွက် ကမ္ဘဌာန်းထိုင်ခြင်း၊ ထွက်သက်ဝင်သက်မှတ်ခြင်း၊ စိတ်နှလုံးအတွင်းမှ မ ကောင်းသော စိတ်ညာဉ်ဆိုးများကို ပြုပြင်၍ ဖွံ့ဖြိုးတိုးတက် လာစေရန်ကျင့်ကြံ အားထုတ်၍ တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင်၏ ဂုဏ်တော်များကို နှလုံးသွင်းနိုင်ခြင်းဖြင့် သက္ကဝါ(ခေါ်)သမာဓိ ရရှိမည်ဟူသော အယူအဆများဖြစ်သည်။ ထိုအချိန်က မိုသာဇလိုက်များ၏ လမ်းစဉ်များသည် အများမွတ်စလင်(မ်)များ အတွက် အလွန် လွယ်ကူလွန်းသော လမ်းစဉ် ဖြစ်နေသည်။ ဟစန်အလ်ဘစရီ၏ ကာဒရီလမ်းစဉ်သည် မွတ်စလင်(မ်)များ အတွက် အလွန်ခက်ခဲသော လမ်းစဉ် ဖြစ်နေသည်။ ဖော်ပြပါ လွယ်ကူလွန်းသော မိုသာဇလိုက်များ၏ လမ်းစဉ်နှင့် ခက်ခဲလွန်းသော ၎င်း၏ဆရာ ဟစန်အလ်ဘစရီ၏ ကာဒရီ လမ်းစဉ်များမှ ဆုတ်ခွာ၍ မလွယ်လွန်း မခက်လွန်းသော အလယ်အလတ်လမ်းစဉ် (ဝါ) ]]အီသာဇာဟု}}လမ်းစဉ်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မိုသာဇလိုက် များသည် ကာဒရီလမ်းစဉ်ကို ထောက်ခံ သူများ ဖြစ်ကြသည်။ အဘယ်ကြောင့် ဆိုသော် ကာဒရီများသည် အိုမိုင်ယာ အုပ်ချုပ်သူများ၏ အာဏာနှင့် စည်း စိမ်များတွင် ယစ်မူးနေမှုကို ဆန့်ကျင်၍ မွတ်စလင်(မ်)များ တစ်ပြေးညီ အခွင့်အရေးများ ရရှိရေးကို တောင်းဆို သူ များ ဖြစ်ကြသောကြောင့် ဖြစ်သည်။ မိုသာဇလိုက်များ၏တောင်းဆိုမှုမှာ မွတ်စလင်(မ်)တိုင်း တရားမျှတမှုရရှိရေး၊ အုပ်ချုပ်ခံ ပြည်သူများအပေါ် အုပ်ချုပ်သူများ၏ ကုပ်သွေးစုပ် အမြတ်ထုတ်မှု ပပျောက်ရေးတို့ ဖြစ်သည်။ မိုသာ ဇလိုက်များနှင့် ကာဒရီအဖွဲ့နှစ်ဖွဲ့မှာ အခြေခံအားဖြင့် တူညီမှုရှိကြသည်။ ဖော်ပြပါ အုပ်စုနှစ်ခုစလုံးသည် ကုရ်အာန် ပါအခြေခံဥပဒေနှင့်ဆန့်ကျင်ပါက မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မဆို မှားယွင်းသူများဟု ရဲရဲဝံ့ဝံ့ ဆိုရဲသော အဖွဲ့ များဖြစ်သည်။ သို့ရာတွင် ]အီသာဇာဟု}များကမူ လူအများနှင့် လိုက်လျောညီထွေ လိုတိုးပိုလျှော့

ပြု၍ ကျင့်ကြံသူ များဖြစ်ကြသည်။ တမန်တော် မုဟမ္မဒ် မရှိတော့သည့် နောက်ပိုင်း ပထမဦးဆုံး ပြဿနာ အဖြစ် ပေါ်ပေါက် လာခဲ့ သော အကြောင်းရင်းနှင့် စပ်လျဉ်းပြီး အလီ သို့မဟုတ် မိုအာဝေယာတို့ နှစ်ဦးအနက် မည်သူက မှန်သည်၊ မည်သူ ကမှားသည် ဟူသော မွတ်စလင်(မ်)များ၏ မေးခွန်းများနှင့် စပ်လျဉ်းပြီး ]အီသာဇာဟု} များ၏ အဖြေမှာ လူသား၏ နှလုံးသား အတွင်းမှ ကိစ္စဟူသရွေ့ တုန့်ိုင်းမဲ့ကိုးကွယ်ရာ အရှင်သာလျှင် သိနိုင်မည် ဟူသော အဖြေ ဖြစ်သည်။ ထိုအ ဖြေမှာ အယူဝါဒ မတူသော အဖွဲ့နှစ်ဖွဲ့စလုံးနှင့် မဆန့်ကျင်သော အဖြေ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ]အီသာ ဇာဟု}များက ခရာဂျိုက်များကို အစွန်းရောက် ဝါဒီများဟု ယူဆကြသည်။ မိုသာဇလိုက်များသည် နိုင်ငံရေး လှုပ်ရှား မှုများတွင် ရှေ့ဆုံးက ပါဝင်၍ ၎င်းတို့ နည်းတူ အိုမိုင်ယာ အစိုးရကို ဆန့်ကျင်သော ရှီယာများကိုလည်း ထောက်ခံ ကြသည်။ ထိုမိုသာဇလိုက်များ၏ (ကလမ်) ဟူသော ကုရ်အာန်၏ အဆို အမိန့် တစ်ခုတည်းကို အခြေခံ၍ တွေးတော ချင့် ချိန်သော အယူဝါဒကို အီရတ်နိုင်ငံ အတွင်းရှိ မွတ်စလင်(မ်) အများ စု အတွင်း နှစ်ပေါင်း တစ်ရာကျော်ထိ လွှမ်းမိုး



နိုင်ခဲ့သည်။ ဖော်ပြပါ အစ္စလာမ့် ပြည်ထောင်စုကြီး အတွင်း ခရာဂျိုက်၊ မိုသာဇလိုက်၊ ရှီယာ၊ ကာဒရီ၊ အီသာဇာဟု မည်သော အမည်များနှင့်အတူ မွ ရ်ဂျိုက်ခေါ် ဘာသာရေး အဖွဲ့ အစည်းကြီး တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။
ဤသည် တမန်တော် မုဟမ္မဒ် ပရိနိဗ္ဗာန်ပြုသော အေဒီ ၆၃၂ မှ (၆၇)နှစ် အတွင်း အစ္စလာမ် သာသနာ၌ ဂိုဏ်းကွဲ(၆) ဂိုဏ်း ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ထိုဂိုဏ်းကွဲ(၆)ခုမှအခြေခံ၍ နောက်ပိုင်း အစ္စလာမ့် ပြည်ထောင်စုကြီး အတွင်း ကွဲပြားခြားနားသော အယူဝါဒများနှင့် ဂိုဏ်းပေါင်းများစွာကို ဖြစ်ပေါ်စေခဲ့သော အကြောင်းရင်း တစ်ရပ်ဟု ဆိုရမည် ဖြစ်သည်။

အဘူဟနီဖာ (အေဒီ ၆၉၉-၇၆၇)

အဘူဟနီဖာသည် ကုန်သည်တစ်ဦး ဖြစ်သည်။ အစ္စလာမ် သာသနာသို့ ကူးပြောင်းလာသူ ]နောင်မွတ် စလင်(မ်) တစ် ဦး ဖြစ်သည်။ ]မွ ရ်ဂျိုက်} (ခေါ်) ]ရွှေ့ဆိုင်းထားသူများ အဖွဲ့}ကို ဦးဆောင်သူ ဖြစ်သည်။ ]မွ ရ်ဂျိုက်}(ခေါ်) ]ရွှေ့ဆိုင်း ထား သူများအဖွဲ့}ဟူသည် အလီနှင့် မိုအာဝေယာတို့၏ ပြဿနာအား ဝေဖန်ပိုင်းခြားခြင်း အမှုကို စောင့်ဆိုင်း ထား သူများ ဖြစ်သည်။ ထိုနှစ်ဦးနှင့် စပ်လျဉ်းပြီး ကေယာမသ် ကမ္ဘာ တရားစီရင်မည့်နေ့တွင် တုန့်ိုင်းမဲ့ ကိုးကွယ်ရာ အရှင် က သာလျှင် ဆုံးဖြတ်မည်၊ ထိုတရားဆုံးဖြတ်သည့် နေ့တိုင် မွတ်စလင်(မ်)များက စောင့်ဆိုင်းရမည် ဖြစ်သည်။ ထိုအ တောအတွင်း မည်သူကမျှ ၎င်းတို့ နှစ်ဦးနှင့် စပ်လျဉ်း၍ ပြောပိုင်ခွင့်မရှိ ဟူသော ခံယူချက်အားဖြင့် ပေါ်ပေါက် လာ သော ဘာသာရေး အဖွဲ့အစည်းကြီး တစ်ခု ဖြစ်သည်။ အဘူဟနီဖာသည် ကူဖာမြို့မှ စတင်၍ ]]ဖစ်(က်)}} ဟု ခေါ် သော အစ္စလာမ့် ဥပဒေဆိုင်ရာ ဓမ္မထုံးဖွဲ့မှုကို စတင်ခဲ့သူလည်း ဖြစ်သည်။
ကူဖာမှ စတင်၍ နောက်ပိုင်း ကမ္ဘာ့မွတ်စလင်(မ်) အများစုကပါ သူ၏ ဓမ္မထုံးဖွဲ့မှု အတိုင်း ဆက်လက် လိုက်နာခဲ့ကြ သည်။ သူ၏ ဓမ္မထုံးဖွဲ့မှုမှာ ကုရ်အာန်ကိုအခြေခံ၍ မဟာသာဝကများ၊ အဂ္ဂမဟာ သာဝကများ၏ အေဂျမာဟ် စုံညီ ခုံရုံးတွင် ကေယတ်(စ်) ဝိုင်းဝန်း ချင့်ချိန်၍ တရားဆုံးဖြတ်ချက်များကို အခြေခံ၍ တရား ဆုံးဖြတ်သူ ဖြစ်သည်။ သူ ၏ ဓမ္မထုံးဖွဲ့မှု ဥပဒေများသည် ယနေ့တိုင် မွတ်စလင်(မ်)များ အတွင်း ဩဇာသက်ရောက်မှု ရှိနေဆဲ ဖြစ်သည်။ သူ၏ ကိုယ်ရေး စာအုပ်သည် မရှိသလောက် ရှားပါး၍ သူ၏ ပို့ချချက်များကို သူ၏ တပည့်များက ပြန်လည် ရေးသား ထားသောကျမ်း များစွာ ရှိပေသည်။ သူ၏ဥပဒေဆိုင်ရာ ဓမ္မထုံးဖွဲ့မှုများကို အိုမိုင်ယာ မင်းဆက်များ၏ အုပ်ချုပ်ရေး တွင် တရားဝင် ပြဋ္ဌာန်းခဲ့သည်။ သူ့အလျင် ရှိခဲ့သော ဥပဒေထုံးများသည် အလွန်ကျယ်ဝန်း လျက်ရှိသော အစ္စလာမ့် နယ်ပယ်များ အတွင်း တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ကွဲပြားခြားနားစွာ ကျင့်သုံးလျက် ရှိ ခဲ့ကြသည်။
အဘူဟနီဖာခေတ် ဖေကာဟ် ဓမ္မသတ်ထုံးဖွဲ့မှု ဟူသည် မဟာသာဝကများနှင့် အဂ္ဂမဟာ သာဝကများက ကုရ်အာန်ကို အခြေခံ၍ ဝိုင်းဝန်းချင့်ချိန်ပြီး စုံညီခုံရုံး ဆုံးဖြတ်ချက်များကို အခြေခံ၍ သူ၏ခေတ်တွင် ပေါ်ပေါက်လာသော ပြဿ နာ ရပ်များကို ဖြေရှင်းပေးနိုင်ခြင်း ဖြစ်သည်။ အဘူဟနီဖာသည် ဆွဟာဗဟ်ဟုခေါ်သော တမန်တော် မုဟမ္မဒ်၏ အဆွေတော်များ၏ အရိုက်အရာကို ဆက်ခံခဲ့ကြသူ သာဗေအီးန် (ခေါ်) အဂ္ဂမဟာသာဝကများ၏ ခေတ်ကို မှီသူ တစ် ဦး ဖြစ်သည်။ အဘူဟနီဖာ ခေတ် တရားရုံး ဆုံးဖြတ်ချက်များနှင့် ခဝပ်မှုဆိုင်ရာ ပုံစံအားလုံးသည် သူ၏ မျက်စိနှင့် ကိုယ်တိုင်မြင်တွေ့ ရသော သာဗေအီးန် (ခေါ်) အဂ္ဂမဟာသာဝကများ၏ ဆွလာသ်ဝတ်ပြုမှုပုံစံ အတိုင်း လက်တွေ့အ ကောင်အထည် ဖော်ဆောင်ခဲ့သူဖြစ်သည်။ သူ၏ခေတ်တွင် ကျမ်းဂန်အဖြစ် ကုရ်အာန်မှ လွဲ၍ မည်သည့် စာအုပ်စာ တမ်းဟူ၍ ပေါ်ပေါက် ခဲ့ခြင်း အလျှင်း မရှိပေ။ သူ၏ခေတ်တွင် ပေါ်ပေါက်လာ သမျှသော ပြဿနာရပ် များကို ဖြေ ရှင်းပေးရာ၌ ကုရ်အာန်နှင့် မဟာသာဝကများ၊ အဂ္ဂမဟာ သာဝကများတို့၏ ဆုံးဖြတ် ချက် များတွင် ပါဝင်ခြင်း မရှိခဲ့သော အရာများကို သူ၏ အသိဉာဏ် ကိုအခြေခံ၍ ဆုံးဖြတ်သော နည်းစနစ်ကို အသုံးပြု သည်။ ဤသည်ကို ]အက္က လီးလ်ဒလီလ်}ဟု နောက်ပိုင်းဓမ္မသတ် ဆိုင်ရာပညာရှင်များကခေါ်ဆိုကြသည်။

အိုမိုင်ယာမင်းဆက်၏ နောက်ဆ်ဆုံနေ့များ (အေဒီ ၇၀၅ - ၇၅၀)

သမ္မတ အဗ္ဗဒွလ်မာလစ်(က်)သည် လူအများစုက သဘော မတူဘဲလျှက် သူ၏သား အလ်ဝါလစ်(က်)အား သူ၏ အ ရိုက်အရာကို ဆက်ခံစေခဲ့သည်။ ဤသို့လျှင် တမန်တော် မုဟမ္မဒ်လွန်ပြီး နှစ်ပေါင်း တစ်ရာလောက် အတွင်းတွင် အစ္စလာမ်၏ လမ်းစဉ် မဟုတ်သော အများတူညီမှု မရှိသည့် ထီးနန်းဆက်ခံမှုများ ဖြစ်ပေါ်လာတော့သည်။ သို့သော် အိုမိုင်ယာ မင်းဆက်များ အတွင်း အလ်ဝါလစ်(က်)၏ အုပ်ချုပ်ချိန်တွင် အိုမိုင်ယာသည် အထွတ်အထိပ်သို့ ရောက်ရှိ လာခဲ့သည်။ သူ့လက်ထက်တွင် မွတ်စလင်(မ်)တို့သည် မြောက်အာဖရိက တိုက်ကို အောင်မြင်လွှမ်းမိုးနိုင်ခဲ့၍ အနောက် တိုင်း ဒေသများသို့ မွတ်စလင်တို့၏ ဩဇာကို ဖြန့်ကျက်နိုင်သည့် သက်သေ အဖြစ် စပိန်နိုင်ငံသို့လည်း အုပ်ချုပ်နိုင် ခဲ့သည်။
အေဒီ ၇၃၂ (ပွိုင်းတီးယား) တွင် မွတ်စလင်(မ်) စစ်တပ်ကို အနောက်တိုင်းသားတို့ တိုက်ခိုက် ခဲ့စဉ်က မွတ်စ လင်(မ်) များ အဖို့ ကြီးမားသော ပျက်စီးဆုံးရှုံးမှု မဖြစ်သော်လည်း အနောက်တိုင်းသား တို့သည် ထိုအချင်း အရာကို ပုံကြီး ချဲ့၍ မကြာခဏ ရေးသားဖော်ပြခဲ့ကြသည်။အမှန်တကယ်အားဖြင့် ထိုစစ်ပွဲ၏ နောက်ဆက်တွဲ အဖြစ် အစ္စလာမ် ဟူ သော သာသနာတွင် ထိခိုက်ဆုံးရှုံးမှု မရှိသည့်အပြင် ခရစ်ယာန်အများစု ရှိသော အနောက်တိုင်း အတွင်းသို့ အစ္စလာမ်သာသနာကို ပြသခွင့် ရရှိခဲ့သည်။

အွမ္မရ်(၂) ခေါ် အွမ္မရ်အေ့ဗနု အဗ္ဗဒွလ်အဇီးဇ် (အေဒီ ၇၁၇ - ၇၂၀)

သူ၏ ခေတ်တွင် အိုမိုင်ယာမင်းဆက်သည် အခက်အခဲမျိုးစုံ နှင့်ရင်ဆိုင်ရသော ကာလ ဖြစ်ခဲ့သည်။ ခေတ်မီ တိုးတက် သော နိုင်ငံတစ်ခုကို တည်ဆောက်ရာ၌ ထိုနိုင်ငံရှိ လူဦးရေ၊ နယ်ပယ် ကျယ်ပြန့်မှု အလျောက် ထွက်ကုန် ပစ္စည်းမှ ပိုလျှံ မှု အပေါ်အခြေခံ၍ ထိုတိုင်းပြည်၏ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုကို တိုင်းတာ သတ်မှတ်ခြင်း ဖြစ်သည်။ အွမ္မရ်(၂) သည် ဥရောပတိုက်ရှိ အစ္စတန်ဘူလ်ကို အောင်နိုင်ရန် ကြိုးစားခြင်းဖြင့် ကြီးမားသော လူအင်အား၊ ပစ္စည်းအင်အား များကို ပေးဆပ်ခဲ့ရလေသည်။ အွမ္မရ်(၂)သည် အစ္စလာမ့် အုပ်ချုပ်မှုအောက်ရှိ မွတ်စလင်(မ်) မဟုတ်သူများကို အစ္စလာမ်သာသနာ အတွင်းသို့ ကူးပြောင်းလာရန် တိုက်တွန်းခဲ့သော ပထမဦးဆုံး သမ္မတ ဖြစ်သော်လည်း သူ၏ လက်ထက်တွင် ထို မွတ်စလင်(မ်) မဟုတ်သူ များထံမှ လုံခြုံရေးခွန် ဖြစ်သော ]ဂျစ်ယာ} ကောက်ခံမှုကို ပလပ်ခဲ့သည်။ သို့ဖြင့် သူ၏အုပ်ချုပ်မှုအောက်တွင် တိုင်းပြည်၏ဝင်ငွေများ ဆုံးရှုံးခဲ့သည်။ အွမ္မရ်(၂) သည် ဘာသာတရား အလွန် ကိုင်းရှိုင်းသော သမ္မတ ဖြစ်၍ သူ့အား မဒီနာမှ အီရတ် နိုင်ငံသို့ မူလခေါ်ဆောင်လာ ရသော အကြောင်းရင်းမှာ မွတ် စလင်(မ်)များကို တရားရေအေး တိုက်ကျွေးရန် အတွက် ဖြစ်သည်။ သူသည် အတတ် နိုင်ဆုံး မိမိကိုယ်ကို ]ရာရှေဒွန်း} များနည်းတူ ကျင့်ကြံ၍ ၎င်းတို့၏အုပ်ချုပ်ရေး အတိုင်း ဖြစ်ရန် ကြိုးစားခဲ့သူဖြစ် သည်။ သူ၏ အုပ်ချုပ်မှု အောက် တွင် မွတ်စလင်(မ်)နှင့် မွတ်စလင်(မ်) မဟုတ်သူများ အားလုံး တန်းတူ တရားမျှတမှု ရရှိခဲ့သည်။ မွတ်စလင်(မ်) များ အားလုံး ပြန်လည် စည်းလုံးညီညွတ်ရေးကို အတတ်နိုင်ဆုံး ကြိုးစားခဲ့သူလည်း ဖြစ်သည်။ သို့ရာတွင် တိုင်းပြည်၏ စီးပွားရေးကို ပြန်လည်ဦးမော့ လာနိုင်ရန်ကိုမူ စွမ်းဆောင်နိုင်မှု၌ အားနည်းခဲ့ပေ သည်။
သူ၏အရိုက်အရာကို ဆက်ခံခဲ့သူများ ဖြစ်သည့်ယဇစ်(၂) (အေဒီ ၇၂၀-၇၂၄)သည် အကျင့် စာရိတ္တအားဖြင့် အခြား သမ္မတများနှင့် မတူဟု ဆိုရပေမည်။ ဟီရှန်(၁) (အေဒီ ၇၂၄ - ၇၄၃)သည်လည်း ဘာသာတရား အလွန်ကိုင်းရှိုင်းသူ တစ်ဦး ဖြစ်သည်။ သူတို့၏ ခေတ်တွင် ပြည်တွင်း၌ တော်လှန်သူများနှင့် မကျေနပ်သူများ များပြားလာခဲ့သည်။


သို့သော် ဟီရှန် (၁) သည် အင်ပါယာ တစ်ခုလုံးတွင် ခိုင်မြဲသည့် စီးပွားရေးစနစ်ကို ပြန်လည် ထူထောင်နိုင်ခဲ့သည်။ မိမိ ရရှိထားသော သမ္မတအာဏာ ကိုလည်း ပိုမိုသုံးစွဲနိုင်ခဲ့သည်။ သူ၏ အုပ်ချုပ်ရေး အောက်တွင် ရှီယာများ၏ လှုပ်ရှားမှု ပိုမိုပီပြင်လာခဲ့သည်။
ရှီယာများက တမန်တော် မုဟမ္မဒ်၏ မျိုးနွယ်ဆက်များကသာ တိုင်းပြည်ကို အုပ်ချုပ်၍ အများ မွတ်စလင်(မ်)တို့ကို ဦးဆောင်သူ ဖြစ်ရမည်ဟု တောင်းဆိုမှုများဖြင့် သမ္မတကို ဆန့်ကျင်သူများ ဖြစ်လာသည်။ ထိုအချိန်မှ စတင်၍ ရှီယာ များ၏ အခြားသော အဓိက တောင်းဆိုမှု တစ်ခုမှာ တမန်တော် မုဟမ္မဒ်၏ နောက်ပိုင်း အုပ်ချုပ်ခဲ့ကြသော အဘူဘ ကရ်၊ အွမ္မရ်နှင့် အွတ်စမာန်တို့သည် အလီ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို မတရား ရယူခဲ့သူများ ဟု စွပ်စွဲ လာသည် အထိ ပြင်းထန် လာခဲ့ကြသည်။ တစ်စစနှင့် ရှီယာများ အတွင်းမှ ပိုမို၍အစွန်း ရောက်သောလူ တစ်စုက ယခင်ရှိရင်းစွဲယုံကြည်မှု အဟောင်းကို အခြေခံ၍ အတွေးအခေါ် သစ်များကို မွေးဖွားလာခဲ့ကြသည်။ ထို အတွေး အခေါ်အယူဝါဒ အသစ်များမှာ ခရစ်ယာန်များက ယေရှုခရစ်အပေါ် ခံယူ သကဲ့သို့ ၎င်းတို့က အလီသည် တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ နာမ်ပိုင်းဆိုင်ရာ ဝင်စားခံရသူဟု ယူဆလာခဲ့ကြသည်။ ထိုကဲ့သို့ပင် ရှီယာများ၏ ခေါင်းဆောင် များ အသတ်ခံကြရသော်လည်း

ထိုခေါင်းဆောင်များသည် အကွယ်တွင် ရှင်သန်လျက်ရှိနေကြ၍ ကေယာမသ် (ကမ္ဘာ ပျက်ချိန်) နီးလျှင် တရားမျှတမှုနှင့် ငြိမ်းချမ်းရေး အတွက် ထိုခေါင်းဆောင်များသည် အခမ်းအနားနှင့် ပြန်လည် ရောက်ရှိလာကြမည်ဟုပင် ယုံကြည်မှု အစွန်းရောက်လာ ကြတော့သည်။
အခြားတစ်ဘက်တွင် အစ္စလာမ် သာသနာသို့ ဝင်ရောက်လာခဲ့သော လူမျိုးပေါင်း များစွာသည် မိမိတို့၏ ဘာသာ ဟောင်းများမှ မိရိုးဖလာအယူဟောင်းများကို အစ္စလာမ်သာသနာအတွင်းသို့ ထည့်သွင်း ပေါင်းစပ်၍ ရောနှော လျှက် ဓလေ့ထုံးထမ်းများ ပြုလုပ်လာမှုများလည်း ရှိလာပေသည်။ ဤသည် အိုမိုင်ယာမင်းဆက်များ၏ အုပ်ချုပ်မှု အောက် တွင် ကွဲပြားခြားနားစွာ ပေါ်ပေါက်လာသော ဘာသာရေး ဆိုင်ရာ အယူသစ်များ ဖြစ်သည်။
ထို့ပြင် အာရဗ် မဟုတ်သော အခြားလူမျိုး အစ္စလာမ် သာသနာဝင်တို့မှာ ဒုတိယတန်းစား မွတ်စလင်(မ်)များ အဖြစ် သွေးခွဲ၍ အုပ်ချုပ်ခြင်းကို ခံရမှုများလည်း ရှိလာခဲ့ပေသည်။ ထိုသို့ မွတ်စလင်(မ်) အများစု ရှိသော အစ္စလာမ့် ပြည် ထောင်စု အတွင်း လူတန်းစား ခွဲခြား၍ အုပ်ချုပ်ခံ ကြရခြင်းအပေါ် အစိုးရကို ဆန့်ကျင်သော လှုပ်ရှားမှုများ များ ပြားလာခဲ့သည်။
ထိုသို့သောအကြောင်းများကြောင့် အိုမိုင်ယာမင်းဆက်သည် (၄၅)နှစ် သက်ဆိုးရှည်ခဲ့၍ အင်ပါယာ တစ်ခုလုံး ပြိုကွဲ ပျက်စီးခြင်းနှင့် ကြုံကြိုက်လာတော့သည်။
အဗ္ဗဒ္ဒလ္လာဟ် အေ့ဗနု အဘတ်(စ်)သည် ကုရ်အာန်နှင့်စပ်လျဉ်းသော ပညာရှင်ကြီး တစ်ပါးဖြစ်သည်။ တမန်တော် မုဟမ္မဒ်၏ ဦးကြီးတော် အဘတ်(စ်)၏သားလည်း ဖြစ်ပေသည်။ သူ၏ မျိုးဆက်မှ သမ္မတ အဖြစ် တင်မြှောက်ရန် အီရန်နိုင်ငံမှ လူထု၏ ထောက်ခံမှုဖြင့် အေဒီ ၇၄၃တွင် ကူဖာမြို့ကိုသိမ်းပိုက်ခဲ့သည်။ သို့ဖြင့် အေဒီ ၇၄၉ ဩဂုတ်လ တွင် အိုမိုင်ယာ နောက်ဆုံးမင်းဆက် မန်ဆူးရ်(၂)အား ဖြုတ်ချ၍ အိုမိုင်ယာ မင်းဆက်၏ အုပ်ချုပ်ရေးကို အဆုံး သတ်စေခဲ့သည်။

အဘာစီသမ္မတများခေတ် (အေဒီ ၇၅၀ - ၉၃၅)

အဘာစီများသည် ရှီယာများ၏ အားပေးထောက်ခံမှုနှင့် ရှီယာများက အများမွတ်စလင်(မ်)များကိုပါ မဲဆွယ်ပေးမှု တို့ကြောင့် အာဏာရရှိခဲ့ကြသည်။ အဘာစီ မင်းဆက်၏ ပထမဦးဆုံး သမ္မတမှာ အဘူအလ် အဘတ်စ် အလ်စဖဟ် (အေဒီ ၇၅၀-၇၅၄) ဖြစ်သည်။ အဘတ်စ်သည် အိုမိုင်ယာမင်းဆက်များနှင့် ထိုမင်းဆက်များ၏ အမာခံများကို လက် လှမ်းမီသရွေ့ သုတ်သင် ရှင်းလင်းခဲ့သည်။ သူအာဏာရရှိလာခြင်းမှာ ရှီယာများ၏ အယူဝါဒအရ တမန်တော် မုဟမ္မဒ် ၏ မျိုးနွယ်မျိုးဆက်များကသာ မွတ်စလင်(မ်) ပြည်ထောင်စုကြီးကို အုပ်ချုပ်ရမည်ဟူသော မူဝါဒ ကြောင့် ဖြစ်သည်။ သို့ရာတွင် အဘာစီများသည် ရှီယာများကိုကား နှစ်သက်ခဲ့ကြသူများ မဟုတ်ကြချေ။


အေဒီ ၇၅၄-၇၇၅ အထိ အုပ်ချုပ်ခဲ့သော သမ္မတ အဘူဂျာဖရ် အလ်မန်ဆူးရ်သည် သူ၏ အုပ်ချုပ်ရေးကို အဟန့် အ တား ဖြစ်နိုင်သည်ဟု ယူဆရသော ရှီယာများကို လက်လှမ်းမီသရွေ့ သုတ်သင်ခဲ့လေသည်။ မန်ဆူးရ်သည် မိမိ ကိုယ်ကို မိမိ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်က ရွေးချယ်သော သမ္မတဟု ကြေညာခဲ့သူ ဖြစ်သည်။
သူ၏သားကို ရှီယာများ၏ယုံကြည်မှုတွင် နောက်ဆုံးပွင့်မည့် အေမာမ်မဟ်ဒီ ဟူသော အမည်ဖြင့် အေဒီ ၇၇၅မှ ၇၈၅ အထိ အုပ်ချုပ်စေခဲ့သည်။ ဖခင်မန်ဆူးရ်က ရှီယာများကို သုတ်သင်ရှင်းလင်း ခြင်းဖြင့် ရှီယာများ၏ ထောက်ခံမှုကို လက်လွှတ် ဆုံးရှုံးခဲ့ရလေသည်။ ထိုသို့ ထောက်ခံမှု ဆုံးရှုံးခဲ့ခြင်းကို ပြည်လည် သိမ်းသွင်း နိုင်ရန် သူ့သားအား အေ မမ်မဲဟ်ဒီဟု ဘိသိက်ပေးကာ ပြန်လည် ကြိုးပမ်းခြင်း ဖြစ်ပေသည်။
အဘာစီမင်းဆက် လက်ထက်တွင် အိုမိုင်ယာလက်ထက်၌ ဖြေရှင်းပေးနိုင်ခဲ့ခြင်း မရှိသော လူနည်းစု ပြဿနာများကို ဖြေရှင်းပေးနိုင်ခဲ့သည်။ အိုမိုင်ယာမင်းများ လက်ထက်မှ အာရဗ်မွတ်စလင်(မ်)များကို အထူး အခွင့်အရေး ပေးမှုကို လည်း ဖျက်သိမ်းနိုင်ခဲ့သည်။ ဒမတ်စကတ်မြို့ကို မြို့တော် အဖြစ် ဗဟိုပြု အုပ်ချုပ်ရာမှ အီရတ်နိုင်ငံ ကူဖာမြို့သို့ ပြောင်းရွှေ့၍ နောက်ပိုင်း ဘဂ္ဂဒက်မြို့ကို မြို့တော်အဖြစ် ဗဟိုပြု၍ အုပ်ချုပ်ခဲ့သည်။ သူ၏အုပ်ချုပ်ရေးတွင် အာရဗ် မဟုတ်သော မွတ်စလင်(မ်)များနှင့် မွတ်စလင်(မ်)မဟုတ်သူများ အားလုံးကို တန်းတူတရားမျှတမှုရရှိစေရ မည်ဟု ကတိကဝတ်များပြုခဲ့သည်။ဘဂ္ဂဒက်မြို့ကို မြို့တော်အဖြစ် ရွှေ့ပြောင်းရခြင်းမှာ ဘဂ္ဂဒက်မြို့သည် အလွန် ကျော် ကြားသော သမိုင်းဝင်မြို့ဖြစ်သောကြောင့်ပင်။ ထိုမြို့၏ အလယ်ဗဟိုတွင် အစိုးရ တရားရုံးများနှင့် တော်ဝင် မိသား စုများ၏ ခမ်းနားသပ်ရပ်သော နေအိမ်အဆောက်အအုံများ ရှိ၍ ပတ်ပတ်လည်၌ ် မြို့စောင့်တပ် စခန်းများနှင့် အလုပ်တန်းလျားများဖြင့် အလွန့်အလွန် စည်ကားသော မြို့တစ်မြို့ဖြစ်သည်။
ထိုမြို့၏ဘေးတစ်ဖက်တွင် တိုက်ကရစ်(က်)မြစ် ရှိနေသည်။ အခြားတစ်ဖက်တွင် စိုက်ပျိုးရေးပြည်နယ်ကြီးဖြစ်သော ]]ဆာဝဒ်}}ပြည်နယ်တည်ရှိသည်။ အလားတူ ပါရှန်းအင်ပါယာ (တီစီဖုံး) ၏ မြို့တော် (ဆတ်ဆနစ်) မြို့နှင့် အလွန်နီး ကပ်လျက် ရှိနေသည်။ အဘာစီခေတ် ဘဂ္ဂဒက်မြို့သည် အစ္စလာမ်မတိုင်မှီ ယခင်အာရဗ်ရိုးရာ ယဉ်ကျေးမှု များကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့သော မြို့တစ်မြို့ဖြစ်ခဲ့သည်။

သမ္မတဟာရွန်အလ်ရရှစ်(ဒ) (အေဒီ ၇၈၆-၈၀၉)

သမ္မတ ဟာရွန်အလ်ရရှစ်(ဒ) လက်ထက်တွင် အဘာစီ အုပ်ချုပ်ရေးကို တစ်မူ ထူးစွာပြောင်းလဲ နိုင်ခဲ့သည်။ သူ၏ အုပ်ချုပ်ရေး စနစ်မှာ ရာရှေဒွန်းဟုခေါ်သော ဖြောင့်မတ်မှန်ကန်သူများ ခေတ်နှင့် လုံးဝဥဿုံ ဆန့်ကျင်သော သက် ဦး ဆံပိုင်အာဏာရှင် စနစ်ကို တည်ဆောက်နိုင်ခဲ့သည်။ အစ္စလာမ့် အမွေအနှစ်များကို လုံးဝနီးပါးဖျောက်ဖျက် နိုင်ခဲ့ ရုံမက အစ္စလာမ့်အယူဝါဒဆိုင်ရာ အဓိက တားမြစ်ချက် ဥပဒေများကို တရားဝင် ပြုလုပ်ပြဌာန်းခဲ့သူ တစ်ဦးဖြစ်သည်။ သူ၏ခေတ်မှ စတင်၍ ခလီဖာဟူသည် ကမ္ဘာမြေပြင်ပေါ်၌ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အရိပ် ဖြစ်သည် ဟူသော ဥပဒေကို ပြဌာန်းခဲ့သူ ဖြစ်သည်။ သူ၏ခေတ်မှ စတင်၍ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အရိပ်ဖြစ်သော ခလီဖာ၏ ရှေ့မှောက်သို့ အခစား ဝင်ရောက်ကြရသူတိုင်းသည် ဦးညွှတ်၍အလေးပြုရသော စနစ်ကို စတင်ခဲ့သူ ဖြစ်သည်။အစ္စလာမ့် ဥပဒေနှင့် ဖီလာဆန့်ကျင်သော လူလူချင်း ဦးညွှတ်၍ အရိုအသေပေးရသည့် ဓလေ့ထုံးတမ်းကို အစ္စလာမ် သာသနာ အတွင်းသို့ ပထမဆုံး တရားဝင် ယူဆောင်လာသူ တစ်ဦး ဖြစ်သည်။ သူ၏ ဘေးနှစ်ဖက်တွင် ဓားကိုယ်စီ ကိုင်ဆောင် ထားသော ပါးကွက် အာဏာသား နှစ်ဦးက အသင့်အနေအထားတွင် အမြဲရှိနေသည်။ ၎င်းခေတ် သမ္မတ ဟူသည် အပြစ်မဲ့ တစ်ဦးကိုလည်း သေဒဏ်ပေးပိုင်ခွင့် ရှိသကဲ့သို့ အပြစ်ရှိသူ တစ်ဦးကိုလည်း ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ပေးပိုင် ခွင့်ရှိသည်။ ယခင်သမ္မတများ၏ ဥပဒေအကြံပေး အရာရှိအားလုံးကို ဖျက်သိမ်း၍ နောက်ဆုံး အယူခံကို သမ္မတ တစ်ဦးတည်းကသာ ဆုံးဖြတ်ခဲ့သည်။

၄၈ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ဟာရွန်အလ်ရရှစ်(ဒ်)၏ အထူးကိုယ်ရံတော်တပ်မှာ ပါရှန်းအင်ပါယာကို အောင်နိုင်စဉ်က ပါလာသော ပါရှန်းမြို့ စောင့် ရဲများ ဖြစ်သည်။ ထိုအချိန်က လူထု၏ ဆန္ဒမှာ အစ္စလာမ့် ဥပဒေကို အခြေခံသော အုပ်ချုပ်ရေး စနစ် ဖြစ် သည်။ ယခင်ရှိခဲ့ဖူးသော အိုမိုင်ယာ မင်းဆက်ထက်ပင် ပို၍ဆိုးရွားသော သမ္မတ၏ အုပ်ချုပ်ရေးကြောင့် လူထု အများစု စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရသည်။ သို့သော် သူ၏ လက်ထက်တွင် တိုင်းပြည်၏ စီးပွားရေးအမှာ ပိုမိုဖွံ့ဖြိုး တိုးတက် ခဲ့သည်။ ဟာရွန်အလ်ရရှစ်(ဒ်)သည် အာဏာစက်ကို ပိုမိုသုံးစွဲခဲ့ခြင်းဖြင့် နှိပ်ကွပ်ထား သောကြောင့် သူ၏ အုပ်ချုပ်ရေး အောက်တွင် အစိုးရကို ဆန့်ကျင် ပုန်ကန်သူများပင် မရှိခဲ့ပေ။ ပြည်တွင်းငြိမ်းချမ်းရေး အပြည့် အဝရှိ ခဲ့ပြီး အများပြည်သူများအတွက် လုံခြုံမှု အပြည့်အဝ ရရှိခဲ့ကြသည်။
ဟာရွန်အလ်ရရှစ်(ဒ်)သည် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များကို အထူးအားပေးခဲ့သည်။ ထိုပညာရပ်ဆိုင်ရာ ထူးချွန်သူများ ကို အဖက်ဖက်မှ ထောက်ပံ့ပေးခြင်း အားဖြင့် သူ၏ခေတ်တွင် ခေတ်သစ် သိပ္ပံပညာရပ်များ အလွန် ထွန်းကား လာခဲ့ သည်။ စာပေဗဟုသုတဆိုင်ရာ ပညာရပ်များ၊ အတွေးအခေါ်ပညာရပ်များနှင့် ကဗျာ လင်္ကာပညာရပ်များ၊ သင်္ချာ ဗေဒနှင့် နက္ခတ္တဗေဒဆိုင်ရာ ပညာရပ်များသည် ဘဂ္ဂဒက်မြို့တွင်သာမက ကူဖာ၊ ဘာစရာ၊ ဂျွန်ဒေဗီဘာနှင့် ဟာရင် မြို့များအထိ ပြန့်ပွားထွန်းကားခဲ့သည်။ ၎င်း၏ အုပ်ချုပ်ရေးအတွင်းရှိ ဂရိလူမျိုးများ၏ အကူအညီဖြင့် ဆေးဘက် ဆိုင်ရာပညာရပ်များကို ဂရိ နှင့် ဆိုက်ရီယက် ဘာသာရပ်များမှ အာရဗီဘာသာ စာပေသို့ ဘာသာပြန်ဆို နိုင် ခဲ့သည်။ သမိုင်းဆိုင်ရာ သုတေသန အဆောက်အဦးကြီးကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ ခေတ်ပညာတတ်များကို အားပေး သောကြောင့် သူ၏ ခေတ်တွင် မွတ်စလင်(မ်) ခေတ်ပညာတတ်များ၏ သိပ္ပံဆိုင်ရာ တိုးတက်မှုမျိုးကို အခြားသော မည်သည့် သမ္မတများ ခေတ်တွင်မှ မရှိခဲ့ပေ။ သူ့လက်ထက်၌ စက်ရုံအလုပ်ရုံကြီးများလည်း ပေါ်ပေါက် လာခဲ့သည်။ သိပ္ပံဆိုင်ရာ သုတေသနပြုသူများနှင့် တီထွင်ပညာရှင်များကို အထူးသီးခြား အဆောင်အယောင်များဖြင့် နေထိုင် ခွင့် ပြုထားခဲ့သည်။
သမ္မတနှင့် အုပ်ချုပ်သူလူတန်းစားများသည် ယခင်ပါရှန်း အင်ပါယာ ဘုရင်များကဲ့သို့ ဇနီးမိန်းမများစွာ သိမ်းပိုက် ခဲ့ပေသည်။
ထိုခေတ်တွင် မွတ်စလင်(မ်)ပုပ်ရဟန်း မင်းကြီးများအဖို့ သမ္မတနှင့်အုပ်ချုပ်သူများအား ပြောရေးဆိုခွင့် မရခဲ့ပေ။ ဘာသာရေး အရောင်အားသန်သူ အများစုမှာ မဒီနာမြို့တွင်နေထိုင်ကြ၍ ရှီယာများကမူ ဟူစိန်ကျဆုံးရာ ကရ်ဗာ လာ အရပ်တွင် နေထိုင်ကြသည်။

ရှီ ယာအယူဝါဒ

ရှီယာများသည် အစ္စလာမ့်ပြည်ထောင်စုကြီး ကိုဦးဆောင်ရန် မှန်ကန်သော ခေါင်းဆောင် လိုအပ် သည်ဟု ယူဆကြ သည့် အတွက် ဟူစိန်၏သားကြီး အလီဇိုက်နွလ် အာဗေဒီးန် အေဒီ-၇၁၄ အား စတုတ္ထအေမာမ်ဟု သတ်မှတ်ကြ သည်။ ၎င်းတို့၏ အယူဝါဒမှာ အလီအား ပထမဦးဆုံး အေမာမ်၊ အလီ၏သားကြီး ဟစန်အား ဒုတိယအေမာမ်၊ ဟူ စိန်အား တတိယအေမာမ် ဟု ယူဆ၍ ယခုဟူစိန်၏သား ဇိုက်နွလ် အာဗေဒီးန်သည် စတုတ္ထအေမာမ် ဖြစ်သည်ဟု ယူ ဆခြင်း ဖြစ်သည်။ ထို့ပြင် ၎င်းတို့က အလီသည် တမန်တော် မုဟမ္မဒ်ထံမှ ကုရ်အာန်ပါ လျှို့ဝှက်နက်နဲသော ပညာ ရပ် များကို ရရှိခဲ့၏။ ထိုပညာရပ်များကို သူ၏သားကြီးဟစန်၊ ဟစန်မှဟူစိန်၊ ဟူစိန်မှ ဇိုင်နွလ်အာဗေဒီးန်းတို့က ဆက် လက်၍ လက်ဆင့်ကမ်း ရရှိခဲ့ကြသည်ဟု ယူဆယုံကြည်ကြပေသည်။ မုဟမ္မဒ်ဘာကီရ် ၇၃၅သည် ပဉ္စမအေမာမ် ဖြစ် သည်။ တမန်တော် မုဟမ္မဒ်သည် ကုရ်အာန်ပါ နက်နဲသည့် ပညာရပ်များကို ထိုအေမာမ်များမှလွဲ၍ အခြား မည် သည့် သာဝကများကိုမျှ ဖွင့်ဆိုပြမှု မရှိခဲ့ မိမိ၏ အရိုက်အရာအား ဆက်ခံစေရန် အတွက် အေမာမ်များကိုသာ သင်ကြား ပေးခဲ့သည်ဟု ယုံကြည်ထားသူများ ဖြစ်ကြသည်။ သူတို့ဆိုလိုသော

လျှို့ဝှက်နက်နဲသည့် ပညာရပ်ဆိုသည်မှာ နာမ်ပိုင်း ဆိုင်ရာ ကျင့်စဉ်ဖြင့် ကုရ်အာန်ပါ ကိန်းအောင်းနေသော လျှို့ဝှက် ဥပဒေများကို သိရှိနိုင်မည် ဖြစ်သည်။ ထို အတွေး



အခေါ် အယူဝါဒသစ်များဖြင့် အလ်ဘာကီရ်သည် ရှီယာများ၏ ကျော်ကြားသော ခေါင်းဆောင်တစ်ဦး ဖြစ် လာခဲ့ သည်။

အလ်ဘာကီးရ်၏ညီ ဇိုက်အေ့ဗနု အလီသည် နိုင်ငံရေး လှုပ်ရှားမှုကြောင့် အေဒီ ၇၄၀ တွင် အိုမိုင်ယာများ၏ ကွပ်မျက် ခြင်းကို ခံခဲ့ရသည်။ အလ်ဘာကီရ်၏ အဆိုအရ ကုရ်အာန်၏လျှို့ဝှက်နက်နဲသော အဓိပ္ပာယ်များကို တမန်တော် မုဟမ္မဒ်နှင့် အလွန်နီးစပ်သော ဆွေမျိုးများကသာ သိရှိနိုင်မည် ဖြစ်သည်။ အကယ်၍ တမန်တော် မုဟမ္မဒ်နှင့် ဆွေမျိုး တော်စပ်မှု မရှိသော မွတ်စလင်(မ်) တစ်ဦးဦးက နာမ်ပိုင်းဆိုင်ရာ ပေါက်ရောက်မှု ရှိစေကာမူ ကုရ်အာန်ပါ လျှို့ဝှက်

နက်နဲသော အဓိပ္ပာယ်များကို မသိနိုင်ဟု ဖွင့်ဆိုခဲ့သည်။ ထို့ပြင် အေမာမ်သည် မိမိ၏အရိုက် အရာအား ဆက်ခံမည့် သူကို ကိုယ်တိုင် ရွေးချယ်ရမည် ဖြစ်သည်။ တမန်တော် မုဟမ္မဒ်၏ မျိုးနွယ်လည်းဖြစ်၊ နာမ်ပိုင်းကျင့်စဉ်၌လည်း ပေါက်ရောက်သူ ဖြစ်မှသာ မွတ်စလင်(မ်) များကို ဦးဆောင်သော အေမာမ် ဖြစ်ပြီး၊ ထိုအေမာမ်သည် သူ၏ အရိုက် အရာအား ဆက်ခံမည့် အေမာမ်လောင်းလျာကို ထိုပညာရပ်များ ကြိုတင်သင်ကြားပေးရမည် ဖြစ်သည်။ ရှီယာ အ များစုသည် ဘာသာရေးဆိုင်ရာ အယူဝါဒများနှင့် စပ်လျဉ်းပြီး အလ်ဘာကီရ်ကို နှစ်သက်ကြပြီး နိုင်ငံရေးဆိုင်ရာ ခံယူ ချက်များနှင့်စပ်လျဉ်း၍ အေ့ဗနုအလီ၏ တော်လှန်သော အတွေးအခေါ်များကို ပိုမိုနှစ်သက်ခဲ့ကြသည်။ အေဒီ ၇၄၀ တွင် ဇိုက်အေ့ဗနုအလီ လုပ်ကြံခံခဲ့ရပြီးနောက် အလ်ဘာကီရ်၏ နောက်သို့လိုက်သူ နည်းပါးသွားခဲ့သည်။ အဘာစီများ အာဏာရလာပြီးနောက်ပိုင်းတွင် အလ်ဘာကီရ်၏ အယူဝါဒများကို လက်ခံယုံကြည်သော ရှီယာများသည် ဖြိုခွင်း သုတ်သင်ခြင်းကို ခံခဲ့ရလေသည်။

အေဒီ ၇၆၅ တွင် ဆဌမအေမာမ် အဖြစ် ဂျာဖရ်အလ်ဆာဒစ်(က်)သည် ရှီယာများ၏ခေါင်းဆောင် ဖြစ်လာခဲ့သည်။ အ ဘာစီ သမ္မတမန်ဆူးရ်၏ အမိန့်ဖြင့် ဂျာဖရ်ဆာဒစ်(က်)သည် ထောင်သွင်း အကျဉ်းချခြင်းကို ခံခဲ့ရသည်။ ဆာဒစ်(က်) သည်လည်း အလ်ဘာကီရ်နည်းတူ လျှို့ဝှက်နက်နဲသော ကုရ်အာန်၏အဓိပ္ပာယ်များကို သိရှိနိုင်ရန် အတွက် နာမ်ပိုင်း ဆိုင်ရာ ကျင့်စဉ်ကျင့်ရပ်များကို ရှီယာများ အတွင်းသို့ ပိုမို၍ ထည့်သွင်းပေးနိုင်ခဲ့သည်။ အလ်ဆာဒစ်(က်) သည် အစ္စလာမ့်ပြည်ထောင်စုကြီး တစ်ခုလုံး၏ အီမာမ်ဟု ကြေညာခဲ့သည်။ သို့ရာတွင် အုပ်ချုပ်သူ သမ္မတဟူ၍ ကြညာ ခဲ့ ခြင်း မရှိပေ။ ထိုအချိန်မှ စတင်၍ ရှီယာများ၏ အယူဝါဒတွင် အေမာမ်ဟူသည် သာသနာရေး ဆိုင်ရာ ခေါင်း ဆောင် ဖြစ်ပြီး သမ္မတသည် တိုင်းပြည် အုပ်ချုပ်သော ခေါင်းဆောင်ဟူ၍ စတင် ကွဲပြားလာခဲ့သည်။ အမှန်တကယ် အားဖြင့် ရှီယာများ၏ အယူဝါဒမှာ အေမာမ်ဟူသည် ဘာသာရေးနှင့် အုပ်ချုပ်ရေးနှစ်ခု စလုံးကို ဦးဆောင်ရမည်ဟု ခံယူ ခဲ့ကြ သူများ ဖြစ်သည်။ သို့ရာတွင် အဘာစီများ၏ အုပ်ချုပ်ရေးတွင် ၎င်းတို့၏ အချုပ်အခြာ အာဏာကို ထိပါးလာနိုင် သည့် ကိစ္စဟူသရွေ့ကို အမြစ်ဖြတ် ချေမှုန်းသူများ ဖြစ်ကြသည့် အတွက် အခြေအနေနှင့် အချိန်အခါ ပေါ်တွင် မူ တည်၍ အေမာမ် ဟူသည် ဘာသာရေး ခေါင်းဆောင်များဟူ၍ မလွှဲမရှောင်သာ လက်ခံ ခဲ့ကြခြင်းဖြစ်သည်။

အများမွတ်စလင်(မ်)များမှာမူ မွတ်စလင်(မ်)ဟူသည် မိမိတို့၏ ကိုယ်ကျင့်တရားကို ကောင်းသည်ထက် ကောင်းသော နည်းလမ်းများကို ရှာဖွေနေကြသူ များဖြစ်ကြသည်။ ထိုစဉ်က မွတ်စလင်(မ်)အများစု၏အယူဝါဒမှာ အေမာမ် များ ယူဆသကဲ့သို့ ကုရ်အာန်ပါ ဖုံးကွယ်လျက်ရှိသော အဓိပ္ပာယ်များကို သိရန်ထက် ကုရ်အာန်ဟူသည် တုနှိုင်းမဲ့ ကိုးကွယ် ရာ အရှင်၏ ရောင်ခြည် ဖြစ်သည်။ ထိုအရှင်၏ ရောင်ခြည် လွှမ်းမိုးခြင်း ခံရသော တမန်တော် မုဟမ္မဒ်၏ ကိုယ်စိတ် နှလုံး သုံးပါးလုံးသည် ထိုတုနှိုင်းမဲ့ကိုးကွယ်ရာအရှင်နှင့် ပူးကပ် စိမ့်ဝင်သွားမှုကြောင့် ဖန်ဆင်းရှင်နှင့် ဖန်ဆင်း ခံတို့ စပ်ကြား နှစ်ကိုယ့်တစ်စိတ် ဖြစ်သွားခဲ့သည်ဟူသော အယူဝါဒများ စတင်အခြေခံခဲ့သည်။ ထိုသို့သော အကြောင်း များကြောင့် တမန်တော် မုဟမ္မဒ်သည် ပြီးပြည့်စုံသော မဟာကရုဏာရှင် ဖြစ်ခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။ တမန် တော် မုဟမ္မဒ်ရရှိခဲ့သော တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ နာမ်ပိုင်းဆိုင်ရာ အလင်းသည် မွတ်စလင်(မ်)များ၏ ကိုယ် စိတ်နှလုံး သုံးပါးလုံးတွင် ပူးကပ်ငြိတွယ်နိုင်ရန်အတွက် ကုရ်အာန်ကို စျာန်အာရုံခံစား၍ ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့် ထိုဖတ်ရွတ်သူ၏ရုပ်ခန္ဓာ နှင့်စိတ်သန္တာန်တစ်ခုလုံးကို တုနှိုင်းမဲ့ကိုးကွယ်ရာအရှင်၏ ရောင် ခြည် လွှမ်းခြုံခြင်းခံရမည် ဖြစ်သည်။ သို့မှသာ ထိုသူသည် ပီတိသောမနဿ စခန်းသို့ ရောက်ရှိပြီး ထိုအရှင်ကို ဖူးတွေ့ လွှမ်းငုံနိုင်မည် ဖြစ်သည်ဟူသော အယူဝါဒသစ်များ စတင် မွေးဖွားလာခဲ့သည်။ အဘာစီမင်းဆက်မှ သမ္မတ ဟာရွန်



အလ်ရရှစ်(ဒ်) အေဒီ ၇၈၆-၈၀၉ အုပ်ချုပ်ချိန်တွင် ကုရ်အာန်ပါ ဥပဒေများကို နားလည်သဘောပေါက်၍ လိုက်နာ ကျင့်သုံးရမည်ဟူသော အသိရှိသူ မွတ်စလင်(မ်)များပင် မရှိသလောက် ရှားပါးသွားခဲ့ကြောင်း သမိုင်းဆိုင်ရာ အ ထောက်အထားများအရ သိရှိရ ပေသည်။

ထိုအချိန်သည် တမန်တော်မုဟမ္မဒ် မရှိတော့သည့် နောက်ပိုင်းနှစ်ပေါင်း ၁၅၀ ဝန်းကျင်လောက်ပင် ရှိသေးသော ကာလ ဖြစ်ပေသည်။

ထိုသို့သော အယူဝါဒများကို ပြင်းပြင်းထန်ထန် ကန့်ကွက်သူများမှာ ]မိုသာဇလိုက်} လူနည်းစုများသာ ဖြစ်၍ သူတို့ သည် လူနည်းစုသာ ဖြစ်သော်လည်း သူတို့၏ အတွေးအခေါ် အယူဝါဒများမှာ ကုရ်အာန်ကို အခြေခံ၍ ကျိုးကြောင်း ဆင်ခြင်သုံးသပ်သူများ ဖြစ်ကြသည်။ သူတို့၏

ခံယူချက်မှာ ရှီယာအေမာမ်များ ယူဆသကဲ့သို့ ကုရ်အာန်သည် တမန် တော် မုဟမ္မဒ်၏ မျိုးနွယ်များမှ နာမ်ပိုင်းဆိုင်ရာ ကျင့်စဉ်ဖြင့် စွမ်းအားရသူများသာ သိနိုင်သော အရာ ဟူသည်နှင့် လူများစု၏ အယူဖြစ်သော ကုရ်အာန်ကို ရွတ်ဖတ်ရုံဖြင့် ကိုယ်ကျင့် တရားကောင်းမွန်နိုင်သည် ဟူသော ခံယူချက်များ ကို မှားယွင်းသည်ဟု ရှေ့ဆုံးမှ ဆန့်ကျင်သူများ ဖြစ်သည်။

သူတို့က ကုရ်အာန်ဟူသည် လူသားတစ်ရပ်လုံး အတွက် လမ်းညွှန်ချက် အဖြစ် တုန်နိုင်းမဲ့ကိုးကွယ်ရာ အရှင်က ချမှတ် ပေးထားသည့် ဘဝလမ်းညွှန်ကျမ်း ဖြစ်သည်။ ထိုကျမ်းသည် မည်သည့် လူသား တစ်ဦးတစ်ယောက်ကိုမျှ မျက်နှာသာ ပို၍ပေးခြင်း လျှော့၍ပေးခြင်း မရှိ ဘက်လိုက်မှုကင်းသော ကျမ်း ဖြစ်သည်။ ထိုကျမ်းပါ ဥပဒေများအားဖြင့်သာ ဘဝ တည်ဆောက် နိုင်ရန် စကြဝဠာ တစ်ခုလုံးအတွက် မဟာကရုဏာရှင် တမန်တော်မုဟမ္မဒ်က လက်တွေ့  ပြခဲ့သည်။ ထို့ပြင် တမန်တော် မုဟမ္မဒ်သည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လက်သိပ်ထိုးလျှက် ကုရ်အာန်၏ အသိကို ပေးခဲ့ ခြင်း မဟုတ်။ တမန်တော် မုဟမ္မဒ်သည် မွတ်စလင်(မ်)များကို ကုရ်အာန်၏ အသိကို ရွတ်ဖတ်သင်ကြားခြင်း စာတွေ့သဘော တစ်မျိုးတည်း မဟုတ်ဘဲ၊ လက်တွေ့ဘဝတည်ဆောက်ပြခြင်း အားဖြင့် အမွေပေးခဲ့ခြင်း ဖြစ်သည်ဟု ယုံ ကြည် လက်ခံသူ များ ဖြစ်ကြသည်။ သို့ဖြင့် ]မိုသာဇလိုက်}ခေါ် ဗျာဒိတ်ကျမ်း တစ်ခုတည်းကိုသာ အခြေခံ၍ ကျိုး ကြောင်း ဆင်ခြင်ကြ သော လူနည်းစုသည် ရှီယာများနှင့် အများ မွတ်စလင်(မ်)တို့၏ အတိုက်အခံများ ဖြစ် လာ ခဲ့ကြသည်။ ]မိုသာဇလိုက်} များ၏ အယူဝါဒများကို ရှီယာများ အတွင်းရှိ လူနည်းစုများနှင့် မွတ်စလင်(မ်)များ အ တွင်းရှိ လူနည်းစု များကသာ ယုံကြည်ခဲ့ကြသည်။ ဖော်ပြပါ ကုရ်အာန်ကို အခြေခံ၍ အယူဝါဒဆိုင်ရာ သုံးမျိုး သုံး စား ကွဲလျက်ရှိ နေချိန်တွင် ]အဟ် လေဟဒီးစ်} ခေါ် ဟဒီးစ် ဘက်တော်သားများ ဟူ၍ စတုတ္ထ အမျိုး အစား အယူဝါဒအသစ် တစ်ခု ပေါ်ပေါက် လာ ခဲ့သည်။

အဟ်လေဟဒီးဆ်

ဟဒီးဆ် ဆိုသည်မှာ မူရင်း အဓိပ္ပါယ်အားဖြင့် သမိုင်းဟုလည်းကောင်း ဆင့်ဆိုစကား ဟုလည်းကောင်း ဖြစ်၍ ဤ နေရာ၌မူ တမန်တော်က မည်သို့ မိန့်ဆို ခဲ့ပါသည်ဟု စကားစဉ်များကို လိုက်လံ စုဆောင်းလျှက် ပြုစုထားသော စာ အုပ်များ ဖြစ်ပေသည်။ ထိုသမိုင်းကျမ်း အလေးပေး ဝါဒကို လက်ခံသော မွတ်စလင်မ်များကမူ ယခင်ပေါ် ပေါက် ပြီးဖြစ် သောကုရ်အာန်ကို ဖတ်ရုံဖြင့် လမ်းမှန်ရခြင်း၊ ကုရ်အာန်ပါ လျှို့ဝှက်နက်နဲမှုများကို ဖော်ထုတ်ခြင်း၊ ကုရ်အာန် ကို အခြေခံ၍ ကျိုးကြောင်း ဆင်ခြင် ၍ ဘဝ တည်ဆောက်ခြင်းများဖြင့်သာ ပြည့်စုံသော အသိတရားကို ရနိုင် သေးသည် မဟုတ်ပေ။ တမန်တော် မုဟမ္မဒ် သည် မည်သို့ မည်ပုံ နေထိုင်ကျင့်ကြံခဲ့သည်ကို သိရန် ထိုဆင့်ဆို သမိုင်း ကျမ်း များကို သိရှိရန်က ပို၍ အရေးကြီးသည်။ ထို့အပြင် ကုရ်အာန်၌ ဖော်ပြခြင်း မရှိသည့် အခြားသော သွန်သင်ချက်များ ရှိသေးသည်။ ထိုသွန်သင်ချက်များကို သိပါမှ ကုရ်အာန်ကျမ်းပါ ဆိုလိုချက်များကို သိနိုင်မည်ဟု လက်ခံယုံကြည်သော အုပ်စုကြီးပင် ဖြစ်လေသည်။

၅၁ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

တနည်းအားဖြင့် ထိုဆင့်ဆို သမိုင်းကျမ်း ဝါဒီတို့၏ လမ်းစဉ်သည် ကုရ်အာန်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ အလျှင်း ပါဝင်ခြင်း မရှိဘဲ တမန်တော်မုဟမ္မဒ်နှင့် မဟာသာဝကများ၏ သွားလာ လှုပ်ရှားမှုဆိုင်ရာ အသေးစိတ်များကို သမိုင်း ဆိုင်ရာ မှတ်တမ်း မှတ်ရာများမှ ပြန်လည်ရှာဖွေ၍ ကျင့်ကြံအားထုတ်သော စနစ်ဖြစ်သည်။ ထိုစနစ်သည် အလွန် ရိုး စင်းလျက် လိုက်နာကျင့်သုံးရာတွင်လည်း အလွန်လွယ်ကူပြီး ကုသိုလ်အကျိုး အရာ၌လည်း မြောက်များစွာ ရရှိ သော ကိစ္စရပ် ဖြစ်၍၊ တမန်တော်၏ နေ့တဓူဝ သွားလာလှုပ်ရှားမှု အလေ့ အကျင့်များကို ဖဝါးထပ်တူပြန်လည် ကျင့်ကြံ အားထုတ်ခြင်း ဖြစ်သည်။

ဆင့်ဆို သမိုင်းကျမ်း ဝါဒီတို့၏ အဆိုအရ တမန်တော် မုဟမ္မဒ်၏ နေ့စဉ် ပြုလုပ်လေ့ရှိသော လုပ်ထုံးများကို  စွန္နာဟ် ဟုခေါ်သည်။ တမန်တော် မုဟမ္မဒ်ခေတ်နှင့် ဝေးကွာသွားသော အခါ မွတ်စလင်မ်များသည် ထို စွန္နာဟ်ဖြစ်သော တမန်တော်၏ စားပုံ၊ သွားပုံ လာပုံ၊ နေပုံ၊ ထိုင်ပုံ၊ ပြောပုံဆိုပုံ၊ မုတ်ဆိတ်ထားပုံ၊ အဝတ်အစားဝတ်ပုံ၊ တံပူ စားခြင်း (ဝါ)သွားတိုက်ပုံ အားလုံးကို လျစ်လျူရှုထားခဲ့ကြပြီး၊ ထိုဓလေ့များသည် ယနေ့ ပျောက်ကွယ်တိမ်ကောလျက် ရှိနေပေ သည်။ ထိုသို့ပျောက်ကွယ် လျက်ရှိသော တမန်တော်၏ စွန္နာဟ် ဓလေ့ထုံးတမ်းတစ်ခုကို ပြန်လည်ဖော်ဆောင်နိုင် သူ သည် အစ္စလာမ် သာသနာ၏ စစ်ပွဲများတွင် တုနိုင်းမဲ့ကိုးကွယ်ရာအရှင်၏ လမ်းစဉ်တော်ဟု ခေါ်သော လူသား ထု ငြိမ်းချမ်းရေးအတွက် သစ္စာတရား  လမ်းစဉ်တော်၌ အသက်ပေးသွားသော အာဇာနည် သူရဲကောင်း တစ်ရာ၏ အကျိုး ကုသိုလ်များကို ရရှိမည် ဖြစ်သည်ဟု အဟ်လေဟဒီးစ်များ၏ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပေသည်။ ထိုသို့ သော အကြောင်းများကြောင့် ]အဟ်လေဟဒီးဆ်}များ၏ လမ်းစဉ်ကို ထိုခေတ်မွတ်စလင်များ ပိုမို၍ နှစ်သက်သူ များ ပြားလာခဲ့ခြင်း ဖြစ်သည်။ အဟ်လေဟဒီးဆ်များ၏ အခြေခံမူဝါဒသည် လောကီရေးရာ ကိစ္စရပ်များထက် တမလွန် ကိစ္စရပ်များ အားဖြင့်သာ အချိန်ကို အသုံးပြုကြသည်။ ဖော်ပြပါ ]အဟ်လေဟဒီးဆ်}ဝါဒကို ရှာဖွေ ထူထောင်သူမှာ မာလစ်(က်) အိဗ်နုအနတ်စ် ဖြစ်ပေသည်။

မာလစ်(က်)အိဗ်နု အနတ်(စ်) (အေဒီ- ၇၉၅)

ထိုအချိန်တွင် မဒီနာမြို့၌ မာလစ်(က်)အိဗ်နုအနတ်စ်က အထုအထောင်းခံလမ်းကြောင်း ဟု ဖြစ်သော (မုသဝဿာ)
အမည်ဖြင့် ကမ္ဘာတွင် ပထမဦးဆုံး ဟဒီးဆ်ပေါင်းချုပ် သမိုင်းကျမ်းကြီးကို ပြုစုခဲ့သည်။ ထိုကျမ်းပါ ဟဒီးဆ်များမှာ တမန်တော်၏ ခေတ်ကာလ၌ တမန်တော်က ပြောဆိုခဲ့သည့် စကားများကို ခေတ်အဆက်ဆက် ဆင့်ကဲဆင့်ကဲ အလွတ် ကျက်မှတ် ပြန်လည်ပြောကြားချက်များကို မာလစ်က် အိဗ်နုအနတ်စ်က သူ၏ ခေတ်တွင် ပထမဦးဆုံး မှတ်တမ်းတင် ရေးသား ဖေါ်ပြချက်များ ဖြစ်ပေသည်။ ထိုကာလသည် တမန်တော်မုဟမ္မဒ် မရှိတော့သည့် နောက်ပိုင်း နှစ်ပေါင်း ၁၆၀ကျော်၌ ဖြစ်တည်လာခြင်း ဖြစ်၍ ကမ္ဘာပေါ်တွင် ကုရ်အာန်မှလွဲ၍ ပထမဦးဆုံး အစ္စသာသနာ ဆိုင်ရာ ကျမ်းတစ် စောင် အဖြစ် ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။
မာလစ်က်သည် ထိုကျမ်းကြီးအား မက္ကာဟ်နှင့် မဒီနာ ဒေသများရှိ တမန်တော်နှင့် နှစ်ပေါင်း ၁၆၀ ကျော်ကွာသည့် မျိုးဆက်များထံမှ စုဆောင်း မှတ်တမ်းတင်ခြင်း ဖြစ်သော်လည်း- ထိုခေတ်မှ မွတ်စလင်မ် အများစု၏ အမြင်တွင် မိုး ကောင်းကင်နှင့် ကမ္ဘာမြေတွင် ကုရ်အာန်ကျမ်းပြီးလျှင် မာလစ်က်အိဗ်နု အနတ်စ်၏ ဟဒီးဆ်သမိုင်းကျမ်းစာအုပ်သည် အမြတ်ဆုံးဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။
ထိုဟဒီးဆ်သမိုင်း ကျမ်းကြီးသည် ကမ္ဘာတွင် အစောဆုံး ဟဒီးဆ်ကျမ်းဖြစ်ပြီး ၎င်းမှနှစ် ၃၅၀ကျော်နောက်ပိုင်း အ တွင်းတွင် ထိုကျမ်းကဲ့သို့ ဟဒီးဆ်ကျမ်းပေါင်း (၄၀) ပေါ်ပေါက်လာခဲ့သည်။ ထိုကျမ်းနှင့် ပေါင်းလိုက်လျှင် ဟဒီးဆ် ကျမ်းပေါင်း ၄၁ ကျမ်း ဖြစ်သွားခဲ့သည်။ ထို့နောက်ပိုင်းတွင် ဟဒီးဆ်သမိုင်းကျမ်း များနှင့်စပ်လျှင်း သောက္ကမ်းကျင် သည့် ဆရာတော် ပုပ်ရဟန်းမင်းကြီးများက ထိုကျမ်းသည် ဟဒီးဆ် ကျမ်းပေါင်း ၄၁ ကျမ်းတွင် မှန်ကန်နိုင်မှု အဆင့် မှာ အဆင့်(၃၈)တွင် ရှိသည်ဟု လျှော့ချသတ်မှတ်ခဲ့ ကြသည်။

၅) ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

မာလစ်က်သည် ဓမ္မသတ် ဥပဒေများကို ပထမဆုံး ဟဒီးဆ်သမိုင်းကျမ်းပါ အဆိုအမိန့်များဖြင့် ဆုံးဖြတ်သည့် စနစ်ကို စတင်ခဲ့သူ ဖြစ်သည်။ သူ့ခေတ်မတိုင်မီ မွတ်စလင်(မ်)များတွင် ဓမ္မသတ် ဥပဒေများမှာ ကုရ်အာန်ကို အခြေခံ၍ မဟာ သာဝကများ၊ အဂ္ဂမဟာသာဝကများ၏ (ကိယားစ်) ဝိုင်းဝန်းချင့်ချိန်၍ (အိဂ်ျမာဟ်) စုံညီခုံရုံး ဆုံးဖြတ်ချက်များကို အခြေခံသော ဆုံးဖြတ်မှု စနစ် ဖြစ်ခဲ့သည်။ သို့သော် ထိုသို့ တမန်တော်၏ ခေတ်သို့မှီသော ရှေ့မှီ နောက်မှီသူများ၏ ဓမ္မသတ်ဥပဒေမှာ မာလစ်က်၏ ခေတ်တွင် စတင်၍ ခွဲထွက် လာခဲ့သည်ဟု ဆိုရပေမည်။ သို့သော် ထိုကုရ်အာန်ကို အ ခြေ ခံ၍ ဓမ္မသတ် ဥပဒေချမှတ်သည့် စနစ်မှာ ကမ္ဘာမွတ်စလင်မ်များ အတွင်း ယနေ့တိုင် တည်ရှိနေခြင်းမှာ အိမာမ် အဘူ ဟနီဖာ၏ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ အိမာမ်အဘူ ဟနီဖာ၏ ဓမ္မသတ် ဆိုင်ရာ ဆုံး ဖြတ်မှု စနစ်ကို များစွာသော ဟန်နဖီအဖွဲ့ဝင် အများစုက လိုက်နာကျင့် သုံးကြသည်။ ဟနီဖာသည် သူ၏ခေတ်၌ ပေါ် ပေါက်လာသော ပြဿနာ အသစ်အဆန်းများကို ဖြေရှင်းရာ၌ ကုရ် အာန်နှင့် မဆန့် ကျင်သော၊ မဟာ သာဝ က များ၏ ခုံရုံးဆုံးဖြတ် ချက်များနှင့် မဆန့်ကျင်သော၊ နည်းဖြင့် မိမိ၏ အသိဉာဏ် ကို အခြေခံ ၍ ဆုံးဖြတ်သော စနစ် ကို ကျင့် သုံးခဲ့သည်။
မာလစ်က် ဗင်န်အနတ်စ်သည် သူ့အလျင်ရှိခဲ့ပြီး ဖြစ်သော ဓမ္မသတ်ပြဋ္ဌာန်းသည့် နည်းစနစ်မှ စတင်ခွဲထွက် ခဲ့သူ ဖြစ် သည့် အတွက် ဟန်နဖီဂိုဏ်းဝင်များ၏ ဆန့်ကျင်မှုကို ခံရသကဲ့သို့ မိုသာဇလိုက်များ၏ ထိုးနှက်ချက်များကိုလည်း အ ကြီး အကျယ် ခံခဲ့ရသူ ဖြစ်သည်။ ထိုခေတ်ထိုအခါက သာမန်မွတ်စလင်မ် အများစုသည် မာလစ်က်အိဗ်နု အနတ်စ် ထုထောင်သော အဟ်လေဟဒီးဆ် ဝါဒကို နှစ်သက်ခဲ့ကြသည်။ ထို့ပြင် ထိုအချိန်က ကုရ်အာန်နှင့် စပ်လျဉ်း၍ ကွဲပြားခြားနားသော အယူများ ရှိခဲ့သော်လည်း ကုရ်အာန်ကို လက်ခံ ရာ၌ ကုရ်အာန်သည် တုနှိုင်းမဲ့ ကိုးကွယ်ရာအရှင်၏ ဗျာဒိတ်ကျမ်းဂန် ဖြစ်သည် ဟူသော အချက်တွင်မူ ကွဲပြားခြား နားခြင်း မရှိဘဲ တူညီစွာ လက်ခံထားသူများ ဖြစ်သည်။ ထိုသူများအားလုံးက ကုရ်အာန်သည် တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ ဖန်ဆင်းခံ ဖြစ်သည်ဟု လက်ခံယုံကြည် သူများဖြစ် ကြသည်။
သို့သော် မာလစ်က်အိဗ်နု အနတ်စ်၏ အခြေခံ ယုံကြည်မှုမှာ သူစုဆောင်းရရှိခဲ့သော ဟဒီးဆ်သမိုင်းများပါ အဆိုအ မိန့်များအရ ကုရ်အာန်သည် တုနှိုင်းမဲ့ ကိုးကွယ်ရာအရှင်၏ ဗျာဒိတ်ဖြစ်သော်လည်း ဖန်ဆင်းခံကျမ်း မဟုတ်။ ဖန် ဆင်းရှင်၏ ]ကလမ်} နှုတ်ထွက်စကား ဖြစ်သည့် အတွက် ကုရ်အာန်သည် တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အစိတ် အပိုင်း ဖြစ်သည်ဟူသော အယူဝါဒ အသစ်ကို ပထမဦးဆုံး ယူဆောင်လာသူလည်း ဖြစ်သည်။
ထိုအချိန်က အုပ်ချုပ် လျက်ရှိသော အဘာစီများသည် မုသာဇလိုက်များ၏ အတွေးအခေါ် ဖြစ်သည့် ကုရ်အာန်ကို အ ခြေခံ၍ ကျိုးကြောင်းဆင်ခြင်မှု ဝါဒကို အခြေခံ ယုံကြည်ကြသော အုပ်ချုပ်သူများ ဖြစ်သည်။ ထိုကဲ့သို့ပင် ၎င်းတို့ ၏ တရားရုံး များတွင် တရားဆုံးဖြတ်ရာ၌ အဘူဟနီဖာ၏ ဓမ္မသတ် သတ်မှတ်မှု မူအတိုင်း ဆုံးဖြတ်ကြသည်။
ထိုမာလစ်က်အိဗ်နု အနတ်စ်၏ အယူဝါဒသည် မုသာဇလိုက်များ၏ ဝါဒနှင့် တိုက်ရိုက်ဆန့်ကျင်ခဲ့သည့် အတွက် မာ လစ်က်သည် အဘာစီ အုပ်ချုပ်သူများ၏ ဖမ်းဆီးအရေးယူခြင်းကို ခံခဲ့ရသည်။ မုသာဇလိုက်များက အိမာမ် မာ လစ်က်အိဗ်နုအနတ်စ် အပေါ် စွပ်စွဲချက်များမှာ မဟာ သာဝကများနှင့် အဂ္ဂသာဝကများ ခေတ်တွင် မရှိခဲ့ဘူး သော တမန်တော် မုဟမ္မဒ်၏ ပြောစကားများကို စုဆောင်းခြင်း၊ ကုရ်အာန်ပါ ]အရ်ရှ်}ဟူသော ဝေါဟာရကို စာလာ စကား အတိုင်း ပလ္လင်ဟူ၍ ကျဉ်းမြောင်းစွာ ဖွင့်ဆိုခြင်း၊ တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်နှင့် စပ်လျဉ်းပြီး ပလ္လင်ပေါ်တွင် စံ မြန်း၍ တရားဆုံးဖြတ်မည် ဟူသော လူသားများ၏ ပုံသဏ္ဌာန်နှင့် နှိုင်းယှဉ် ဖွင့်ဆိုခြင်း ကုရ်အာန်ကို တုနှိုင်းမဲ့ ကိုး ကွယ်ရာ

အရှင်၏ ဖန်ဆင်းခံဟု မယူဆဘဲ တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင်၏ နှုတ်ထွက်စကား ]ကလမ်} သို့မဟုတ် ထိုအ ရှင်၏ အစိတ်အပိုင်း ဖြစ်သည် ဟူသော ခံယူချက်များကြောင့် ဖြစ်သည်။ ဖော်ပြပါ စွပ်စွဲချက်များဖြင့် ထောင် တွင်း၌ အလွန်ဆိုးရွားစွာ ညှင်းပမ်းနှိပ်စက်မှုကို ခံခဲ့ရသည်။ နောက်ပိုင်း ထောင်မှထွက်လာပြီးသော် ထောင်တွင်းမှ ဒဏ်များ ကြောင့် ကွယ်လွန်သွားခဲ့သည်။



မာလစ်က် အိဗ်နုအနတ်စ်၏ ဓမ္မသတ်ပြဋ္ဌာန်းမှု စနစ်ကို လိုက်နာ ကျင့်သုံးသူများကို မာလီကီဂိုဏ်းဝင်များ ဟု ခေါ်ဆို ကြသည်။ မာလစ်က်၏ ဓမ္မသတ် ပြဋ္ဌာန်းမှုအရ ဆွလာသ် တည်ဆောက်ရာ၌ သူရရှိ စုဆောင်းခဲ့သော ဟဒီးဆ် သမိုင်း
များတွင် တမန်တော် မုဟမ္မဒ်သည် လက်နှစ်ဖက်ကို လက်ပိုက်ထားခြင်း မရှိဘဲ လက်ကို အောက်ချ၍ ဆွလာသ်တည် ဆောက် သည် ဟု ဖြစ်၍ သူ့နောက်လိုက် မာလီကီဂိုဏ်းဝင်များသည် လက်နှစ်ဖက်ကို အောက်ချ၍ ဆွလာသ် တည် ဆောက်ကြ လေတော့သည်။
ဤသည် တမန်တော် မုဟမ္မဒ် မရှိတော့သည့် နောက်ပိုင်း ၁၆၃ နှစ်တွင် မွတ်စလင် အသိုက်အမြုံကြီး တစ်ခုလုံးသည် ကုရ်အာန်ကို အခြေခံသော မူဝါဒမှ ကုရ်အာန်၏အလွန် လူရေးကျမ်းဂန် ဝါဒဘက်သို့ အရှိန်အဟုန်ဖြင့် စတင်၍ လျှောက်လှမ်းရန် တာစူခဲ့သော ကာလဟု ဆိုရပေမည်။
အဟ်လေဟဒီးဆ် ဝါဒကို ပထမဦးဆုံး ရှာဖွေ ထူထောင်သူ မာလစ်က်အိဗ်နု အနတ်စ်၏ နောက်တွင် ထိုဝါဒလမ်းစဉ်ကို ပိုမိုထိရောက်စွာဖြင့် မွတ်စလင်မ်အသိုက်အမြုံကြီး တစ်ခုလုံးအတွင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက် လွှမ်းမိုးစေခဲ့
သူမှာ မုဟမ္မဒ်ဗင်န်အစ်ဒရစ် အိဗ်နုရှာဖီ ဖြစ်သည်။ ဤသို့ဖြင့် အဟ်လေဟဒီးဆ်ဝါဒကို ဘဝတည်ဆောက်မှု လမ်းစဉ် အဖြစ် ဆက်လက် လက်ဆင့်ကမ်းလျှက် မွတ်စလင်မ်များ အတွင်းသို့ ရောက်ရှိလာစေခဲ့ရာ တမန်တော် မုဟမ္မဒ်၏ ခေတ်နှင့် နှစ်ပေါင်း ထောင်ကျော် ကွာခြားလာသော ကာလတွင် ထိုဝါဒသည် ကုရ်အာန်၏အခြေခံမူဝါဒနှင့် ပိုမို၍ ကွဲပြား ခြားနားခဲ့ရလေသည်။

ကုရ်အာန်ကို အသံထုတ်ရုံသက်သက် ရွတ်ဆိုသူများခေတ်

နောက်ပိုင်း အဟ်လေဟဒီးဆ် ခေါ် တစ်ဆင့်သမိုင်းကျမ်း အခြေခံဝါဒကို ဆက်လက်အမွေခံသူများ ခေတ်တွင် ကုရ် အာန်ကို မြင်တွေ့ရာ၌ ကုရ်အာန် သည် တုနိူင်းမဲ့ ကိုးကွယ်ရာအရှင်၏ ဗျာဒိတ်ဖြစ်သော်လည်း ထိုဗျာဒိတ်များ သည် လဘ်လာဘ တိုးပွားရန်သက်သက် အတွက် အသံထုတ် ဖတ်ရွတ်ရသော ဗျာဒိတ်အမျိုးအစားများသာ ဖြစ်သည်။ ဟဒီးဆ်သမိုင်းများမှာ မွတ်စလင်မ်များအဖို့ လက်တွေ့ဘဝ တည်ဆောက်ရသော တုနိူင်းမဲ့ကိုးကွယ်ရာ အရှင်ထံမှ ဗျာဒိတ်များ ဖြစ်သည် ဟူ၍ ဖြစ်လာတော့သည်။ ထိုသို့ ယုံကြည်ခံစားမှု ဖြစ်တည်လာရန် အတွက် သမိုင်းအားသန် အဟ်လေဟဒီးဆ် ဝါဒီတို့က တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင်သည် ကုရ်အာန်ကို ဗျာဒိတ်အဖြစ်ချပေးရာ၌ ဂျစ်ဗရာ အီလ် (ခေါ်) ကောင်းကန်တမန်ကို ကြားခံ၍ ဗျာဒိတ် တော်များကို ချမှတ်ပေးပြီး။ အချို့သော ဟဒီးဆ်သမိုင်းများမှာ တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင်က တမန်တော် မုဟမ္မဒ် ထံသို့ ဂျစ်ဗရာအီလ် ကောင်းကင်တမန်ကိုပင် ကြားခံအဖြစ် မထားဘဲ တိုက်ရိုက်ချ ပေးခဲ့သော ဗျာဒိတ်တော်များ ဖြစ်သည်ဟု တိုးမြှင့် လက်ခံယုံကြည် ခဲ့ကြပေသည်။ ဤသို့သော ဟဒီးဆ် များကို (ဟဒီးဆ်ကူသုစီ) ဟုခေါ်ဆိုကြသည်။
နှစ်ပေါင်း များစွာမှ ခေတ်အဆက်ဆက် သမိုင်းအား သန် အဟ်လေဟဒီးဆ်ဝါဒီ မျိုးဆက်များ၏ အယူဝါဒ စိမ့်ဝင် လာမှုမှာ အခြေခံ လူတန်းစား သာမာန်မွတ်စလင်(မ်) များ၏ ထံသို့ ကူးစက်သွားတော့သည်။
ထိုသို့ဖြင့် ခေတ်ကာလ ပြောင်းလဲလာသည် နှင့်အညီ ဟဒီးဆ်သမိုင်းကျမ်းဝါဒီများက မွတ်စလင်(မ်) လူထုကြီးအတွက် ကုရ်အာန်ကျမ်းကို အသံထုတ် ဖတ်ရွတ်ရုံသက်သက်ဖြင့် အကျိုးကျေးဇူး အဆပေါင်း များစွာ ရမည့် အကြောင်း များ ကို ရေးသား ကျမ်းများစွာပေါ်ပေါက် လာခဲ့သည်။ ထိုကျမ်းများကို ဖဇွာအေလေကုရ်အာန် (ခေါ်) ကုရ်အာန်ကို အသံ ထုတ် ဖတ်ရုံဖြင့်ရရှိမည့် အကျိုးကျေးများ ဟူသောကျမ်းများဖြစ်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် အလွန် ကျော် ကြားသော ပညာရှင်ကြီး မောင်လာနာဇကရီယာ၏ ဖဇွာအေလေကုရ်အာန်၊ ကုရ်အာန်၏ အကျိုး ကျေး ဇူး ကျမ်းတွင် ကုရ်အာန်ကို ဖတ်ရွတ်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို များစွာသော ဟဒီးဆ်ဩဝါဒ များအားဖြင့် ဖော်ပြ ထားသည်ကို တွေ့ရပေသည်။
ထိုကျမ်း၏မူရင်းမှာ အူရ်ဒူဘာသာဖြင့်ဖြစ်၍ မြန်မာနိုင်ငံ၌ မောင်လာနာ မူဆာက မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့သည်။ ပထမအကြိမ်ထုတ်ဝေသော ထိုဘာသာပြန်ကျမ်းပါ ဟဒီးဆ်ဩဝါဒတစ်ပုဒ်တွင် "တမန်တော် မုဟမ္မဒ်သည် မိမိ၏


အမျိုး သားများနှင့် စပ်လျဉ်း၍ များစွာသော သောကများ အနက် အချက်တစ်ချက်မှာ ငါ၏အမျိုးသား များသည် ကျမ်းမြတ်ကုရ်အာန်ကို နားလည် သဘောပေါက်မည်ကို ငါအလွန်စိုးရိမ်ခဲ့သည်။" ဟုဖော် ပြထားသည်ကို တွေ့ရပေ သည်။
ထိုကဲ့သို့သော ဟဒီးဆ်ဩဝါဒသည် ကုရ်အာန်တွင် တည်ရှိနေသော အခြေခံဥပဒေနှင့် မည်မျှဆန့်ကျင် နေသနည်း ဟူသောအချက်ကို တတ်သိသော ပညာရှင်တစ်ဦး တစ်ယောက်မျှပင် မရှိတော့ဟူ၍ ဆိုရတော့မည်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်ကို အဓိပ္ပါယ်မသိဘဲ အသံထုတ်ရုံ သက်သက်ဖြင့် ဖတ်ရွတ်သော အစဉ်အလာ များသည် သာမန်မွတ်စလင်မ်များ အတွင်းတွင်မက မွတ်စလင်မ်

အများစုကိုရှေ့ဆောင် လျှက်ရှိသော ဆရာ တော်ပုပ် ရဟန်းမင်းကြီးများ အတွင်း သို့ပင်အခြေခိုင်စွာ ဝင်ရောက်နေရာ ယူထားပြီးဖြစ်သောကြာင့်ပင်။ အကယ်၍သာ မွတ် စလင်မ် တစ်ဦးတစ်ယောက်သည် မိမိတတ်သိ နားလည်သော ဘာသာစာပေဖြင့် ဘာသာပြန်ထား သည့် ကုရ်အာန်ကို ဖတ်မည်ဆိုပါက -- - ကျမ်းမြတ်ကုရ်အာန် ၏အစ စူရာဟ် (၂) အာယာသ် (၂) တွင်-
(ဤသည် ကျမ်းဂန် တစ်ဆူဖြစ်သည်၊ ယင်းကျမ်းတွင် ပါဝင်သော အကြောင်းအရာ အားလုံးသည် ယုံမှားသံသယ ဖြစ် ဖွယ်ရာအကြောင်း အလျှင်းမရှိလေနှင့်၊ ယင်းကျမ်းသည် အရှင့်သိစိတ်ဖြင့် ရှင်သန်လိုသူများ အတွက်ဘဝ လမ်းညွှန် ဖြစ် သည်။) ဟူသော စာပိုဒ်ကိုတွေ့ရမည်ဖြစ်သည်။ ထိုစာပိုဒ် ကိုဖတ်ဖူးသူတိုင်း ကုရ်အာန်သည် အဓိပ္ပါယ်မသိဘဲ အ သံထုတ်ရုံ သက်သက်ဖြင့်သာ ဖတ်ရွတ်ရသော ကျမ်းဖြစ်သလော ။ သို့တည်းမဟုတ် အဓိပ္ပါယ်ကို နားလည်သ ဘော ပေါက် ၍ လိုက်နာ ကျင့်သုံးရသော ဘဝလမ်းညွှန်မှုကျမ်း ဖြစ်သလောဟူသော အချက်ကို ကွက်ကွက်ကွင်းကွင်း ထင် ရှားစွာ တစ်ထိုင်တည်း သိရှိနိုင်မည်ဖြစ်သည်။ ကုရ်အာန်တွင်ပါဝင်သော အကြောင်းအရာများတွင် ထာဝရဘုရား သခင်အကြောင်း တမလွန်အကြောင်း နိဗ္ဗာန်အကြောင်း ငရဲအကြောင်း ကောင်းကင်တမန်များအကြောင်း တို့သည် အကွယ်တွင် တည်ရှိနေသော အကြောင်းများဖြစ်သည်။ ထိုအရာများကို လူသားတို့၏အသိဉာဏ်ဖြင့် အလုံးစုံကို လွှမ်းခြုံ၍ မသိနိုင်သော အကြာင်းအရာများဖြစ်သည်။ ထို့အတွက်ကြောင့် ထာဝရ အရှင်က ကုရ်အာန်၏ ပဌမစာ မျက်နှာတွင် ဖတ်ရှုသူတိုင်းကို (ကုရ်အာန်ပါ အကြောင်းအရာများ နှင့်စပ်လျှင်း၍ သံသယ မဖြစ်ကြရန်) ပဏာမ ကြိုတင်သတိပေးထားခြင်းဖြစ်သည်။
အကယ်၍သာ ယနေ့မွတ်စလင်မ် အများစု၏ ခံယူချက်အတိုင်း ကုရ်အာန်ကို အဓိပ္ပါယ်နားလည်ရန် မလိုအပ်ပဲ အသံ ထုတ်ရုံသက်သက် ဖတ်ရွတ်ရန်သာ တာဝန်ရှိသည် ဟူသောအယူအဆသည် မှန်ကန်ပါက (ကုရ်အာန်ပါ အကြောင်း အရာများနှင့် စပ်လျှင်း၍ သံသယ မဖြစ်ကြရန်) ကုရ်အာန်တွင် နှိုးဆော်ပြဌာန်း ဖေါ်ပြထားမည်လည်း မဟုတ်ပေ။ ကုရ်အာန်တွင်ပါဝင် သောအကြောင်းအရာ များကိုအထက်မှ ဟာဒီးဆ်သြဝါဒအတိုင်း တမန်တော်မြတ်က မွတ်စ လင်မ်များသည် ကုရ်အာန်ကိုနားလည် သဘောပေါက် သွား မည်ကိုစိုးရိမ် ခဲ့သည်ဟူသော အဆိုသည် မည်မျှအတိုင်း အတာအထိမှန်ကန်မှု ရှိသနည်း ဆိုသည်ကို ကုရ်အာန် စူရာ၂၅း အာယသ် ၃၀ ဖြင့်စမ်းစစ်ကြည့်ပါက – (တမန် တော်က " အိုကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းသောအရှင် ဧကန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားများ သည် ဤ ကျမ်းမြတ်ကုရ်အာန်ကို စွန့်လွှတ်ခြင်း အားဖြင့်စွဲကိုင်ထားကြပါ၏ ဟုလျှောက်ပေမည်။) ဟူ၍ ကေယာမသ် နေ့တွင် တမန်တော်မြတ်ကြီးက မိမိအမျိုးသားများ၏ ကုရ်အာန်အပေါ် လိုက်နာကျင့်သုံး မှုမရှိပဲ အပေါ်ယံစွဲကိုင် ထားမှု အပေါ်ဝမ်းနည်း စွာဖြင့်တောင်းခံမည့် တောင်းဆုကို ကြိုတင် ဗျာဒိတ်ထားခြင်းဖြစ်သည်။
ဤသည် နဗီတမန်တော်တိုင်းက မိမိ၏အမျိုးသားများ နှင့်စပ်လျှင်း ၍ ကေယာမသ်နေ့တွင် အရှင့်ရှေ့မှောက်တွင် ရင် ဖွင့်ချက်များကို ကြိုတင်ဗျာဒိတ် များဖြစ်သည်။ ကုရ်အာန် ၅း၁၁၆-၁၁၇ တွင် – တမန်တော် အီဆာအား ၎င်း၏ အမျိုးသားများက ၎င်းအားဘုရားအဖြစ် ကိုးကွယ်ခြင်း အပေါ် ကေယာမသ်နေ့တွင်အရှင့်၏ရှေ့မှောက်၌ တမန် တော် အီဆာက လျှောက်ထားမည့် အကြောင်းကိုလည်း ကျိုတင်ဗျာဒိတ် ထားပေသည်။



သို့ဆိုလျှင် မွတ်စလင်မ် အများစုကို ရှေ့ဆောင်လျှက်ရှိကြသော ဆရာတော် ကြီးများအနေဖြင့် ကျမ်းမြတ်ကုရ်အာန်၏ အခြေခံနှင့်တိုက်ရိုက် ဆန့်ကျင်လျှက်ရှိသော အထက်တွင်ပါဝင် သော ဟာဒီးဆ်အမျိုးအစားများ ကိုမည်သည့် အတွက် ကြောင့် ဆွဲကိုင်ထားကြသနည်း။ သို့မဟုတ် ကုရ်အာန်ကိုလေ့လာ ဆည်းပူးမှု မရှိကြသော အလေ့အထများကြောင့် ထိုကဲ့သို့သော ဟာဒီးဆ်အမျိုးအစားများသည် ကုရ်အာန်နှင့် တိုက်ရိုက်ဆန့်ကျင် နေသည်ကို သဘောရိုးဖြင့်မသိကြ ခြင်းလော။ သာမန်လူသားတို့ ဟူမူကား ဘာသာရေး ဆရာတော်တို့၏ သြဝါဒများကို အားထားလျှက် ဘာသာရေး အသိပညာ များကို ဆည်းပူးရသည် ဖြစ်ရာ ထိုသမိုင်းကျမ်းအခြေခံဝါဒီများ၏ သြဇာရိပ်အောက်ရောက်သည့် အများ မွတ်စလင်(မ်) ထုကြီးမှာ ကျမ်းမြတ်ကုရ်အာန်နှင့် နီးလျှက်နှင့် ဝေးရသည့် အဖြစ်သို့ ရောက်မှန်း မသိ ရောက်ခဲ့ ရလေ တော့ သည်။
ပို၍ ဆိုးသည်က အချို့သော နေရာများတွင် ဆင့်ဆိုသမိုင်းဝါဒီတို့သည် လူဖြိန်းကြိုက် ကုရ်အာန်ပါ ဥပဒေများ နှင့် ကွဲလွဲဆန့်ကျင် လျှက်ရှိသော အစ္စလာမ် မတိုင်မီ အမိုက်ခေတ်မှ ဥပဒေများကို အစ္စလာမ်သာသနာ၏ အတွင်း သို့ ပြန် လည် သွပ်သွင်းလာခြင်းပင် ဖြစ်တော့သည်။
ဥပမာအားဖြင့်-

လင်မယားကွာရှင်းမှုဆိုင်ရာ ဥပဒေ

ကျမ်းမြတ်ကုရ်အာန်တွင် လင်ခန်းမယား ခန်းပြတ်စဲခြင်းနှင့် ပတ်သက်၍ ဖေါ်ပြထားသော ဥပဒေများမှာ-

လင်ခန်းမယားခန်း ပြတ်စဲလိုသူ နှစ်ဦးသည် ခုံသမာဓိနှစ်ဦး၏ ညှိနှိုင်းပေးမှုကို ခံယူကြရမည်။ (၄း၃၅) ညှိနှိုင်း၍ မရတော့ သော အခြေအနေသို့ ရောက်ရှိနေပါက ထိုခုံသမာဓိ နှစ်ဦး၏ ရှေ့တွင်သက်သေ နှစ်ဦးကို ထား၍ ကွာရှင်း ပြတ်စဲမှု ပြုကြရမည် ဖြစ်သည်။ (၆၅း၂)

ထိုကဲ့သို့ ကွာရှင်းချိန်တွင် ရာသီပန်းပွင့်သော အမျိုးသမီးဖြစ်ပါက ရာသီပန်းပွင့်ပြီး ပြန်လည် သန့်ရှင်းချိန် ဖြစ်ရမည်။ ထိုသန့်ရှင်းချိန်တွင် ခင်ပွန်းသည်နှင့် ကိုယ်လက် နီးနှောထားခြင်း မရှိစေရ။(၆၅း၁) ဖော်ပြပါ ခုံသမာဓိနှစ်ဦးနှင့် သက်သေ နှစ်ဦးရှေ့တွင် လင်ယောကျာ်းက ဇနီးသည်အား ကွာရှင်းပြတ်စဲရမည်။ ထိုပြတ်စဲ ချိန်မှစတင်၍ အမျိုး သမီးက ရာသီပန်း သုံးကြိမ်စောင့်ဆိုင်းရမည်။(၂း၂၂၈) ရာသီပန်းမပွင့်သော အမျိုးသမီး ဖြစ်ပါက သုံးလစောင့် ဆိုင်းရမည်။(၆၅း၄) အကယ်၍ ကိုယ်ဝန်ဆောင် အမျိုးသမီးဖြစ်ပါက မွေးဖွားပြီးချိန် အထိ စောင့် ဆိုင်းရ မည်။ (၆၅း၄) ထိုရာ သီပန်းသုံးကြိမ် (သို့မဟုတ်) ကလေး မွေးဖွားပြီးချိန်အထိ စောင့်ဆိုင်းကာလကို ]]အစ်ဒတ်}} ဟု ခေါ် သည်။ ဖော်ပြပါ လင်နှင့်မယားတို့သည် စောင့်ဆိုင်းကာလ အတွင်း အမျိုးသမီးကလည်း အိမ်ပေါ်မှ ဆင်း မသွားရ၊ အမျိုးသားကလည်း အိမ်ပေါ်မှ နှင်မထုတ်ရ၊ အတူတကွနေထိုင် ကြရမည်။ (၂း၂၂၈။ ၆၅း၁-၄)

ထိုကဲ့သို့ စောင့်ဆိုင်းကာလ သုံးလအတွင်း နှစ်ဦး သဘောတူ ပြန်လည်ပေါင်းပိုင်ခွင့် ရှိသည်။ ပထမအကြိမ် ပြတ်စဲပြီး သော ဇနီးမောင်နှံကို အိမ်တွင် အတူတကွ နေထိုင်ခွင့်ပြုရခြင်းသည် ထိုနှစ်ဦးအတွက် ပြန်လည်ပေါင်း သင်းနိုင်ရန် ကုရ်အာန်က ရည်ရွယ်၍ အတူနေစေခြင်း ဖြစ်သည်။ (၂း၂၂၈)။ ပထမ စောင့်ဆိုင်းကာလ အတူနေစဉ်အတွင်း ပြေလည်မှု မရှိပါက သုံးလပြည့်ပြီးမှသာ ထပ်မံ၍ ခုံသမာဓိ နှစ်ဦးနှင့် သက်သေ နှစ်ဦးကို ခေါ်ယူ၍ ဒုတိယ ]တွလာက်} ကွာရှင်းမှုကို ထိုခုံသမာဓိ များနှင့် သက်သေနှစ်ဦး ရှေ့တွင် ပေးရမည်။ ထိုဒုတိယ ကွာရှင်းမှု အပြီးတွင် ပထမ ကွာရှင်းမှု ကဲ့သို့ သုံးလ ထပ်မံ စောင့်ဆိုင်းရမည်။ ဤသည် ]]အသ်သွလားကုမရ်ရာသိုင်း}}ဟု ကုရ်အာန်က ဆိုထား သည်။ အဓိပ္ပာယ်မှာ စောင့်ဆိုင်းကာလ ပြဋ္ဌာန်းထားသော ကွာရှင်းမှုမှာ နှစ်ကြိမ်သာ ဖြစ်သည်။ ထိုကဲ့သို့ နှစ်ကြိမ် ကွာရှင်းပြီး (၆)လ စောင့်ဆိုင်းပြီးပါလျှင်လည်း ပြန်လည်ပေါင်းသင်းရန် အခွင့်အရေး ရှိနေပေသည်၊ (၂း၂၂၉)။

သို့ရာတွင် ဇနီးမယားကို ညှင်းပမ်းလိုစိတ်ဖြင့် ပြန်လည် သိမ်းပိုက်ခွင့်မရှိ။ (၂း၂၃၁)



ထိုသို့ ပထမအကြိမ်၊ ဒုတိယ အကြိမ်များ ကွာရှင်းပြီးနောက် ပြန်လည် ပေါင်းသင်းရန် ဆန္ဒလုံးဝ မရှိတော့လျှင် တ တိယ အကြိမ်မြောက် အပြီးသတ် ကွာရှင်းရမည် ဖြစ်သည်၊ (၂း၂၃၀)။ ဤသည် ကုရ်အာန်ပါ လင်ခန်း မယားခန်း ပြတ်စဲမှု ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်ဖြစ်သည်။ ထိုသို့ ကွာရှင်းမှုများတွင် ယောကျာ်းမှ တဖက်သတ်ကွာရှင်းခွင့် မရှိ ချေ၊ အမျိုးသမီးဘက်မှလည်း ယောကျာ်းနည်းတူ တူညီသော အခွင့်အရေး ရှိသည်ဟု (၂း၂၂၈) တွင် ဖော် ပြထားပေ သည်။

အစ္စလာမ်ဟူသည် ငြိမ်းချမ်းရေးဟု အဓိပ္ပါယ်ကို ဆောင်ကြဉ်းသည်နှင့် အညီ မည်သည့် ကိစ္စတွင်မှ ငြိမ်းချမ်းရေး အ တွက် ခလုတ်ကသင်း ဖြစ်စေသည်ကို မလိုလားပေ။ လင်မယား ကွာရှင်းသည် ဆိုခြင်းမှာ အလွန်နီးကပ်စွာ ပေါင်း သင်း ဆက်ဆံခဲ့သူ နှစ်ဦး လမ်းခွဲခြင်း ဖြစ်သော်လည်း မိဘနှင့် သားသမီး လမ်းခွဲခြင်း။ အလွန်ခင်သော သူငယ် ချင်း နှစ်ဦး လမ်းခွဲခြင်းမျိုး မဟုတ်ပေ၊ လင်မယားနှစ်ဦး လမ်းခွဲခြင်းသည် အမုန်းတရားများဖြင့် လမ်းခွဲခြင်းက များသော ကြောင့် ရန်သူသဖွယ် တစ်ဦးကို တစ်ဦး မခေါ်မပြော နှုတ်မဆက်နိုင်သော အခြေအနေသို့ ရောက်ရှိသွား ပေသည်၊ သို့ဖြစ်၍ ကျမ်းမြတ်ကုရ်အာန်က လင်နှင့်မယား စပ်ကြား တော်ရုံတန်ရုံ ပြဿနာအားဖြင့် လွယ်လွယ် ကူကူ ပြတ်စဲနိုင် မှု မရှိစေရန် အတွက် ]]အစ်ဒသ်}}ဟူသော စောင့်ဆိုင်းကာလ (၆)လ အနည်းဆုံးမှ ကိုယ်ဝန်ဆောင်များ အတွက် က လေးမွေးပြီးနှင့် ဒုတိယ စောင့်ဆိုင်းကာလ အပါအဝင် (၁၈)လ နီးပါးကို အခြေခံထားသော ဥပဒေ ဖြစ်သည်။ တ နည်းအားဖြင့် အနေနီးလျှင် ပြန်လည်၍ သံယောဇဉ် ဖြစ်နိုင်စေရန် ရည်သန်ပေသည်။ နောက်ဆုံး မဖြစ်မနေ လမ်း ခွဲ ရမည် ဆိုကလည်း အချင်းချင်း လင်မယား အဖြစ်မှ ရပ်စဲသည့် မိတ်ဆွေသဖွယ် လမ်းခွဲရန်ကိုသာ သွန်သင်ထား ပေ သည်။ (၂း၂၂၉။ ၆၅း၂)

ထိုလမ်းခွဲလိုက်သော အမျိုးသမီးအား နိုင်ထက်စီးနင်းပြု ခါးကြိမ်းကြိမ်းလျှက် နောက်အိမ်ထောင်မပြုရစေရန် ခြိမ်း ခြောက်ထားခွင့်လည်း မရှိချေ။ သူမသည် လူသား တစ်ဦးဖြစ်သောကြောင့် လူ့လွတ်လပ်ခွင့်ကို အပြည့်အဝ ပေးလိုက် ရမည် ဖြစ်သည်။ (၂း၂၃၂)

ဤဥပဒေများကို သာမန်စာတတ်သူ တစ်ဦးအနေဖြင့်-သူတတ်သော ဘာသာစကားဖြင့် ဖတ်လျှင်ပင် ရိုးရှင်း လွယ်ကူ စွာ နားလည်နိုင်ပါလျှက်-မွတ်စလင်(မ်)များ၏ ရှေ့ဆောင်လမ်းပြ များဖြစ်ကြသော ဆရာတော်ပုပ်ရဟန်း မင်းကြီး များက ကုရ်အာန်နှင့် ဆန့်ကျင်သော အစ္စလာမ့်မတိုင်မီ အမိုက်ခေတ် အာရဗ် ရိုးရာများကို အစ္စလာမ် ဥပဒေအဖြစ် ပြန်လည်ကျင့်သုံး နေသည် ကိုတွေ့ရပေသည်။ အစ္စလာမ့်မတိုင်မီ အမိုက်ခေတ် အာရဗ်များ၏ လင်ယောကျာ်း၏ နှုတ်ထွက်စကားကိုသာ အခြေခံ၍ လင်မယား ကွာရှင်းခြင်းကို မှားယွင်းကြောင်း ကုရ်အာန်တွင် ဖော် ပြထား ပြီးဖြစ် သည်။ လင်ယောကျာ်းသည် ဇနီးမယားကို မကျေနပ်၍ဖြစ်စေ၊ စိတ်ဆိုး၍ဖြစ်စေ၊ ပြောင်လှောင် ကျီစယ်၍ဖြစ်စေ ခုံသမာဓိနှင့် သက်သေ တစ်စုံတစ်ရာ မလိုဘဲ ၎င်း၏ နှုတ်မှ ]]သုံးသွလာက်}}ဟု ပြောဆိုရုံဖြင့် ထိုဇနီးမောင်နှံ နှစ်ဦး စပ်ကြား လုံးဝဥဿုံ အပြီးအပိုင် ပြတ်စဲ ကွာရှင်းပြီး ဖြစ်သည်။ ထိုကဲ့သို့ ကွာရှင်းရာ၌ ]]အစ်ဒတ်}}ဟူသော စောင့် ဆိုင်း ကာလ မလို၊ ဇနီးမယားသည် ရာသီပန်း ပွင့်ပြီး သန့်ရှင်းစင်ကြယ်ရန် မလိုအပ်ပေ။

ထိုသို့ လင်ယောက်ျား၏ နှုတ်ထွက် စကားကို အခြေခံ၍ မဟာဖိုဝါဒဖြင့် နိုင်လိုမင်းထက်ပြု ကွာရှင်းပြတ်စဲ မှုများ ကြောင့် များစွာသော ဇနီးမောင်နှံတို့သည် မပြတ်စဲသင့်ဘဲ ပြတ်စဲကြရသော အခြေအနေသို့ ရောက်ရှိကြရလေသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်က (ဖတွလ်လေကူးဟွန္န လေအစ်ဒသေဟင်းန) အသင်တို့ (အစ်ဒသ်) ဟူသော စောင့်ဆိုင်းကာလကို ရေတွက်နိုင်သော အချိန်၌သာ ကွာရှင်းပြတ်စဲကြ ဟုဆိုထားပြီးဖြစ်သည်။ ကုရ်အာန်က ပြဋ္ဌာန်း ထားသော ကွာရှင်းပြတ်စဲမှုမှာ စောင့်ဆိုင်းကာလကို လုံးဝအခြေခံ ထားခြင်းဖြစ်သည်။ လင်နှင့်မယား နှစ်ဦး စလုံးက သဘောတူပြတ်စဲ လိုပါကလည်း ကိုယ်ဝန်မရှိသော ဇနီးမောင်နှံ နှစ်ဦးအဖို့ (၆) လ ဟူသော (တွလတ်က်) နှစ်ကြိမ်၏



စောင့်ဆိုင်းကာလ မပြည့်ခင်အလျှင် လုံးဝဥဿုံ ကွာရှင်းပြတ်စဲ၍ မရပေ။ ပဌမ စောင့်ဆိုင်းကာလ (၃)လ အတွင်း လင်ယောက်ျားက သုံးတွလာက်ဟု နှုတ်မှ ထွက်ဆိုသော်ငြားလည်း တွလားက် တစ်ကြိမ်သာ အထမြောက် သည်။ တွ လားက်တစ်ကြိမ် ပေးခံရသော ဇနီးသည်အား စောင့်ဆိုင်းကာလ (၃)လအတွင်း၊ ဇနီးအဖြစ်တရားဝင် ရှိနေသေး သည်။ အချိန်မရွေး ပြန်လည် ပေါင်းပိုင် ခွင့်လည်းရှိသည်။ ထိုတရားဝင် ရှိနေသေးသော ဇနီးအား ခင်ပွန်းသည်က တစ်စိမ်းယောက်ျား တစ်ဦးနှင့် ခေတ္တအငှား (နေကာဟ်) ဖတ်ပေး တော့မှသာ လင်နှင့် မယားစပ်ကြား လုံးဝဥဿုံ ကွာရှင်းပြတ်စဲ သွားရသော အဖြစ်သို့ရောက်ရှိတော့သည်။ အဘယ်ကြောင့် ဆိုသော် –

ကုရ်အာန်အရ အိမ်ထောင်သည် အမျိုးသမီး(ဝါ) လင်ရှိမယားအား (နေကာဟ်) ပြုခွင့်မရှိပေ။ (၄း၂၄)

ထိုနည်းတူစွာ ကုရ်အာန်အရ (နေကာဟ်)ဟူသည် သေတစ်ဖန်သက်တစ်ဆုံး ရိုးမြေကျ ပေါင်းသင်းမည်ဟု အရှင့် အား တိုင်တည်၍ ခံ့သမာဓိရှေ့တွင် သစ္စာဆိုခြင်းဖြစ်သည်။ (၄း၂၁)

ကုရ်အာန်က ခေတ္တလင်မယား အဖြစ်ပေါင်းသင်းပြီး ပြန်လည်ကွာရှင်းပေး ရမည်ကို (နေကာဟ်) ဟုမခေါ်ပေ။

ကျမ်းမြတ်ကုရ်အာန်တွင် စောင့်ဆိုင်းကာလ မရှိသော လင်နှင့်မယား ကွာရှင်းမှုအမျိုးအစား နှစ်မျိုးရှိသည်။ တစ်မျိုးမှာ - (နေကာဟ်) ဖတ်ပြီး လင်နှင့်မယား ကိုယ်လက်နှီးနှောမှုမပြုမီ ကွာရှင်းပြတ်စဲခြင်း။ (၃၃း၄၉)

အခြားတစ်မျိုးမှာ - ဇနီးမယားသည် အခြားယောက်ျား တစ်ဦးနှင့် ဖေါက်ပြန်နေသည်ကို သက်သေ (၄) ဦးသော် လည်းကောင်း (သို့မဟုတ်) လင်ယောက်ျားက ကိုယ်တိုင်မြင်တွေ့ပါက စောင့်ဆိုင်းကာလ မလိုအပ်ဘဲ ချက်ခြင်းပြတ် စဲသွားသည်။ (၂၄း၆)

ဖေါ်ပြပါ ကုရ်အာန်နှင့် ဆန့်ကျင်သော ကွာရှင်းပြတ်စဲ မှုများသည် အစ္စလာမ့် မတိုင်မီ အမိုက်ခေတ် အာရဗ်များ၏ ဥပဒေများသာ ဖြစ်ကြောင်း ကုရ်အာန်၏ ကဏ္ဍ ၅၈-တွင် ဖေါ်ပြ ထားပေသည်။

ကုရ်အာန်မှ ကဏ္ဍ-၅၈ ကို ]အမျိုးသမီးတစ်ဦး၏ စောဒကကဏ္ဍ} ဟုခေါ်ဆိုပေသည်။ ရှေးအာရဗ်ရိုးရာ ယဉ်ကျေးမှု အရ မိမိ၏ဇနီးကို မပေါင်းလိုသော လင်ယောက်ျားက အသင်မ၏ ကျောရိုးသည် ငါ၏ မိခင်၏ ကျောရိုးနှင့် တူသည် သို့မဟုတ် အသင်မသည် ငါ၏ အမေနှင့် တူသည်ဟု ဆိုရုံမျှဖြင့် လင်ခန်းမယားခန်း ပြတ်စဲပြီး ဖြစ်သည်။ ထိုကဲ့သို့ ပြောဆို၍ ပြတ်စဲခြင်းဖြင့် ဇနီးမယားအား မည်သည့် နစ်နာကြေးမျှ ပေးရန် မလိုပေ။ အစ္စလာမ် သာသနာကို လက် ခံပြီးမှ ရှေးအာရဗ်ရိုးရာ ယဉ်ကျေးမှု အတိုင်း ခင်ပွန်းဖြစ်သူက မိမိ၏ဇနီးကို ပြောဆိုပြတ်စဲခြင်း ခံရသော အမျိုး သ မီးက တမန်တော်မုဟမ္မဒ်အား စောဒကတက်၍ မေးခွန်းမေးလာသည့် အပေါ် ကျရောက်လာသည့် ကဏ္ဍ ဖြစ်သည်။

၅၈း၁ (ဧကန်စင်စစ် တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်သည် အကြင်မိန်းမ၏ပြောဆိုမှုကို ကြားတော်မူခဲ့လေသည်။ ထိုမိန်းမ သည် မိမိ၏ လင်ယောက်ျားနှင့် ပတ်သက်၍ အသင်နှင့် ငြင်းခုံပြောဆို ဆွေးနွေးလျက်ရှိသည့် အပြင် မကျေနပ် ကြောင်း ငါအရှင့်ထံတော်တွင် ထုတ်ဖော် လျှောက်ထားတိုင်တန်းလျက် ရှိခဲ့၏။ ၎င်းပြင် ထာဝရအရှင်သည် အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်၏။)

၅၈း၂ (အသင်တို့အနက် အကြင်သူတို့သည် မိမိတို့၏ ဇနီးမိန်းမများအား ကျွန်ုပ်၏ မိခင်ကဲ့သို့ ကျွန်ုပ်အပေါ်၌ ]ဟရာမ်} ဖြစ်သည်ဟု ပြောဆိုပြုလုပ်လေ့ ရှိသည်။ (ဤသည်ကို ]ဇိဟာရ်}ပြုခြင်း)ဟုခေါ်သည်။ ထိုဇနီးမိန်းမများမှာ ၎င်းတို့၏ မိခင်များ မဟုတ်ကြပေ။ ၎င်းတို့အား မွေးဖွားခဲ့ကြသော မိန်းမများသာလျှင် ၎င်းတို့၏ မိခင်များဖြစ် ကြ လေသည်။

သို့ရာတွင် ဧကန်မလွဲ ထို (ဇီဟာရ်) ပြုလုပ်ကြသော ထိုသူတို့သည် စက်ဆုပ်ဖွယ်ရာ စကားကိုလည်းကောင်း၊ မုသား စကားကိုလည်းကောင်း ပြောဆိုကြသည်မှာ အမှန်ဖြစ်၏။ သို့တစေလည်း ဧကန် ဖန်ဆင်းရှင်သည် အလွန် တရာ ခွင့် လွှတ်သောအရှင် ဖြစ်၏။)

၅၈း၃ (စင်စစ်မှာကား အကြင်သူတို့သည် မိမိ တို့၏ ဇနီး များနှင့် ]ဇီဟာရ် ပြုလုပ်ကြ၏။ ထို့နောက် ၎င်းတို့သည် ပြောဆိုခဲ့သည်များမှ ပြန်လည် ရုပ်သိမ်းလိုက်ကြ၏။ သို့ဖြစ်လျှင် ၎င်းတို့ ဇနီး(မောင်နှံ) နှစ်ဦးကို ကိုယ်လက် နှီးနှော ထိတွေ့ခြင်း မပြုမီ ကျွန်တစ်ယောက်ကို သူကောင်းပြု ရမည်ဖြစ်သည်။ ဤသည် အသင်တို့အား ဆုံးမခြင်းကို ခံရ



ခြင်းဖြစ်သည်။ စင်စစ် တုနှိုင်းမဲ့ကိုးကွယ်ရာအရှင်သည် အသင်တို့၏ ပြုမူချက်များကို အကြွင်းမဲ့ သိသော အရှင် ဖြစ် သည်။)

၅၈း၄ (သို့ရာတွင် မည်သူမဆို (ကျွန်တစ်ယောက်ကို) မရခဲ့လျှင် ထိုဇနီးမောင်နှံသည် ကိုယ်လက်နှီးနှောခြင်း မပြုမီ နှစ်လတိုင်တိုင် တစ်ဆက်တည်း ]ဆွီယာမ်} ဥပုသ်တည်ဆောက်ရမည် ဖြစ်သည်။ သို့သော် မည်သူမဆို ဥပုသ်တည် ဆောက်ခြင်းကို မတတ်စွမ်းနိုင်လျှင် သူဆင်းရဲ ခြောက်ဆယ်အား ထမင်းနှစ်နပ် ကျွေးမွေးပြီးမှသာ ဇနီး မောင်နှံ နှစ်ဦး ကိုယ်လက်နှီးနှောကြရမည် ဖြစ်သည်။ ထိုအမိန့် ပညတ်ချက်သည်ကား အသင်တို့သည် တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်အားလည်းကောင်း၊ ထိုအရှင်၏ နဗီတမန်တော်အားလည်းကောင်း သက်ဝင်ယုံကြည်အံ့သောငှာ ဖြစ်ပေသည်။ စင်စစ် ဤသည် တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ စည်းကမ်းချက်များ ဖြစ်သည်။ ထိုအမိန့်ကို သွေဖည်ကြကုန်သော သူ တို့ ၌ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိပေသတည်း။)

၅၈း ၁ မှ ၄ ကို ကြည့်ခြင်းဖြင့် အမိုက်ခေတ် အာရဗ်များ၏ ဇနီးမယားများ အပေါ် တစ်ဖက်သတ် အနိုင်ကျင့်သော ဓလေ့စရိုက် ဥပဒေများကို ပယ်ဖျက်၍ ကျမ်းမြတ်ကုရ်အာန်က အမျိုးသမီးများ၏ ဘဝကို အမျိုးသားများ တန်းတူ ပြန်လည် ပို့ဆောင်ခဲ့ ခြင်း ဖြစ်သည်။

သို့သော်လည်း - ကျမ်းမြတ်ကုရ်အာန်ကို အခြေမခံသော မွတ်စလင်(မ်)များ၏ ရှေ့ဆောင်လမ်းပြ များခေတ်တို့တွင် ဇနီးမယားများ အပေါ် တစ်ဖက်သတ် အနိုင်ကျင့်သော ဓလေ့စရိုက်များကို မိရိုးဖလာကြိုက် အရောင်ချယ်သ၍ အစ္စလာမ့် ဥပဒေအသွင်ဖြင့် ပြဋ္ဌာန်းခဲ့ကြသည်။၎င်းတို့၏အရောင်ဆိုးနိုင်အားကြောင့် ကုရ်အာန်၏ သက်တမ်း ၁၄၀၀ ကျော် ရောက်ရှိလာ သောအခါ၌ အစ္စလာမ့် ပြည်ထောင်စုကြီး အတွင်းရှိ အမျိုးသမီးများ၏ အခွင့်အ ရေးများသည် အစ္စလာမ့်မတိုင်မီ အာရဗ်များ၏ ခေတ်ကာလကဲ့သို့ အနှိမ်ခံဘဝသို့ ပြန်လည်ရောက်ရှိ ခဲ့ရကြောင်း ကို ဝမ်းနည်းစွာ တွေ့မြင်ရပေသည်။

ကုရ်အာန်ပါဥပဒေတွင် အမျိုးသမီးနှင့် အမျိုးသားများကို လိင်မခွဲခြားဘဲ အမိန့်ပေးပြဋ္ဌာန်းရာတွင်-(ယာအိုက်ယို ဟလ်-လသီးနာ-အားမနု) ]အို-သက်ဝင်ယုံကြည်သူ အပေါင်းတို့} ဟူသည့် အမိန့်ပေး ဝေါဟာရဖြင့် ခေါ်ဝေါ် သုံးစွဲသည်။

ကုရ်အာန် ၅း၆တွင်- ဝိုဇူရေသန့်စင်ရာ၌လည်းကောင်း။ ၂း၁၅၃တွင်- ဆွလာသ်တည်ဆောက်ရာ၌ လည်းကောင်း။ ၂း၁၈၃တွင်-ဆွီယာမ် ဥပုသ်တည်ဆောက်ရာ၌လည်းကောင်း။ ၆၂း၉တွင်- ဂျုမ္မာနေ့ ဆွလာသ်တည်ဆောက်ရန် အ တွက် ဗလီဝတ်ကျောင်းများသို့ တက်ရောက်ကြရန်လည်းကောင်း အမိန့်ပေးပြဋ္ဌာန်းရာ၌ မိန်းမနှင့် ယောကျ်ား ခွဲခြား ၍ မိန့်ကြားထားခြင်း မရှိပေ။ ထိုကဲ့သို့ ကုရ်အာန်က မိန်းမယောကျ်ားမဟူ၊ လိင်ခွဲခြားခြင်း မရှိ တန်းတူ အခွင့် အ ရေးများ ပေးထားပါလျက် အစ္စလာမ့် ပြည်ထောင်စုကြီးကို ဦးဆောင်လျက်ရှိကြသော ဆရာတော်ကြီးများ ၏ ဥပ ဒေ အောက်၌ အမျိုးသမီးများ၏ ဘဝမှာ လူသားဖြစ်ရကျိုးပင် မနပ်aတော့ချေ။

အစ္စလာမ့် ဥပဒေ

တမန်တော် မုဟမ္မဒ်ထံသို့ တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်ထံမှ လူသားတစ်ရပ်လုံး အတွက် ကုရ်အာန်ကို ချပေးခဲ့ရသည့် အကြောင်းရင်းကို သိရန်မှာ မွတ်စလင်(မ်)များ အတွက် အဓိက အရေးကြီးသော အချက်ဖြစ်သည်။ ကုရ်အာန် မတိုင်မီ ရှိခဲ့ကြသော ရှေးကျမ်းဂန်ရများသည် မိမိတို့ထံသို့ လမ်းညွှန်ချက် ကျမ်းများကို ယူလာကြသော လူသား တမန်တော်များအား မည်သို့မည်ပုံ စောဒကများ တက်ခြင်း၊ မေးခွန်းများ မေးခြင်းများကို မြောက်မြားစွာ ကုရ်အာန်

တွင် ပြန်လည်၍ အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရပေသည်။ ဖော်ပြပါ ရှေးလူသားများထံ ချပေးခဲ့သော ဗျာဒိတ် ကျမ်းဂန်များမှာလည်း လူသား တစ်ရပ်လုံးအတွက် လွယ်ကူမှု အပြည့်ရှိပြီး လိုက်နာကျင့်သုံးရာ၌လည်း အလွယ်ကူဆုံး နည်းလမ်းများကို ပေးထားသော လမ်းညွှန်မှုကျမ်းများ ဖြစ်သည်။ ယခင်မူလ ဗျာဒိတ်ကျမ်းများနှင့် ယနေ့ရှိနေသော ကုရ်အာန်မှာလည်း အခြေခံအားဖြင့် တူညီသော ဥပဒေများ ဖြစ်သည်။

၅၉ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ဥပမာအားဖြင့် ကုရ်အာန် ပါ ]]နွားမကဏ္ဍ}}ကို လေ့လာခြင်းဖြင့် တုန္နိုင်းမဲ့ ကိုးကွယ်ရာ အရှင်က လူသားကို လွယ်ကူ စေရန် အတွက် လမ်းညွှန်ခဲ့သည်။ ထိုလွယ်ကူစေသော ဥပဒေများကိုပင် လူသားက လိုက်နာ ကျင့်သုံးလိုစိတ် မရှိ သောကြောင့် မိမိတို့၏ စောဒက မေးခွန်းများအားဖြင့် ခက်ခဲသော ဥပဒေများ အဆင့်သို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ ဥပမာ ]]နွားမ}} ကဏ္ဍတွင် တမန်တော်မူဆာသည် ၎င်း၏အမျိုးသားများ အတွက် လမ်းညွှန်ကျမ်းကို တုန္နိုင်းမဲ့ကိုး ကွယ်ရာ အရှင်ထံမှ လက်ခံရန် အတွက် ရက်ပေါင်း(၄၀) မိမိ၏အမျိုးသား များနှင့် ခွဲ၍ သတင်း သုံးခဲ့သည်။ တမန် တော် မူဆာ ပြန်လည် ရောက်ရှိ လာသောအခါ သူ၏ အမျိုးသားများသည် နွားကိုးကွယ်သော လူမျိုးများနှင့် အတူ နွားကိုးကွယ်သော အယူဝါဒ အတွင်းသို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ထိုအခါ တမန်တော်မူဆာ၏ ပြန်လည်ဆုံးမမှုဖြင့် ၎င်း၏အမျိုးသားများက တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်ထံ အမှားဝန်ခံခဲ့ကြသည်။ ထိုအခါ တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင် က ၎င်းတို့အား နွားမ တစ်ကောင်ကို လှီးဖြတ်ရန် အမိန့်ပေးခဲ့သည်။ အကယ်၍ တမန်တော် မူဆာ၏ အမျိုးသားများ သည် မဆိုင်းမတွ နွားမ တစ်ကောင်ကို သာ လှီးဖြတ်လိုက်မည် ဆိုပါက ၎င်းတို့အဖို့ မည်သည့် ခက်ခဲမှုမျှ မရှိဘဲ တုန္နိုင်း မဲ့ကိုးကွယ်ရာ အရှင်၏ အမိန့်ကို ကျေပွန်သူများ ဖြစ်ပေမည်။ ၎င်းတို့သည် ထိုကဲ့သို့ မဟုတ်ဘဲ နွားမ၏ အရွယ်အ စား၊ နွားမ၏ အရောင်အဆင်း၊ လယ်ထွန်ခြင်း၊ ရေငင်ခြင်းပြုပြီးသော နွားမ သို့မဟုတ် လည် ကုပ်တွင် တံပိုးတင် ခြင်း မရှိသေးသော နွားမဟူသော မေးခွန်းများကြောင့် ၎င်းတို့၏ အပေါ်သို့ လွယ်လင့်တကူ နွားမ တစ်ကောင်ကို လှီးဖြတ်ရန် အမိန့်မှ အစွန်းအပြောက် ကင်းသော၊ မကြီးလွန်း

မငယ်လွန်းသော၊ တောက်ပသော၊ အဝါရောင် အ ဆင်းရှိသော၊ လယ်ထွန် ယက်ခြင်းနှင့် ရေငင်ရာတွင် အသုံးမပြုရသေးသော ခြောက်ပြစ်ကင်း သဲလဲစင် နွားမတစ် ကောင်အဖြစ် ဖန်ဆင်းရှင် က သတ်မှတ်ခဲ့သည်။

ထိုကဲ့သို့ လွယ်ကူသော ဖန်ဆင်းရှင်၏ အမိန့်ကို ခက်ခဲသော အမိန့်အဖြစ်သို့ ရောက်ရှိရန် ပြုမူကြသော ရှေးကျမ်း ဂန်ရများနည်းတူ မဖြစ်ရလေအောင် ကုရ်အာန်တွင် လူသားတစ်ရပ်လုံး ဆင်ခြင်နိုင်ရန်အတွက် ]]နွားမကဏ္ဍ}}ကို ဖော်ပြထားခြင်း ဖြစ်သည်။ ကုရ်အာန်တွင်ပါဝင်သော ဥပဒေများသည် အလွန်ပြီးပြည့်စုံသော ဥပဒေများ ဖြစ် ကြောင်းကို ဥပဒေ ရှုထောင့်မှ ကြည့်ခြင်းဖြင့် မြင်တွေ့ရမည်ဖြစ်သည်။

ယနေ့ သာမန်အားဖြင့် ကမ္ဘာ့နိုင်ငံကြီး များ တွင်ပင် ပြဋ္ဌာန်းထားခြင်း မရှိသေးသော ဥပဒေများသည် ကုရ်အာန်တွင် အလေးပေး ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပေသည်။ ဥပဒေဟူသည် လူသားတစ်ရပ်လုံး အတွင်း အချင်းချင်း ဆက်ဆံ ရာ၌ သော်လည်းကောင်း၊ အခြားသူများနှင့် ဆက်ဆံရာတွင် သော်လည်းကောင်း ပဋိပက္ခဖြစ်ခြင်းတို့မှ ကြိုတင် အကာအကွယ် ပေးထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ လူသားအချင်းချင်း အတွင်း ပဋိပက္ခ ဖြစ်နိုင်ဖွယ်ရာ ရှိသော သေး မွှားသည့် ကိစ္စရပ် များသည် လူသားများ အတွင်း ကြီးမားသော ပြဿနာများ၏ အခြေခံ အကြောင်း ရင်းများ ဖြစ် နေသည်ကို မကြာခဏတွေ့ရတတ်ပေသည်။

ဥပမာ လူများစုအတွင်းတွင် လူတစ်ယောက်၏လုပ်ဆောင်ချက်ကြောင့် လူအများအတွက် ကြီးမားသော အနှောင့် အယှက်များ ဖြစ်ခဲ့ကြရသည်။ ထိုကဲ့သို့ လူသားတစ်ရပ်လုံး အတွင်း ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်သည့် အဖြစ်မျိုး မဖြစ်ရလေအောင် ကုရ်အာန်က ဥပဒေ အဖြစ်ပြဋ္ဌာန်း၍ ကာကွယ်ပေးထားခြင်း များစွာ ရှိပေသည်။ ကုရ် အာန်တွင် လူအများ၏ စက္ခုအာရုံကို အနှောင့်အယှက် ဖြစ်စေသော မော်ကြွားစွာဖြင့် ခြေဆောင့်၍ လမ်းလျှောက် ခြင်းကိုတားမြစ် ထားခဲ့သည်(၃၁း၁၈)။ လမ်းလျှောက်ရာတွင် မမြန်လွန်း၊ မနှေးလွန်းသောနည်းဖြင့် မှန်မှန် လမ်း လျှောက် ရန်နှင့် အသံကို နှိမ့်၍ စကားပြောရန် အမိန့်ပေးပြဋ္ဌာန်းထားသည်(၃၁း၁၉)။ ထိုကဲ့သို့ပင် မျက်မှောင် ကျုံ့၍ မျက်နှာထား တင်းထားခြင်းကို တားမြစ်ထားလေသည်(၃၁း၁၈)။ အလားတူ လူအများ၏သောတ အာရုံကို အနှောင့်အယှက်ဖြစ်စေသော မြည်းသတ္တဝါများ ဟီသကဲ့သို့ ကျယ်လောင် စွာ ရယ်မောခြင်းကို တားမြစ်ထား သည် များကိုတွေ့ရပေသည်(၃၁း၁၉)။

ထိုနည်းတူစွာ ကုရ်အာန်တစ်အုပ်လုံးပါ ဥပဒေများသည် လူသားတစ်ရပ်လုံး အတွက် မည်သည့် အခြားကျမ်းများ၊ မည်သည့် အခြားကဝိ အကျော်အမော်များ၏ အကူအညီကိုမျှ မယူဘဲ လွယ်ကူစွာ လိုက်နာကျင့်သုံးနိုင် သည့်နည်း



စနစ်များ အားဖြင့် ကေယာမသ်တိုင် ပြဋ္ဌာန်းထားသော ဥပဒေများ ဖြစ်သည်ကို တွေ့ရပေသည်။ ကုရ်အာန်၏ ရည် ရွယ်ချက်သည် ပင်လျှင် ခေတ်အဆက်ဆက် ကေယာမသ်နေ့တိုင် မည်သည့် တမန်တော်မျှ၊ မည်သည့် ကယ်တင်ရှင်မျှ

မျှော်ရန်မလိုဘဲ ပြီးပြည့်စုံစွာ လမ်းညွှန်ထားသော အခြေခံဥပဒေ ကျမ်းဖြစ်သည်။ မွတ်စလင်(မ်)များအဖို့ ခေတ် အ ဆက်ဆက်မှ ယနေ့တိုင် ကယ်တင်ရှင်များကို မျှော်ကိုးနေကြရသော အခြေအနေတွင် ရှိနေကြရခြင်းမှာ ကုရ်အာန်ကို မိမိ တတ်သိ နားလည်သော ဘာသာစာပေဖြင့် သက်တမ်း တစ်လျှောက်တွင် တစ်ခါဖူးမျှ ပြီးဆုံးသည့် တိုင်အောင် နား လည် သဘောပေါက်စွာ ဖတ်ရွတ်ဖူးခြင်း အလျှင်းမရှိခဲ့သောကြောင့် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကုရ်အာန်သည် လူသားတစ်ရပ်လုံးအတွက် ကောင်းမြတ်၍ သန့်ရှင်းစင်ကြယ်သော အရာ အားလုံးအား အမည်နာမ ဖေါ်ပြခြင်းမရှိဘဲ လုပ်ပိုင်ခွင့်နှင့် စားပိုင်ခွင့်များကို ခွင့်ပြုထားသည်။ ထိုကဲ့သို့ပင် အမည် နှင့်တကွ ဖော်ပြ၍ လုပ်ပိုင်ခွင့်နှင့် စားပိုင်ခွင့်များကို ခွင့်ပြုထားသည်။ ထိုနည်းတူစွာ မကောင်းသော အရာများ နှင့် မကောင်းသော အစားအစာများ အားလုံးကိုလည်း အမည်နာမဖေါ်ပြခြင်း မရှိဘဲ တားမြစ်ထားသည်။ ထိုနည်းတူစွာ မကောင်းသော အရာများ နှင့် မကောင်းသော အစားအစာများကို အမည်နှင့်တကွ ဖော်ပြ၍တားမြစ်ထားသည်။ ဥပ မာအားဖြင့် တင်ပြရမည် ဆိုပါက လူသားသည် အကောင်းနှင့်အဆိုးကို ခွဲခြားသိရှိနိုင်သော ဆင်ခြင်တုံတရား ရှိသူ များဖြစ်သည်။လူသားမှအပ အခြားဖန်ဆင်းခံ သတ္တဝါများအား မြက်စားသတ္တဝါများ အဖြစ်လည်းကောင်း၊ အ သား စား သတ္တဝါများ အဖြစ်လည်းကောင်း၊ မြက်နှင့်အသားကိုပါစားသော သတ္တဝါများ အဖြစ်လည်းကောင်း ဖန်ဆင်း ခဲ့သည်။ ကုရ်အာန်တွင် လူသားအား ကောင်းမြတ်သန့်ရှင်းသော အရာအားလုံးကို အမည်နာမဖော်ပြခြင်း မရှိဘဲ ခွင့်ပြုထားပြီး ဖြစ်သည့် အတွက် မိမိအတွက် အကျိုးယုတ်နိုင်ခြင်း မရှိသော အစားအစာအားလုံးကို မိမိ၏ အသိ စိတ်ဖြင့် ရွေးချယ်ခွင့် ရှိလေသည်။ အစားအစာနှင့် စပ်လျဉ်းပြီး အမည်အားဖြင့် ဖော်ပြ၍ ခွင့်ပြုထားသော ခြေလေး ချောင်းသတ္တဝါများ အနက် ကျွဲ၊နွား၊ဆိတ်၊ကုလားအုတ်တို့ကို အမည်အားဖြင့်ဖော်ပြ၍ စားခွင့်ပြုထားပြီး ဖြစ်သည်။ သို့ရာတွင် ထို ခြေလေးချောင်း မြက်စားသတ္တဝါများကို တုန္ဒိုင်းမဲ့ ကိုးကွယ်ရာအရှင်၏ နာမံတော်ဖြင့် လှီးဖြတ်၍ စားခွင့်ပြု ထားသည်။ ကုရ်အာန်က အမည်နှင့် တကွဖော်ပြ၍ စားခွင့်ပြုထားသော ဖော်ပြပါ ကျွဲ၊နွား၊ဆိတ်၊ ကုလား အုတ်များ ကဲသို့ အခြားသော မြက်စား ခြေလေးချောင်း သတ္တဝါများကို စားသုံးရန်အတွက် ကုရ်အာန်က လမ်းဖွင့် ပေးလိုက်ခြင်း ဖြစ်သည်။

ထိုကဲ့သို့ပင် ဝက်သတ္တဝါနှင့် သားရဲ တိရစ္ဆာန်များကို တားမြစ်ထားပြီး ဖြစ်သည်။ ဝက်ကို တားမြစ်ရာ၌ ဝက်၏ အ သားကို (ဝါ) ဝက်သတ္တဝါအား အာဟာရ အဖြစ်မှီဝဲခြင်းကိုသာ တားထားသည်ကို တွေ့ရသည်။ ဝက်တစ်ကောင် လုံး ကို အသုံးပြုခြင်းမှ တားမြစ်ထားခြင်း အလျှင်း မရှိပေ။

ဤသည် အလွန်တရာမျှ သဘာဝကျသော တုနိုင်းမဲ့ကိုး ကွယ် ရာအရှင်၏ ရောမ ကျေးဇူးတော် တစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့လူသား တစ်ရပ်လုံးကို သေမင်း တမန်အဖြစ် ခြိမ်းခြောက်လျက်ရှိသော အလွန်ဆိုးဝါးသည့် ရောဂါများအနက် ဆီးချိုရောဂါ သည်လည်း တစ်ခုအပါ အဝင် ဖြစ်သည်။ ဖော်ပြပါ ဆီးချိုရောဂါကုသရာ၌ အရေးပါသော အင်ဆူလင်ကို ဝက်သတ္တဝါ တစ်မျိုး တည်းမှ ၇၅ ရာခိုင်နှုန်း ထုတ်လုပ်ပေး၍ အခြားသတ္တဝါများ အားလုံးမှ ၂၅ ရာခိုင်နှုန်းသာ ထုတ်လုပ်ပေး နိုင်ခဲ့သည်။ ရေတွက်၍ မကုန်နိုင်သော ဆီးချိုရောဂါသည်များကို ဖော်ပြပါ ဝက်မှထုတ်လုပ်ပေးသော အင်ဆူလင် အားဖြင့် အသက်ဘေးမှ တောက်လျှောက် ကယ်တင်ပေးခဲ့ခြင်း ဖြစ်သည်။ ယနေ့ခေတ်သစ် ဆေးသိပ္ပံက အင်ဆူလင်ကို အခြား ဓာတ်သတ္တု များမှ ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ အလားတူ ဝက်အမြီးမှ ထုတ်လုပ်သော ဝက်မွေးသည် လူသားများ ဆေးသုတ် ရာ၌ သော်လည်းကောင်း၊ ပန်းချီဆွဲရာ၌ သော်လည်းကောင်း စုတ်တံ အဖြစ် အသုံးပြုရာတွင် အကောင်း ဆုံးဖြစ်ပေ သည်။ ထိုဝက်သတ္တဝါသည် မြက်ရေအသားပါ အစုံစားသောသတ္တဝါဖြစ်သည်။ ထိုဝက်ကို အာဟာရဖြစ်မှီဝဲ သုံးစွဲ ခြင်းကို တားမြစ်ထားပြီး ဖြစ်သည်။ ထိုဝက်ကဲ့သို့သော အစုံစားခြေလေးချောင်းသတ္တဝါများ ဖြစ်သည့် ကြောင်၊ခွေး စသည့်သတ္တဝါများကို စားသုံးခွင့် မရှိကြောင်းကို မွတ်စလင်(မ်)များ အလိုအလျောက်သိနိုင်မည် ဖြစ်သည်။ ထိုနည်း တူစွာ သားရဲတိရစ္ဆာန်များဟူသည် သူတစ်ပါးကို သတ်ဖြတ်စားသုံးသော သတ္တဝါအားလုံး အကျုံးဝင် ပေသည်။

၆၁ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ထိုသို့သော နည်းလမ်းများ အားဖြင့် ကုရ်အာန်က လူသား တစ်ရပ်လုံးကို မီးမောင်းထိုးပြထားသော အချက်များကို ဆင်ခြင်ခြင်းဖြင့် လူသားမျိုးနွယ်များ၏ သက်တမ်းတစ်လျှောက် ကေယာမသ်နေ့တိုင် ကောင်းမှု၊ မကောင်းမှု၊ စားခွင့် ရှိသောအစားအစာနှင့် စားခွင့်မရှိသော အစားအစာဟူ၍ မိမိတို့ကိုယ်တိုင် ရွေးချယ်ပိုင်ခွင့် ပေးထားပြီး ဖြစ်သည်။ ဖော်ပြပါ ကုရ်အာန်၏ လမ်းညွှန်မှုများကို နည်းမျိုးစုံဖြင့် ပိတ်ပင် တားဆီးခဲ့ကြသော အုပ်ချုပ် မင်းလုပ်သူ လူတန်း စားများနှင့် အချို့သော သာသနာပိုင် မွတ်စလင်(မ်) ပုပ်ရဟန်းမင်းကြီးများကြောင့် မွတ်စလင်(မ်)များသည် ခေတ် အဆက်ဆက် ကုရ်အာန်၏ လမ်းညွှန်မှုများကို တိုက်ရိုက်သိပိုင်ခွင့်၊ တိုက်ရိုက်လေ့လာပိုင်ခွင့်ဟူ သော အခွင့် အရေး များကို ဆုံးရှုံးခဲ့ကြရသူများ ဖြစ်ကြသည်။ ဖော်ပြပါ ကုရ်အာန်၏လမ်းညွှန်မှုများကို ပိတ်ပင်တားဆီးခဲ့ကြသော မွတ်စ လင်(မ်) ပုပ်ရဟန်းမင်းကြီးများ ပင်လျှင် ကုရ်အာန်ပါ အကြောင်းအရာများကို ၎င်းတို့ကိုယ်တိုင် သိရှိခွင့် မရရှိခဲ့ကြ ပေ။ ၎င်းတို့ သိရှိတတ်မြောက်ထားသော ပညာရပ်များမှာ ရှေးကျမ်းဂန်ရများနည်းတူ ဗျာဒိတ်ကျမ်း၏ အလွန် အတွေးအခေါ်များအားဖြင့် သေးမွှားသော ကိစ္စရပ်များကို အခြေခံ၍ ငြင်းခုံခြင်း အတတ်များဖြင့် ရှင်သန် ခဲ့သူ များဖြစ်ကြသည်။ ထိုငြင်းခုံမှုစနစ်များကို ပိုမိုကျယ်ပြန့်စွာ မွတ်စလင်(မ်) များအတွက် ဆက်လက်၍ အမွေခံ နိုင်ကြ ရန် အလို့ငှာ ဘာသာရေး စာသင်ကျောင်းများတွင် ဥပဒေအဖြစ် ပြဋ္ဌာန်းသင်ကြား ပေးသောစနစ်ကို စတင် ခဲ့ကြသူ များ ဖြစ်သည်။

စပိန်နိုင်ငံတွင် ခေတ်အဆက်ဆက် အစ္စလာမ့် တက္ကသိုလ်ကြီးများမှ ကမ္ဘာအရပ်ရပ်ရှိ မွတ်စလင်(မ်)များနှင့် မွတ်စ လင်(မ်)မဟုတ်သူများကို နှစ်စဉ် ခေတ်ပညာတတ် ပါရဂူများ အဖြစ် မွေးထုတ်ပေးခဲ့ကြောင်း သမိုင်းဆိုင် ရာမှတ်တမ်း မှတ်ရာများအရ သိရှိရပေသည်။ ဖော်ပြပါ စပိန်နိုင်ငံတွင် ကုရ်အာန်၏အလွန် အတွေးအခေါ်များကို တစ်ဖက် ကမ်းခတ် တတ်မြောက်ထားသော မွတ်စလင်(မ်) ပုပ်ရဟန်းမင်းကြီးများ ခေတ်သို့ ရောက်ရှိလာကြပြီး နောက်ပိုင်း စားသုံးမှုဆိုင်ရာ အငြင်းပွားမှု အရေးအခင်းကြီး တစ်ရပ် ဖြစ်ပွားခဲ့သည်။ ထို အရေးအခင်းကြီး၏ အစမှာ မွတ်စ လင်(မ်) ပုပ်ရဟန်းမင်းကြီးများ အတွင်း ကျီးကန်းတစ်ကောင်ကို မွတ်စလင်(မ်) များစားသုံးခွင့်ရှိ သည်ဟူသော အယူ အဆရှိသော မွတ်စလင်(မ်)ပုပ်ရဟန်း မင်းကြီးများနှင့် စားခွင့်မရှိဟူသော ပုပ်ရဟန်းမင်းကြီးများ အကြား အငြင်း ပွားခဲ့ခြင်း ဖြစ်သည်။ ထိုအခြင်းအရာကို အခြေခံ၍ မွတ်စလင်(မ်)များ စပ်ကြား စိတ်ဝမ်းကွဲမှု စတင်၍ နှစ်ပေါင်း များစွာ အစ္စလာမ့် အင်ပါယာ အဖြစ်ရပ်တည်ခဲ့သော စပိန်နိုင်ငံမှ မွတ်စလင်(မ်)များ အားလုံး နှင်ထုတ်ခြင်း ခံရသော အဆင့်သို့ ရောက်ရှိခဲ့ ရုံမက ထိုနိုင်ငံရှိ ဝတ်ကျောင်းတော်ကြီးများကိုပင် ပြတိုက်အဖြစ် ထိန်းသိမ်းခံဘဝသို့ ရောက်ရှိ ခဲ့ရသည်ကို သမိုင်း ဆိုင်ရာ မှတ်တမ်းမှတ်ရာများတွင် ယနေ့တိုင်တွေ့မြင်ရပေသည်။ ဤသည် ကုရ်အာန်ကို တတ်သိ နား လည်မှု မရှိဘဲ ကုရ်အာန့်အလွန် အတွေးအခေါ်များကို တစ်ဖက်ကမ်းခတ် တတ်မြောက်ကြသော မွတ်စလင်(မ်) ပုပ်ရဟန်း မင်းကြီးများ အတွင်း အငြင်းပွားမှုမှ စတင်၍ စပိန်နိုင်ငံတွင် မွတ်စလင်(မ်)များ မောင်းထုတ်ခံကြရသည့် အဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဤသည် ကုရ်အာန်က အထပ်ထပ်ပြဋ္ဌာန်း ဖော်ပြ၍ ပိတ်ပင်တားဆီးခဲ့သော ရှေးကျမ်းဂန်ရ ပုပ်ရဟန်းများ၏ လမ်းစဉ်ကို တစ်သဝေမတိမ်း လိုက်နာ ကျင့်သုံးမိခဲ့သော မွတ်စလင်(မ်) ပုပ်ရဟန်း များကြောင့် ဖြစ်ပေသည်။

## ကုရ်အာန်ကိုအာရဗီစာပေဖြင့်ချပေးခဲ့သည်မှာ

တစ်ချိန်တစ်ခါက အာရဗ်များသည် အလုပ်သမား လူတန်းစား၊ ဆင်းရဲသားလူတန်းစား၊ ကုန်သည်လူတန်းစား၊ ကျွန်သပေါက်လူတန်းစားများ အဖြစ် ရှိခဲ့ကြသည်။ ထိုလူတန်းစားများ အနက် အများစုမှာ ဆင်းရဲသား လူတန်းစား များ ဖြစ်ကြသည်။ ၎င်းတို့သည် ပတ်ဝန်းကျင်ရှိ ရှေးကျမ်းဂန်ရများထံသို့ ချဉ်းကပ်၍ ဘာသာတရား ဆိုင်ရာ ဆည်းပူး လိုသူများ အတွက် တိုက်ရိုက်ကျမ်းဂန်ကို ဆည်းပူးခွင့် မရရှိကြဘဲ

ထိုဘာသာ သာသနာပိုင် ပုပ်ရဟန်းကြီးများ၏ အဆို အမိန့်များကိုသာ တစ်ဆင့်ကြားနာ ခွင့်ရရှိခဲ့ကြသည်။ ဤသည်ကို တုနိူင်းမဲ့ ကိုးကွယ် ရာအရှင်က အကြွင်း မဲ့သိ ရှိသည့် အတွက် ကုရ်အာန်ကို အာရဗ်ဆင်းရဲသား လူတန်းစားများနှင့် အလုပ်သမား လူတန်းစား၊ ကျွန်သပေါက် လူ



တန်းစားအစုံ နားလည်စေ နိုင်သည့် အရဗီ စာပေဘာသာစကားနှင့် ဖောဖောသီသီ ပုံအော၍ ချပေးခဲ့ကြောင်း ကုရ် အာန်တွင် အတိအလင်းဖော်ပြ ထားပြီးဖြစ်သည်။ ဖော်ပြပါ ရှေးကျမ်းဂန်ရ ပုပ်ရဟန်းများက သာသနာကို လက်ဝါး ကြီးအုပ် အပိုင်စီးထားမှုမျိုးဖြစ် မလာအောင် သာမန်လူပြိန်းများသည် ပင်လျှင် နားလည်နိုင်သော အာရဗီ ဘာသာစ ကားဖြင့် ချပေးခဲ့ခြင်းဖြစ်သည်။ ကုန်အာန်၏ မူလအခြေခံ သဘောတရားက အလွန်ရှင်းလင်း၍ လူတိုင်းနားလည် နိုင်သောနည်းလမ်းဖြင့် လွယ်ကူစွာ သိရှိနိုင်သော ဥပဒေများဖြစ်သည်။ ထိုဥပဒေသဘောတရား များသည်ရှေ့နောက် ညီညွတ်မှုမရှိဟူသော လူသား တို့၏ဥပဒေနှင့် ကွာခြားကြောင်းကို၊ ကုရ်အာန်က အထပ်ထပ်ဖော်ပြထားပြီး ဖြစ်သည်။

ထို့သို့သော အကြောင်းများကြောင့် တမန်တော် မုဟမ္မဒ် ပရိနိဗ္ဗာန်စံမြန်းပြီး နောက်ပိုင်း နှစ်ပေါင်း(၆၇)နှစ်ပတ် ဝန်းကျင် လောက် မှစတင်၍ ပေါ်ပေါက်လာသော ဂိုဏ်းကွဲ(၆)ခုမှစတင်၍ ယနေ့ မျက်မှောက်ခေတ်တွင် ရေတွက်၍ မကုန်နိုင်လောက်သော ဂိုဏ်းပေါင်းများစွာ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ကုရ်အာန်သည် မူလကပင် ဂိုဏ်းဂဏ ကွဲဝါဒများကို ပြစ်တင်ရှုတ်ချ ရုံမျှမက ဂိုဏ်းဂဏကွဲများနှင့် အသင်မုဟမ္မဒ်သည် မည်သို့မျှမဆိုင်ဟူ၍ တင်းကြပ်စွာ တားမြစ်ထားပြီး ဖြစ်သည်။ ထိုကဲ့သို့ ကုရ်အာန်က တင်းကြပ်စွာ တားဆီးပိတ်ပင် ထားပါလျက် မွတ်စလင်(မ်) ပုပ်ရဟန်း ကြီးများကို မွေးထုတ်ပေးလိုက်သော ဘာသာ သာသနာ အယူဝါဒတွင်မူ ပညာရှင် အချင်းချင်း အယူဝါဒ ကွဲ၍ အငြင်းအခုံ ဖြစ်ခြင်းသည်ပင် တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင်၏ မဟာကရုဏာကို ခံရခြင်းဖြစ်သည်ဟူ၍ ခံယူ ထားသည်ကိုတွေ့ရပေသည်။ ထိုသို့သော အယူဝါဒများကို ရှေ့တန်းတင်၍ မွတ်စလင်(မ်)အများစုကို ဦးဆောင် ကြသော ဆရာတော်ကြီးများသည် များသောအားဖြင့် ကုရ်အာန်က တင်းကြပ်စွာ ပြဋ္ဌာန်းထားသော အမိန့်များနှင့် ဆန့်ကျင်သော စနစ်ဆီသို့ ရောက်မှန်းမသိရောက်ရှိ လာကြရာမှ ယနေ့ မျက်မှောက်ခေတ်တွင် လုံးဝဥသုံ ကုရ်အာန်ပါ ဥပဒေများနှင့် ဆန့်ကျင်သော အခြေအနေသို့ ရောက်ရှိခဲ့ရပေသည်။

မုဟမ္မဒ်ဘင်အီဒရစ်အေ့ဗနုရှာဖီ (အေဒီ ၈၂၀)

ရှာဖီသည် ဂါဇာဒေသတွင် မွေးဖွားခဲ့သူ ဖြစ်ပြီး ငယ်စဉ်ကပင် မဒီနာ၌ အခြေချ နေထိုင်ခဲ့သည်။ မာလစ်ထံတွင် ဟဒီးဆ်ဆိုင်ရာ သမိုင်းကြောင်း ကောက်ယူမှု ပညာရပ်များဖြင့် အခြေခံ၍ ဓမ္မထုံးဖွဲ့မှု ပညာရပ်များကို ဆည်းပူး ခဲ့သည်။ ရှာဖီ၏ အမြင်တွင် ထိုသမိုင်းကြောင်းများကို စုဆောင်းရာ၌ သူ၏ဆရာကဲ့သို့ မက္ကာနှင့်မဒီနာမြို့များမှ စုဆောင်းရရှိသော သမိုင်းကြောင်းများ ဖြစ်စေ ကာမူ ထိုသမိုင်းချက်တို့ အားလုံးသည် မှန်ကန်သည်ဟု စိတ်ချ၍ မရနိုင်ဟု ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် မဟာသာဝက များသည် ကမ္ဘာ အရပ်ရပ်သို့ ပြန့်နှံ့သွားကြသည့် အတွက် သမိုင်းကြောင်းများကို စုဆောင်းရာ၌ ထိုသာဝကများကို ခြေရာခံလျှက် ကမ္ဘာ အရပ်ရပ်သို့ သွားရောက် စုဆောင်းရမည်ဟု အမြင်ရှိသူ ဖြစ်သည်။ ထို့ပြင် သမိုင်းကြောင်းများကို စုဆောင်းရာ၌ (စနတ်)ဟူသော ဆင့်ပြန်သူ များ အားလုံး၏ ကွင်းဆက် ခိုင်ခန့်မှု ရှိရမည်။ ဆင့်ပြန်သူများ၏ ကွင်းဆက် ခိုင်ခန့်မှုနှင့် ထိုဆင့်ပြန် သူများသည် တမန်တော်မုဟမ္မဒ်၏ နေထိုင်ပုံအတိုင်း ထပ်တူထပ်မျှ ဘဝတည်ဆောက်သူ ဖြစ်ရမည် ဟူသော အခြေခံ မှုဖြင့် သူ၏ တပည့်များအား သမိုင်းကြောင်းများ စုဆောင်းရန်တိုက် တွန်းခဲ့သည်။ ထိုသို့ပြုလုပ်ရသော အကြောင်းရင်းမှာ ထိုခေတ်သည် အဘူဟနီဖါ၏ တပည့်များခေတ် ဖြစ်သည်။ ဟနီဖာ၏ ဓမ္မထုံးဖွဲ့မှု ပညာရပ်များက ထိုခေတ် မွတ်စ လင်(မ်) လောကတစ်ခု လုံးသို့ လွှမ်းမိုး လျက်ရှိနေသော အချိန် ဖြစ်သည်။ အဘူဟနီဖာ၏ ဆုံးဖြတ်ချက်များ တွင် မွတ်စလင်(မ)များ အတွက် အဓိက မကျသော ကိစ္စရပ်များကို မိမိ၏ အသိဉာဏ်ကို အခြေခံ၍ ဆုံးဖြတ်ချက် များစွာ ပါဝင်ခဲ့သည်။

ဥပမာ-ရေကန်ထဲသို့ ခွေးတစ်ကောင်ကျ၍ သေဆုံးသွားပါက ထိုရေကို မည်ကဲ့သို့ အသုံးပြုနိုင် မည်နည်းဟူသော မေး ခွန်းနှင့် စပ်လျဉ်း၍ ဟနီဖါက ခွေးသေကောင်ကို ရေကန်တွင်းမှ ထုတ်၍ ထိုရေကန်ရှိရေ၏ သုံးပုံနှစ်ပုံကို ခပ်ထုတ် ပစ်ပါက ကျန်ရေများကို သုံးခွင့် ရှိသည်ဟူသော ဆုံးဖြတ်ချက်များ ရှိခဲ့သည်။ သို့သော် ထိုဆုံးဖြတ်ချက်မျိုးကို ရှာဖီက ဘဝင်မကျခဲ့ပေ။



ထိုကဲ့သို့သော ကိစ္စရပ်ကို ဆုံးဖြတ်ရာ၌၊ ရှာဖီက တမန်တော် မုဟမ္မဒ်ခေတ်မှ မဟာသာဝကများ ထံမှ သမိုင်းဆိုင်ရာ အထောက် အထားများကို ရှာဖွေစုဆောင်းလျှက် ထိုသမိုင်းဆိုင်ရာ အထောက်အထားများကို အခြေခံကာ ဆုံးဖြတ် ခြင်းက ပို၍ဓမ္မဓိဋ္ဌာန်ကျမည်ဟု ယူဆခဲ့သည်။

သမိုင်းကြောင်းများကို စုဆောင်းရာ၌ ရှာဖီ၏ အဆို အမိန့်များ အတိုင်း ]စနတ်} ဟူသော ဆင့်ပြန်သူ ကွင်းဆက်ကို အခြေခံ၍ သမိုင်းကြောင်းများ စုဆောင်းခဲ့သော ဘိုခါရီသည် ရှာဖီ၏တပည့်တစ်ဦး ဖြစ်သည်။သူ၏ဘိုခါရီကျမ်း သည်အဟ်လေဟဒီးဆ်ခေါ် ဆင့်ပြန်သမိုင်းဝါဒီများ၏ လောကတွင် နံပါတ်(၁)အဆင့်တွင် ရပ်တည်နေသော ကျမ်း ကြီးတစ်ဆူ ဖြစ်သည်။ သို့သော် ဘိုခါရီနှင့် မဟာသာဝကများ၏ ခေတ်သည် နှစ်ပေါင်း နှစ်ရာ့ငါး ဆယ်ကျော် ကွာခြား ခဲ့ခြင်းဖြစ်၍ ဘိုခါရီ၏ စုဆောင်းရရှိခဲ့သော သမိုင်းကြောင်းများမှာ သူ၏ခေတ်နှင့် နှစ်ပေါင်း နှစ်ရာကျော်

အလျင်က မျိုးဆက်ပေါင်း (၇)ဆက်မှဆင့်ကဲဆင့်ကဲ အလွတ်ကျက်မှတ်ခဲ့သော သမိုင်းကြောင်းများဖြစ်သည်။ထိုဆင့်ကဲ အလွတ် ကျက် သမိုင်းကြောင်းများကို ဘိုခါရီက စာထက် အက္ခရာတင် ခဲ့ခြင်းဖြစ်သည်။ ဘိုခါရီ စုဆောင်းခဲ့သော သမိုင်း ကြောင်း အချက်အလက်များမှာ (၆)သိန်းကျော်ဖြစ်၍ ထို(၆)သိန်းကျော်မှ ရွေးချယ်စိစစ်ကာ သမိုင်းချက်ပေါင်း (၇)ထောင်ကျော် သို့မဟုတ် ၇၀၅၂ ပုဒ်ကိုသာ သူ၏ စာအုပ်တွင် ဖော်ပြထားသည်။

ဟဒီးဆ်ခေါ် သမိုင်းကျမ်းပေါင်း (၄၁)ကျမ်းအနက် အစောဆုံး သမိုင်းကျမ်းမှာ မာလစ်(က)၏ (အထုအထောင်းခံ လမ်းကြောင်း) ဖြစ်သည်။ ထိုကျမ်းမှာ မဟာသာဝကများခေတ်နှင့် နှစ်ပေါင်း(၁၇၀)ကျော် ကွာခြားသည်။ ထိုကဲ့သို့ပင်ထို (၄၁)ကျမ်းအနက် နောက်ဆုံးကျမ်းမှာ (အလ်ဗဂါဝီ အဘူမုဟမ္မဒ်) ၏ (ရှရာအွလ် စွန်နာဟ်)ဟစ်ဂျရီ၅၁၆ ဖြစ် သည်။ ထိုကျမ်းမှာ မဟာသာဝကများ ခေတ်နှင့် နှစ်ပေါင်း (၅၀၀)ကျော် သို့မဟုတ် ၅၁၆နှစ် ကွာခြားခဲ့သည်။ ဖော်ပြ ပါ သမိုင်းကျမ်း အားလုံးတွင် ပါဝင်သော ဟဒီးဆ်များသည် တမန်တော် မုဟမ္မဒ်၏ သွားပုံလာပုံ စားပုံသောက်ပုံ၊ ဇနီး မယားများနှင့် ဆက်ဆံပုံ မဟာသာဝကများနှင့် ဆက်ဆံပုံ ဆွလာတ်တည်ဆောက်ပုံ၊ စကားပြော ဆိုပုံများ ပါဝင်သကဲ့ သို့ ဆေးဖက်ဆိုင်ရာ အာရဗ်ရိုးရာ ဗိန္ဓောဆေးကုသနည်း များစွာလည်း ပါဝင်သည်။ ထို့ပြင် စကြဝဠာဆိုင်ရာနေ၊ လ၊ ဂြိုဟ်များ တည်ရှိနေပုံများ အပေါ် ထိုခေတ်အာရဗ်များ၏ ယူဆချက် မြောက်များစွာ ပါဝင် သည်။

သမိုင်းကျမ်းရှင် အားလုံးက ၎င်းတို့၏ ကျမ်းများတွင် ပါဝင်သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ သမိုင်းရှု ထောင့်မှ ဆင့်ကဲဆင့်ကဲ ကြားသိရသည့်အတိုင်း ဖော်ပြခဲ့ကြသည်။ထို့ကြောင့် သူတို့ဖော်ပြခဲ့သော အကြောင်းအရာ များကို ဆင့်ကဲဆင့်ကဲ ကြားသိချက်ဟူသော အဓိပ္ပါယ်နှင့် ထပ်တူထပ်မျှဖြစ်သော အာရဗီဝေါဟာရ ရေဝါယသ် ဟုရိုး သားစွာ ဖော်ပြထားခဲ့ ကြပေသည်။ ရေဝါယာသ်ဟူသည် အင်္ဂလိပ်စာပေ (ဟီးယားဆေး) ဆင့်ကဲဆင့်ကဲ ကြားသိခဲ့ရ သော စကားဖြစ်သည်။

ရှာဖီက သူ၏တပည့်များကို သမိုင်းကြောင်းများ စုဆောင်းရန် တိုက်တွန်းခဲ့ခြင်းမှာ အစ္စလာမ်သာသနာသည် ပြီး ပြည့် စုံမှု မရှိသေး၍ လိုအပ်နေသော ကွက်လပ်များကို သမိုင်းကြောင်းများ အားဖြင့် ဖြည့် စွက်ရန် အတွက် စုဆောင်း ခိုင်း ခြင်းမဟုတ်ပေ။ ဤသည့်အချက်ကို နားလည်ရမည်မှာ မွတ်စလင်(မ်)များအတွက် အသက်သွေးကြော တစ်မျှအရေး ကြီးသော အချက်ဖြစ်သည်။ မွတ်စလင်(မ်) တစ်ဦးသည် ထိုကဲ့သို့သော အတွေးအခေါ်များ ဝင်ရောက်လာပါက မည် မျှပင်ကြီးမားသော လူသားပညာရှင်ကြီး ဖြစ်နေစေကာမူ ထိုသူသည် ကျမ်းမြတ်ကုရ်အာန်၏ အခြေခံမူဝါဒဖြစ်သော ကုရ်အာန် (၅း၃)ပါ (အစ္စလာမ်သာသနာ ပြီးပြည့်စုံပြီဟူသော အရှင့်ဗျာဒိတ်အား ငြင်းဆန်ခြင်းတစ်ရပ်ဖြစ်သည်။) အကယ်၍ကုရ်အာန်သည် လူသားများရေးသား စီရင်အပ်သော လူရေးကျမ်းများအားဖြင့်သာ ပြည့်စုံသည်ဟု ယူဆ ခြင်း ဖြင့် ထိုလူရေးကျမ်းများ မပေါ်ပေါက်သေးသောကာလရှိ မဟာသာဝကများ အဂ္ဂမဟာသာဝကများနှင့် ၎င်းတို့ ၏က ရိုက်အရာ ကိုဆက်ခံကြသော မွတ်စလင်မ်များသည် ပြီးပြည့်စုံသော လမ်းညွှန်မှုများကို အပြည့်အဝမရရှိပါဟု တိုက် ရိုက်စွပ်စွဲခြင်း တစ်ရပ်လည်းဖြစ်သည်။

အထက်မှဖော်ပြခဲ့သော ရှာဖီက သူ၏တပည့်များကို သမိုင်းကြောင်းများ စုဆောင်းရန် တိုက်တွန်းခဲ့ခြင်းမှာ မွတ်စ လင်(မ်)များအတွက် အဓိကမကျသော ကိစ္စရပ်များကို ဖြေရှင်းရာ၌ ဟနီဖာသည် သူ၏ယူဆချက်အတိုင်း သူ၏အသိ



ကို အခြေခံဖြေရှင်းပေးခြင်းထက် မဟာသာဝကများ ခေတ်တွင်ရှိခဲ့သော သမိုင်းဆိုင်ရာ အချက်အလက်များကို စု ဆောင်း၍ ဖြေရှင်းပေးခြင်းက ပို၍ဓမ္မဓိဋ္ဌာန်ကျမည်ဟု ယူဆ၍ စုဆောင်းခိုင်းခြင်း ဖြစ်သည်။

ဥပမာအားဖြင့်- အိမ်မှ ထွက်သွားသော လင်ယောက်ျားသည် ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေပါက ထိုလင်ယောကျ်ား၏ ဇနီးအနေဖြင့် နောက်အိမ်ထောင် ထူထောင်ရန်အတွက် အချိန်မည်မျှ အတိုင်းအတာအထိ စောင့်ဆိုင်းရမည်နည်း ဟူသောမေးခွန်းနှင့် စပ်လျဉ်းပြီး အဘူဟနီဖါ၏ ဓမ္မထုံးဖွဲ့မှုဥပဒေတွင် ထိုဇနီးအနေဖြင့် နှစ် ပေါင်း(၈၀) စောင့်ဆိုင်းရမည်ဟု ဆုံးဖြတ်ထားသည်။ ရှာဖီ၏ဓမ္မထုံးဖွဲ့မှု ဥပဒေတွင် (၇)နှစ်ဟု ဆုံးဖြတ်ထားသည်။ ဘုခါရီ၏ သမိုင်းကျမ်းပါ အထောက် အထားများ အရ(၂)နှစ်ဟု ဖော်ပြထားသည်။ မည်သို့ပင်ဆိုစေ ထိုသမိုင်း ကျမ်း များအားလုံးကို ပြုစုခဲ့ကြသော သမိုင်းရှင်များ အားလုံးသည် ၎င်းတို့ စုဆောင်းရရှိခဲ့သော ဟဒီးဆ်ခေါ် ဆင့်ပြန်သ မိုင်းများအနက် မှအချို့ကိုသာ ၎င်းတို့၏ ကျမ်းများတွင် ဖော်ပြထားခဲ့ခြင်း ဖြစ်သည်။ ထိုဖော်ပြချက် အားလုံးကို လည်း ဘာသာရေးရှုထောင့်မှ ကုရ်အာန်ကဲ့သို့ (သို့မဟုတ်) ကုရ်အာန်ထက်ပင် ပိုမိုအလေးပေး လိုက်နာကျင့် သုံးရ မည့် မှတ်တမ်းမှတ်ရာများ ဖြစ်သည်ဟူ၍ အကြံပြုခဲ့ခြင်း လုံးဝမရှိခဲ့သော်လည်း နောက်ဆက်တွဲ အမွေဆက်ခံ လာကြ သော မွတ်စလင်(မ်) ဆရာတော်ကြီးများ၏ ခေတ်တွင် ထိုသမိုင်းကျမ်းပါ အချက်အလက်များကို ကုရ်အာန်ကျမ်းပါ ဥပဒေများထက်ပင် ပိုမို အလေးထား လာကြခြင်း ဖြစ်တော့သည်။

သမိုင်းကျမ်းအားလုံးကို သေချာစွာ လေ့လာလျှင် သမိုင်းကျမ်းရှင်တို့သည် သူတို့ရှာဖွေရရှိခဲ့သော အချက်အလက် များ အားလုံးကို ဆင့်ပြန်သူများ၏ ဆင့်ပြန်ချက် အာဘော်အတိုင်း ဖော်ပြထားခြင်းသာ ဖြစ်သည်။ ဆင့်ပြန်ချက် တစ်ခု နှင့်တစ်ခု ဆန့်ကျင်ကွဲပြားလျက် တွေ့ရလျှင်လည်း ထိုကွဲပြား ဆန့်ကျင်သည့် အတိုင်းပင် မပြောင်းမလဲ - ဤသမိုင်း လမ်းကြောင်းမှ ဤသို့ဆိုသည်- ထိုသမိုင်းလမ်းကြောင်းမှ ထိုသို့ ဆိုသည်ဟု ရိုးသားစွာ ဖော်ပြထားသည် ကို တွေ့ရပေသည်။ ထိုသမိုင်းကျမ်းရှင်များ အနေဖြင့် မိမိတို့ပြုစုခဲ့သော သမိုင်းကျမ်းများကို

ဆင့်ပြန်ကြားသိသည့် အတိုင်းသာ မှတ်တမ်းကျမ်းအဖြစ် ပြုစုထားခြင်းသာ ဖြစ်၍ အစ္စလာမ် သာသနာဝင်များ အတွက် လိုက်နာရမည် ဟူ သော ဥပဒေ ကျမ်းများ အဖြစ် ပြုစုခဲ့ခြင်း မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ ပဌမဦးဆုံး မာလစ်က်၏ (မုသဝဿ) အထုအထောင်းခံ လမ်းကျောင်း အမည်ရှိ သမိုင်း ကျမ်း ကို အဘာစီခလီဖဟ် မန်ဆူးရ် (အေဒီ၇၅၅-၇၇၅) အုပ်ချုပ် သူက မိတ်တူပွား၍ ကမ္ဘာအရပ်ရပ်သို့ ဖြန့်ချီရန် ခွင့်တောင်းခဲ့ခြင်းကို မာလစ်က်ကခွင့်မပြုခဲ့ပေ။ သူ၏ဟဒီးဆ်များသည် မက္ကာဟ်နှင့် မဒီနာတို့မှ ဟဒီးဆ်များကို အ လွတ်ကျက် မှတ် ထားသူများထံမှ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။ တမန်တော်မြတ် မရှိတော့သည့်နောက်ပိုင်း မဟာ သာဝကများသည် ကမ္ဘာအရပ်ရပ်သို့ ရောက်ရှိခဲ့ကြပြီးဖြစ်သည်။ထိုသာဝကြီးများ၏ ပြောဆိုကျင့်ကြံ မှုများကို လည်းအလွတ်ကျက်ထား သူများ၏ ဟဒီးဆ်များ သည်လည်း ရှိနေပေမည်။ များစွာသော ဟဒီးဆ်များမှ မွတ်စ လင်မ်များ သည် မိမိတို့၏ ကာလံ ဒေသံ ဇဂ္ဂံ အရ မိမိတို့၏ စိတ်ကြိုက် ရွေးချယ်ခြင်းက ပို၍သင့်တော်မည် ဖြစ် သည် ဟုပြောခဲ့ကြောင်း၊ ( အရှ်-ရှရာနီ ၏ အလ်မီဇမ် အတွဲ ၁ စာမျက်နှာ ၃၀ အရဗီ မူရင်းကျမ်း) တွင်ဖေါ်ပြထားသည်။

ဥပမာအားဖြင့် ထိုသမိုင်းကျမ်းများပါ- ကိုယ်လက် ဆေးကြော သန့်စင်သော ကဏ္ဍကို လေ့လာလျှင် တမန်တော် မုဟမ္မဒ်သည် မီးနှင့်ချက်ပြုတ်ထားသော အစားအစာကိုစားပြီးတိုင်း (ဝိုဇူ)ပြုပြီးမှ "ဆွလာတ်" ဝတ်ပြု တည်ဆောက် သည် ဟူသော အချက်အလက်များကို ဖေါ်ပြထားသကဲ့သို့ တမန်တော်သည် မီးနှင့် ချက်ပြုတ်သော အစားအစာကို စားသောက်ပြီး (ဝိုဇူ)မပြုဘဲ၊ ယခင်(ဝိုဇူ)ဖြင့် ဆွလာသ်ဝတ်ပြု တည်ဆောက်သည်ဟုလည်း ဆင့်ပြန်သူများ၏ အာ ဘော်အတိုင်း ဖေါ်ပြထားပေသည်။ ထိုအချက် နှစ်ချက်မှာ လုံးဝဆန့်ကျင်ဘက် ဖြစ်နေသော်လည်း သမိုင်းကျမ်းရှင် တို့သည် ဆင့်ပြန်ကြားသိချက်ကို ကြားသိအချက်အတိုင်းသာ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။ အများမွတ်စလင်(မ်)တို့ အဘို့ "မီးနှင့်ချက်ပြုတ်ထားသည်ကို စားသောက်ပြီးနောက် ဆွလတ်ခေါ်ဝတ်ပြုတည်ဆောက်ခြင်းအတွက် (ဝိုဇူ) ပြု ရန် လိုသည်ဟုလည်းကောင်း၊ သို့မဟုတ် (ဝိုဇူ)ပြုရန်မလို ဟုလည်းကောင်း ဥပဒေအဖြစ် ချမှတ်ရေးသားခြင်း မဟုတ် ချေ။"

၆၅ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

ကုရ်အာန်သည် ပြီးပြည့်စုံနေပြီးသား ဥပဒေ ဖြစ်သည်ကို ထိုကျမ်းရှင်အားလုံးက သိရှိပြီး ဖြစ်သည် ဟူသောအချက်ကို မေ့ထား၍မရနိုင်ပေ။

ဥပမာ- လင်ယောကျ်ား သေဆုံးသွားပါက ဇနီးအနေဖြင့် စောင့်ဆိုင်းကာလမှာ လေးလနှင့်ဆယ်ရက် ဟုပြဋ္ဌာန်းပြီး ဖြစ်သည်။ ထိုကဲ့သို့ပင် ခင်ပွန်းက ဇနီးကို ပဌမအကြိမ် ကွာရှင်းပြတ်စဲပါက ရာသီလာသော အမျိုးသမီးအတွက် ရာသီ ပန်းသုံးကြိမ် ပွင့်ပြီးသည်ထိ စောင့်ဆိုင်းကာလ ဖြစ်သည်။ ကိုယ်ဝန် ဆောင်အမျိုးသမီးအတွက်၊ ကလေးမွေးပြီး ချိန် အထိ စောင့်ဆိုင်းကာလ ဖြစ်သည်။ သို့ရာတွင် လင်ယောကျ်ား ပျောက်ဆုံးသွား ခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် တွင် မည်မျှအတိုင်းအတာ အထိစောင့်ဆိုင်း ကာလဖြစ်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။

ထိုကဲ့သို့ ပြဋ္ဌာန်းထားခြင်း မရှိခြင်းကိုက ကုရ်အာန်သည် အလွန်ပြီးပြည့်စုံ၍ ခေတ်မှီနေသော နိယာမကျမ်းဖြစ်သည် ဟုသက်သေတည်နေခြင်းပင်၊- လူတစ်ယောက် ပျောက်ဆုံးသွားလျှင်- ထိုသူသည် အသက်ရှင်လျှက် ရှိနေသည် သို့မ ဟုတ် သေဆုံးပြီးဖြစ်သည်ဟူသော အချက်ကို တိကျစွာအဖြေ ထုတ်နိုင်ရန်အတွက် အချိန်နှင့် ခေတ်ကာလ နေရာ ဒေ သပတ်ဝန်းကျင်ပေါ် တွင် မူတည်သည်။

ထိုသမိုင်းဆရာကြီးများ ခေတ်က- လူတစ်ဦးပျောက်ဆုံးသွားသည် ဆိုခြင်းကို သူ့ပတ်ဝန်းကျင် သူ့အသိုင်း အဝိုင်း နှင့် သာ တိုင်းတာနိုင်ပေသည်။ သာမန် အမဲပစ်ထွက်သွားသူသည် အချိန်ကာလ မည်မျှအတွင်း ပြန်ရောက်မလာလျှင် ထိုသူ အား သေသွားပြီဟု လည်းကောင်း၊ မိသားစုအား တာဝန်မယူလို၍ ထွက်ပြေးသွားပြီဟု လည်းကောင်း တိုင်း တာ နိုင်သကဲ့သို့ နောက်ပိုင်း ပင်လယ်ရေကြောင်း ခရီးသွားလာသော ခေတ်ကာလများတွင် ခရီး၌ ပါဝင်သော ခရီး သွားအုပ်စုတစ်ဦးမှ သတင်းပေးခြင်း၊ သို့မဟုတ် အချိန်ကာလ မည်၍မည်မျှကြာလျှင် ပြန်မရောက်တော့ဟု သတ်မှတ် နိုင်ပေသည်။ ထိုမှ ခေတ်များပြောင်းလာ၍ ယခုကဲ့သို့ တိုးတက်သော ခေတ်ကာလများသို့ ရောက်လာသော အခါ-ခေတ်မှီတိုးတက်သော နိုင်ငံများတွင် လူတစ်ယောက်ကို စုံစမ်းရာ၌ ထိုလူ၏ (ဘိုင်အိုမက်ထရစ်) ဟူသော လက်ဗွေ၊ (အိုင်ဒီ) (ဆဲလ်ဖုံး) (ခရက်ဒစ်ဒ်ကဒ်) များကို အခြေခံ၍ဖေါ်ထုတ် နိုင်ပေသည်။ ထိုအချင်းအရာများသည် လူသားနှင့် ပတ်ဝန်းကျင် လွတ်လပ်စွာ တိုးတက် သိမြှော်နိုင်ခွင့်ကို ပေးထားသော နိယာမများ ဖြစ်ပေသည်။ ထိုသို့သော နိယာ မ များကို ခေတ်တစ်ခေတ်ရှိ လူသားပညာရှိ တစ်ဦး၏အယူအဆ တစ်ခုကို လေှနံဓါးထစ် ခေတ်တိုင်းအတွက်ဆွဲကိုင် ထားရမည့် ဥပဒေဟု သတ်မှတ်၍မရပေ။ နောက်ပိုင်း တိုးတက်လာသော ခေတ်ကာလများတွင် ဤထက်လွယ်ကူသော နည်းလမ်းများကို တွေ့လာဦး မည် ပင် ဖြစ်သည်။

ထိုနည်းတူစွာ ရေတွင်းရေကန် ထဲသို့ခွေးတစ်ကောင် ကျသွားခြင်းအပေါ်ထိုရေကိုမည်ကဲ့သို့ သုံးစွဲရမည် ဟုကျမ်းမြတ် ကုရ်အာန်တွင် ပြဋ္ဌာန်းထားခြင်းမရှိသည် မှာလည်းအလွန် သဘာဝကျပေသည်။ ညစ်ညမ်းသွားသော ရေကိုသန့် ရှင်း ရန် သန့်စင်ပုံ သန့်စင်နည်းမှာလည်း ခေတ်ကာလတိုင်း တွင်တူညီနိုင် မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ယနေ့ ခေတ်မှီတိုးတက်သော နိုင်ငံကြီးများတွင် တစ်မြို့လုံးသုံးစွဲပြီးသော ညစ်ညမ်းရေမှသောက်သုံးရေ ပြန်လည် ထုတ်လုပ် သော စနစ်ကြီး ပေါ်ပေါက်ခဲ့သည် မှာပင် ရာစုနှစ်ဝက် ပင်ကျော်ခဲ့ပေပြီ။နေ့စဉ်နှင့်အမျှ တိုးတက်လျှက် ရှိသောခေတ် ကာလနှင့် အညီ လူသားတို့၏ တွေ့ရှိချက် နည်းပညာများနှင့် လူ့အသုံးအဆောင်များ ကိုသုံးစွဲပုံသုံးစွဲနည်းတို့မှာလည်း တစ်ခေတ်နှင့်တစ်ခေတ် တူညီကြမည်မဟုတ်ပေ။

လူသား၏သဘော သဘာဝသည် လွယ်ကူမှုကိုသာ လိုလား၍ ခက်ခဲမှုကို မလိုလားပေ။ ဤသည်ကို အကြွင်းမဲ့ သိထား သော တုန္ပိုင်းမဲ့ကိုးကွယ်ရာ အရှင်က- အရှင်၏ အခြေခံ ဥပဒေကျမ်းတွင် ညွှန်ကြားချက် အားလုံးကို လူသား တစ်ဦး တစ်ယောက်၏ ထမ်းဆောင်နိုင်သော ဝန်ထက် ပို၍တာဝန်ပေးထားခြင်း မရှိသည်ဟု ဆိုထားပေ သည်(၃၅း၁၈။ ၂၉း၁၂-၁၃။)

ရှာဖီသည် မိမိကိုယ်တိုင် ဟဒီးဆ်ခေါ် သမိုင်းကြောင်းများကို စုဆောင်းခဲ့ခြင်း မရှိခဲ့ပေ။ သို့ရာတွင် သမိုင်းကြောင်း များ စုဆောင်းနည်း စနစ်များ ဖြစ်ပေါ်လာရန်သာ စတင်ခဲ့သူ ဖြစ်သည်။ ထိုအချက်ကို သူ၏ ကြိုးပမ်း ဆောင်ရွက်မှု ဖြင့်သမိုင်းကြောင်းများ စုဆောင်းသူ များပြားခဲ့ခြင်းက သက်သေတည်လျှက် ရှိပေသည်။ သို့သော် သူသည် အစွလာမ့် ဓမ္မသတ်ဥပဒေကို ဆုံးဖြတ်ရာ၌လုံးဝဥဿုံ ဟဒီးဆ်သမိုင်းကျမ်းများပါ အဆိုအမိန့်များကို အခြေခံ၍တရား ဆုံးဖြတ်



သည့်စနစ်အား ကမ္ဘာတစ်ဝှမ်းရှိ မွတ်စလင်(မ်)များ အတွင်းသို့ ထည့်သွင်းပေးနိုင်ခဲ့သည်။သူသည် မိမိ၏ဆရာ မာလစ် ကဲ့သို့ပင်၊ ကုရ်အာန်ကိုလက်ခံရာ၌ ]ကလမ်} တုန္ပိုင်းမဲ့ ကိုးကွယ်ရာအရှင်မြတ်၏ နှုတ်ထွက်စကား (သို့မဟုတ်) ဖန်ဆင်း ခံ မဟုတ် ဖန်ဆင်းရှင်၏အစိတ် အပိုင်းဟူသော ယူဆချက်ကြောင့် မိုသာဇလိုက်ခေါ် ဗျာဒိတ်ကျမ်း ကုရ်အာန်ကို အခြေခံ၍ စဉ်းစားဆင်ခြင်သူများ၏ အတိုက်အခံဖြစ်ခဲ့သည်။ ထိုအချက်ကြောင့် ထောင်သွင်းအကျဉ်းချခြင်း ခံခဲ့ရ သည်။ ရှာဖီသည် ကုရ်အာန်ကို ဖွင့်ဆိုရာ၌ သမိုင်းကျမ်းများ အားဖြင့် ဖွင့်ဆိုသော စနစ်ကို စတင်ခဲ့သူ ဖြစ်သည်။ သို့ရာတွင် ဟဒီးဆ်သမိုင်းများ၏ သဘောသဘာဝမှာ ဆန့်ကျင်သော အဆိုများလည်း ပါဝင်သည် ဖြစ်ရာ ထိုဟဒီးဆ် သမိုင်းများကို ရွေးချယ်ရာ၌ မိမိတို့၏ ပိုမိုနှစ်သက်သော အဆိုများကို အခြေခံ၍ ဥပဒေပြုခြင်းကြောင့် အဟ်လေ ဟဒီးဆ်ဝါဒကို လက်ခံသူ အချင်းချင်းမှ ရှာဖီဂိုဏ်းဟူ၍ ဂိုဏ်းကွဲတစ်ခု အဖြစ် ပေါ်ပေါက်လာတော့ သည်။

ဥပမာအားဖြင့်- သမိုင်းကျမ်းများအရ တမန်တော် မုဟမ္မဒ်သည် ချက်ပြုတ်ပြီးသော အစားအသောက်ကို စားပြီး နောက် ခြေလက်ဆေးကြောခြင်း (ဝိုသူ) ပြန်လည်ပြုလုပ်သည်ဟူသော သမိုင်းများနှင့် ခြေလက်ဆေးကြောခြင်း ပြန် လည် ပြုလုပ်ခြင်း မရှိဟူ သော အချက်နှစ်ချက်ကို ဥပဒေပြုရာ၌ ရှာဖီ၏ဆရာ မာလစ်(က်)က ချက်ပြုတ်ထား သော အစာကို စားပြီးနောက် ပြန်လည် ဆေးကြောခြင်း မရှိ ဟူသော အဆိုကို လက်ခံ၍၊ ရှာဖီက ချက်ပြုတ်ပြီးသော အစား အစာကို စားပြီးနောက် ပြန်လည် ဆေးကြောခြင်း ပြုသည်ဟူသော အဆိုကို ပိုမိုနှစ်သက်၍ ဥပဒေပြုခဲ့သည်။

သို့ဖြင့် သမိုင်းအားသန်သော အဟ်လေဟဒီးဆ်}ဝါဒတူ အချင်းချင်း အတွင်း၌ပင်လျှင် ဂိုဏ်းခွဲနှစ်ခု ဖြစ်ပေါ်လာ တော့ သည်။

ရှာဖီသည် သမိုင်းလိုက်၍ ကုရ်အာန်ကို ဖွင့်ဆိုရမည်ဟူသော လမ်းစဉ်ကိုစတင်ခဲ့သူ ဖြစ်သည့်အလျောက် များစွာ သော ကုရ်အာန်ပါဥပဒေများကိုလည်း နဂိုရှိရင်းစွဲမှ သမိုင်းဆိုင်ရာတွေ့ရှိ ချက်များအားဖြင့် ဖွင့်ဆိုခဲ့သူလည်း ဖြစ် ပေသည်။

ဥပမာ- တမန်တော် မုဟမ္မဒ်၏ခေတ်တွင် ကုရ်အာန်ကို ကျောက်ခဲ ကျောက်ပြား များနှင့် သရေပြားများပေါ်တွင် ရေးမှတ်ထားခဲ့သည်။ စာရွက်ပေရွက်ဖြင့် ချုပ်လုပ်ထားသော ကျမ်းစာအုပ်အဖြစ် မရှိသေးဟု ဖေါ်ပြထားသော အ ချို့သော ဆင့်ပြန်သမိုင်းများကို လိုက်၍၊ သမ္မတ အွမ့်မ်ရ်၏ တိုက်တွန်းမှုဖြင့် အွတ်(စ်)မာန်က သူ၏ ခေတ်တွင် ကုရ် အာန်ကို စုစည်း၍ ကျမ်းစာအုပ် အဖြစ် စုစည်းနိုင်ခဲ့သည်ဟု ခံယူခဲ့သူ ဖြစ်သည်။ ယနေ့တိုင် ရှာဖီ၏ အဆိုကို လက်ခံယုံကြည်ကြသော ရှာဖီ ဂိုဏ်းဝင်များနှင့် ရှာဖီဂိုဏ်းဝင် မဟုတ်သော အဟ်လေဟ ဒီးဆ်ဝါဒများကို လက်ခံယုံကြည်သော မွတ်စလင်(မ်)များက ]ခွသ်ဗဟ်} ခေါ် သောကြာနေ့ လူထု ပညာပေး မိန့် ခွန်း များတွင်အွတ်(စ်)မာန်၏ အမည်နှင့်အတူ ]ဂျာမေအူလ်ကုရ်အာန်}ဟူသော ကုရ်အာန်ကို စုစည်းသူဟု ခေါ်ဆိုမေတ္တာ ပို့နေကြသည်။

အမှန်တကယ်အားဖြင့် (ကုရ်အာန်ကို ငါအရှင်ကိုယ်တော်တိုင် စုစည်းခဲ့သည့် (ဂျာမေအုလ်ကုရ်အာန်ဖြစ်သည်) ဟု (၇၅း၁၇)တွင်ဆိုထားပြီးဖြစ်သည်။ (ကုရ်အာန်ကို ငါအရှင်ကိုယ်တော်တိုင် ချပေးခြင်း ထိန်းသိမ်းခြင်း ဖြစ်သည်။ ၁၅း၉) တမန်တော်မုဟမ္မဒ်သည် အလွန် စင်ကြယ်သော ကျမ်းစာအုပ်ပါ စာမျက်နှာများကို လူသားများအား ဖတ်ပြ မည်ဟု (၉၁း၂) တွင် ဗျာဒိတ်ထားသည်။

အလားတူ ရှာဖီ၏ အယူဝါဒသည် ကုရ်အာန်တွင် ပါဝင်သော လမ်းညွှန်ချက် အားလုံးသည် ပင်လျှင် လိုက်နာကျင့် သုံး၍ မရတော့သော ပလပ်ဖျက်သိမ်းပြီး ဗျာဒိတ်များတည်ရှိနေသည်။ ထိုကဲ့သို့ပင် ကုရ်အာန်တွင် ဖေါ်ပြထားခြင်း မရှိ သော တုန္ပိုင်းမဲ့ ကိုးကွယ်ရာ အရှင်ထံမှ ကုရ်အာန်နှင့် အလားတူ ဥပဒေများရှိနေသည်ဟုလည်း လက်ခံထား ပေ သည်။

ထိုဥပဒေများ အနက်တစ်ခုမှာ ကုရ်အာန်တွင် အိမ်ထောင်ရေး ဖေါက်ပြန်မှု အတွက် ကြိမ်ဒဏ်တစ်ရာ ပြစ်ဒဏ်သည် အပျိုနှင့်လူပျိုများကို ပေးရမည့်ဥပေဒဖြစ်သည်။ ကုရ်အာန်တွင် ဖေါ်ပြထားခြင်း မရှိသော ကုရ်အာန်၏ ဥပဒေ ဖြစ်သည့် အိမ်ထောင်သည်များ ဖေါက်ပြန်ပါက ခဲပေါက်သတ် ရမည်ဟု ဖြစ်သည်။ ထိုဥပဒေသည် ကုရ်အာန်တွင် ဖေါ်ပြထားမှု မရှိသော်လည်း မွတ်စလင်(မ်)များ လိုက်နာ ကျင့်သုံးရမည့် ကုရ်အာန်၏ ဥပဒေများ ဖြစ်သည်ဟု ရှာဖီက ခံယူထားသည်။ အလားတူပင် သမိုင်းကျမ်းများ၌ တမန်တော် မုဟမ္မဒ်က ပြောဆိုခဲ့သည်ဟု ဆိုသော ပြောကြား

ချက်များ အနက် ကေယာမသ် (ခေါ်) ကမ္ဘာပျက်ချိန် နီးလျှင်၊ မဲဟ်ဒီနှင့် အီဆာ (ယေရှု ခရစ်) တို့ ပြန်လာမည် ဟူ၍ လည်း ကောင်း၊ အီဆာ (ယေရှု ခရစ်) သည် မိုးလေးထပ်တွင် တည်ရှိနေသည် ဟူ၍ လည်းကောင်း၊ မွတ်စလင်(မ်)များ ယုံကြည်ရမည်ဟု ရှာဖီက ဥပဒေပြုခဲ့သည်။

အခြား ဥပမာ တစ်ခုမှာ ကုရ်အာန်၌ "နေသည် နေပတ်လမ်း ကြောင်း တွင် လည်ပတ်နေသည်" ဟူသော ဝေါဟာရကို ဟဒီးဆ်ကျမ်းရှင်များ၏ အဆိုအတိုင်း နေသည် နေပတ် လမ်းကြောင်းတွင် လည်ပတ်နေခြင်း ဟူသည် (နေသည် အ ရှေ့အရပ်မှ ထွက်၍ အနောက် အရပ်သို့ ငုံ့လျှိုးကာ တုနိူင်းမဲ့ကိုးကွယ်ရာ အရှင်၏ ပလ္လင်အောက်တွင် တစ်ည အိပ် သည်) နောက်တစ်ရက်တွင် ပြန်လည်၍ ထွက်လာသည်ဟု ဖွင့်ဆိုခဲ့ပေသည်။ ထိုအဆိုမှာ အစ္စလာမ် မတိုင်မှီ ရှေး အာ ရဗ်တို့၏ ရိုးရာ အယူအဆကို အခြေခံထားခြင်း ဖြစ်ပေသည်။ ရှေးအာရဗ်များက "နေသည် ကမ္ဘာမြေကြီးတွင် တစ် ည ပျောက်ဆုံးသွားသည်" ဟု အယူရှိခဲ့ ၍ ထိုအယူသည် မှားယွင်းကြောင်း ကုရ်အာန်က ပြောဆို ထားသော် လည်း သမိုင်းကြောင်းဟု ဆိုသော အယူများ၌ ရှေးအာရဗ်တို့၏ အယူဝါဒများ ပြန်လည်၍ ရောပါ နေသည်ကို ကုရ် အာန်ကို ဘာသာပြန်ဆိုသူများအနေဖြင့် သုံးသပ်မိခဲ့ဟန် မရှိချေ။

တမန်တော်သည် ကုရ်အာန်ကို မူရင်းအတိုင်းထားခဲ့

ထို '}အဟ်လေဟဒီဆ်} ခေါ် သမိုင်းအားသန်ဝါဒ မတိုင်မှီ်က ကုရ်အာန်ကို တမန်တော်မုဟမ္မဒ်က တုနိူင်းမဲ့ ကိုးကွယ် ရာအရှင်၏ ဗျာဒိတ် အတိုင်းသာ မွတ်စလင်(မ်) အပေါင်းအား ပေးခဲ့ပေသည်။ မည်သည့်ဖွင့်ဆိုမှု မည်သည့် သဖ်စီရ် (အထကထာ) ကိုမျှ မပေးခဲ့ပေ။

ဤသည် အလွန်သဘာဝကျသော အချက် ဖြစ်သည်။ တမန်တော် မုဟမ္မဒ်သည် တုနိူင်းမဲ့ကိုးကွယ်ရာ အရှင်ထံမှ ကုန် အာန်ကို ဗျာဒိတ်အဖြစ် ချမှတ်ပေးခံရသော တစ်ဦးတည်းသော လူသား ဖြစ်ပေသည်။ တမန်တော်မှ အပ အခြား လူ သား တစ်ဦးတစ်ယောက်က ဝင်ရောက် စွက်ဖက် အထအထာ ဖွင့်ပေး၍ မရပေ။ ကျမ်းမြတ်ကုရ်အာန်သည် လူ သား တို့ အတွက် အခြေခံ ဥပဒေကို ချမှတ်ပေးယုံမျှမက လူသားအပေါင်း စူးစမ်းလေ့လာနိုင်ရန် စကြဝဠာ တစ်ခု လုံးအား ဖြစ်တည်စေခြင်းနှင့် ပတ်သက်သော နိယာမသီအိုရီများ ပေးထားသော ကျမ်း ဖြစ်ပေသည်။ ထိုသီအိုရီ နိယာများ သည် ခေတ်ကာလ အလိုက် နားလည်မှု ဖွံ့ဖြိုးလာစေနိုင်သော သီအိုရီများ ဖြစ်ပေသည်။ ထိုသီအိုရီများကို အာရဗ်တို့ ၏ ရှေ့ခေလေ့ ထုံးတန်းများနှင့် လွှမ်းခြုံပစ်၍ မရပေ။ ထိုအချင်းအရာများကို အလုံးစုံသိ ထားသော တုနိူင်းမဲ့ ကိုး ကွယ်ရာအရှင်၏ တမန်တော် မုဟမ္မဒ်သည် သူ့ခေတ်ကာလမှ စကားများဖြင့် သဖ်စီရ် (အထ ကထာ)ဟူ၍ ဖွင့်ဆိုခဲ့ခြင်း မရှိချေ။ ဤသည်ပင် တမန်တော် မုဟမ္မဒ်၏ ရိုးဂုဏ်ကို ပြသခဲ့ခြင်း ဖြစ်ပေသည်။

ကုရ်အာန်တွင် လူသားသည် သမိုင်း အမွေကို လက်ဆင့်ကမ်းခဲ့သူများ- အတွေ့အကြုံ အဆင့်ဆင့်ကို လက်ဆင့် ကမ်း ခဲ့သူများ ဖြစ်သည်ဟု ဆိုထားသည်။ ဥပမာ အားဖြင့် ရှေးဦးလူတို့သည် တိရစ္ဆာန်များကို အစီးအနင်း အဖြစ် အသုံး ပြုသည် ထိုမှ အခြေခံ၍ နောက်မျိုးဆက်များက တိရစ္ဆာန်များဖြင့် ဆွဲသော လှည်းများကို ဖန်တီးခဲ့ကြသည်။ ယခု ခေတ်တွင် ကား၊ ရထား၊ လေယာဉ်ပျံ လွန်းပျံယာဉ်များကိုပင် အသုံးပြုလာကြပေပြီ။

တမန်တော် မုဟမ္မဒ်၏ ခေတ်တွင် အမြန်ခရီးအတွက် မြင်းကိုသာ စီးကြရသော ခေတ်ကာလ ဖြစ်သော်လည်း ကုရ် အာန်တွင် လူသားတို့သည် အစီးအနင်းယာဉ်များနှင့် ဂြိုဟ်ကမ္ဘာတစ်ခုမှ အခြားဂြိုဟ်ကမ္ဘာများသို့ သွားလာကြမည့် အကြောင်း ကြိုတင်ဗျာဒိတ်ထားပြီး ဖြစ်သည်၊ (၈၄:၁၉) ထိုကဲ့သို့ပင် မွတ်စလင်(မ်)များ ရောမ အင်ပါယာကို အောင် နိုင်မည့်သတင်း။ ဖေရ်အောင်၏ ရုပ်ကလပ်ကို ကေယာမသ် (ကမ္ဘာပျက်သည့်) နေ့တိုင် ထိန်းသိမ်းထားမည့် ဗျာဒိတ် များသည် ကုရ်အာန်တွင် ပါရှိပြီး ဖြစ်သည်။ ထိုအကြောင်းအရာများမှာ တမန်တော် မုဟမ္မဒ် ခေတ်၏ နောက် ပိုင်းတွင် ဖြစ်လာမည့် အကြောင်းအရာများ ဖြစ်၍- အနာဂါတ် ကြိုတင် ဗျာဒိတ်ဟု ဆိုအပ်ပေသည်။ ထို့အတွက် တမန် တော် မုဟမ္မဒ် သည်ပင် ဖွင့်ဆိုပေးခြင်း မရှိချေ။ ဟဒီးဆ်သမိုင်းကျမ်းများကို အခြေခံ၍ ဖွင့်ဆိုချက်များသည် ကုရ် အာန်ကပြောလိုသော အရှိတရားများကို မည်ကဲ့သို့ပေါ်လွင်အောင်ဖွင့်ဆိုနိုင်မည်နည်း။



တမန်တော် မုဟမ္မဒ်ပင် မမြင်လိုက်ရသော တစ်ဂြိုဟ်မှတစ်ဂြိုဟ်သို့ သွားရောက်သော ခေတ်ကို ကျွန်ုပ်တို့ ဆုံတွေ့ရပြီ ဖြစ်သည်။ ထိုကဲ့သို့ပင်ဖေရ်အောင်၏ ရုပ်အလောင်းကို လွန်ခဲ့သော နှစ်တစ်ရာလောက်ကမှ တွေ့ရှိခဲ့ခြင်း ဖြစ်သည်။. ရောမသည်လည်း တမန်တော်မုဟမ္မဒ် လွန်ပြီးမှ ကျဆုံးရခြင်း ဖြစ်သည်။ ထိုသို့သော ကိစ္စရပ်များကို တမန်တော် မု ဟမ္မဒ်က ဖွင့်ဆိုထားသော သဖ်စီရ် အထကထာ ဟူ၍ မရှိ သကဲ့သို့ တမန်တော် မုဟမ္မဒ်၏ ဘဝ တည်ဆောက်မှု အ တိုင်း ဖဝါးထပ်တူ ကျင့်သုံးလျှက် ကုရ်အာန်ကျမ်းကိုသာ တစ်ခုတည်းသော ကျမ်းအဖြစ် လက်ခံယုံကြည်သော မဟာ သာဝက၊ အဂ္ဂ သာဝကများက ဖွင့်ဆိုသော သဖ်စီရ် အထကထာများ ဟူ၍ုလည်း မရှိပေ။

အကယ် ၍ နှစ်ပေါင်း နှစ်ရာကျော်နောက်ပိုင်းမှ တစ်ဆင့်ကြား ဆင်jhပန် သမိုင်းကျမ်းများသည် တမန်တော် မုဟမ္မဒ် ၏ ပြောဆိုမိန့်မှာချက်များကို တိုက်ရိုက် ရေးမှတ်ထားသည် ဆိုပါက တမန်တော် မုဟမ္မဒ်က မဟာသာဝကများကို ချက်ချင်း လက်ငင်း မှတ်တမ်းရေးမှတ်စေခဲ့သော ကုရ်အာန်ဗျာဒိတ်များနှင့် ဆိုလိုချက်ခြင်း လုံးဝထပ်တူ ထပ်မျှ ဖြစ် နေရပေမည်သာ။

ထိုသို့ ဆန်းစစ်ချေက- ကျမ်းမြတ်ကုရ်အာန်ပါ ပကတိ ဆိုလိုချက်နှင့် သမိုင်းကြောင်း ဗဟိုပြု ပြန်ဆိုချက်များသည် မြောက်များစွာ ကွဲလွဲဆန့်ကျင်နေသည်ကို တွေ့ရပေတော့သည်။ ဥပမာအားဖြင့်- ယခု နှစ်ဆယ့်တစ်ရာစု ဆန်းစ တွင် မှ တွေ့ရှိချက် ဖြစ်သော Rနိ Rသျုန ြှဘကူa (ခေါ်) ပျက်သုဉ်းတော့မည့် ဂြိုဟ်သည် အနီရောင် နှင်းဆီကို ဆီ လူးထား သကဲ့သို့ ဖြစ်ကြောင်း တွေ့ရပေသည်။ ကုရ်အာန်တွင် ပျက်သုဉ်းတော့မည့် ဂြိုလ် သည် အနီ ရောင် နှင်း ဆီ ပွင့် ကဲ့သို့ဖြစ်မည် ဟု ဆိုထားပြီးဖြစ်သည် (၅၅း၃၇)။ သို့သော် ထို အနီရောင် နှင်းဆီ ]ဝရ်ဒါ} ဆိုသော စကားလုံးကို သမိုင်းဆင့်ပြန် ကျမ်းများ၏ အလိုဖြင့် ပြန်ဆိုလိုက်သော အခါ၊ သားရေပြားဟူ ၍ ဖြစ်သွား ပေတော့သည်။

ဟာရွန်ရရှစ်(ဒ်)သားများခေတ်

အဘာစီမင်းဆက် (၁၃၅)နှစ် အတွင်း ဟာရွန်ရရှစ် ကဲ့သို့ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို မည်သူ တစ်ဦး တစ် ယောက်ကမျှ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ဟာရွန်ရရှစ်၏ အုပ်ချုပ်ချိန်တွင် ခလီဖာ သမ္မတ စနစ်သည် အထွဋ်အ ထိပ်သို့ ရောက်ရှိခဲ့သည်။ ဟာရွန်ရရှစ်၏ အုပ်ချုပ်မှု ပြင်ပတွင် စပိန်နိုင်ငံ၌ ထွက်ပြေး တိမ်းရှောင်နေသည့် အိုမိုက် ယာ မင်းဆက်များက အေဒီ ၇၅၆ ကတည်းက စင်ပြိုင်အစိုးရ အဖြစ် တည်ရှိခဲ့သည်။ ဟာရွန်ရရှစ် လက် ထက် တွင် ထိုစင်ပြိုင်အစိုးရကို ချေမှုန်းနိုင်ခဲ့သည်။ အဘာစီ မင်းဆက်များမှ အုပ်ချုပ်သူ အများစုသည် ]]မုသာဇလိုက်}} ခေါ် ကုရ်အာန်ကို အခြေခံ၍ ကျိုးကြောင်းဆင်ခြင်သူများ၏ အတွေးအခေါ်များကို နှစ်သက်သူများ ဖြစ်ခဲ့ကြသည်။
ဟာရွန်ရရှစ်နှင့် သူ့မတိုင်မီ သမ္မတတို့၏ ခေတ်မှစတင်၍ ]]အလ်လေဟဒီးဆ် ခေါ် သမိုင်းအားသန်}}ဝါဒကို ၎င်း တို့၏ အုပ်ချုပ်ရေးတွင် တရားဝင်ပြ ဌာန်းနိုင်ခဲ့သည်။ သူတို့၏အမြင်တွင် ]]မုသာဇလိုက်}}များသည် လူနည်းစု ဖြစ် သော် လည်း သူတို့ ဘိုးဘွားများ၏ အချုပ်အခြာအာဏာကို အကြိမ်ကြိမ် လှုပ်ခါခဲ့သူများဖြစ်သည်။ မုသာဇလိုက် များသည် ကုရ်အာန်ပါ အခြေခံဥပဒေများကို ထောက်ပြလျှက် ခလီဖာ သမ္မများ၏ အမှားကို လူထုရှေ့မှောက်၌ ထောက်ပြလေ့ ရှိကြသည်။ ထို့ကြောင့် ထိုသမ္မတမများ၏ အမြင်တွင် ]]အဟ်လေဟဒစ် (ခေါ်) သမိုင်းဆင့်ဆို ဝါဒီ" များ သည် လော ကရေးရာ ကိစ္စရပ်များကို စိတ်ဝင်စားသူများ မဟုတ်ကြဘဲ တမလွန်အရေးကိုသာ ပိုမို၍ စိတ်ဝင် စားသူများ ဖြစ် သည်။ နေ့စဉ်နှင့်အမျှ စွန့်ဟပ်ဟူသော တမန်တော် မုဟမ္မဒ်၏စားပုံ၊ သောက်ပုံ၊ သွားလာပုံများနှင့် အနေအထိုင် အ လေ့အထများကို သမိုင်းကျမ်းပါအတိုင်း ဖဝါးထပ်တူ လိုက်နာကျင့်သုံးရန် လှုံဆော် စည်းရုံးနေ သူများ ဖြစ်၍ တိုင်းရေးပြည်ရေး လူထု၏ စားဝတ်နေရေး ပညာရေးများကို စိတ်မဝင်စားကြချေ။
ထိုသို့သော ဝါဒလမ်းစဉ် အတိုင်း ကျင့်ကြံ အားထုတ်သူ များလေလေ သမ္မတမင်းတို့၏ အချုပ်အခြာအာဏာ ပို၍ မြဲလေလေဟု အုပ်ချုပ်သူများက ခံယူကြလေသည်။ ထို့ကြောင့် "အဟ်လေဟဒစ်}} ဝါဒသည် ဟာရွန်ရရှစ် ခေတ်မှ စ၍ အုပ်ချုပ်သူများ၏ အကြိုက် အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ဟာရွန်ရရှစ်သည် မိမိ၏အချုပ်အခြာ အာဏာ



အောက် တွင်ရှိသော အင်ပါယာ တစ်ခုလုံးကိုနှစ်ခြမ်းခွဲ၍ သားနှစ်ယောက်ကို အညီအမျှ ခွဲဝေပေးခဲ့သည်။ ဟာရွန် ရရှစ် သေဆုံးပြီးနောက်ပိုင်း အေဒီ ၈၀၉ မှ အေဒီ ၈၁၃ ခုနှစ်အထိ လေးနှစ်ကြာ ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်။ ထိုပြည်တွင်းစစ်သည် ဘာသာရေးဆိုင်ရာ အယူဝါဒ ကွဲပြားမှုကြောင့် မဟုတ်ပေ။ ဟာရွန်ရရှစ်၏ သားနှစ်ဦးကြား အစ္စလာမ့် အင်ပါယာတစ်ခုလုံးကို တစ်ယောက်တစ်ဝက်စီ ရရှိခြင်းကို မကျေနပ်၍ ညီအစ်ကို နှစ်ဦးစပ်ကြား ဖြစ်ပွား ရသော စစ်ပွဲဖြစ်သည်။ အေဒီ ၈၁၃ တွင် အလ်မာမွန်က စစ်နိုင်၍ အေဒီ ၈၃၃ အထိ တစ်ဦးတည်း အုပ်ချုပ်ခဲ့သည်။ ထိုအချိန်တွင် အင်အားကြီးသော ဥပဒေနှစ်ရပ်က ယှဉ်ပြိုင်ရပ်တည်လာခဲ့သည်။ ဥပဒေတစ်မျိုးမှာ သက်ဦး ဆံပိုင် အုပ်ချုပ်ရေးဖြစ်၍။ အခြားဥပဒေတစ်မျိုးမှာ ရှရီယာဥပဒေ ဟု ဖြစ်သည်။ ထိုအချိန်တွင် တိုင်းပြည်၏ စီးပွားရေးမှာ ကျဆင်းလာ၍ အလ်မာမမွန်၏ အုပ်ချုပ်ရေးမှာလည်း အားပျော့လာခဲ့ပေသည်။ အေဒီ ၈၁၄ မှ ၈၁၅တွင် ကူဖါနှင့် ဘာစရာမြို့များ၌ ရှီယာများက အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပြုလုပ်လျှက် ရှိ၍ ခိုရာစန်တွင် ]]ခရာဂျိုက်}} များက အစိုးရဆန့်ကျင်ရေးများ ပြုလုပ်လျက် ရှိခဲ့သည်။ အလ်မာမွန်းသည် ဘာသာရေးဆိုင်ရာ ဂိုဏ်းကွဲများကို နည်းမျိုးစုံဖြင့် ပြေအေးရန်ကြိုးပမ်းခဲ့သော်လည်း သူ၏ ကြိုးစားအားထုတ်မှုသည် အဆိုးဆုံး အခြေအနေသို့ အရောက်ပို့ပေး သကဲ့သို့ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် အလ်မာမွန်း၏ ပင်ကိုယ်စိတ်ဓာတ်မှာ သူ၏ ဖခင် ကဲ့သို့ မဟုတ်ဘဲ ရှေး ဘိုးဘေးများနည်းတူ မုသာဇလိုက်ဝါဒကို နှစ်သက်သူ ဖြစ်သည်။ သူ၏ ဖခင်လက်ထက်က ဖိနှိပ် ထားသော ]]မုသာဇလိုက်}}များကို သူ၏ အုပ်ချုပ်ရေးတွင် ပိုမိုအလေး ပေးခဲ့သည်။ သို့သော် ထိုအချိန်တွင် ]]အဟ် လေဟာဒီးဆ်}}ဝါဒမှာ အများ မွတ်စလင်(မ်) တို့အကြား ရေသောက်မြစ်ကဲ့သို့ အမြစ်တွယ်နေပြီ ဖြစ်လေသည်။ ခေတ်အဆက်ဆက်တွင် အဘာစီခလီဖာများသည် မုသာဇလိုက်များကိုသာ ဦးစားပေးခဲ့ကြသည့် အတွက် အလ်လေ ဟဒီးဆ်များ၏ ခေါင်းဆောင်များ ဖြစ်သော မာလစ်(က်)နှင့် ရှာဖီတို့ကို ထောင်ချခြင်း ခံခဲ့ကြရသည်။ ယခုကဲ့သို့ မာမွန်ရရှစ်က မုသာဇလိုက်များကို ပြန်လည်၍ ဦးစားပေးခြင်းဖြင့် အေဒီ၈၃၃- တွင်အဟ်လေဟဒီးစ်ခေါင်းဆောင် အဟ်မဒ်အေ့ဗ် နုဟမ်ဘလ် (မွတ်စနတ်) ဟဒီးစ်သမိုင်းကျမ်း ပြုစုသူ ထောင်သွင်းအကျဉ်းချခြင်းခံရသည်။
မဟ်ဒီနှင့် ဟာရွန်ရရှစ်တို့လက်ထက်မှ စ၍ အလ်လေဟဒစ်ဝါဒကို ဦးစားပေးပြီး မုသာဇလိုက်များကို ဖိနှိပ် ထားခြင်း ခံခဲ့ရပြန်သည်။ အလ်မာမွန်သည် သူ၏ အာဏာတည်မြဲရေး အတွက် ဘာသာရေးဆိုင်ရာ ဂိုဏ်းကွဲများ အချင်းချင်း ဆက်လက် မသင့်မြတ်ရေးကို

ဦးတည်ဆောင်ရွက်ခဲ့သည်။ ရှီယာများသည် အမြဲတန်းခေါင်းဆောင် အေမန်များလို အပ်နေသည်ကိုလည်း သိရှိထားသူဖြစ်၍ အလ်မာမွန် ကိုယ်တိုင်က အလီအလ်ရီဒါကို ရှီယာများ၏ အဋ္ဌမ အေမာန် အ ဖြစ် တင်မြှောက်ခဲ့သည်။ သို့ရာတွင် ရှီယာများက သမ္မတအလ်မာမွန် တင်မြှောက်ပေးသော အေမာန်ကို အသိအမှတ် မပြုခဲ့ ကြပေ။ မကြာခင် အလီအလ်ရီဒါ သေဆုံးသွားခဲ့သည်။ ထိုအခါ အလ်မာမွန်က လက်ရှိ ရှီယာများ အတွင်း အ ခြားရှီ ယာဂိုဏ်းကွဲ တစ်ခုကို တည်ထောင်ခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် လက်ရှိ ရှီယာများ အတွင်း အတိုက်အခံ ဘာသာရေး ဂိုဏ်းကွဲ တစ်ခု တိုးလာခဲ့ရသည်။ ဘာသာရေး ရှုပ်ထွေးမှုကို အကြောင်းပြုပြီး နိုင်ငံရေး အမြတ်ထုတ်လိုသော သမ္မတအလ်မာမွန်၏ အကြံအစည်ကို မွတ်စလင်(မ်) အများစုက ရိပ်စားမိခဲ့သည့် အတွက် သမ္မတ၏ ကြိုးပမ်းအား ထုတ်မှုသည် အရာ မထင်ခဲ့ပေ။

အေဒီ ၈၃၃မှ ၈၄၂ ထိအုပ်ချုပ်ခဲ့သော သမ္မတအလ်မူတာဆင်သည် စစ်တပ်အင်အားကို ဖြည့်တင်း၍ မင်းဆိုး ရာဇာ စနစ်ကို အသက်ရှည်ရန်ကြိုးပမ်းခဲ့သူ တစ်ဦး ဖြစ်သည်။ ထိုစစ်တပ်မှ လက်ရွေးစင် တပ်ဖွဲ့ကို သမ္မတ၏ ကိုယ်ရံတော် တပ် အဖြစ်ထားသည်။ ထိုအထူးကိုယ်ရံတော် တပ်ဖွဲ့မှာ (အောက်ဆပ်ခ်) မြစ်အနောက်ဖက်မှ ဖမ်းဆီးရမိသော တူရကီ ကျွန်များ ဖြစ်ခဲ့သည်။ ၎င်းတို့မှာ အစ္စလာမ် သာသနာသို့ ကူးပြောင်းလာသူများ ဖြစ်ကြသည်။

အထူးသဖြင့် သမ္မတ၏ကိုယ်ရံတော်တပ်ဖွဲ့နှင့် ဘက္ကဒတ် ပြည်သူများစပ်ကြား မကြာခဏ အထိကရုဏ်းများဖြစ် လေ့ရှိ သည်။ ထိုအခင်းဖြစ်ပွားမှုကို ပေါ့ပါးစေရန် အတွက် သမ္မတ ကိုယ်တိုင်ဘက္ကဒတ်မြို့နှင့် မိုင်ခြောက်ဆယ်ခန့် ဝေးသော ဆမာရာမြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ထိုကဲ့သို့ သမ္မတကိုယ်တိုင် ပြည်သူများနှင့် ခွဲခြားနေထိုင် သော်လည်း သမ္မတ၏ကိုယ်ရံတော် တပ်ဖွဲ့သည် တစ်နေ့တစ်ခြား အင်အားကြီးမားလာခဲ့သည်။ ထိုကိုယ်ရံတော် တပ်သား များ သည် မည်သည့်နိုင်ငံရေး ပါတီနှင့် သော်လည်းကောင်း၊ မည်သည့် ဘာသာရေးဂိုဏ်းနှင့် သော်လည်းကောင်း အဆက်



အသွယ် မရှိခဲ့ကြပေ။ သို့ရာတွင်၎င်းတို့သည် သမ္မတ၏အချုပ်အခြာ အင်ပါယာ တစ်ခုလုံးကို မိမိတို့ စိတ်ကြိုက် ကိုင်တွယ်နိုင်စွမ်းရှိ သူများ ဖြစ်၍ သြဇာအာဏာ လွှမ်းမိုးလျက် ရှိသည်။

ကိုးရာစု အကုန် ဆယ်ရာစု အစ တွင် ရှီယာများသည် လက်နက်ကိုင်၍ အစိုးရအား တော်လှန် ပုန်ကန်ခဲ့ကြသည်။ ထိုအချိန်က တိုင်းပြည်၏ စီးပွားရေးမှာလည်း အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထိုအချိန်မှ စတင်၍ အဘာစီများ၏အုပ်ချုပ်ရေးသည် တောင့်တင်းခိုင်မာမှု မရှိတော့ပဲ တစ်ဖြေးဖြေးပြိုကွဲ ပျက်စီးလာခဲ့သည်။

ထိုအချိန်တွင် မွတ်စလင်(မ်) အသိုက်အမြုံကြီး အတွင်း၌ ရှီယာဟူ၍ လည်းကောင်း ခရာဂျိုက်ဟူ၍ လည်းကောင်း၊ မုသာဇလိုက်ဟူ၍ လည်းကောင်း၊ မွန်ဂျိုက်(ခေါ်) ဟန်နဖီဂိုဏ်းဟူ၍ လည်းကောင်း၊ မာလီကီဂိုဏ်းဟူ၍ လည်း ကောင်း ရှာဖီဂိုဏ်းဟူ၍ လည်းကောင်း ဂိုဏ်းကွဲများ အဖြစ် ကွဲပြားခြားနားစွာ ရပ်တည်ခဲ့ကြသော ဘာသာရေး အဖွဲ့ အစည်းများမှာ မွစာကြဲလျှက် ရှိနေပေပြီ။ ၎င်းတို့ အနက် မုရ်ဂျိုက်(ခေါ်) ဟန်နဖီ ဂိုဏ်းသည် ဟဒီးဆ် သမိုင်းကျမ်း များ မပေါ်မီ အလျင်ကပင် တည်ရှိသော ဂိုဏ်းကြီး ဖြစ်သည်။ အစ္စလာမ့် ထုံးဖွဲ့မှုဆိုင်ရာ ဥပဒေပြုရာ၌ ကုရ်အာန်ကို အခြေခံ၍ မဟာ သာဝကကြီးများ အဂ္ဂ သာဝကကြီးများ၏ စုံညီခုံရုံး ဆုံးဖြတ်ချက်များကို အခြေခံ၍ တရား ဆုံးဖြတ် သော အဖွဲ့ ဖြစ်သည်။ အချို့ ဆုံးဖြတ်ချက်များကိုမူ အဘူဟနီဖာ၏ အက်လီးလ်ဒလီလ် ဟုခေါ်သော မိမိ၏ အသိ ဉာဏ်ကို အခြေခံ၍ ဆုံးဖြတ်မှုများ ဖြစ်သည်။

အဟ်လေဟဒီးဆ်ခေါ် သမိုင်းအားသန် အခြေခံဝါဒီများ၏ အဆိုကို အခြေခံ၍ တရားဆုံးဖြတ်သော ဂိုဏ်းကြီး သုံး ဂိုဏ်းမှာ မာလီကီ၊ ရှာဖီ၊ ဟမ်ဗလီ ဂိုဏ်းများ ဖြစ်ကြသည်။ မာလစ်(က်)သည် ကိုယ်တိုင် ဟဒီးဆ်များကို စုဆောင်း ၍ ]မုသဝသ်သာ} ]အထုအထောင်းခံ လမ်းကြောင်း} ဟူသော အမည်ဖြင့် ကမ္ဘာတွင် ကုရ်အာန်ပြီးလျှင် ပထမဦးဆုံး ပေါ် ပေါက် လာသော ဟဒီဆ်သမိုင်း ကျမ်းကြီးကို ပြုစု ခဲ့ပေသည်။ ရှာဖီသည် ဟဒီးဆ်များကို ကိုယ်တိုင် စုဆောင်း ခဲ့ခြင်း မရှိသော်ငြားလည်း ဟဒီးဆ်များ စုဆောင်းသော ပညာရှင်များစွာကို မွေးထုတ်ပေးခဲ့သူ တစ်ဦး ဖြစ်သည်။ ယနေ့ အဟ်လေဟဒီးဆ် လောကတွင် ပထမ ပြေးနေသော ဘိုခါရီကျမ်းကို ပြုစုသူ ဘိုခါရီမှာ ရှာဖီ၏ တပည့်ရင်း ဖြစ် ပေ သည်။ ဟန်ဗလီဂိုဏ်းကို တည်ထောင်သူ အဟ်မဒ်အေ့ဗနုဟမ်ဗလ်သည်လည်း ကိုယ်တိုင် ဟဒီးဆ်များကို စုဆောင်း ၍ မွတ်စနတ် အမည်ဖြင့် ဟဒီးဆ်သမိုင်းကျမ်းကြီးကို ပြုစုခဲ့သူ ဖြစ်သည်။

ထိုခေတ်ထိုအခါက မွတ်စလင်(မ်) တစ်ဦးအဖို့ မိမိနှစ်သက်ရာ ဂိုဏ်းတစ်ဂိုဏ်းသို့ ဝင်ရောက်ရသည်။ ထို ဂိုဏ်းဝင် များအား မိမိတို့၏ သက်ဆိုင်ရာ ဂိုဏ်းများက ဂိုဏ်း၏ ဝါဒလမ်းစဉ်များ ထည့်သွင်းပေးခြင်းကို ]သက္ကလီးဒ်} လုပ်သည် ဟု ဆိုပေသည်။ ]သက္ကလီးဒ်} ဟူသောအာရဗီ ဝေါဟာရသည် ]ကေလားလသွန်} မှ ဆင်းသက် လာခြင်း ဖြစ်၍ အရဗီ မူရင်းမှာ ကာလာဒ ဖြစ်သည်။ ၎င်း၏ အဓိပ္ပါယ်မှာ နွားတစ်ကောင်ကို ထိန်းချုပ်နိုင်ရန် အတွက် နှာဖါးကြိုး ထိုးခြင်း၊ မြင်းတစ်ကောင်ကို ထိန်းချုပ်ရန် အတွက် ပါးချုပ်ကြိုး တပ်ခြင်း၊ မြင်းလှည်း ဆွဲရာတွင်မြင်း တစ်ကောင်သည် လမ်း ဖြောင့်ဖြောင့်သွားရန် အတွက် မျက်လုံး၏အပေါ်၌ မျက်ကာကြေးပြား တပ်ပေးခြင်း တို့တွင် သုံးစွဲသော စကားရပ်မှ

ဆင်းသက်လာသော ဝေါဟာရ ဖြစ်ပေသည်။ မွတ်စလင်(မ်) တစ်ဦးအား ]သက္ကလီးဒ်} လုပ်ခြင်း ဆိုသော စကာလုံး ဖြင့် ချုပ်ကိုင်လျှက် ဆရာသခင် လူတန်းစား လက္ခဏာ တစ်ရပ်ကို စတင် ထူထောင်ခဲ့ခြင်း ဖြစ်တော့သည်။

အဘူအလ်ဟစန်အရှ်Sfရီ (သို့kYမဟုတ်) စွန္နီဟူသောအမည်နာမကို ကင်ပွန်းတပ်သူ
(အေဒီ ၉၃၅)
အဘူအလ်ဟစန် အရှ်ရီသည် မွတ်စလင်(မ်)များ အတွင်း မတူညီသော ဘာသာရေးဆိုင်ရာ ဂိုဏ်းကွဲများဖြင့် စည်းလုံး ညီညွတ်မှု ပြိုကွဲလျက်ရှိနေသော အချေအနေမှ မွတ်စလင်(မ်) ဂိုဏ်းကွဲများကို အတိုင်းအတာတစ်ခု အထိ ပြေလည် လာရန် ညှိနှိုင်းပေးခဲ့သူ တစ်ဦး ဖြစ်သည်။ ကုရ်အာန်ပါ ဥပဒေများကို အခြေခံ၍ကျိုး ကြောင်းဆင်ခြင်သူ ]မုသာ ဇလိုက်} များနှင့် ]အဟ်လေဟဒီဆ်}များ၏ စပ်ကြား ခေတ်အဆက်ဆက် ရင်ကြားစေ့၍ မရခဲ့သော ]ကလမ်} ဟု ခေါ် သော ကုရ်အာန်သည် ဖန်ဆင်းခံ ဟုတ်သည် မဟုတ်သည် ဟူသည့် ကိစ္စရပ်ကို ဖြေရှင်းပေးနိုင်ခဲ့သည်။ မုသာ ဇလိုက် များ၏ အယူအဆဖြစ်သော ကုရ်အာန်သည် ဖန်ဆင်းခံဟူသည် ဆိုသော အချက်သည်လည်း မှန်ကန်မှု ရှိပြီး၊



အဟ်လေဟဒီဆ်များ၏ အယူအဆ ဖြစ်သော ကုရ်အာန်သည် ဖန်ဆင်းခံ မဟုတ်ဟူသော ယူဆချက်လည်း မှန်ကန် မှုရှိသည်ဟု သူယူဆခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ပါ ဗျာဒိတ်များသည် တုန့်ိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏]ကလမ်} ဖြစ်သောကြောင့် ဖန်ဆင်းခံ မဟုတ်ပေ။ အလားတူ ကုရ်အာန်၏ ဗျာဒိတ်တော်များကို ရေးမှတ်ရာ၌ စက္ကူများနှင့် မှင်တို့သည် ဖန်ဆင်း ခံများ ဖြစ်ကြသည်ဟူသော သူ၏အဆိုကို ]မုသာဇလိုက်} များနှင့် အဟ်လေဟဒီဆ်များက လက်ခံသဘော တူညီကြ သည့် အတွက် ထိုကိစ္စသည် ပြေလည်မှုရရှိခဲ့သည်။
အလားတူ ထိုအဖွဲ့နှစ်ဖွဲ့ စပ်ကြားတူညီမှု မရှိသော အခြား ကွဲပြားခြားနားမှုများကိုလည်း လိုတိုးပိုလျှော့စနစ်ဖြင့် နှစ်ဦးနှစ်ဖက် ပြေလည်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုအချိန်က တစ်အိမ်ထဲရှိ မွတ်စလင်(မ်) များအတွင်း အကိုနှင့်ညီ တို့စပ်ကြား ဂိုဏ်းဂနကွဲ၀ါဒ လမ်းစဉ်များကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲလျက် ရှိခဲ့ကြသည်။ ဤသည့် အချက်ကိုလည်း ပြေလည်ရန် အရှ်ရီက ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သူ၏ အဆို၌ ဂိုဏ်းကွဲကြီးလေးခုကို မွတ် စလင်(မ်)များ၏ တရားဝင် ဘာသာရေး ဂိုဏ်းကြီးများ အဖြစ် လက်ခံကြရမည် ဖြစ်သည်။ ထိုလေးဂိုဏ်းမှ မိမိ နှစ်သက်ရာဂိုဏ်း တစ်ခု အတိုင်းလိုက်နာ ကျင့်သုံးရမည်။ မိမိ လိုက်နာသော ဂိုဏ်းနှင့် အခြား မွတ်စလင်(မ်)များ လိုက်နာ သော ဂိုဏ်းဝင်များသည် တူညီသော ]စွန္နဟ်} လမ်းစဉ်ကို လိုက်နာသူများ ဖြစ်ကြသည်ဟု ယုံကြည်ရမည် ဖြစ်သည်။ ထိုလေးဂိုဏ်းကို အသိအမှတ်ပြုပြီး မိမိနှစ်သက်ရာ ဂိုဏ်းတစ်ဂိုဏ်းကို လိုက်နာကျင့်သုံးသူများကို စွန္နီ မွတ်စလင်(မ်) များဟု ခေါ်သည်ဟု သူက အဆုံးအဖြတ် ပေးခဲ့သည်။ ထိုအချိန်မှ စတင်၍ မွတ်စလင်မ် အသိုက် အမြုံကြီး အတွင်း အဓိကပင်မ ဂိုဏ်းလေးဂိုဏ်းကို မူအားဖြင့် ပေါင်းထားသော စွန္နီမွတ်စလင်မ် အဖွဲ့အစည်းကြီးသည်(အေဒီ၉၃၅)တွင် တရားဝင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

(ဂလိုဘယ်လ်ဝမ်းမင်းန်) ခေါ် ကမ္ဘာမြေကြီး ပူနွေးလာခြင်း

ထိုခေတ်ထိုအခါက အရှ်ရီ၏လုပ်ဆောင်ချက်သည် ယနေ့မျက်မှောက်ခေတ် ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ရပ် တည် ချက် တစ်ခုနှင့် တူညီနေသည်ကို တွေ့ရပေသည်။ ဥပမာအားဖြင့် တင်ပြရသော် ကမ္ဘာကြီး တစ်ခုလုံးကို ခြိမ်း ခြောက် လျက်ရှိသော ကမ္ဘာကြီး နွေးထွေးလာသည် ဟူသော အချက်ကို ခေတ်ကာလနှင့် အဆက် မပြတ်သူအားလုံး သိရှိပြီး ဖြစ်သည်။ ကမ္ဘာကြီး နွေးထွေးလာရသော အကြောင်းများအနက်အဓိက အကြောင်းရင်းများမှာ ကမ္ဘာ့နိုင်ငံများ သည် စက်ရုံ အလုပ်ရုံများတွင် လောင်စာများကိုသုံး၍ ထုတ်ကုန်ပစ္စည်းများကို သူ့ထက်ငါ အပြိုင် ထုတ်လုပ် လျက်ရှိ ကြသည်။ အထူးသဖြင့် ကြွယ်ဝချမ်းသာသော နိုင်ငံများက မိမိတို့နိုင်ငံတွင် မက ဆင်းရဲသော နိုင်ငံများတွင်ပါ စက်ရုံ အလုပ်ရုံများဆောက်ခြင်း၊ တိုးချဲ့ခြင်းများကြောင့် သစ်တောများကို ခုတ်၍ ရှင်းလင်းကြရသည်။ ထိုစက်ရုံများမှ လောင်စာများကို အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်း၊ ထိုကုန်ပစ္စည်းများကို သယ် ဆောင်ရန်အတွက် မော်တော်ကားများ၊ လေယာဉ်များ၊ ကုန်တင်သင်္ဘောများကို ပိုမိုသုံးစွဲ လာကြခြင်း၊ ခေတ်သစ် အသုံးအဆောင် များဖြစ်သော မော်တော် ကားများ၊ မော်တော်ဆိုင်ကယ်များ၊ စက်တပ်ယာဉ်များ၊ လေအေးစက်များ၊ လေပူစက်များကို အသုံးပိုမို ပြုလာခြင်း များကြောင့် ကမ္ဘာကြီး၏ ပတ်လည်အတွင်းရှိ လေထုထဲတွင် ကာဘွန်များ အစိုင်အခဲအဖြစ် တည်ရှိလာ ခဲ့သည်။
သဘာဝ နေမင်းကြီးက ကမ္ဘာ၏ လိုအပ်ချက်ဖြစ်သော နေရောင်ကို အဆက် မပြတ် ထုတ်လုပ်၍ ကမ္ဘာပေါ်သို့ နေ ရောင်ခြည်ကို ပေးလျက်ရှိခဲ့သည်။ ထိုကဲ့သို့ ကမ္ဘာမြေသို့ နေကမ္ဘာမှ ထုတ်လွှင့် ပေးသောနေရောင် ခြည်များသည် ကမ္ဘာကြီးပေါ်သို့ တိုက်ရိုက်ကျရောက်ခဲ့ပြီး ကမ္ဘာမြေနှင့် ထိတွေ့၍ အချို့သော နေရောင်ခြည်များသည် ကမ္ဘာ့ အပြင် သို့ ပြန်လည် ထွက်ခွာသွားသော စနစ်အားဖြင့် တည်ရှိနေခဲ့ခြင်း ဖြစ်သည်။ တိုးတက်ဖွံ့ဖြိုးလာသော နိုင်ငံများတွင် သုံးစွဲလျက်ရှိသော လောင်စာများကြောင့် ကမ္ဘာ၏ပတ်လည် လေထုထဲတွင် အစိုင်အခဲအဖြစ် တည်ရှိနေသော ကာ ဘွန်များကြောင့် ကမ္ဘာမြေမှ ပြန်လည်ကန်ထွက်သွားသော နေရောင်ခြည်များ သည် ကမ္ဘာ၏ပတ်လည်ရှိ လေထု

အပြင်သို့ ထွက်ခွာနိုင်ခြင်း မရှိတော့ဘဲ ကမ္ဘာကြီးကို ပိုမိုနွေး စေသော အကြောင်း တရားများဖြစ်ခဲ့သည်။ ဤသည် ကမ္ဘာကြီးကို ပိုမိုနွေးစေသော အကြောင်းရင်း ဖြစ်သည်။

ထိုသို့သော ကမ္ဘာကြီး၏ ပိုမိုနွေးစေသော နောက်ဆက်တွဲ ဖြစ်ရပ်များမှာ ဝင်ရိုးစွန်းရှိ (အလ်ပ်) ရေခဲတောင်များ၏ ပျော်ဝင်မှုပိုမိုများလာခဲ့သည်။ ထိုမှတဆင့် ကမ္ဘာတစ်ဝန်း တွင် ရာသီဥတု ဖောက်ပြန်မှုများနှင့် ရင်ဆိုင်ကြရလေသည်။

မိုးအခါ ပိုမိုရေကြီးခြင်း၊ နွေအခါ ပိုမိုပူလွန်းခြင်း၊ ဆောင်းအခါ ပိုမိုအေးခြင်းဟူသော ရာသီဥတု ဖောက်ပြန် မှုများ သည် လူတို့၏ ပိုမို သုံးစွဲလာသော လောင်စာများနည်းတူ ကမ္ဘာကြီးတွင်လည်း ပိုမို၍ ရာသီဥတု ဖောက်ပြန်မှုများနှင့် ရင်ဆိုင်ကြရလေသည်။

ထိုအချက်ကို ကောင်းစွာလေ့လာ သဘောပေါက်လာသော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းများက လောင်စာများကို လျှော့ထုတ်၍ အခြားလောင်စာများနှင့် အစားထိုးထုတ်လုပ်ရန် ကမ္ဘာ့ စက်မှုနိုင်ငံကြီးများကို အကြံ ပေးခဲ့ကြသည်။ သို့မဟုတ်ပါက ကမ္ဘာကြီးသည် လူသား တစ်ရပ်လုံးအတွက် အလွန်ဆိုးရွားဆုံးသော အခြေ အနေသို့ ရောက်ရှိနိုင်မည် ဖြစ်ကြောင်းကို သိပ္ပံနည်းကျ ရှုထောင့်စုံမှ ရှင်းလင်း တင်ပြခဲ့ကြလေသည်။

ကမ္ဘာကြီး၏ နွေးထွေးမှုကို ချက်ချင်းလက်ငင်း ကာကွယ်ရန်နည်း လမ်းများမှာ ကမ္ဘာတစ်ဝှမ်းရှိ စက်ရုံ အလုပ်ရုံ များကို ချက်ချင်း ရပ်တန့်ရမည် ဖြစ်သည်။ သို့သော် ထိုသို့ စက်ရုံအလုပ်ရုံများ ရပ်တန့်သွားခြင်းဖြင့် ကမ္ဘာ့နိုင်ငံများ အတွက် နောက်ဆက်တွဲပေါ်ပေါက်လာမည့် ပြဿနာရပ်များလည်း ရင်ဆိုင်ကြရမည် ဖြစ်သည်။ ထို့ကြောင့် ထို ပြဿနာ နှစ်ရပ် အနက် ကမ္ဘာကြီး နွေးထွေးလာမှု ပြဿနာ၏ နောက်ဆက်တွဲ အကျိုးဆက်သည် နှစ်ပေါင်း ပိုမို ကြာ ရှည်သည့် အခါမှ ပိုမိုရင်ဆိုင်ရမည့် ပြဿနာဖြစ်၍ ထိုနွေးထွေးမှုကို ကာကွယ်ရန်အတွက် လုပ်ကိုင်ဆဲ စက်မှု လည် ပတ်ခြင်း စနစ်ကြီးကို ရပ်ဆိုင်းခြင်း၏ဆိုးကျိုးသည် လက်တလော ကြုံတွေ့ရမည့် အချက်ဖြစ်နေသည် ထို့ကြောင့် ကမ္ဘာကြီးနွေးထွေးမှုထက် လတ်တလော ရင်ဆိုင်ရမည့် ပြဿနာကို ပြေလည်စေသော ကိစ္စရပ်များကို ဦးစားပေး၍ နောင်ပေါ်လာမည့် ပြဿနာကို လူသားတို့အား အသိပညာပေးရင်းဖြင့် စုပေါင်းဖြေရှင်းရန် မူတစ်ရပ် ချမှတ်ခဲ့ရ တော့ သည်။

ထိုကဲ့သို့ ကမ္ဘာကြီး နွေးထွေးလာမှုအပေါ် လက်ရှိ စက်မှုနိုင်ငံများက ခံယူကြ သကဲ့သို့ အရှေ့ရီကလည်း သူ၏ခေတ်တွင် စင်ပြိုင် ဘာသာရေး အဖွဲ့အစည်းများ၏ အုပ်စုကွဲ တိုက်ခိုက်နေခြင်းသည် လတ်တလော ဆိုးကျိုးများ ဖြစ်၍ ထိုဆိုး ကျိုးများကို ဖြေရှင်းရန် ဂိုဏ်းများ အကြား ပထမအဆင့် ညီညွတ်ခြင်းကို ချမှတ်ခဲ့ရလေသည်။ နောက်ပိုင်းတွင် မျိုး ဆက်များအား ပညာပေးလျှက် စုပေါင်းနားလည် ယူသော စနစ်ဖြင့် အစ္စလာမ်၏ ပကတိ အခြေအနေသို့ ပြန်လည် ရောက်စေလိုခဲ့ဟန် ရှိသည်။ သို့ဖြစ်၍ အရှေ့ရီအနေဖြင့် စင်ပြိုင် ဘာသာရေးဂိုဏ်းများကို ဖျက်သိမ်းရန် တောင်းဆိုခဲ့ ပါက လတ်တလောပြဿနာ များနှင့် ရင်ဆိုင်ရမည့် အရေးက ပိုမိုအန္တရာယ်ရှိနိုင်သည်ကို သိထားပြီး ဖြစ်သည်။ သူသည် ကုရ်အာန်ပါ အခြေခံဥပဒေက တင်းကြပ်စွာ ပြဋ္ဌာန်းချက်မှာ ၃း၁၀၃ တွင် ပါသည့်အတိုင်း “အသင်တို့အ နက် ဘာသာရေးအဖွဲ့ အစည်းအဖြစ် တစ်ဖွဲ့သာလျှင် ရှိကြရမည်။ ထိုအဖွဲ့မှ ကောင်းကျိုးရှိသော အရာများဖက်သို့ ဖိတ်ခေါ် ကြရမည်။ အကျိုးရှိမည့် အရာများကို တိုက်တွန်းကြရမည်။ မကောင်းမှုများနှင့် မဖွယ် ရာသော စက်ဆုတ် ဖွယ်ရာ များမှ တားဆီးကြရမည်။” အချက်နှင့် အညီ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ဗျဒိတ်ကျမ်းဂန်မတတ်သော ခေါင်းဆောင်များခေတ်

သို့သော် စင်ပြိုင်ဘာသာ ရေးအယူဝါဒ ဂိုဏ်းဂဏများ တိုးချဲ့ ဖွဲ့စည်းခြင်းကား ရပ်မသွားခဲ့ချေ။ အဘယ်ကြောင့် ဆို သော သမိုင်းအားသန် ဟာဒီးဆ်ဝါဒီတို့၏ မှိုင်းသည် မိုးကုတ်စက်ဝိုင်း သဖွယ်အုပ်ဆိုင်းပြီး ဖြစ်သောကြောင့်ပင်-

လူတိုင်းသည်အောင်မြင်လိုကြသည် ပေါက်မြောက်လိုကြသည်ဖြစ်ရာ-ဘာသာရေး သမားဆိုသူများသည်လည်း မိမိ၏ အားထုတ်နေသော ဘာသာရေးနယ်ပယ်၌ အဆင့်မြင့်လိုကြသည် မဟုတ်တုံလော-ထို့အတွက် ဟာဒီးဆ်သမိုင်းကျမ်း



များပါ အဆိုအမိန့်များအရ အများစုကို ဦးဆောင်သော ဘာသာရေးခေါင်းဆောင်များနှင့် စပ်လျဉ်း၍အဆိုအမိန့် များအနက် အချို့မှာ-

(၁) တမန်တော်မုဟမ္မဒ်၏ နောက်လိုက်များအတွင်းမှ ဘာသာရေးပညာရှင်တစ်ဦး၏ အဆင့်အတန်းသည် ဘနီအစ် ရာအီလ် (ဂျူးလူမျိုး) များအတွင်း၌ပွင့်သော တမန်တော်များ၏ အဆင့်အတန်း နှင့် တူညီသည်။

(၂) ပညာရှင်တစ်ပါး အိပ်နေခြင်းသည် သာမန်အများပြည် သူမွတ်စလင်မ်များ ကောင်းမှုပြုနေခြင်းထက် ပိုမိုမြတ် သည်။

(၃) ပညာရှင်များအတွင်း အငြင်းပွားခြင်းသည်ပင် မဟာဂရုဏာရှင်ထံမှ ဂရုဏာတစ်ရပ် ဖြစ်သည်။

(၄) ပညာရှင်တစ်ပါးက ဆုံးဖြတ်ချက်တစ်ခုမှန်ပါက ကုသိုလ်အကျိုးတစ်ခုသာရသည်။ ပညာရှင်တစ်ပါး၏ ဆုံးဖြတ် ချက်မှားပါက ကုသိုလ်အကျိုးဆယ်ခုရသည် ဟူသော အချက်အလက်များက ဘာသာရေး သမားဆိုသူများကို ဆွဲ ဆောင်လျှက် ရှိတော့သည်။

သို့ရာတွင် ကျမ်းမြတ်ကုရ်အာန်တွင် နဗီတမန်တော်များ၏ အဆင့်အတန်းဟူသည် သာမန်လူသားများ မည်မျှပင် ကျိုးပမ်းအားထုတ်သည်ဖြစ်စေ နဗီတမန်တော်များ၏ အဆင့်အတန်းကိုမရရှိနိုင်ပေ။အဘယ်ကြောင့်ဆိုသော် တမန် တော်များသည်(မွတ်စ် တဖာ) (ခေါ်) တုန်နိုင်းမဲ့အရှင်၏ အထူးရွေးချယ်ခံရ သူများဟူသောအချက် ကိုမေ့နေဟန် တူ သည်။ ထိုနည်း တူစွာ ကျမ်းမြတ်ကုရ်အာန် ၄း၈၂တွင်- ဗျာဒိတ်ကျမ်းဂန်မှ လွဲ၍လူရေးကျမ်း များဟူ သည် ကွဲလွဲမည် သာဖြစ်သည်။ ထိုလူရေးကျမ်းများကို ရှောင်ရမည်ဖြစ်သည်။ ကွဲလွဲမှုမရှိသော ကုရ်အာန်ကိုသာ မြဲမြန်စွာဆွဲကိုင်၍ စည်းလုံးညီညွတ် သော လူ့အဖွဲ့အစည်းကြီး တစ်ခုကိုသာ တည် ဆောက်ရမည်ဟု ကုရ်အာန်၃း၁၀၃-၁၀၄ တွင်ပြဌာန်းချက်များကို ၎င်း တို့သိထားပုံမရပေ။

သို့ဖြင့် လူရေးကျမ်းတတ် ပညာရှင်အချင်းချင်း ဂုဏ်ပြိုင်ငြင်းခုံ ဂိုဏ်းကွဲရခြင်းများမှာ အတောသတ်၍ပင် မရနိုင် တော့ပေ။ ထိုသို့ဂိုဏ်းကွဲနေကြသော ဘာသာရေးသမား ဆိုသူများအနေဖြင့်  သူတို့လက်ခံထားသည့် ဟဒီးဆ်သမိုင်း ကျမ်းများတွင်ရှိနေသေးသော ပညာရှင်တစ်ပါး ခြေတစ်လှမ်းမှားခြင်းသည် ခေတ်တစ်ခေတ်ကို  အမှောင်ကျစေ သည် ဟူသော အဆိုအမိန့်ကိုလည်း သတိထားမိဟန် မရှိချေ။ ထိုသို့သောသူများသည် မွတ်စလင်မ် ခေါင်းစဉ် အောက် မှ ပညာရှင်များ ဖြစ်ပါလျှက် ကျမ်းမြတ်ကုရ်အာန်ကို သုတေသနပြု လေ့လာ ခြင်းထက် သမိုင်းကျမ်းများကို လိုက်စား ရင်းနှင့်ပင် အချိန်ကုန်နေလေတော့သည်။ သို့ဖြင့် မတူကွဲပြားသော သမိုင်းအဆို သမိုင်းအချက်များ အောက်၍ ဂိုဏ်း ကွဲပေါင်းများစွာ ပေါ်ပေါက် လာရခြင်းကိုပင် ဂုဏ်ယူနေပေတော့သည်။ ထိုသို့သောသူတို့အား ကျမ်းမြတ်ကုရ်အာန် ပါ နိယာမစစ်စစ်အား ပြောပြသည့်အခါ- ကြက်ဥတစ်လုံး၏ အကာကိုသာ ထာဝရမြင်ဘူးသူအတို့  ကြက်ဥ၏ အ နှစ်ကို ပြသောအခါ- ထိုအနှစ်သည် ကြက်ဥ မဟုတ်ဟု ခံစားခြင်းမျိုး ဖြင့် ခံစားနေတော့သည်။

ကုရ်အာန်၏နိယာမတွင် ဗျာဒိတ်ကျမ်းဂန်ကို မတတ်ဘဲမည်မျှပင်အခြားသော လူရေးကျမ်းများကို တစ်ဖက်ကမ်းခတ် တတ်မြောက်သော ဘာသာရေးပညာရှင် အကျော်အမော်ကြီးများ ဖြစ်နေစေကာမူ ထိုသူတို့အား ပညာမဲ့များသာဖြစ် သည်ဟု ဗျာဒိတ်ထားပေသည်။ ၂း၇၈တွင်-

(ထိုမှတစ်ပါး ၎င်းတို့သည် ကျမ်းဂန်မတတ်သော ပညာမဲ့များသာဖြစ်ကြသည်။ ၎င်းတို့ တတ်သိသောပညာရပ်များမှာ သူပြောငါပြော ကောလာဟလ များမှတစ်ပါး ကျမ်းဂန်ကိုမတတ်ကြပေ။ အမှန်သော် ကား ၎င်းတို့သည်မိမိတို့ ထင်မိ ထင်ရာတွေးတော ရမ်းဆချက်များမှတစ်ပါး အခြားမည်သည့်ကိုမျှ အတိအကျသိရှိကြသည်မဟုတ်ပေ။)

ထိုဗျာဒိတ်သည် ခေတ်တိုင်းစနစ်တိုင်းတွင် ပေါ်ပေါက်ခဲ့သော၊ ပေါ်ပေါက်လျှက်ရှိသော၊ ပေါ်ပေါက်နေဦးမည်ဖြစ် သော မိမိတို့၏ခေါင်းဆောင်များကို စမ်းစစ်ရန်အတွက် မှတ်ကျောက်ဖြစ်သည်။ ဥပမာ ဆရာဝန်တစ်ဦးသည် ဆေးဝါး ကုသမှုဆိုင်ရာ ပညာရပ်များကို တတ်ကျွမ်းသူတစ်ဦးဖြစ်ရမည်။ ဥပဒေပညာရှင် တစ်ဦးသည်လည်း ဥပဒေဆိုင်ရာ ပညာရပ်များကို တတ်ကျွမ်းရမည်သာဖြစ်သည်။ ဆရာဝန်အမည် ခံယူထားသော ဆရာဝန်တစ်ဦးသည် ဆေးပညာရပ် များကိုမတတ်ဘဲ အခြားဆေးဝါးနှင့် မဆိုင်သောပညာရပ်များကို မည်မျှပင်တတ်မြောက် နေစေကာမူ ၎င်းအားဆရာ ဝန်ဟုခေါ်ဆိုကြမည်မဟုတ်ပေ။ ဘာသာရေးဆိုင်ရာ ပညာရှင်ဟူသည်လည်း မိမိတို့၏ဘာသာသာသနာ ဆိုင်ရာအခြေ



ခံဥပဒေကျမ်းကို တတ်သိနားလည်သူ ဖြစ်ရမည်သာဖြစ်သည်။ အခြေခံဥပဒေကျမ်းကို နားမလည်ဘဲ အခြားပညာရပ် များကိုမည်မျှပင် တတ်ကျွမ်းနေစေကာမူ ထိုသူသည်ဘာသာရေးနှင့် စပ်လျှင်း၍ ပညာမဲ့တစ်ဦး သာဖြစ်သည်ဟု အ ထက်ပါ အာယာသ်က မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

ဖေါ်ပြပါ၂း၇၈-ပါဗျာဒိတ်ကျမ်းဂန်ကို မတတ်သော ဘာသာရေး ပညာရှင်များသည် မိမိတို့တတ်သိ နားလည်ထား သော ကောလဟာလများကို တုန်နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ဗျာဒိတ်အသွင်ဖြင့် မည်ကဲ့သို့ကိုကျိုးရှာသည်ကို ကုရ် အာန်၂း၇၉ တွင်ဆက်လက်ပြီး -

(ထိုသူတို့သည် စာအုပ်များကိုမိမိတို့၏လက်များဖြင့် ရေးသားကြသည်၊ ထို့နောက်၎င်းတို့က ဤသည် အရှင့်ထံမှ ဗျာ ဒိတ်ဖြစ်သည်ဟုပြောဆို၍ တန်ဖိုးနည်းစွာဖြင့်ကိုယ်ကျိုးရှာအမြတ်ထုတ် သူများဖြစ်ကြ၏၊ထိုသူတို့သည်လည်းကောင်း ထိုသူတို့၏ရေးသားသော စာအုပ်များသည်လည်းကောင်း ပျက်ဆီးဆုံးရှုံးကြရမည် သာဖြစ်သည်။)

ဖေါ်ပြပါဗျာဒိတ်နှစ်ခုသည် ရှေးခေတ်အဆက်ဆက်မှရှိခဲ့သော သာသနာ့ပညာရှင်များဟု မိမိတို့ကိုယ်မိမိ ကြွေးကျော် လျှက်ဗျာဒိတ်ကျမ်းဂန်ကို မတတ်သောပညာရှင် အမည်ခံများနှင့် စပ်လျှင်းသော ဗျာဒိတ်များဖြစ်သည်။ ကုရ်အာန် တွင်ဖေါ်ပြရသောအကြောင်းရင်းမှာ ခေတ်တိုင်းခေတ်တိုင်းရှိ မွတ်စလင်မ်များသည် ဗျာဒိတ်ကျမ်းဂန်မတတ်သော ခေါင်းဆောင်များ၏တပည့်များ မဖြစ်ကြရန်သတိပေး နှိုးဆော်ချက်ဖြစ်သည်။

## လူနည်းစုသာကျင့်သုံးသောဝါဒ

တမန်တော်မုဟမ္မဒ် မရှိတော့သည့်နောက်ပိုင်း နှစ်ပေါင်းသုံးရာဝန်းကျင်လောက်တွင် အခြေခံယုံကြည်မှုမှအစ ကုရ် အာန်၏မူဝါဒနှင့် ဆန့်ကျင့်သောလူရေးဥပဒေများက အစွလာမ်ဥပဒေအဖြစ် လွှမ်းမိုးလာခဲ့သည်။ထိုသို့ ကုရ်အာန်၏ အခြေခံမူဝါဒနှင့် ဆန့်ကျင်သော

ဝါဒလမ်းစဉ်များသည် မွတ်စလင်မ်များအပေါ်တွင် လွှမ်းမိုးလာယုံမျှမက ဘာသာ ရေးကျောင်းများတွင် ထိုဥပဒေများကို သင်ရိုးညွှန်းတန်းအဖြစ် ပြဌာန်းသင်ကြား၍ လူရေးကျမ်းတတ်ပညာရှင်များ ကိုပါ ဆက်တိုက်မွေးထုတ်ပေးသော စနစ်ကိုကျင့်သုံးလာခဲ့ကြသည်။ ထိုမှစ၍ မွတ်စလင်မ်များအဖို့ အခြေခံယုံကြည် မှု၊ ဘဝတည်ဆောက်မှုအားလုံးသည် လူရေးဥပဒေများဖြင့် သီကုံးထားသော ဝါဒလမ်းစဉ်ကြီးနှင့် တစ်သွေးတည်း တစ်သားတည်းဖြစ် တည်လာခဲ့သည်။ ထိုလူရေးဥပဒေများသာလျှင် အစ္စလာမ့်အခြေခံဥပဒေ ဖြစ်သည်ဟုစတင် အမြစ်တွယ်လာ သည်နှင့်အတူ မွတ်စလင်မ်များအဘို့ ကုရ်အာန်ဟူသည် အထူးသီးသန့်လူတန်းစား တစ်ရပ်သာလျှင် သိရှိနိုင်သောကျမ်း ဖြစ်သည် ဟုယုံကြည်လာခဲ့သည်။ ကုရ်အာန်သည် အများမွတ်စလင်မ်များ အတွက်မူ ဌာန်ကရိုဏ်း ကျကျ အသံထုတ်ရုံသက်သက်သာ ဖတ်တတ်ရန်မှလွဲ၍ အဓိပ္ပါယ်နားလည်ခြင်း၊ လေ့လာဆည်းပူးခြင်း၊ လိုက်နာကျင့် သုံးခြင်းမှာ ၎င်းတို့နှင့် မည်သို့မျှမသက်ဆိုင်ဟု ခံယူလေတော့သည်။

ထိုခေတ်ရှိမွေးရာပါ အရဗီစာပေတတ် အရဗ်များပင်လျှင် မူရင်းအရဗီစာပေဖြင့် ချပေးခဲ့သော ကုရ်အာန်ကိုလေ့လာ ဆည်းပူးပိုင်ခွင့် မရှိတော့ပေ။ လေ့လာဆည်းပူးသော်လည်း သိရှိနိုင်မည်မဟုတ်ဟု မွတ်စလင်မ်များ၏ ရှေ့ဆောင် ဆရာတော်ပုပ်ရဟန်းမင်းကြီးများ၏ ဥပဒေကပြဌာန်းထားပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အစ္စလာမ်သာသနာ သည် ထိုအချိန်ကပင် သာသနာပိုင်ဝါဒလမ်းစဉ်ကို အခြေခိုင်စွာ ထူထောင်ပြီးခဲ့လေပြီ။အစ္စလာမ့်သမိုင်း တစ်လျှောက် ပေါ်ပေါက်ပြီးဖြစ်သည့် မြောက်များစွာသော ဂိုဏ်းများနှင့် မြောက်များစွာသော အယူဝါဒများရှိ ပြီးပါလျက် အယူ သစ်တစ်ခုက ထပ်မံပေါ်ပေါက်လာခဲ့သည်။

ရှီယာများ၏ ဆဌမအေမန် ဂျာဖရ်အလ်ဆာဒစ်(က်) ကသူ၏နောက်လိုက်များကို ]တက္ကီယာ}(ခေါ်) ဖုံးကွယ်ဟန် ကျင့် စဉ်တစ်မျိုးကို လက်တွေ့ သင်ကြားပေးခဲ့သည်။ ထိုကျင့်စဉ်နှင့် ပတ်သက်၍ ရှီယာအုလမာ (ရှီယာ အစ္စလာမ် ဂိုဏ်းမှ ပညာရှင်) များသည်ပင်လျှင်သံသယ ဖြစ်ခဲ့ကြသည်။ မည်သို့ဆိုစေ မြောက်များစွာသော ဝါဒလမ်းစဉ်များအနက် လူ နည်းစုသာလက်ခံကျင့်သုံးသောလမ်းစဉ်များသည်ရှင်သန်လျက်ရှိနေခဲ့သည်။သူ၏အယူဝါဒလမ်းစဉ်မှာ မိမိတို့၏ကျင့်စဉ်များနှင့် ခံယူချက်များကို လျှို့ဝှက်စွာ ဆက်လက် ထိန်းသိမ်းရမည် ဖြစ်သည်။ ထိုဝါဒကို လက်တွေ့



ကျင့်သုံးခြင်းဖြင့်သာ ထိုကျင့်သူ၏ စိတ်အာရုံတွင် လက်တွေ့ ခံစားနိုင်သော ဝါဒလမ်းစဉ် တစ်ခုဖြစ်သည်။ ထို လမ်းစဉ်ကို ဓမ္မဓိဌာန်ကျကျ အခြားသူတစ်ဦးအား နှုတ်အားဖြင့် ရှင်းပြနိုင်မည် မဟုတ်ပေ။ တနည်းအားဖြင့် ဆိုရ

သော် ကဗျာ၊ လက်ာနှင့် ဂီတ အနုပညာဆိုင်ရာ သင်တန်းများသို့ ကိုယ်တိုင်တက်ရောက် ဆည်းပူးခြင်းဖြင့်သာ တိတိ ကျကျ သိရှိနိုင်မည့် သဘောမျိုး ဖြစ်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။

ထိုသို့ လူနည်းစုသာ လိုက်နာကျင့်သုံးသည့် အယူဝါဒ မြောက်များစွာသည် မွတ်စ်လင်မ် လူထုအတွင်း နည်းမျိုးစုံဖြင hf နေရာယူလာကြပြီး ထိုသို့သော နည်းနာများကို လိုက်နာသည့် မွတ်စလင်မ်များက ကုရ်အာန်ပါ အဓိပ္ပာယ်များကို မြင် တွေ့ရာ၌၊ အခြားပညာရှင်များ၏ မြင်တွေ့ချက်များနှင့်မတူဘဲ တစ်မူထူးခြား၍ မြင်တွေ့ ဖွင့်ဆို ခဲ့ကြသည်။ ၎င်းတို့ ၏အခြေခံယုံကြည်ချက်မှာ မွတ်စလင်မ်များနှင့် ထပ်တူထပ်မျှဖြစ်ကြသည်။ သို့ရာတွင်၎င်းတို့၏ ဓမ္မထုံးဖွဲ့မှု ဥပဒေသည် ဂျာဖရ်ဆာဒစ်(က်)၏ ဂျာဖရီယာဂိုဏ်းဟူ၍ သီးခြားဂိုဏ်း တစ်ခု ဖြစ်သည်။ ဤသည် အများ မွတ်စလင်မ် ထုအတွင်း ဟန်နဖီ၊ မာလီကီ၊ ရှာဖီ၊ ဟမ်ဗလီဂိုဏ်းများ ကဲ့သို့ ရှီယာများကလည်း မိမိတို့၏ ကိုယ်ပိုင်ဓမ္မထုံးဖွဲ့မှု ဂိုဏ်းတစ်ခု ဖြစ်သည်။ ရှီယာများ၏ ခံယူချက်အရ ဂျာဖရ်ဆာဒစ်(က်)သည် ရှီယာများအတွက် အသိဉာဏ်များ သိုလှောင်ထားသော ဘဏ်တိုက်ကြီးအဖြစ် လက်ခံခဲ့ကြသည်။ မွတ်စလင်မ်အများစုက ကုရ်အာန်ကိုဖွင့်ဆိုရာ၌ ဟဒီးဆ်သမိုင်းကျမ်းများ အားဖြင့် ဖွင့်ဆိုရမည်ဟု ခံယူသကဲ့သို့ ရှီယာများက ကုရ်အာန်ကို ဖွင့်ဆိုရာ၌ အလီမှဆင်း သက်လာသော အေမာန်များကသာ ကုရ်အာန်ကိုဖွင့်ဆို နိုင်မည်ဟု ယုံကြည်ကြသည်။ ရှီယာများသည် စွန္နီမွတ်စ လင်မ်များကဲ့သို့ ဟဒီးဆ်သမိုင်းများကို ယုံကြည်ကြသည်။ သို့ရာတွင် ရှီယာများကလက်ခံသော ဟဒီးဆ်များကို စွန္နီ များက လက်မခံသကဲ့သို့ စွန္နီများလက်ခံသော ဟဒီးဆ်များကို ရှီယာများကလက်မခံပေ။ ရှိယာများ၏ ဟဒီးဆ်များ အနက် ဟဒီးဆ်တစ်ပုဒ်မှာ တမန်တော်မုဟမ္မဒ်၏ နောက်ဆုံးအချိန်တွင် တမန်တော်ကခဲတံနှင့် စာရွက်ယူလာရန် တောင်းဆိုခဲ့သည်။ ထိုကဲ့သို့တောင်းခြင်းမှာ အလီအားခလီဖ (သမ္မတ) ခန့်ရန်ဖြစ်သည်။ သို့ရာတွင် အွမ္မရ်က တား ဆီးလိုက်သည့်အတွက် အလီသမ္မတ မဖြစ်ခဲ့ရခြင်း ဆိုသောဟဒီးဆ်လည်း ပါဝင်သည်။ စွန္နီမွတ်စလင်မ်များနှင့် ရှီယာ မွတ်စလင်မ်များ ဟူသည် အခြေခံယုံကြည်မှုအရ တူညီသောမွတ်စလင်မ်များ ဖြစ်ကြသည်။ နိုင်ငံရေး အာဏာ အောက်၌ ကွဲပြားခြားနားသော ဂိုဏ်းကွဲများ ဖြစ်သွားကြသည်။ သို့သော် ၎င်းတို့သည် အစပိုင်းတွင် နိုင်ငံရေးအမြင် တူညီမှုကြောင့် ဂိုဏ်းကွဲများ ဖြစ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင်အားသန်ရာ ဟဒီးဆ်များကို ကုရ်အာန်ကချမှတ်ပေး သော ဥပဒေများကဲ့သို့ ခံယူလာကြလျှက် ရပ်တည်ချက်၊ ခံယူချက်မှ အစ ဘာသာရေးဆိုင်ရာ ဥပဒေများပါ ကွဲပြား ခြားနားသွား ခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံ ကရ်ဘလာ အရပ်တွင် သတ်ဖြတ်ခြင်းခံရသော ဟူစိန်အတွက် တစ်ဆယ် ရာစုနှစ်မှစတင်၍ မုဟ်ရာမ်လဆယ်ရက်နေ့တွင် အများပြည်သူများစုရုံး၍ ဝမ်းနည်းကြေကွဲမှု အထိမ်းအမှတ်ကို ပြု လုပ်ခဲ့ကြသည်။

ကိုးရာစုနှစ်အတွင်း အဘာစီ မင်းဆက် သမ္မတများနှင့် ရှီယာများ အကြား ကြီးမားသော ရန်ငြိုးဖြစ်ရန် အကြောင်း တစ်ရပ်က ဖန်လာခဲ့ပြန်သည်။ သမ္မတအလ်မုသဝကီ (အေဒီ ၈၄၇ မှ ၈၆၁) အုပ်ချုပ်သူသည် ရှီယာများ၏ ဆယ်ပါး မြောက် အေမန်အလီဟာဒီကို သမ္မတအုပ်ချုပ်သော ဆမာရာမြို့တွင် အိမ်တွင်းအကျဉ်းချခဲ့သည်။ သူ၏ ယူဆချက် မှာ တမန်တော်မုဟမ္မဒ်၏ မျိုးဆက်မှဆင်းသက်လာသူ တစ်ဦးကို ရှီယာများက အေမာန် တင်မြှောက်ခြင်းအား မသိ ကျိုးကျွံ ပြုထားလျှင် သူ၏အုပ်ချုပ်ရေးကို အနှောင့်အယှက် ဖြစ်နိုင်သည်ဟု ယူဆခဲ့သူဖြစ်သည်။

အေဒီ ၈၇၄ တွင် ရှီယာတို့၏ ဆယ့်တစ်ပါးမြောက်အေမာန် ကွယ်လွန်သွားခဲ့သည်။ ထိုအေမာန်၌ မွေးကင်းစ ကလေး တစ်ဦးသာ ကျန်ခဲ့သည်။ ထိုကလေးကို အနာဂါတ်အေမာန်လောင်းလျာ အဖြစ်လျှာထား၍ လုံခြုံသောနေရာတွင် ထိန်းသိမ်းထားရာမှ ထိုကလေးသေဆုံးသွားခဲ့သည်။ ရှီယာများသည် မျှော်လင့်ထားသည့်အတိုင်း ဆယ့်နှစ်ပါး မြောက် အေမာန် ပေါ်ပေါက်လာရန် မဖြစ်နိုင်တော့ချေ။ ထိုမှစတင်၍ အေမာန်များအစား၊ ကိုယ်စားလှယ်များ အားဖြင့် ရှီယာများအား ဦးဆောင်သော စနစ်ကိုစတင်ခဲ့သည်။ ရှီယာအများစု၏ ကိုယ်စားလှယ်များမှာ လျှို့ဝှက် နက်နဲသော ကျင့်စဉ်ကျင့်ရပ်များ အားဖြင့် အကွယ်၌ရှိနေသော ဆယ့်နှစ်ပါးမြောက်အေမန်နှင့် အဆက်အသွယ်ရှိနေသည်ဟု



လက်ခံယုံကြည်ကြသည်။ ထိုဆယ့်နှစ်ပါးမြောက် အေမာန်သည် တရားမျှတမှုအပြည့်ရှိသော ကာလတွင်အခမ်း အ နားနှင့် ပြန်လာမည်ဟု ရှီယာများက ယုံကြည်ကြသည်။

ရှီယာများအတွင်းမှဂိုဏ်းကွဲတစ်ခု

ရှီယာများအတွင်း (၁၂)ပါးအေမာန်ဝါဒကို လက်ခံသော ဝါဒမှ အေမာန်(၇)ပါးကိုသာ လက်ခံသောဝါဒသစ် တစ်ခု ပေါ်ပေါက်လာသည်။ ၎င်းတို့ကို အစ်မာအီလီ(ခေါ်) အေမာန် (၇)ပါးကိုသာ လက်ခံသော ရှီယာများဟု ခေါ်သည်။ ထိုရှီယာများမှာ ဆဋ္ဌမအေမာန်ဂျာဖရ်အလ်ဆာဒစ်(က်)၏သား အစ်မာအီလ်ကို သတ္တမအေမာန် အဖြစ်လက်ခံ သည်။ အစ်မာအီလီများသည် ကုရ်အာန်ကို သဘောပေါက်ရာ၌ အေမာန်(၁၂)ပါးကိုလက်ခံသော ရှီယာများနှင့်မတူပေ။ ကုရ် အာန်တွင်တည်ရှိနေသော လျှို့ဝှက်နက်နဲသည့် အဓိပ္ပါယ်များကို သိရှိနိုင်ရန်အတွက် နာမ်ပိုင်းဆိုင်ရာ ပေါက်ရောက်မည့်သူ ဖြစ်ရမည်။ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အလျောက် လျှို့ဝှက်နက်နဲသော ကုရ်အာန်၏ အဓိပ္ပါယ်များကို ဖော်ထုတ်နိုင်မည်ဖြစ်သည်ဟု အစ်မာအီလီများက ယုံကြည်ကြသည်။

အေဒီ ၉၀၉ ခုနှစ်တွင်၊ အစ်မာအီလီများ၏ ခေါင်းဆောင်သည် မိမိကိုယ်မိမိ မဆီယာဘွဲ့ကို ခံယူသော အေမာန်မဟ်ဒီ ဖြစ်သည်ဟု ကြေညာချက်နှင့်အတူ တူနီးရှားနယ်မြေကို သိမ်းပိုက်ခဲ့သည်။ စွန္နီမွတ်စလင်မ်များ၏ ဟဒီးဆ်သမိုင်း ကျမ်းများပါကေယာမသ်နီးလျှင်ရောက်ရှိလာ မည်ဟု မျှော်လင့်စောင့်စား လျှက်ရှိသော တမန်တော်အီဆာနှင့် မဟ်ဒီတို့ နှစ်ဦးအစား ၎င်းတို့နှစ်ဦး၏ ဘွဲ့ကိုခံယူ၍ တစ်ဦးတည်းပေါ်ပေါက်လာသော အေမာန်ဖြစ်သည်။

အေဒီ ၉၈၃ တွင်၊ အစ်မာအီလီများသည် အီဂျစ်နိုင်ငံကိုင်ရိုမြို့ရှိ အဘာစီများကို ဖြုတ်ချ၍ သမ္မတစနစ်နှင့်ပင် နှစ်ပေါင်းနှစ်ရာခန့် အုပ်ချုပ်ခဲ့သည်။ အစ်မာအီလီဝါဒသည် ဆီးရီးယား၊ အီရတ်၊ အီရန်နှင့် ယီမန်နိုင်ငံများ အတွင်း သို့ လျှို့ဝှက်စွာ ရောက်ရှိလာခဲ့သည်။ အစ်မာအီလီ ကိုယ်စားလှယ်များသည် အစပိုင်းတွင် ကျေးရွာများနှင့်မြို့ငယ် များ အတွင်းရှိ မွတ်စလင်မ်များအား ဘာသာရေးဆိုင်ရာ ကျင့်စဉ်များကို လက်တွေ့ ပို့ချခဲ့ကြသည်။ ၎င်းတို့၏ ကျင့် စဉ်ကျင့်ရပ်များမှာ စွန္နီမွတ်စလင်မ်များနှင့် မတူသကဲ့သို့ ၁၂ပါးအေမာန်ဝါဒီရှီယာများ၏ ကျင့်စဉ်များနှင့်လည်း မတူပေ။ ၎င်းတို့၏ ကျင့်စဉ်များတွင် ခေတ်သစ်သိပ္ပံပညာရပ်ဖြစ်သည့် သင်္ချာဗေဒဆိုင်ရာ ပညာရပ်များလည်း ပါဝင်သည်။

အစ်မာအီလီ၏ ကျင့်စဉ်တွင် လှုပ်ရှားမှုနှေးကွေး၍ ငြိမ်သက်နေသော စိတ်အာရုံစွမ်းအားများကို နှိုးဆွပေးသော နည်းစနစ်များဖြစ်သည်။ ထိုကဲ့သို့သော ကျင့်စဉ်များအားဖြင့် စိတ်တည်ငြိမ်သော စွမ်းအားများ ဖွံ့ဖြိုးတိုးတက်လာ မည်။ သို့မှသာ ကုရ်အာန်တွင် တည်ရှိနေသော လျှို့ဝှက်ချက်များကို ဖော်ထုတ်သုံးစွဲနိုင် မည်ဖြစ်သည်ဟု ၎င်းတို့က ခံယူထားကြသည်။ ၎င်းတို့၏အသစ် ရှာဖွေတွေ့ရှိချက်များမှာ ကုရ်အာန်ပါ တမန်တော်များဖြစ်ကြသော အာဒမ်၊ နူဟ်၊ အီဗရာဟင်(မ်)၊ မူဆာ၊ အီဆာ၊ မုဟမ္မဒ်တို့သည် တစ်ဦးနှင့်တစ်ဦး အဆက် အသွယ်ရှိသူများ ဖြစ်သည်။ တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ ဗျာဒိတ် သဘောတရားများကို အာဒမ်က နူဟ်ကို နူဟ်က အီဗရာဟင်မ်ကို အီဗရာဟင်မ်က မူဆာကို မူဆာက အီဆာကို အီဆာက မုဟမ္မဒ်ကို လက်ဆင့်ကမ်း ဆင့်ကဲဆင့်ကဲ သင်ကြားပေးခဲ့ကြသည်ဟု ၎င်းတို့က ယူဆကြသည်။

၁၂ပါးအေမန်ဝါဒီများ၏ အယူဖြစ်သော ကုရ်အာန်ဗျာဒိတ် သဘောတရားများကို တမန်တော် မုဟမ္မဒ်က အလီကို အ ထူးသီးသန့် သင်ပေးခဲ့သည်။ အလီမှတစ်ဆင့်သူ၏ သားများကိုသင်ပေးခဲ့သည် ဟူသောကုရ်အာန်တွင် တည်ရှိနေ သည့် လျှို့ဝှက်ချက်များကို အစ်မာအီလီများက မိမိတို့၏ကိုယ်ပိုင် စိတ်စွမ်းအားများဖြင့် ရှာဖွေတွေ့ရှိ ခဲ့ခြင်းဖြစ် သည်။

၎င်းတို့၏အခြား အယူဝါဒတစ်ခုမှာ ကုရ်အာန်တွင် မြင်တွေ့ရသော ဝေါဟာရ အဓိပ္ပါယ်များမှာ ယေဘူယျ အပေါ်ယံ မြင်တွေ့ရသော အဘိဓါန်ဖွင့်ဆိုချက် များသာဖြစ်သည်။ ထိုမြင်တွေ့ရသော အခြားတစ်ဖက်တွင် ရှိနေသေးသော ကုရ်အာန်၏ လျှို့ဝှက်ချက်များကို စိတ်၏စွမ်းအင်ဖြင့်သာဖွင့်ဆို နိုင်မည်ဖြစ်သည်ဟု ၎င်းတို့ကယုံကြည်ကြသည်။

ငင်းတို့kမြင်တွေ့ရသော ကုရ်အာန်၏လျှို့ဝှက် ဥပဒေများတွင် မဟ်ဒီသည်နဗီတစ်ပါးအဖြစ် နောက်ဆုံးပွင့်မည်ဟု ဖြစ် လာပေသည်။
ထိုသို့သောအယူကို ထိုခေတ်စွန္နီမွတ်စလင်မ်များက ကန့်ကွက်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် စွန္နီများ လက်ခံယုံ ကြည်ထားသောဟဒီးဆ်သမိုင်းကျမ်းများပါ မဟ်ဒီမှာ နဗီတစ်ပါး မဟုတ်ပေ။ နှစ်ပေါင်း တစ်ရာပြည့်တိုင်း သာသနာ ကို ပြန်လည်ဆန်းသစ်စေသူ (မွတ်ဂျဒက်စ်)ကယ်တင်ရှင် တစ်ပါးစီပွင့်မည်။ နောက် ဆုံးပွင့်မည့်မဟ်ဒီသည် နဗီမဟုတ် ကယ်တယ်ရှင် သာဖြစ်သည်ဟု စွန္နီများက ယုံကြည်ထားခဲ့ပြီး ဖြစ်သည်။ မည်သို့ပင်ဆိုစေ အစ္စမာအီလီ များ၏ အယူ ဝါဒနှင့် စွန္နီများ၏ အယူဝါဒနှစ်ခုမှာ အေမာန်မဟ်ဒီ ရောက်ရှိလာမည့်ကိစ္စနှင့် စပ်လျဉ်းပြီး တူညီလျက် ရှိကြ သည်။
ငင်းတို့၏ အယူအဆများမှာ မဟ်ဒီသည် တမန်တော် ဖြစ်ခြင်းနှင့် တမန်တော် မဖြစ်ခြင်းသာ ကွာခြားကြသည်။ ထို့ ပြင် စွန္နီများနှင့် အစ္စမာအီလီများစပ်ကြား သဟဇာတမဖြစ်သော အချက်မှာ ဘာသာရေးဆိုင်ရာ ကျင့်စဉ်များတွင် သင်္ချာဗေဒပညာရပ်များ ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် စွန္နီမွတ်စလင်မ်များ အတွင်းမှ များစွာသော မွတ်စလင်မ်များသည် အစ်မာအီလီများ ရှာဖွေတွေ့ရှိခဲ့သော သိပ္ပံနည်းကျ အတွေးအခေါ်များကို လေ့လာလိုက်စား သူ များပြားလာခဲ့သည်။
အစ်မာအီလီများသည် ဂရိအတွေးအခေါ်ပညာရပ်များကို လိုက်စား၍ အစ္စလာမ့်အတွေး အခေါ်ပညာရပ်များ အဖြစ် မွေးစားပြီး ဆန်းသစ်ခဲ့သူများ ဖြစ်သည်။ ငင်းတို့က ကုရ်အာန်ကို ဖွင့်ဆိုရာ၌ ဂရိ အတွေးအခေါ်များနှင့် တန်ဆာ ဆင်၍ ဖွင့်ဆိုခဲ့သူများ ဖြစ်သည့်အတွက် ထိုခေတ်ထိုအခါက ခေတ်မှီနေ၍ မွတ်စလင်မ်များ၏ အမြင်တွင် ငင်းတို့၏ ဖွင့်ဆိုချက်များကို ပိုမိုစွဲမက်ဖွယ်ရာ အဖြစ်မြင်တွေ့ခဲ့ကြရလေသည်။ ဂရိ အတွေးအခေါ်ပညာရှင်များ ဖြစ်သည့် အရစ်တိုတယ်(လ်)နှင့် ပလေတိုတို့၏ ခံယူချက်တွင် ဖန်ဆင်းရှင်ဟူ၍မရှိသကဲ့သို့ စကြာဝဠာကြီးသည် သဘာဝအ လျောက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ငင်းတို့၏ အယူအဆမှာ တမလွန် သည်လည်း မရှိဟူ၍ ဖြစ်သည်။ သို့ရာတွင် အစ်မာအီလီများကမူ အစ္စလာမ်ကို ဖွင့်ဆိုရာ၌ ဂရိအတွေး အခေါ်များမှ အစ္စလာမ့်မူဝါဒနှင့် ကိုက်ညီသော အချက် အလက်များကိုသာ ရွေးချယ်၍ ဓမ္မဓိဋ္ဌာန်ကျကျ ဖွင့်ဆိုခဲ့သူများ ဖြစ်သည်။ အစ္စမာအီလီများ၏ ဘဝတည်ဆောက်မှု စနစ်သည် ခေတ်မီတိုးတက်သော အသုံးအဆောင်များဖြင့် နေထိုင် သုံးစွဲခဲ့ သူများ ဖြစ်ကြသည်။ ငင်းတို့၏ တရားရုံး များတွင် နက္ခတ္တဗေဒ ပညာရှင်များနှင့် ဆေးပညာရှင်များကိုလည်း ခန့်ထားသည်။ ငင်းတို့၏ ရည်ရွယ်ချက်မှာ မွတ်စ လင်မ် ထုတစ်ရပ်လုံးကို ခေတ်မီတိုးတက်သော အတွေးအခေါ်များအားဖြင့် ပြောင်းလဲလိုသူများ ဖြစ်ခဲ့ကြသည်။

(ရာကွဗ်အေ့ဗနုအစ်ဟက်အလ်ကင်ဒီ) အေဒီ ၈၇၀

အလ်ကင်ဒီသည် ကမ္ဘာကျော်နိုင်ငံခြား အတွေးအခေါ်ပညာရှင် မွတ်စလင်မ်တစ်ဦးဖြစ်သည်။ကူဖာမြို့တွင်မွေးဖွား၍ ဘာစရာမြို့တွင်ပညာဆည်းပူးခဲ့သူ တစ်ဦးဖြစ်သည်။အဘာစီသမ္မတ အလ်မာမွန်၏ အကြံပေး နာယက တစ်ဦးလည်း ဖြစ်သည်။ ]မုသာဇလိုက်}များနှင့် အလွန်လက်ပွန်းတစ်တည်း ရှိခဲ့သူဖြစ်သည်။ သို့ရာတွင်အလ်ကင်ဒီသည် မုသာဇ လိုက်များ၏ ခံယူချက်ဖြစ်သော ကုရ်အာန်သည် ဖန်ဆင်းခံဖြစ်သည်ဟူသော အဆိုကို ယတိပြတ်လက်ခံလိုက်ပါက မိမိ၏အတွေးအခေါ်ကို အနားသပ်ဘောင်ခတ်လိုက်ခြင်းဖြစ်သည်ဟုခံယူသူ ဖြစ်သည်။ ကုရ်အာန်ပါ ဗျာဒိတ်များကို ဂရိအတွေး အခေါ်အားဖြင့် သုံးသပ်သူ တစ်ဦးဖြစ်သည်။ မွတ်စလင်မ်များအတွင်းမှ ဂရိအတွေး အခေါ်အားဖြင့် ထာဝရဘုရားသခင် တည်ရှိနေကြောင်းကို ပထမဦးဆုံးဖွင့်ဆိုခဲ့သူ တစ်ဦးဖြစ်သည်။အရစ်တိုတယ်လ်၏ အတွေးအခေါ်ဖြင့် အရစ်တိုတယ်လ်ပင် ပေါက်ရောက်ခဲ့ခြင်းမရှိသော ထာဝရအရှင်တည်ရှိ နေခြင်းဟူသော အဆင့်သို့ အလ်ကင် ဒီက ရောက်ရှိခဲ့သူဖြစ်သည်။ အလ်ကင်ဒီ၏အဆိုအရ မွတ်စလင်မ်များသည် အမှန်တရားကို ရှာဖွေရာ၌ နိုင်ငံခြား ပညာရပ်များမှ ဖြစ်စေ၊ ရှာဖွေဆည်းပူး ရမည်ဟုခံယူခဲ့သူ တစ်ဦးဖြစ်သည်။ အလ်ကင်ဒီကဲ့သို့ များစွာသော နိုင်ငံခြား



အတွေးအခေါ်ပညာရှင် မွတ်စလင်မ်များသည် ကုရ်အာန်ပါ တုနှိုင်းမဲ့ကိုးကွယ်အရှင်နှင့် ဝိညာဉ်ကိုဖွင့်ဆိုရာ၌ မမြင် မတွေ့ရသော စိတ္တဇနောမ်ဖြစ်သည်။ ထိုစိတ္တဇနောမ်သည် တွေးခေါ်မှုနှင့်သာ တွေ့မြင်နိုင်သည့် အမှန်တရားဖြစ်သည်ဟု ခံယူကြသည်။ အများမွတ်စလင်မ်များကိုလည်း နိုင်ငံခြားအတွေး အခေါ်များအားဖြင့် ဖုံးကွယ်လျက်ရှိသော အမှန် တရားကို လွယ်ကူစွာ နားလည်စေသော နည်းများဖြင့် ရှင်းလင်းပြခဲ့ကြသည်။ ထိုသို့သော မွတ်စလင်မ် တွေးခေါ် ပညာရှင်များသည် ကုရ်အာန်ကိုဖွင့်ဆိုရာ၌လည်း နိုင်ငံခြားအတွေးအခေါ် တစ်ခုတည်းကို အခြေခံ၍ ကုရ်အာန်ပါ အတွင်းပိုင်းဆိုင်ရာ နက်နဲသိမ်မွေ့သော သဘောတရားများကို ဖော်ထုတ်ခဲ့ကြသည်။ နိုင်ငံခြား အတွေးအခေါ် ဆို သည်မှာ အာရဗ်များ၏ ရိုးရာအယူဖြင့် ဖွင့်ဆိုခြင်း၊ ဟဒီးဆ်ဟုခေါ်သော ဆင့်ပြန်သမိုင်းကျမ်းများဖြင့် ဖွင့်ဆိုခြင်း မဟုတ်ဘဲ နိုင်ငံရပ်ခြားမှာ အတွေးအခေါ် ဒသနများ ကို အခြေခံ၍ ဖွင့်ဆိုခြင်းကို ဆိုလိုပေသည်။

## အဘူနာဆရ် အလ်ဖရာဘီ အေဒီ ၉၅၀

အလ်ဖရာဘီသည် တူရကီနိုင်ငံမှ ဂီတအနုပညာရှင် ဖြစ်သကဲ့သို့ တွေးတောဆင်ခြင်မှုဆိုင်ရာ အတွေးအခေါ်ပညာရှင် တစ်ဦးလည်းဖြစ်သည်။ နိုင်ငံခြားအတွေးအခေါ် အယူဝါဒများကို အစ္စလာမ့်ဥပဒေအဖြစ် ထည့်သွင်းပေးခဲ့သူ တစ်ဦး လည်းဖြစ်သည်။ ကုရ်အာန်ပါဗျာဒိတ်များအပေါ် သုံးသပ်ရာ၌အလ်ကင်ဒီ၈၇၀ ထက်ပင်ပိုမိုလေးနက်စွာ ဖွင့်ဆိုနိုင်ခဲ့ သူလည်းဖြစ်သည်။ ဖရာဘီသည် ဂရိများ၏ကျိုးကြောင်းဆင်ခြင်သော အတွေးအခေါ်ပညာများနှင့် ခရစ်ယာန် အတွေးအခေါ်ပညာရှင်များ၏ အတွေးအခေါ်များကို အစ္စလာမ်သာသနာနှင့် အစ္စလာမ့်အုပ်ချုပ်ရေး အတွင်းသို့ ပါဝင်စေခဲ့သူဖြစ်သည်။ သူ၏ခံယူချက်မှာ အရစ်တိုတယ်လ်နှင့် ပလေတိုတို့၏ စိတ်ကူးများကို မွတ်စလင်မ်အသိုက် အမြုံကြီးတစ်ခုလုံးတွင် လက်တွေ့အသုံးချ အမြတ်ထုတ်ရမည်ဟု ခံယူသူ ဖစ်သည်။ အစ္စလာမ်သာသနာသည် ပထမ ဆက်ခံသူများထံမှ ရောက်ရှိလာသော သာသနာဖြစ်သည်။ သို့ရာတွင် ပထမဆက်ခံသူများ၏ တွေးထင်ချက်ထက် ပိုမို လေးနက်၍ ပိုမိုဓမ္မဓိဌာန်ကျသော သာသနာဖြစ်သည်ဟု ခံယူသူဖြစ်သည်။ အလ်ဖရာဘီသည် စွန္နီများနှင့် ရှီယာများ ယုံကြည်ထားသကဲ့သို့ အေမာန်မဟ်ဒီရောက်ရှိ လာဦးမည်ဟူသော အယူဝါဒကို လက်ခံယုံကြည်သူ တစ်ဦးဖြစ်သည်။ မွတ်စလင်မ်များသည် မိမိတို့၏အသိုင်းအဝိုင်း အတွင်းတွင် ဓမ္မဓိဌာန်ကျသော အတွေးအခေါ် စည်းကမ်းဘောင်နှင့် အညီနေထိုင်ရမည်ဖြစ်သည်။ ဘာသာရေးဟူသည် နာမ်ပိုင်းဆိုင်ရာ ယုံကြည်မှုကိုအခြေခံသော နိုင်ငံရေးရာ သိပ္ပံဘာ သာရပ်လည်းဖြစ်သည်။ တွေးခေါ်မှုဆိုင်ရာ ပညာရပ်များကို ဆည်းပူး၍ ယုံကြည်မှုတွင် ခိုင်မာသော မွတ်စလင်မ်များ ဖြစ်ရေးကို ဖော်ဆောင်လိုသူ တစ်ဦးဖြစ်သည်။ ဖရာဘီသည် အတွေးအခေါ်ပညာရှင် တစ်ဦးပီပီ ဆူဖီကျင့်စဉ်များကို လည်း လက်တွေ့ကျင့်သုံးသူ တစ်ဦးဖြစ်သည်။

လူနည်းစုသာ လိုက်စားကြသော ပညာရပ်များသည် မူဝါဒအားဖြင့် တစ်ဦးနှင့်တစ်ဦး မတူညီကြသော်ငြားလည်း စျာန်အာရုံခံစားမှု၏ ဆွဲဆောင်ရာသို့ ညွတ်ပါးသွားရာ၌ တစ်ဦးနှင့်တစ် ဦး ထပ်တူထပ်မျှ တူညီလျက် ရှိခဲ့ကြသည်။ ရှီယာများနှင့် စွန္နီများသည် ဘာသာရေးဆိုင်ရာ အယူဝါဒများတွင် တူညီသောအမြင် မရှိသော်လည်း ဆူဖီဝါဒလမ်း စဉ်များကို ကျင့်ကြံအားထုတ်ရာ၌ နာမ်ပိုင်းဆိုင်ရာ တွေ့ရှိချက်များသည် တူညီလျက်ရှိနေသည်ကို တွေ့ရပေသည်။ စွန္နီများ အတွင်း ကွဲပြားခြားနားသော ဂိုဏ်းကွဲပေါင်းများစွာတို့၏ ခံယူချက်၊ ရပ်တည်ချက်၊ တရားဆုံး ဖြတ်ချက် များသည် တူညီမှု မရှိသော်ငြားလည်း နာမ်ပိုင်းဆိုင်ရာ ကျင့်ကြံအား ထုတ်ချက်များနှင့် နာမ်ပိုင်းဆိုင်ရာ တွေ့ရှိချက် များသည် ဆင်တူရိုးမှားအဖြစ် တူညီနေသည်ကို တွေ့ရပေသည်။ အထူးသဖြင့် ကုရ်အာန်ကို ဖွင့်ဆိုရာ၌ သော်လည်း ကောင်း၊ ကုရ်အာန်ပါ တုနိုင်းမဲ့ကိုး ကွယ်ရာအရှင်ကို ဖွင့်ဆိုရာ၌သော်လည်းကောင်း၊ ကုရ်အာန်ပါ ]ရှုဟ်}ဝိညာဉ်ကို ဖွင့်ဆိုရာ၌ သော်လည်းကောင်း မိမိတို့၏ ရှိရင်းစွဲ ဂိုဏ်းဂနစွဲများအားဖြင့် ဖွင့်ဆိုခဲ့ကြသည့်အတွက် ကွဲပြားခြားနား သော အဖြေများသာ ထွက်ပေါ်လာခဲ့ကြသည်။ သို့ရာတွင် မည်မျှပင်ဂိုဏ်းဂနမတူသူ ပညာရှင်များ ဖြစ်နေစေကာမူ ဆူဖီကျင့်စဉ် ကျင့်ရပ်များကို လက်တွေ့လိုက်စားသူတို့၏ အမြင်တွင် ကုရ်အာန်ပါတုနိုင်းမဲ့ကိုးကွယ်ရာ အရှင်နှင့်



]ရှုဟ်}နာမ်ပိုင်းဆိုင်ရာ ဖွင့်ဆိုချက်များတွင် အခြားပညာရှင်များ၏ ဖွင့်ဆိုချက်များထက် ပိုမိုလေးနက်စွာ ဖွင့်ဆိုနိုင် ခဲ့ကြသည်ကို တွေ့ရှိရပေသည်။

## ဆူဖီဝါဒဖြစ်ပေါ်လာခြင်းအစ

ဆူဖီဝါဒ ဖြစ်ပေါ်လာရသော အကြောင်းရင်းမှာ အဓိက အချက်သုံးချက်ပေါ်တွင် မူတည်ခဲ့သည်။

၁။ အိုမိုက်ယာမင်းဆက်များ၏ ဇိမ်ခံအသုံးအဆောင်များကို ဆန့်ကျင်ခြင်း။

၂။ ထိုခေတ် အစ္စလာမ့်ထုံးဖွဲ့မှုဆိုင်ရာ ဥပဒများသည် မြင်တွေ့ရသော ရုပ်ပိုင်းဆိုင်ရာများအပေါ် တင်းကြပ်စွာ ကန့် သတ် ဘောင်ခတ်ခြင်းများကို ပြန်လည်တန်ပြန်ခြင်း။

၃။ တမန်တော်မုဟမ္မဒ်နှင့် မဟာသာဝကများ၏ လူနေမှုစနစ်ကို ပြန်လည်ဖော်ထုတ်ခြင်း-တို့ကို အခြေခံ၍ ဆူဖီဝါဒ ပေါ်ပေါက် လာရန် အစပျိုးခဲ့ခြင်းဖြစ်သည်။

အိုမိုက်ယာမင်းဆက်များ၏ (၄၅)နှစ်တာ အုပ်ချုပ်ရေးကာလသည် အုပ်ချုပ်သူလူတန်းစားများနှင့် အုပ်ချုပ်ခံ လူ ထုအတွင်း ဆင်းရဲချမ်းသာကွာဟမှုပြဿနာ စတင်လာခဲ့စေသည်။ အုပ်ချုပ်သူ လူတန်းစားများသည် ဇိမ်ခံ အ ဆောက်အဦးကြီးများနှင့် ဇိမ်ခံ အသုံးအဆောင်များဖြင့် အဖက်ဖက်မှ ကြွယ်ဝချမ်းသာလွန်းသော အခြေအနေတွင် ရောက်ရှိနေပြီး လူထုအများစုမှာ အဖက်ဖက်မှ ချို့တဲ့မှုအပေါင်းနှင့် ရပ်တည်ခဲ့ရသည်။ ထို့ကြောင့် လူထုအများစုမှာ တမန်တော်မုဟမ္မဒ်နှင့် မဟာသာဝကများ ခေတ်ကဲ့သို့ လူတိုင်းတပြေးညီ ရှိခဲ့ကြသည့် ဘဝမျိုးကို ပြန်လည် တောင်း တခဲ့ကြသည်။ လူထုအတွင်းမှ လူနည်းစု ဘာသာရေးအုပ်စုတို့သည် အိုမိုက်ယာမင်းဆက်တို့၏

ဇိမ်ခံဘဝကို ဆန့်ကျင် သောအားဖြင့် တမန်တော်မုဟမ္မဒ်၏ ဆင်းရဲသောဘဝကိုစံထား၍ ဖျင်ကြမ်းများကိုဝတ်ဆင်ခြင်း အနေအစားချွေတာခြင်းများကို ကျင့်သုံးလာတော့သည်။

ထိုကဲ့သို့ပင် ထိုခေတ်မွတ်စလင်မ်များ၏ ဘာသာရေးဆိုင်ရာ ကျင့်ကြံအားထုတ်မှုများသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုထက် ရုပ်ပိုင်းဆိုင်ရာ ကျင့်ကြံမှုများအပေါ် ပိုမိုအလေးပေးသော ခေတ်သို့စတင်ခဲ့သောကာလ အစဖြစ် သည်။ထိုရုပ်ပိုင်းဆိုင်ရာ ကျင့်ကြံမှုများနှင့်စပ်လျှင်းပြီး အချင်းချင်းအတွင်း အယူဝါဒဆိုင်ရာ ကွဲလွဲမှုများ စတင်အ စပျိုးလာသော ကာလလည်းဖြစ်သည်။ ထိုကဲ့သို့သော အခြေခံဆန့်ကျင်မှုများမှ စတင်ခဲ့ရာ ကိုးရာစုအစပိုင်း လောက်တွင် ယနေ့ဆူဖီများ၏အခေါ် ]သဆောက်ဝုဖ်} အစ္စျတ္တစိတ်၏ အတွင်းသဏ္ဍာန်အား ဖွံ့ဖြိုးတိုးတက် စင်ကြယ် ရန်ကျင့်ကြံမှုပုံစံနှင့် အလွန်တူသော ဘာသာရေးလှုပ်ရှားမှု တစ်ရပ်ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်သည် အစ္စလာမ်ကို ဖွင့်ဆိုရာ၌လည်းကောင်း တမန်တော်မုဟမ္မဒ်ကို စံထားရာ၌လည်းကောင်း၊တမန်တော် ၏ ပြင်ပဆိုင်ရာ လှုပ်ရှားမှုများအပေါ်တင်းကြပ်စွာ ဘောင်ခတ်သတ်မှတ်သော ဥပဒေများကို သူ့ထက်ငါအပြိုင် လိုက်နာကျင့်သုံး လာကြသောကာလ ဖြစ်သည်။ ထိုဥပဒေများသာလျှင် မွတ်စလင်မ်များအတွက် အသက်သွေးကြော တမျှအရေးကြီးသော ဥပဒေများဖြစ်သည်ဟု မွတ်စလင်မ်အများစုက ခံယူခဲ့ကြသည်။

ထိုမွတ်စလင်မ်များအတွင်းမှ လူနည်းစု အုပ်စုက အစ္စလာမ်သာသနာ၏ အဓိကအချက် အခြာဖြစ်သော တမန်တော် မုဟမ္မဒ်၏ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်အပေါ် ပုံအပ်မှု၊ ထိုအရှင်နှင့် တမန်တော်တို့၏စပ်ကြား စိတ်ကွယ်ရာဟူ၍ မရှိ မှု၊ တမန်တော်သည် ထိုအရှင့်အပေါ်အားကိုးစိတ်၊ ထိုအရှင်တစ်ပါးတည်းထံမှ အကူအညီတောင်းခံစိတ်၊ ထိုအရှင်၏ လွတ်ငြိမ်းချမ်းသာမှုကိုသာ မျှော်လင့်စိတ်၊ ထိုအရှင်သာလျှင် အရာရာကို စွမ်းဆောင်နိုင်သည် ဟူသောယုံကြည်စိတ်၊ ထိုအရှင်တစ်ပါးတည်းသာလျှင် တည်မြဲမှုရှိပြီး အရာခပ်သိမ်းသည် တည်မြဲမှုမရှိဟူသော ခံယူစိတ်၊ လူသားတစ်ရပ် လုံးအပါအဝင် သတ္တဝါအားလုံးအပေါ် မေတ္တာတရားပွားများနိုင်သော တမန်တော်မုဟမ္မဒ်၏ စိတ်ပိုင်းဆိုင်ရာ ကျင့် ကြံအားထုတ်မှုများကို ပြန်လည်ဖော်ထုတ်ရာမှ စတင်၍ ဆူဖီဝါဒပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုလူနည်းစု မွတ်စ လင်မ်များ၏ ခံယူချက်မှာ အစ္စလာမ်သာသနာ၏ အခြေခံမူဝါဒသည် စိတ်ပိုင်းဆိုင်ရာ ခံယူချက် အပေါ်တွင်သာ အဓိ



ကမူတည်နေသည်ဟု ဖြစ်ပေသည်။ ထိုစိတ်ပိုင်းဆိုင်ရာ ခံယူချက်ကိုအခြေခံ၍ ဖွဲ့စည်းတည်ဆောက်ထားသော သာ သနာတွင် စိတ်ပိုင်းဆိုင်ရာ ခံယူချက်များ ခိုင်မာတောင့်တင်းရန် အဓိကအရေးကြီးသည်။စိတ်ပိုင်းဆိုင်ရာ ရောဂါများ ဖြစ်သော မနာလိုဝန်တိုမှု၊ လောဘ၊ ဒေါသ၊ မာန၊ တဏှာများကို စင်ကြယ်ရန်ကြိုး ပမ်းအားထုတ်ရမည် ဖြစ်သည်။ သို့မှသာ ကုရ်အာန်က ညွှန်ကြားပြသသော လမ်းကြောင်းပေါ်သို့ စိတ်ရောကိုယ်ပါ တစ်စိတ်တစ်လက်တည်း လွယ်ကူ စွာလျှောက်လှမ်းနိုင်မည်၊ ထိုသို့လိုက်နာ ကျင့်သုံးရခြင်းကို ပင်လျှင်၊ ပီတိသောမနဿ ခံစားကြည်နူးလျှက် ရှိနေမည် ဟုငင်းတို့က ခံယူခဲ့ကြသည်။

ဆူဖီများ၏ အယူဝါဒသည် တုနှိုင်းမဲ့ကိုးကွယ်ရာအရှင်က တမန်တော်မုဟမ္မဒ်၏ စိတ်ပိုင်းဆိုင်ရာ အတွင်းသဏ္ဍာန် ထဲသို့ ကုရ်အာန်ကို ဗျာဒိတ်အဖြစ် ချပေးခဲ့သည်။ ဗျာဒိတ်လမ်းညွှန်မှု သဘောတရားများသည် နာမ်ပိုင်းနှင့် ဆက်နွှယ် နေ သောကိစ္စရပ်ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာ ကျယ်ဝန်းမှုသည် ကန့်သတ်ဘောင်ခတ်၍ မရနိုင်သော နယ်ပယ်တစ်ခု ဖြစ် သည်။ ထိုနယ်ပယ်အတွင်း ခရီးနှင်သူ၏ ခရီးပေါက်ရောက်မှုသည် ထိုသူ၏ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့မှု အပေါ်တွင် မူတည်နေသည်ဟု ဖြစ်ပေသည်။

အစ္စလာမ်သာသနာ၏ အခြေခံယုံကြည်ချက်နှင့် စပ်လျဉ်းပြီး ၂း၁၇၇ တွင်-

တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်ကို ယုံကြည်ခြင်း။

နောင်တမလွန်ကို ယုံကြည်ခြင်း။

မလာအီကာဟ်များကို ယုံကြည်ခြင်း။

ကျမ်းဂန်ကုရ်အာန်ကို ယုံကြည်ခြင်း။

တမန်တော်များကို ယုံကြည်ခြင်းဟူသော အချက်(၅)ချက် ဖြစ်သည်။

ဖေါ်ပြပါအခြေခံ ယုံကြည်ချက်များကို ယုံကြည်ရာ၌ တမန်တော်မုဟမ္မဒ်၏ ယုံကြည်မှုသည် လူသားတစ်ရပ်လုံး၏ ယုံ ကြည်ချက်ထက် ပိုမို၍ခိုင်မြဲမှုရှိသည် ဟူသောအချက်ဖြစ်သည်။ တမန်တော်မုဟမ္မဒ်သည် တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင် တစ်ပါးတည်း ဝါဒကိုယုံကြည်ရာ၌လည်းကောင်း၊ ထိုတစ်ပါးတည်းသော အရှင်၏တည်ရှိနေသော သဘောတရား အသိကို သိရှိရာ၌လည်း အများမွတ်စလင်မ်များထက် ပိုမိုသိရှိသူ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၅၃း၆မှ ၁၈ တွင် တမန်တော်မုဟမ္မဒ်အား တုနှိုင်းမဲ့ကိုးကွယ်ရာအရှင်က အထူးရွေးချယ်၍ ထိုအရှင်နှင့်စပ်လျဉ်းပြီး အကြီးဆုံး သက် သေလက္ခဏာတစ်ရပ်ကို အိပ်မက်သဘောမျိုးမဟုတ်ဘဲ မျက်မြင်ဓိဋ္ဌာန် ပြသခဲ့ကြောင်း ဖော်ပြထားခဲ့သည်။ ဆူဖီများ ၏အဆိုအရ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်နှင့်စပ်လျဉ်း၍ တမန်တော်မုဟမ္မဒ်တွေ့မြင် သိရှိချက်ကို မအ်ရေ ဖာဟ်(ခေါ်) သိခြင်း၊ (သို့မဟုတ်) ဖန်ဆင်းရှင်၏ တည်ရှိနေခြင်းကို သဘောပေါက် နားလည်ခြင်းဖြစ်သည်။

ဖန်ဆင်းရှင်ကို နားလည် သဘောပေါက်ရာ၌ တမန်တော်မုဟမ္မဒ်က သိရှိနားလည် သဘောပေါက်သကဲ့သို့ နားလည် သဘောပေါက်ရန်မှာလည်းမွတ်စလင်မ်များအတွက် တာဝန်တစ်ရပ်ဖြစ်သည်ဟု ၎င်းတို့ကခံယူကြသည်။ ထိုကဲ့သို့ ဖန် ဆင်းရှင်ကို နားလည်သဘောပေါက်ရန်အတွက် ကုရ်အာန်ကလည်း တိုက်တွန်း ထားသည်။ ၄၁း၅၃ တွင် (၎င်းတို့ သည် ငါအရှင်၏ သက်သေလက္ခဏာများကို မျက်စေ့တဆုံးမြင်တွေ့ရသော မိုးကုတ်စက်ဝိုင်းများ အတွင်း၌လည်း ကောင်း၊ ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ အတွင်း၌လည်းကောင်း တွေ့ရှိကြမည်ဖြစ်သည်။) ဆူဖီဝါဒ ဟူသည် ဖန်ဆင်းခံ အရာများအပေါ် ဆင်ခြင်သုံးသပ်၍ ဖန်ဆင်းရှင်ကို ရှာဖွေခြင်း ဖြစ်သည်။
ထိုခေတ် ထိုအချိန်တွင် အစ္စလာမ့် ထုံးဖွဲ့မှုဆိုင်ရာ ပညာရှင်များ အချင်းချင်း အတွင်း၌ ဂိုဏ်းဂဏဝါဒစွဲ၊ ကျောင်း တော်ဝါဒစွဲ၊ ဆရာဝါဒစွဲဟူသော အစွဲပေါင်းစုံအားဖြင့် ဝါဒမတူသော ပညာရှင်များသည် အတိုက်အခံ ရန်သူများ အဖြစ် တည်ရှိနေကြသည်။ ထိုအသွင်မတူသော ပညာရှင်များအနက် အာဏာပိုင်သမ္မတ၏ မြှောက်စားခြင်းခံရ သော ပညာရှင်များက အခြားဝါဒမတူသော ပညာရှင်များကိုဒုက္ခပေးခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း၊ ထောင်တွင်း၌ ရက် စက်စွာ ညှင်းပန်းနှိပ်စက်ခြင်းများကို ပြုလုပ်လျက်ရှိခဲ့ကြသည်။ ထိုအနိဋ္ဌာရုံ မြင်ကွင်းများကို မြင်တွေ့ရခြင်းမှာ- အစ္စလာမ် သာသနာ၏ ပြင်ပ အပေါ်ယံ မြင်တွေ့ရသော ဥပဒေများကိုသာ နားလည် သဘောပေါက်သည့် ပညာရှင်များကြောင့်ဖြစ်သည်ဟု မွတ်စလင်မ်အများစုက သုံးသပ်လာတော့သည်။အစ္စလာမ်သာသနာ၏ အနှစ်သာရဖြစ်သော



စိတ်ပိုင်းဆိုင်ရာ သဘောထားကြီးမှု၊ မိမိထက်သူတစ်ပါးကို ပိုမိုလေးစားမှုဟူသော မေတ္တာတရားပွားများနိုင်မှု၊ ဆိတ် သုဉ်းခြင်းများကြောင့် ဖြစ်သည်ဟု ယုံကြည်လာခြင်းမှ စိတ်ပိုင်းဆိုင်ရာ တစ်မျိုးတည်းကို ပိုမိုဦးစားပေးသော ကျင့်ကြံ အားထုတ်မှုဆိုင်ရာ ဆူဖီဝါဒဟူ၍ သီးခြား ပေါ်ပေါက်လာရခြင်း ဖြစ်သည်။
ဆူဖီဝါဒီများ၏ အမြင်၌ လူသားသဘာဝ၊ စိတ်၏ အလိုကိုလိုက်ခြင်းဖြင့် ကြီးထွား သန်မာလာသော အတ္တစိတ်ရိုင်း ကို ပြုပြင်ထိမ်းသိမ်း၍ စိတ်ညဉ်ကို ဖွံ့ဖြိုးတိုးတက် လာစေရန် ကြိုးပမ်းအားထုတ်ရမည် ဖြစ်သည်။ မိမိ၏အတ္တစိတ်ကို ပြုပြင် ထိမ်းသိမ်းနိုင်မှု မပြုလုပ်နိုင်သမျှ ကာလပတ်လုံး မည်မျှပင်တတ်ကျွမ်းသော ပညာရှင်ကြီး ဖြစ်နေစေကာမူ ထိုပညာရှင် တတ်ကျွမ်းထားသော ပညာရပ်များသည် မိမိကိုယ်မိမိ အကျိုးမပြုနိုင်သကဲ့သို့ လူထုကိုလည်း အကျိုး မပြုနိုင်ဟုဖြစ်သည်။ တမန်တော်မုဟမ္မဒ် ယူဆောင်လာသော သာသနာသည် မေတ္တာတရားကို အခြေခံ၍တည် ဆောက်ထားသော သာသနာဖြစ်သည်။မွတ်စလင်မ် ဖြစ်ပါလျက် မေတ္တာတရား ပွားများနိုင်ခြင်း မရှိပါက မွတ်စလင်မ် မမည်ပေ။ လူတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ- ယဉ်ကျေးခြင်းနှင့် ရိုင်းစိုင်းခြင်း ဟူသောအဓိကအကြောင်း ရင်းများ သည် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု အပေါ်တွင် မူတည်သော ကိစ္စရပ် ဖြစ်သည်ဟု ဆူဖီများက ခံယူကြသည်။
ဤသည် တမန်တော်မုဟမ္မဒ် မရှိတော့သည့်နောက်ပိုင်း နှစ်ပေါင်းသုံးရာအတွင်း များစွာသော ကွဲပြားခြားနားသည့် ဘာသာရေး ဂိုဏ်းကွဲများအပြင် စိတ်ပိုင်းဆိုင်ရာ ကျင့်ကြံသော ဆူဖီဝါဒလမ်းစဉ်တစ်ရပ်လည်း ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။
အစ္စလာမ့် သမိုင်းတစ်လျှောက် ပေါ်ပေါက်လာသော ဘာသာရေးဆိုင်ရာ ဂိုဏ်းကွဲများ အားလုံး၏ တူညီချက်မှာ ကုရ် အာန်ကို ဖွင့်ဆိုရာ၌ လက်ရွေးစင် လူတစ်စုကသာ သိနိုင်သည်ဟူသော အချက်ပင် ဖြစ်သည်။ ဥပမာအားဖြင့်- ရှီယာ များ၏ အဆိုအရ ကုရ်အာန်ကို ဖွင့်ဆိုရာ၌ ၎င်းတို့၏ အေမာန်များကသာ ဖွင့်ဆိုနိုင်သည်ဟု ဖြစ်သည်။ ထိုကဲ့သို့ ပင် ရှီယာများ အတွင်းမှ ခွဲထွက်သော အစ်မာအီလီများ၏ အယူဝါဒအရ ကုရ်အာန်ကို ဖွင့်ဆိုရာ၌ ဝိပဿနာ စွမ်းအား ဖြင့်သာဖွင့်ဆိုနိုင်သည်။ ဆူဖီများ၏ အယူဝါဒမှာလည်းကုရ်အာန်ကို ဖွင့်ဆိုရာ၌ ဆူဖီကျင့်စဉ် အားဖြင့် ရရှိသော ဉာဏ်စဉ်ဖြင့်သာ ကုရ်အာန်ကို ဖွင့်ဆိုရမည် ဖြစ်သည်။
ဆူဖီများ၏ အခြားသော ယူဆချက်တစ်ခုမှာ မိမိကိုယ် အတွင်းပိုင်းရှိ စိတ်၏သဏ္ဍာန်ကို ထိုးဖောက် မြင်နိုင်ရန် ကြိုး စားအားထုတ်ရမည် ဖြစ်သည်။ ထိုကဲ့သို့ မိမိကိုယ်ကို မိမိအတွင်းကျကျ ထိုးဖောက်နိုင်ခြင်းဖြင့်သာ မိမိ၏ဖန်ဆင်း ရှင် ကိုသိရှိနိုင်မည်ဖြစ်သည်။ ဆူဖီလမ်းစဉ်တွင် မိမိတို့၏မသိစိတ်ကို ထိန်းချုပ်နိုင်ရန်အတွက် အသက်ရှူရှိုက် ထုတ်သွင်းမှု တိုင်း၌ ထာဝရအရှင်၏ ဂုဏ်တော်များကို စည်းဝါးကိုက်ညီစွာ မှတ်ရှုသောအလေ့အကျင့် ရရှိရန်ကြိုးစားရသည်။ တရားရှုရာ၌ ထိရောက်မှုရှိစေရန်၊ နေ့အခါတွင် ဥပုဒ်သီလစောင့်ထိန်းခြင်း၊ ညအခါတွင် တရားအားထုတ်ခြင်းဖြင့် မိမိတို့၏နဖ်(စ်)စိတ်ညဉ်နှင့် စစ်ခင်းရလေသည်။ စိတ်ညဉ်၏ အလိုဆန္ဒများကို ဆန့်ကျင်၍ စိတ်ညဉ်ကို နူးညံ့သိမ် မွေ့သောအရည်အသွေး ဖြစ်ရန် ကြိုးပမ်းရလေသည်။ တစ်ခါတစ်ရံ ဆူဖီများသည် တရားရှုရာ၌ နာမ်ပိုင်းဆိုင်ရာ သတ်မှတ်ထားသော ပီတိသောမနဿ စခန်းများသို့ ရောက်ရှိကြသည်။ ထိုအခါ နာမ်ပိုင်းဆိုင်ရာတွေ့ရှိချက် အမြင် ထူးများကို စိတ်နှလုံးတွင် ထိန်းချုပ်၍ မရနိုင်ဘဲ ၎င်းတို့၏နှုတ်မှ ထူးဆန်းသော ဝေါဟာရများ ပေါ်ထွက်လာတတ် သည်။ ထိုကဲ့သို့ နာမ်ပိုင်းဆိုင်ရာ အသိအမြင်ထူးများကို စိတ်မှစောင့်စည်းနိုင်မှုမရှိဘဲ နှုတ်မှဖွင့်ဟထွက်လာသော ဆူဖီများကို နာမ်ပိုင်းဆိုင်ရာ ယစ်မူးသော ဆူဖီများဟု ခေါ်ဆိုကြသည်။
အလွန်ရှေးကျဆုံးသော ဆူဖီတစ်ဦးမှာ အဘူယဇစ်အလ်ဘွတ်(စ်)တမီ အေဒီ၈၇၄ဖြစ်သည်။ သူသည်တုနှိုင်းမဲ့ကိုး ကွယ်ရာအရှင်ကို ချစ်သူအဖြစ် အလွန်စွဲလမ်းခဲ့သော ဆူဖီတစ်ဦးဖြစ်သည်။ ထိုဆူဖီကြီးသည် ]ဖနာ}ဟူသော အမြဲ သည့်သင်္ခါရသ ဘောတရားကို မိမိ၏ အတ္တစိတ်ပေါ်တွင် အထပ်ထပ် လွှမ်းခြုံထားသည့် အလွှာများအားဖွင့်၍ ]အဇ္ဈတ္တ}စိတ်၏ အတွင်းသဏ္ဍာန်ကို ထိုးဖောက်နိုင်ခြင်းဖြင့် သိရှိခဲ့ရသူ ဖြစ်သည်။ ထိုဆူဖီကြီး၏ အဆိုကို နာမ်ပိုင်း ဆိုင်ရာနှင့် စပ်လျဉ်း၍ ရေးသားကြသည့် စာရေးသူ အများစုက လက်ခံခဲ့ကြသည်။ အလ်ဘွတ်(စ်)တမီသည်

မိမိ၏ ဖြစ်တည်နေမှု၏ မူလဘူတ အရင်းအမြစ်တွင် တုနှိုင်းမဲ့ ကိုးကွယ်ရာအရှင်မှ လွဲ၍ မည်သည့် အရာမျှမရှိကြောင်းကို ပါ ရှာဖွေတွေ့ရှိခဲ့သူလည်း ဖြစ်သည်။ များစွာသော ပညာရှင်များ အတွင်း ဆူဖီဝါဒပါ စျာန်အာရုံခံစားခြင်းဖြင့်



ဖန်ဆင်းရှင်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အထောက်အထားများစွာ တွေ့ရှိရပေသည်။ အစ္စလာမ် သာသနာ၏ အခြေခံ ယုံကြည်ချက်မှာ တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်မှလွဲ၍ မည်သည့်အရာမျှ မတည်မြဲနိုင်၊ ထိုအရှင်မှအပ ကိုးကွယ်ရာဟူ၍ မရှိဟူသော ]ရှဟ်ဒဟ်}ကို အခြေခံသော သာသနာဖြစ်သည်။ ထိုယုံကြည်မှုသည် မွတ်စလင်မ်တစ်ဦး၏ စိတ်အာရုံ တစ်ခုလုံးကို လွှမ်းခြုံနိုင်မှု အတိမ်အနက်ပေါ်တွင် မူတည်၍သာ သူ၏ ဘဝတည်ဆောက်မှု တစ်ခုလုံးသည် မှန်ကန်မှု အပြည့်ရှိမည် ဖြစ်သည်ဟု ဆူဖီများက ယုံကြည်ကြသည်။

ဟူစိန်အလ်မာန်ဆူးရ် အေဒီ ၉၂၂ သည်လည်း အနလ်ဟက်ဟု နာမည်ကျော်ကြားသည့် ဆူဖီတစ်ဦး ဖြစ်သည်။ ဆူဖီ ကျင့်စဉ်အရ ကျင့်ကြံအားထုတ်ခြင်းမှ ပီတိသောမနဿစခန်းတစ်ခုတွင် တွေ့သိ ခံစားမှုကို မချုပ်တည်းနိုင်ဘဲ နှုတ်မှ ]အနလ်ဟက်} ကျွန်ုပ်သည် အမှန်တရား (သို့မဟုတ်) ကျွန်ုပ်သည် အစစ်အမှန်ဟူသော ဝေါဟာရကို ထွက်ဆိုခဲ့သည်။ ဤသည်ကို  မွတ်စလင်မ်ဆရာတော် ပုပ်ရဟန်းမင်းကြီးများ၏ အမြင်တွင် ငါသည် ထာဝရဘုရားသခင် ဖြစ်သည်ဟု ဆိုခြင်း ဖြစ်သည်ဟု ယူဆခဲ့ကြ၍ အုပ်ချုပ်သူ သမ္မတက အလ်မာန်ဆူးရ်အား သေဒဏ်ပေးခဲ့သည်။ မူလကပင် ဆူဖီဝါ ဒ ပေါ်ပေါက် လာရ ခြင်းမှာ အိုလမာများ၏ အပေါ်ယံအမြင်၊ အပေါ်ယံအတွေးအခေါ် ယူဆချက်၊ ဆုံးဖြတ်ချက် များကြောင့်ဖြစ်၍  ထို ဆူဖီများ၏ ဖြစ်စဉ် ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ အတွင်းကျကျ သိထားခြင်း မရှိသော အိုလမာ များကြောင့် မာန် ဆူးရ်သည် သေဒဏ်ပေးခံခဲ့ရခြင်း ဖြစ်သည်ဟု ဆူဖီများက ယူဆခဲ့ ကြသည်။

ဂျူနိုက်ဘွဂ်ဒါဒီ အေဒီ ၉၁၀ သည်လည်း ကျော်ကြားသော ဆူဖီတစ်ဦး ဖြစ်သည်။ သူသည် မာန်ဆူးရ်ကဲ့သို့ နာမ်ပိုင်း ဆိုင်ရာ ယစ်မူးသော ဆူဖီတစ်ပါး အဖြစ်မှ နောက်ပြန်ဆုတ်ခဲ့သော ဆူဖီဖြစ်၏။ နာမ်ပိုင်းဆိုင်ရာ ယစ်မူးသော အဆင့် ကို ရှာဖွေတွေ့ရှိခဲ့သူမှာ အလ်ဘွတ်စ်တာမီ ဖြစ်သည်။ ထိုနာမ်ပိုင်းဆိုင်ရာ ယစ်မူးသော အဆင့်အတန်းသို့ ဆူဖီ ကျင့်သူ တိုင်း မလွဲမသွေ ရောက်ရှိမည်ဖြစ်သည်။ ထိုအဆင့်တွင် အလွန်အံ့သြလျှို့ဝှက်ချက်ရှိနေသည်။ ထိုအဆင့်၌မိမိ၏ စိတ်အာရုံကို တိုးမြှင့် စုစည်းနိုင်ခြင်းဖြင့် လုံးဝတည်ငြိမ်အောင် ချုပ်တည်းနိုင်ပါက မြင်တွေ့ချက် အာရုံထူးများကို ထိန်းချုပ်နိုင်သော နည်းလမ်းကို ဂျူနိုက်က ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာ စခန်းသို့ ရောက်ရှိသူ တစ်ဦးသည် နာမ်ပိုင်းဆိုင်ရာ တွေ့ထိခံစားမှု အလျင်ဖြင့် မိမိ၏ စိတ်အာရုံသည် ခန္ဓာမှ နာကျင်စွာ ထွက်ခွာနိုင်ပြီးမှ အရာအားလုံး၏ အရင်းအမြစ်ကို ထိုးဖောက် သိမြင်ခြင်း ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာ ခရီးနှင်ခြင်းသည် လူသား၏ ရုပ်ခန္ဓာ၏ အတွင်းတွင် ကိန်းအောင်နေသော နာမ်ပိုင်းဆိုင်ရာ ခရီးမှ နာမ်ပိုင်းဆိုင်ရာ အရင်းအမြစ် မူလဘူတကို ရှာ ဖွေစူးစမ်းခြင်း ဖြစ်သည်။ မြင်တွေ့ရသော အရာခပ်သိမ်း၏ အတွင်းတွင် နာမ်ပိုင်းသည် တည်ရှိနေ သည်။ ထိုမြင် တွေ့ရသော အရာခပ်သိမ်းတို့၏ အရင်းအမြစ်တိုင်းတွင် ဖန်ဆင်းရှင်၏ အထူးသက်သေ လက္ခဏာ ရုပ်များ ကို ထိ တွေ့ခံစားရခြင်း ဖြစ်သည်။ ထိုစိတ်အာရုံခံစားမှု ပီတိ သောမနဿသည် နှုတ်မှ ချုပ်တည်းနိုင်မှု မရှိဘဲ ပေါ်ထွက်လာ မှု တစ်ရပ် ဖြစ်သည်ဟု ဂျူနိုက်က ဖွင့်ဆိုခဲ့သည်။

## ဆူဖီ (ဝိပဿနာ) ဂိုဏ်းကွဲများ

ထိုဖြစ်စဉ် ဖြစ်ရပ်များနှင့် စပ်လျဉ်းပြီး အလ်ဘွတ်(စ)တာမီ၏ တွေ့ရှိချက်ကို ]ဝဟ်ဒဟ်ဝဂျူးဒ်} ဟုခေါ်ဆို၍ ဖန်ဆင်း ရှင်နှင့် ဖန်ဆင်းခံတို့ စပ်ကြား အတားအဆီး မရှိ ပူးကပ်စိမ့်ဝင်သွားခြင်း ဖြစ်ကာ နှစ်ကိန်းမှ တစ်ကိန်း ဖြစ် သွားခြင်း (ဝါ) နှစ်ကိုယ့် တစ်စိတ် ဖြစ်သွားခြင်းကို ဆိုလိုသည်။ အဓိပ္ပာယ်မှာ လူသား၏ မြင်တွေ့ရသော ရုပ်ခန္ဓာ အတွင်း၌ တည်ရှိနေသော နာမ်ပိုင်းဆိုင်ရာ ဝိညာဉ်၏ အရင်းအမြစ်သည် တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အစိတ်အပိုင်းမှ ဖြစ် သည်။ လူသားသည် ]ဖနာ}ဟူသော သင်္ခါရ မတည်မြဲသော ခန္ဓာကိုယ် အတွင်းရှိ ဝိညာဉ်၏ မူလစခန်းသို့ ခရီး ပေါက် နိုင် ခြင်းဖြင့် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံတို့ စပ်ကြား ပူးကပ်စိမ့်ဝင်နိုင်သည် ဟု ဖြစ်ပေသည်။ ထိုကဲ့သို့ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံတို့ စပ်ကြား အတားအဆီးမရှိ ပေါင်းစည်းသွားခြင်းကို ]ဝဟ်ဒဟ်ဝဂျူးဒ်} ဖြစ်သွားသည်ဟု ဆိုခြင်း ဖြစ်ပေ သည်။



ထိုအချက်ကို ဂျူနိုက်က ပထမပိုင်းတွင် လက်ခံထားခဲ့ရာမှ ပြန်လည်နောက်ဆုတ် ခဲ့၍- သူ့သီအိုရီအရ ထိုသို့ ဖြစ် စဉ်သည် ဘွတ်(စ်)တာမီ ယူဆသကဲ့သို့ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းရှင်တို့ စပ်ကြား အတားအဆီးမရှိ နှစ်ကိန်းမှ တစ်ကိန်း ဖြစ်သွားခြင်း မဟုတ်။ ဖန်ဆင်းရှင်၏ လက္ခဏာများနှင့် ဖန်ဆင်းခံတို့ စပ်ကြား၌သာလျှင် ပူးကပ်ထိတွေ့စိမ့်ဝင်သွား ခြင်းတစ်ရပ် ဖြစ်၏ဟုဖြစ်၍။ ထိုဖြစ်ရပ်ကို ]ဝဟ်ဒဟ်၊ ရှူဟူးဒ်}ဟု ဂျူနိုက်က ဖွင့်ဆိုပေသည်။ ထိုသို့သော အကြောင်း များကြောင့် နောက်ပိုင်း ဆူဖီကျင့်စဉ်များအတွင်း ဘွတ်(စ်)တာမီ၏ ]ဝဟ်ဒဟ်ဝဂျူးဒ်} ဝါဒီများနှင့် ဂျူနိုက်၏ ]ဝဟ် ဒဟ်ရှူဟူဒ်}ဝါဒီများဟူ၍ ကွဲပြားခြားနားသော ဂိုဏ်းကွဲနှစ်ခု ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆူဖီဝါဒသည် စွန္နီမွတ်စလင်မ်များ အတွင်းမှ ပေါ်ပေါက်လာသော ဝါဒတစ်ခု ဖြစ်သည်။ အဓိကဂိုဏ်းကြီး နှစ်ဂိုဏ်းမှအပ ကျန်ဆင့်ပွား ဂိုဏ်းများ၏ အမည်များကို သက်ဆိုင်ရာ ဂိုဏ်းခေါင်းဆောင်များ၏ အမည်ဖြင့် ခေါ်ဝေါ်ကြသည်။ ဉပမာအားဖြင့် ယနေ့ လူသိများနေသော ဆူဖီဂိုဏ်းအချို့ဖြစ်သော

အဗ္ဗဒွလ်ကာဒရ် ဂျေလာနီ၏ ကာဒရီယာဂိုဏ်း၊ ခွာဂျာ မုဟီနွဒ္ဒင်း ကျစ်ရှ်၏ ကျစ်ရှ်ဒီယာဂိုဏ်း၊ ခါဂျာ နက်ခ်ရှဗန်၏ နက်ခ်ရှဗန္ဒီဂိုဏ်း၊ မုဂျဒစ်အလ်ဖေဆာနီ၏ မုဂျဒ္ဒဒီဂိုဏ်းဟူ၍ နာမည် ကြီးလေးဂိုဏ်းသည် ဂိုဏ်းဆရာတို့ ၏ အမည်နာမများကို အစွဲပြုထားခြင်း ဖြစ်ပေသည်။

ထိုဂိုဏ်းကြီး လေးဂိုဏ်း၏ ဆင်းသက်လာပုံမှာ ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စား ဖြစ်သည်။ ရှေးကျသော ကာဒရီနှင့် ကျစ်ရှ်တီယာ ဂိုဏ်းတို့မှာ အလီထံမှ ဆင်းသက်လာသော တမန်တော်မုဟမ္မဒ်၏ အထူးကျင့်စဉ်များ ဖြစ်သည်ဟု ဆိုကြ ၍ တမန်တော် မုဟမ္မဒ်သည် ၎င်း၏ အထူးကျင့်စဉ်ကို အလီအား အထူးသီးခြား သင်ပေးခဲ့သော ကျင့်စဉ် ဖြစ်၏။

ထိုကျင့်စဉ် နှစ်ခုသည် အသက်ရှူသွင်းရာတွင် (အလ္လာဟ်) အသက်ပြန်ထုတ်ရာတွင် (ဟု) ]အလ္လာဟ်ဟု} ဇိကိရ် ဖြစ် သည်။ နက်ခ်ရှဗန္ဒီနှင့် မူဂျဒ္ဒဒီတို့၏ ကျင့်စဉ်မှာ အဘူဘကရ်ထံမှ ရရှိသော တမန်တော် မုဟမ္မဒ်၏ အထူးကျင့်စဉ် ဖြစ်သည်။

ထိုကျင့်စဉ်နှစ်ခုသည် နှစ်လုံးခုန်နှုန်းနှင့် ထပ်တူထပ်မျှ ]အလ္လာဟ်}ဟူသော ဇိကိရ် ဖြစ်သည်။ အထက်မှ ကျစ်ရှ်တီယာ ဂိုဏ်းတွင် ဇိကိရ်လုပ်ရင်း ပီတိ သောမနဿစခန်းတွင် မိန်းမောနေသူကို လောကသို့ ပြန်လည်တိမ်း ညွတ်လာရန် အတွက် ကြိုးတပ်တူရိယာကို အသုံးပြုရသော အထူးဇိကိရ်တစ်မျိုးကို တီထွင်ထားသည်။ သို့ရာတွင် မုဂျဒ္ဒဒီနှင့် နက်ခ် ရှဗန္ဒီတွင် တူရိယာများကို အသုံးမပြုကြပေ။ ဤသည် အစ္စလာမ်သာသနာ အတွင်း လူနည်းစုများသာ လိုက်နာ ကျင့် သုံးသော ဆူဖီကျင့်စဉ် ဂိုဏ်းမြောက်များစွာ အနက် တစ်စိတ်တစ်ဒေသပင် ဖြစ်ပေသည်။

အဓိက ဂိုဏ်းကွဲ နှစ်ခုကို အခြေခံရာမှ နောက်ပိုင်းတွင် ဆူဖီဝါဒများအတွင်းတွင် များစွာသော ဂိုဏ်းကွဲများ ပေါ် ပေါက်လာတော့သည်။ ထိုဆူဖီကျင့်စဉ်ကျင့်ရပ်များနှင့် ထိုကျင့်စဉ်တစ်ခုစီကို အခြေခံ၍ တွေ့ရှိချက်များသည် ခရစ်မ တိုင်မီ အလျင်က ပေါ်ပေါက်ခဲ့ဖူးသော အလွန်ရှေးကျသည့် ဘာသာအယူဝါဒ ဈာန်ကျင့်စဉ်များနှင့် တူနေသည်ကို တွေ့ရပေသည်။ မည်သို့ပင်ဆိုစေ နောက်ပိုင်းတွင် အိုလ်မာများအတွင်း၌ ဆူဖီကျင့်စဉ်များကို လိုက်စားလာသူ များပြားလာခဲ့သည်။ ထိုကဲ့သို့ အိုလ်မာများက ဆူဖီလမ်းစဉ်များ အတွင်း ပါဝင်လာခြင်းကြောင့် ဆူဖီဝါဒ အရေးပါ သော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာခဲ့ရသည်။ ဆူဖီလမ်းစဉ်တွင် အိုလ်မာများ ပါဝင်လာပြီး နောက်ပိုင်း ဆူဖီ အိုလ်မာ များ၏ အဆိုအရ အာလင်မ်အိုလ်မာ ဖြစ်ပါလျက် ဆူဖီကျင့်စဉ် ကျင့်ရပ်များကို ကျင့်ကြံအားထုတ်မှု မရှိပါက ပြီး ပြည့်စုံသော အာလင်မ်အိုလ်မာများ မဖြစ်နိုင်ဟု ဆိုကြသည် အထိ ဆူဖီဝါဒအရေးပါလာခဲ့တော့သည်။

ထိုအချိန် ထိုအခါသည် တမန်တော် မုဟမ္မဒ် မရှိတော့သည့် နောက်ပိုင်း နှစ်ပေါင်းသုံးရာ ဝန်းကျင်တွင် ဖြစ်၍ အာ လင်မ်အိုလ်မာများအတွင်း များစွာသော ဂိုဏ်းဂဏ အယူဝါဒများ အားဖြင့် ရပ်တည်လာခဲ့သော ခေတ် ဖြစ်တော့ သည်။

ထိုသို့သော အကြောင်းများကြောင့် ထိုအချိန်မှစတင်၍ ကုရ်အာန်သည် ဘဝလမ်းညွှန်အဖြစ် ချမှတ်ပေးခဲ့သည့် ကျမ်း ဖြစ်သည်ဟု နားလည်ခံယူသော ပညာရှင်များပင်လျှင် မရှိနိုင်တော့ဟု ဆိုနိုင်စရာ ဖြစ်လာခဲ့သည်။

ထိုခေတ်ကာလက သာသနာ့ပညာရှင်များကို မွေးထုတ်ပေးရာ ကျောင်းကြီးများတွင် ကုရ်အာန်ပါ အဓိပ္ပါယ် ဝေါဟာ ရများကို သိရှိနိုင်ရန် အတွက် မိမိတို့ လက်ခံ ယုံကြည်ကြသော ဂိုဏ်းဂဏ ရှေ့ဆောင်များ၏ ဖွင့်ဆိုပြီးသား အတိုင်း သာ သိပိုင်ခွင့် ရှိကြသည်။ အာလင်မ်အုလမာများသည်ပင် ကုရ်အာန်ကို တိုက်ရိုက်ဖွင့်ဆိုခွင့်၊ လေ့လာပိုင်ခွင့်၊ သိရှိ



ပိုင်ခွင့်ဟူသော အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပေရာ- သာမန် မွတ်စလင်မ်များအဖို့ ကုရ်အာန်ကို တိုက်ရိုက် နားလည် ရန် ဟူသည် ဖြစ်နိုင်ချေ ကင်းမဲ့လာခဲ့တော့သည်။

## ရှေးကျမ်းရများနည်းတူ မွစ်လင်မ်များ

တမန်တော် မရှိတော့သည့် နောက်ပိုင်း နှစ်ပေါင်း သုံးရာကျော်တွင် အစ္စလာမ် သာသနာတွင်း၌ ရှေးကျမ်းရများ နည်းတူ လုံးဝဥဿုံ ပြီးပြည့်စုံသော သာသနာပိုင်ဝါဒကို တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ အုပ်ချုပ်ရေးဘက်တွင်လည်း တမန်တော် မရှိတော့သည့် နောက်ပိုင်း နှစ်ပေါင်း ၁၀၀ ဝန်းကျင်ခန့်ကပင် အာဏာရှင်ဝါဒဘက်သို့ စတင် ယိမ်းထိုး လာခဲ့၍ ထိုမှ နောက်ပိုင်းတွင် ခိုင်မာသော အာဏာရှင် အုပ်ချုပ်ရေး စနစ်ဖြင့် အုပ်ချုပ်နိုင်ခဲ့ပြီး ဖြစ်သည်။

ကုရ်အာန်သည် မည်သည့်လူသား တစ်ဦးတစ်ယောက်ကိုမျှ အထူး အခွင့်အရေး ပေးထားခြင်း မရှိသကဲ့သို့ မည်သူ တစ်ဦးတစ်ယောက် ကိုမျှလည်း အခွင့်အရေး လျှော့ပေးထားခြင်း မရှိပေ။

ကုရ်အာန်တစ်အုပ်လုံးပါ အကြောင်းအရာများ အနက် သုံးပုံ နှစ်ပုံသည် ရှေးကျမ်းဂန်ရများ အကြောင်းကို ဖော်ပြ ထားသည်။ ထိုသို့ ဖော်ပြရာ၌ ရှေးကျမ်းဂန်ရ ပုပ်ရဟန်းကြီးများသည် သာသနာကို မောင်ပိုင်စီး လက်ဝါးကြီးအုပ် သော စနစ်ကို ကျင့်သုံးခြင်း၊ ဗျာဒိတ်ကျမ်းဂန်ကို နောက်ကျောသို့ပစ်၍ ၎င်းတို့၏ လူရေးကျမ်း ဝါဒများဖြင့် နောက် လိုက် တပည့်များကို လမ်းမှားစေခြင်း၊ ၎င်းတို့၏ လူရေးကျမ်းများသည် ဗျာဒိတ်ကျမ်းမှ အနှစ်သာရကို ထုတ်ယူခဲ့ သည်ဟု ပြောဆို၍ ကိုယ်ကျိုးအမြတ် ရှာခြင်း၊ ထိုပုပ်ရဟန်းကြီးများကို အမှန်တကယ်

ယုံကြည်ကြသော နောက်လိုက် တပည့်များသည် ဗုဒ္ဒိတ်ကျမ်း ၏အလွန် အတွေးအခေါ်များ အားဖြင့် လမ်းမှားသွားကြသည်။ ထိုနောက်လိုက် တပည့် များက ၎င်းတို့လေ့လာဆည်းပူးနေမိသော လူရေးကျမ်းများသည် အမှန်တကယ် ဗုဒ္ဒိတ်ကျမ်းများထက်ပင် ပိုမို၍ ပြည့်စုံသည်ဟု ယူဆခဲ့သည့် အတွက် တုနှိုင်းမဲ့ ကိုးကွယ်ရာအရှင်က ထိုနောက်လိုက်တပည့်တို့အား ပညာမဲ့ လူ့ဗာလ များ ဖြစ်ကြောင်း ပြောထားခြင်းများကို ကုရ်အာန်တွင် မြောက်များစွာ ဖော်ပြထားပေသည်။ ၂း၇၈၊၇၉။ ၃း၁၈၇။ ၅း၆၂။ ၉း၃၄။ ၃း၁၈၇

ထိုကဲ့သို့ပင် ရှေးကျမ်းဂန်ရ ခေါင်းဆောင်များနှင့် နောက်လိုက်တပည့်များ အားလုံးသည် ဗုဒ္ဒိတ်ကျမ်းဂန်နှင့် အလွန် နီးကပ်စွာ ရှိပါလျက် ကျမ်းဂန်၏ အနှစ်သာရနှင့် ဝေးကွာလျက် ရှိကြသည်။ ထိုရှေးကျမ်းဂန်ရများ၏ ဖြစ်အင်သည် ကျမ်းစာအုပ်များကို သယ်ဆောင်သော မြည်းသတ္တဝါများနှင့် တူကြောင်း ကုရ်အာန်တွင် ဖော်ပြထားသည်၊ ၆၂း၅။

ရှေးဖြစ်ရပ်များကို ကျမ်းတော်တွင် ထိုသို့ ပြန်လည် ဖေါ်ပြခြင်းမှာ- ထိုရှေးဟောင်းလူတို့ ကျူးလွန်ခဲ့သော အမှား များကဲ့သို့ နောင်လာနောက်သားများ အမှားထပ်မံ မကျူးလွန်မိစေရန် ပမာဆောင် တင်ပြခြင်းပင် ဖြစ်ပေသည်။

ထိုသို့ အကြိမ်ကြိမ်အလီလီ ဖေါ်ပြသွန်သင် ထားသော်လည်း အစ္စလာမ်သာသနာ့ ရှေ့ဆောင်တို့သည် နိုင်ငံရေး ပရောဂ မျိုးစုံကို ရှောင်ရင်းလွဲရင်းဖြင့် ဂိုဏ်းဂဏများကို တီထွင်ကြဆကာ မြောက်များစွာသော ဂိုဏ်းများကို နှလုံး ပိုက် လိုက်နာခဲ့ကြသည်။ ထိုမျှမက ကျမ်းမြတ်ကုရ်အာန်အား မူရင်းဆိုလိုချက် အနက်အဓိပ္ပါယ်အား မေးမိန်စေမည့် အယူအဆများဖြင့် သီကုံးဖွဲ့စပ် ဖွင့်ဆိုခဲ့လေတော့သည်။ သို့ဖြင့် ကာလကြာသော် ဆရာတော် ကြီးများ၏ ဖွဲ့စပ်သီကုံး ချက်များသည် အစ္စလာမ်သာသနာ၏ အခြေခံဥပဒေ အဖြစ်နေရာယူလာခဲ့သည်။

ဥပမာအားဖြင့်- ရှေးအာရဗ်ရိုးရာ- အမျိုးသမီးတို့အား နှိပ်ကွပ်ခြင်း။ အမျိုးသမီးများအား မတော်မတရား တစ် ဘက်သတ် ကွာရှင်းခြင်း။ အခန့်မသင့်၍ ဇနီးမောင်နှံနှစ်ဦး စကားများ ကင်းကွာကြလျှင်- ကြားလင် သို့မဟုတ် ယာယီလင်ယောက်ျား ပေးစားခြင်းများ- စသည့် ရိုးရာကြိုက် တရားများဖြင့် အစ္စလာမ်၏ စစ်မှန်သော သန့်ရှင်း သော တရားတော် သွန်သင်ချက်များအား ညစ်ပေစေရန် ပြုလုပ်လာတော့သည်။

၈၅ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

လူထုအား ပျားရေဆမ်း တရားများဖြင့် တည်ငြိမ်နေစေလိုသော အာဏာရှင်များ၏ အောက်တွင် အစ္စလာမ့်အနှစ် သာရများသည် ကြောက်ခမန်းလိလိ ပျောက်ဆုံးခဲ့ရတော့သည်။

နိုင်ငံရေးအရ အစ္စလာမ့်အင်ပါယာ ကြီးမားကျယ်ပြန့် လာသသည်ကားမှန်၏။ သို့သော် အရင်းအနှီးအားဖြင့် အစ္စလာမ့် တရားတော် စစ်စစ်များအား ပေးဆပ်လိုက်ရသည်မှာ ယနေ့တိုင် ကုစား၍ မရနိုင်သေးချေ။ ထိုသို့ ဖြစ်ရ သည်မှာ အာဏာရှင်ကြိုက် ဆရာတော်ကြီးများ၏ ပျားရည်ဆမ်း တရားများကို ကုရ်အာန်ပါ အခြေခံဥပဒေဖြင့် မစမ်းစစ်ဘဲ တပည့်စဉ်ဆက် ထိန်းသိမ်း စောင့်ရှောက်လာခဲ့ ခြင်းကြောင့်ဖြစ်သည်။

တုနှိုင်းမဲ့ ကိုးကွယ်ရာအရှင်၏ ပြဌာန်းချက် နိယာမ ဗုဒ္ဒိတ်ကျမ်းတော်အား ချဲ့ကား ဝါဒထွင်မှုများကြောင့် ရှေးလူ ဟောင်းများသည် လူပုဂ္ဂိုလ် ကိုးကွယ်ရေးဘက်သို့ဦးတည်ကာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း နမူနာ ယူနိုင်ရန် မွတ် စလင်မ် တို့အား ကမ္ဘာအနှံ့ လှည့်လည်၍ စူးစမ်း သုံးသပ်ကြရန် ကျမ်းမြတ်ကုရ်အာန်၌ ၁၀ ကြိမ်ထက်မနည်း ဖေါ်ပြ သွန်သင်ထားသော်လည်း ထိုသွန်သင်ချက်များမှာ ကျမ်းတော်၏ စာကြောင်းများကြားတွင်သာ တိမ်မြုပ်လျှက် ရှိ တော့သည်။ မွတ်စလင်မ်တို့၏ နှလုံးသားတွင်းသို့ ထိုးဖေါက်ဝင်ရောက် နိုင်စွမ်း မရှိတော့ချေ။ ၁၂း၁၀၉-၁၆း၃၆-၂၀း၉၁၄၂-၄၀း၂၁၈၂-၃း၁၃၇-၄၇း၁၀-၄၉း၂၀။

သို့သော် မွတ်စလင်မ်များအတွက် ကံကောင်းခြင်း တစ်ခုမှာ – ကျမ်းမြတ်ကုရ်အာန်သည် ရှေးကျမ်းများကဲ့သို့ လူရေး ကျမ်းများကြား၌ နစ်မြုပ်သွားခြင်း မရှိဘဲ- လူရေးကျမ်းပေါင်း မည်မျှ ပေါ်ပေါက်လာစေကာမူ ကုရ်အာန်ကျမ်းမှာ သီးခြား မားမားမတ် ရပ်တည်လျှက် ရှိနေခြင်းပင်။ လူရေးကျမ်းပေါင်းများစွာဖြင့် မွတ်စလင်မ်တို့၏ နှလုံးသားကို လှည့်စားထားနိုင်သော်လည်း ကုရ်အာန်ဟူသော အသံကို ကြားလိုက်သည်နှင့် နားလည်သည် ဖြစ်စေ၊ နားမလည်သည် ဖြစ်စေ မွတ်စလင်မ်တို့၏ မသိစိတ်မှ ကြက်သီးမွေးညင်းထသည့် ဓါတ်ခံရှိနေပေသည်။ သို့ဖြစ်၍- မည်သည့် လူရေး ကျမ်းသည်မှ ကုရ်အာန်ကျမ်းတော်အား အံတု ကျော်လွှန်၍ မရနိုင်ခြင်း ဖြစ်တော့သည်။ ထိုအချက်ကို ကောင်းစွာ သိထားသော လူရေးကျမ်းတတ် ပညာရှင်တို့ကလည်း လူတို့ ရေးလေသမျှသော ကျမ်းများကို ကုရ်အာန်က ဆိုလိုသ ယောင် ကုရ်အာန်အား အကျယ် ဖွင့်ဆိုသယောင် ကုရ်အာန်၏ အမည်နာမအောက်၌ ခိုလှုံ၍ ရေးသားကြသည်သာ ဖြစ်တော့သည်။ တနည်းအားဖြင့် ကုရ်အာန်ကျမ်းတော်ကို ဖျက်သိမ်းနိုင်ခြင်း ရောစပ် ဖြတ်တောက်နိုင်ခြင်း မရှိသော ကြောင့် ကုန်အာန်ကျမ်းတော်အား မသိမသာ ဖယ်ထားသော နည်းမျိုးကိုသာ သုံးခဲ့နိုင်ပေသည်။

သို့သော် ကျမ်းမြတ်ကုရ်အာန်၏ ထူးခြားချက်မှာ- ထိုဆရာကြီးများ၏ သမိုင်းကျမ်းများနှင့် လုံးဝ နှိုင်းယှဉ်တုပ၍ မရဘဲလျှက်- ခေတ်တိုင်းကာလတိုင်း ဒေသတိုင်း လူမျိုးတိုင်းအတွက် ပြီးပြည့်စုံပြီး- ဦးဆောင်လမ်းပြနေသော ကျမ်းတစ်ဆူ ဖြစ်နေခြင်းပင်- ကျမ်းတော်အား လိုက်လံတုပသော လူရေးကျမ်းများသည်သာ- ခေတ်တစ်ယွန်းတိုင်း တစ်ခေတ်စီ နောက်ကျနေခဲ့တော့သည်။

ရှင်းမှရှုပ်သွားရသော ဒေသနာ

အစ္စလာမ်သာသနာ၏ အခြေခံကျောရိုး ဒေသနာမှာ ကျမ်းမြတ်ကုရန်အာန်ပင် ဖြစ်ကြောင်း အစ္စလာမ် သာသနာဝင် တိုင်းယုံကြည်လက်ခံထားပေသည်။ ကုရ်အာန်ကျမ်းတော်သည်- လူသားများအတွက် ကျမ်းတော်အား စတင် ချမှတ် ပြဋ္ဌာန်းပေးချိန် ဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင့်ငါးရာ နီးပါးက လူသားတို့သည် အစီးအနင်း ယာဉ် အ ဖြစ် မြင်း၊ ကုလားအုတ်၊ နွားလှည်းများကို အသုံးပြုခဲ့သော ကာလ ဖြစ်သည်။ ထိုအချိန် ထိုအခါကလည်း ထိုခေတ် လူသားများ အတွက် သဟဇာတ ဖြစ်သော လမ်းညွှန်မှုများကို ပေးလျက်- ယနေ့ခေတ် ကား၊ လေယာဉ်ပျံ၊ ဒုံးပျံများ ကို စီးနင်းနေသော ခေတ်တွင်လည်း ပစ်ပါယ်စရာ ခေတ်နောက်ကျခဲ့ရာမရှိ၊ဦးဆောင်လမ်းပြaနေဆဲပင်။ နောင်လူ သားတို့သည် အခြားဂြိုဟ်ကမ္ဘာများသို့ သွားရောက် နေထိုင်လျှင်လည်း ဦးဆောင် လမ်းပြနေ ဦးမည်ပင်။ ထို့ကြောင့် ကျမ်းတော်တွင် ထိုအချိန်ကတဲက လူသားတို့သည် အစီးအနင်းယာဉ်များဖြင့် တစ်ဂြိုလ်မှ တစ်ဂြိုလ်သို့ တက်ရောက် သွားကြရ မည်ဟု ဆိုထားခြင်း ဖြစ်ပေသည်၊ (၈၄း၁၉)။



ထိုကဲ့သို့ ခေတ်တိုင်းအတွက် ဦးဆောင် လမ်းပြနေသော ကျမ်းတော်သည် အလွန်ရိုးရှင်းသော ရှင်းလင်းချက်များနှင့် လူ့အလွှာတိုင်းအတွက် ဗဟုသုတကိုယ်စီဖြင့် ပေါင်းစပ်နားလည်နိုင်သော ကျမ်းတော်ဖြစ်ပေသည်။ သို့ဖြစ်ကြောင်း ကျမ်းတော်တွင်- ကျမ်းတော်သည်- အရာခပ်သိမ်းတို့၏ ရှင်းလင်းချက်များ ပါဝင်သော ကျမ်းဟု လည်းကောင်း ၆း၈၇။ ကုရ်အာန်ပါ ဗျာဒိတ်ဥပဒေများသည် မြဲမြံခိုင်ခန့်၍ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော အရှင့်ထံမှ အသေး
စိတ် ရှင်းလင်းပြဋ္ဌာန်းထားပြီးဖြစ်သည်ဟု လည်းကောင်း- ၁၁း၁။ ကုရ်အာန်၏လမ်းညွှန်မှုသည် အဖြောင့်မတ်ဆုံး သော လမ်းညွှန်မှုဖြစ်သည်ဟုလည်းကောင်း ၁၇း၉။ ကုရ်အာန်ပါ ဥပဒေများကို လိုက်နာကျင့်သုံးရာ၌ လူသားတစ်ရပ် လုံးအဖို့ လွယ်ကူစေခဲ့၏။ သို့ပါလျက် အသင်တို့အနက် ကုရ်အာန်အတိုင်း လိုက်နာကျင့်သုံး သူတစ်ဦး တစ် ယောက် ရှိပါ၏လောဟု ၅၄း၁၇၊၂၂၊၃၂၊၄၀။ ထပ်ပြန်တလဲလဲ ပြောထားပေသည်။ ထိုသို့ ရှင်းလင်း လွယ်ကူသည် ဟု ကတိပေး ထားသော ကျမ်းတော်သည် တမန်တော်မုဟမ္မဒ်မှ တဆင့် ဗျာဒိတ်ဉာဏ်စဉ်ဖြင့် ချမှတ်ပေးသော ကျမ်းဖြစ်ကြောင်း- တမန်တော် မုဟမ္မဒ်သည်ပင် ထိုကုရ်အာန် ဥပဒေနှင့် အနည်းငယ်မျှ အတိမ်းအစောင်းပြုပိုင်ခွင့် မရှိပေကြောင်း အ ကယ်၍ ကုရ်အာန်၏ ဥပဒေနှင့် အနည်းငယ်မျှ လွဲချော်သော အပြောအဆို၊ အပြုအမူ၊ အယူဝါဒရှိခဲ့ပါက မုဟမ္မဒ် ၏ နှလုံးသွေးကြောကို ဖြတ်တောက်ပစ်မည် ဟူ၍ အတိ အကျ ဆိုထားပေသည်၊ ၆၉း၄၄၊၄၅၊၄၆။
ထိုသို့ လွယ်ကူစွာ နားလည်နိုင်သည်- မည်သည့်လူသား၏ လက်ရာမှ စွက်ဖက်ထားခြင်း မရှိဟု အာမခံထားသော ကျမ်းတော်အား အာဏာရှင်များ လက်အောက် ဆရာစဉ်ဆက် စွပ်ဖက် ဖွင့်ဆိုခဲ့မှုများကြောင့် ယနေ့ ကယ်တင်ရှင် များကိုစောင့်မျှော်သော ကိစ္စ၊ ကြားလင်အငှား ပေးစားခြင်းကိစ္စနှင့် မြောက်များစွာသော ပုံပြင်များမှာ မွတ်စလင်မ် အများစုကြီး၏ အသွေး အသား ထဲသို့ စိမ့်ဝင်နေလျှက် ရှင်းမနိုင် လင်းမရ ပဋိပက္ခကြီးဖြစ်လျှက် ရှိနေတော့သည်။ အချို့ကလည်း ထိုသို့သော ပုံပြင်များကို အခွင့်ကောင်းယူလျှက် မိမိကိုယ်မိမိ မွတ်စလင်မ်များ၏ ကယ်တင်ရှင်အဖြစ် ကျေညာခဲ့သည်များ လည်းရှိခဲ့ကြသည်။

ပုံစံသစ်ဖြင့် အစ္စလာမ့်အင်ပါယာ

အေဒီ ၉၃၅ မှ ၁၂၅၈

တစ်ဆယ်ရာစုနှစ်မှ စတင်၍ အစ္စလာမ့်အင်ပါယာကြီးသည် မွတ်စလင်မ် ခလီဖာ(ခေါ်) သမ္မတတစ်ဦးတည်း၏ အုပ် ချုပ်မှု အောက်တွင် မရှိတော့ပေ။ ယခင်က ခလီဖာဟူသည် တိုင်းပြည်ကို အုပ်ချုပ်သော သမ္မတဖြစ်သည်။ ယခုအခါ ခလီဖာဟူသည် တိုင်းပြည်ကိုအုပ်ချုပ်သော လူတန်းစားဘဝမှ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်တစ်ဦး အဆင့်သို့သာ ရောက်ရှိခဲ့ရသည်။ အစ္စလာမ် သာသနာဆိုင်ရာ လိုက်နာကျင့်သုံးမှု အပိုင်းတွင်လည်း ကွဲပြားခြားနားသော ပုံစံ အ သစ်များ မြောက်များစွာ ပေါ်ပေါက်လာခဲ့သည်။ အီဂျစ်နိုင်ငံကို အုပ်ချုပ်လျက်ရှိသော အစ္စမာအီလီများ၏ အုပ် ချုပ်ရေးသည် ဖာတီမစ် ခလီဖာ အုပ်ချုပ်ရေး စနစ်ဖြင့် မြောက်အာဖရိက၊ ဆီးရီးယား၊ အရေးဗီးယားနှင့် ပါလက်စတိုင်းအထိ တိုးမြှင့်အုပ်ချုပ်နိုင်ခဲ့သည်။ အီရတ်၊ အီရန်နှင့် အာရှတိုက်အလယ်ပိုင်းတွင် အဘာစီ ခလီဖာ များ၏ ကိုယ်ရံတော်တပ်မှ တူရကီစစ်အရာရှိများက အမီရ်ဟူသော အမည်ဖြင့် အုပ်ချုပ်ကြသည်။ ၎င်းတို့၏ အုပ်ချုပ်ရေး နယ်ပယ်များကို လွတ်လပ်သော နိုင်ငံများအဖြစ် ကြေညာခဲ့သည်။ ထိုတစ်ဆယ်ရာစုနှစ်ကို ရှီယာများ၏ အုပ်ချုပ်ရေး စနစ်ဟု ခေါ်ဆိုရမည်ဖြစ်သည်။
အဘယ်ကြောင့် ဆိုသော် ထိုအုပ်ချုပ်သူများ၏ အယူဝါဒများမှာ ရှီယာများ၏ ပုံစံကို နှစ်သက်သူများ ဖြစ်ကြသည်။ ထိုအမီရ်များ၏ အုပ်ချုပ်ရေးတွင် အဘာစီများကို မွတ်စလင်မ်များ၏ ဘာသာရေး ခေါင်းဆောင်များ အဖြစ် ချီးမြှင့် ၍ အထူးအခွင့်အရေး တစ်ရပ်ပေးခဲ့သည်။ အမီရ်များ၏ အုပ်ချုပ်ရေးမှာလည်း အမည်အားဖြင့်သာ ကွဲပြားခြားနား ၍ အဘာစီများနည်းတူ သက်ဦးဆံပိုင် ဘုရင်စနစ်ပင် ဖြစ်သည်။ ၎င်းတို့၏ အုပ်ချုပ်ရေးသည် နိုင်ငံရေးအရ အောင် မြင်သည်ဟု ဆိုရပေမည်။ တစ်ဆယ်ရာစုနှစ်မှ စတင်၍ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ဒေသရှိ မွတ်စလင်မ် များကို အုပ်ချုပ်ခဲ့သည်။ သို့သော် အစ္စလာမ် အုပ်ချုပ်ရေးအောက်တွင် မရှိဘဲ လွတ်လပ်စွာ သာသနာပြုခဲ့စဉ်က သန့်ရှင်းသော အယူအဆများသည် အာဏာရှင် လက်ပါးစေ သာသနာပိုင်များ၏ လက်အောက်သို့ ကျရောက်သွားရ၍

ထိုအုပ်ချုပ်ခံဒေသ အားလုံး၏ ဘာသာရေးကျောင်းများမှ သင်္ခန်းစာများမှာ အာရဗ်ရှေးရိုးရာ များဖြင့် ပျားရည်လူး ထားသော အယူများ ဝင်ရောက် စွပ်ဖက်ခြင်းကို ခံလိုက်ရတော့သည်။

အေဒီ ၁၀၅၅ ခုတွင် ဆီးရီးယားနိုင်ငံ အောက်ပိုင်းရှိ တူရကီစစ်သားများသည် ဘဂ္ဂဒက်မြို့ကို သိမ်းပိုက်ခဲ့ကြသည်။ ထိုစစ်သားများက ၎င်းတို့အသိအမှတ်ပြုသော တူရကီစစ်တပ်အရာရှိများကို ခေါင်းဆောင်တင်မြှောက်၍ ခလီဖာဝါဒ ပြန်လည် အသက်သွင်းခဲ့ကြသည်။ ၎င်းတို့၏အုပ်ချုပ်ရေးသည် သမ္မတကြီး အုမာရ်အုပ်ချုပ်သကဲ့သို့ ]]ဒါရွလ် အစ္စလာမ်}} အစ္စလာမ့်အုပ်ချုပ်ရေးဟု ကြေညာခဲ့ကြသည်။ အဘာစီများ အုပ်ချုပ် ချိန်ကပင် အုပ်ချုပ်ရေးစနစ်သည် ဆက်တိုက်ပြိုကွဲလျက် ရှိခဲ့ခြင်းကြောင့် ၎င်းတို့၏ ကြိုးပမ်း အားထုတ်မှုသည် ထင်ထား သကဲ့သို့ အရာမထင်ခဲ့ပေ။ ထိုအချိန်သည် မွတ်စလင်မ် အသိုက်အမြုံကြီးကို အဘာစီများ၏ စစ်တပ်က နှစ်ပိုင်းခွဲ၍ အမီရ်အုပ်ချုပ်ရေး ဟူ၍ လည်းကောင်း၊ ခလီဖာအုပ်ချုပ်ရေး ဟူ၍ လည်းကောင်း အုပ်ချုပ်ခဲ့ ကြခြင်း ဖြစ်သည်။ ၎င်းတို့ အုပ်စုနှစ်အုပ်စု တို့သည်လည်း အချင်းချင်း အတွင်း၌ အင်အား ပြိုင်ဆိုင်လျက် ရှိနေကြသည်။

ထိုကဲ့သို့ တည်ငြိမ်မှုမရှိသော အုပ်ချုပ်ရေးအောက်တွင် နိုင်ငံရေးရာ အုပ်ချုပ်သူ အပြောင်းအလဲများကြောင့် အစ္စလာမ် သာသနာသည် ပြိုကွဲယိမ်းယိုင်သွားမည်ဟု ထင်မြင်ယူဆကြမည် ဖြစ်သည်။ ထိုကဲ့သို့ ယူဆမည်ဆိုပါက အလွန်မှားယွင်းသော ယူဆချက် ဖြစ်ပေမည်။ ထိုတည်ငြိမ်မှု မရှိသော နိုင်ငံရေး အပြောင်းအလဲ အောက်တွင် မမျှော် လင့်ဘဲ အစ္စလာမ် သာသနာသည် သင့်တင့် လျောက်ပတ်သော ပုံစံသစ်ဖြင့် မွတ်စလင်မ်များ စုစည်းနိုင်ခဲ့သည်။ ပိုမို ကျစ်လစ်ခိုင်မာ တောင့်တင်းလာခဲ့သည်။ ထိုခေတ် အုပ်ချုပ်သူများ၏ လက်အောက်တွင် မိမိတို့နိုင်ငံ၏ ကိုယ်ပိုင် မြို့တော်များ သီးခြား ရှိလာခဲ့ကြသည်။ တစ်ချိန်တစ်ခါက အစ္စလာမ် သာသနာ၏ အုပ်ချုပ်ရေး ဗဟိုဌာနချုပ်မှာအီ ရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဖြစ်ခဲ့သည်။ ယခုအခါ ဖာတီမစ် ခလီဖာများ၏ အုပ်ချုပ်မှုအောက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ သည် အရေးပါသော အစ္စလာမ့် အမွေအနှစ်များ တည်ရှိနေခဲ့သည်။ ဖာတီမစ် ခလီဖာများ၏ အတွေးအခေါ် ပညာ ရှင်များ တည်ထောင်ထားသော ]အဇ်ဟရ်} တက္ကသိုလ်ကြီးသည် ထိုအချိန်မှ စတင်၍ ကမ္ဘာ့မွတ်စလင်မ်များ တင်မက ကမ္ဘာ့လူသား တစ်ရပ်လုံး အတွက်ပါ အရေးပါသော တက္ကသိုလ်ကြီး ဖြစ်ခဲ့သည်။ ထိုတက္ကသိုလ်ကြီးမှ နှစ်စဉ် ဝိဇ္ဇာ သိပ္ပံနှင့် ဘာသာရေးရာ ပညာရှင်များကို ဆက်တိုက်မွေးထုတ် ပေးခဲ့သည်။

အလားတူ ဆမာကန်မြို့သည် ပါရှန်း စာပေနှင့်ယဉ်ကျေးမှုကို ပြန်လည် ထွန်းကားစေသော မြို့တစ်မြို့လည်း ဖြစ်ခဲ့ သည်။ ထိုမြို့တော်ကြီးမှ ကမ္ဘာ့ အတွေး အခေါ် ပညာရှင်ကြီး၊ အဘူအလီအေ့ဗနုစီနာ အေဒီ ၉၈၀-၁၀၃၇ မွေးဖွား ခဲ့သည်။ အနောက်တိုင်းသားတို့က ၎င်း အား အဘီစီနာဟု ခေါ်ဆိုကြသည်။ အေ့ဗနုစီနာသည် အတွေးအခေါ် ပညာ ရှင်ကြီး အလ်ဖရာဘီ၏ တပည့်ရင်း ဖြစ်သည်။ သူသည် မိမိဆရာထက်ပင် အစ္စလာမ် သာသနာကို အတွေးအခေါ် ရှုဒေါင့်မှ ပိုမိုဖွင့်ဆိုနိုင်ခဲ့သူ ဖြစ်သည်။ သူ၏အမြင်၌ တမန်တော် မုဟမ္မဒ်သည် လူသားတစ်ရပ်လုံး၏ အတွေး အခေါ် အယူဝါဒများကို ပြောင်းလဲရန် ရောက်ရှိ်လာသူဟု ဖွင့်ဆိုခဲ့၍-တမန်တော် မုဟမ္မဒ်သည် လူသား တစ်ရပ်လုံးအတွက် ဘာသာရေးကိစ္စ တစ်ခုတည်းကို ပို့ချရန် ရောက်ရှိလာသည် ဟူသော အချက်ထက် ပိုမိုလေးနက်သည်ဟု ခံယူခဲ့သူ ဖြစ်သည်။ တမန်တော် မုဟမ္မဒ်သည် ၎င်း ယူဆောင်လာသော ကုရ်အာန်ပါ ခေတ်မှီတိုးတက်သော အတွေးခေါ်များ အားဖြင့် လူသား တစ်ရပ်လုံးကို ပြုပြင် ပြောင်းလဲ ပေးခဲ့သော ပါရဂူတစ်ဦး ဖြစ်သည်ဟု ယုံကြည်ခဲ့သူလည်း ဖြစ် သည်။ အေ့ဗနုစီနာသည် ဆူဖီဝါဒလမ်းစဉ်ကို လိုက်စားသော နိုင်ငံခြားအတွေးအခေါ်ပညာရှင် တစ်ဦး ဖြစ်သည်။

သူ၏ဆူဖီဝါဒ ဆိုင်ရာဖွင့်ဆိုချက်တွင် ဈာန်အာရုံခံစားခြင်းသည် ပျံ့လွင့်နေသော စိတ်၏စွမ်းအားများ ကို စုစည်း ခြင်းဖြစ်သည်။ သို့မှသာ လိုရင်းသို့ မရောက်စေနိုင်သော အတွေးအခေါ်များကို ဖြတ်တောက်၍ လိုရင်းသို့ အရောက် ပို့နိုင်သော နည်းဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။ လူသား၏ ဖွဲ့စည်းပုံမှာ အမျိုးမတူသော ရုပ်ပိုင်းနှင့် စိတ်ပိုင်းများကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ထိုအမျိုးမတူသော အရာနှစ်ခုလုံးသည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် သင့်တင့် မျှတ သော အာဟာရများကို ဖြည့်ဆည်းပေးရမည် ဖြစ်သည်။ များသောအားဖြင့် လူသားသည် ရုပ်ခန္ဓာ အတွက် လိုအပ် သော အာဟာရများကို ဖြည့်ဆည်းကြသည်။ ဖြည့်ဆည်း ရမည်ဟုလည်း လူတိုင်းသိကြသည်။ နာမ်ပိုင်းဆိုင်ရာ အဟာရ ဟူသည် ပြန့်လွင့်လျှက်ရှိသော ထွေပြားသည့် စိတ်အာရုံကို စုစည်းနိုင်ခြင်း ဖြစ်သည်ဟု သူကဖွင့်ဆိုခဲ့သည်။



ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနှင့်အတူ နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုတို့မှာ မျှတမှုရှိရမည်။ သို့မှသာမှန်ကန်သော အယူဝါဒ ခံယူချက်များအပေါ် နာမ်၏စေရာကို ရုပ်ခန္ဓာက တစ်သွေမတိမ်း နာခံမည် ဖြစ်သည်။ အတွေး အခေါ်အယူဝါဒနှင့် ဆူဖီဝါဒတို့မှာ အခြေခံအားဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်မှုကို ရှေ့ရှု၍ကျင့်ကြံ အားထုတ် သော ဝါဒလမ်းစဉ်များ ဖြစ်သည်ဟု အေ့ဗနုစီနာက လက်ခံယုံကြည်ခဲ့သည်။

ထိုကဲ့သို့ပင် စပိန်နိုင်ငံ ကော်ဒိုဗာမြို့သည် အိုမိုက်ယာ အုပ်ချုပ်ရေး စနစ်ဖြင့် အစ္စလာမ့် အမွေအနှစ်များကို ထိန်း သိမ်းနိုင်ခဲ့သည်။ အိုမိုင်ယာ အုပ်ချုပ်ရေးသည် အေဒီ ၁၀၁၀တွင် ပျက်သုံးခဲ့သည်။ အုပ်ချုပ်ပုံ နည်းစနစ်များနှင့် တရားရုံးများသည် ပြင်သစ် ရိုးရာယဉ်ကျေးမှုကို ဖေါ်ဆောင်လျှက်ရှိ၍ ကမ္ဘာ့ပညာရှင်များကို မွေးထုတ်ပေးသော မြို့ကြီးလည်းဖြစ်သည်။ မွတ်စလင်မ် ကဗျာဆရာ အေ့ဗနုဟာဇမ် အေဒီ၉၉၄-၁၀၆၄ကို ထိုမြို့တွင် မွေးဖွားခဲ့သည်။ အလွန် ကိုယ်ကျင့်တရား ကောင်းမွန်၍ ဟာဒီးဆ် သမိုင်းကျမ်းများပါ ဟဒီးဆ်များအားဖြင့် အစ္စလာမ့်ထုံးဖွဲ့မှုပြုသည့်

ဖေကာဟ် ဓမ္မသတ်ပညာရှင်ကြီး ဖြစ်သည်။ ဖေကာဟ် အစ္စလာမ့် ဓမ္မထုံးဖွဲ့မှု၏ အရင်းအမြစ်ကို လေ့လာဆည်း ပူးခဲ့ သော တွေးခေါ်ပညာရှင်ကြီး ဖြစ်သည်။

ထိုကဲ့သို့ပင် အခြားတွေးခေါ် ပညာရှင်ကြီး အဗ္ဗဒွလ်ဝါလစ်(ဒ်) အဟ်မဒ်အေ့ဗနု ရူးရှ်(ဒ်) အေဒီ ၁၁၂၆-၁၁၉၈ သည်လည်း အေ့ဗနစီနာ၏ အတွေးအခေါ်ကို အခြေခံ၍ ဂျူးနှင့်ခရစ်ယာန် ပညာရှင်များဖြစ်ကြသည့် ( မိုက်မိုနိုက်) (သောမတ်စ်အကွီးနတ်စ်) (အယ်ဗတ်) တို့၏ အတွေး အခေါ်များကို အစ္စလာမ်သာသနာ အတွင်းသို့ ထည့်သွင်းခဲ့သူ ဖြစ်သည်။ ၁၉ရာစု ပညာရှင်ကြီး (အားနက်ရီနန်) က အေ့ဗနုရူးရှ်(ဒ်)သည် နာမ်ပိုင်း ဆိုင်ရာ ယုံကြည်မှု မရှိကြသော ရှေးယခင်တွေးခေါ် ပညာရှင်ကြီးများကို မျက်လုံး စုံပိတ်၍ ငြင်းသူများ အဖြစ် အစောဆုံး ပြစ်တင်ဝေဖန်ခဲ့သူ ဖြစ် သည်ဟုဆိုခဲ့သည်။ ရူးရှ်(ဒ်)သည် ဘာသာရေး ကိုင်းရှိုင်း သော ရှရီယာတရားသူကြီး တစ်ဦး ဖြစ်သည်။ အတွေးအ ခေါ်ပညာရပ်နှင့် အစ္စလာမ့် အခြေခံတရားများသည် ဆန့်ကျင်မှု မရှိသော တရားများ အဖြစ် လက်ခံယုံကြည်သူ တစ် ဦးဖြစ်သည်။ ဘာသာရေးသည် လူတိုင်းအဖို့ ဖြစ်သည်။ အတွေးအခေါ်ဆိုင်ရာ ပညာရပ်သည် အသိဉာဏ်နှင့် ဆိုင် သော လက်ရွေးစဉ် လူတစ်စု အတွက်သာ ဖြစ်သည်ဟု ခံယူသူ ဖြစ်သည်။

ထိုအတွေး ခေါ်ပညာ ရှင်များ လက်ထက်မှ စတင်၍ အစ္စလာမ် သာသနာသည် အဘာစီများ ပုံသွင်းခဲ့သည့် အတိုင်း တစ်ပုံစံတည်း မရှိတော့ ဘဲ နိုင်ငံခြားအတွေးအခေါ်များကို အခြေခံသော ဘဝသစ်သို့ ရောက်ရှိခဲ့သည်။ အဘာစီ ခလီဖာဟ်များခေတ် အစ္စလာမ်သာသနာသည် မွတ်စလင်(မ်)အများကို ထိန်းချုပ် နိုင်ရန် အတွက် ဘာသာရေး ဂိုဏ်း ဂနဝါဒများဖြင့် မွတ်စလင်(မ်)များ၏ မွေးရာပါ အသိဉာဏ်များ အပေါ် ကန့်သတ် ဘောင်ခတ်ခဲ့ကြသည်။ ထိုကဲ့သို့ မွတ်စလင်(မ်) များ၏ မွေးရာပါ အသိဉာဏ်များကို ဆေးကြော၍ စိတ်ကြိုက် ပုံသွင်းရာ၌ မွတ်စလင်မ်ဆရာတော် ပုပ်ရဟန်းမင်းကြီးများက အဓိက အခန်းကဏ္ဍများမှ ပါဝင်ခဲ့ကြသည်။ ဤသည်အာဏာရှင် ဝါဒနှင့် သာသနာပိုင် ဝါဒ တို့၏ ကျွန်းကိုင်းမှီ၊ ကိုင်း ကျွန်းမှီ ဟူသော အဆိုအရ ရှေးလူသားများနှင့် ရှေးကျမ်းဂန်ရများတို့၏ လက်ထက် တွင်ရှိ ခဲ့ကြ သော ဝါဒလမ်း စဉ် ဆိုးများ ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ အဘာစီခလီဖာများ၏ အုပ်ချုပ်ရေး စနစ် ကျဆုံးမှု နှင့်အတူ အဘာစီများ၏ ပံ့ပိုးမှုများနှင့် ရပ်တည်ခဲ့ကြသော သာသနာပိုင်စနစ်ကြီးသည်လည်း ပြိုကွဲပျက်စီး ခဲ့ရခြင်း ဖြစ်သည်။

နိုင်ငံခြားအတွေးအခေါ်ကို အခြေခံသော အစ္စလာမ်သာသနာနှင့်အတူ တရားရုံးများတွင်လည်း လွတ်လပ်၍ တရား မျှတသော တရားဆုံးဖြတ်ရေး စနစ်သည်လည်း ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံခြား အတွေးအခေါ်ကို အခြေခံသော တရားဆုံးဖြတ်ချက်များသည် ကုရ်အာန်၏အခြေခံမူဝါဒဖြစ်သော လူတိုင်းသည် တူညီသော လူ့အခွင့်အရေးများကို တစ်ပြေးညီ ခံစားကြရမည်ဟူသော ဝါဒနှင့် ကိုက်ညီနေသည်ကို တွေ့ရပေသည်။

ကမ္ဘာ့သမိုင်း သုတေသီများ အနက် အေ့ဗနုအစ်ဟက်အေဒီ ၇၆၃ နှင့် အဘူဂျာဖရ်တာဘရီ အေဒီ ၉၂၃ တို့သည် အ လွန် ကျော်ကြားသော မွတ်စလင်(မ်)သမိုင်း ပညာရှင်ကြီးများ ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးသည် ခေတ်ကာလအရ မ တူညီ သော်ငြားလည်း တမန်တော် မုဟမ္မဒ်၏အတ္ထုပတ္တိနှင့် စပ်လျဉ်းပြီး တစ်ဦးနှင့် တစ်ဦးကွဲပြားခြားနားသော နည်းစနစ်များ အားဖြင့် တူညီသော အကြောင်းအရာကို ကွက်ကွက်ကွင်းကွင်း ဖေါ်ပြနိုင်သူများ ဖြစ်သည်။ တမန်



တော်မုဟမ္မဒ်၏ အလေ့အထ အမူအကျင့်များကို ဖေါ်ပြရာ၌ ၎င်းတို့ နှစ်ဦးစလုံး၏ အလေးပေး တင်ပြချက်များ သည် ဖတ်ရှုရသူများအဖို့ မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ ခံစားနိုင်ရန် စွမ်းဆောင်နိုင်သူများ ဖြစ်ကြသည်။ ဖြောင့် မတ်မှန်ကန်သော ခလီဖာဟ်များ ခေတ်ကို နှစ်သက်ကြသူများ ဖြစ်ကြသည်။

နောက်ပိုင်းခေတ် ခလီဖာဟ် စနစ်နှင့် ခလီဖာဟ် အုပ်ချုပ်ရေးများသည် အမည်အားဖြင့် တူညီသော်လည်း ဆောင် ရွက်ပုံ ဆောင်ရွက်နည်းများမှာ တစ်ဖြည်းဖြည်းချင်း ကွဲပြားခြားနား လာခဲ့ကြသည်။ သို့ရာတွင်မွတ်စလင်(မ်) အသိုက် အမြုံကြီး တစ်ခုလုံးကို ခလီဖာဟ် တစ်ဦးတည်းက အုပ်ချုပ်နိုင်ခဲ့သည်။ လက်ရှိ အခြေအနေ အုပ်ချုပ်ရေးစနစ်တွင် မွတ်စလင်(မ်) အသိုက် အမြုံကြီး တစ်ခုလုံးကို အုပ်ချုပ်နိုင်ခြင်း မရှိသော်ငြားလည်း အဘာစီခလီဖါများ၏ အုပ်ချုပ် ရေးထက် ကောင်း မွန်သော အခြေအနေတွင်တည် ရှိနေခဲ့သည်။ ယခု အုပ်ချုပ်သူများသည် ခလီဖါများကဲ့သို့ ဘာသာ ရေးကိုင်းရှိုင်းသူများ မဟုတ်ကြပေ။ သို့ရာတွင် အုပ်ချုပ်သူများသည် ခေတ်မှီတိုးတက်သော အတွေးအခေါ်များ ရှိကြသည့်အတွက် ပြည်သူအများအဖို့ နိုင်ငံရေးရာ အကျိုးအမြတ်ကို ပိုမို၍ ခံစားကြရသည်။ ထိုခေတ်တွင် ဘာသာ ရေးဆိုင်ရာ ကိုယ်ကျင့်တရားနှင့် ယုံကြည်မှုဆိုင်ရာတွင် ကျဆင်းလာခဲ့ကြသည်။

အမီရ်များ၏အုပ်ချုပ်ရေးသည် ဘာသာရေးကို လုံးဝ အခြေမခံဘဲ နိုင်ငံရေး သက်သက်ကိုသာ အခြေခံသော အုပ် ချုပ်ရေးဖြစ်သည်။ အုပ်ချုပ်သူ တူရကီ စစ်အရာရှိကြီးများသည် စွန္နီမွတ်စလင်(မ်)များ ဖြစ်၍ ဆူဖီဝါဒ သမားများ ဖြစ်ကြသည်။ ထိုတူရကီများသည် အေဒီ၁၀၆၃ မှ ၁၀၉၂အထိ ပါရှန်းများ၏]နေဇာမွလ်မွလ်(ခ)} အုပ်ချုပ်ရေးပုံစံဖြင့် အုပ်ချုပ်ခဲ့ကြသည်။ ပြိုကွဲလျက်ရှိသော တူရကီစစ်သားများကို ပြန်လည် စည်းလုံးရန် ကြိုးစား ခဲ့ကြသည်။ ၎င်းတို့၏ ကြိုးစားမှုသည် မျှော်လင့်ထားသည့်အတိုင်း အရာမထင်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ဘဂ္ဂဒက်သည် ဆာဝဒ်ပြည်နယ်ရှိ စိုက်ပျိုးရေးကို အခြေခံ မှီခိုအားထားရပေသည်။ ထိုစီး ပွားရေးမှာ အဘာစီများ လက်ထက်မှ စတင် ကျဆင်းလျှက်ရှိခဲ့ရာ၊ ပြန်လည်ဦးမော့လာခြင်း မရှိတော့ပေ။ ထိုအချိန် တွင် နယ်လှည့်၍ ရောင်းဝယ်ဖောက်ကားမှု

ပြုကြသော အာရဗ်မျိုးနွယ်များသည် တိုင်းပြည်အတွင်း နေရာအနှံ့တွင် မိမိတို့၏ မျိုးနွယ်များကို နေရာချပေးခဲ့ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်လုံခြုံရေးတပ်များ အားဖြင့် ကိုယ် ပိုင် အုပ်ချုပ်ရေး ဥပဒေဖြင့် နေထိုင်ကြသူများ ဖြစ်သည်။ ၎င်းတို့၏ စစ်သားများမှာ ယခင် အဘာစီ ခလီဖါများ ၏ ကျွန်များ ဖြစ်ကြသည်။

နေဇာမွလ်မွလ်(ခ်) အုပ်ချုပ်ရေးသည် ယီမန် နိုင်ငံတောင်ပိုင်း ဆီးရီးယား နိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့ ကို အုပ်ချုပ်နိုင်ခဲ့သည်။ ၎င်းတို့၏ အုပ်ချုပ်ရေးသည် အာဏာကို ဗဟိုမှတစ်ဆင့် နယ်များရှိ အမီရ်များနှင့် အိုလမာ  များအား ပူးတွဲ၍ ခွဲဝေပေးသော စနစ်ကို ကျင့်သုံးသည်။ ထို အုပ်ချုပ်ရေး စနစ်အောက်တွင် လယ်ယာ ကိုင်းကျွန်း လုပ်ကိုင် စားသောက်သူများကို အမတော်ကြေး ကြိုတင်ထုတ်ပေးသော စနစ်ကို ကျင့်သုံးခဲ့ သည်။ အုပ်ချုပ်အရေး အ တွင်းမှ အမီးရ်များသည် စစ်ပြန်စစ်မှုထမ်းဟောင်းများ ဖြစ်၍ အစိုးရအနေဖြင့် စစ်ပြန်စစ်မှုထမ်းဟောင်းများကို အလုပ်လက်မဲ့ မဖြစ်စေရေးနှင့် ဗဟိုမှ ချုပ်ကိုင်ထားသော စစ်တပ်အာဏာအား ပိုမိုအထောက်အကူ အဖြစ်စေရေး အတွက် စစ်မှုထမ်းဟောင်းများကို အမီးရ် (အုပ်ချုပ်ရေး ဗဟိုကော်မီတီ လူကြီး)များ အဖြစ် ခန့်အပ်ထားကြ သည်။

ထိုအမီးရ်များမှာ စာပေဗဟုတ အားနည်းသောကြောင့် အုပ်ချုပ်ရေးရာ၌ အားနည်းချက်များ မရှိရစေရန် အရပ် သား ဘာသာရေးပညာရှင်များကို ပူးတွဲအုပ်ချုပ်ရေး လူကြီးများ အဖြစ် ခန့်အပ်ထားသော စနစ် ဖြစ်ပေသည်။

သို့သော် အမီရ်များမှာ စစ်သားများဖြစ်ကြသည့် အလျှောက် တစ်နေရာတည်းတွင် အခြေချ၍ နေထိုင်လိုစိတ် မရှိကြ ပေ။ ထိုသို့သော အကြောင်းကြောင့် ပြည်နယ်အုပ်ချုပ်ရေး အာဏာသည် တစ်ဖြေးဖြေး အမီရ်များထံမှ အိုလမာများ ထံသို့ ရောက်ရှိခဲ့သည်။ ပြည်နယ် အုပ်ချုပ်ရေး တာဝန်များသည် လုံးလုံးလျားလျား အိုလမာများ ထံရောက်ရှိပြီး နောက်ပိုင်း ဘာသာရေး ကျောင်းများတွင် ဘာသာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ပြုပြင် ပြောင်းလဲခဲ့ကြသည်။

အေဒီ ၁၀၆၇တွင် ဘဂ္ဂဒတ်မြို့၌ နေဇာမီယာကျောင်းကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုကျောင်းကြီးမှ သင်ရိုးညွှန်း တမ်း များသည် ယခင် အဘာစီလက်ထက်မှ သင်ကြားခဲ့သော အိုလမာများ၏ အကွဲအလွဲ အယူဝါဒများကို ချန်လှပ်၍ ဘုံ သဘောတူညီချက်များကိုသာ ကောက်နှုတ်ကာ ပြဋ္ဌာန်းခဲ့လျှက် သင်တန်းသားများအား တူညီသော အတွေး



အခေါ်များကို ထည့်သွင်းပေးနိုင်ခဲ့သည်။ ဖေါ်ပြပါဘဂ္ဂဒက်fမြို့ရှိ နေဇာမီယာကျောင်းကို စံထား၍ အခြားကျောင်း ပေါင်းများစွာကို နေဇာမွလ်မွလ်(ခ်) အုပ်ချုပ်ရေးနယ်ပယ် အနှံ့ဖွင့်ပေးနိုင်ခဲ့သည်။ ထိုကျောင်း အားလုံး၏ သင်ရိုး ညွှန်းတမ်းများမှာ တူညီလျှက်ရှိကြသည်။

ထိုကျောင်းများတွင် နိုင်ငံခြား အတွေးအခေါ်ပညာရပ်များကိုပါ ပူးတွဲသင်ကြားပေးနိုင်ခဲ့သည်။ ထိုကျောင်းများမှ အောင်မြင်လာသော အိုလမာများသည် တရားရုံးများတွင် တရားဆုံးဖြတ်ခွင့် ရှိလာသည် အထိအိုလမာများ၏ အ ရှိန်အဝါသည် လွှမ်းမိုးလာခဲ့သည်။ တစ်နိုင်ငံလုံးရှိ မွတ်စလင်(မ်)များ၏ ဘဝတည်ဆောက်မှုစံချိန် စံညွှန်းသည် ထိုကျောင်းများမှ သင်ကြားပို့ချသော နည်းစနစ်အတိုင်း ဖြစ်သည်။ ခေတ်မှီတိုးတက်သော အတွေး အခေါ်ရှိသည့် အိုလမာများ၏ ကဏ္ဍသည် အရေးပါလာသည်နှင့်အညီ တိုင်းပြည်၏ အချုပ်အခြာအာဏာသည်လည်း ပြည်သူများ၏ လက်ဝယ်ပိုင်ဆိုင်မှု များလာလေသည်။ သို့ဖြင့်နေဇာမွလ်မွလ်ခ် အုပ်ချုပ်ရေး အမီရ်များသည် နိုင်ငံရေးရာ အတွေး အခေါ်အားနည်းမှုကြောင့် ခေတ်မှီသော အိုလမာများ၏ လက်တွင် အမှုထမ်းများ အဆင့်လောက်သာ ဖြစ် လာကြ သည်။ ထိုအချိန်က အိုလမာများနှင့် ၎င်းတို့၏ ပီရ်(ခေါ်) ဆူဖီကျင့်စဉ်ဆိုင်ရာ ဆရာများသည် ၎င်းတို့၏ အုပ်ချုပ် ရေးတွင် အရေးပါသူများ ဖြစ်ခဲ့ကြသည်။ နယ်မြေအလိုက် ဗလီဝတ်ကျောင်းတော်များ ရှိရသကဲ့သို့ ထိုပီရ် များသည် ဆူဖီကျင့်စဉ်ဆိုင်ရာ ]ခန္တာဟ်}ခေါ် ဓမ္မရိပ်သာများကိုလည်း တည်ဆောက်ခဲ့ကြသည်။ ဖေါ်ပြပါခေတ်မှီတိုးတက်သော အတွေးအခေါ် ရှိကြသည့် အိုလမာဟ်များအတွင်း အချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်၍ ၎င်းတို့၏ ကျောင်းများတွင် ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်သော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲ၍ ကျောင်းများတွင် ပြဋ္ဌာန်းကြသည်။ တစ်ချိန်တစ်ခါက သာသနာအငြင်းပွားမှု ဆိုင်ရာကိစ္စရပ် အားလုံးကို ရှောင်ကြဉ်နိုင်၍ စည်းလုံး ညီညွှတ်သော အိုလမာများအဖြစ် ရှိခဲ့ကြသည်။ ထိုကဲ့သို့ ခေါင်းဆောင် အချင်းချင်း စည်းလုံးညီညွှတ်သော ဝါဒ လမ်းစဉ်အား ကျင့်သုံးနိုင်ခဲ့သော အိုလမာများကြောင့် နောက်လိုက်မွတ်စလင်(မ်) အများစုမှာလည်း အလွန်စည်းလုံး ညီညွှတ်သော အသိုက်အမြုံကြီးအဖြစ် ပြန်လည်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

ထိုအိုလမာများ၏ အပြည်ပြည် ဆိုင်ရာအဆင့်မှီ ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ရသော အကြောင်းရင်းများမှာ ယခင်ရှိရင်းစွဲ ကျောင်းတော် ဝါဒစွဲ၊ ဂိုဏ်ဂနဝါဒစွဲ၊ ဆရာဝါဒစွဲဟူသော အစွဲပေါင်းစုံမှ ရုန်းထွက်နိုင်ခဲ့သော ကိုယ်ကျိုး စွန့် ခေါင်းဆောင် ကောင်းများကြောင့် ဖြစ်ခဲ့ပေသည်။

ထို့ပြင် ထိုခေတ် အမီရ်အုပ်ချုပ်ရေးတွင် ဆူဖီဝါဒကို လိုက်စားကြသည့် ခေတ်သစ် အတွေးအခေါ် ပညာရှင် မြောက် များစွာ ပါဝင်ခဲ့သည်။ ထိုသူများသည် သမာဓိရှိသောသူများ  ဖြစ်ကြသည့်အလျောက် အုပ်ချုပ်ရာတွင် လည်းကောင်း တရားဆုံးဖြတ်ရာတွင်လည်းကောင်း ဆင်းရဲချမ်းသာ မရွေးတစ်ပြေးညီ ဆုံးဖြတ်နိုင်ခဲ့ကြသည်။ ဤသည်ကုရ်အာန်ပါ အခြေခံမူဝါဒဖြစ်သော လူသားတိုင်းသည် တူညီသောအခွင့်အရေးများကို တန်းတူ ခံစားကြရ မည်ဟူသည့်ဘောင်နှင့် ကိုက်ညီနေသောကြောင့် ဖြစ်သည်။ ထိုခေတ် စွန္နီမွတ်စလင်(မ်)များသည် နေရာတိုင်းတွင် ခေတ်မှီ တိုးတက်သော မွတ်စလင်(မ်)များအဖြစ် ထင်ရှားခဲ့သည်။ အစ္စမာအီလီများက

ဖါတီမစ်အင်ပါယာတွင် စွန်နီမွတ်စလင်(မ်)များနှင့် ထင် ယောင်ထင်မှား ဖြစ်ရန် ကြိုးပမ်း အားထုတ်ခဲ့ကြသည်။ သို့သော် ၎င်းတို့၏ ကြိုးပမ်းမှုသည် အရာမထင်ခဲ့ပေ။

ထို့အတွက်ကြောင့် နေဇာမွလ်မွလ်ခ် အုပ်ချုပ်ရေးကို ဖျက်ဆီးနိုင်ရန် မြေအောက်အဖွဲ့များ ဖွဲ့စည်း၍ အဖျက်လုပ် ငန်းများကို ပြုလုပ်ခဲ့ကြသည်။ အေဒီ ၁၀၉၀တွင်(ကဇ်ဗင်) ပြည်နယ်မြောက်ပိုင်းရှိ  (အလာမွတ်) ၌ အခိုင်အမာ တပ်စွဲ၍ အမီရ်အုပ်ချုပ်သူများကို ချောင်းမြောင်း သတ်ဖြတ်ခဲ့ကြသည်။ အေဒီ၁၀၉၂ တွင် လုံး၀ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်ရေး သမားများသည် မိမိတို့၏စစ်တပ်ကို ရဲဆေးတင်ရာ၌ ဆေးခြောက်များကို တိုက်ကျွေးခဲ့ကြသည်။

ထိုကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲ၍ တိုက်ခိုက်ရာ၌ သူတစ်ပါးကို သတ်ရန်ဝန်မလေးသကဲ့သို့၊ မိမိကသေရမည်ကိုလည်း မကြောက်ကြပေ။ အစ္စမာအီလီများသည် အများပြည်သူများကို သိမ်းသွင်းရာ၌ အလွန်တော်သူများအဖြစ် မိမိတို့ကို မိမိတွေးထင် ထားကြသည်။ အမီရ်များ၏ တန်ပြန် တိုက်ခိုက်မှုကိုလည်း များစွာ ခံခဲ့ကြရလေသည်။

၉၁ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

လူထု အများစုကမူ အစ္စမာအီလီများ၏လုပ်ရပ်ကို ထောက်ခံခြင်း မရှိခဲ့ချေ၊ ထိုအစ္စမာအီလီများ၏လုပ်ရပ်ကို ဆန့် ကျင်ခဲ့ကြသည်။ ထိုအစ္စမာအီလီများ၏ အိုလမာများသည် အလွန်တရာမှ ယုတ္တိမတန်သော ဒဏ္ဍာရီပုံပြင်များအား ဖြင့် လူထုအား သိမ်းသွင်းရန် ကြိုးစာခဲ့သည်။ သို့ရာတွင် အစ္စမာအီလီများသည် လက်တွေ့အားဖြင့် လူထုအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည့်အတွက် လူထု အများစုကြီးမှာ ထို အစ္စမာအီလီများကို ထောက်ခံ အားပေး ခဲ့ခြင်းမရှိချေ။ တဖန်၎င်းတို့၏ အယူဝါဒဖြစ်သော နောက်ဆုံး နဗီတမန်တော် မဲဟ်ဒီရောက်ရှိလာပြီးမှသာ ကုရ်အာန် တွင်တည်ရှိနေသော လျှို့ဝှက်ချက်များကို မွတ်စလင်(မ်)များ အတွက် ဖွင့်ဆိုပြမည် ဟူသော ကိစ္စရပ်များကို ရှီယာအ များစုကပင် လက်မခံခဲ့ကြပေ။ ၁၂ပါး အေမာန်ဝါဒကို လက်ခံသော ရှီယာများသည်လည်း အစ္စမာအီလီ များ၏တော်လှန်ရေးတွင်ပါဝင်ခဲ့ခြင်းမရှိခဲ့ပေ။ ရှီယာများသည် စွန်နီများ၏ အုပ်ချုပ်ရေးအောက်တွင် ငြိမ်းချမ်းစွာ အခြားမွတ်စ လင်မ်များနှင့် အတူနေထိုင်ခဲ့ပေသည်။ ထိုအချက်များကြောင့် အစ္စမာအီလီများသည် နှစ်ပေါင်း တစ်ရာ့ ငါးဆယ်ခန့် တိုင် တော်လှန်ရေး လုပ်ခဲ့သော်လည်း အာဏာရလာခြင်း မရှိဘဲ အတိုက်အခံ အဖြစ်ဖြင့်သာ ရပ်တည် ခဲ့ရလေသည်။ နောက်ပိုင်းတွင် မွန်ဂိုများ ဝင်ရောက်လာ၍ မွန်ဂိုတိုက်ခိုက်ရေးသမားများက ၎င်းတို့၏ အင်ပါယာ တစ်ခုလုံးကို ဖျက်ဆီးခဲ့ကြသည်။

အဘူဟာမစ်(ဒ်)မုဟမ္မဒ်အလ်ဂဇာလီ

အေဒီ ၁၁၁၁

အလ်ဂဇာလီသည် နေဇာမီယာကျောင်းမှ ဆရာတစ်ဦး ဖြစ်သည်။ အစ္စလာမ့်ထုံးဖွဲ့မှုဆိုင်ရာ ဥပဒေများကို ကျွမ်းကျင် သောပညာရှင် တစ်ဦးလည်း ဖြစ်သည်။ အေဒီ ၁၀၉၅တွင် အာရုံကြော ရောဂါကြောင့် အိပ်ယာထဲတွင်လဲနေလျှက် နာတာရှည်ရောဂါကို ခံစားခဲ့ရသူ ဖြစ်သည်။ ထိုအချိန်တွင် အစ္စမာအီလီများ၏ တော်လှန်ရေးကာလ အမြင့်ဆုံးသို့ ရောက်ရှိနေချိန် ဖြစ်သည်။ ဂဇာလီသည် လူထုအတွင်းသို့ အစ္စမာအီလီများ၏ ဝါဒလမ်းစဉ်များ ရောက်ရှိ လာမည်ကို အလွန်စိုးရိမ်၍ လေဖြတ်သွားခဲ့သည်။ လုံးဝစကားမပြောနိုင်သော အခြေအနေသို့ရောက်ရှိ သွားခဲ့သည်။ ဂဇာလီ အား ဆေးကုသပေးသော ဆရာဝန်၏ အဆိုအရ ဂဇာလီသည် ပြင်းထန်သော စိတ်၏ဖိစီးမှုကြောင့် ယခုကဲ့သို့ အရုပ် ကြိုးပြတ် ဖြစ်သွားရသည်ဟု ဆိုသည်။ နောက်ပိုင်းတွင် ဂဇာလီ၏ရှင်းပြမှုအရ သူ အိပ်ယာထဲတွင် လဲနေစဉ် အတွင်း တုန်ိုင်းမဲ့ကိုးကွယ်ရာအရှင်နှင့် စပ်လျဉ်းပြီး အသိရရှိခဲ့သည်ဟု ဆိုခဲ့သည်။ ဂဇာလီသည် ဂျေရုဆလင်(မ်)သို့ ထွက်ခွာ သွား၍ ဆူဖီကျင့်စဉ်ကို ဆက်တိုက်(၁၀)နှစ်ကျင့်၍ ဘဂ္ဂဒက်fမြို့သို့ ပြန်လာခဲ့သည်။

(အဟ်ယာ အုလူမေဒင်န်) (ခေါ်) ဘာသာရေးဆိုင်ရာ အချက်အလက်များကို ဖော်ထုတ်ခြင်း အမည်ဖြင့် ကျမ်းတစ် ဆောင်ကို ပြုစုခဲ့သည်။ ထိုကျမ်း သည် အလွန် လက်ရာမြောက်၍ လူကြိုက်များခဲ့ပေသည်။ ထိုကျမ်း၌ ဆွလာသ်တည် ဆေက်ရာ၌ တစ်စိတ် တစ်လက် တည်း ဖြစ်ရန်ကြိုးပမ်း အားထုတ်ခြင်းဖြင့်၊ တုနိုင်းမဲ့ကိုးကွယ်ရာအရှင်ထံမှ တိုက် ရိုက် အသိဉာဏ်များ ရရှိနိုင်သည်ဟု ဆိုပေသည်။ ကုရ်အာန်နှင့်စပ်လျဉ်း၍ ယခင်ပညာရှင်များ စပ်ကြား ပေါ်ပေါက် ခဲ့သော ]]ကလမ်}} ကုရ်အာန်သည် ဖန်ဆင်းရှင်၏ ဖန်ဆင်းခံ ဖြစ်ခြင်းနှင့် ဖန်ဆင်းခံ မဖြစ်ခြင်းဟူသော ကိစ္စရပ်သည် အရေးပါသော ကိစ္စရပ် မဟုတ်ဟု ထိုကျမ်းတွင်ရှင်းလင်းထားသည်။ ထိုအငြင်းပွားမှုကို ဆက်လက် စွဲကိုင်ထား ခြင်း အားဖြင့် မည်သည့် အကျိုးအမြတ်မှ ရရှိမည် မဟုတ်ဟု ဖွင့်ဆို ထားသည်။ နေ့စဉ် ဘာသာရေးဆိုင်ရာ ကျင့်စဉ်များ နှင့် ၎င်း၏ အတွေ့အကြုံများကို ရှင်းလင်းချက်များ ပါဝင်သည်။ ကုရ်အာန်က ညွှန်ပြသော ကိစ္စရပ်တိုင်းသည်၊ လိုက်နာ ကျင့်သုံးသူအဖို့ လက်ရှိဘဝတွင်ပင် အကျိုးအမြတ်များ ခံစားရမည့် အကြောင်းများကို အသေးစိတ် ဖော်ပြ ထားသည်၊ ရှာရီယာဟူသည် မြင်တွေ့ရသော ပြင်ပဆိုင်ရာပြုမူ ဆောင်ရွက်ချက်ဖြစ်ပြီး နာမ်ပိုင်းဆိုင်ရာ ယုံကြည် မှု တွင် ဖန်ဆင်းရှင်၏ သိစိတ်ကို၊ ဖွံ့ဖြိုးတိုးတက်ရန် ကျိုးပမ်း အား ထုတ်ခြင်းဖြင့်၊ ထာဝရအရှင်၏ အမှုတော်ဆောင် ပီသရမည် ဖြစ်သည်။ ထို့ပြင် သူ၏ စာအုပ်တွင် ဘာသာရေးဆိုင်ရာ ဥပဒေများထက်၊ တစ်ဦးချင်း တစ်ယောက်ချင်း ခဝပ်ကိုးကွယ်မှုဆိုင်ရာ အကျိုးကျေးဇူးများလည်း ပါဝင်ပေသည်။

ကုရ်အာန်ကို အခြေခံ၍ ကျိုးကြောင်းဆင်ခြင် မှုဆိုင်ရာ ကိစ္စရပ်များကို၊ ယုံကြည်ခြင်း။



ဆူဖီများ၏ ကျင့်စဉ် ကျင့်ရပ် များကို ယုံကြည်ခြင်း။

အမှန်တရားကို လက်ခံ ရာ၌ မည်သည့် စောဒကမျှမရှိဘဲ လက်ခံယုံကြည်ခြင်း။

ဟူသော အချက် သုံးချက်ကို ထောက် ခံ အားပေး ဆွေး နွေး ထားလေသည်။ ဂဇာလီသည် မွတ်စလင်မ်များအတွင်း၊ ခေတ်မှီ တိုးတက် သော အတွေးအခေါ် ရှိသည့် ခေါင်းဆောင်များ လိုအပ်သည်ဟု နားလည်ခဲ့သည်။ သို့ရာတွင် ရှီယာများ၏ အယူဝါဒ ဖြစ်သော၊ အေမန်များသာလျှင် ကုရ်အာန်ပါ လျို့ဝှက်ချက်များကို ဖွင့်ဆိုနိုင်သည် ဟူသော အယူဝါဒကို လက်မခံပေ။ထိုအယူသည် ကုရ်အာန်တွင်ပါ အခြေခံ မူဝါဒဖြစ်သည့် လူတိုင်းသည် ကုရ်အာန်ကို ဖတ်ရွတ် ရာ၌ လည်းကောင်း၊ သဘောပေါက်ရာ၌လည်းကောင်း၊ လိုက်နာကျင့်သုံး၌ လည်းကောင်း၊ တစ်ပြေးညီ ခံစားခွင့် ရှိ သည် ဟူသော အချက် အား တိုက်ရိုက် ဆန့်ကျင်နေသည်ဟု ဆိုထားသည်။ ထိုနည်းတူစွာ ဆူဖီဝါဒကျင့်စဉ် အားထုတ် ရာ၌ အစ္စမာအိလီ တို့ ၏ သင်္ချာဗေဒ အထောက်အကူဖြင့် ကျင့်ကြံခြင်းသည် နာမ်ပိုင်းဆိုင်ရာ ခရီးရောက်သည် ဟူ သော အယူအား အယုံအကြည် မရှိပေ။

ဂဇာလီက နာမ်ပိုင်းဆိုင်ရာ ကျင့်စဉ်ကျင့်ရပ်ဖြင့် အဇ္ဈတ္တစိတ်၏အတွင်း သဏ္ဍာန်ကို ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားအား ထုတ်ရမည်။ သို့ရာတွင် ဆူဖီကျင့်စဉ်နှင့်အတူ ရှရီယာခေါ် ပြင်ပဆိုင်ရာ ဥပဒေများကိုလည်း ထပ်တူထပ်မျှ လိုက်နာ ကျင့်သုံးနိုင်မှသာလျှင် မှန်ကန်သည့် ဆူဖီကျင့်စဉ်၏အကျိုးကို အပြည့်အဝခံစားနိုင်မည် ဟူသည့် အဆိုအား အိုလမာ များက လက်ခံ၍ ဆူဖီဝါဒကို ပိုမိုလက်ခံကျင့်သုံး လာခဲ့ပေသည်။ တစ်ချိန်တစ်ခါက အုလမာများနှင့် ဆူဖီများသည် သီးခြားရပ်တည်ခဲ့သူများ ဖြစ်သော်လည်း ဂဇာလီ၏စွမ်း ဆောင်မှု ဖြင့် ဆူဖီဝါဒသည် မွတ်စလင်မ်များ အတွင်းတွင်သာမက အိုလမာများအတွင်း၌ပင် ကျော်ကြားသော ကျင့်စဉ်တစ်ရပ် ဖြစ်လာခဲ့သည်။ ထိုအချိန်မှ စတင်၍ အိုလမာများနှင့် ဆူဖီများဟူ၍ သီးခြား မဟုတ်တော့ဘဲ ဆူဖီဝါဒ ကျင့်ကြံသော အိုလမာများ ပေါ်ပေါက်လာခဲ့သည်။

ဂဇာလီသည် သူ၏ခေတ်တွင် အလွန်ဩဇာညောင်းသော ဘာသာရေးဆိုင်ရာအကြီးအကဲ တစ်ဦးအဖြစ် အသိအမှတ် ပြုခြင်း ခံခဲ့ရသူ တစ်ဦးဖြစ်သည်။ ဆူဖီများနှင့် အိုလမာများ၏ လေးစားမှုကိုခံရသော ခေါင်းဆောင် တစ်ဦးလည်း ဖြစ်သည်။ သူ၏ ခေတ်မှစတင်၍ ဆူဖီဝါဒသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ဝါဒလမ်းစဉ် မဟုတ်တော့ဘဲ လူတိုင်းနီးပါး လိုက်စားသော လမ်းစဉ်တစ်ခု ဖြစ်လာခဲ့သည်။ သူ့ခေတ်မှ စတင်၍]ပီရ်}ဟူသော ဆူဖီ ကျင့်စဉ်ဆိုင်ရာ ခေါင်းဆောင်၏ ရှေ့တွင်မွတ်စလင်(မ်)များ စုပေါင်း၍ ]ဇီကီရ်} ပြုမှုကို လက်တွေ့ကျင့်ကြံအား ထုတ်သော စနစ်ပေါ် ပေါက်လာခဲ့သည်။ ဆူဖီကျင့်စဉ်များအတွင်း ဂီတအနုပညာများနှင့် ပူးတွဲ၍ ပြုရသော ]ဇီကီရ်} များလည်း ပေါ်ပေါက် လာခဲ့သည်။ တစ်ချိန်တစ်ခါက အေမာန်၏ ဩဝါဒကို ခံယူရန် ရှီယာများက ဝိုင်း၍ အေမာန်၏ပတ်လည်တွင် ထိုင်သကဲ့သို့ မွတ်စလင်(မ်)များကလည်း မိမိတို့ပီရ်၏ ပတ်လည်တွင် ထိုင်၍ ဩဝါဒများခံယူ သော စနစ်ပေါ်ပေါက် လာခဲ့သည်။ ထိုပီရ်များ ကွယ်လွန်သွားသောအခါ သင်္ချိုင်းများတွင် အထူးတစ်လည် ဂူဗိမာန်များ တည်ဆောက်ကြ သော အလေ့ အထများကို စတင်ခဲ့၍ ကွယ်လွန်သူ ပီရ်များအတွက် နှစ်ပတ်လည် အောက်မေ့ဘွယ် အထိမ်းအ မှတ်ပွဲများ ပြုလုပ်သော ဓလေ့များလည်း ပေါ်ပေါက်လာခဲ့ပေသည်။

ထိုခေတ်တွင် အိုလမာများ အအချင်းချင်း အတွင်း၌ လည်းကောင်း၊ ပီရ်များ အချင်းချင်း၌လည်းကောင်း၊ လူတု အတွင်း၌ လည်းကောင်း၊ စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းကြီး အဖြစ် တည်ရှိခဲ့သည်။ ဤသည့်စနစ်ကို အခြေ ခံ၍၊ အလက်ပိုတွင် ဆူဖီတစ်ဦးပေါ်ပေါက်လာခဲ့သည်။

ယာဟ်ယာ ဆူရာ ဝရ်ဒီ

အေဒီ-၁၁၉၁

ဆူရာဝရ်ဒီက (စစ်မှန်သော ပုံရိပ်ကမ္ဘာ) ဟူသော ဆူဖီကျင့်စဉ် တစ်ရပ်ကို လူထုအတွင်းသို့ ထွန်းညှိပေးခဲ့သည်။ ထိုဝါ ဒသည် အစ္စလာမ်မတိုင်မှီအလျင် အီရန်များ၏ ရှေးဟောင်း ဈာန်ဝါဒအား အစ္စလာမ်မှုပြု၍ ပြန်လည် စမ်း သပ် ခဲ့ခြင်းဖြစ်သည်။ သူ၏ ဆူဖီကျင့်စဉ် နည်းစနစ်မှာ အသိဉာဏ်နှင့် အတွေးအခေါ်ကို ပေါင်းစည်းနိုင်ရန် ကြိုးစား



အားထုတ်မှု ဖြစ်၍ ထိုသို့ အသိဉာဏ်နှင့် အတွေးအခေါ်အား ပေါင်းစည်း၍ ခန္ဓာ၏ အတွင်းပိုင်းမှ တစ်ဖြေးဖြေး ချင်း နှလုံးသားအပေါ်သို့ စုစည်းသော နည်းစနစ် ဖြစ်သည်။ ထိုသို့ နည်းစနစ်ဖြင့် ကျင့်ကြံ အားထုတ် နိုင်ပါက၊ လျို့ဝှက် အကွယ်တွင် တည်ရှိနေသော အမှန်တရားအား စိတ်ငုံနိုင်မည် ဖြစ်၍ ထိုသို့ စိတ်ငုံနိုင်သော အဆင့်တွင် ကုရ် အာန်ပါ ကောင်းကင်တမန်၊ နိဗ္ဗာန်၊ ငရဲ၊ ဗရ်ဇခ်၊ ကေယာမသ်ဟူသော အကွယ်ရှိ အရာများ၏သဘောကို ထိတွေ့ခံစားနိုင်မည်ဟု သူကဆိုသည်။

ဆူဖီများ၏နာမ်ပိုင်းဆိုင်ရာ စည်းကမ်းများအရ၊ မြင်တွေ့ရသော ရုပ်ကမ္ဘာ၏ တစ်ဖက်တွင် တည်ရှိနေသည့် နာမ်ပိုင်း ဆိုင်ရာ အရင်းအမြစ်ကို ထိုးဖောက်သိမြင်နိုင်ခြင်း ဖြစ်မည်။ ထိုကဲ့သို့ မြင်တွေ့ရသော ရုပ်ကမ္ဘာ၏ အရင်းအမြစ်ကို ခရီးပေါက်နိုင်ခြင်းဖြင့်သာ မရှိရာမှ ရှိရာသို့

ပြုစုပျိုးထောင်သော တုန့်ိုင်းမဲ့ကိုးကွယ်ရာအရှင်၏ နိစ္စဖြစ်ခြင်းကို ဒိဋ္ဌသိ မြင်ခံစားနိုင်မည် ဖြစ်သည်။ ထိုနည်းအားဖြင့် တမန်တော် မုဟမ္မဒ်နှင့် တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်တို့၏ ဆက်နွယ်မှု ဖြစ်သည်ဟု ဝရ်ဒီက ယုံကြည်ခဲ့သည်။ ယနေ့ခေတ်သစ် အတွေးအခေါ်တွင် ခေါ်ဆိုသော မသိစိတ်ကို ရှာဖွေခြင်း တစ်ရပ်နှင့် တူပေသည်။

ဖော်ပြပါ ဝရ်ဒီ၏ ရှာဖွေတွေ့ရှိချက်ကို အဟ်ဟာစန်ဘာစရီနှင့် ရှာဖီတို့၏ ခေတ်များနှင့် ကြုံကြိုက်ခဲ့ပါက လက်ခံ အတည်ပြု ခံရမည် မဟုတ်ပေ။ ဝရ်ဒီသည် ဘာသာရေး ကိုင်းရှိုင်းသော ဆူဖီတစ်ဦး ဖြစ်သည်။ ကုရ်အာန်ကို ဖွင့်ဆိုရာ ၌ သူ၏ ခေတ်အလျင်က ဖွင့်ဆိုခဲ့သူများထက် ပိုမို ကျယ်ပြန့်စွာ ဖွင့်ဆိုနိုင်ခဲ့သူ ဖြစ်သည်။ သူ၏ ဆူဖီကျင့်စဉ် နည်း စနစ်ကို ယနေ့တိုင်လက်ကိုင်ကျင့်သုံးလျှက် ရှိကြသည်။ သူ၏ ဆူဖီဝါဒကို ပိုမိုကျယ်ပြန့်စေသူမှာ မုဟီယုဒ္ဒီန် အေ့ဗနု အာရ်ဗီ ဖြစ်သည်။

မုဟီယုဒ္ဒီန်အေ့ဗနုအာရ်ဗီ အေဒီ-၁၂၄၀ သည် စပိန်အတွေးအခေါ်ပညာရှင်ကြီး ဖြစ်သည်။ အာရ်ဗီက မွတ်စလင်မ် များအား တိုက်တွန်းထားခြင်းမှာ စစ်မှန်သော ပုံရိပ်ကမ္ဘာကို ရှာဖွေကြရမည်ဟု ဖြစ်သည်။သူ့ အဆိုအရ တုနှိုင်းမဲ့ကိုး ကွယ်ရာ အရှင်ထံသို့ လမ်းကြောင်းသည် မိမိ အဇ္ဈတ္တစိတ်၏ အတွင်းလမ်းမှ ဖြစ်သည်။ လူတိုင်းသည် ဆူဖီဖြစ်နိုင် သည်။ လူတိုင်းသည် ဖုံးကွယ်နေသော အရှင်၏လက္ခဏာများနှင့် ကုရ်အာန်တွင် ကွယ်ဝှက်စွာ တည်ရှိနေသော အဓိပ္ပါယ်များကို ရှာဖွေကြရမည်။ မြင်တွေ့ရသော အရာတိုင်းသည် ]ဖနာဟ်}ဟူ သော အနိစ္စများသာ ဖြစ်သည်။ ထို အနိစ္စ၏နောက်ကွယ်မှ ဖုံးကွယ်လျက် ရှိသော အရင်းအမြစ် မူလဘူတကို ရှာဖွေတွေ့ရှိနိုင်မှသာ နိစ္စ ဖြစ်သော ဖန် ဆင်းရှင်ကို ထိတွေ့ခံစားနိုင်မည် ဖြစ်သည်။

ဤသည်အဘာစီခလီဖ် များ၏အုပ်ချုပ်ရေး စနစ် ကျဆုံးပြီးနောက်ပိုင်းတွင် ပေါ်ပေါက်လာသော ဘာသာရေး အယူ ဝါဒ တော်လှန်ရေး တစ်ရပ်ပင် ဖြစ်ပေသည်။

ခရူးဆိတ် ခေါ် ခရယာန် သာသနာပြု စစ်ပွဲများ

(ဆယ်လ်ဂျတ်) များ၏ အမိရ်အုပ်ချုပ်ရေး စနစ်သည် ၁၀ ရာစုနှစ်တွင် ကျဆုံးခဲ့လေသည်။ ထိုအုပ်ချုပ်ရေး ကျဆုံးခဲ့ ရသော အကြောင်းရင်းမှာ ၎င်းတို့ အချင်းချင်း အဆက်မပြတ် တိုက်ခိုက်နေခြင်း ဖြင့် ပြည်ပ ကျူးကျော်သူ များကို ကာ ကွယ်နိုင်မှု မရှိသောကြောင့်ပင်။

အေဒီ ၁၀၉၉ ခုဂျူလိုင်လတွင် အနောက်တိုင်းသားများစုပေါင်း၍ ခရူဆိတ် ဘာသာရေးစစ်ပွဲ အမည်ဖြင့် မွတ်စလင်မ် များ အုပ်ချုပ်သော ဂျေရုဆလင်မ်မြို့အား ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ထိုခရူဆိတ် တိုက်ခိုက်ရေးကြောင့် ဂျေရု ဆလင်မ်မြို့ တွင်နေထိုင်သူ အများစု အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။ ထိုခရူဆိတ် တိုက်ခိုက်ရေး သမားများသည် ပါလက်စတိုင်းပြည်ကို ခြေကုပ်ယူ၍ လက်ဘနွန်နိုင်ငံနှင့် တူရကီနိုင်ငံတို့ကိုလည်း သိမ်းပိုက်ခဲ့ကြ သည်။ ထိုအချိန်က အမီရ်များသည် အချင်းချင်းတိုက်ခိုက်နေကြခြင်းဖြင့် ထိုခရူဆိတ် တိုက်ခိုက်ရေး သမားများကို ခုခံနိုင်ခြင်း မရှိကြပေ။ ထိုခရူဆိတ်ဝါဒီများ၏ တိုက်ခိုက်နိုင်ခြင်းမှာ အီရတ်နိုင်ငံ မောက်ဆူလ်နှင့် အလက်ပိုမြို့ကို အုပ်ချုပ်သူ အိုင်မတ်-အတ်ဒင်-ဇန်ဂီ မတိုင်မှီ နှစ်ငါးဆယ်အလျင်က ဖြစ်သည်။ သူသည် အီရတ်နိုင်ငံ၏ အုပ်ချုပ်



သူဖြစ်လာပြီးနောက်- အေဒီ ၁၁၄၄တွင် အနောက်တိုင်းသား ခရူဆိတ်ဝါဒီများကို အာမေးနီးယားပြည်နယ်မှ တိုက် ထုတ်နိုင်ခဲ့သည်။

ကဒ်လူမျိုးဗိုလ်ချုပ်ကြီး ယူဆွဖ်-အေ့ဗ်နု-အယွဗ် ဆလာအွဒ္ဒင် သည် ၁၁၈၇တွင် ခရူဆိတ်ဝါဒီများကို တော်လှန်ချေ မှုန်း ၍ ဂျေရုဆလင်မ်အား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ဆလာအွဒ္ဒင်မှာ အရှေ့ကမ်းရိုးတန်းကို ခြေကုပ်ယူ၍ (အယူ ဗစ်ဒ်မင်းဆက်) ကို ၁၃ ရာစုအကုန်အထိ တည်တံ့စေခဲ့သည်။ ဆလာအွဒ္ဒင်၏ အုပ်ချုပ်ရေးသည် တိုတောင်းလှ သောကာလ အတွင်း၌ပင် ဖါတီမစ်အင်ပါယာ အစ်မာအီလီများကို ဖြုတ်ချ၍ အီဂျစ်နိုင်ငံအား စွန္နီမွတ်စလင်မ် ပြည် နယ် အဖြစ်ပြန်လည် ဖော်ဆောင်နိုင်ခဲ့သည်။

အနောက်တိုင်းသားတို့၏ သမိုင်းတွင် ခရူဆိတ်စစ်ပွဲနှင့် စပ်လျဉ်း၍ ဂုဏ်ပျက်ဖွယ်ရာအဖြစ် တည်ရှိခဲ့သည်။ အမှန် အားဖြင့် ခရူဆိတ်ဝါဒီများသည် မွတ်စလင်မ်များ၏ အရှေ့ဖက်အနီး တဝိုက်ကိုသာ တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်၍ မွတ်စ လင်မ်အများစုမှာ အီရတ်၊ အီရန်၊ အာရှအလယ်ပိုင်း၊ မလေးရှား၊ အာဖဂန် နစ္စတန် နှင့်အိန္ဒိယနိုင်ငံတို့တွင် အများစု ဖြစ်သည်။

(ဆယ်လ်ဂျတ်) များသည် ခရူဆိတ် မတိုင်မှီ အေဒီ၁၀၇၀တွင် ဆီးရီးယားနိုင်ငံအား ဖာတီမစ် ခလီဖ်များထံမှ သိမ်း ပိုက်နိုင် ခဲ့သည်။ ထိုတိုက်ပွဲအပြီး (ဆယ်လ်ဂျတ်) များနှင့် ဘိုင်ဇန်တိုင်း အင်ပါယာ စပ်ကြား စစ်ဖြစ်ရန် အကြောင်း ဖန်လာခဲ့သည်။ (ဆယ်လ်ဂျတ်) များသည် မြင်းတပ်များဖြင့် ဘိုင်ဇန်တိုင်းနယ်မှ ကျော်ဖြတ်၍ တူရကီနိုင်ငံကို ဝင် ရောက်ကြသည်။ ၎င်းတို့၏ နယ်စပ်မှ ဖြတ်ကျော်ခြင်းကို ဘိုင်ဇန်တိုင်းတို့က စတင်တိုက်ခိုက်ကြသည့် အတွက် (မန်ဇီ ကွတ်) စစ်ပွဲ ဖြစ်ပွားခဲ့သည်။ ယင်းသည် အေဒီ၁၀၇၁ ၌ ဖြစ်ပွားခဲ့၍(ဆယ်လ်ဂျတ်) တို့ စစ်နိုင်ခဲ့လေသည်။ ထိုအချိန် မှစ၍(ဆယ်လ်ဂျတ်) များသည်တူရကီသို့ စစ်သား အလုံးအရင်းနှင့် လွတ်လပ်စွာ လှည့်လည်သွားလာကြသည်။ ထို နယ်မြေကိုတူရကီ နယ်မြေအဖြစ် ရရှိခဲ့ကြသည်။

ဘိုင်ဇန်တိုင်းဘုရင် (အလက်ဆီးယပ်စ်-ကွမ်နီနပ်စ်) က (ဆယ်လ် ဂျတ်) များအား တားဆီးနိုင်ရန် စွမ်းအား မရှိခဲ့ တော့ပေ။ ဘုရင်က အေဒီ ၁၀၉၁တွင် ပုပ် အာရ်ဘန်(၂) ကို (ဆယ်လ်ဂျတ်) များနှင့် စပ်လျဉ်းပြီး မေတ္တာရပ်ခံခဲ့သည်။ ထိုအခါ ပုပ်က ပထမ ခရူဆိတ် ဘာသာရေး စစ်ပွဲကို

ကြေညာခဲ့ခြင်း ဖြစ်သည်။ ခရုဆိတ် စစ်တပ်သည် အမီရ်များ သိမ်းပိုက် ထားသော တူရကီ၏အချို့အစိတ်အပိုင်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ ၁၃ ရာစုနှစ်တွင်(ဆယ်လ်ဂျုတ်) များသည် မြေထဲပင်လယ်ရှိ နယ်မြေများ အထိ ရောက်ရှိခဲ့ကြသည်။ ၁၄ လေးရာစုတွင် (အေဂျီယံ) ကို ဖြတ်ကျော်၍ (ဘော်လကန်)ဒေသနှင့်(ဒနူဘီ) ဒေသတို့တွင် အခြေချ နေထိုင်ခဲ့ကြသည်။ (ဆယ်လ်ဂျုတ်) များကဲ့သို့ အခြား မွတ်စ လင်မ် မင်းဆက်များက ဘိုင်ဇန်တိုင်း အင်ပါယာအား ထိရောက်စွာ တိုက်ခိုက် နိုင်ခဲ့ခြင်း မရှိခဲ့ကြပေ။ ဘိုင်ဇန်တိုင်း အင်ပါယာ၏ နောက်တွင် အလွန်သြဇာ အာဏာ ကြီးမားသော ရောမအင်ပါယာ ရှိနေခြင်းကြောင့်ပင်။ ထိုအချိန်တွင် (ဆယ်လ်ဂျုတ်) များက ၎င်းတို့၏ ပြည်နယ်သစ် တူရကီကို(ရွမ်)ဟူ၍ ရောမအင်ပါယာ(ရုမ်း) အဖြစ် တည်ထောင်ခဲ့ သည်။(ဆယ်လ်ဂျုတ်) များသည် ယခင်ခလီဖါများ ရောက်ခဲ့ခြင်း မရှိသော ဥရောပ အရှေ့ပိုင်းနှင့် အိန္ဒိယ အနောက် မြောက်တိုင်း ဒေသအထိ အုပ်ချုပ်နိုင်ခဲ့သည်။

အလ်-နာစီရ် အေဒီ ၁၁၈၀-၁၂၂၅ သည် ခလီဖါ အုပ်ချုပ်ရေး စနစ်ကို ပြန်လည်တည်ထောင်ရန် ကြိုးစားခဲ့သည်။ သူ၏အမြင်တွင် ဘဂ္ဂဒက်fမြို့ သမိုင်း၌ ဘာသာရေးဆိုင်ရာ ပြန်လည်ဆန်းစစ်သူများ၏ အကူအညီဖြင့် ခလီဖါ သက် တမ်း ရှည်ကြာသည်ကို မြင်တွေ့ခဲ့ရသည်။ ခလီဖာအာဏာ ခိုင်မြဲရန်အတွက် ဘာသာရေးဆိုင်ရာ ပညာရှင်များ၏ အကူ အညီသည် အဓိကဖြစ်သည် ဟူသော အချက်ကို သဘောပေါက်ခဲ့သူ ဖြစ်သည်။ များသောအားဖြင့် ကုရ်အာန်ကို အခြေခံသော ရှရီယာ ဥပဒေသည် ခလီဖါသက်ဦးဆံပိုင် စနစ်၏ အဓိက ဆန့်ကျင်ဖက် ဖြစ်သည်ကိုလည်း ကောင်းစွာ သိရှိထားသည်။ အလ်နာစီရ်သည် စွန္နီမွတ်စလင်မ်များ လက်ခံထားသော ဂိုဏ်းကြီးလေးဂိုဏ်းလုံး၏ ရှရီယာကို လေ့ လာ လိုက်စားပြီး ဖတ်တဝါမွေသတ် ပေးပိုင်ခွင့်ရှိသော ပညာရှင်ဘွဲ့ကို ရရှိခဲ့သူလည်း ဖြစ်သည်။ သူသည် တိုင်းပြည် အုပ်ချုပ်ရာတွင် ခလီဖါဖြစ်၍ ဘာသာရေးဆိုင်ရာ တရားဆုံးဖြတ်ရာတွင်လည်း ပညာရှင်တစ်ပါး အဖြစ် လေးဆယ့်ငါး နှစ်ကြာ အုပ်ချုပ်ခဲ့သူဖြစ်သည်။ နာစီရ် သေဆုံးပြီးနောက် သူ့အား ဆက်ခံသူကလည်း ထိုဝါဒလမ်းစဉ် အတိုင်း ဆက်



လက် အုပ်ချုပ်နိုင်ရန် ကြိုးစားခဲ့ပေသည်။ သို့ရာတွင် အစ္စလာမ့်ကမ္ဘာအတွင်း မြောက်များစွာသော အတွေး အခေါ် အယူဝါဒများသည် လွှမ်းခြုံခဲ့ပြီး ဖြစ်သည့် အတွက် ဘာသာရေးကို အခြေခံသော အုပ်ချုပ်ရေး စနစ်သည် လူထုအ များကို ထိန်းချုပ်နိုင်ရန် မလွယ်ကူတော့ပေ။

မွန်ဂိုတာတာ အင်ပါယာ

အေဒီ ၁၂၂၀-၁၅၀၀

ကမ္ဘာ့ အရှေ့ဖျား ဒေသတွင် မွန်ဂိုစစ်သူကြီး ဂျင်ဂစ်ခန်သည် ကမ္ဘာတစ်ဝှမ်းကို အုပ်ချုပ်နိုင်ရန် ကြိုးစား အားထုတ် ခဲ့ခြင်းဖြင့် မွတ်စလင်(မ်)များကို စတင်တိုက်ခိုက်ခဲ့သည်။ ဂျင်ဂစ်ခန်သည်သူ၏ စစ်သားများကို အသုံးပြုရာ၌ အလွန် တစ်ရာ ရက်စက်ကြမ်းကြုတ်သော နည်းဗျူဟာများကို သုံးစွဲခဲ့သည်။ မည်သည့် အုပ်ချုပ်သူမဆို ဂျင်ဂစ်ခန်၏ သိမ်း ပိုက်မှုကို ကြည်ဖြူစွာ လက်မခံပါက၊ ထိုတိုင်းပြည်ရှိ ပစ္စည်းအားလုံး ပျက်စီးဆုံးရှုံးရ၍ ပြည်သူအများစု အစုလိုက် အပြုံလိုက် သေကြေပျက်ဆီး ကြရမည်ဖြစ်သည်။ ကမ္ဘာတွင်ယခင်က ဤကဲ့သို့ ကြမ်းတမ်း ခက်ထန်သော အဖြစ်မျိုး နှင့် ကြုံခဲ့ဘူးခြင်း အလျဉ်း မရှိခဲ့ပေ။ ဤသည် ဂျင်ဂစ်ခန်၏နည်းဗျူဟာ ဖြစ်သည်။

အီရန်နိုင်ငံကို အုပ်ချုပ်နေသော မုဟမ္မဒ်ရှားခဝါရဇမီ (အေဒီ၁၂၀၀-၁၂၂၀) အား မွန်ဂိုဗိုလ်ချုပ် ဟူလီဂူက မွန်ဂိုများ ကိုစော်နေသည်ဟူ ယူဆခဲ့သောကြောင့် မွန်ဂိုစစ်သားများသည် ခလီဖါမုဟမ္မဒ်ရှားနှင့် သားဖြစ်သူ ဂျလာလွဒ္ဒင်ကို အေဒီ၁၂၁၉မှ ၁၂၂၉အထိ အီရန်၊ အဇာဘိုင်ဂျန်နှင့် ဆီးရီးယားအထိ ဝင်ရောက်ရှာဖွေခဲ့ပြီး ထိုစစ် သားများ ရောက် ရှိရာ အရပ်များတွင် အပြစ်မဲ့ ပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။

အေဒီ၁၂၃၁တွင် မွန်ဂိုများသည် မွတ်စလင်(မ်)များ၏ မြို့ကြီးများကို တစ်မြို့ပြီး တစ်မြို့ သိမ်းပိုက်ဖျက်ဆီးခဲ့၍ ဘိုခါရာမြို့သည် အုတ်ကျိုးများ အဖြစ်သာ ကျန်ရှိခဲ့သည်။ ဘဂ္ဂဒက်fမြို့သည်လည်း မွန်ဂိုများ၏ လက်သို့ ကျရောက် ခဲ့ရသည်။ ဘဂ္ဂဒက်fမြို့သို့ ကျူးကျော်သိမ်းပိုက်ရာတွင် လမ်းမများပေါ်၌ အလောင်းများမှာ မြင်မကောင်းနိုင် လောက်အောင်စုပြုံ၍ ရှိနေခဲ့သည်။ များစွာသော မွတ်စလင်(မ်)တို့သည် အီဂျစ်၊ ဆီးရီးယားနှင့် အိန္ဒိယနိုင်ငံများသို့ သွားရောက် ခိုလှုံခဲ့ကြသည်။ အစ္စမာအီလီများ၏ အလာမွတ်ဒေသသည်လည်း မွန်ဂိုများ၏လက်တွင်း ကျရောက်ခဲ့၍ ပြည်သူများ အတုံးအရုံး အသတ်ခံခဲ့ကြရသည်။(ဆယ်လ်ဂျုတ်)များ၏ (ရွမ်)(ခေါ်)ရောမ အဖြစ် တည်ဆောက်ထား သော တူရကီနိုင်ငံကို ခုခံမှုမပြုဘဲ မွန်ဂိုများ၏လက်သို့ အပ်ခဲ့သည်။

မွတ်စလင်(မ်) အုပ်ချုပ်သူများ အတွင်းမှ အီဂျစ်ပြည်ကို တူရကီလက်အောက်ခံ အဖြစ်အုပ်ချုပ်သော စူလ်တန် ဘေ ဘာရ်သည် မွန်ဂိုများ၏ ကျူးကျော်မှုကို ပထမဦးဆုံး ခုခံတွန်းလှန် ခဲ့သူတစ်ဦးဖြစ်သည်။ အေဒီ၁၂၆၀တွင် စူလ်တန်ဘေဘာသည် မွန်ဂိုစစ်တပ်ကို ပါလက်စတိုင်း မြောက်ပိုင်း အိန်းဂျလွတ် အရပ်တွင် အကြီးအကျယ် ထိုးနှက် နိုင်ခဲ့သည်။ မွန်ဂိုများအားလုံး အလုံးအရင်းဖြင့် ပြန်လည်ထိုးစစ် ဆင်ခဲ့သည့်အတွက် စူလ်တန်ဘေဘာသည် ဒေလီမြို့သို့ လမ်းကြောင်းပြောင်း ၍ စူလ်တန် အုပ်ချုပ်ရေးစနစ် ပြန်လည် ထူထောင်ခဲ့သည်။ ထိုအချိန်တွင် မွန်ဂိုများသည် မွတ်စလင်(မ်)များ၏ အချက်အခြာကျသော နိုင်ငံများကို သိမ်းပိုက်၍ အုပ်ချုပ်လျှက် ရှိသည်။

မွန်ဂိုများ၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သော မွတ်စလင်(မ်)နိုင်ငံများသည် တရုတ်ပြည်မကြီးတွင် အုပ်ချုပ်လျှက် ရှိသော ကူဗလေခန်၏ လက်အောက်ခံနိုင်ငံများ ဖြစ်ခဲ့ရ၍၊ မွန်ဂိုများသည် ပြည်နယ်ကြီးလေးခုတည်ထောင်ခဲ့သည်။ ထိုပြည်နယ်လေးခုလုံးမှာ ဗိုလ်ချုပ်ဟူလီဂူးမှ

ဆင်းသက်လာသော တန်ခိုးအာဏာအမြင့်ဆုံး ခန်းများ၏လက်အောက် ခံ ပြည်နယ်များ ဖြစ်ကြသည်။ မွန်ဂိုများသည် ဒမတ်စကပ်မြို့ကို သိမ်းပိုက်ဖျက်ဆီး၍၊ တိုက်ကရစ်နှင့် ယူဖရေးတီး အရပ်တွင်လည်းကောင်း၊ အီရန်တောင်ကြား အရပ်နှင့် တောင်တန်းဒေသတွင် လည်းကောင်း၊ မွန်ဂို အင်ပါယာကို တည်ထောင်ခဲ့သည်။ အလားတူဆီးရီးယား ချိုင့်ဝှမ်းဒေသရှိ (အာရ်တစ်ရှ်) ပြည်နယ်ကို အဖြူရောင် နယ်မြေ အဖြစ် သတ်မှတ်၍ ဘောလ်ဂါမြစ်ဝှမ်းဒေသကို ရွှေအုပ်စုနယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ထိုအချိန်မှစ၍ မွန်ဂိုများသည် ဆက်လက်နယ်ချဲ့ခဲ့သော စနစ်မှအနားယူ မြို့တည်အုပ်ချုပ်သော စနစ်ကို ကျင့်သုံးခဲ့ပေသည်။ ထိုအချိန်တွင် အရှေ့ အလယ်ပိုင်းအတွင်း မကြုံဘူးသော ကြီးမားသည့် နိုင်ငံရေး အုံကြွမှု တစ်ရပ်ပေါ်ပေါက် လာခဲ့သည်။



မွတ်စလင်(မ်)များသည် နာမ်ပိုင်းဆိုင်ရာ ယုံကြည်မှု မရှိသော မွန်ဂိုများကို လုံးဝနှစ်သက်လိုလားခြင်း မရှိခဲ့ ကြပေ။ မွန်ဂိုများသည် ဘာသာတရား အားလုံးကို လေးစား သယောင်ရှိသော်လည်း မည်သည့်ဘာသာ အယူဝါဒများ ကိုမျှ ထိ ရောက်စွာ ယုံကြည်လက်ခံခြင်း မရှိကြပေ။ ၎င်းတို့၏ ဥပဒေဆိုင်ရာ လျှို့ဝှက် သင်္ကေတသည်(ယာဆာ) ဟူသော အ မည်ကို ဂျင်ဂစ်ခန်က ဂုဏ်သတ္တိအဖြစ် သတ်မှတ်ခဲ့သည်။ ဂျင်ဂစ်ခန်ကိုယ်တိုင်ပင် ပြဿနာတစ်စုံတစ်ရာကို ဖြေရှင်း ရာ၌ စစ်တိုက်ခြင်းဖြင့်သာ ဖြေရှင်းရမည်ဟု ကျဉ်းမြောင်းသော နိုင်ငံရေးခံယူချက်ကို ခံယူသူဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက် ဦးတည်ချက်များတွင် အများပြည်သူအတွက် အကျိုးဖြစ်ထွန်းနိုင်မည့် အချက်များ ပါဝင်ခြင်း မရှိခဲ့ ပေ။ ၎င်းတို့ရောက်ရှိရာ အရပ်ရှိ ရိုးရာယဉ်ကျေး မှုများအတိုင်း ရေလိုက်ငါးလိုက် နေထိုင်ကြသူများဖြစ်သည်။ ကိုယ်ပိုင် ယဉ်ကျေးမှုဟူ၍ တိတိပပ မရှိခဲ့ကြပေ။

၁၃ ရာစုအကုန် ၁၄ ရာစုအစတွင် ဖေါ်ပြပါအုပ်ချုပ်ရေး နယ်ပယ်လေးခုလုံးရှိ မွန်ဂိုအားလုံးသည် အစ္စလာမ် သာသ နာသို့ ကူးပြောင်းလာခဲ့ကြသည်။ ထိုအချိန်မှစ၍ အချက်အခြာကျသော နယ်ပယ်များတွင် မွတ်စလင်(မ်)များသည် တန်ခိုးအာဏာကြီးသော အုပ်ချုပ်သူများ ဖြစ်လာကြသည်။

သူတို့သည် အစ္စလာမ်သာသနာ၏ သစ္စာခံများဖြစ်လာကြသော်လည်း ရည်ရွယ်ချက်မှာ မွန်ဂိုဝါဒ ကမ္ဘာကိုလွှမ်းရမည် ဟူသော ဝါဒလမ်းစဉ်ပင် ဖြစ်သည်။ သူတို့၏ အုပ်ချုပ်မှုအတွင်းရှိ နိုင်ငံများကို စစ်အုပ်ချုပ်ရေး အသွင်ဖြင့် အုပ်ချုပ် ခဲ့ကြသည်။ အုပ်ချုပ်သူဘုရင်သည် စစ်ဦးစီးချုပ်ဖြစ်သည်။ စစ်တိုက်ရာ၌ စစ်သားအားလုံးကို ဦးဆောင်၍ တိုက်ပွဲ တွင် ကိုယ်တိုင် ဦးစီးသည်။ ဘုရင်မှလွဲ၍ ဘုရင်၏ မည်သည့်လက်အောက်ခံကမျှ စစ်တပ်ကို ဦးစီးပိုင်ခွင့် မရှိ ပေ။

မွန်ဂိုများသည် အစပိုင်းတွင် သတ်မှတ်ထားသော မြို့တော်ဟူ၍ သီးသန့်မရှိခဲ့ပေ။ ဘုရင်၏စစ်တပ် စခန်းချရာ နေရာအား မြို့တော်အဖြစ်သတ်မှတ်လျှက် ထိုနေရာတွင်ပင် ပစ္စည်းအစုံကို ခင်းကျင်း၍ ဘုရင်၏ အုပ်ချုပ်ရေး အဖွဲ့ များ စုံလင်စွာဖြင့် ညီလာခံ ကျင်းပလေ့ရှိသည်။

မွန်ဂိုအုပ်ချုပ်ရေးတွင် နိုင်ငံရေးနှင့် ပတ်သက်၍ အဓိကရည်ရွယ်ချက်မှာ ရှိသမျှသော ကမ္ဘာ့နိုင်ငံအားလုံးကို သိမ်း ပိုက်ရာ၌ မည်မျှပင်ရက်စက် ကြမ်းကြုတ်ရသည်ဖြစ်စေ၊ သိမ်းပိုက်ရရှိခြင်းသာ အဓိကဟူသော အချက်ဖြစ်သည်။ ဤသည် ရှေးယခင် စစ်အာဏာရှင်များ၏ စနစ်များဖြင့်တူသော အတွေးအခေါ် တစ်ရပ်ဖြစ်သည်။ ၎င်းတို့၏ ယူဆ ချက်အရ ထိုကဲ့သို့ ရက်စက်မှသာလျှင် ၎င်းတို့၏ အုပ်ချုပ်မှု အောက်တွင် ရှိသော နယ်ပယ်အားလုံး ငြိမ်းမှုနှင့် လုံခြုံမှု ရှိမည်ဟု ခံယူကြသည်။ သိမ်းပိုက်နယ်မြေ အားလုံးသည် ဗဟိုပင်မ နိုင်ငံအောက်တွင် ရှိရမည်။ ထိုနယ်ပယ်များတွင် ဘုရင်၏ ဆွေတော်မျိုးတော်များနှင့် လက်သတ်မွေး တပည့်တို့က အုပ်ချုပ်ကြသည်။ နယ်လှည့်စစ်တပ်များကို ဦးစီး ရာတွင်လည်း ဘုရင်၏ ဆွေမျိုးများနှင့် လူယုံများက ဦးစီးကြ၍ ထိုနယ်လှည့်စစ်တပ်နှင့် နယ်မြေလုံခြုံရေး စစ်တပ် အားလုံးကို ဘုရင်ကိုယ်တိုင်က ဦးစီးသည်။

ဆယ်လ်ဂျုတ် များခေတ် အမီရ်များ၏အုပ်ချုပ်ရေးတွင် တရားဆုံးဖြတ်ရာ၌ အိုလမာများက အဓိက ပါဝင်ခဲ့သည်။ သို့ သော် မွန်ဂိုများ၏ အုပ်ချုပ်ရေးတွင်မူ ပြည်သူများ၏ ရပိုင်ခွင့် အားလုံးကို မွန်ဂိုစစ်တပ်မှ ဝင်ရောက်စွက်ဖက် လျှက် ရှိပြီး အိုလမာများ၏ ဘာသာရေးဆိုင်ရာ ဆုံးဖြတ်ချက်များကိုပင် မွန်ဂိုစစ်တပ်မှ ဟန့်တား ချုပ်ချယ်မှုများ ရှိခဲ့သည်။ ရှရီယာ ဥပဒေကိုလည်း မွန်ဂိုများ၏ ဩဇာအာဏာအား ပွန်းပဲ့နိုင်သော လျှို့ဝှက်သင်္ကေတ အဖြစ် မွန်ဂိုများက ထင်မှတ် လာခဲ့ကြသည်။

ထိုအခြေအနေများကြောင့် ၁၅ ရာစုနှစ်တွင် ]အေ့ဂျ်တေဟာဒ်} (ခေါ်) ဥပဒေပြုမှု ဆိုင်ရာ တံခါးသည် ကေယာမသ် နေ့တိုင် ပိတ်သွားပြီဟူ၍ ထိုခေတ် အိုလမာများက ဆုံးဖြတ်ခဲ့ကြသည်။ ထိုခေတ် အိုလမာများ၏ ဆုံးဖြတ်ချက်ကို လေးစားခြင်း အားဖြင့် မွတ်စလင်(မ်)အိုလမာများကလည်း အေ့ဂျ်တေဟာဒ်}ခေါ်ဥပဒေပြုမှု တံခါးပိတ်သွားပြီ ဟူသော အချက်ကို လက်ခံခဲ့ကြပေသည်။

မွန်ဂိုများသည် မွတ်စလင်(မ်)နိုင်ငံများကို သိမ်းပိုက်စဉ် မွတ်စလင်(မ်)များ၏ ဝတ်ကျောင်းများ၊ စာကြည့်တိုက်များ နှင့် စာအုပ်စာပေအားလုံးကို မီးရှို့ဖျက်ဆီးခဲ့ကြ၍ နောက်ပိုင်း မွန်ဂိုများ အစ္စလာမ်သာသနာသို့ ဝင်ရောက်လာ သောအခါ ဖျက်ဆီးခဲ့ကြသော အဆောက်အဦများကို သမိုင်းဆိုင်ရာ စာကြည့်တိုက်များ၊ သုတေသန အဆောက်အဦး

များကို ပြန်လည်တည်ဆောက်၍ ဆူဖီဝါဒ လမ်းစဉ်ကို အားပေးလာခဲ့ကြသည်။ မွန်ဂိုများသည် တစ်ဖြေးဖြေးချင်း မွတ်စလင်(မ်)များ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် တရားဆုံးဖြတ်ရေး စနစ်တို့ဘက်သို့ ယိမ်းလာခဲ့ကြသည်။ သို့ဖြင့် နောက်ပိုင်းတွင် မွန်ဂိုများ၏အုပ်ချုပ်ရေးစနစ်ကို အမီရ်များ၏ (ဆယ်လ်ဂျတ်) အုပ်ချုပ်ရေး စနစ်ကဲ့သို့ ပြောင်းလဲ လာခဲ့ကြသည်။ ကြမ်းတမ်းသော စိတ်ဓါတ်ရှိသည့် မွန်ဂိုများသည် မွတ်စလင်မ်များနှင့် နီးစပ်မှုရှိလာရာမှ နူးညံ့ သိမ်မွေ့သော အစ္စလာမ် သာသနာ၏ယုံကြည်မှုက ၎င်းတို့၏ စိတ်နှလုံးအတွင်းသို့ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ သို့ဖြင့် မူလာဇာတိအားဖြင့် အလွန်ရက်စက်သည့် စစ်အာဏာရှင်ကြီးများဘဝမှ သဘောထားနူးညံ့ ပျော့ပျောင်းသော ကမ္ဘာ့အဆင့်မှီ နိုင်ငံရေးခေါင်းဆောင်များ အဖြစ်သို့ ပြောင်းလဲလာ ခဲ့တော့သည်။

ဂျမာလွဒ္ဒင်ရူမီ

အေဒီ ၁၂၀၇-၁၂၇၃

ရူမီသည်မွန်ဂိုများ၏ ဒုက္ခပေးခြင်းကို ခံခဲ့ရသော ဆူဖီတစ်ဦး ဖြစ်သည်။ ရူမီကို အဖ်ဂန်နစ္စတန်နိုင်ငံ ခိုရာစန်မြို့တွင် မွေးဖွားခဲ့သည်။ သူ၏ဖခင်မှာ ပညာရှင်တစ်ဦး ဖြစ်သည့်အပြင် ဆူဖီတစ်ဦးလည်း ဖြစ်သည်။ ရူမီသည် အစ္စလာမ့် ဓမ္မထုံးဖွဲ့မှုဆိုင်ရာ ပညာရှင်တစ်ပါးလည်း ဖြစ်သည်။ အာရဗီနှင့်ဖါရစီစာပေကို တတ်ကျွမ်းသော ပညာရှင် ဖြစ်သည်။ မွန်ဂိုတပ်၏လက်မှ လွတ်မြောက်ရန် မိမိ၏မွေးရပ်ကို စွန့်၍ တူရကီနိုင်ငံ (ရွမ်) ရောမ အဖြစ်အမည် ပြောင်းခဲ့ သော မြို့သို့ တိမ်းရှောင်အခြေချ နေထိုင်ခဲ့သည်။ ထိုအချိန်က ထိုမြို့ကို စူလ်တန်အုပ်ချုပ် ရေးဖြင့် အုပ်ချုပ်ခဲ့သော အချိန် ဖြစ်သည်။

ရူမီ၏ ]ဘုရားသခင်ထံမှ ကွဲထွက်လာသော နာမ်ပိုင်းဆိုင်ရာ အာရုံသည် စကြဝဠာအတွင်း အိုးအိမ်မဲ့ ပျံ့လွင့်နေခြင်း} ဖြစ်၏ ဟူသော ဆူဖီအတွေးအခေါ်မှာ တူရကီနိုင်ငံ တစ်ခုလုံး၏ မွတ်စလင်(မ်)များ အတွင်းသို့ ပြန့်နှံ့ခဲ့သည်။ ထိုပျံ့ လွင့်နေသော နာမ်ပိုင်းဆိုင်ရာအာရုံ၏ အရင်းအမြစ်ကို စူးစမ်းရန် မွတ်စလင်(မ်)တိုင်း အပေါ်တွင် တာဝန်ရှိသည်ဟု ရူမီက ဖွင့်ဆိုခဲ့သည်။ နာမ်ပိုင်းဆိုင်ရာ အရင်းအမြစ်ကို သဘော ပေါက်နိုင်ရန် ]အတ္တ}  အဖြစ် တည်ရှိနေသော မိမိ၏ စိတ်ညဉ်ကို ဖွံ့ဖြိုးလာရန် ပြုစုပျိုးထောင်ရမည် ဖြစ်သည်။ ထိုစိတ်ညဉ်ကို ပြုစုပျိုးထောင်ခြင်း မရှိက မိမိ၏ စိတ်အာ ရုံသည် အတ္တတ္တိကဝါဒ (ခေါ်) ငါမှငါဟူသော အစွဲကြောင့် နာမ်ပိုင်း ဆိုင်ရာအသိသည် ထင်ယောင်ထင်မှားဟူသော သံသယ ဝက်ဘာအတွင်း လည်ပတ်၍ အရှိတရား၏ အသိကိုပေါက်ရောက်နိုင်မည် မဟုတ်ပေ။ ထိုနာမ်ပိုင်းဆိုင်ရာ အရင်းအမြစ်သည် ငါဟူသော မာနနှင့် ငါ့အတွက်သာ ဖြစ်သည်ဟူသော တစ်ကိုယ်ကောင်း ဆန်မှုတို့၏ ဖုံးလွှမ်းမှု အကာများ၏ အတွင်းတွင် တည်ရှိနေသည်။

ထိုအကာများကိုဖွင့်၍ ခရီးပေါက်နိုင်သော စိတ်အာရုံဖြင့် တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ တည်ရှိနေမှုကို သိရှိခံစား နိုင်မည်ဖြစ်သည်။ ရူမီသည် နာမ်ပိုင်းဆိုင်ရာ ယစ်မူးသော ဆူဖီ ဖြစ်သည်။ တစ်ခါတစ်ရံ နာမ်ပိုင်းဆိုင်ရာ ခံစားမှုသည် ရူမီ၏ ကိုယ်ပိုင်ဘဝ အတွင်းသို့ အလွန်ပြင်းထန်သော အာရုံ ခံစားမှု၏ ရစ်ပတ်လွှမ်းမိုးမှုကို ခံစားရပေသည်။

ထိုကဲ့သို့သော ကာလတွင် ရူမီသည် ပီတိသောမနဿ ခံစားမှုများမှ ကဗျာများ ရွတ်ဆိုခြင်း၊ သီးချင်းညီးခြင်း၊ တစ် ကိုယ်လုံး လည်ပတ်၍ ကခြင်းများ ပြုလုပ်လေ့ရှိသည်။ ဆူဖီများ၏ အလွန်ခန့်ညား ထည်ဝါသည့် ယက်ကန်းယက်ပတ် အကဟု ခေါ်ဆိုကြသည်။ ရူမီအား သူ၏ တပည့်များက မောက်လာနာ (ကျွန်ုပ်တို့၏အရှင်သခင်) ဟူသော အမည်ဖြင့်

ခေါ်ဝေါ်ကြသည့်အထိ လေးစားကြည်ညိုကြသည်။ မောက်လာနာ ဟူသော ဝေါဟာရကို နောက်ပိုင်းတပည့်များက မိမိတို့၏ ဆရာများကိုလေးစား  ကြည်ညိုခြင်း အားဖြင့် ခေါ်ဝေါ်လေတော့သည်။ ရူမီ၏ အရှိန်အဝါ သည် ယနေ့ တိုင် တူရကီနိုင်ငံတွင် လွှမ်းမိုးဆဲ ဖြစ်သည်။ ရူမီ၏ အကောင်းဆုံး နာမ်ပိုင်းဆိုင်ရာ လက်ရာ ]မတ်စနာဝီ} ကျမ်းပါ လမ်းညွှန်မှုတွင် ရုပ်ခန္ဓာ အတွင်းမှ နာမ်ပိုင်းဆိုင်ရာ စွမ်းအားကို ခွဲထုတ်၍ နာမ်၏ မူလဘူတ စခန်းသို့ ခရီးနှင်ရမည် ဖြစ်သည်။ ထိုကဲ့သို့ ပြုရန်မှာ လွယ်ကူသော ကိစ္စရပ် မဟုတ်ပေ။ ထိုကဲ့သို့ပြုနိုင်ရန် အတွက် မိမိ၏ အတ္တစိတ်နှင့် စစ်ခင်းရမည် ဖြစ်သည်။



ထိုအတ္တစိတ်ညဉ်ကို ငါဟူသော အတ္တစိတ်အသွင်မှ ငါသည်မရှိ၊ ငါ၏အရှင်သာရှိဟူသော ပုံစံခွက်ထဲသို့ ထည့်သွင်း ပုံလောင်းနိုင်မှသာ တုနှိုင်းမဲ့ကိုးကွယ်ရာအရှင်၏ အမိန့်တစ်ခု ဖြစ်သော ဝိညဉ်သည် ၎င်း၏မူလဘူတ ဖြစ်သော စခန်း သို့ ခရီးပေါက်နိုင်မည်ဟု ]မတ်စနာဝီ}ကျမ်းတွင် ဖေါ်ပြထားလေသည်။ ရူမီ၏ခေတ်တွင် မွတ်စလင်(မ်)များသည် မွန်ဂိုများ၏ ရက်စက်မှု နှင့်ရင်ဆိုင် ကြုံတွေ့ခဲ့ကြရသူများ ဖြစ်ကြသည်။ ထိုလောကီဒုက္ခကို ကျော်လွှန်နိုင်သော နည်းမှာ စိတ်ပိုင်းဆိုင်ရာ စွမ်းအားကို စုစည်း၍ စိတ်ဓါတ်ကြံ့ခိုင်နိုင်ရန်မှာ အဓိကအချက် ဖြစ်သည်။ ရူမီ၏ ကျင့်စဉ် များသည် တမလွန်ဘဝတွင်မက လက်တွေ့ဘဝ အတွက်လည်း မွတ်စလင်(မ်)များ အတွက် ချက်ချင်းလက်ငင်းအကျိုး

ခံစားကြရလေသည်။ အာဏာရှင်လက်အောက်ရှိ လူထု၏ စိတ်ထွက်ပေါက်မှာ ဝိပဿနာကျင့်၍ သည်းခံနေခြင်းပင် ဖြစ်တော့သည်။

သင်ရိုးညွှန်းတမ်းများ စတင်ရပ်ဆိုင်းနေခြင်းခေတ်

မွန်ဂိုများ၏ရက်စက်မှု နောက်ကွယ်တွင် များစွာသော ပြဿနာရပ်များလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုပြဿနာများ အနက် ဘာသာရေး ကျောင်းများတွင် ခေတ်နှင့်အညီ ပေါ်ပေါက်လာသော ပြဿနာရပ်များနှင့် ထိုပြဿနာရပ်များ ကို ဖြေရှင်းပေးနိုင်သော နည်းလမ်းများကို သင်ကြားပေးခြင်း အလျဉ်းမရှိတော့ပေ။ ယခင်ရှိရင်းစွဲ သင်ရိုးညွှန်း တမ်းအဟောင်း အတိုင်းသာ သင်ကြားပေးသော စနစ်ပင် ဖြစ်တော့သည်။ ထိုခေတ် ကာလမျိုးတွင် မွန်ဂိုမင်းဆက် များ၏ ဖိနှိပ်မှုကြောင့် သင်ရိုးညွှန်းတမ်းဟူသည် ခေတ်စနစ်နှင့် လျော်ညီစွာ ပြုပြင်ပြောင်းလဲရမည်ဟူသော အယူ အဆကို ထိုအချိန်ရှိ အိုလမာများက စတင်ပယ်ဖျက်ခဲ့ကြသည်။

ထိုကျောင်းများ မှ သင်ကြားပေးသော ပညာရေးစနစ်သည် ကျောင်းသုံးစာအုပ်ပါ ယခင်ပညာရှင်များ၏ အယူဝါဒကို မူရင်းအတိုင်း သင်ကြားပေးခြင်း။ ထိုအယူဝါဒများသည် ခေတ်စနစ်နှင့် ကိုက်ညီသည်ဖြစ်စေ၊ ကိုက်ညီမှု မရှိသည် ဖြစ်စေ၊ လုံးဝဝေဖန်သုံး သပ်ခွင့်မရှိဘဲ လိုက်နာကျင့်သုံးရမည် ဟူသောစနစ် ဖြစ်ခဲ့သည်။ ထိုခေတ် လောကဝတ်အရ မိမိတို့၏ ဆရာ့ဆရာများသည် မှန်သည်ဖြစ်စေ၊မှားသည်ဖြစ်စေ ဆရာများအား ပြန်လှန်မေးမြန်းခြင်း၊ဝေဖန်ခြင်း များအားလုံးသည် မိမိတို့၏ဆရာများကို စော်ကားခြင်း တစ်ရပ်ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ထိုခေတ်မှစ၍ ဆရာသ မားများကို အတိုင်းထက်အလွန် လေးစားရသော စနစ်ကြီး ဖြစ်ထွန်းလာခဲ့ တော့သည်။

ဆရာသမားများ၏ အမိန့်ပညတ်ချက်အတိုင်း လိုက်နာခြင်းသည် တမန်တော်၏အမိန့်ပညတ်ချက် အတိုင်းလိုက်ခြင်း မည်၏။ သို့မှသာတုနိူင်းမဲ့ ကိုးကွယ်ရာအရှင်၏ အမိန့်ကို လိုက်နာခြင်း ဖြစ်သည်ဟူသော ပညတ်ချက်ကို အခြေခံ၍ ကျောင်းများတွင် ရှေးဆရာကြီးများ၏ သင်ရိုးညွှန်းတမ်း အဟောင်းတစ်မျိုး တည်းကိုသာ သင်ကြားပေးခဲ့ကြသည်။

ထိုအချိန်မှစတင်၍ ထိုခေတ်သာသနာ့ ပညာရှင်များသည် ကျမ်းမြတ်ကုရ်အာန်ပါ ဗျာဒိတ်များကို မိမိတို့၏အမြင် ရှု ဒေါင့်မှ ဖွင့်ဆိုသည့် စနစ်ကြီးကို ရပ်ဆိုင်းခဲ့ကြသည်။ ကုရ်အာန်တွင် တည်ရှိနေသော အချက်အလက်အားလုံးသည် ရှေးဆရာကြီးများက လိုတိုးပိုလျှော့မရှိ ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ ထိုရှေးပညာရှင်များ၏ ဖွင့်ဆိုခဲ့ပြီးသော ဖွင့်ဆိုချက်များ သာလျှင် ကုရ်အာန်တွင် တည်ရှိနေသော အရှိတရားများဖြစ်သည်။ ထိုရှေးဆရာကြီးများ ဖွင့်ဆိုခဲ့ပြီးသော အယူဝါဒ နှင့်ကိုက်ညီမှုမရှိသော ဖွင့်ဆိုချက်များသည် ကုရ်အာန်တွင် တည်ရှိနေသော အရှိတရားများ၏ ဆန့်ကျင်မှုများသာ ဖြစ်သည်ဟု လက်ခံခဲ့ကြသည်။

ထိုခေတ်မှစတင်ခဲ့သော ထိုအယူဝါဒသည် ဘာသာရေးကျောင်းများတွင် သင်ရိုးညွှန်းတမ်းအဖြစ် အပြီးအပိုင် ပြဌာန်းထားပြီးဖြစ်သည်။ ယင်းပြဌာန်း ချက်များကို ခေတ်အဆက်ဆက် ဘာသာရေးကျောင်းများက ဦးလည်မသုံ ဆက်လက်ထိန်းသိမ်း နိူင်ခဲ့ကြသည်။ ထိုသို့သော အကြောင်းများကြောင့် ဘာသာရေးကျာင်းများမှ မွေးထုတ်ပေး လိုက်သော ဘာသာရေး ပညာရှင်များသည် ကုရ်အာန်ထက် သာပို၍ မိမိတို့ဆရာများ၏ အယူဝါဒများကို ပိုမိုအလေး သော စနစ်ကြီးပေါ်ပေါက်လာခဲ့သည်။



သို့ဖြင့် ဆရာတော်ကြီးများ၏ အဆိုအမိန့်များသည်ပင် တမန်တော်၏အဆိုအမိန့်များနှင့် ထပ်တူထပ်မျှဖြစ်သည်ဟူ သောအယူဝါဒကို လှေနံဒါးထစ် မှတ်ယူလာကြသည်။ ထိုသို့အားဖြင့် ထိုအယူဝါဒသည် နောက်မျိုးဆက်များအား အလွန်တစ်ယူသန် အစွန်းရောက်သမားများ ဖြစ်ပေါ်လာရန် ပြုစုပျိုးထောင် ပေးသကဲ့သို့ ဖြစ်လာရတော့သည်။

ရှေးမွတ်စလင်မ်မင်းများ လက်ထက်တွင် စစ်အာဏာရှင် စနစ်များကို ကျင့်သုံးခဲ့သော်လည်း ဘာသာရေးဆိုင်ရာ အယူ အဆများ- ဒသနများ၊ ကျောင်းသင်ခန်းစာ သင်ရိုးညွှန်းတမ်းများမှာ ခေတ်နှင့်အညီပြောင်းလဲ သစ်ဆန်းခဲ့သည်။ သို့ရာတွင် မွန်ဂိုအင်ပါယာ လက်အောက်ရှိ အိုလမာများ၏ ကျောင်းသင်ခန်းစာ သင်ရိုးညွှန်းတမ်းများ ဘာသာရေး ဒသနများနှင့် ဥပဒေပြုမှုများ ကုန်ဆုံးသွားပြီ ဆိုသော စနစ်ကြီးမှာ- မွတ်စလင်(မ်)တို့၏အသိဉာဏ် ဦးနှောက်အား သင်္ဂြိုလ်လိုက်ရ သကဲ့သို့ ဖြစ်သွားရတော့သည်။

ထိုခေတ်မတိုင်မီ အိုလမာများ၏ အနစ်နာခံမှုကိုမျှ မထောက်ထားဘဲလျှက် အနစ်နာခံရမည်- စွန့်လွှတ်ရမည်ကို စိုးရွံ့ခဲ့ကြသော မွန်ဂိုအင်ပါယာ လက်အောက်ရှိ အိုလမာများ၏ စနစ်သည် ယနေ့တိုင် ဘာသာရေးကျောင်းများတွင် ရေသောက်မြစ်ကြီးသဖွယ် အမြစ်တွယ်ခဲ့လေတော့သည်။ နိုင်ငံရေးအရ ကြည့်လျှင်- မွန်ဂိုများ၏ အစ္စလာမ်သာသ နာအား လက်ခံလာမှုများ- မွတ်စလင်မ်အင်ပါယာကို ကြီးမားကျယ်ပြန့် စေသော်လည်း- ထိုကြီးမားကျယ်ပြန့်စွာ အုပ်ချုပ်ခံရသော နယ်မြေဒေသကြီး တစ်လျှောက်ရှိ မွတ်စလင်များမှာ အတွေးအခေါ် ဒသနတိုးတက်မှု ကျဆုံးသွား ခဲ့ရသည်ကား အမှန်ပင်။

ကျောင်းသင်ခန်းစာ- သင်ရိုးညွှန်းတမ်းများ ခေတ်နောက်ကျ နေခဲ့သည်နှင့်အညီ ထပ်တူထပ်မျှ အချိုးညီနေသော ဆုံရှုံးမှုမှာ- မွတ်စလင်မ်မျိုးဆက်များ၏ အတွေးအခေါ်သည်လည်း ခေတ်နောက်တွင် ကျန်နေခဲ့ရလျှက်- ပုံပြင် ဒဏ္ဍာရီများ၌သာ နပန်း လုံးနေရပေတော့သည်။

ပို၍ဆိုးသည်က- မွန်ဂိုမင်းဆက်များကို ပြန်လည်အာဏာ ဆက်ခံသော မွတ်စလင်မ်များ၏နောက်ပိုင်းတွင် အဏာ ဆက်ခံသူများမှာ မွတ်စလင်မ်များ မဟုတ်တော့ပေ။ သို့ဖြစ်၍ မွတ်စလင်မ် မဟုတ်သူများ၏ လက်အောက်တွင် အုပ် ချုပ်ခံနေရသော အခြေအနေ၌ နောက်တိုး

အိုလမာများသည်လည်း- ၎င်းတို့ခေတ်တွင်  ညွှန်းတမ်းများကို ပို၍မ ပြောင်းသင့် ဆိုသည့် အချက်အား လက်ကိုင်ထားလိုက်ခြင်းပင်ဖြစ်တော့သည်။

အခြားတစ်ဘက်တွင် ခေတ်နှင့် အညီတိုးတက်လိုသော မွတ်စလင်မ်ခေတ်ပညာတတ်များ ပေါ်ပေါက်လာခဲ့ပေသည်။ သို့သော် ထိုခေတ်ပညာတတ်များမှာ ဘာသာရေးလောက၌ တိုးမပေါက်နိုင် ဖြစ်ခဲ့ရပေသည်။ ခေတ်ပညာတတ်များ၏ ခေတ်ပညာကျောင်းများတွင် သင်ရသော သင်ရိုးညွှန်းတမ်းများနှင့် မွတ်စလင်(မ်)အများကို ရှေ့ဆောင်သော အိုလ မာ ပညာရှင်များ၏ ကျောင်းများတွင် သင်ကြားလျှက်ရှိသော သင်ရိုးညွှန်းတမ်းများသည် မိုးနှင့်မြေကဲ့သို့ ကွာခြား လာပေတော့သည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာကြီးသည် နေ့စဥ်နှင့်အမျှ တိုးတက်လျှက် ရှိနေသကဲ့သို့ ခေတ်ပညာ ကျောင်းများ၏ သင်ရိုးညွှန်းတမ်းများသည်လည်း ခေတ်နှင့်အညီ အဆင့်ဆင့်ပြောင်းလည်း နိုင်ခြင်းဖြင့် ခေတ်မှီတိုး တက်သော ခေတ်ပညာများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် အိုလမာပညာရှင်များ၏ ကျောင်းများတွင် သင်ကြားပေး သော ပညာရေးစနစ်သည် မွန်ဂိုအုပ်ချုပ်ရေးနှင့်အတူ ထိုခေတ်တွင်ပင်ဆက်လက် ရပ်တန့်လျှက်နှင့်ပင် ကျန်ရစ်ခဲ့ တော့သည်။

ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံပေါင်းများစွာ လွတ်လပ်ရေး ရလာခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံအရပ်ရပ်မှ အစိုးရများက တိုင်းပြည်တိုးတက်ခေတ်မှီလျှက် ကမ္ဘာပေါ်တွင် အများနည်းတူ ရင်ဘောင်တန်းနိုင်ရန် ခေတ်ပညာကျောင်းများကို ဖွင့်လှစ်သင်ကြား လာသောအခါ- နောက်မျိုးဆက်များသည် ခေတ်ပညာများကို သင်ကြားတတ်မြောက်လာလျှက် ရှေးဟောင်း ဒဏ္ဍာရီများမှ ဖယ်ခွာလိုသော စိတ်ဓါတ်များ တစ်စစဝင်ရောက် လာပေတော့သည်။ ထိုအခါ အိုလမာ လက်အောက်ခံ ပညာရေးအောက်မှ ကျောင်းဆင်းပညာရှင်များနှင့် ခေတ်ပညာကျောင်းဆင်း မွတ်စလင်မ် များစပ် ကြား သဟဇာတ ဖြစ်မှု အားနည်းလာခဲ့ပေသည်။



အိုလမာများ၏ လက်အောက်ခံ ဘာသာရေး စာသင်ကျောင်းများတွင် ကုရ်အာန်အား အသံထုတ်ရုံသက်သက်မျှသာ သင်ပေးခြင်း။ သို့မဟုတ် ဤသို့သာ နားလည်ခံယူရမည် ဟူသော ဘောင်ကွပ်ထားသည့် ပုံစံချစနစ်ဖြင့် သင်ကြား ပေးခြင်း။ ဆရာ့ဆရာကြီးများ၏ အဆိုအာဘော်များကိုသာ အဓိကထား သင်ကြားပေးသည့် အပြင်- မည်သည့် သိပ္ပံသဘောတရား- ခေတ်ကာလ သဘောတရားများကိုမျှ သင်ကြားပေးခြင်း မရှိသောကြောင့် ထိုဘာသာရေး ကျောင်းထွက်များ၏ ပြောသောစကားများ ဟောသော တရားများမှာလည်း နေ့စဥ်နှင့်အမျှ မှေးမှိန်လာရ ပေတော့

သည်။ သို့သော် အချို့ ပညာရေး စနစ်မပေါက်သေးသော ဆင်းရဲသည့် နိုင်ငံများတွင်မူ- မွတ်စလင်မ် ပညာရေး စနစ်၏ သြဇာမှာ တစ်စုံတစ်ရာ ရှင်သန်လျှက်ပင် ရှိနေသေးပေသည်။ လူထုအများစုမှာ ပညာရေးပေါက်မြောက်ရန် မသင်ကြားနိုင်ခြင်းနှင့် မွန်ဂိုခေတ်မှ ပညာရေးစနစ်ဖြင့် မွတ်စလင်မ် ဘာသာရေး ကျောင်းများ၏ ခေတ်နောက်ကျန် အတွေးအခေါ်များမှာ သဟဇာတ တည့်နေလျှက်ပင် ရှိနေသေးသည်ကို တွေ့ရှိရပေသည်။ ထိုဝါဒအောက်ရှိ ဆရာ များနှင့် ဒကာများကို ယခုခေတ်အခါတွင် အခြေခံဝါဒီများဟု ခေါ်ကြလျှက်- ထိုလူတန်းစားသည် မွန်ဂိုခေတ် ပညာ ရေး စနစ်၏ အောက်မှ စတင်မွေးဖွား လာခဲ့ခြင်း ဖြစ်ပေသည်။

အဟ်မဒ်အေ့ဗနုတိုင်မီယာ

အေဒီ ၁၂၆၃-၁၃၂၈

တိုင်မီယာသည် အစ္စလာမ်သာသနာကို ပြန်လည်ဆန်းသစ်၍ ခေတ်နှင့်အညီ ဖွင့်ဆိုခဲ့သော ပညာရှင် တစ်ပါးဖြစ်သည်။ ဒမတ်စကတ်မြို့သားဖြစ်၍ မွန်ဂိုများ၏ ညှင်းပန်းမှုကို အလူးအလဲ ခံရသူလည်းဖြစ်သည်။ တိုင်မီယာ၏ ဖခင်မှာ ပညာရှင်တစ်ဦးဖြစ်၍ ဟမ်ဗလီဂိုဏ်းဝင် တစ်ဦးဖြစ်သည်။ တိုင်မီယာသည် သူ၏ခေတ်တွင် မြင်တွေ့ရသော အစ္စလာမ့် ရှရီယာများကို အားမရသူ ဖြစ်သည်။ အစ္စလာမ့်ရှရီယာဟူသည် သူမြင်တွေ့ရသည့် လက်ရှိရှရီယာထက် ပိုမို လေးနက်ခိုင်ခန့် ရမည်ဟု ယူဆခဲ့သူဖြစ်သည်။ တိုင်မီယာ၏ကြေညာချက်မှာ မွန်ဂိုများ အစ္စလာမ် သာသသနာသို့ ကူးပြောင်းလာသည် ဆိုခြင်းမှာ မှန်ကန်မှုမရှိပေ။ မွန်ဂိုများ၏အဓိက ရည်ရွယ်ချက်မှာ အစ္စလာမ့်ဥပဒေထက် ၎င်းတို့၏ လျှို့ဝှက်သင်္ကေတ (ယာဆာ) (ခေါ်) မွန်ဂိုများ ကမ္ဘာကို လွှမ်းရမည် ဟူသော အခြေခံမူဝါဒပင် ဖြစ်၏၊ သို့ဖြစ်၍ မွန်ဂိုများသည် မိစ္ဆာဒိဋ္ဌိများသာ ဖြစ်သည်ဟု ဖြစ်ပေသည်။ တိုင်မီယာသည် ရာရှေဒွန်း ခလီဖာကြီးများနောက်ပိုင်း၊ ဖြစ်ပေါ်လာခဲ့သော အစ္စလာမ်သာသနာဆိုင်ရာ ခံယူချက်များသည် မှန်ကန်မှုမရှိခဲ့ဟု အခိုင်အမာ ပြောဆိုခဲ့သူတစ်ဦး ဖြစ်သည်။ ရှီယာဝါဒ ဆူဖီဝါဒနှင့် နိုင်ငံခြားအတွေးအခေါ်များ ပါဝင်သောဓမ္မထုံးဖွဲ့မှု အားလုံးသည် မှားယွင်း ကြောင်း ပြောဆိုခဲ့သူ တစ်ဦးလည်း ဖြစ်သည်။

သူ့ခေတ် အာလင်မ်များ၏အဆိုအရ ]]အေ့ဂျ်တေဟာဒ်}}ဓမ္မထုံးဖွဲ့မှုဆိုင်ရာ တံခါးပိတ်သွားပြီဟူသော၊ အယူဝါဒများကို ဆန့်ကျင်သူဖြစ်သည်။ ခေတ်မှီတိုးတက်သော ခေတ်ကာလနှင့်အညီ ကုရ်အာန်နှင့် စွန္နဟ်ကို အခြေခံ၍ အေ့ဂျ်တေဟာဒ် စမ္မထုံးဖွဲ့မှု ဥပဒေကို ပြန်လည်ပြုရမည်ဟု ယုံကြည်သူ တစ်ဦးဖြစ်သည်။ အစ္စလာမ့်သမိုင်း တစ်လျှောက်တည်ရှိလာ ခဲ့သည့် များစွာသော ဖေကာဟ် အယူဝါဒများကို ထုတ်ပယ်ခဲ့သည်။ အရှ်ရီ၏ အယူအဆဖြစ်သော ဂိုဏ်းလေးဂိုဏ်းကို လက်ခံယုံကြည်၍ ဂိုဏ်းတစ်ဂိုဏ်း၏ နောက်သို့လိုက်သော သူကို စွန္နီမွတ်စလင်မ်များ ဖြစ်သည်ဟူသော အယူဝါဒ ကို လည်း ဝေဖန်ခဲ့သည်။ သူ၏အဆိုအရ ကုရ်အာန်ကို အခြေခံသော ဥပဒေများသည် သာလျှင် မှန်ကန်သော

အယူဝါဒ လမ်းစဉ်ဖြစ်သည်ဟု ဖြစ်ပေသည်။ ရှေးအထက်ကျော်ကာလက ရှိခဲ့သော မာလစ်(က်)၊ ရှာဖီ နှင့် ဟန်ဗလီတို့၏ ဝါဒလမ်းစဉ်များကို အသစ်ပြုလုပ် ဖွင့်ဆိုခဲ့သည်။

ယခုခေတ် ဆော်ဒီနိုင်ငံတွင် မောင်လာနာ အဗ္ဗဒွလ်ဝဟဗ်၏ ဝဟာဗီလမ်းစဉ်သည် တိုင်မီယာ၏ လမ်းစဉ်ကို ပြန်လည် ဆန်းသစ်ခဲ့သော လမ်းစဉ် ဖြစ်သည်။

တိုင်မီယာသည် မွန်ဂိုများကို ဆန့်ကျင်ခဲ့သောကြောင့် မွန်ဂိုများက သူ့အားဖမ်းဆီး ထောင်ချခဲ့ပေသည်။ စာပေရေး သားခြင်းကိုလည်း ခွင့်မပြုခဲ့ပေ။ သို့ဖြင့် သူသည်သူ၏ ယုံကြည်မှုအတွက် ထောင်တွင်း၌ပင် အသေခံသွားခဲ့ပေ သည်။ သူ၏ ဈာပနအား များစွာသော လူထုကြီးမှ တက်ရောက် ဂါဝရပြုခဲ့ပေသည်။



အဗ္ဗဒွလ်ရဟ်မာန်အေ့ဗနုခါလ်ဒွန်
အေဒီ ၁၃၃၂-၁၄၀၆

ခါလ်ဒွန်သည် စပိန်နိုင်ငံမှ တူညီးရှားနိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သူဖြစ်၍ အနောက်တိုင်းရှိ မွတ်စလင်(မ်) နိုင်ငံ များတစ်နိုင်ငံပြီး တစ်နိုင်ငံ ကျဆုံးလျှက် ရှိနေသည်ကို မြင်တွေ့နေခဲ့ရသူ ဖြစ်သည်။ ထိုအချိန်က မွတ်စ်လင်မ်များ၏ အဖြစ်မှာ- ပလိပ်ရောဂါဖြင့် သေကြေရမှုများ- နယ်လုည့် ရောင်းဝယ်ဖောက်ကားလျှက် အီဂျစ်နိုင်ငံမှ အာဖရိက မြောက်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့မှုများ- မွတ်စလင်(မ်)များပိုင် နယ်မြေများတွင် ခရစ်ယာန်တို့က ဦးဆောင် နေမှု များကိုd မြင်တွေ့နေရသူ ဖြစ်ပေသည်။ အေဒီ၁၂၃၆တွင် စပိန်နိုင်ငံ(ကော်ဒိုဘာ) ကိုလည်းကောင်း အေဒီ ၁၂၄၈တွင် (ဆီဗီလီ)ကိုလည်းကောင်း သိမ်းပိုက်ခဲ့သည်။ အေဒီ၁၄၉၂တွင် မွတ်စလင်(မ်) အင်ပါယာဖြစ်သော အလွန်စီးပွား ဖြစ် ထွန်းသည့် (ဂရင်နေဒါ) ပြည်နယ် အလ်အန်းဒလွတ်မြို့ကိုလည်း ခရစ်ယာန်များက သိမ်းပိုက်ခဲ့သည်။

ထိုအချိန်တွင် မွတ်စလင်(မ်) များ အတွက်အုပ်ချုပ်ရေး တစ်ခုလုံးအတွင်း အပြောင်းအလဲများ ရှိခဲ့သည်။ ခါလ်ဒွန်၏ အမြင်တွင် မွတ်စလင်(မ်)များ၏ အုပ်ချုပ်ရေး တစ်ခုလုံးပြောင်းလဲသွားပါက ပုံစံသစ်ဖြင့် ပြန်လည်တည်ဆောက် မည်။ ထိုပုံစံသစ်ဖြင့် ကမ္ဘာကြီးကို ခေတ်သစ် စနစ်သစ်ဖြင့် ပုံသဏ္ဍာန်ပြောင်းနိုင်မည်ဟု ယုံကြည်ထားသော စပိန် တွေးခေါ်ပညာရှင် တစ်ဦးဖြစ်သည်။

အစ္စလာမ့်သမိုင်း တစ်လျှောက် ပေါ်ပေါက်ခဲ့သော ဝါဒမျိုးစုံများအနက် အစ္စလာမ်သာသနာသည် မည်သည့် လမ်းစဉ်များ အပေါ်၌မျှ တည်တံ့စွာရပ်နေခြင်း မရှိခဲ့ကြောင်းကို ကောင်းစွာ သဘောပေါက်ထားသူ တစ်ဦးဖြစ် သည်။ အဆုံးအစ မရှိသောထာဝရ အမှန်တရားများ တည်ရှိနေသော စကြဝဠာ ဥပဒေများအားဖြင့်သာ ကမ္ဘာကြီးကို

အုပ်ချုပ်နိုင်မည်ဟု ယုံကြည်ထားသူလည်းဖြစ်သည်။ မှန်ကန်သော ကမ္ဘာအတွေးအခေါ်များကို အခြေခံသော ဥပဒေ များအားဖြင့် မွတ်စလင်(မ်)များ အပါအဝင် ကမ္ဘာ့လူသားများကို ဆင်းရဲ ဒုက္ခဘေးမှ လွတ်ကင်းစေနိုင်မည်ဟု ခံယူခဲ့သည်။ ထိုအတွေးအခေါ်ကို အခြေခံ၍ အုပ်ချုပ်ရေးနှင့် အုပ်ချုပ်လျှင် အများပြည်သူများမှာ ဆင်းရဲမှုဒဏ် မှရုန်းထွက်နိုင်၍ သာယာဝပြောသော ဘဝသစ်ကို ရရှိနိုင်မည်ဟု ခံယူခဲ့သည်။ သို့ရာတွင် အုပ်ချုပ်သူ လူတန်းစား များဘက်မှလည်း ကျင့်သားရပြီး ဇိမ်ခံသော ဘဝအထိုင်ကျပြီးသည်ကို လက်လွတ်ဆုံးရှုံး ခံကြမည်မဟုတ် ဆိုသညကို လည်း သဘောပေါက် ထားသူ ဖြစ်သည်။ လက်ရှိအခြေအနေသည် အုပ်ချုပ်သူများက အလွန်အဆင့်မြင့်သော လူနေ မှုစနစ်များ၌ရှိပြီး အများပြည်သူများမှာ အလွန်နိမ့်ကျသော လူနေမှုအတွင်း၌ ရှိနေကြသည်။ ထိုဆင်းရဲ ချမ်းသာ ကွာဟမှုကြောင့် အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံတို့ကြား သဟဇာတ မဖြစ်ဘဲ ပရိပက္ခဖြစ်လျှက် ရှိနေပေသည်။

ထိုအချိန်မျိုးတွင် ကမ္ဘာလုံးဆိုင်ရာ အတွေးအခေါ်ကို အခြေခံသော အုပ်ချုပ်ရေးစနစ်အား အစပျိုးနိုင်ရန် ခါလ်ဒွန် ကကြိုးပမ်းခဲ့သည်။ သူ၏ အတွေးအခေါ်နှင့် စပ်လျဉ်းသော စာအုပ်မှာ (အလ်မုကဒ်ဒီမာဟ်) ခေါ် ခေတ်ရေစီး ကြောင်း ဆိုင်ရာ သမိုင်းစာအုပ်ဖြစ်သည်။

ထိုစာအုပ်တွင် မွတ်စလင်(မ်) များ အတွင်း ဖြစ်ပျက်ခဲ့သည့် အားနည်းချက် အားသာချက်များကို သမိုင်းရှုထောင့်မှ ဖော်ပြထားခြင်းဖြစ်သည်။ ထိုစာအုပ်တွင် မွတ်စလင်(မ်)များ အတွင်း အုပ်ချုပ်သူများနှင့် စပ်လျဉ်းသော လမ်းညွှန် ချက်များ ပါဝင်သည်။ ၁၉၀၀ ပြည့် သမိုင်းပညာရှင်များက ထိုစာအုပ်သည် သမိုင်းလေ့လာရာ၌ အလွန် သိပ္ပံနည်းကျ လေ့လာရေး စနစ်ကို စတင်ဖန်တီးခဲ့သော စာအုပ်အဖြစ် အသိအမှတ် ပြုခဲ့ကြသည်။

ခါလ်ဒွန်က မွန်ဂိုများ၏ အုပ်ချုပ်ရေးသည် ၁၄ ရာစု အလယ်လောက်တွင် ကျဆင်းမည်ဟု သူ၏ စာအုပ်တွင် ကြိုတင် ဟောကိန်း ထုတ်ထားခဲ့သည်။ ထိုအတိုင်းပင် မွန်ဂိုများ၏ အုပ်ချုပ်ရေး ကျဆင်းခဲ့ရလေသည်။ ထိုအချိန်တွင် သူ၏ စာအုပ်ပါ မူဝါဒအတိုင်း အုပ်ချုပ်သူများ ပေါ်ပေါက်လာခဲ့သည့် အတွက် (အဗီဆီယာ) ခေါ် စည်းလုံးညီညွတ်သော ဝါဒတူ လူတစ်စု အုပ်ချုပ်ရေးစနစ်ကို အကောင်အထည် ဖော်နိုင်ခဲ့သည်။ သူ၏ (အဗီဆီယာ) ဝါဒကို အခြေခံသော အုပ်ချုပ်သူများမှာ မွတ်စလင်မ်နိုင်ငံ၏ ဗဟိုအချက်အခြာမှ မဟုတ်ဘဲ နယ်စွန်နယ်ဖျားမှ အုပ်ချုပ်ရေးမှူးများ ဖြစ် သည်။ ထိုမွတ်စလင်မ် နိုင်ငံရေးသမားများမှာ မွန်ဂိုအုပ်ချုပ်ရေး လက်အောက်မှ မဟုတ်သကဲ့သို့ အီဂျစ်နှင့် ဆီးရီး

ယားမှုလည်း မဟုတ်ပေ။ ထိုအချိန်တွင် အီဂျစ်နှင့်ဆီးရီးယား နိုင်ငံများသည် စီးပွားရေး ကျဆင်းလျက်ရှိသည်။ ထို အုပ်ချုပ်သူ လူတန်းစားများမှာ ဆီးရီးယား တောင်ကြားအရပ်မှ တူရကီလူမျိုးများ ဖြစ်ပေသည်။ ထိုသူများသည် မွန်ဂိုအင်ပါယာ အောက်တွင် ကြီးထွားလာသော ဆမာကန်မြို့သားများ ဖြစ်သည်။ သူတို့သည် မွန်ဂိုများ၏ အုပ်ချုပ် ရေးစနစ်ကို အားကျသူများ ဖြစ်ကြသည်။

## တီမူး (အေဒီ ၁၃၃၆ - ၁၄၀၅)

တီမူး၊ အနောက်တိုင်းသားတို့က တင်ဘာလိန်းအဖြစ် သိရှိထားသူဖြစ်သည်။ (တီမူး-သလိမ်း) သို့မဟုတ် ခြေထော့ နင်း၍ လမ်းလျှောက်သော တီမူးဖြစ်သည်။ သူက မွန်ဂိုမျိုးဆက်မှ ပေါက်ပွားလာသူဟု ကြွေးကြော်၍ မွန်ဂို အင်ပါ ယာဟောင်းများကို သိမ်းပိုက်သူဖြစ်သည်။ တီမူး၏ စစ်တိုက်ခိုက်ပုံ နည်းစနစ်မှာ မွန်ဂိုများထက်ပင် ရက်စက် ကြမ်း ကြုပ်သော နည်းစနစ် ဖြစ်သည်။ တီမူးသည် အောင်မြင်မှု ရရှိရန်အတွက် သတ်ဖြတ် ဖျက်ဆီးရန် အာသာ ပြင်း ပြသူ တစ်ဦးဖြစ်သည်။ တီမူးသည် သူ၏ဆန္ဒကို အကောင်အထည်ဖော်ရာ၌ သူမတူအောင် ဆောင်ရွက်နိုင်ခဲ့သည့် အတွက် လူအများ၏ သူရဲကောင်းတစ်ဦး ဖြစ်လာသည်။ သူသည် အစ္စလာမ်သာသနာကို လက်ခံရာ၌ အယူသန်သူ ဖြစ်သည်။ ရှေးအယူသန်သော အိုလမာများနှင့် ဆူဖီဝါဒသမားများကိုပါ နှစ်သက်မှုမရှိခဲ့ပေ။ သူသည် မိမိကိုယ်ကို တုန်ရှိုင်း မဲ့ကိုး ကွယ်ရာ အရှင်က အကျင့်ပျက်သူများကို အရေးယူ ပြစ်ဒဏ်ပေးရန် စေလွှတ်ခံရသူ ဟူ၍ဆိုခဲ့သည်။ ပြည် နယ်များ အတွင်း အုပ်ချုပ်သော အကျင့်ပျက် အမီရ်များကို ပြစ်ဒဏ်ပေးရာ၌ အလွန်ရက်စက်သည့် အတွက် တီမူး၏ အုပ်ချုပ် ရေးကို နှစ်သက်ပါလျက် သူ၏ရက်စက်မှုကိုမူ အများပြည်သူများက မနှစ်သက်ကြပေ။

သူ၏ ရက်စက်မှုသည် ယခင်မွန်ဂိုများနှင့် မခြားသကဲ့သို့ သူ၏နိုင်ငံရေး ဦးတည်ချက်မှာလည်း မွန်ဂိုများကဲ့သို့ ကမ္ဘာ ကြီးအား လွှမ်းမိုးရေးဖြစ်သည်။

တီမူးသည် အေဒီ၁၃၈၇တွင် အီရန်နိုင်ငံကုန်းမြင့် ဒေသတစ်ခုလုံးနှင့် မက်ဆိုပိုတေးမီးယား မြေပြန့်ပိုင်းကို သိမ်း ပိုက် ခဲ့သည်။ ၁၃၉၅တွင် ရုရှားနိုင်ငံ ရွှေရောင်အုပ်စုနယ်မြေ (ယခင်မွန်ဂိုပိုင်)ကို သိမ်းပိုက်ခဲ့သည်။ ၁၃၉၈ တွင် အိန္ဒိယ နိုင် ငံသို့ ရောက်ရှိ၍ အကျဉ်းထောင်မှ အကျဉ်းသားများကို သတ်ပြီး နယူးဒေလီမြို့တစ်ခုလုံးကို ဖျက်ဆီးခဲ့ သည်။ ၂ နှစ်နောက်ပိုင်း တူရကီနိုင်ငံနှင့် ဒမတ်စကပ်မြို့ကို သိမ်းပိုက်ခဲ့သည်။ ၁၄၀၄ ခုတွင် တရုတ်ပြည်အား တိုက် ခိုက်ရင်း ထိုနှစ်တွင်တီမူး အသတ်ခံခဲ့ရသည်။ တီမူး၏နောက်ပိုင်း မည်သည့်အုပ်ချုပ်သူကမျှ အုပ်ချုပ်ရေး နယ်ပယ် များကို နဂိုအတိုင်း ထိမ်းသိမ်းနိုင်မှု မရှိကြပေ။ ၁၅ရာစုတွင် မွတ်စလင်မ်အုပ်ချုပ်သူများက ယမ်းမှုန့်များကို ပိုင်ဆိုင် ခဲ့ကြ သည်။ ၁၅ရာစုအကုန် ၁၆ရာစုအစတွင် အဇာဘိုင်ဂျန်နှင့် အနာတိုးလီးယား ယခုအခေါ် တူရကီတို့ကို အခြေခံ၍ အစ္စလာမ့်အုပ်ချုပ်ရေးကို တည်ထောင်ခဲ့သည်။

## မွန်ဂိုတာတာ အင်ပါယာ နောက်ပိုင်း-

ဒေလီမြို့၏ စူလ်တန်သည် ၁၃ရာစုနှင့် ၁၄ရာစုအစတွင် ဘင်္ဂလားမြေနိမ့်ဒေသမှ အလွန်ဝေးသော ဘင်္ဂလားပြည်နယ် အထိ အစ္စလာမ့်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည်။ အစ္စလာမ့်အုပ်ချုပ်ရေးနှင့် ဝေးဝေးနေထိုင်သော တောင်တန်း ဒေသများရှိ ဟိန္ဒူ ရတ်ဂျပွတ် လူမျိုးမျာများမှ အပ အခြားဟိန္ဒူများသည် အစ္စလာမ့် အုပ်ချုပ်ရေး အောက်တွင် နေထိုင်ကြသည်။ အိန္ဒိယနိုင်ငံတွင် ဇာတ်နိမ့် ဇာတ်မြင့်ဟူ၍ လူမျိုးခွဲခြား ထားလေသည်။ ဇာတ်နိမ့်ဇာတ်မြင့်သူများ၏ အစဉ်အလာမှာ ၎င်းတို့အား အုပ်ချုပ်သော သူများ၏ လက်အောက်တွင် မိမိဇာတ်နှင့်ပင် ကောင်းမွန်စွာ နေထိုင်သူ များ ဖြစ်ကြသည်။

မွတ်စလင်မ်များ၏ အုပ်ချုပ်ရေးမူဝါဒမှာလည်း ခွဲခြားမှုမရှိဘဲ လူတိုင်းကိုတပြေးညီ အုပ်ချုပ်ခဲ့သည့်အတွက် ဟိန္ဒူ များနှင့် သဟဇာတ ဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံရှိ အများစုမှာ ဟိန္ဒူဂျေးဟင်း(န်)နှင့် ဗုဒ္ဓဘာသာဝင်များဖြစ်သည်။



ဇာတ်နိမ့်သူများမှာ အများစုဖြစ်၍၊ မွတ်စလင်မ်များမှာ လူနည်းစုဖြစ်သည်။ နောက်ပိုင်းတွင် ဇာတ်နိမ့်ဇာတ်မြင့် ခဲခြားခြင်းကြောင့် ဇာတ်စနစ်မရှိဘဲ လူ့အခွင့်အရေး ရရှိသော အစ္စလာမ်သာသနာ အတွင်းသို့ များစွာသော ဟိန္ဒူ ဇာတ်နိမ့်များက ကူးပြောင်းလာခဲ့ကြသည်။ ထိုသူများသည် ဆူဖီလမ်းစဉ်ကို မြတ်နိုးကြသည်။

အေဒီ ၁၃၃၀ တွင် ဒေလီမြို့ကို ဗဟိုပြုသော စူလ်တန်အုပ်ချုပ်ရေး နယ်ပယ်သည် အလွန်ကျယ်ဝန်းခဲ့သည်။ အချို့ နယ်ပယ်များတွင် ပုန်ကန်ထကြွမှုများရှိသည်။ သို့သော်အုပ်ချုပ်ရေး ယန္တယားတစ်ခုလုံးအား ထိခိုက်နိုင်သော အခြေ အနေသို့ မရောက်ခဲ့ချေ။ အချို့ပြည်နယ်များတွင် အမီရ်များက အုလမာများ၏ အကူအညီဖြင့် ကိုယ်ပိုင်အုပ်ချုပ် ခဲ့ကြသည်။ သို့သော် ယမ်းမှုန့် ပေါ်လာပြီးနောက်ပိုင်းတွင် စူလ်တန်တစ်ဦးတည်း၏ အုပ်ချုပ်ရေး သြဇာမှာ ပိုမိုကျယ် ပြန့်လာကာ ပြည်နယ်ဒေသများတွင် ]ဃာဇီ}ဟူသော စစ်ပြန်စစ် မှုထမ်းဟောင်းများက အမိရ်စနစ်ဖြင့် ကိုယ်ပိုင် အုပ်ချုပ်ကြသည်။ အမီရ်အုပ်ချုပ်သူများသည် ဆူဖီဝါဒလမ်းစဉ်ကို နှစ်သက်သူများ ဖြစ်၍

တူရကီနှင့် အဇာဘိုင်ဂျန် တွင် ထွန်းကားသော အလွန်ပြင်းထန်သည့် ကျင့်စဉ်များကို ကျင့်ရသည့် ]တွရီကာဟ်} ဆူဖီကျင့်စဉ်များနှင့် ဆင်တူသောကျင့်စဉ်မျိုးကို ကျင့်ဆောင်ကြပေသည်။

ထိုကျင့်စဉ်များကို ကျင့်ခြင်းဖြင့် အလွန်ပြင်းထန်သော စိတ်ဓာတ်ကို မွေးဖွားပြုစုပေးသည်။ တစ်ချိန်တစ်ခါက ရှီယာ များ၏အေမန် အသတ်ခံရ၍ ဝမ်းနည်းပူဆွေးခြင်းမှ တဆင့် မိမိကိုယ်ကိုမိမိ ညှင်းပမ်းနှိပ်စက်သည်အထိ တန်ပြန်မှု များ၊ ရောင်ပြန်ဟပ်သကဲ့သို့ ကျင့်ရသော ကျင့်စဉ်မျိုးဖြစ်သည်။ တူရကီရှိ (ဘက်ခ်-တာရှီ) ဘာသာရေးခေါင်း ဆောင် များက ယခင်ဘာသာရေးဆိုင်ရာ အယူများကို ပယ်ဖျက်လျှက် မူဝါဒအသစ်များ အစားထိုးနိုင်ခဲ့သည်။

အဇာဘိုင်ဂျန်မှ ဆဖာဗီယာကျင့်စဉ်သည် ၁၅ရာစုတွင် လူအများကို ပြင်းထန်သော စိတ်ဓာတ်များ ဖော်ထုတ်ပေးသည့် ကျင့်စဉ်အဖြစ် မွတ်စလင်မ်များကို ဆွဲဆောင်နိုင်ခဲ့သည်။ ထိုကျင့်စဉ်သည်လည်း မူလက ၁၂ပါး အေမန်ဝါဒကို လက်ခံ သော ရှီယာများ၏ ကျင့်စဉ်မှ အခြေခံ၍ ဆင်းသက်လာသော ကျင့်စဉ်တစ်ရပ်ပင် ဖြစ်ပေသည်။

မွန်ဂိုတာတာအင်ပါယာကြီး ပျက်စီးပြီးနောက်ပိုင်း တူရကီနိုင်ငံကို နိုင်ငံငယ်လေးများ အဖြစ်ခွဲ၍ ]ဃာဇီ} စစ်ပြန် စစ်မှုထမ်း ဟောင်းများက အုပ်ချုပ်ခဲ့ကြသည်။ ၁၃ရာစုအကုန်တွင် ဘိုင်ဇန်တိုင်း အင်ပါယာတွင် ကျေးရွာနှင့် မြို့ပြရှိ ပြည်သူ များအတွင်း အားပြိုင်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် အုပ်ချုပ်ရေးစနစ် အားပျော့လာခဲ့သည်။

အသေးငယ်ဆုံးသော ပြည်နယ်လေး တစ်ခုကို အုပ်ချုပ်ခဲ့သော အစ္စမာအီလီ မိသားစုမှ ၁၄ ရာစုလောက်တွင် အလွန် အင်အားကြီးသော အုပ်ချုပ်ရေး စနစ်ဖြစ်လာခဲ့ကာ နောက်ပိုင်းတွင် အော်တိုမန် အင်ပါယာဟု ဖြစ်လာခဲ့ပေသည်။ အေဒီ ၁၃၂၆ တွင် အော်တိုမန်တို့သည် ဘာစရာမြို့အား သိမ်းပိုက်ခဲ့သည်။နောက်ပိုင်းဘာစရာကို မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။ အေဒီ ၁၃၂၉ တွင် ဘိုင်ဇန်တိုင်း အင်ပါယာ၏ ( အစ်ဇ်နစ်ခ်)နယ်မြေကို သိမ်းပိုက်ခဲ့ သည်။ အေဒီ ၁၃၇၂ တွင် ဘိုင်ဇန်တိုင်း အင်ပါယာ၏ ကြီးမားသော နယ်ပယ်ကြီးများကို သိမ်းပိုက်၍ မြို့တော်အဖြစ် (အေဒီယာ နိုပယ်လ်) မြို့ကို တည်ဆောက်ခဲ့သည်။ ဘိုင်ဇန်တိုင်း ဘုရင်က ၎င်း၏ အုပ်ချုပ်ရေးကို လျှော့ချ ခဲ့ရသည်။

မူရတ် (၁) အေဒီ ၁၃၆၀-၁၃၈၉

မူရတ်သည် အနောက်တိုင်းတွင် အုပ်ချုပ်သော အလွန်အင်အား တောင့်တင်းသည့် မွတ်စလင်မ်အုပ်ချုပ်သူ တစ်ဦး ဖြစ်လာခဲ့သည်။ ၁၃၈၉တွင် လွတ်လပ်သော ဘောလ်ဂါနိုင်ငံနှင့် ဆာဗီးယားတို့ကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ဘောလ် ကန် ကျွန်းဆွယ်ကြီးတွင် အလွန်အရေးပါသော အုပ်ချုပ်သူ တစ်ဦး ဖြစ်လာသည်။ အေဒီ ၁၃၈၉ တွင် အော်တိုမန် သည် ဆာဗီးယားဗဟိုရှိ (ကိုဆိုဘို) ကို အောင်မြင်ခဲ့သည်။ သို့သော် မူရတ် လုပ်ကြံခံခဲ့ရသည်။ဆားဗီယား အိမ်ရှေ့ မင်းသား(ရယ်ဘယ်ဟာနိုဗစ်လာဇာ) အား ကွက်မျက်ခဲ့သည့်အတွက် ဆားဗီးယား ပြည်သူများက မွတ်စလင်မ် များကို အငြိုးထားခဲ့ကြသည်။

သို့သော် ဘိုင်ဇန်တိုင်း အုပ်ချုပ်ချိန်တွင် စီးပွားရေးကျဆင်းခဲ့သော နယ်မြေများကို အော်တိုမန်က စီးပွားရေး ပြန် လည် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည့်အတွက် အော်တိုမန် အုပ်ချုပ်ရေးကို ဆာဗီးယားများက နှစ်သက်ခဲ့ကြသည်။ တီမူးအောင်မြင်ခဲ့သော (အန်ဂိုရာ) ကို တီမူး ကွယ်လွန်ပြီးနောက် အေဒီ-၁၄၀၂ တွင် ပြန်လည်ခိုင်မာစေခဲ့သည်။



အေဒီ၁၄၅၁-၁၄၈၁ မဟာမက် (၂) လက်ထက်တွင် (ကိန်စတန်တီနိုပယ်လ်) ယခုအခေါ် အစ္စတန်ဘူလ်ကို ယမ်းမှုန့် လက်နက်အသုံးချ၍ အောင်မြင်ခဲ့သည်။

ခန့်ညားထယ်ဝါသောအစ္စလာမ့်အုပ်ချုပ်ရေး

( အေဒီ ၁၅၀၀-၁၇၀၀)

မွတ်စလင်မ်များသည် ယမ်းမှုန့်များကို တွေ့ရှိပြီး နောက်ပိုင်း စစ်နည်းဗျူဟာကို တိုးမြှင့်၍ အုပ်ချုပ်သူများ ပေါ်ပေါက်လာခဲ့သည်။ ကြီးမားသော နယ်မြေကြီးများကို ထိမ်းချုပ်၍ ထိရောက်စွာ အုပ်ချုပ်နိုင်ခဲ့ကြသည်။ ၎င်း တို့၏ အုပ်ချုပ်ရေးတွင် စစ်တပ်ကို အခြေခံ၍ အုပ်ချုပ်သော စနစ်ဖြစ်သည်။ ထိုခေတ် ထိုအခါက ဥရောတွင်လည်း ဘုရင် စနစ်ဖြင့် အုပ်ချုပ်ရေး ဖြစ်၍ စစ်တပ်ကိုပင် အခြေခံထားခဲ့ပေသည်။ ခေတ်ကာလအလျှောက် ပေါ်ပေါက် ထွန်းကား နေသော အုပ်ချုပ်ရေး စနစ်ပင်။ သို့သော် အနောက်တိုင်း သမိုင်းဆရာများက မွတ်စလင်မ်တို့၏ စစ်တပ်ကို နောက်ခံ ထား အုပ်ချုပ်သည့် စနစ်ကိုသာ ပြစ်တင် ဝေဖန်လျှက် အစ္စလာမ် သာသနာ၏ မူဝါဒသည် စစ်တပ်ကို အခြေ ခံသည့် စစ်ဝါဒကြီးစိုးသည့် စနစ်ဖြစ်သည်ဟု ယိုးမယ်ဖွဲ့ ချဲ့ကားရေးသား ခဲ့ကြပေသည်။

၁၅ရာစုနှောင်းပိုင်း ၁၆ရာစုအစ၌ အီရန်နိုင်ငံတွင် ဆဖာဖစ်ဒ် အင်ပါယာဟူ၍ လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် မွန်ဂို အင်ပါယာ ဟူ၍လည်းကောင်း၊ အနာတိုးလီးယား(ခေါ်) တူရကီ၊ ဆီးရီးယား မြောက်အာဖရိကနှင့် အာရေးဗီးယား တို့တွင် အော်တိုမန် ဟူ၍လည်းကောင်း ကမ္ဘာ့ အဓိကကျသော အစ္စလာမ့် အင်ပါယာသုံးခုကို တည်ထောင်ခဲ့သည်။

အလားတူ ဆီးရီးယားနိုင်ငံ ချိုင့်ဝှမ်းဒေသနှင့် ဥဇဘက်ကစ္စတန်တွင် ကြီးမားသော မွတ်စလင်မ်ပြည်နယ် အဖြစ်တည် ထောင်ခဲ့သည်။ ထိုနည်းတူစွာ မော်ရိုကိုနိုင်ငံကို ရှီယာများက မွတ်စလင်မ် ပြည်နယ်အဖြစ် သီးခြား အုပ်ချုပ်ခဲ့ကြ သည်။ ထိုအချိန်တွင် မွတ်စလင်မ်များသည် မလေးကျွန်းဆွယ်တွင် တရုတ်၊ ဂျပန်၊ ဟိန္ဒူများနှင့် အပြိုင် ကူးသန်း ရောင်း ဝယ်မှုပြုကြသည်။

၁၆ရာစုတွင် မွတ်စလင်မ်များသည် နိုင်ငံတကာအတွင်း အောင်မြင်ဆုံးသော ကုန်သွယ်သူများအဖြစ် လူသိများခဲ့ သည်။ ၁၆ ရာစုသည် မွတ်စလင်မ်များ၏ အောင်မြင်မှု ရာစုနှစ်ဟု ဆိုရပေမည်။ အထူးသဖြင့် အဓိက မွတ်စလင်မ် အင်ပါယာ သုံးခုအပြင် အခြား မွတ်စလင်မ်ပြည်နယ်များ အားလုံးတွင် ကုရ်အာန်၏ အခြေခံမူဝါဒဖြစ်သော လူတိုင်း သည် တူညီသော အခွင့်အရေး များကို တန်းတူခံစားခွင့် ရခဲ့ကြသည်။ ထိုကဲ့သို့ အုပ်ချုပ်ခံ ပြည်သူများအတွင်း မွတ်စလင်မ်များရော၊ မွတ်စလင်မ်မဟုတ်သူ များပါ တပြေးညီ အကျိုးခံစားခွင့်ရှိသော အုပ်ချုပ်ရေးများ အောက် တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည်။ မွတ်စလင်မ်များ၏ အုပ်ချုပ်ရေးသည် မွန်ဂိုတာတာများကဲ့သို့ စစ်တပ်ကိုအခြေခံသော အုပ်ချုပ်ရေး ဖြစ်သော်လည်း ဘုရင်၏ အုပ်ချုပ်မှု အာဏာများမှ အရပ်သားများကိုပါ အာ ဏာခွဲဝေပေးသော စနစ်ကို ကျင့်သုံးခြင်းဖြင့် ပြည်သူအများစု ပိုမို၍ အကျိုး ခံစားခွင့်များ ရရှိခဲ့ကြသည်။ ယခင် အဘာစီများ၏ ခေတ်တွင် အခြေခံအားဖြင့် အစ္စလာမ် သာသနာကို ရှေ့တန်းတင်သော အုပ်ချုပ်ရေး ဖြစ်ခဲ့သော် လည်း အုပ်ချုပ်ရာ၌လည်းကောင်း တရား စီရင်ရာ၌လည်းကောင်း ကုရ်အာန်၏အခြေခံ မူဝါဒနှင့် ဆန့်ကျင်လျက် ရှိနေခဲ့သည်။ သို့သော် ၁၅ ရာစုနှောင်းပိုင်းနှင့် ၁၆ ရာစု တွင်ပေါ်ပေါက်လာသော အုပ်ချုပ်ရေး စနစ်တွင် အစ္စလာမ် ရှရီယာဖြင့် ဆုံးဖြတ်မှု မပြုဘဲ ကုရ်အာန်၏ အခြေခံမူဝါဒနှင့် အလွန်နီးစပ် ကိုက်ညီခဲ့သည့် အတွက် အုပ်ချုပ်ခံ ပြည်သူများ အနေဖြင့် များစွာသော အကျိုးများကို ခံစားခွင့် ရခဲ့ကြသည်။

အီရန်နိုင်ငံတွင် တည်ထောင်သော ဆဖာဗစ်ဒ် အင်ပါယာသည် ရှီယာဝါဒကို အခြေခံ၍ ကမ္ဘာ့အတွေး အခေါ်နှင့် ဆူဖီဝါဒအားဖြင့် အုပ်ချုပ်ခဲ့သည်။ အော်တိုမန်တွင်လည်း လုံးဝနည်းပါ ရှီရယာကို အခြေခံသော မူဝါဒဖြင့် အုပ် ချုပ်ခဲ့သည်။ သို့သော် သက်ဦးဆံပိုင် ဘုရင်စနစ်၏ သဘောသဘာဝမှာ မည်မျှပင် ကောင်းမွန်စေကာမူ ကုရ်အာန်၏ အခြေခံမူဝါဒကား တစ်ထပ်တည်း မကျနိုင်ခဲ့ချေ။ သို့ဖြင့် အော်တိုမန် လက်အောက်ရှိ ပြည်သူများသည် ဆင်းရဲ၍ စီးပွားရေး ပညာရေးနှင့် လူတန်းစား အရ တပြေးညီ မရရှိသော အခက်အခဲများရှိ နေခဲ့သည်။ မွန်ဂိုအင်ပါယာ၏



အချက်အခြာ ဖြစ်သောအိန္ဒိယနှင့် အော်တိုမန်၏ အချက်အခြာဖြစ်သော တူရကီနိုင်ငံတို့တွင် ပြည်သူအများစုမှာ မွတ်စလင်မ်များ မဟုတ်ခဲ့ချေ။ ဆဖါဗစ်ဒ် အင်ပါယာတွင်းမှ ပြည်သူများမှာမူ မွတ်စလင်မ် လူများစု ဖြစ်ပေသည်။ သို့သော် စွန္နီမွတ်စလင်မ်များနှင့် ရှီယာမွတ်စလင်မ်များ အကြား၌ မကြုံဘူးသော ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ တစ်ချိန်တည်းတွင်ပင် ဥရောပမှ ခရစ်ယာန် ဘာသာ အတွင်း ကြီးမားသော ပဋိပက္ခများ ဖြစ်ပွားနေခဲ့သည်။ ထိုအချိန်တွင် ဥရောပသည် ခရစ်ယာန် ဂိုဏ်းကွဲနှစ်ခု၏ ထိပ်တိုက် ရင်ဆိုင်မှုမှ ကင်းဝေးရန် အုပ်ချုပ်သူများက ထိမ်းချုပ်နိုင်ခဲ့သည်။

၁၅၅၂-၁၅၅၆ တွင် ရုရှားမှ မွတ်စလင်မ်များ၏ (ခါကန်)ဒေသ နှင့် (အက်စထရာကန်) ဒေသကိုဝင်ရောက် သိမ်း ပိုက်ခဲ့သည်။ ထိုအချိန်မှ စ၍ မွတ်စလင်မ်များသည် အနောက် ဥရောပအထိ ရောင်းဝယ်ဖောက်ကားမှု လမ်းကြောင်း များပွင့်သွား ခဲ့သည်။ အေဒီ၁၄၉၂ တွင် စပိန်များက အမေရိကတိုက်အထိ ရေကြောင်းဖြင့် ရောက်ရှိခဲ့သည်။ ပေါ်တူ ဂီကုန်သည် များကိုလည်း ၎င်းတို့နှင့်အတူ ထိုရေကြောင်းကို အသုံးပြုခွင့်ပေးခဲ့သည်။ ၁၆ရာစု အလယ်လောက်တွင် ပေါ်တူဂီ များက ပင်လယ်နီအတွင်းမှ ခရုဆိတ် လက်သစ် ပုံစံဖြင့် မွတ်စလင်မ် ကုန်သည်များ၏ စီးပွားရေးကို ဖျက် ဆီးခဲ့ကြသည်။ ထိုအချိန်က ပေါ်တူဂီများသည် အနောက်တိုင်းတွင် အလွန်အရေးပါသူများ ဖြစ်ကြသည်။ ၎င်းတို့၏ ကြံစည်မှုများသည် မွတ်စလင်မ်များအား အနည်းငယ်မျှသာ ဆုံးရှုံး စေခဲ့သည်။

ဆဖာဗစ်ဒ်ဆူဖီ အုပ်ချုပ်ရေး

အဇာဘိုင်ဂျန်တွင် ဆဖာဗစ်ဒ်ဆူဖီက အေမန်၁၂ပါးကို ယုံကြည်သော ရှီယာဝါဒဖြင့် အုပ်ချုပ်ခဲ့သည့်အတွက် မက်ဆိုပို တေးမီးယားနှင့် အီရန် အနောက်ပိုင်းရှိ အမီရ်များအတွက် ဒေါသဖြစ် ဖွယ်ရာ အဖြစ်နှင့် ကြုံတွေ့ခဲ့ရသည်။ အေဒီ ၁၅၀၀တွင် အသက်၁၆နှစ်သာရှိသော အစ္စမာအီးလ်က ပီရ် ဆူဖီဂိုဏ်းချုပ် ဖြစ်လာသည်နှင့်အညီ တိုင်းပြည်အုပ် ချုပ်သူလည်း ဖြစ်လာသည်။ အစ္စမာအီးလ်၏ ဖခင်သည် အမီရ်များ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည့် အတွက် အမီရ်များကို တိုက်ခိုက် လက်စားချေရန် ကြိုးစားခဲ့သည်။ အေဒီ၁၅၀၁တွင် (သဗရစ်ဇ်)ပြည်နယ်ကို သိမ်းပိုက်ခဲ့ သည်။ များမကြာမီပင် အီရန်နိုင်ငံကိုပါ ဆဖာဗစ်ဒ် အုပ်ချုပ်ရေး လက်အောက်သို့ ရောက်ရန် ကြိုးစားခဲ့သည်။

အစ္စမာအီးလ်သည် မိမိအုပ်ချုပ်သော နယ်မြေများကို ရှီယာအုပ်ချုပ်ရေး နယ်ပယ်အဖြစ် ကြေညာခဲ့သည်။ တိုင်းပြည် အတွင်း များစွာသော မွတ်စလင်မ်များကို ပြည်နှင်ဒဏ်ပေးခြင်း၊ ဖမ်းဆီးထောင်ချခြင်းများ ပြုလုပ်ခဲ့သည်။ ထိုနှစ်မှ စတင်၍ ရာရှေဒွန်း ခလီဖ် လေးပါးအနက် အလီမှလွဲ၍ ကျန်ခလီဖ်သုံးပါးအား ပုတ်ခတ်ပြစ်တင်ခြင်းများကို စတင် ပြုလုပ်ခဲ့သည်။

တမန်တော်မုဟမ္မဒ်၏ အရိုက်အရာကို ဆက်ခံခွင့်ရှိသော အလီ၏ အခွင့်အရေးများကို ထိုခလီဖာ သုံးပါးက မတရား ယူခဲ့ကြသည်ဟူသော စွပ်စွဲချက်ကို ၁၂ပါး အေမာမ် ဝါဒကို ယုံကြည်သော ရှီအာများအတွင်း တရားဝင်ပြဋ္ဌာန်း ခဲ့လေသည်။ အစ္စမာအီးလ်၏ အလျင် ရှိခဲ့သော မည်သည့် ရှီယာအုပ်ချုပ် သူများကမျှ ယခုကဲ့သို့ ရာရှေဒွန်း ခလီဖဟ် သုံးပါးကို ပုတ်ခပ်စွပ်စွဲခြင်း လုံးဝမရှိခဲ့ပေ။ ထို့ပြင် သူသည် ခေတ်မှီလက်နက်များကို အားကိုးလျှက် ပတ်ဝန်းကျင်ရှိ စွန္နီမွတ်စလင်မ် နိုင်ငံများကို ခြိမ်းခြောက်လျှက် ရှိခဲ့သည်။ သူ့လက်ထက်တွင် စွန္နီမွတ်စလင်မ် များကို ဖိနှိပ်ခြင်း၊ စွန္နီအိုလမာများနှင့် ဆူဖီများကို ပြည်နှင်ဒဏ်ပေးခြင်း ရာရှေဒွန်း ခလီဖာ သုံးပါးကို ပုတ်ခတ် စွပ်စွဲခြင်းများကြောင့် စွန္နီများနှင့် ရှီယာများကြား နှစ်ပေါင်းနှစ်ရာခန့် တင်းမာမှုများ ဖြစ်ခဲ့ရသည်။

အမှန်တကယ်တွင် ရှီယာများမှ ၁၂ပါး အေမာမ်ဝါဒီများသည် ၎င်းတို့၏နောက်ဆုံး အေမာမ်မှာ အကွယ်တွင် ရှိ နေခဲ့သည့်အတွက် ၎င်းတို့အနေဖြင့် အုပ်ချုပ်ရေးကို စွန့်လွှတ်ထားခဲ့ကြသည်။ ထိုနောက်ဆုံးအေမာန် ရောက်ရှိ လာပြီးမှသာ အုပ်ချုပ်ရေးကို ပြန်လည် ပြုလုပ်မည်ဟု ၎င်းတို့က လက်ခံထားခဲ့ကြသည်။ သို့ရာတွင် ၁၂ပါး အေမာန် ဝါဒီ ခေါင်းစဉ်အောက်မှ  အစ္စမာအီလ်ကမူ ထိုအယူနှင့် ဆန့်ကျင်လျှက် အုပ်ချုပ်ရေးအာဏာအား အမိအရ စွဲကိုင် ထားသူဖြစ်သည်။

၁၀၆ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

အစ္စမာအီလ်သည် ရှီယာများအနက် အလွန်ရှေးကျသော ဆူဖီကျင့်စဉ်တစ်မျိုးဖြင့် ၎င်း၏လက် ရွေးစင် လူတစ်စုအား သင်တန်းပေးခဲ့ပေသည်။ ထိုကျင့်စဉ်သည် အလွန်ပြင်းထန်၍ စိတ်ဓါတ်အင်အားကို နှိုးဆွပေးသော နည်းစနစ် တစ် မျိုး ဖြစ်သည်။ ထိုလက်ရွေးစင် သင်တန်းသားများကိုလည်း အစ္စမာအီးလ်သည် ရှီယာများ မျှော် လင့်စောင့် စားနေ သော နောက်ဆုံးအေမာမ်ဖြစ်၍ စွန္နီမွတ်စလင်မ်များကို အပြတ်ချေမှုန်းရန် ရောက်ရှိလာသူဟု  ခံယူ သစ္စာခံစေခဲ့ သည်။

အေဒီ ၁၅၁၀တွင် စွန္နီမွတ်စလင်မ်များကို ဥဇဗက်နှင့် ခိုရာစန်နယ်မြေမှ (အောက်ဇသ်) ချိုင့်ဝှမ်းဒေသသို့ အဝေး ပို့ခဲ့သည်။ စွန္နီမွတ်စလင်(မ်)များ အုပ်ချုပ်သော အော်တိုမန်ကိုလည်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် စူလ်တန် ဆယ်လင်ဇ်(၁)က ၁၅၁၄ တွင် (ချယ်လ်ဒီရန်) တိုက်ပွဲ၌ ဆဖာဗစ်ဒ် တို့အားကောင်းစွာ ထိုးနှက်နိုင်ခဲ့၏။ ထို့အတွက်ကြောင့် အစ္စမာအီးလ်က စွန္နီမွတ်စလင်မ်များကို ၎င်း၏ပိုင်နက်မှ နှင်ထုတ်သည့် အစီအစဉ်မှာလည်း အောင်မြင်မှု မရှိခဲ့ပေ။ နောက်ပိုင်းတွင် အစ္စမာအီလ်သည် အီရန် တစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့၍ စစ်တပ်ကို အခြေခံသည့် ယခင်ပါရှန်းများနှင့် အဘာစီများ၏ ပုံစံဖြင့် အုပ်ချုပ်ခဲ့သည်။ မိမိကိုယ်ကို ကမ္ဘာမြေပေါ်မှတုနှိုင်းမဲ့ ကိုးကွယ်ရာအရှင်၏ အရိပ်ဖြစ်သည် ဟူ၍လည်းကောင်း အကွယ်တွင် ရှိနေသော အေမာမ်ဖြစ်သည် ဟူ၍လည်း ကောင်း ကြေညာခဲ့သည်။ အစ္စမာအီးလ်၏ အစွန်းရောက်သော အုပ်ချုပ်ရေးသည် ကြာရှည် မခံခဲ့ပေ။

ရှားအဘတ်(စ်)

(အေဒီ ၁၅၈၈-၁၆၂၉)

အဘတ်(စ်)သည် အစ္စမာအီလ်၏ အတွေးအခေါ် အယူဝါဒများကို ဖယ်ရှား၍(၁၂)ပါး အေမာမ်ဝါဒကို ပြန့်ပွားရန် ကြိုးစားခဲ့ သူ ဖြစ်သည်။ သူသည် အာရဗ်ရှီယာ အိုလမာများကို နိုင်ငံခြားမှ ခေါ်ယူ၍ ဘာသာရေးကျောင်းများတွင် (၁၂)ပါးအေမာမ် ဝါဒကို သင်ကြားစေပြီး ပညာရှင်အိုလမာများကို မွေးထုတ်ပေးခဲ့သည်။ ထိုဘာသာရေး ကျောင်း များကို အစိုးရ၏ အထောက်အပံ့ဖြင့် ရပ်တည်စေခဲ့သည်။ အဘတ်(စ်)သည် ဆဖာဗစ်ဒ်အင်ပါယာကို ထိပ်ဆုံးသို့ ပို့ပေးနိုင်ခဲ့သည်။ သူသည် အော်တိုမန် အင်ပါယာ၏ အချက်အခြာ နယ်မြေများကို သိမ်းပိုက်နိုင်ခဲ့သည်။ မြို့တော်မှာ အစ္စဖာဟန် ဖြစ်သည်။ ဥရောပတွင် အီတလီနိုင်ငံသည် ရှေးရိုးရာ ယဉ်ကျေးမှုများကို မူရင်းလက်ရာ မပျက် ထိန်း သိမ်းထား သကဲ့သို့ အစ္စဖာဟန်မြို့သည်လည်း ပါရှန်းရိုးရာ ယဉ်ကျေးမှုများကို မူရင်းအတိုင်း ပြန်လည်ဖော် ထုတ်နိုင် ခဲ့သည်။ ဆဖာဗစ်ဒ် အင်ပါယာကို ပိုမို၍ အရောင်ခြယ်သ ပေးနိုင်ခဲ့သူများမှာ-

ဗီဇတ် (အေဒီ ၁၅၃၅ )နှင့် ရီဇာအေအာဗရီ (အေဒီ ၁၆၃၅) တို့ ဖြစ်ကြသည်။

အစ္စဖာဟန်မြို့၏ ကျက်သရေဆောင် ဖြစ်သော ဗလီဝတ်ကျောင်းများနှင့်၊ အဆောက်အဦများ အားလုံးသည် ရှေး ပါရှန်းဆိုင်ရာ ယဉ်ကျေးမှုများကို ပြန်လည် ဖော်ထုတ်ပြသထားသည်။ နိုင်ငံခြားမှ ရောက်ရှိလာသော ရှီယာ အိုလမာ များသည် အစပိုင်းတွင် ဘာသာရေးရာ ပညာသင်ကြားပေးခြင်းနှင့် ဆွေးနွေးမှုများကို အိမ်များတွင် ပြုလုပ်ကြ သည်။ ရှီယာအုလမာများသည် အစိုးရနှင့်ကင်းကင်း နေသူများဖြစ်ကြသည်။ အစိုးရ၏ရည်ရွယ်ချက်မှာ ၁၂ပါး အေ မာမ်ဝါဒ ထွန်းကားရေးဖြစ်သည်။ ၁၂ပါး အေမာမ်ဝါဒ၏ အဓိက ရည်ရွယ်ချက်မှာ အကွယ်တွင် ရောက်ရှိနေသော နောက်ဆုံး အေမာမ် ပြန်လည် ရောက်ရှိလာမည်ကို ယုံကြည်ရမည် ဖြစ်သည်။ ထိုအေမာမ်ပြန်လည် ရောက်ရှိပြီးမှသာ ကုရ်အာန်တွင် လျှို့ဝှက်တည်ရှိနေသော အဓိပ္ပါယ်များကို ဖွင့်ဆိုပြပြီး လူသားတစ်ရပ်လုံးကို လမ်းညွှန် မည် ဖြစ်သည်။ အထူးသဖြင့် ၎င်းတို့၏ ဝါဒလမ်းစဉ်များကို ကမ္ဘာ မွတ်စလင်မ်ထု တစ်ရပ်လုံး လက်ခံလာရေး ဖြစ် သည်။

မုဟမ္မဒ်ဘာကိရ်မဂျလိစီ (အေဒီ၁၇၀၀)သည် ရှီယာအိုလမာများ အတွင်း ဩဇာ အသက်ရောက်ဆုံး ပညာရှင်တစ်ဦး ဖြစ်၍ သူသည် အယူသန်သော ပညာရှင်တစ်ဦးလည်း ဖြစ်သည်။ ရှီယာများအတွင်း ယခင်ရှိရင်းစွဲ ဆူဖီဝါဒများနှင့် နိုင်ငံခြား အတွေး အခေါ် ဝါဒသမားများကို ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သူ ဖြစ်သည်။
မဂျလိစီ၏အဓိက စွဲကိုင်ထားချက်မှာ အိုလမာဟူသည် ဖေကာဟ်ဓမ္မသတ်ထုံးဖွဲ့မှု တစ်ခုကိုသာ စွဲကိုင်ရမည်။ အီရန် ပြည်သူများကို ဆူဖီဝါဒနှင့် အတွေးအခေါ်ဝါဒများ အပေါ်၊ အယုံအကြည်ကင်းစေရန် အထူးကြိုးပမ်းအား ထုတ်ခဲ့


သောသူ ဖြစ်သည်။ ထိုအတွေးအခေါ် နှင့် ဆူဖီဝါဒ နေရာများတွင် အလွန်ရှေးကျသော ပါးရှန်းစျာန်ဝါဒ တစ်မျိုးနှင့် အစားထိုး ပေးခဲ့သည်။ ၎င်း၏ ဆူဖီကျင့်စဉ်မှာ ကရ်ဘလာအရပ်တွင် ကျဆုံးခဲ့ရသော ဟုစိန်၏ ဖြစ်ရပ်ကို စဉ်းစား၍ စိတ်တွင်းခံစားမှုကို ပြုစု ပျိုးထောင်ပေးသော ကျင့်စဉ်ဖြစ်သည်။ ထိုခံစားမှုသည် ခန္ဓာကိုယ် တစ်ခုလုံးသို့ သောက အဖြစ် ပြန့်နှံ့ လာရန် ဖန်တီးရသော ကျင့်စဉ်ဖြစ်သည်။ ထိုသို့သော စိတ်၏ဖိစီးမှုမှ ငြီးတွားခြင်း၊ တမ်းတ အော်ဟစ် ငိုကြွေးခြင်းများကို ဖြစ်ပေါ်စေသော ကျင့်စဉ် တစ်ရပ်ဖြစ်သည်။ ထိုကျင့်စဉ်၏ အဓိက ရည်ရွယ်ချက်မှာ သောက သည် စိတ်အာရုံ အတွင်းမှ ခန္ဓာကိုယ် တစ်ခုလုံးသို့ ပြန့်ပွားလာ၍ မိမိကိုယ်ကိုမိမိ ရိုက်နှက်ခြင်း၊ မီးရဲရဲတွင် လမ်းလျှောက်ခြင်းအားဖြင့် ပူဆွေးသောကကို ပြန်လည် ပြေငြိမ်းစေသော ကျင့်စဉ်ဖြစ်သည်။ မဂျလိစီ၏ နည်းစနစ်ကို ၁၈ ရာစုမှ စတင်၍ ရှီယာများနေထိုင်ရာ မြို့များတွင် အေမာမ်ဟုစိန် ကွယ်လွန်သော အထိမ်းအမှတ်တွင် နှစ်စဉ် လက် တွေ့အကောင် အထည်ဖော်ဆောင်စေတော့သည်။ မဂျလိစီမတိုင်ခင်က အီရန်နိုင်ငံရှိ ရှီယာများကို အတွေးအခေါ် ဝါဒနှင့် ဆူဖီဝါဒကို သွတ်သွင်းပေးခဲ့သူမှာ မာဒီမဒ်(အေဒီ၁၆၃၁)နှင့် ၎င်း၏တပည့် မွလ္လာဟ်စရ်ဒဟ် (အေဒီ၁၆၄၀) တို့ ဖြစ်သည်။ ၎င်းတို့နှစ်ဦးက ရှီယာများအတွက် ပြုစုပျိုးထောင်ပေးခဲ့သော ဝါဒမှာ မဂျလိစီ၏ ချေမှုန်းဖျက်ဆီးမှု အောက်၌ တစစီ ပျက်စီးခဲ့ရလေသည်။ မည်သို့ပင်ဆိုစေ လူသား၏ နှလုံးသည်းပွတ်အတွင်း ယုံကြည်ချက် အဖြစ် အနယ်ထိုင်၊ အခြေခိုင်ပြီးသော ခံယူချက် တစ်ခုကို အုပ်ချုပ်သူများ၏ အာဏာစက်အားဖြင့် သော်လည်းကောင်း၊ ဘာသာရေး ဆိုင်ရာအကြီး အကဲများ၏ ဓမ္မစက်အားဖြင့် သော်လည်းကောင်း ချေဖျက်၍ မရနိုင်ပေ။
အဘယ်ကြောင့်ဆိုသော် မွလ္လာဟ်စရ်ဒါသည် ယဟ်ယာ စုဟ်ရာဝရ်ဒီ (အေဒီ၁၁၉၁)၏ အတွေးအခေါ်နှင့် ဆူဖီကျင့်စဉ် များကို သိပ္ပံနည်းကျတီထွင်ခဲ့သော စရ်ဝါဒီ၏ စျာန်ကျင့်စဉ်ကို အခြေခံ၍ စနစ်သစ်ဖြင့် ပြန်လည် ပုံဖော်ထားသော ကျင့်စဉ် တစ်ရပ်ဖြစ်သည်။ ထိုကျင့်စဉ်ကို ရှီယာများက အလွန်စွဲမက်ခဲ့ကြသည်။ ထိုဝါဒသည် အုပ်ချုပ်ရေးနှင့် ဆိုင် သော နိုင်ငံရေးနှင့် ဆူဖီဝါဒတို့ကို တစ်ခုနှင့်တစ်ခု သဟဇာတ ဖြစ်ရန်အထူး တီထွင်ထားချက် ဖြစ်သည်။ ထိုဝါဒ လမ်းစဉ်ကို စွဲကိုင်ထားသော အုပ်ချုပ်သူသည် အများပြည်သူများ အပေါ် ခွဲခြားမှုမရှိ တစ်ပြေးညီ အုပ်ချုပ်နိုင်ရန် ကျင့်စဉ်ဖြစ်သည်။ မွလ္လာဟ်စရ်ဒဟ်၏ ဆူဖီကျင့်စဉ်ကျမ်းမှာ ]အလ်အဖ်စန်း-အလ်-အရ်ဗာဟ်} လေးဖက်မြင် ဘုံစ ခန်းသို့ ခရီးနှင်ခြင်း ဟုအဓိပ္ပါယ်ရသော ကျင့်စဉ်ဖြစ်သည်။ မွလ္လာဟ်စရ်ဒဟ် ကိုယ်တိုင် မိမိ၏ အတ္တစိတ် (သို့မဟုတ်) အတ္တတ္ထိကဝါဒ အပေါ် လွှမ်းခြုံလျှက်ရှိသော ငါမှငါ၊ နှင့် ငါ့အတွက်ဟူသော အလွှာများကို ဖယ်ရှား၍ အတ္တစိတ်၏ အတွင်း သဏ္ဍာန်အလင်းသို့ ထိုးဖေါက် ခရီးရောက်ခဲ့သူ ဖြစ်သည်။ ထိုကဲ့သို့ ခရီးရောက်နိုင်မှသာ တုနှိုင်းမဲ့ကိုး ကွယ် ရာအရှင်နှင့် စပ်လျဉ်းသော ]]မအ်ရေဖဟ်}}(ခေါ်) အသိရရှိမည် ဖြစ်သည်။ အလားတူ အကွယ် တွင်ရှိနေသော ရှီအာ များ၏ အေမာမ် တည်ရှိနေခြင်း သဘောကို နားလည်သဘော ပေါက်မည်ဟု သူ၏ကျမ်းတွင် ဖော်ပြထားသည်။
အာယာသွလ္လာဟ်ခိုမေနီ အေဒီ ၁၉၀၂-၁၉၈၉သည် မွလ္လာဟ်စရ်ဒဟ်၏ ကျင့်စဉ်ကျင့်ရပ်များ လွှမ်းမိုးခြင်း ခံရသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ၎င်း၏ နောက်ဆုံးမိန့်ခွန်းတွင် အီရန်ပြည်သူများကို အကြံပြုရာ၌ အလ်-အဖ်စန်း-အလ်-အရဗဟ် ကျင့်စဉ်ကို ဆက်လက် ကျင့်ကြံခြင်းဖြင့် ရှင်သန်စေရန် နှိုးဆော်ခဲ့သည်။
မည်သို့ပင်ဆိုစေ မဂျလေစီ အိုလမာများ၏ ဝါဒသစ်သည် မွလ္လာဟ်စရ်ဒဟ်၏ ဝါဒနှင့်တိုက်ရိုက် ဆန့်ကျင်ဘက် ဖြစ်ခဲ့ သည်။ သို့ရာတွင် မွလ္လာဟ်စရ်ဒဟ်၏ ဝါဒများသည် လုံးဝပျောက်ကွယ် သွားခြင်းမရှိဘဲ။ ယနေ့တိုင် တည်ရှိနေသည်။ စွန္နီမွတ်စလင်မ်များက ]]အေ့ဂျ်တေဟာဒ်}} ဓမ္မထုံးဖွဲ့မှုတံခါးသည် မွန်ဂိုများခေတ်မှစ၍ ကေယာမသ်နေ့တိုင် ပိတ် သွားပြီ ဟူ၍ယုံကြည်ကြသည်။ သို့ရာတွင် ရှီယာများ၏ ]]အေ့ဂျ်တေဟာဒ်}} ဓမ္မထုံးဖွဲ့မှုတံခါးသည် အခိုက်အတန့် သာ လျှင် ပိတ်သွားခြင်းဖြစ်သည်။ ၎င်းတို့၏ အကွယ်တွင် တည်ရှိနေသော အေမာမ် ရောက်ရှိလာပါက ဥပဒေသစ်ဖြင့် လူသား ထုတစ်ရပ်လုံးကို အုပ်ချုပ်မည်ဟု ယုံကြည်ခဲ့သည်။ ၁၇ရာစုတွင် ဆဖာဗစ် အင်ပါယာတွင် မဂျလိစီ အိုလမာ များ၏ အယူဝါဒသည် ရှီယာမွတ်စလင်မ်များ အပေါ်ထိရောက်စွာ လွှမ်းမိုးနိုင်ခဲ့ခြင်း မရှိပေ။ ထိုကဲ့သို့ပင် ဆဖာ ဗစ်ဒ် အင်ပါယာသည်လည်း ယိမ်းယိုင်စပြုခဲ့သည်။ စီးပွားရေးကျဆင်းသည်ထက် ကျဆင်းလာသည်။ အုပ်ချုပ်သူများ၏ အရည်အချင်း နိမ့်ကျလာမှုကြောင့် အေဒီ ၁၇၂၂တွင် အာဖဂန်လူမျိုးစုများက အစ်ဖဟန်မြို့ကို တိုက်ခိုက် သိမ်းပိုက် ခဲ့သည်။ လူအများစုကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည် သို့သော် ဆဖာဗစ်ဒ် အိမ်ရှေ့မင်းသား တစ်ဦး လွတ်

မြောက်သွားခဲ့သည်။ စစ်သူကြီး နေဒါခန်က အာဖဂန်များကို ပြန်လည်တိုက်ထုတ်နိုင် ခဲ့သည့်အပြင် ဆဖာဗစ်ဒ် အုပ် ချုပ်ရေးသမား များကိုပါ သုတ်သင်ရှင်းလင်း၍ ၂ နှစ်ကြာ အုပ်ချုပ်နိုင်ခဲ့သည်။

နေဒါခန်သည် အလွန်ရက်စက်သော ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်သည့်အတွက် ၁၇၄၈တွင် ချောင်းမြောင်း သတ်ဖြတ်ခံ ခဲ့ရသည်။ နေဒါခန် အုပ်ချုပ်ချိန်တွင် အိုလမာများကို တာဝန်နှစ်ရပ်ပေးခဲ့သည်။ ပထမတစ်ရပ်မှာ အိုလမာများသည် အီရန်နိုင်ငံ အစိုးရ၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်သည်။ မွတ်စလင်မ်နိုင်ငံများတွင် အီရန်နိုင်ငံနှင့် စပ်လျဉ်း သော ပြောရေးဆိုခွင့်ရှိသူများ ဖြစ်သည်။ ဒုတိယအချက်မှာ အီရန်နိုင်ငံကို စွန္နီမွတ်စလင်မ် အုပ်ချုပ်ရေး တည်ထောင် ရန်ဖြစ်သည်။ ထိုအချက်များကို ရှီယာအိုလမာများက စွန္နီမွတ်စလင်မ် နိုင်ငံများသို့ တင်ပြပေးရန် ဖြစ်သည်။ အီရန် နိုင်ငံမှ တရားဝင် ထွက်ခွာခွင့်ရသော ရှီယာအုလမာများသည် အော်တိုမန် အင်ပါယာ လက်အောက် ရှိ အီရတ် နိုင်ငံန ဂျတ်နှင့် ကရ်ဘလာ အရပ်တို့တွင် အပြီး နေထိုင်ခဲ့ကြသည်။ နေဒါခန် သေဆုံးချိန်တွင် အီရန် နိုင်ငံ၌ ဗဟို အုပ်ချုပ် သူ မရှိဘဲ လစ်လပ်လျှက် ရှိနေခဲ့သည်။ ကာဂျာမျိုးနွယ်စုမှ အာဂါမုဟမ္မဒ်(၁၇၇၉)က အာဏာ အရပ်ရပ်ကို ထိန်းချုပ် ခဲ့သည်။ လစ်လပ်လျှက်ရှိသော အိုလမာများ၏ နေရာတွင် မဂျလီစီအိုလမာများကို တရားဝင် ပြန်လည်ခန့် အပ်ခဲ့ သည်။ ဤသည်မှာ ရှီယာ အိုလမာများအတွင်း တူညီမှု မရှိသော မွလ္လာဟ်စရ်ဒဟ်၏ ဆူဖီကျင့်စဉ် ကိုအခြေခံ သော အိုလမာများနှင့်၊ မိုဟမ္မဒ်ဘာကီရ်မဂျလီစီ၏ အူစူလီ(ခေါ်) ဖိကဟ်ဓမ္မသတ်ကို အခြေခံသော အိုလမာများ ဖြစ် ကြသည်။ အုပ်ချုပ်သူများက အူစူလီ အိုလမာများကို နှစ်သက်သူများ ဖြစ်လျှင် မွလ္လာဟ်စရ်ဒဟ်၏ အဖ်စန်း အိုလမာ များ ဖိနှိပ်ချုပ်ချယ်မှုခံခဲ့ကြရသည်။ ထိုကဲ့သို့ပင် အုပ်ချုပ်သူများက (အဖ်စန်း)အုလမာများကို နှစ်သက်သူများ ဖြစ် လျှင် အူစူလီအုလမာများ ဖိနှိပ်ချုပ်ချယ်မှုခံခဲ့ကြရလေသည်။

မွန်ဂိုအင်ပါယာ

ရှီယာဆဖာဗစ်ဒ် အစ်မာအီလ်သည် စွန္နီမွတ်စလင်မ်များကို ]]ဂျေဟဒ်}}ကြေညာ၍ တိုက်ခိုက်နေသောအချိန် ဖြစ် သည်။ အိန္ဒိယနိုင်ငံတွင် အုပ်ချုပ်သော ဘေဘာရ် အေဒီ ၁၅၃၀သည် ရှားအစ်မာအီလ်၏ မဟာမိတ် နိုင်ငံ ဖြစ်သည်။ ဆဖာဗစ်ဒ် အင်ပါယာနှင့် ဥဇဗက်ကစ္စတန်တို့ စပ်ကြားပြင်းထန်သော စစ်ပွဲများ ဖြစ်နေသည်။ ထိုကဲ့သို့ ပြဿနာ များ ရှုပ်ထွေးနေသော အချိန်တွင် ဘေဘာရ်သည် အဖ်ဂန်နစ္စတန် ကာဘူးမြို့အနီး တောင်တန်း အရပ်တွင် ခိုလှုံခဲ့ သည်။ ထိုဒေသတွင် အဖ်ဂန်နစ္စတန် အမိရ်များအတွင်း ဂိုဏ်းကွဲ တိုက်ပွဲများသည် အေဒီ ၁၅၅၅အထိ ဆက်တိုက် ဖြစ် ပွားနေခဲ့သည်။ ဘေဘာရ်၏ မျိုးဆက်မှ ဆင်းသက်လာသော ဟိုမိုက်ယွန်က မွန်ဂိုများ၏ အုပ်ချုပ်ရေးဖြင့် အုပ်ချုပ် နိုင်ခဲ့သည်။ ဟိုမိုက်ယွန်သေဆုံး သွားပြီးနောက် ၎င်း၏သား အက်ဘာရ်က ဆက်လက်အုပ်ချုပ်ခဲ့သည်။

အက်ဘာရ် အေဒီ ၁၅၄၂-၁၆၀၅သည် အိန္ဒိယမြောက်ပိုင်းကို တည်တံ့ခိုင်မြဲစွာ အုပ်ချုပ်နိုင်ခဲ့သည်။ အေဒီ၁၅၆၀ တွင် ပြည်သူအများ၏ထောက်ခံမှုကို ရရှိခဲ့သည်။ အက်ဘာရ်သည် ယခင်မွန်ဂိုများ၏ အုပ်ချုပ်မှုအတိုင်း စစ်တပ်ကို ဘုရင်က ဦးစီးသော စနစ်ကို ကျင့်သုံးခဲ့သည်။ အက်ဘာရ် အုပ်ချုပ်ချိန်အတွင်း ပန်ဂျတ်ပြည်နယ် မလ်ဘာအရပ်နှင့် ဒက်ကန် နယ်မြေများအထိ တိုးချဲ့အုပ်ချုပ်နိုင်ခဲ့သည်။ အက်ဘာရ်၏ အုပ်ချုပ်မှုအောက်တွင် တိုင်းသူပြည်သား အား လုံး တူညီသော အခွင့်အရေးများကို တစ်ပြေးညီခံစားကြရသည်။

ဆဖာဗစ်ဒ်အစ်မာအီလ်ကဲ့သို့ မိမိလက်ခံထားသော ယုံကြည်မှုကို အများပြည်သူများကို အဓမ္မတိုက်တွန်းခဲ့ခြင်း မရှိခဲ့ ပေ။

မိမိတို့နှစ်သက်ကြသော အယူဝါဒများကို ယုံကြည်ခွင့် ရှိကြသည်။ ၎င်း၏ အုပ်ချုပ်ရေးအောက်တွင် မွတ်စလင်မ်များ မှာ လူနည်းစုများသာ ဖြစ်သည်။ အများစုမှာ ဟိန္ဒူဘာသာဝင်များ ဖြစ်သည်။အက်ဘာရ်၏အုပ်ချုပ်ရေး အောက် တွင် ဘာသာရေးဆိုင်ရာနှင့် လူမျိုးရေးဆိုင်ရာ ပဋိပက္ခများအလျဉ်းမရှိခဲ့ပေ။ ဟိန္ဒူများအတွင်း များစွာ သော ဇာတ် အဆင့်အတန်း အမျိုးမျိုးရှိခဲ့သည်။ ထိုဇာတ်အဆင့်အတန်းများ အလိုက် ယုံကြည်ကိုးကွယ်ရာ အယူဝါဒများလည်း အမျိုးမျိုး ရှိခဲ့ကြသည်။ ထိုကဲ့သို့ပင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ စွန္နီမွတ်စလင်မ်များ၊ ရှီယာ မွတ်စလင်မ်များ၊ အစ္စမာ



အီလီများ ဖြစ်ကြသည်။ ထိုဘာသာဝင် အားလုံးသည် မိမိတို့၏သာသနာ အယူဝါဒများကို လွတ်လပ်စွာ ကိုးကွယ် ပိုင်ခွင့်ရှိခဲ့ကြသည်။

၁၄ရာစုနှင့် ၁၅ရာစု ကြားတွင် ဟိန္ဒူဇတ် အသီးသီးတို့မှ လူများစုနှင့် မွတ်စလင်မ်များပူးပေါင်း၍ လူမျိုးရေးအဖွဲ့ ကြီးကို တည်ထောင်ခဲ့သည်။ အဖွဲ့၏ရည်ရွယ်ချက်မှာ လူမျိုးမတူ၊ ဘာသာမတူသူများ အတွင်း စည်းလုံး ညီညွတ်မှု ကို ပိုမိုခိုင်မြဲရန်နှင့် စည်းလုံးညီညွတ်မှု ပြိုကွဲခြင်းမှ ကာကွယ်ရန် ဖြစ်သည်။ အေဒီ ၁၄၆၉ ခုတွင် ဂူရုနာနတ် ဆစ်ခ်ဘာ သာရေး အဖွဲ့ကြီးပေါ်ပေါက်လာခဲ့သည်။ ထိုအဖွဲ့ကြီး၏ အခြေခံမူဝါဒမှာလည်း ပြည်တွင်းရှိ လူမျိုးပေါင်းစုံ ချစ် ကြည်ရေးဖြစ်သည်။ ပြည်တွင်းရှိ ဘာသာရေး အယူဝါဒ မတူသူများအတွင်း စည်းလုံး ညီညွတ်ခြင်းသည် တိုင်းပြည်၏ အင်အားဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်သူများ ဖြစ်ကြသည်။

ထိုအချိန်က ဘာသာမတူသူ၊ လူမျိုးမတူသူများ အတွင်း စည်းလုံးညီညွတ်၍ ပူးပေါင်းဆောင်ရွက်နိုင်စွမ်း ရှိသော လူ့အဖွဲ့အစည်းကြီးကို အိန္ဒိယနိုင်ငံတွင် စံပြတည်ထောင်နိုင်ခဲ့သည်။ ထိုအချိန်မှ စတင်၍ အက်ဘာရ် လက်အောက်ရှိ မွတ်စလင်မ်များသည် အိန္ဒိယ ဓလေ့ထုံးတမ်းများဖြင့် ရပ်တည်လာခဲ့ကြသည်။ အက်ဘာရ်၏ စစ်တပ်အတွင်း များစွာ သော လူမျိုးများ ပါဝင်ခဲ့သည့် အတွက်

စစ်တပ်သုံးစကားဟူ၍ ယနေ့အခေါ် အူရ်ဒူ ဘာသာစကားကို စစ်သား များ အတွက် ပြဋ္ဌာန်းခဲ့သည်။ အက်ဘာရ်သည် အိန္ဒိယနိုင်ငံတွင် အုပ်ချုပ်ရာ၌ လူများစု ဖြစ်သော ဟိန္ဒူရိုးရာ ဓလေ့ကို အခြေခံသော အုပ်ချုပ်ရေး စနစ်ဖြင့် အုပ်ချုပ်နိုင်ခဲ့သည့် အတွက် ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝ ရရှိခဲ့သည်။

အက်ဘာရ်သည် မွတ်စလင်မ်ဘုရင် ဖြစ်သော်လည်း ဟိန္ဒူအများစုထံမှ ]ဂျစ်ဇယာ}(ခ) ဘာသာခြားများထံမှ လုံခြုံ ရေး ခွန်ကောက်ခံခြင်း မရှိခဲ့ပေ။ အက်ဘာရ်သည် ဟိန္ဒူများကို လေးစားခြင်းအားဖြင့် မိမိ အလွန်ဝါသနာထုံသော အမဲလိုက်ခြင်း အမှုကိုလည်း စွန့်လွှတ်ခဲ့သည်။ သက်သတ် လွတ်စားခြင်းများကို ပြုလုပ်ခဲ့သည့်အတွက် ဟိန္ဒူများ၏ လေးစား မှုကိုခံခဲ့ရသော ဘုရင်တစ်ပါး ဖြစ်သည်။ အက်ဘာရ်သည် မွတ်စလင်မ်များအတွက် ဗလီဝတ်ကျောင်းများ တည်ဆောက် ပေးသကဲ့သို့ ဟိန္ဒူများအတွက်ဟင်ဒူ ဘုရားကျောင်းများကိုလည်း တည်ဆောက်ပေးခဲ့သည်။ အေဒီ ၁၅၇၅တွင် ဘာသာပေါင်းစုံ ချစ်ကြည်ရေး အထိမ်းအမှတ် ဖြစ်သည့် သာသနာ့ဗိမာန် ဝတ်ကျောင်းကြီးကို တည်ဆောက်ခဲ့သည်။ ထိုဗိမာန်ကြီးတွင် ဘာသာပေါင်းစုံမှ ပညာရှင်များ ဘာသာရေးဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပ သည်။ အက်ဘာရ်သည် ဘာသာအားလုံးကို လေးစားသူဖြစ်သည်။ တရားရုံး များတွင် အိုလမာများက တရားဆုံး ဖြတ်သော စနစ်ကို ကျင့်သုံးသည်။

အက်ဘာရ်သည် ဘာသာတရားအားလုံးကို ကြည့်ရှုရာ၌ လောကကြီး တစ်ခုလုံး၏ အမြင်ရှုထောင့်မှ ကြည့်ရှုသူ ဖြစ် သည်။ အက်ဘာရ်သည် ဆူဖီဝါဒကို လေးစားသော ဘုရင်တစ်ပါး ဖြစ်သည့်အတွက် ဆူဖီဝါဒအားဖြင့် တစ်ဆူ တည်း သော အရှင်ကို ရှာဖွေခဲ့သူ ဖြစ်၍ သူသည် အစ္စလာမ် သာသနာကို တည်ဆောက်ရာ၌ ကမ္ဘာ့အတွေးအခေါ်ကို အခြေခံ ၍ ဆူဖီဝါဒအားဖြင့်တည် ဆောက်လိုသူတစ်ဦး ဖြစ်သည်။

အဗ်ဒွလ်ဖိုက်(စ်)အာလာမီ(အေဒီ၁၅၅၁-၁၆၀၂)

အာလာမီသည် အတွေးအခေါ်ပညာရှင်တစ်ဦး ဖြစ်သည်။ သူသည် အက်ဘာရ်ကို မြင်ရာ၌ အက်ဘာရ်သည် အတွေး အခေါ်ဝါဒကို နောင်မျိုးဆက်များအထိ အရောက်ပို့ ပေးနိုင်သည့် ဘုရင် တစ်ပါးဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ အာ လာမီက ဆူဖီအတွေးအခေါ်တစ်ရပ်ဖြစ်သော(စလ်ဘေကားလ်) စကြဝဠာ ငြိမ်းချမ်းရေး၊ (မုဟာဘသေကားလ်) စကြာဝဠာ ချစ်ကြည်ရေးဟူသော အတွေးအခေါ်နှစ်ခုသည် လူသား၏ ရုပ်ပိုင်းနှင့်နာမ်ပိုင်းကို အကျိုးပြုနိုင်သော ဝါဒများဖြစ်သည်။ ထိုဝါဒသည် လူသားများကို မြင်တွေ့ရာ၌ လူမျိုးမတူ၊ ဘာသာအယူဝါဒ မတူသော်ငြားလည်း လူသား ဖြစ်ခြင်းသည်ပင်လျှင်၊ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ ဖန်ဆင်းခံများ အနက် မွန်မြတ်သူများ ဖြစ်သည်ဟု မြင်တွေ့ရသည်။ထိုတုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ ဖန်ဆင်းပေးခြင်း၌ အကောင်းဆုံး မြတ်ဆုံး ဖြစ်သော လူသားများ အပေါ် မေတ္တာတရား ပွားနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း ဖြစ်သည်။



မကောင်းမြင် ဝါဒများကို ဖယ်ရှား၍ မေတ္တာတရား ပွားများရမည့် ကျင့်စဉ် ဖြစ်သည်။ ဖော်ပြပါ မူဝါဒများ အားဖြင့် အက်ဘာရ်၏အုပ်ချုပ်မှု အတွင်း၊ဘာသာ အယူဝါဒ မတူသူအချင်းချင်း စိတ်ဝမ်းကွဲခြင်း၊ ဂိုဏ်းဂနကွဲများအတွင်း ပဋိ ပက္ခများ ကင်းဝေးခဲ့သည်။ ဖော်ပြပါ လူသားတိုင်း အပေါ်တစ်ပြေးညီ မေတ္တာထားရေး ဆောင်ပုဒ်ဖြင့် အုပ် ချုပ်ရေး နှင့် တရားဆုံးဖြတ်ရေးတို့တွင် လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်ခဲ့သည့် အတွက် ဘုရင်မှစတင်၍ အုပ် ချုပ်သူများအတွင်း ကျဉ်းမြောင်းသော အယူသည်းမှုများမှ ကင်းဝေးနိုင်ခဲ့သည်။ အက်ဘာရ်၏ အခြေခံ မူဝါဒသည် ]ဒီန်နေအီလာဟီ} (ခေါ်) ဘာသာ တရားအားလုံးသည် တုနှိုင်းမဲ့ကိုးကွယ်ရာအရှင်က လူသားများအတွက် ခေတ် တိုင်း လူမျိုးတိုင်း အတွက် ချမှတ်ပေးခဲ့သော သာသနာ ဖြစ်သည်ဟု ခံယူခဲ့သည်။

အက်ဘာရ်၏အယူဝါဒကို ဆန့်ကျင်သူမှာ၊ အဟ်မဒ်စရ်ဟင်(ဒ်) (အေဒီ၁၆၂၅) ဖြစ်သည်။ စရ်ဟင်(ဒ်)သည် ပညာရှင် တစ်ဦး ဖြစ်သကဲ့သို့ ဆူဖီတစ်ဦးလည်း ဖြစ်သည်။ စရ်ဟင်(ဒ်)၏အမြင်တွင် အက်ဘာရ်၏အယူဝါဒသည် အေ့ဗနု အာရဗီ၏ ဆူဖီဝါဒကို အခြေခံသော လမ်းစဉ် ဖြစ်သည်။ ယင်းမှာအလွန် အန္တရာယ်ကြီးသော လမ်းစဉ် ဖြစ်သည်ဟု စရ်ဟင်(ဒ်)က ကြေညာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မန်ဆူးရ်အနလ်ဟက်နှင့် စပ်လျဉ်းပြီး အေ့ဗနုအာရဗီက ထောက် ခံခဲ့သော ဆူဖီတစ်ဦး ဖြစ်သည်။ မန်ဆူးရ်သည် အနလ်ဟက် ]ကျွန်ုပ်သည် အမှန်တရားဟု ထွက်ဆိုခြင်း}သည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံတို့ စပ်ကြား အတားအဆီးမရှိ ပူးကပ်စိမ့်ဝင်၍ နှစ်ကိန်းမှ တစ်ကိန်း ဖြစ်သွားသည်ဟူသော ဘာယဇစ်ဘွတ်စ်တမီ ၏]ဝဟ်ဒဟ်ဝဂျုဒ်} ဆူဖီဝါဒကို အာရဗီက ထောက်ခံသော ဆူဖီ ဖြစ်သည်။ စရ်ဟင်(ဒ်)သည် ဂျုနိုက်ဘွဂ်ဒါဒီ၏ ]ဝဟ်ဒဟ် ရှုဟူဒ်} ဖန်ဆင်းရှင်၏ လက္ခဏာနှင့် ဖန်ဆင်းခံတို့ စပ်ကြား၌သာလျှင် ပူးကပ်စိမ့်ဝင်၍ နှစ်ကိန်းမှ တစ်ကိန်း ဖြစ်သည်ဟူသော ဝါဒကို လက်ခံသော ဆူဖီတစ်ဦး ဖြစ်သည်။ အက်ဘာရ်ဘုရင်နှင့် သူ၏ အကြံ ပေး အာလာမီတို့အား ]ဝဟ်ဒဟ်ရှုဟူဒ်} ဝါဒကို လက်ခံယုံကြည်သော စရ်ဟင်(ဒ်)က ဆန့်ကျင်ခြင်း ဖြစ်သည်။

ရှားဂျဟန်(အေဒီ၁၆၂၇-၁၆၅၈) အက်ဘာရ်၏မြေးလက်ထက်တွင်လည်း သူ၏အဖိုး မူဝါဒအတိုင်း ဆက်လက် အုပ် ချုပ်ခဲ့သည်။ သို့ရာတွင် များစွာသော မွတ်စလင်မ်များ အတွင်း စရ်ဟင်(ဒ်)၏ အယူဝါဒကို ကြိုက်နှစ်သက် ကြသည်။ ရှားဂျဟန်သည် တာဂျ်မဟလ် အဆောက်အဦကြီးကို ဟိန္ဒူ၊ မွတ်စလင်မ်ရိုးရာ အနုပညာ နှစ်ခု ပေါင်းစပ်၍ တည် ဆောက်ခဲ့သည်။ ရှာဂျဟန်၏ လက်ထက်တွင် ဟိန္ဒူကဗျာများနှင့် မွတ်စလင်မ်များ၏ သိပ္ပံဆိုင်ရာ ပညာရပ် များကို (ဆန်စခရစ်) ဘာသာသို့ ပြန်ဆိုခဲ့သည်။ ရှာဂျဟန်သည် ဆူဖီဝါဒထက်

ရှရီအာကို ပိုမို နှစ်သက်သော ဘုရင် တစ်ပါး ဖြစ်သည်။ သူ၏ အုပ်ချုပ်ရေးသည် အက်ဘာရ်ထက် ပိုမို၍ တင်းကြပ်မှုရှိသည်။ အင်ပါယာ တစ်ခုလုံး၏ အဓိက အား ထားရာမှာ စိုက်ပျိုးရေး ဖြစ်သည်။ ထိုစိုက်ပျိုးရေးကို လျစ်လျူရှု ခဲ့ခြင်းဖြင့် မွန်ဂို အင်ပါယာတွင် စီးပွားရေး ကျ ဆင်းလာခဲ့သည်။ စစ်သုံးစရိတ်ကို ပိုမိုသုံးစွဲခြင်းဖြင့် ရှာဂျဟန်၏ အုပ်ချုပ်ရေးမှာ စတင် ယိုယွင်းလာ ခဲ့သည်။

အော်ရန်ဇေ(ဘ်)(၁၆၅၈-၁၇၀၇) လက်ထက်တွင် စီးပွားရေးမှာ ပိုမိုကျဆင်းလာခဲ့သည်။ အော်ရန်ဇေ(ဘ်)သည် အစ္စလာမ့် ဥပဒေကို ပိုမိုအခြေခံသော အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သည်။ အုပ်ချုပ်သူများ အတွင်း မွတ်စလင်မ်များက ပိုမို နေရာ ရရှိခဲ့ကြသည်။ ဘုရင်ကိုယ်တိုင်လည်း ပိုမိုဘာသာရေး ကိုင်းရှိုင်းသူ ဖြစ်သည်။ ယခင်အက်ဘာရ် လက် ထက်တွင်ရှိခဲ့သော ဘာသာပေါင်းစုံ ချစ်ကြည်ရေး စနစ်ကြီးမှာလည်း ပပျောက်ခဲ့သည်။ အက်ဘာရ်နှင့် ရှာဂျဟန်တို့ ခေတ်တွင် ဟိန္ဒူများ၏ နေ့ထူးနေ့မြတ်များတွင် ဘုရင်ကိုယ်တိုင် သို့မဟုတ် ဘုရင်၏အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်သော စနစ်ကို အော်ရန်ဇေ(ဘ်)က ဖျက်သိမ်းခဲ့သည်။ အော်ရန်ဇေ(ဘ်)သည် ရှီယာများ၏ အေမာမ်ဟူစိန် ကျဆုံးသော အခမ်းအနားများ ပြုလုပ်ခြင်းကိုလည်း တားမြစ်ခဲ့သည်။

ဟိန္ဒူအများစုနေထိုင်သော တိုင်းပြည်တွင်အရက်ကို ပိတ်ပင်ခဲ့သည်။ စီးပွားရေးကျဆင်းမှုကြောင့် အခွန်အကောက် များကိုလည်း တိုးမြှင့် ကောက်ခံခဲ့သည်။ ယခင်ဘုရင်များ လက်ထက်က ဟိန္ဒူများထံမှ ဂျစ်ဇယာ ကောက်ခံမှုကို ကင်း လွတ်ခဲ့သည်။ သူ၏လက်ထက်တွင် ဟိန္ဒူများထံမှ ]ဂျစ်ဇယာ} ကောက်ခံခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် တိုင်းပြည်အတွင်း စည်းလုံး ညီညွတ်မှု ပြိုကွဲလျက် ပန်ဂျတ်ပြည်နယ်မှ စတင်၍ ကိုယ်ပိုင်အုပ်ချုပ်ရေး စတင် တောင်း



ခံလာခဲ့သည်။ အော်ရန်ဇေ(ဘ်) မရှိတော့သည့်နောက်ပိုင်း သူ၏အရိုက်အရာကို ဆက်ဆံသူများက ပြန်လည်ပြုပြင် ရန် လိုအပ်ကြောင်း သဘောပေါက်လာခဲ့သည်။

အေဒီ-၁၇၃၉ တွင် မွတ်စလင်မ် ခေတ်ပညာတတ်များနှင့် ဟိန္ဒူခေတ်ပညာတတ်များ ပူးပေါင်း၍ ဥရောပမှ ဥပဒေ ဆိုင်ရာ ကျမ်းများကို ဘာသာပြန်ဆိုခဲ့ကြသည်။ ထိုအချိန်တွင် တောင်တန်းဒေသရှိ ဆစ်ခ်လူမျိုး များနှင့်ဟိန္ဒူများ ထ ကြွပုန်ကန်လျက် ရှိနေသည်။ တစ်ချိန်တည်း၌ပင် အာဖဂန်များက အီရန်ရှိ ဆဖာဗစ်ဒ် အင်ပါယာကို ဝင်ရောက် တိုက် ခိုက်ခဲ့ကြသည်။ သို့ရာတွင် အောင်မြင်မှု မရရှိခဲ့ပေ။ ထိုအာဖဂန်များသည် အိန္ဒိယနိုင်ငံကို မွတ်စလင်မ်နိုင်ငံ အဖြစ် တည်ထောင်ရန် စိုင်းပြင်ခဲ့ကြသည်။ ထိုပြဿနာကြောင့် မွတ်စလင်မ်များသည် လူနည်းစုမျှသာ ဖြစ်သည့်အတွက် နောက်ဆက်တွဲ ပြဿနာ များစွာကို ရင်ဆိုင်ရန် အစပျိုးသကဲ့သို့ ဖြစ်လာခဲ့သည်။

အထူးသဖြင့် အိန္ဒိယနိုင်ငံရှိ မွတ်စလင်မ်များ၏ရိုးရာ ဓလေ့စရိုက်များမှာ ဟိန္ဒူယဉ်ကျေးမှုများ၏ လွှမ်းမိုးမှု အောက်သို့ ရောက်ရှိခဲ့ကြပြီး ဖြစ်သည်။ အလားတူ မွတ်စလင်မ်များ အဖို့ ဗြိတိသျှများ၏လွှမ်းမိုးမှုအောက်တွင်လည်း ရှိနေခဲ့သည်။ ဗြိတိသျှတို့သည် စီးပွားရေးကို အခြေခံ၍ နိုင်ငံရေး အရှိန်အဝါသည်လည်း အိန္ဒိယတစ်ခုလုံးကို လွှမ်း ထားခဲ့ပြီး ဖြစ်သည်။ မွတ်စလင်မ်များ၏ အမြင်တွင် အိန္ဒိယတိုက် တစ်ခုလုံးသည် အနေးနှင့် အမြန် ဗြိတိသျှ၏ အုပ် ချုပ်မှု  အောက်သို့ရောက်မည်ကို သေချာပေါက် တွက်ထား ပြီးဖြစ်သည်။ ထိုကဲ့သို့ ဖြစ်ရခြင်း၏ အရင်းအမြစ်ကို ပြန်လည် သုံးသပ်ခြင်းဖြင့် သိရသော အချက်မှာ အိန္ဒိယနိုင်ငံ အတွင်း နေထိုင်လျှက်ရှိသော လူမျိုးမတူ၊ ဘာသာမတူ အယူဝါဒကွဲပြား ခြားနား သူများအပေါ်သို့ အစ္စလာမ့် အယူဝါဒဟု အမည်တပ်၍ ကျဉ်းမြောင်းသော အယူဝါဒများ ဖြင့် အုပ်ချုပ်ခဲ့သောကြောင့် ဖြစ်သည်။ ယခင်အက်ဘာရ် လက်ထက်တွင် အစ္စလာမ် အုပ်ချုပ်ရေးဟုလည်း အမည် မတပ်ဘဲ လူမျိုးမတူ ဘာသာအယူဝါဒကွဲပြား သူများအပေါ် တစ်ပြေးညီ ခွဲခြား မှုမရှိဘဲ အုပ်ချုပ်နိုင်ခဲ့ခြင်းကြောင့် တစ်တိုင်းပြည်လုံးအတွင်း အေးငြိမ်းချမ်းသာမှု အပြည့်ရရှိကြ ခြင်းဖြစ်သည်။

ဖော်ပြပါ အက်ဘာရ်၏စနစ်သည် ကုရ်အာန်၏အခြေခံမူဝါဒဖြစ်သော လူတိုင်းသည် တူညီသော လူ့အခွင့် အရေးများ ကို တစ်ပြေးညီ အကျိုးခံစားကြရမည် ဟူသော ဝါဒလမ်းစဉ်နှင့် တူညီခဲ့သောကြောင့် ဖြစ်သည်။

တစ်ချိန်တစ်ခါက အိန္ဒိယနိုင်ငံအတွင်း ဇာတ်အယူဝါဒကွဲပြားသော ဟိန္ဒူများသည် မိမိတို့၏ဇာတ်အယူဝါဒကို ရှေ့တန်း တင်လွန်းခြင်းကြောင့် အုပ်ချုပ်သူ လူတန်းစားများနှင့် အုပ်ချုပ်ခံ ပြည်သူများ အကြား သဟဇာတ မဖြစ် ခဲ့သည့်အတွက် ဟိန္ဒူမင်းဆက်များ ပြိုကွဲပျက်စီးခဲ့ရခြင်း ဖြစ်သည်။ ထိုသို့သော အချိန်တွင် မိမိတို့၏သာသနာကို ရှေ့တန်းတင်လွန်းခြင်းလည်း မရှိ၊ အခြားအယူဝါဒများကိုလည်း လျစ်လျူရှုခြင်း မရှိဘဲ ခေတ်ကာလနှင့် အညီ လူ့အ ခွင့်အရေးပေးသော စနစ်အားဖြင့် အုပ်ချုပ်ခဲ့သော မွတ်စလင်မ် အုပ်ချုပ်သူများကို လူကြိုက်များခဲ့ခြင်း ဖြစ်သည်။
ထိုမွတ်စလင်မ်များ၏ အုပ်ချုပ်မှုအောက်တွင် လူမျိုးမတူဘာသာ အယူဝါဒကွဲပြားသော သူများအားလုံး တူညီသော
အခွင့်အရေးများကို တစ်ပြေးညီ အကျိုးခံစားကြရသည့် အတွက် ထိုအုပ်ချုပ်သူများကို ပုန်ကန်ထကြွရန် စိတ်ကူးပင်
မရှိခဲ့ကြပေ။

နောက်ပိုင်း ဘုရင်များအတွင်း အခြားဘာသာ အယူဝါဒများကို လျစ်လျူရှုသော မူဝါဒများကြောင့် ပြည်တွင်း ပုန် ကန်မှုများပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံအတွင်းရှိ မွတ်စလင်မ်များသည် လူနည်းစုသာ ဖြစ်သည့် အ တွက် ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိလာပါက

ဇာတ်အယူဝါဒ ရှိသော ဟိန္ဒူများအတွင်း တွင် မွတ်စလင်မ်များသည် ဇာတ်ဝါဒသစ် လူနည်းစု တစ်စု ဖြစ်လာမည်ကို စိုးရိမ်ရသော ကာလ ဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင်းရှိ များစွာသော လူမျိုးများ၏ ဓလေ့ထုံးတမ်းများသည် မွတ်စလင်မ်များ အတွင်းသို့ လက်ဦး မဆွက ပင် လွှမ်းမိုးထားခဲ့ပြီး ဖြစ်သည်။ ယခုကဲ့သို့ ဗြိတိသျှများက အသစ် သယ်ဆောင်လာသော ရိုးရာယဉ်ကျေးမှု အသစ် အဆန်းများကြောင့် အစ္စလာမ့် ဓလေ့စရိုက်များသည် အမြစ်မှ ဆွဲနှုတ်ခြင်းခံရသော အပင်များကဲ့သို့ ဖြစ်ခဲ့ ရလေ သည်။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံ အတွင်းရှိ မွတ်စလင်မ်များသည် အခြား အော်တိုမန် အုပ်ချုပ်မှုအောက်ရှိ မွတ်စ လင်မ်များနှင့် ကွဲပြားခြားနားစွာ တည်ရှိနေသည်ကို တွေ့ရှိရပေမည်။ အော်တိုမန် အုပ်ချုပ်ရေး အောက်ရှိ တူရကီ နိုင်ငံ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းရှိ မွတ်စလင်မ် အမျိုးသမီးများသည် ဗလီဝတ်ကျောင်းများတွင် အမျိုးသား



များနည်းတူ ဆွလာသ်တည်ဆောက်ခြင်း၊ သေဆုံးသူများအတွက် သချႋုင်းများအတွင်း ]]ဇေယာရသ်}} ဆုမွန်ကောင်း တောင်းပေးခြင်း၊ သေဆုံးသူအတွက် ]]ဂျနာဇာဆွလာသ်}} တည်ဆောက်ခြင်းများကို ပြုခွင့်ရရှိကြ သော်လည်း အိန္ဒိယနိုင်ငံ အတွင်းရှိ မွတ်စလင်မ် အမျိုးသမီးများသည် ထိုကဲ့သို့သော အခွင့်အရေးများကို ဆုံးရှုံးခဲ့ကြ ရလေ သည်။ အဘယ်ကြောင့် ဆိုသော် အိန္ဒိယနိုင်ငံအတွင်းရှိ အချို့သော ဘာသာ အယူဝါဒများသည် အစ္စလာမ် သာသနာ အတွင်းသို့ လွှမ်းမိုးထားမှုကြောင့် အမျိုးသမီးများသည် တန်းတူ အခွင့်အရေးများ မရရှိခဲ့ခြင်း ဖြစ်သည်။

ကုရ်အာန် တွင် အမျိုးသားများနှင့်အမျိုးသမီး များကို ခွဲခြား သုံးစွဲမှု မရှိဘဲတူညီသော အမိန့်နှင့် တာဝန်ပြဌာန်း ထား သော ဥပဒေများတွင် ဝိုဇူရေသန့်စင်ခြင်း ဆွလာသ် တည်ဆောက်ခြင်း၊ ဇကာသ်ပေးခြင်း၊ ဆွိယမ်ဥပုပ် စောင့်တည် ခြင်း၊ ဟဂ်ျပြုခြင်း၊ ဂျုမ္မဟ်နေ့ ဗလီဝတ်ကျောင်းများသို့ တက်ရောက်ခြင်းများ ဖြစ်သည်။ ဥပမာ- အမျိုးသားများ နှင့် အမျိုးသမီးများကို ခွဲခြားခြင်း မရှိသော အမိန့်ပေးပြဌာန်းမှု ဥပဒေတိုင်းတွင် ]]ယာအိုက်ယို ဟလ်လဇီးန၊ အားမနူ။}} (အိုသက်ဝင်ယုံကြည် သူအပေါင်းတို့) ဟူသော အမိန့်သည် အမျိုးသားများနှင့် အမျိုးသမီး များကိုပါ ခွဲခြားမှု မရှိဘဲ ခေါ်ယူသုံးစွဲသော ကုရ်အာန်၏ ဥပဒေ ဖြစ်သည်။

ဖော်ပြပါ ကုရ်အာန်က တိုက်ရိုက်ပြဌာန်းသော အမိန့်ပညတ်ချက်ကို ကမ္ဘာတွင် ပထမဦးဆုံး ဆန့်ကျင် ပိတ်ပင်သော သူမှာ အိန္ဒိယနိုင်ငံကို အုပ်ချုပ်သော မွန်ဂိုမင်းဆက် အာလမ်ဂီရီ ဖြစ်သည်။ အာလမ်ဂီရီသည် အုပ်ချုပ်မှုအာဏာရှိ သကဲ့သို့ ပညာရှင်တစ်ဦးလည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ ပညာရှင်များ၏ အယူဝါဒသည် ဗလီကျောင်းများသို့ အမျိုး သမီးများ ဝင်ပိုင်ခွင့်၊ ဆွလာသ် တည်ဆောက်ခွင့် မရှိဟူသော အမိ်န့်ထုတ်ပြန်သော ဖသ်ဝါများတွင် ဖသ်ဝါ အာလမ် ဂီရီဖသ်ဝါအားဖြင့် ပိတ်ပင်ခဲ့ကြခြင်း ဖြစ်သည်။

ကုရ်အာန်တွင် တိုက်ရိုက်ပြဌာန်းထားသော ဥပဒေတစ်ခုကို တမန်တော် မုဟမ္မဒ်သည်ပင်လျှင် တားဆီး ပိတ်ပင်ခွင့် မရှိကြောင်းကို သာမာန် မွတ်စလင်မ်များသည်ပင် သိရှိပါလျက် အိန္ဒိယနိုင်ငံရှိ ပညာရှင်များက ကုရ်အာန်၏ အခြေခံ ဥပဒေနှင့် ဆန့်ကျင်သော အာလမ်ဂီရီ၏ ဖသ်ဝါကို ကုရ်အာန်ထက်ပင် ပိုမိုလေးစားရခြင်းမှာ လူပုဂ္ဂိုလ်များကို လေး စားခြင်း၊ ဆရာ့ဆရာများ၏အဆိုအမိန့်များကို တစ်သွေမတိမ်း လိုက်နာရမည်ဟူသော အိန္ဒိယရိုးရာ ယဉ်ကျေးမှု တို့ကြောင့် ဖြစ်သည်။

အစ္စလာမ် သာသနာတွင် အဓိကဂိုဏ်းကွဲကြီး လေးဂိုဏ်း ရှိသည်။ ထိုကဲ့သို့ပင် ထိုလေးဂိုဏ်း အပြင် အိဗ်နုသိုင်မီးယား ၏အယူဝါဒကို လက်ခံကြသော နောက်ဆုံးပေါ် အဟ်လေဟဒီးဆ်များလည်း ရှိသည်။ ဖော်ပြပါ ဂိုဏ်းလေးဂိုဏ်း လုံး နှင့် နောက်ဆုံးပေါ် အဲလ်လေဟဒီးဆ်များ အားလုံးသည် ကုရ်အာန်တွင် အမိန့်ပေး ဝေါဟာရနှင့် တိုက်ရိုက် ပေးထား ပြီးသော ဗျာဒိတ်ရှိနေပြီ ဖြစ်သည့် အတွက် အမျိုးသမီးများ ဗလီဝတ်ကျောင်းများတွင် ဆွလာသ် တည်ဆောက်ခြင်း ကိစ္စကို မည်သည့် ဂိုဏ်းကမှ တားဆီးပိတ်ပင်ခဲ့ခြင်း မရှိခဲ့ပေ။ ထိုသူများအားလုံးသည် ကုရ်အာန်ပါ ဥပဒေနှင့် စပ်လျဉ်းပြီး တမန်တော် မုဟမ္မဒ်သည်ပင်လျှင် ဆန့်ကျင်ပိုင်ခွင့် မရှိဟူသော အချက်ကို ၎င်းတို့ အားလုံးက နားလည် သဘောပေါက် ထားပြီး ဖြစ်သည်။

ရှားဝလီယွလ္လာဟ်(အေဒီ ၁၇၀၃-၁၇၆၂)

အဟ်မဒ်စရ်ဟင်(ဒ်)၏အတွေးအခေါ်ကို အခြေခံ၍ မွတ်စလင်မ်များ အပေါ် ဩဇာ လွှမ်းမိုးခဲ့သည့် ဒေလဝီ၏ အမြင် တွင် မွတ်စလင်မ်များ၏အရှိန်အဝါ လက်လွှတ်ဆုံးရှုံးရခြင်းမှာ မွတ်စလင်မ်များသည် ဘာသာရေး ကိုင်းရှိုင်းမှု လျော့ နည်း လာခြင်းကြောင့် ဖြစ်သည်ဟု ယူဆခဲ့သည်။ ၎င်းသည် လူတိုင်းဘာသာရေး လေးစားမှုကို ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ၎င်း၏ဆောင်ရွက်မှု အရှိန်အဝါသည် ၂၀ ရာစုအထိ အကျိုးသက်ရောက်မှု ရှိခဲ့သည်။ ထိုအချိန်ထိုအခါက နိုင်ငံရေးရာ အတွေးအခေါ် ရှိသော မွတ်စလင်မ်များ၏ အမြင်တွင် အိန္ဒိယတွင် မွတ်စလင်မ် အုပ်ချုပ်ရေး ပြိုကွဲရ ခြင်းမှာ အုပ်ချုပ်သူ လူတန်းစားများသည် များစွာသော အယူဝါဒ မတူသည့် လူမျိုးခြားများကို တူညီသော အခွင့် အရေးများကို တစ်ပြေးညီ ပေးနိုင်ခဲ့ခြင်း မရှိသောကြောင့်ဟု ယူဆခဲ့ကြသည်။

မျှတမှု မရှိသော အုပ်ချုပ်ရေး အောက်တွင် ပုန်ကန်တော်လှန်ခြင်း ဟူသည် ရှိနေမည် ဖြစ်သည်။ အလားတူ မွတ်စ လင်မ်များ အတွင်း၌လည်း ဂိုဏ်းဂနစ္စဲများကို အခြေခံ၍ စည်းလုံးညီညွတ်မှု ပြိုကွဲလျက် ရှိနေခဲ့သည်။ အစ္စလာမ် သာသနာသည် အခြေအနေနှင့် အချိန်အခါပေါ်တွင် မူတည်၍ ခေတ်စနစ်နှင့် အညီ လိုက်လျော ညီထွေ ရှိသော သာ သနာဖြစ်သည်။ ပြဿနာ အရပ်ရပ်ကို ဖြေရှင်းရာ၌ အကြမ်းဖက်မှုများကို ရှောင်ဖယ်၍ ညှိနှိုင်း ဆွေးနွေးမှုအားဖြင့် ဖြေရှင်းရန် နည်းလမ်းများကို ညွှန်လျှက် ရှိနေသည်။ ထိုကဲ့သို့ နည်းဖြင့် ဖြေရှင်းပါသော်လည်း တစ်ဖက်မှ ပြေလည်မှု မရရှိတော့ဘဲ ကျူးကျော် တိုက်ခိုက်လာသည့် အခြေအနေတွင် စစ်ရေးအရ ပြန်လည် ဖြေရှင်းရမည်ဖြစ်သည်။ စစ်ရေးအရ ကျူးကျော်လာသူများကို ကိုယ်ကျင့်တရား ကောင်းခြင်း၊ ဘာသာရေးလေးစားခြင်း ဟူသော အချက် ဖြင့် ခုခံကာကွယ်၍ မရနိုင်ပေ။ အစ္စလာမ် သာသနာ၏ မူဝါဒသည် သူတစ်ပါးကို ကျူးကျော် စော်ကားမှု မပြုရသ ကဲ့သို့ သူတစ်ပါး၏ ကျူးကျော်စော်ကားမှုကိုလည်း မခံရပေ။ စကြာဝဠာ အနန္တအတွက် မဟာ ကရုဏာရှင်ဘွဲ့ကို ရရှိခဲ့သော ကိုယ်တော် မုဟမ္မဒ်သည်ပင်လျှင် ကျူးကျော်တိုက်ခိုက်လာသော စစ်ပွဲများကို ကိုယ်တိုင် ပါဝင်၍ တန်ပြန် ဖြေရှင်းခဲ့ရပေသည်။ ကုရ်အာန်က ဖွင့်ဆိုသော ဘာသာတရား ကိုင်းရှိုင်းခြင်းဟူသည် ရောက်ရှိနေသည့် အခြေ အ နေနှင့် အချိန်အခါ တို့တွင် လုပ်သင့် လုပ်ထိုက်သော အရာများကို ဦးစားပေး စည်းဝါးကိုက်ညီစွာ ဆောင်ရွက် နိုင်ရေး ဖြစ်သည်။

အော်တိုမန်အင်ပါယာ

အေဒီ ၁၄၅၃ ခုနှစ်တွင် အော်တိုမန် အင်ပါယာသည် ကွန်စတန်တီနိုပယ်လ် (ယခုအစ္စတန်ဘူလ်)ကို အောင်နိုင်ခဲ့ သည်။ ထိုနယ်မြေကို အခြေခံ၍ များစွာသော နယ်မြေများကို အောင်နိုင်ခဲ့သည်။ ပထမပိုင်း အော်တိုမန် ခေါင်း ဆောင်များသည် ဃာဇီ စစ်မှုထမ်းဟောင်းများ ဖြစ်သည်။ အစ္စတန်ဘူလ်ကို အုပ်ချုပ်သူမှာ စူလ်တန် အမည်ခံ၍ ဘုရင် စနစ်ဖြင့် အုပ်ချုပ်သည်။ တရားရုံးများကို ခမ်းနားထည်ဝါစွာ တည်ဆောက်ခဲ့သည်။
ဘိုင်ဇင်တိုင်းအင်ပါယာကို
ပုံစံတူ၍ အုပ်ချုပ်သည်။ မွန်ဂိုဘုရင်များနည်းတူ စစ်တပ်ကို ဘုရင်ကိုယ်တိုင် ဦးစီးသည်။ စူလ်တန် မဟာမက်သည် ဘောလ်ကန်ကို အခြေချ၍ အုပ်ချုပ်သည်။ အများပြည်သူများ၏ထောက်ခံမှုကို ရရှိရုံမက ထိုဒေသရှိ ပြည်သူ များစွာ တို့သည်လည်း အစ္စလာမ် သာသနာသို့ ကူးပြောင်း လာကြသည်။ ဘုရင်သည် အသစ်ရှာဖွေတွေ့ရှိသော ယမ်းမှုန့်ဖြင့် စစ်သားများ ကိုကောင်းစွာ အသုံးပြုနိုင်ခဲ့သည်။ သူ၏ စစ်သားများမှာ ကျွန်များမှ အစ္စလာမ် သာသနာသို့ ကူး ပြောင်းလာ သူများ ဖြစ်သည်။ ဘုရင်သည် အစ္စလာမ်ကို ဆန့်ကျင် တိုက်ခိုက်သော မည်သည့်နိုင်ငံကိုမဆို ပြန်လည် တိုက်ခိုက်ခဲ့သည်။ အနောက်ဖက်တွင် ခရစ်ယာန်များ အုပ်ချုပ်သော နိုင်ငံများရှိ၍ အရှေ့ဖက်တွင် ဆဖာဗစ်ဒ် ရှီယာ အုပ်ချုပ်ရေး နိုင်ငံရှိသည်။ အော်တိုမန်သည် ဆဖာဗစ်ဒ် နိုင်ငံနှင့် ကြီးမားသောရန် ငြိုးရန်စများ ရှိခဲ့သည်။
ဆဖာဗစ်ဒ် အစ္စမာအီလ်က မွတ်စလင်မ်နိုင်ငံများကို ]ဂျေဟာဒ်}ကြေညာ၍ တိုက်ခိုက်ခဲ့သည်။
ဆာလင်မ် (၁) (အေဒီ၁၄၆၇-၁၅၂၀)သည် ဆဖာစ်ဒ်၏ကျူးကျော်မှုကို လုံးဝရပ်တန့်စေခဲ့သည်။ ဆီးရီးယားနှင့် အီဂျစ်နိုင်ငံများကို အော်တိုမန်အုပ်ချုပ်ရေး အောက်သို့ ရောက်ရှိစေခဲ့သူ ဖြစ်သည်။ မြောက်အာဖရိကနယ်မြေ များ နှင့် အာရေးဗီးယား တစ်ခုလုံးကို အော်တိုမန်၏အုပ်ချုပ်ရေးအောက်တွင် ပူးတွဲ၍အုပ်ချုပ်ခဲ့သည်။ အေဒီ ၁၅၃၀ တွင် အော်တိုမန်သည် ဥရောပနှင့် ဩစတီးယားနိုင်ငံ ဗီယန်နာမြို့တံခါးဝ အထိရောက်ရှိခဲ့သည်။ စူလ်တန် သည် ကျယ်ဝန်းသော နယ်ပယ်များကို အုပ်ချုပ်နိုင်ခဲ့သည်။ စူလ်တန် လက်အောက်ရှိ ပြည်သူများကို ခွဲခြားမှုမရှိဘဲ အုပ် ချုပ်နိုင်ခဲ့သည့် အတွက် ဂျူး၊ ခရစ်ယာန်၊ အာရဗ်၊ တူရကီ၊ ကုန်သည်၊ အိုလမာ၊ဆူဖီများအားလုံး လွတ်လပ် စွာ ဖြင့် မိမိတို့၏ယုံကြည်ရာကို ကိုးကွယ်ပိုင်ခွင့်ရှိခဲ့ ကြသည်။ ဗဟိုတွင် စူလ်တန်ဘုရင်က အုပ်ချုပ်ပြီး ပြည်နယ်များတွင် ]]ပါရှား}}ဟု ခေါ်သော အုပ်ချုပ်ရေးမှူးများက အုပ်ချုပ်ကြသည်။
အေဒီ၁၅၂၀-၁၅၆၆တွင် ဆူလိုင်မာန်ကနူနီ လက်ထက်တွင် အော်တိုမန်၏အုပ်ချုပ်ရေးသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ မြင့်မြတ်သော ဆူလိုင်မာန်ဟူ၍ အနောက်တိုင်းများက သိထားကြသည်။ အစ္စတန်ဘူလ်ကို ထည်ဝါ



ခန့်ညားသော ဗိသုကာ လက်ရာများဖြင့် တည်ဆောက်ခဲ့သည်။ ဗလီဝတ်ကျောင်းများကို နေရာတိုင်းတွင် တွေ့မြင် ရသည်။ ထိုအချိန်က အော်တိုမန်သည် ကမ္ဘာတွင်အကြီးဆုံး အင်ပါရာတစ်ခု ဖြစ်ခဲ့သည်။
အေဒီ၁၅၇၉တွင် သမိုင်းဘာသာရပ်နှင့် ဆေးပညာသည် အမြင့်ဆုံးအဆင့်တွင် ရှိနေခဲ့သည်။ ထိုအချိန်က အာကာသ လေ့လာရေး အဆောက်အဦကြီး တစ်ခုကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ အော်တိုမန်တွင် ရှာဖွေတွေ့ရှိခဲ့သော သိပ္ပံဆိုင်ရာ တွေ့ရှိချက်များသည် ဥရောပ၏တွေ့ရှိချက်များထက် များစွာစောသည်ဟု သမိုင်းပညာရှင် များက ဆိုပေသည်။ ဆူလေမန် အုပ်ချုပ်ချိန်တွင် အော်တိုမန်ကို အထွတ်အထိပ်သို့ အရောက်ပို့ ဆောင်နိုင်ခြင်းသည် ကုရ် အာန်၏ မူဝါဒကို အခြေခံ၍ ပြုပြင်ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ လိုက်လျော ညီထွေ အုပ်ချုပ် နိုင်ခဲ့ ခြင်းကြောင့် ဖြစ်သည်။ ၎င်းခေတ်တွင် ကုရ်အာန်ကို အခြေခံသော ရှရီယာမျိုးကို ရာဇ္ဇဝင်များ လက်ထက်မှ လွဲ၍ မည်သည့် ခေတ်တွင်မျှ မရှိခဲ့ပေ။ တရားရုံးများတွင် ကုရ်အာန်ကို အခြေခံ၍တရား ဆုံးဖြတ်သော စနစ်ကို ကျင့်သုံး ခဲ့သည့်

အိုလမာများသည် တရားသူကြီးများ၏အကြံပေးများ ဖြစ်သည်။ ကုရ်အာန်ကို အခြေခံသည့် အုပ်ချုပ်ရေး ဟူသည် ကုရ်အာန်၏ ဥပဒေနှင့် ညီသကဲ့သို့ ကုရ်အာန်၏ ဥပဒေနှင့် မဆန့်ကျင်သော မူဝါဒများ ဖြစ်သည်။

ဥပမာ အားဖြင့်တင်ပြရ မည်ဆိုပါက ကမ္ဘာ့နိုင်ငံ အသီးသီးတို့တွင် သုံးစွဲလျက် ရှိသော ဥပဒေများအနက် ကုရ်အာန် ပါ အခြေခံမူဝါဒနှင့် ကိုက်ညီသော ဥပဒေများလည်း ပါဝင်ခြင်း ဖြစ်သည်။ ဆူလိုင်မာန်သည် သူ၏ အုပ်ချုပ် ရေးကို ကမ္ဘာတဝှမ်းလုံးက အသိအမှတ်ပြုခံခဲ့ရသည် အထိ အုပ်ချုပ်နိုင်ခဲ့သူ ဖြစ်သည်။

အဘူအလ်စန်(ဒ်)ခိုလာချီလေဘီ(၁၄၉၀-၁၅၇၄)သည် အော်တိုမန်အင်ပါယာကြီးကို အိုလမာများနှင့် တွဲဖက်အုပ် ချုပ်ခဲ့သည်။ တရားသူကြီးများက တရားဆုံးဖြတ်သော စနစ်ကို ကျင့်သုံးသည်။ ဥပဒေမှာ ရှရီယာ ဖြစ်သည်။ တရား သူကြီး များမှာ ဘုရင်၏ သြဇာအာဏာအောက်မှ တရားဆုံးဖြတ်ရသော စနစ်ကို ကျင့်သုံးသည်။ ရှရီယာ ဟူသော ဥပဒေကို အမည်ခံ၍ တိုင်းသူပြည်သားများအပေါ် တင်းကြပ်သော ဥပဒေများဖြင့် အုပ်ချုပ်သည်။

ထိုအချိန်တွင် အီရန်နိုင်ငံ၏ ရှီယာအိုလမာများသည် ပြည်သူများ၏ ထောက်ခံမှုဖြင့် ရှားဘုရင်များ၏ သက်ဦးဆံပိုင် စနစ်ကို ဆန့်ကျင်နေသော ကာလ ဖြစ်သည်။ ထိုကဲ့သို့ ပြည်သူများ၏ ထောက်ခံမှုဖြင့် အုလမာများ၏ တောင်းဆိုချက် အရ အီရန်နိုင်ငံ အုပ်ချုပ်ရေးကို သက်ဦးဆံပိုင် စနစ်မှ ဒီမိုကရေစီနည်းကျသော စနစ်သို့ ရှားဘုရင်များ ကိုယ်တိုင်က

ပြုပြင်ပြောင်းလဲ ပေးနေသော ကာလ ဖြစ်သည်။

အော်တိုမန်၏အိုလမာများသည် ဥပဒေဆိုင်ရာကိစ္စ အဝဝကို ဘုရင်၏အမိန့်အောက်မှ တဆင့်ဆောင်ရွက်ရသူများ ဖြစ်ကြသည်။ အော်တိုမန်ပြည်သူများသည် ကမ္ဘာ့နိုင်ငံများနည်းတူ အော်တိုမန်ကိုလည်း ခေတ်မှီတိုးတက်သော ခေတ် ရေစီးကြောင်းနှင့် အညီ တည်ဆောက်လိုကြသည်။ သို့ရာတွင် ထိုအချိန်က အိုလမာများသည် ယခင် ဆူလိုင်မန် ခေတ် မှ အိုလမာများနှင့် မတူကြပဲ ၎င်းတို့သည် ယခင် ဘာသာရေးကျောင်းများတွင် ဆူလိုင်မာန်ခေတ် ပြဋ္ဌာန်းထား သော ခေတ်သစ်သိပ္ပံပညာရပ်များနှင့် ကမ္ဘာ့ အတွေးအခေါ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထုတ်ပယ်ခဲ့ကြသည်။

ရှေး အဘာဆီများ လက်ထက်က ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်း ဟောင်းများကို ပြန်လည်ပြဋ္ဌာန်း၍ သင်ကြားသော စနစ်ကို ပြန်လည်ဖော်ထုတ်ခဲ့သူများ ဖြစ်သည်။ ထိုသို့သော အကြောင်းများကြောင့် အော်တိုမန် အတွင်းရှိ ပြည်သူ များက ကမ္ဘာ့နိုင်ငံများနည်းတူ ဒီမိုကရေစီ နည်းကျ အုပ်ချုပ်ရေးကို မျှော်မှန်းကြသည်။ ထိုကဲ့သို့ခေတ်၏ အမြင်ရှိ သော မွတ်စလင်မ်များနှင့် ခေတ်၏အမြင် မရှိသော အိုလမာများ၏ စပ်ကြား သဟဇတ မဖြစ်နိုင်သော အကြောင်း များ ဖြစ်လာခဲ့သည်။

ခေတ်သစ် အတွေးအခေါ်များနှင့် ခေတ်သစ်သိပ္ပံ ပညာရပ်များကို ခေတ်ပညာ ကျောင်းများတွင် သင်ယူခဲ့ကြသော အများပြည်သူ တစ်ရပ်လုံးက ဘုရင်၏ သက်ဦးဆံပိုင်ဝါဒမှ ဒီမိုကရေစီနည်းကျသော ဝါဒဆီသို့ ကမ္ဘာ့ နိုင်ငံများ နည်းတူ တောင်းဆိုနေသော အချိန်တွင် ထိုခေတ် အော်တိုမန် အိုလမာများက ဘုရင်စနစ် ပိုမိုတည်တံ့ ခိုင်မြဲရန် အတွက် သောကြာနေ့ဂျုမ္မာအ်ခွသ်ဗဟ်တွင် (စူလ်တန်ဟူသည် ကမ္ဘာမြေပေါ်မှ တုန်နိုင်းမဲ့ကိုးကွယ်ရာအရှင်၏ အရိပ်ဖြစ် သည်) တုန်နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏စူလ်တန်ဟူ၍ပင် ခေါ်ဆိုသုံးစွဲလျက် မေတ္တာပို့ခဲ့ကြသည်။



အဓိပ္ပါယ်မှာ တုန်နိုင်းမဲ့ကိုးကွယ် ရာအရှင်၏ ဘုရင်ဟူ၍ပင် သုံးစွဲ၍ မေတ္တာပို့သော စနစ်ကို ယနေ့ခေတ် ဖွံ့ဖြိုး တိုး တက်မှု နှေးကွေးသော နိုင်ငံများမှ အိုလမာ အချို့ကလည်း ဆက်လက်၍ စူလ်တန်ဘုရင်များကို မေတ္တာပို့သ လျှက် ရှိ နေပေသည်။ ဖော်ပြပါ ခေတ်မှီ တိုးတက်မှု မရှိသော၊ ခေတ်နောက်သို့ ပြန်လည်ဆွဲခေါ်သော အိုလမာများနှင့် ခေတ်နှင့်အညီ တိုးတက် သောအမြင် ရှိသည့်ပြည်သူများ စပ်ကြားတွင် ယခင်က မရှိခဲ့ဖူးသော ပဋိပက္ခများစွာလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် အများမွတ်စလင်မ်များက အိုလမာများ၏ တရားဆုံး ဖြတ်မှုသည် ခေတ်ကာလနှင့် လျော်ညီမှု မရှိဟူ၍ ယူဆခဲ့ခြင်းဖြင့် ဥရောပတွင် သုံးစွဲနေသော ဥပဒေများကို အော်တို မန်၏တရားရုံးများတွင် တရားဝင်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ပြဋ္ဌာန်ခြင်းများကို အိုလမာများ၏ အမြင်တွင် ကာဖိရ်မွရှ်ရိက်များ၏အယူဝါဒ ဆုံးဖြတ်ချက်များကို အစ္စလာမ့် အုပ်ချုပ်ရေးတွင် အသုံးပြုခြင်း ဖြစ်သည်ဟု စွပ်စွဲ လျှက် တိုက်ခိုက် ဆန့်ကျင်လာတော့သည်။ ခေတ်သစ် ပညာရပ်များကို သင်ကြားပေးသော ကျောင်းများကို လည်း မိစ္ဆာအယူဝါဒများ ဖြစ်သည်ဟု လည်းကောင်း ထိုပညာရပ်များကို ဆည်းပူးခြင်းဖြင့် မွတ်စလင်မ်များ လမ်းမှား မည် ဟူ၍ လည်းကောင်း ပဋိပက္ခများစွာပေါ်ပေါက်လာခဲ့သည်။ ထို့ပြင် ထိုခေတ် အိုလမာများက ဘာသာရေးဆိုင်ရာ စာအုပ်များကို ပုံနှိပ်စက်ဖြင့် ရိုက်နှိပ်ခြင်း၊ ခေတ်သစ်အသုံး အဆောင်များကို သုံးစွဲခြင်းတို့ကိုလည်း ]ဟရာမ်} တရားမဝင်ဟု တားမြစ်ခဲ့ကြပေသည်။ သို့ဖြင့် ခေတ်ပညာတတ်များနှင့် အိုလမာများ၏ စပ်ကြားတွင် တင်းမာမှုများ ကြီးထွားလာခဲ့လေသည်။

ထိုသို့ အော်တိုမန်ရှိ အိုလမာများ၏ခေတ်နောက်သို့ ပြန်သွားနေသော အရှိန်အဟုန်နှင့် မွတ်စလင်မ်ထု၏ ခေတ် ရှေ့ပြေး အရှိန်အဟုန်နှစ်ခု၏ ရိုက်ခတ်မှု ဂယက်သည် နောက်ပိုင်းခေတ်များတွင် ကြီးမားသော မှန်တိုင်းအသွင်သို့ ပြောင်းလဲခဲ့သည်။ ထိုသို့ အိုလမာများ၏ ခေတ်နောက်ဆွဲမှု အောက်တွင် နလံမထူနိုင် ဖြစ်ခဲ့ရသော အော်တိုမန်သည် ခေတ်မှီတိုးတက်နေသော ကမ္ဘာကြီးနှင့်အတူ ရှေ့သို့တက်လှမ်းနိုင်ခြင်း မရှိတော့ဘဲ အနောက်တွင်ကျန်ရစ် ခဲ့ရ လေ တော့သည်။

နောက်ပိုင်းတွင် မွတ်စတဖာ ကမားလ်ကဲ့သို့ စစ်ဗိုလ်ချုပ်ကြီး လက်ထက်တွင် အိုလမာများသည် ခေတ်မှီ တိုးတက် မှုကို အဟန့်အတားပြုသူ တရားခံများအဖြစ် ယူဆခံရ၍ အိုလမာများအား ဖမ်းဆီး ထောင်ချ ခြင်း၊ အိုလမာများကို မွေးထုတ်ပေးသည့် ကျောင်းများကို ပိတ်ပစ်ခြင်း၊ အိုလမာများ ကဲ့သို့ ဝတ်စား ဆင်ယင်သူများကို ယဉ်ကျေးမှု တော် လှန်ရေး ပြုလုပ်ပစ်သည်အထိ အိုလမာ ဆန့်ကျင်ရေး သမားများ ပေါ်ပေါက်ခဲ့တော့သည်။

တူရကီနိုင်ငံတွင် ယနေ့တိုင် ခေတ်ပညာကျောင်းများ၌ အမျိုးသားများ မုတ်ဆိတ်ထားခြင်း၊ အမျိုးသမီးများ ခေါင်း တွင် ပုဝါခြုံ၍ ကျောင်းတက်ခြင်းကို ပိတ်ပင်တားဆီးသည်။

သာသနာကို ပြန်လည် ပျိုးထောင်ရေးသမား မုဟမ္မဒ် အိဗ်နုအဗ္ဗဒွလ်ဝဟာဗ်သည် အာရေးဗီးယား ကျွန်းဆွယ်ကို အစ္စတန်ဘူလ်မှ ခွဲထွက်၍ အာရေးဗီးယား အလယ်ပိုင်းနှင့် ပါရှန်းပင်လယ်ကွေ့တွင် ဝဟာဗီဝါဒကို စတင်ခဲ့သူ ဖြစ် သည်။သူ၏ဝါဒမှာ အိဗ်နုသိုင်မီးယား၏ဝါဒကို အခြေခံ၍ ပြန်လည်ဆန်းသစ်ခြင်း ဖြစ်သည်။ အစ္စလာမ်ကို ဖွင့်ဆိုရာ၌ ကုရ်အာန်နှင့် ဟဒီးဆ်ကျမ်းများပါ ဟဒီးဆ်များကို အခြေခံ၍ ဆူဖီဝါဒကို ဆန့်ကျင်သူ ဖြစ်သည်။ ယခင်က ရှိခဲ့သော ဂိုဏ်းလေးဂိုဏ်းစလုံးကို လက်ခံခဲ့ခြင်း မရှိခဲ့ပေ။ ထိုအေမာမ်လေးပါး အနက် မာလစ်ကို လက်ခံရာ၌ ဟဒီးဆ်ကျမ်းပြု သူ တစ်ဦး အဖြစ် လက်ခံသည်။ ရှာဖီကိုလက်ခံရာ၌ ဟဒီးဆ်များကို စုဆောင်းရန် တိုက်တွန်းခဲ့သူ တစ်ဦး အဖြစ် လက်ခံခဲ့သည်။ အိဗ်နုဟမ်ဗလ် ကိုလက်ခံရာ၌ ဟဒီးဆ်ကျမ်းပြုသူတစ်ဦး အဖြစ် လက်ခံသည်။

အဗ်ဒွလ်ဝဟာဗ်၏ အယူဝါဒများမှာ ဟဒီးဆ်များသည် ကျမ်းများ အဖြစ် တစ်စုတစ်ဝေးတည်းရှိနေပြီ ဖြစ်၍ ထို ဟ ဒီးဆ်များကို အခြေခံ၍ ဓမ္မထုံးဖွဲ့မှု ပြုရမည် ဖြစ်သည်။ ရှေးယခင် ဓမ္မထုံးဖွဲ့မှုများကို ဦးစားပေးလိုက်နာရန် မလို ဟူ၍ ဖြစ်သည်၊ ထိုအယူဝါဒကို စအူဒီနိုင်ငံ မဒီနာ တက္ကသိုလ်တွင် သင်ကြားပေးလျှက် ရှိသည်။

စအူဒီဘုရင် အိဗ်နုစအူးဒ်က ရှေးအဘာစီခလီဖာ များကဲ့သို့ သက်ဦးဆံပိုင် ဘုရင်ဝါဒဖြင့် အုပ်ချုပ်သည်။ ထိုဝါဒ လမ်းစဉ်ကို အခြေခံ မြဲမြံနိုင်ရန်အတွက် အဗ်ဒွလ်ဝဟာဗ်၏ သာသနာပိုင် ဝါဒလမ်းစဉ်က အထောက်အကူ ပြုသည်။ ထိုဝါဒလမ်းစဉ် နှစ်ခုသည် မွတ်စလင်မ်အများစု အတွက် မည်သည့်အကျိုးအမြတ်မျှ ခံစားခွင့် မရှိသော်လည်း



အုပ်ချုပ် မင်းလုပ်သော ဘုရင်နှင့်ဘုရင်၏ ဆွေတော်မျိုးတော်များအတွက် အလွန်တရာ အကျိုး အမြတ် ဖြစ်ထွန်း စေ သော ဝါဒလမ်းစဉ် ဖြစ်သည်။ အဗ်ဒွလ်ဝဟာဗ်နှင့် ဘုရင် စအူးဒ်တို့ နှစ်ဦးပေါင်း၍ တမန်တော် မုဟမ္မဒ် သင်္ချိုင်းမှ လွဲ၍ မဟာသာဝကများ၊ အဂ္ဂမဟာသာဝကများအား မြှုပ်နှံထားသော ဂျန်နသ်သုလ်ဗကီးလ် သင်္ချိုင်းကို စက်ယန္တရား များဖြင့် ဖျက်ဆီးလျှက် ကွင်းပြင်သဟာ ပြုလုပ်လိုက်သည်။ ထို့ပြင် စအူဒီနိုင်ငံ၏ ကြေညာချက်အရ စအူဒီ၏ အုပ် ချုပ်ရေးသည် စစ်မှန်သော ရာရှေဒွန်းများ၏အုပ်ချုပ် ရေးအတိုင်း အစ္စလာမ့် အုပ်ချုပ်ရေးစနစ် ဖြစ်သည်ဟု လည်း ကမ္ဘာသို့ ကြေညာခဲ့သည်။ စအူဒီနိုင်ငံတွင် အမျိုးသမီးများ ကားမမောင်းရ၊ ဘုရင့်ဆွေတော်မျိုးတော် အမျိုး သား များက နိုင်ငံခြားသူ တစ်ဦးကို ထိမ်းမြားခြင်းဖြင့် ထိုနိုင်ငံခြားသူအမျိုး သမီးက စအူဒီနိုင်ငံသား ဖြစ်သည်။ နိုင်ငံခြား အမျိုးသားက စအူဒီနိုင်ငံ သူကိုထိမ်းမြားခြင်းဖြင့် ထိုနိုင်ငံခြားအမျိုးသားသည် စအူဒီနိုင်ငံသား မဖြစ်ပေ။

တိုင်းပြည် တစ်ပြည်လုံးကို အုပ်ချုပ်သော အစိုးရဝန်ကြီးများအား လုံးသည် ဘုရင့်ဆွေမျိုး ရင်းခြာများသာ ဖြစ်ရ မည်၊ အပြင် အရပ်သားများ မဖြစ်စေရဟူသော မူဝါဒများကို စစ်မှန်သော အစ္စလာမ့် အုပ်ချုပ်ရေး ဖြစ်သည်ဟူ၍ ကြေညာခဲ့သည်မှာ အံ့သြစရာပင် ဖြစ်တော့သည်။

ဤအချက်ကို အတွင်းကျကျ သိရှိထားသော အီဂျစ်နိုင်ငံသား ပညာရှင် ဆိုက်ယက်ကွတ်တွဗ်က စအူဒီနိုင်ငံ၏ မူဝါဒ များကို ဆန့်ကျင်၍ စအူဒီ ပြည်သူများကို ဘုရင်၏ မူဝါဒများ မှားယွင်းကြောင်း ထောက်ပြ လှုံ့ဆော်ခဲ့သည့် အတွက် အီဂျစ် သမ္မတနာစီရ်က ကွတ်တွဗ်အား သေဒဏ်ပေးခဲ့သည်။ ထိုကဲ့သို့ အီဂျစ်သမ္မတ နာစီရ်က သေဒဏ်ပေးရခြင်းမှာ နှစ်စဉ် စအူဒီ၏ထောက်ပံ့ကြေးကို အီဂျစ်နိုင်ငံက ရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ စအူဒီအစိုးရ၏ အချုပ်အခြာ အာ ဏာအား ထိခိုက်ခြင်းဖြင့် ၎င်းရရှိသော ဝေစုများ ရပ်တန့်မသွားရန် အတွက် စအူဒီ၏ အချုပ်အခြာကို ထိပါး စေ သော ကွတ်တွဗ်ကို သေဒဏ်ပေးခဲ့ခြင်း ဖြစ်သည်။ ကွတ်တွဗ်သေဆုံးပြီးမှ သူရေးသားခဲ့သော ]အစ္စလာမ် သာသနာ သည် အထင်မှား အမြင်မှား ခံရသော သာသနာ} ဟူသော (ရှဗ်ဟဟောက် လွတ်က် အစ္စလာမ်) စာအုပ်ကို ဘာသာ ပေါင်း ၁၄မျိုးဖြင့် ကမ္ဘာတွင် အကြိမ်ပေါင်းများစွာ ဆင့်ကဲဆင့်ကဲ ထုတ်ဝေခဲ့လေသည်။

အဟ်မဒ်အိဗ်နုအီဒရစ် (အေဒီ ၁၇၈၀-၁၈၃၆)

မော်ရိုကိုနိုင်ငံတွင် ဆူဖီဝါဒကို ပြန်လည် ပြုစုပျိုးထောင်သူ တစ်ဦး ဖြစ်သည်။ အဗ်ဒွလ်ဝဟာဗ်၏မူဝါဒနှင့် ကွဲပြား ခြားနားစွာ ပေါ်ပေါက်လာသူတစ်ဦး ဖြစ်သည်။ ၎င်း၏မူဝါဒမှာ မွတ်စလင်မ်တိုင်း ခေတ်ပညာတတ်မြောက်ပြီး ကိုယ် ကျင့် တရားကောင်းရန် ကြိုးပမ်းသူလည်း ဖြစ်သည်။ သူသည် မြောက်အာဖရိကနှင့် ယီမင်နိုင်ငံသို့ သွားရောက်၍ အစ္စလာမ် သာသနာဆိုင်ရာ ကျင့်စဉ်ကျင့်ရပ်များကို အသေးစိပ်ပြသ သင်ကြားပေးခဲ့သည်။

သူ၏ အမြင်တွင် ထိုခေတ် အိုလမာများသည် မိမိတို့၏ ကျောင်းတော် ဝါဒစွဲဟူသော သော့ခလောက်များဖြင့် မိမိတို့ ၏ အသိဉာဏ်တံခါးများကို အထပ်ထပ်ပိတ်ထားသူများ ဖြစ်သည်။ ထိုကျောင်းတော်ဝါဒစွဲ ဟူသော အချုပ်အနှောင် များမှ လွတ်မြောက်နိုင်မှု မရှိသမျှ ကာလပတ်လုံး ကုရ်အာန်ပါ အရှိတရားများကို အရှိအတိုင်း မြင်နိုင်ကြမည် မဟုတ် ဟု ဖြစ်သည်။ ထိုအိုလမာများသည် မိမိတို့ ကိုယ်ကို မိမိတို့၏ ပညာရပ်များက အကျိုး မပြုနိုင် သကဲ့သို့ မွတ်စလင်မ် များကိုလည်း အကျိုးမပြုနိုင်ဟု ယုံကြည်ထားသူ ဖြစ်သည်။ အိုလမာများအား ၎င်းတို့ ကျောင်းများမှ ရွေးချယ် ပေးလိုက်သော ရောင်စုံဝါဒ လမ်းစဉ်များကို မွတ်စလင်မ်များအား ထပ်ဆင့် အရောင်ဆိုးသူများ ဖြစ်သည်ဟု သူက ဖွင့်ဆိုခဲ့သည်။ အလားတူ များစွာသော ဆူဖီဝါဒများသည် အလ်ဂျေးရီး ယားနိုင်ငံနှင့် မဒီနာမြို့တို့တွင် ပေါ်ပေါက် ခဲ့သည်။



မုဟမ္မဒ်အေ့ဗနုအလီ အလ်စနူစီ အေဒီ ၁၈၃၂

သူသည် စနူစီယာ လှုပ်ရှားမှု အဖြစ် လစ်ဗျားနိုင်ငံတွင် ကျော်ကြားလျှက်ရှိသည်။ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော ကိစ္စရပ်များကို စိတ်ဝင်စားမှု မရှိဘဲ မွတ်စလင်မ်ထု တစ်ရပ်လုံး အတွင်းသို့ သူ၏ ဆူဖီလမ်းစဉ်ကို ထည့်သွင်းပေးလိုသူ တစ်ဦး ဖြစ်သည်။ သူ၏ အယူဝါဒမှာ မွတ်စလင်မ်များသည် အတွင်းပိုင်းဆိုင်ရာ ဆူဖီကျင့်စဉ်အားဖြင့် မိမိတို့ ကိုယ် တိုင် မိမိယုံကြည်ရမည် ဖြစ်သည်။ မည်သည့် အိုလမာများကိုမျှ မယုံရဟု ဖွင့်ဆိုသူ တစ်ဦး ဖြစ်သည်။ တမန်တော် မုဟမ္မဒ်မှလွဲ၍ ခေတ်အဆက်ဆက်ပေါ်ပေါက်လာခဲ့သော မည်သည့် လူသားတစ်ဦး ယောက်ကိုမျှ ယုံကြည်ပုံအပ်၍ မရနိုင်ပေ။ မည်သည့် မဟာလူသားဖြစ်စေ မည်သည့် ဝါဒလမ်းစဉ်များ ဖြစ်စေ၊ ကုရ်အာန်၏ စံချိန်စံညွှန်းများဖြင့် ဆန်းစစ်ရမည် ဖြစ်သည်။ လူသားဟူသည်မှာ မှားယွင်းနိုင်သော သဘာဝ ရှိသကဲ့သို့ ထိုလူသားများ၏ မူဝါဒလမ်းစဉ် များသည် မှားနိုင်သောဝါဒ လမ်းစဉ်များ ဖြစ်သည်ဟု အခိုင်အမာ ဖွင့်ဆိုခဲ့သသည့် ဆူဖီတစ်ဦးဖြစ်သည်။ သူ၏ အဆိုအရ သူကျင့်ကြံလျှက်ရှိသော ဆူဖီဝါဒမှာ တမန်တော် မုဟမ္မဒ် ကျင့်ကြံခဲ့သော ဝါဒလမ်းစဉ် ဖြစ်၍- ထိုဆူဖီဝါဒ လမ်းစဉ် သည် တုနိုင်းမဲ့ ကိုးကွယ်ရာအရှင်၏ အနီးသို့ ချဉ်းကပ် နိုင်သော ကျင့်စဉ်များ ဖြစ်သည်ဟု အခိုင်အမာဆိုခဲ့ သူတစ်ဦး ဖြစ်သည်။

အစ္စလာမ့်သမိုင်းတလျှောက် မြောက်များစွာသော ဒသနများသည် ခေတ်တိုင်း၊ စနစ်တိုင်းတွင် အစ္စလာမ်သာသနာ၏ စစ်မှန်သော ကျင့်စဉ်များ ဖြစ်သည်ဟု ပေါ်ပေါက်လာခဲ့သော အစဉ်အလာများ ရှိခဲ့သည်။ ရာစုများစွာ ကြာညောင်း လာသည့်နှင့်အမျှ အနောက်နိုင်ငံများတွင် လူ့အခွင့်အရေးများ၊ တရားမျှတမှုများ၊ လွတ်လပ်စွာပြော ပိုင်ခွင့်များကို တောင်းဆိုလာကြပေသည်။ သို့သော် မွတ်စလင်မ် လူထုမှာမူ မိမိ အခွင့်အရေးကိုပင် မိမိမေ့လျှော့နေခဲ့ ၍ နောက်ပိုင်း တွင်မှ လူ့အခွင့်အရေး တောင်းဆိုမှုများကို သူတို့၏ အသိဉာဏ်အတွင်းသို့ အင်အားသုံး၍ ထည့်ပေးခြင်း ခံရသော အကြောင်းများ ဖန်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် အော်တိုမန်သည် တစ်ချိန်တစ်ခါက ကမ္ဘာ့နိုင်ငံများနှင့်ယှဉ်၍ အုပ်ချုပ်ရေးတွင်လည်း ကောင်း၊ ပညာရေးတွင်လည်းကောင်း၊ စီးပွားရေးတွင် လည်းကောင်း၊ စစ်ရေးတွင် လည်းကောင်း အစစအရာရာ ရှေ့မှ ပြေးနေသော နိုင်ငံတစ်ခုအဖြစ် တည်ရှိခဲ့သည်။

သို့သော် ၁၈ ရာစုမှ စ၍ အော်တိုမန်သည် နိုင်ငံရေး အာဏာရှင်၊ ဘာသာရေး အာဏာရှင်များ၏ ဦးဆောင် ဖိနှိပ်မှု အောက်၌ ပြားပြားဝပ်နေရလျှက် ပညာရေးဆိုင်ရာ သင်ရိုးဟောင်းများဖြင့် အရှိန်အဟုန်ဖြင့် ခေတ်နောက်ပြန် ဆုတ်နေခဲ့သောကြောင့် ကမ္ဘာကြီး၏ တိုးတက်မှု အလျင်နှင့် ရာစုနှစ်စု(ဝါ)နှစ် နှစ်ရာခန့် ခေတ်နောက်သို့ ကျန်ရစ်ခဲ့ရ လေသည်။ သို့ဖြင့် သမိုင်းဟောင်းထဲမှ ရာဇဝင် အော်တိုမန်သည် သမိုင်းသစ်၌ လူလားမြောက်လာသော ကမ္ဘာကြီး နှင့်ယှဉ်၍ ရင်ဘောင်တန်းနိုင်ရန်မှာ အိပ်မက်ပင် မမက်နိုင်ချေ။

၁၆ ရာစု ဆူလိုင်မန်၏ အုပ်ချုပ်သော ခေတ်တွင် အော်တိုမန်သည် ကမ္ဘာ့နိုင်ငံများ၏ရှေ့သို့ရောက်ရှိခဲ့သည်။ ဥရောပ သံတမန်များနှင့် ဥရောပ ကုန်သည်များကို ဥရောပ ဥပဒေအတိုင်း တရားဆုံးဖြတ်ခွင့်ပေး၍ အော်တိုမန်၏ တရား ဆုံးဖြတ်ရေးမှ ၎င်းတို့အား သီးခြား ဖြစ်စေခဲ့သည်။ တနည်းအားဖြင့် နိုင်ငံခြားသားများ အတွက် သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေအတိုင်း ဆုံးဖြတ်ခွင့်ပေးခဲ့ခြင်း ဖြစ်ပေသည်။

အေဒီ ၁၇၄၀ တွင် ထိုဥပဒေကို ထပ်မံ၍ တိုးမြှင့်ပေးခဲ့သည်။ သို့သော် ခေတ်နောက်ကျလာသော အော်တိုမန်သည် စီးပွားရေး အရ ဥပရောပနှင့် ယှဉ်ပြိုင်မနိုင်တော့ဘဲ တစ်ဖြေးဖြေး မှေးမှိန်လာခဲ့ရသည်။ ထိုအခါ ဥရောပသားတို့ အတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးထားသော ဥပဒေအောက်၌ ဥရောပသားတို့၏ ရရှိသော လူ့အခွင့်အရေး သည် မိမိနိုင်ငံတွင်းရှိ နိုင်ငံသားတို့၏ ခေတ်နောက်ကျနေသော ဥပဒေအောက်မှ နိုင်ငံသားတို့၏ လူ့အခွင့်အရေးထက် ပိုမိုလွန်ကဲလာတော့သည်။  သို့ဖြင့် ၁၈ရာစုတွင် အော်တိုမန် အင်ပါယာ တစ်ခုလုံးအတွင်း နိုင်ငံသားတို့၏ မခံမရပ်နိုင် ဖြစ်မှုတို့မှာ စိုးရိမ်မှတ်သို့ ရောက်ရှိ ခဲ့ရသည်။

တိုင်းပြည်၏ စီးပွားရေး အခြေအနေသည်လည်း ပိုမိုကျဆင်းလာခဲ့သည်။ အင်ပါယာအတွင်းမှ အာရပ်ပြည် နယ်များ တွင် နယ်လှည့် ကုန်သည်များအား အစိုးရက ထိန်းချုပ်၍ မရနိုင်လောက်အောင် ဖြစ်လာခဲ့တော့သည်။  ယခင်က ထို နယ်လှည့် ကုန်သည်များသည် မိမိတို့၏ အုပ်စုအလိုက် လက်နက်ကိုင် ကိုယ်ပိုင်တပ်ဖွဲ့များ ကိုယ်ပိုင် ဥပဒေများ အားဖြင့် သီးခြား နေထိုင်ခဲ့သူများ ဖြစ်သည်။

ပြည်နယ် အုပ်ချုပ်ရေးမှူး ]]ပါးရှား}}များ ကလည်း မိမိတို့၏ပြည်နယ်များ အတွင်း စီးပွားရေးကို ကွပ်ကဲနိုင်မှု မရှိ ကြတော့ဘဲ။ လာဘ်ပေးလာဘ်ယူမှုများ တစ်နေ့တစ်ခြား ဖေါင်းပွလာခဲ့သည်။

ထိုအချိန်တွင် အနောက်တိုင်း၏ စီးပွားတိုးတက်မှုနှုန်းမှာ အော်တိုမန်နှင့် ဆန့်ကျင်လျှက် တစ်နေ့တစ်ခြား ဖွံ့ဖြိုးလာ ခဲ့ပေသည်။ စူလတန် ဆာလင်မ်(၃)သည် တိုင်းပြည်၏ ဆုတ်ယုတ်မှုကို ကာကွယ်နိုင်ရန် ဥရောပ ဥပဒေများကို ပုံတူကူး ၍ စစ်တပ်ကို ပြန်လည် ဖွဲ့စည်းခဲ့သည်။ ၁၇၈၉တွင် အော်တိုမန်၌ စစ်တက္ကသိုလ်ကြီးကို ဖွင့်၍ ဂျာမနီ စစ်ပါရဂူများ၏ ညွှန်ကြားမှုဖြင့် ခေတ်မှီ စစ်တပ်ကြီး ဖြစ်လာရန် ကြိုးစားခဲ့သည်။ ခေတ်မှီနည်းဗျူဟာများကို ပိုမိုထိရောက်စွာ ဆည်း ပူးနိုင်ရန် ဥရောပပညာရေး ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဥရောပနိုင်ငံသို့ ခေတ်သစ်ပညာရပ်များ ဆည်းပူးရန် ကျောင်းသားများ ဖလှယ်ရေး အစီအစဉ်များကို ပြုလုပ်ခဲ့သည်။ နိုင်ငံခြားမှ ကျွမ်းကျင်သော ပညာရှင်များကို ငှား ရမ်း၍ စစ်တပ်အတွင်း ကိုယ်ခံ ပညာရပ်များကို သင်ကြားပေးခြင်းများကို အားကျိုးမာန်တက် ဆောင်ရွက်ခဲ့ သည်။

သို့သော် ဘုရင်၏ ကြိုးစားအားထုတ်မှုမှာ ခေတ်နောက်ကျခြင်း၌ ရောဂါကျွမ်းနေပြီ ဖြစ်သော အော်တိုမန် အတွက် ဆေးမမှီနိုင်ခဲ့ချေ။ ရာစု နှစ်စု ခန့် ဘာသာရေး ခေတ်နောက်ဆွဲသူများ၏ အတွေးအခေါ် မှိုင်းမှာ လူထုအတွင်း မျိုး ဆက် သုံးဆက်မှ ငါးဆက်ခန့် ရိုက်သွင်းခံထားရပြီး ဖြစ်သဖြင့် မိရိုးဖလာ အစွဲကြီးအဖြစ် ကပ်ငြိနေတော့ပေသည်။ ထိုမိရိုးဖလာ အစွဲအား ဘုရင့်အနေဖြင့် ဦးဖွ ဟူ၍ ချွတ်ပါယ်ပစ်နိုင်ခြင်း မရှိတော့ပေ။

 တနည်းအားဖြင့် လူထုကြီးအနေဖြင့် ခေတ်စနစ် ဆန်းစစ်ရမည်ကို ငရဲကျမည်- ဘာသာတရားအား ဆန့်ကျင်ရာ ရောက်မည်ဟု အကြီး အကျယ် ခံစားနေရသည့်အပြင် အရိုးစွဲ ဘာသာရေး အာဏာရှင်များကလည်း မိမိတို့၏ ရာထူး ကုလားထိုင် ယိမ်းယိုင် သွားမည်ကို မလိုလားခြင်းဖြင့် ဘုရင်၏ပြုပြင်ပြောင်းလဲရေးကို ထိရောက်စွာ အားမပေး ခဲ့ချေ။ ခေတ်မှီ အတိုးတက်ဆုံးသော အော်တိုမန်သည် ပြိုကွဲပျက်စီးရတော့မည့် အခြေ အနေသို့ ရောက်ရှိခဲ့ပြီး ဖြစ် သည်။ အခြား မွန်ဂိုအင်ပါယာနှင့် ဆဖာဗစ်ဒ် အင်ပါယာတို့၏ အခြေအနေတို့မှာလည်း ပို၍ပင် ဆိုးရွားသော အခြေအနေသို့ ရောက်ရှိခဲ့ရလေပြီ။

ထို ၁၈ ရာစုကို မွတ်စလင်မ်များ ကျဆုံးခြင်းနှင့် ဥရောပ သားတို့ အရွယ်ကောင်းလာသော ကာလဟု ဆိုရပေမည်။

အစ္စလာမ့်အင်ပါယာ၏ နေမွန်းလွဲချိန်။

အေဒီ ၁၇၅၀-၂၀၀၀

၁၂- ၁၃ ရာစုအထိ ဥရောပနိုင်ငံများမှာ အခြားသော ယဉ်ကျေးမှုများဖြင့် စမ်းတဝါးဝါး လျှောက်လှမ်းလျှက်ပင် ရှိခဲ့သော်လည်း၊ အနောက်တိုင်းသားတို့၏ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ၁၆ ရာစုမှစ၍ ကြီးမားသော အရှိန်အဟုန် ဖြင့် စတင် လည်ပတ်နိုင်ပြီ ဖြစ်၍ ကမ္ဘာ့ ထိပ်ဆုံးသို့ ရောက်လာခဲ့လေသည်။ (အလ်ပ်) တောင်တန်း ဒေသ မြောက်ပိုင်း ၏ အနောက်ခြမ်း နိုင်ငံများမှ ဂရိ ဥရောပနွယ်ဖွား ခရစ်ယာန်များ၏ စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးသည် တိုးတက်လာခဲ့သည်။ သို့သော် အနောက်ပိုင်း ဥရောပရှိ ဘိုင်ဇင်တိုင်း အင်ပါယာ၏ တိုးတက်နှုန်းမှာ နှေးကွေးလျှက် ရှိနေသည်။ ဥရောပတို့၏ တိုးတက်မှုသည် (၇)ရာစု နှင့် (၈)ရာစု တို့တွင် မွတ်စလင်မ်တို့၏ တိုးတက်နှုန်း အလျင် ကဲ့သို့ ဖြစ်သည်။ သို့ရာတွင် မွတ်စလင်မ်တို့သည် ဥရောပ ကဲ့သို့ ကမ္ဘာကို ၎င်းတို့၏ ကိုလိုနီနယ်မြေများ အဖြစ် မပြု လုပ်ခဲ့ပေ။ ထိုကဲ့သို့ပင် ၎င်းတို့ကဲ့သို့ ယဉ်ကျေးမှု အသစ်များကိုလည်း တီထွင်ခဲ့ခြင်း မရှိခဲ့ပေ။ ထိုသို့ ဥရောပသားတို့ တိုးတက်လွှမ်းမိုးလာသော အချိန်တွင် အော်တိုမန်သည် ဥရောပပုံစံဖြင့် ၎င်းတို့၏ စစ်တပ်ကို ပြန်လည် ဖွဲ့စည်း၍ ဥရောပ၏ ခြိမ်းခြောက်မှုကို တားဆီးရန် ကြိုးပမ်းအားထုတ်နေသော အချိန် ဖြစ်သည်။ ခေတ်နောက်ဆွဲ ဘာသာရေး သမားတို့၏ ဩဇာလောင်းရိပ်အောက်၌ အချိန်ကား နှောင်းခဲ့လေပြီ။



ထိုသို့ မွတ်စလင်မ်တို့၏ လေးလံထိုင်းမှိုင်းနေသော ကာလတွင်- အခြားတစ်ဖက်၌ ဥရောပ ကိုလိုနီ ဖြစ်သော အမေရိ ကန်  ဟူသည့် ကမ္ဘာသစ်သည်လည်း စီးပွားရေး တိုးတက်လျှက် ရှိနေခဲ့သည်။ အမေရိကန်သည် စိုက်ပျိုးရေးမှ ထွက် ကုန်များ ပိုလျှံခြင်း၊ နည်းပညာ အသစ်အဆန်းများကို ဖော်ထုတ်နိုင်ခဲ့ခြင်း၊ ရရှိလာသော အကျိုးအမြတ်များကို ပြန်လည် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးအမြတ်များစွာ ပေါ်ထွက်လာခဲ့သည်။ သို့ဖြင့် ဥရောပနှင့် အမေရိကန်တို့မှာ အခြား နိုင်ငံများထက် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးမှ၊ အခြားထုတ်ကုန် ပစ္စည်းများကိုပါ ပူးတွဲထုတ်လုပ် နိုင်သောအဆင့်သို့ ရောက်ရှိခဲ့ကြသည်။

ထိုမှ တစ်ဆင့် စီးပွားတိုးတက် ဖွံ့ဖြိုးလာခြင်းနှင့် အတူ ပညာရေး၊ နိုင်ငံရေး မူဝါဒများ တိုးတက်ဖွံ့ဖြိုးလာကာ  ပိုမို၍ ဒီမိုကရေစီ နည်းကျသည့် လူ့အဖွဲ့အစည်းကြီးကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ ၁၆ ရာစု နှစ်လောက်မှ စတင်၍ ဥရောပ၏ သိပ္ပံဆိုင်ရာ နည်းပညာများ အားဖြင့် ပတ်ဝန်းကျင် နိုင်ငံများအပေါ်သို့ စိုးမိုးလာခြင်းမျိုးကို ယခင်က မည်သည့်နိုင်ငံများကမျှ မစွမ်းနိုင်ခဲ့ပေ။

ဆေးဖက်ဆိုင်ရာ နည်းပညာ၊ ခရီးသွားဆိုင်ရာ နည်းပညာများ၊ ခေတ်မီစိုက်ပျိုးရေး ဆိုင်ရာနည်းပညာများနှင့် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော စက်ရုံများ တည်ဆောက်နိုင်ခြင်းဖြင့် နိုင်ငံအတွင်းရှိ ပြည်သူများအတွက် အလုပ် အကိုင်အသစ်များ ပိုမို ဖန်တီးပေးနိုင်ခဲ့သည်။ ထိုသို့သော အခြေအနေသို့ ရုတ်တရက် ရောက်ရှိလာခြင်းမျိုး မဟုတ်ဘဲ တဖြေးဖြေးချင်း တိုးတက် ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။ အသစ် ရှာဖွေတွေ့ရှိမှုများသည်လည်း ကဏ္ဍ အသီး သီး တစ်နေရာပြီး တစ်နေရာ၊ တစ်မျိုးပြီး တစ်မျိုး ဆက်လက်တွေ့ရှိခဲ့ကြသည်။ တစ်နည်းအားဖြင့် ဆိုရသော် ဥရော ပနှင့် ဥရောပနယ်ချဲ့လက်အောက်ခံနိုင်ငံများသည် စကြာဝဠာကြီး၏ သဘော သဘာဝများကို ပိုမိုလေ့လာ နိုင်ခြင်း ဖြင့် စကြာဝဠာ အတွင်းရှိ သဘာဝသယံ ဇာတများကို ပိုမိုထုတ်လုပ် သုံးစွဲနိုင်သော နည်းလမ်းများကို ပိုင် ဆိုင်ခဲ့ကြ သည်။

ထိုအချိန်တွင် အခြား ရှေးအစဉ်အလာများကို ထိန်းသိမ်းလွန်းသော အုပ်စုနိုင်ငံများအဖို့ သမရိုးကျ စိုက်ပျိုးရေး တစ်ခုတည်းကိုသာ အခြေခံသော စီးပွားဖြင့် ရပ်တည်လျှက်ရှိ ကြသည်။ ထိုအယူသည်းသည့် လူ့အဖွဲ့အစည်းများကို ဥရောပနိုင်ငံများကဲ့သို့ အခြေခံမှုစတင်၍ ပြောင်းလဲရန်မှာ မလွယ်ကူသော ကိစ္စရပ် ဖြစ်သည်။ ဥရောပနှင့် အမေရိက တို့မှာ ဆင့်ကဲဆင့်ကဲ အသစ်ရှာဖွေတွေ့ရှိချက်များမှ ဆက်လက် သုတေသနပြုနိုင်သည့် အတွက် ကမ္ဘာကြီးအတွင်း ထုတ်လုပ်သုံးစွဲ၍ မကုန်နိုင်သော သဘာဝ သယံဇာတများ အလျှံပယ်ရှိနေမှုကို ယုံကြည် အားထားမှုပြုကြသည်။ ဥရောပ၏ အောင်မြင်မှုမှာ ရှေးအတိတ်ခေတ်သို့ ပြန်လှည့်ကြည့်ခြင်း မရှိဘဲ ခေတ်မီတိုးတက်လျှက် ရှိသော ခေတ် ရေစီးကြောင်းနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးမူဝါဒများကို တည်ထောင်နိုင်ခဲ့သောကြောင့်ပင်။ တိုင်းပြည်

အတွင်း လူတိုင်း စာတတ်မြောက်ရေး လှုပ်ရှားမှုများကိုလည်း ပြုလုပ်နိုင်ခဲ့ကြသည်။ လူအများစုသည် သိပ္ပံဆိုင်ရာ သုတေသနပြုသော လုပ်ငန်းများတွင် ပါဝင်လာကြသည်။ စာကူးစက်များ၊ ပုံနှိပ်စက်များ၊ စက်ရုံများမှ လူသုံးကုန် ပစ္စည်းများကို ပြည်တွင်းတွင် သာမက ပြည်ပနိုင်ငံများ အတွက်ပါ ရောင်းကုန် အဖြစ် ထုတ်လုပ်နိုင်ခဲ့ကြသည့်အတွက် စီးပွားရေး အရှိန်အဟုန်မြင့်မားလာခဲ့သည်။

ခေတ်မီတိုးတက်သော နိုင်ငံတစ်ခုဖြစ်ရန် တည်ဆောက်ရာ၌ အုပ်ချုပ်သူ လူတန်းစားများနှင့် အများပြည်သူများ အပေါ်သို့ အယူသည်း သာသနာ့ဝန်ထမ်းများ၏ ဩဇာအာဏာလွှမ်းမိုးနိုင်မှု မရှိရန်မှာ အဓိကအရေးကြီးသော အ ချက် ဖြစ်သည်ဟု ထိုနိုင်ငံကြီးများက လက်ခံထားခဲ့ကြသည်။ ယနေ့ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးနေသော ဒီမိုက ရေစီနှင့်လူ့အခွင့်အရေး ဟူသော စနစ်ကို ဦးတည်သည့် နည်းလမ်းများကို ထိုအချိန်ကတည်းက အစပျိုးခဲ့ခြင်း ဖြစ် တော့ သည်။

ဥရောပ၏ ထုတ်ကုန်ပစ္စည်းများသည် ပြည်တွင်း၌ အသုံးပြုရန် လုံလောက်ယုံမျှက နိုင်ငံရပ်ခြားများသို့ အလျှံပယ် ရောင်းချနိုင်ခဲ့ကြသည်။ သို့ဖြင့် ဈေးကွက် တိုးချဲ့ရန် စီးပွားရေးဈေးကွက် ပိုင်ဆိုင်မှု နယ်ချဲ့ခြင်းများ ပြုလုပ်လာ ပေ တော့သည်။ ရှေးယခင် အင်ပါယာများသည်- အုပ်ချုပ်မှု နယ်ပါယ်အရ နယ်ချဲ့ခြင်း၊ မိမိပိုင်နက်အား ကျူးကျော် တိုက်ခိုက်လာသူများအား ပြန်လည်ခုခံတော်လှန်ရာမှ စစ်နိုင်သဖြင့် အုပ်ချုပ်ရေးနယ်များ ကျယ်ပြန့်သွားခြင်းမျိုး



သာ ဖြစ်၍ ယခု ဥရောပ၏ နယ်ချဲ့မှုပုံစံမှာ စီးပွားရေး ဈေးကွက်အရ ထိုးဖေါက်လျှက် စီးပွားရေး ဈေးကွက်လု နယ် ချဲ့သည့် ပုံစံပင် ဖြစ်သည်။ မိမိ၏ ကိုလိုနီပြုထားရာ နိုင်ငံများမှ ကုန်ကြမ်းများကို ထုတ်ယူလျှက်- ကုန်ချောထုတ်လုပ် ကာ ထိုကိုလိုနီနယ်များတွင် ပြန်လည် ရောင်းချခြင်း- ဖြစ်၍ အကျိုးအမြတ်များစွာ ရရှိခဲ့သည်။ မိမိပိုင် ကိုလိုနီ နယ် များတွင် ကုန်ကြမ်းပစ္စည်းအား မိမိကြိုက်ရာဈေးဖြင့် ဝယ်ယူကာ ကုန်ချောပစ္စ ည်းကိုလည်း မိမိကြိုက်ရာ ဈေး ပြိုင်ဘက်မရှိ ရောင်းဝယ် ချယ်လှယ်နိုင်ပေသည်။

သို့သော် ဥရောပနယ်ချဲ့လက်အောက်တွင် ရှိသော နိုင်ငံများမှ ပြည်သူများသည် တီထွင်တိုးတက်လာသော ကုန်ပစ္စည်း အောက်၌ လူနေမှုအဆင့် တစ်စုံတစ်ရာ မြင့်မားလာခဲ့သည်။ မြို့ပြလူနေမှု အတွေးအခေါ်များကိုလည်း ခံစားခွင့် ရှိ လာခဲ့သည်။ ထို့ကြောင့် ကိုလိုနီပြုခံရသော ဒေသများမှ ဒေသခံတိုင်းရင်းသားများကိုယ်တိုင်က ကိုလိုနီအရှင်သခင် အား ကယ်တင်ရှင်သဖွယ် ခံစားချက်များ ဖြစ်ပေါ်လာသည်များလည်း ရှိခဲ့ပေသည်။

ဥရောပ၏ အရှိန်အဝါသည် ရာစု ၃ ခု အတွင်း အရှိန်အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ထိုနယ်ချဲ့ စနစ်အောက်တွင် ခေတ်မီတိုးတက်သော ပညာရေး စနစ်ကို လူနည်းစု ကြေးရည်တတ်များသာ ဆည်းပူးနိုင်ခွင့် ရှိခဲ့ပြီး လူများစုကြီးမှာမူ ထိုသို့ ခေတ်သစ်ပညာရေးနှင့် ကင်းကွာခဲ့ရသောကြောင့်- ထိုပညာတတ် ရွှေထီးဆောင်း လက်တစ်ဆုပ်စာ လူစုမှာ ငွေကြေးဥစ္စာ ပကာသန မြင့်မားလာကာ- လူများစုမှာမူ ဆင်းရဲမွဲတေ ဖွတ်ဘိုးအေဘဝဖြင့်ပင်- လူတန်းစား ကွာဟ မှုများ မြင့်တက်လာခဲ့ရပေသည်။

လူသားသဘာဝ လူတိုင်းက ခေတ်မီ ကုန်ပစ္စည်းများကို ပိုင်ဆိုင်လိုသည်- အသုံးပြုလိုကြပေသည်။ သို့သော် ထိုကုန် ပစ္စည်းများအား ပိုင်ဆိုင်ရန် ဝယ်ယူသုံးစွဲမိသော သာမန်အရပ်သားများမှာ မိမိတို့၏ မိရိုးဖလာ စိုက်ပျိုးရေး လုပ်ငန်း မှ ရရှိသော ဝင်ငွေဖြင့် မလုံမလောက်နိုင်တော့ဘဲ ဆင်းရဲတွင်းသို့ နစ်သည်ထက် နစ်လာရပေတော့သည်။

ဆင်းရဲမွဲတေလာသော တိုင်းရင်းသားများထံသို့- ဥရောပ အစိုးရများ၏ ကျောထောက်နောက်ခံဖြင့် သူတို့၏ သာသ နာပြု မက်ရှင်များက အကူအညီပြု စည်းရုံးမှုများဖြင့်လည်း ကိုလိုနီ လက်အောက်ခံဘဝအား မငြိုငြင်ရန် တစ်ဖက် လှည့် သိမ်းသွင်းထားနိုင်ခဲ့သည်။

သို့ဖြင့် မူရင်းဒေသ တိုင်းရင်းသားတို့၏ ရှေးဟောင်း အမွေအနှစ်များမှာ တစ်စစဖြင့် ပြုတိုက်ထဲသို့ ရောက်လာခဲ့ပြီး ဥရောပပုံစံ အသွင်အပြင်များ ပေါ်ထွန်းလာခဲ့ပေသည်။

သို့သော် ထိုသို့ အထွဋ်အထိပ်သို့ ရောက်လာသော လူ့အသိုင်းအဝိုင်းတွင် အတွေးအခေါ်အရ လွတ်မြောက် ဖေါက် ထွက်နိုင်သူများလည်း ပေါ်ပေါက်ခဲ့ပေသည်။ အခြားတစ်ဘက်တွင် အင်ပါယာသစ်များ ဖြစ်သော ဥရောပနှင့် အမေရိကန်တို့သည် သူတို့ မတိုင်မီ အင်ပါယာဟောင်းများမှာ အတွေးအခေါ်သစ်များကို ဦးစားပေးခြင်း မရှိဘဲ- ခေတ်နောက်ပြန် ဆွဲမှုများကြောင့် ကျဆုံးသွားရသည်များကို နမူနာယူလျှက်- ခေတ်မှီတိုးတက်သော အတွေး အခေါ်ပညာရှင်များကို အားပေးထောက်ပံ့ခဲ့ခြင်း- အင်ပါယာဆက်လက်တည်တံ့ရေး အတွက် ထိုအတွေးအခေါ်သစ်များအား စီစစ်ဆင်ခြင်လျှက် အုပ်ချုပ်မှု မူဝါဒယန္တရားများ၌ လိုအပ်သလို လက်ခံ အသုံးပြုခဲ့ပေသည်။

ထိုသို့ မိမိတို့၏ အင်ပါယာ- ဆက်လက် ရှင်သန်နေရေး အတွက် ကြံဆနေသော ခေတ်စနစ်သစ်များ၏ ရေစီး ကြောင်းကို ၎င်းတို့၏ ဒေသတွင်း ဘာသာရေး အယူပြင်းသူများ- မိရိုးဖလာ၌ တွယ်ကပ်နေသူများပင် ဒဏ်မခံနိုင်ဘဲ ခါးသီးဖွယ်ရာ အဖြစ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရလေသည်။ သို့ဖြင့် သူတို့၏ နှစ်ပေါင်းလေးရာ ဟူသော နိုင်ငံ ရေးကာလအတွင်း သွေးထွက်သံယိုမှုများ၊ တော်လှန်ရေးများနှင့် အစုလိုက်အပြုံလိုက် သေကြေပျက်စီးကြရသော စစ်ပွဲပေါင်း များစွာ ဖြစ်ပွားခဲ့သည်။

သို့သော် အမေရိကနှင့် ဥရောပတို့သည် မိမိတို့၏ အင်ပါယာ ဆက်လက်တည်တံ့နေရေး အတွက် အတွေး အခေါ် သစ် များ တစ်စိုက်မတ်မတ် ရှင်သန်နေရေးသည် အဓိက ဖြစ်သည်ဟူသော အချက်ကို စွဲမြဲစွာ လက်ကိုင်ထား လျှက် မည် သည့် အယူသီးတို့၏ အလိုကိုမှ လိုက်လျှောမှု မပေးခဲ့ချေ။ လွတ်လပ်စွာ တွေးခေါ်ယူဆ ပြောဆိုလုပ်ကိုင် စား သောက်နိုင်သည် ဟူသော အချက်ကို အမိအရ လက်ကိုင်ထားရှိပေသည်။



ထိုသို့ “လွတ်လပ်စွာ” ဟူသော စကားလုံးကို ရှေးရိုးစွဲ ဘာသာရေး အယူသီးများက မနှစ်သော်လည်း- သူတို့ကိုတိုင် သူတို့၏ အယူကို လွတ်လပ်စွာ ပြောဆိုတင်ပြခွင့် ရခြင်းအပေါ်၌ ရောင့်ရဲနေနိုင်ခဲ့ပေသည်။ ထို့အပြင် အခြားမည်သူ မဆို မိမိ၏ အတွေးအခေါ် အယူအဆများကို တင်ပြပြောဆိုခွင့် ရရှိထားသည့် အတွက် စိတ်ထွက်ပေါက် ရရှိခြင်း-များ ရှိနေ၍ အုပ်ချုပ်သူများအား အကြီးအကျယ် ပြဿနာပေးသော ပြည်တွင်း နိုင်ငံရေး ပရောဂများ လျှော့ပါး လာ ခဲ့လေတော့သည်။

သို့ဖြင့် သူတို့၏ နိုင်ငံရေး အခြေအနေမှာ တည်ငြိမ်သည်ထက် တည်ငြိမ်၍ပေတော့သည်။ နိုင်ငံရေး တည်ငြိမ်မှု၏ အောက်တွင် စီးပွားရေး ပညာရေးများလည်း ဖွံ့ဖြိုး တိုးတက်လာခြင်းများ ရှိသည် ဆိုခြင်းကို မည်သို့မျှ ဖုံးကွယ် ထား ၍ မရနိုင်ချေ။

သို့သော် ထိုခေတ်သစ် အင်ပါယာကြီးများသည် မိမိတို့၏ ပြည်တွင်း၌ နိုင်ငံရေး တည်ငြိမ်မှုကို ပို၍ပို၍ တည်ဆောက် ခဲ့သော်လည်း ကမ္ဘာကြီး၏ အခြားဒေသများတွင် နိုင်ငံရေး တည်ငြိမ်မှု မရှိစေရန် အမြဲကြံဆ ဖန်တီးထားသည်ကား အမှန်ပင်။

ထိုအချိန်တွင် အစ္စလာမ် ကမ္ဘာတစ်ခုလုံးသည် ခေတ်မှီ တိုးတက်ပြောင်းလဲ လာသော မူဝါဒများ အားဖြင့် ပြင်းထန်စွာ တုန်လှုပ်ခဲ့ကြရသည်။ အစ္စလာမ့် အုပ်ချုပ်ရေးနယ်ပယ်များ အတွင်းရှိ မွတ်စလင်မ်များသည် နယ်ချဲ့များကို မနှစ် သက်ခဲ့ကြပေ။ အစ္စလာမ့် အုပ်ချုပ်ရေးသည် အထူးသဖြင့် ဥရောပ အုပ်ချုပ်ရေးနှင့် ဆက်နွယ်လျှက် ရှိသော အုပ် စုနိုင်ငံများအပေါ် မှီခိုမှုကို လျှော့ချခဲ့ကြသည်။ ဥရောပ၏ခေတ်မှီတိုးတက်မှု ကြွေးကြော်သံ၏ နောက်ကွယ်တွင် ရှိ သော အကျိုးဆက်များသည် မွတ်စလင်မ် အသိုက်အမြုံကြီးနှင့် သဟဇာတ မဖြစ်သော အကြောင်းများစွာ ရှိနေ သည်။ ယင်းမှာ မွတ်စလင်မ်များ၏ အမြင်တွင် ဥရောပသည် ပင်ကိုယ်အားဖြင့် လူမျိုးကြီးဝါဒကို ကျင့်သုံးပြီး အခြား အရှေ့တိုင်းသားတို့ကို နည်းမျိုးစုံဖြင့် ခွဲခြားသူများ အဖြစ် သိထားကြသည်။ ၎င်းတို့၏ ပရိယာယ်များသည် အခွင့် အရေးရသည်နှင့် လိုက်စားတတ်သော အာနိသင်များရှိသည်ဟု မွတ်စလင်မ်များက သဘောပေါက်ထားကြသည်။

အစ္စလာမ့် ကမ္ဘာသည် အလွန်ကျယ်ဝန်း၍ အချက်အခြာကျသော နေရာများတွင် တည်ရှိခဲ့သည်။ ပထမဦးဆုံး နယ်ချဲ့ လက်အောက် ခံဖြစ်ရန် တာဆူခဲ့သော မွတ်စလင်မ်နယ်မြေများမှာ အရှေ့အလယ်ပိုင်း၊ အိန္ဒိယ၊ အာရေးဗီးယျ၊ မ လေးကျွန်းဆွယ်နှင့် အာဖရိကရှိ အချက်အခြာကျသော အပိုင်းများ ဖြစ်ခဲ့သည်။ ထိုနယ်မြေများရှိ မွတ်စလင်မ် များ သည် ခေတ်မှီတိုးတက်သော ပြောင်းလဲမှုဒဏ်ကို အပြင်းအထန် ခံစားခဲ့ကြရသည်။ ၎င်းတို့၏ တုန့်ပြန်မှုသည် လည်း အနောက်တိုင်းသားတို့ အဖို့ သာမာန် တုန့်ပြန်မှု မဟုတ်ခဲ့ပေ။ ပုံစံချ၍ အကွက်ကျကျ တုန့်ပြန်ခဲ့ခြင်း ဖြစ်၍ ၎င်းတို့ ထံသို့ ခေတ်မှီတိုးတက်ပြောင်းလဲ မှုများသည် ချောမွေ့စွာ ရောက်နိုင်ခဲ့ခြင်း မရှိပေ။

သို့သော် အစ္စလာမ့် ကမ္ဘာသို့ ဥရောပ၏ဝင်ရောက်ခြင်းသည် ပုံစံတစ်မျိုးတည်း မဟုတ်ခဲ့ဘဲ၊ အခက်အခဲများကို ကျော်ဖြတ်လျှက် ဝင်ရောက်နိုင်ခဲ့သည်။ ထိုသို့ ထိုးဖေါက်နိုင်ခြင်းကို အိန္ဒိယနိုင်ငံ မွန်ဂိုအင်ပါယာမှ စတင် နိုင်ခဲ့သည် ဟု ဆိုရမည် ဖြစ်သည်။

၁၈ ရာစု အလယ်မှ စ၍ ဗြိတိသျှကုန်သည်များသည် ဘင်္ဂလား ပင်လယ်တွင် စတင်အခြေချခဲ့ကြသည်။ ထိုအချိန်သည် ဥရောပ တိုးတက်ပြောင်းလဲခြင်း၏ အစပိုင်း ဖြစ်သည်။ ဗြိတိသျှများသည် ဘင်္ဂလားပြည်နယ်တွင် မွတ်စလင်မ်ကုန် သည်များ၊ ဟိန္ဒူကုန်သည်များနှင့်အတူ ရောင်းဝယ်ဖောက်ကား ခဲ့ကြသည်။ သို့ရာတွင် အများသိထားသည့်အတိုင်း ဗြိတိသျှတို့သည်ကား ဘင်္ဂလားပြည်နယ်အား စားကျက်လုယူခြင်းဟူသော မူဝါဒကို အဆင့်ဆင့် ပြုလုပ်ခဲ့ကြသည်။ ထို သို့သော စားကျက်လုမှု ဗျူဟာတွင် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ဘင်္ဂါလီများအား သူတို့၏ ကုန်ကြမ်းထုတ် လုပ်သားများ အဖြစ် အသွင်ပြောင်းလဲ လာစေရန် ဖန်တီးနိုင်ခဲ့သည်။

သို့ဖြင့် ဘင်္ဂလားပြည်နယ်၏ ကိုယ်ပိုင် စီးပွားရေးသည် ကမ္ဘာ့ပထမတန်း အဆင့်မှ ဒုတိယတန်း အဆင့်သို့ နိမ့် ကျလာ ခဲ့ရသည်။ သို့သော် ဘင်္ဂလီများ၏ သမရိုးကျ စိုက်ပျိုးရေး အခြေပြု စီးပွားရေး စနစ်မှ ဗြိတိသျှများ၏ စက်မှု အခြေ ခံ စီးပွားရေး စနစ်သို့ အရောင်ပြထားသောကြောင့် ပိုမို ခေတ်မှီတိုးတက် သယောင်ရှိသည်ဟု ဘင်္ဂလီတို့အား ထင် မှတ်စေရန် ပြုလုပ်နိုင်ခြင်းဖြင့် ဗြိတိသျှတို့၏ ဩဇာအာဏာ လွှမ်းမိုးမှုကို ထူထောင်နိုင်ခဲ့သည်။



ဗြိတိသျှတို့က အိန္ဒိယလူမျိုး တိုင်းရင်းသားများကို ယဉ်ကျေးလာစေရန် ဆိုသော အကြောင်းပြချက်ဖြင့် ခရစ်ယာန် သာသနာပြု မက်ရှင်းများကို ၁၇၉၃ ခုနှစ်မှ စတင်၍ ကျောထောက်နောက်ခံပြုပေးလျှက် အိန္ဒိယလူမျိုးများအား ခရစ်ယာန် သာသနာ စပြုလေတော့သည်။ ဥရောပ၏ ရည်ရွယ်ချက်မှာ ခရစ်ယာန်သာသနာ လွှမ်းမိုးခြင်းဖြင့် ဥရောပ သားတို့အား ဒေသခံများမှ အထင်ကြီးစေရန် ဖြစ်၍ နိုင်ငံရေးအရ သူတို့ ရည်မှန်းသော ဥရောပသားတို့က လွှမ်းမိုး နိုင်ရန် ဖြစ်ပေသည်။

ထိုအချိန်တွင် ဥရောပသားများ ရင်ဆိုင်နေရသူများမှာ မွတ်စလင်မ် အင်ပါယာများ ဖြစ်၍ အခြား တိုင်းရင်းသားများ က မွတ်စလင်မ်အား အထင်အမြင်မှား မုန်းတီးစိတ်များ ဖြစ်တည်စေရန် ဝါဒဖြန့်မှုများကို ဗျူဟာချ လုပ်ဆောင်ခဲ့ ကြ၍ အခြားတစ်ဘက်တွင် ခေတ်ပညာကျောင်းများနှင့် ကင်းကွာသော မွတ်စလင်မ်များ၏အကြား၌လည်း ကျမ်း မြတ်ကုရ်အာန်နှင့် ကင်းကွာသည်ထက် ကင်းကွာစေ၍ ပုံတိုပတ်စများ၏ နောက်သို့ တစ်စိုက်မတ်မတ် ကျိုးနွံလိုက် နာနေရန် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပေသည်။

အေဒီ ၁၇၉၈ နှင့် ၁၈၁၈ စပ်ကြားတွင် စာချုပ် အရသော်လည်းကောင်း စစ်အားဖြင့်သော် လည်းကောင်း ဗြိတိသျှတို့သည် အင်ဒွတ်စ်တောင်ကြားမှ အပ အိန္ဒိယတစ်နိုင်ငံလုံးကို အုပ်ချုပ်နိုင်ခဲ့၍ ထို အင်ဒွတ်စ်တောင် ကြား အရပ်ကို ၁၈၄၃ နှင့် ၁၈၄၉တွင် အုပ်ချုပ်နိုင်ခဲ့သည်။

တစ်ချိန်တည်းတွင်ပင် ပြင်သစ်တို့ကလည်း ကိုယ်ပိုင်အင်ပါယာတစ်ခု အဖြစ် အိန္ဒိယနိုင်ငံ တွင် ထူထောင်ရန် ကြိုးပမ်း ခဲ့သည်။

အေဒီ ၁၇၈၉တွင် နပိုလီယံဘိုနာဘတ်သည် အီဂျစ်နိုင်ငံကို သိမ်းပိုက်ခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ စူးအက် တူး မြောင်းကို အခြေခံ၍ ဗြိတိသျှတို့၏ ပင်လယ်ခရီးလမ်းကို ပိတ်ဆို့ပြီး အိန္ဒိယနိုင်ငံအား သိမ်းပိုက်ရန် ဖြစ်သည်။ နပိုလီ ယံသည် သူနှင့်အတူ ပညာရှင် အုပ်စုကိုပါ အီဂျစ်နိုင်ငံသို့ ခေါ်ဆောင်လာခဲ့သည်။ အီဂျစ်နိုင်ငံတွင် ဥရောပ ခေတ်သစ် စာပေဆိုင်ရာ စာကြည့်တိုက်ကြီးကို ဖွင့်လှစ်ခဲ့သည်။ သိပ္ပံဆိုင်ရာ သုတေတနပြု ဓါတ်ခွဲခန်း တစ်ခုကိုလည်း တည် ဆောက်ခဲ့သည်။

အာရဗီစာပေနှင့် ရိုက်နှိပ်သော ပုံနှိပ်စက်ကြီးကိုလည်း ယူဆောင်လာခဲ့သည်။ အစပိုင်းတွင် ခေတ်မှီသော ဥရောပ နည်းပညာများဖြင့် ခန့်ညားထည်ဝါစွာ ဆွဲဆောင်၍ ခေတ်မှီ စစ်တပ်ကြီးကို အီဂျစ်နိုင်ငံတွင် တည်ထောင်ခဲ့သည်။ ထိုမှ တစ်ဆင့် အရှေ့အလယ်ပိုင်း တစ်ခုလုံးကို ဝါးမြိုရန် ဖြစ်သည်။ ထိုမှတဖန် ဗြိတိသျှတို့အား ရုရှား၏ အကူ အညီဖြင့် အိန္ဒိယ မြောက်ပိုင်းမှ ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်သည်။ နောင်လာမည့် ရာစုတွင် ရုရှားသည် အိန္ဒိယ မြောက်ပိုင်း နိုင်ငံများကို ထိန်းချုပ်ရန် တာစူခဲ့သည်။

ထိုအချိန်တွင် အီရန်နိုင်ငံသည် လုံးလုံးလျားလျား အချက်အခြာကျသော နိုင်ငံတစ်ခု ဖြစ်လာသည်။

အီရန်နိုင်ငံတွင် ရေနံ မထွက်သေးသောကြောင့်- အီရန်နိုင်ငံအား ၎င်းတို့ နှစ်ဦးစလုံးက ၎င်းတို့၏ လက်အောက်ခံ ပြုရန် သို့မဟုတ် အကာအကွယ်ပေးရန် စိတ်မဝင်စားခဲ့ချေ။ သို့ရာတွင် ထိုနှစ်ဦးစလုံး၏ ဩဇာအာဏာသည် အီရန် နိုင်ငံ ကာဂျာမင်း ဆက်သစ်ပေါ်သို့ လွှမ်းမိုးခဲ့ကြသည်။ သို့ဖြစ်၍ အီရန်ဘုရင် ရှားသည် ထိုနှစ်ဦး အနက် တစ်ဦးဦး၏ ထောက်ခံမှုမပါဘဲ မည်သည့် ခြေလှမ်းကိုမျှ မလှမ်းဝံ့ခဲ့ပေ။

ဘင်္ဂလားပြည်နယ် အပေါ်သို့ ဗြိတိသျှနှင့် ရုရှားတို့ နှစ်ဦးစလုံးက မိမိတို့၏ နည်းပညာအသစ်များဖြင့် ထိန်းချုပ်လျှက် ရှိခဲ့ကြသည်။

ထိုအချိန်တွင် ဘင်္ဂလားပြည်နယ်တွင် ရထားလမ်း ဖောက်လုပ်ခြင်းဖြင့် အီရန်ပြည်သူများ အတွက်လည်း အကျိုး ရှိမည်ကို သိထားကြသည်။ ထိုကဲ့သို့ ဘင်္ဂလားပြည်နယ်နှင့် အီရန်နိုင်ငံတို့ စပ်ကြား လွယ်ကူစွာ သွားလာနိုင်ခြင်းဖြင့် ၎င်းတို့ နှစ်ဦး စလုံးအတွက် အန္တရာယ် ဖြစ်နိုင်သည်ဟု ယူဆခဲ့ခြင်းဖြင့် ရထားလမ်းဖောက်လုပ်ခွင့်ကို ပိတ်ဆို့ခဲ့ ကြသည်။

ဥရောပသည် အစ္စလာမ်နိုင်ငံများအား တစ်နိုင်ငံပြီး တစ်နိုင်ငံ သိမ်းပိုက်ခဲ့ကြသည်။ ၁၈၃၀တွင် ပြင်သစ်က အယ်လ် ဂျီးရီးယားနိုင်ငံကို သိမ်းပိုက်ခဲ့သည်။ ၁၈၈၁တွင် တူနီးရှားအား သိမ်းပိုက်ခဲ့သည်။ ၁၈၈၂တွင် အီဂျစ်အား သိမ်းပိုက်



ခဲ့သည်။ ၁၈၈၉တွင် ဆူဒန်နိုင်ငံနှင့် ၁၉၁၂တွင် လစ်ဗျား၊ မော်ရိုကို နိုင်ငံများအား သိမ်းပိုက်ခဲ့သည်။ ထွက်သက်ငင်နေ သော အော်တိုမန် အင်ပါယာသည် ၁၉၁၅တွင်(ဆိုက်ကက်စ်-ပီးကော့တ်) သဘောတူစာချုပ်အရ၊ ပထမကမ္ဘာစစ် အတွင်း ဂျာမနီနိုင်ငံနှင့် ပူးပေါင်းခဲ့သည်။ ဗြိတိသျှနှင့် ပြင်သစ်တို့က လက်ဦးမဆွကပင် အော်တိုမန်ပိုင် နယ်မြေ များ အား ခွဲဝေ သိမ်းပိုက်ခဲ့ပြီး ဖြစ်သည်။ ပထမကမ္ဘာ စစ်အပြီးတွင် ဆီရီးယား၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ အီရတ်နှင့် ဂျော်ဒန် တစ်လျှောက်ကို ဗြိတိသျှနှင့် ပြင်သစ်တို့၏ ကာကွယ်စောင့်ရှောက်ခံ နိုင်ငံများ ဖြစ်လာခဲ့တော့သည်။

အော်တိုမန် အင်ပါယာ အတွင်းမှ အာရဗ်နိုင်ငံများအား ဥရောပ လွတ်လပ်ရေးပေးမည်ဟု ကတိပြုခဲ့ပြီး ယခုကဲ့သို့ ဥရောပများ စစ်နိုင်သွားသော အခါ ၎င်းတို့အား အစောင့်ရှောက်နိုင်ငံများ အဖြစ်‌ ကြေညာခဲ့ခြင်းကို အာရဗ် များက မကျေနပ်ခဲ့ပေ။ အော်တိုမန်၏ အချက်အခြာ ဒေသ ဖြစ်သည့် ဥရောပ ပင်လယ်အော်အနီး ရပ်ဝန်းအား မွတ်စ်တဖာကမားလ်( ၁၈၈၁ မှ ၁၉၃၈)က လွတ်လပ်သော တူရကီနိုင်ငံ အဖြစ် အုပ်ချုပ်ခဲ့သည်။
ဘော်လကန်ဒေသရှိ ရုရှားနှင့် အာရှ အလယ်ပိုင်း ဒေသများသည် ဆိုဗီယက်၏ လက်အောက်ခံနိုင်ငံများ ဖြစ်ခဲ့သည် ပင်လျှင် လွတ်လပ်ရေး ရရှိခဲ့ကြသည်။ သို့ရာတွင် အနောက်တိုင်းသားတို့၏ လက်အောက်ခံဖြစ်သော အစ္စလာမ့် နိုင်ငံများသည် လွတ်လပ်ရေး မရရှိခဲ့ကြသည့် အပြင် တိုင်းပြည်ထွက် ရေနံ အပါအဝင် သယံဇာတများနှင့် စူးအက် တူးမြောင်း ကြီးကိုပါ ထိန်းချုပ်ထားခြင်း ခံခဲ့ရကြသည်။ ထိုဒေသများရှိ အာရဗ်များကိုလည်း အချင်းချင်း ထာဝရ ရန်သူများ အဖြစ် ဖန်တီးထားခြင်းကို ခံနေရပေသည်။
၁၉၄၇တွင် အိန္ဒိယနိုင်ငံမှ ဗြိတိသျှများ ထွက်သွားခဲ့သည်။ ထိုအချိန် မှစတင်၍ အိန္ဒိယတိုက်ငယ်တွင် ဟိန္ဒူများ အတွက် အိန္ဒိယနှင့် မွတ်စလင်မ်များ အတွက် ပါကစ္စတန်ဟူ၍ တံတိုင်း ခြားခဲ့၍ ယနေ့တိုင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ငြိုးကြီးသော မဟာပြိုင်ဘက် ဒေသ အဖြစ် ဖန်တီးထားနိုင်ခဲ့လေသည်။
၁၉၄၈တွင် ပါလက်စတိုင်းနယ်မြေရှိ မွတ်စလင်မ်များသည် မိမိတို့ နယ်မြေကို ဆုံးရှုံးခံခဲ့ကြရသည်။ အဘယ့်ကြောင့် ဆိုသော် စစ်နိုင် အနောက်နိုင်ငံသားများ ဦးဆောင်သော ကုလသမဂ္ဂနှင့် ဥရောပ သြဇာလွှမ်းမိုးသော အပြည်ပြည် ဆိုင်ရာ နိုင်ငံများ၏ ထောက်ခံမှုဖြင့် ဥရောပမှ စစ်ပြေး ဂျူးကပြား ရေဝတီဘာသာဝင် များအား ဗြိတိသျှ စောင့် ရှောက်နယ်ဖြစ်သော ပါလက်စတိုင်းမြေတွင် ခိုလှုံအခြေချရန် ခွင့်ပြုရာမှ နောက်ပိုင်းတွင် အစ္စရေးလ်နိုင်ငံဟူ၍ ပေါ်ထွန်းလာကာ ဒေသခံ ဂျူးလူမျိုး အစစ်မှ အစ္စသို့ ကူးပြောင်းခဲ့သော ပါလက်စတိုင်းတို့ အတွက် အိုးမဲ့ အိမ်မဲ့ နေရာမဲ့ ပြည်မဲ့ ဖြစ်ခဲ့ရလေတော့သည်။ တနည်းအားဖြင့် အစ္စလာမ့်ကမ္ဘာကြီးအား ဖြောင်ချိုးနှိမ်ခြင်း တစ်ရပ်ပင် ဖြစ်တော့သည်။
အစ ပထမပိုင်းတွင် မွတ်စလင်မ် အများစုသည် အနောက်တိုင်းကို ချစ်ခင်လေးစားခဲ့ကြသည်။ အီရန်လူမျိုး မွလ် ကွမ်းခန်း (အေဒီ၁၈၃၃-၁၉၀၈)နှင့် အာဂါခန်း ကရ်မာနီ (အေဒီ၁၈၅၃-၁၈၉၆) တို့က အီရန်နိုင်ငံသားများအား အနောက်တိုင်း ပညာရပ်များကို ဆည်းပူး၍ ၎င်းတို့၏ ရှရီယာ (ဥပဒေ) နေရာတွင် အနောက်တိုင်း ဥပဒေများကို အစားထိုးရန်ပင် တိုက်တွန်းခဲ့သည်များ ရှိခဲ့ပေသည်။ သို့မှသာ ခေတ်ရေစီးကြောင်းနှင့် ကိုက်ညီသော ဥပဒေများ ဖြစ်ပြီး အနောက်တိုင်းသားတို့နှင့် ရင်ဘောင်တန်း လိုက်လျောညီထွေ ရှိနိုင်မည်ဟု ယုံကြည်ခဲ့ကြပေသည်။ ၎င်းတို့၏ ပြုစုပျိုးထောင်မှုကြောင့် အီရန်နိုင်ငံတွင် အမြင်ကျယ်သော ရှီအာအိုလမာများ ပေါ်ပေါက်လာခဲ့၍ ထိုအိုလမာများ နှင့် အတူ လက်ရှိ အီရန်နိုင်ငံ၏ အခြေခံဥပဒေများကို ပြုပြင်ပြောင်းလဲရန် ၁၉၀၆ခုတွင် တော်လှန်ရေးတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ထိုတော်လှန်ရေး အောင်မြင်ခဲ့သည့် အတွက် ကာဂျာမင်းဆက်၏ အခြေခံဥပဒေကို ပြုပြင် ပြောင်းလဲနိုင်ခဲ့သည်။ ထိုအစားထိုး ဥပဒေအရ ကာဂျာ ဘုရင်တစ်ဦးတည်း အသုံးပြုပိုင်ခွင့်ရှိသော အာဏာများ အနက် များစွာသော လုပ်ပိုင်ခွင့်များကို ပါလီမန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ရရှိခဲ့ကြသည်။ ထိုအချိန်က ပြည်သူများ၏ ထောက်ခံမှုဖြင့် အိုလမာများသည် သက်ဦးဆံပိုင် ဘုရင်စနစ်မှ ပါလီမန် ဒီမိုကရေစီစနစ် သို့ သွားရာလမ်းပေါ်သို့ တင်ပေးနိုင်ခဲ့သည်။ ၁၉၀၉ခုတွင် ရှေးခ်မုဟမ္မဒ်နိုင်ယာနီက တစ်ပြည်လုံးသို့ မိန့်ခွန်း ပြော ကြားရာ၌ အီရန်နိုင်ငံကို ကာဂျာမင်း ဆက်တစ်ဦးတည်းပိုင်သော အချုပ်အခြာအာဏာများကို ခေတ်ရေစီး ကြောင်း



နှင့် ကိုက်ညီသော ဥပဒေများအားဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွဲဝေသုံးစွဲခြင်းဖြင့် စည်းမျဉ်းခံ ဘုရင် အဖြစ် ပြောင်းလဲနိုင်ခဲ့သည်ဟု ထည့်သွင်းပြောဆိုခဲ့ပေသည်။
အီဂျစ်နိုင်ငံသား စာရေးဆရာ ရီဖာအလ်တဟ်သဝီ (၁၈၀၁-၁၈၇၃)က အနောက်တိုင်းသားတို့၏ ပညာရပ်များကို မွတ်စလင်မ်များက လေ့လာဆည်းပူးခြင်းဖြင့် အနောက်တိုင်းသားတို့၏ ကျွန်ပြုခံရခြင်း အချုပ်အနှောင်မှ လွတ် မြောက်ရာ နည်းလမ်းများကို ပြည်သူအများသို့ အလင်းပေးနိုင်ခဲ့သည်။ သူသည် နိုင်ငံခြား အတွေးအခေါ်ပညာရပ် များကို ကျွမ်းကျင်သော မွတ်စလင်မ် ပညာရှင်တစ်ဦး ဖြစ်သည်။ သူသည် ပြင်သစ်နိုင်ငံတွင် ပညာဆည်းပူးခဲ့ပြီး ပြင်သစ် နိုင်ငံ၌ သာမာန်ပြည်သူများသည်ပင် စာတတ်မြောက်ကြလျှက် ကျိုးကြောင်း ဆင်ခြင်တတ်သော ပြင်သစ်လူမျိုးများကို အားကျခဲ့သူ ဖြစ်သည်။ ပြင်သစ်နိုင်ငံရှိပြည်သူများကို စံနမူနာပြု၍အီဂျစ် ပြည်သူပြည်သား တိုင်း စာတတ်မြောက်ရေး ကို ကြိုးစား၍ ခေတ်မှီတိုးတက်သော ခေတ်ရေစီးကြောင်းနှင့်အညီ အီဂျစ်ပြည်ကို ထူ ထောင်ရန် ကြိုးစားခဲ့သူ ဖြစ်သည်။
အလားတူ အိန္ဒိယနိုင်ငံတွင် ဆိုက်ယဒ်အဟ်မဒ်ခန်း (အေဒီ၁၈၁၇-၁၈၉၈)သည်လည်း ခေတ်သစ် အနောက်တိုင်း ပညာများ အားဖြင့် မွတ်စလင်မ်များကို ခေတ်မှီစေချင်သူ တစ်ဦး ဖြစ်သည်။ အဟ်မဒ်ခန်း၏အမြင်တွင် ကုရ်အာန် သည် သဘာဝတရားများ၏လျို့ဝှက်ချက်များကို လုံးဝဥဿုံ ဖော်ပြသော စကြာဝဠာကြီး၏ ဖြစ်စဉ်နှင့် သဘာဝ တရားများကို ချုပ်ကိုင် လွှမ်းမိုးနိုင်သည့် နည်းလမ်းများပါဝင်သည်ဟု ဖြစ်၍ ထိုအတိုင်းလည်း ကြေညာခဲ့သူ ဖြစ် သည်။ ခေတ်သစ် သိပ္ပံပညာရပ်များကို သိနားလည်လာသည်နှင့်အညီ ကုရ်အာန်ပါ သဘာဝလျို့ဝှက်ချက်များကို ပိုမိုဖော်ထုတ်နိုင်မည် ဟု ယုံကြည်ခဲ့သည်။ သူသည် အလီဂရ်တက္ကသိုလ်ကြီး အမည်ဖြင့် အိန္ဒိယနိုင်ငံတွင် ပထမဦးဆုံး ခေတ်သစ်ပညာရပ်များဖြင့် အိုလမာများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ သူ၏ ဦးတည်ချက်များမှာ မွတ်စလင်မ်များ သည် ကုရ်အာန်၏ ဥပဒေ ဘောင်အတွင်း နေထိုင်ခြင်းဖြင့် ခေတ်သစ်ရေစီးကြောင်းနှင့် အတူ လိုက်လျောညီထွေ ရှိသူများ ဖြစ်ရေးကို ကြိုးပမ်းခဲ့သည်။

မွတ်စလင်မ်များသည် ဗြိတိသျှတို့၏ ပုံတူကားချပ်အတိုင်း အတုယူခြင်းဖြင့် မိမိတို့၏ရှိပြီးသား အသွင်အပြင်များ ပျောက်ကွယ် ဆုံးရှုံးခြင်းမှ ကာကွယ်၍ ခေတ်မှီတိုးတက်သော ပညာရပ်များ နှင့် အတူဗြိတိသျှတို့ကို ရင်ဘောင်တန်းနိုင်ရေး ဖြစ်သည်။ မွတ်စလင်မ်များသည် ဗြိတိသျှကိုလိုနီ လက်အောက်သို့ မရောက်မှီက ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုများဖြင့် ခေတ်မှီစွာ နေထိုင်ခဲ့သူများ ဖြစ်သည်ကို ပြန်လည် သတိပေး နှိုးဆော်ခဲ့သူလည်း ဖြစ်သည်။

အော်တိုမန် စူလ်တန်မာမွတ်ဒ်(II)သည် အေဒီ ၁၈၂၆တွင် (Thညေ-ဇတအေ)ခေါ်အခြေခံ ဥပဒေ အသစ်ဖြင့် ယခင် (Jညေဂျမေနျ) စစ်တပ်အား ဖျက်သိမ်းလျှက် ခေတ်မှီ တိုးတက်သော နည်းပညာသစ်များဖြင့် ပြန်လည်ဖွဲ့စည်း ခဲ့သည်။ အလားတူ စူလ်တန် အဗ်ဒွလ်ဟာမစ်(ဒ်)သည် အေဒီ ၁၈၃၉တွင် (Gကူ့ညေန)ခေါ်ဥပဒေ အမိန့် ချမှတ်၍ အများပြည်သူတို့၏ သဘောတူညီချက်နှင့် အညီ ခေတ်နှင့် လျော်ညီသော အခြေခံ ဥပဒေကို ပြန်လည်ရေးဆွဲခဲ့သည်။ ထိုကဲ့သို့ပင် ခေတ်သစ်ပုံစံဖြင့် အံ့ဝင်ခွင်ကျဖြစ်ရန် ကြိုးစားခဲ့သော အီဂျစ်နိုင်ငံ၏ အုပ်ချုပ်ရေးမှူးမှာ ပါရှား မုဟမ္မဒ် အလီ (အေဒီ၁၇၆၉-၁၈၄၉) ဖြစ်သည်။ သူသည် အီဂျစ်နိုင်ငံကို အစ္စတန်ဘူလ် လက်အောက်မှ လွတ်လပ်သော နိုင်ငံအဖြစ် ခွဲထွက်ခဲ့သူ ဖြစ်သည်။ ခေတ်မှီတိုးတက်မှု အမြင်မရှိသေးသော အီဂျစ်ပြည်သူများကို ခေတ်မှီသော ကမ္ဘာ ကြီးဆီသို့ ဒရွတ်တိုက် ဆွဲခေါ် ခဲ့သူလည်း ဖြစ်သည်။ သို့ရာတွင် သူ၏မူဝါဒမှာ ပညာမဲ့ဆန်နေသောကြောင့် ခေတ်မှီ တိုးတက်သော ကမ္ဘာဆီသို့ မရောက်ဘဲ ဘေးအန္တရာယ် အသွယ်သွယ်နှင့် ရင်ဆိုင် ဆုံတွေ့ခဲ့ရသည်။ အလီသည် အတိုက်အခံ နိုင်ငံရေး သမားများကို အစုလိုက်အပြုံလိုက် သတ်ခဲ့သည်။ ခေတ်မှီ ဆည်မြောင်းကြီးကို တည်ဆောက် ရာ၌ အခြေခံပညာ အားနည်းသော လယ်သမားများကို အတင်းအဓမ္မ အမှု ထမ်းစေခဲ့သည်။ သို့ဖြင့် ထိုလယ် သမားများ အနက် နှစ်သောင်း သုံးထောင်ကျော် သေဆုံးခဲ့သည်။ ထိုအဖြစ်ကို ရင်မဆိုင်လိုသော လယ် သမားများက
မိမိတို့၏လက်များကို ဖြတ်တောက်ခြင်း၊ မိမိတို့၏ မျက်လုံးများကို ထိုးဖောက်ခြင်းများပြု၍ ဘုရင်၏အဓမ္မအမှုထမ်း
စေခြင်းမှ ရှောင်ကြဉ်ခဲ့သည်။ သူ၏ခေတ်သစ်ဆီ သို့ဟူသော မူဝါဒကို အတားအဆီးပြုမည့် အိုလမာများ၏ဩဇာ အာဏာ အဝဝကို ပုံစံချ၍ ဘောင်ခတ်အနား သတ်နိုင်ခဲ့သည်။ အိုလမာများမှာ အလီ၏ တင်းကြပ်စွာ ခေတ်မှီ ကမ္ဘာ



ဆီသို့ဟူသော မူဝါဒကြောင့် ယခင်ရှိရင်းစွဲ ခေတ်မှီတိုးတက်သော အတွေးအခေါ်များသည်ပင် ပျောက်ကွယ် ဆိတ် သုန်း၍ ခေတ်မှီတိုးတက်မှု ဟူသော ဝေါဟာရကိုပင် မကြားချင်လောက်အောင် ရွံ့မုန်းသွားခဲ့သည်။

မုဟမ္မဒ်အလီ၏မြေး အစ္စမာအီလ်ပါရှား (အေဒီ၁၈၀၃-၁၈၃၅) လက်ထက်တွင် အောင်မြင်မှု အပြည့်ရရှိ ခဲ့သည်။ အစ္စမာအီလ်သည် မိုင်၉၀၀ ရှည်လျားသော စူးအက်တူးမြောင်းကို ဖောက်လုပ်နိုင်ခဲ့သည်။ ထိုတူးမြောင်းကြောင့် စိုက် ပျိုး၍ မရသော မြေဧက တစ်သန်း သုံးသိန်း ခုနစ်သောင်း သုံးထောင်ကို ရေသွင်း စိုက်ပျိုးမြေသစ်များ အဖြစ် ဖန် တီး ပေးနိုင်ခဲ့သည်။ ကိုင်ရိုမြို့တွင် ယောကျ်ား;လေးများနှင့် မိန်းကလေးများ အတူယှဉ်တွဲ၍ ပညာဆည်းပူးနိုင်သော ကျောင်းကို ပထမဦးဆုံး စံပြတည်ဆောက်ခဲ့သည်။ သို့သော် ထိုသို့ ပြုပြင်ပြောင်းလဲရေး အတွက် အလွန်တရာ ကြီးမားသော ကုန်ကျစရိတ်များ ပေးဆပ်ခဲ့ရသောကြောင့် အီဂျစ်နိုင်ငံအား ဆင်းရဲသော နိုင်ငံစာရင်းတွင် ထည့်သွင်း ကြေညာခံရသည့် ကိန်းသို့ ဆိုက်ရောက်ခဲ့သည်။

အစ္စမာအီလ်၏ ခေတ်မှီလိုသော ဆန္ဒအောက်၌ ဥရောပသားတို့၏ ရင်းနှီး မြှုပ်နှံ ငွေများကို စောင့်ရှောက်ရန် ဟူ သော အကြောင်းပြချက်ဖြင့် အီဂျစ်နိုင်ငံတွင် ၁၈၈၂ ခုနှစ်တွင် ဗြိတိသျှ စစ်တပ် စစ်စခန်းတည်ဆောက်ခြင်းကို လက်ခံခဲ့သည်။ သို့ဖြင့် မုဟမ္မဒ်အလီနှင့် အစ္စမာအီလ်တို့၏ ခေတ်မှီတိုး တက်စေလို ပြင်းပြသည့်ဆန္ဒများ၏ နောက် ဆက်တွဲ အဖြစ် အီဂျစ်နိုင်ငံသည် ဗြိတိသျှ နယ်ချဲ့ လက်အောက်သို့ ရောက်သွားရလေတော့သည်။

မွတ်စလင်မ်များကို ခေတ်မှီစေချင်သူများ

ပြန်လည်ပြုပြင်ရေးသမားများ အနက် အီရန်လူမျိုး ဂျမာလွတ်ဒီးန် (အေဒီ၁၈၃၉-၁၈၉၇) သည် ]အဖ်ဂါနီ} လူမျိုး အမည်ဖြင့် မွတ်စလင်မ်များကို ဆွဲဆောင်နိုင်ခဲ့သူ တစ်ဦး ဖြစ်သည်။ အဖ်ဂါနီမှာ အီရန်လူမျိုး ရှီယာ မွတ်စလင်မ် တစ်ဦး ဖြစ်ပါလျှက် စွန္နီ မွတ်စလင်မ်ဘက်သို့ ယိမ်းသူ တစ်ဦး ဖြစ်သည်။ အေဒီ ၁၈၅၇တွင် အိန္ဒိယနိုင်ငံ၌ မွတ်စလင်မ် များနှင့် ဟိန္ဒူများ ပူးပေါင်း၍ ဗြိတိသျှ အုပ်ချုပ်ရေးကို ဆန့်ကျင်ချိန်တွင် အဖ်ဂါနီသည် အိန္ဒိယတွင် ရောက်ရှိနေခဲ့ သည်။ သူသည် အာရေးဗီးယျ၊ အီဂျစ်၊ တူရကီနှင့် ရုရှားနိုင်ငံများသို့ ရောက်ရှိခဲ့သည်။ ဥရောပ၏ ဩဇာအာဏာသည် အနေးနှင့် အမြန် အစ္စလာမ့် ကမ္ဘာအား ချေမှုန်း လွှမ်းမိုးလာမည်ဟု ကြိုတင် သတိပြုမိခဲ့သူလည်း ဖြစ်သည်။

မွတ်စလင်မ်များသည် ဥရောပ၏ ဘဝတည်ဆောက်မှုပုံစံကို အတုယူခြင်းထက် ဥရောပသားများ တတ်မြောက်ထား သော ပညာရပ်များကို ဆည်းပူး၍ မိမိတို့၏ရှိရင်းစွဲ အစ္စလာမ့် မူဝါဒများဖြင့် မွတ်စလင်မ်များကို ဘဝ တည်ဆောက် စေလိုသူ တစ်ဦး ဖြစ်သည်။ သူ၏အမြင်တွင် အစ္စလာမ်ဟူသော သာသနာသည် တိုးတက်သော ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေ ပြုပြင် နိုင်စွမ်း ပေးထားသော သာသနာ ဖြစ်သည်။ မွတ်စလင်မ်ဟူသည် ခေတ်စနစ်နှင့်အညီ မိမိတို့၏ ရှိရင်းစွဲ အသွင်အပြင်နှင့် လိုက်လျောညီထွေ သဟဇာတ ဖြစ်စွာ နေထိုင်တတ်သူများ ဖြစ်သည်ဟု သူက ဖွင့်ဆိုခဲ့သည်။

အစ္စလာမ် သာသနာကို ယူဆောင်လာသူ တမန်တော် မုဟမ္မဒ်၏ဘဝကို ပြန်လည်ကြည့်ခြင်းဖြင့် အစ္စလာမ် သာသနာ သည် ကာလံ၊ဒေသံ၊အဂ္ဂံ ဟူသော အချိန်အခါ နေရာဒေသ မရွေး လူတိုင်းနှင့် လိုက်လျော ညီထွေ ရှိခဲ့သည်။ ထိုခေတ် ထိုအခါက ပေါ်ပေါက်ခဲ့သော အစီးအနင်း ယာဉ်များနှင fhအသုံးအဆောင်များကို အများနည်းတူ အသုံးပြုခဲ့သည်။ ရန်သူများ၏ ကျူးကျော်စစ်များကို ပြန်လည် ခုခံရာ၌လည်း ရန်သူများထက် ပိုမိုခေတ်မှီသော နည်းဗျူဟာ အသစ် များကို အသုံးပြုခဲ့သည်။ ဥပမာ ခံတပ်စစ်ပွဲ (ခေါ်) ကျုံးစစ်ပွဲ၏ သမိုင်းကို ပြန်လည်ကြည့်ခြင်းဖြင့် သိနိုင်ပေသည်။ ထိုစစ်ပွဲသည် အစ္စလာမ့် အရှိန်အဝါကို မြှင့်တင်ပေးခဲ့သော တမန်တော် မုဟမ္မဒ်၏ ခေတ်အမှီဆုံးသော နည်းဗျူဟာ တစ်ခု ဖြစ်သည်။

ထိုနည်း ဗျူဟာသည် အာရဗ်ကမ္ဘာတွင် ကြားဖူးနားဝပင် မရှိခဲ့သေးသော ပါရှန်း စစ်ဗျူဟာပင် ဖြစ်သည်။ ကိုယ် တော့် ထံတွင် သာဝကကြီး ဖြစ်လာသော  စလ်မာန်ဖာရ်စီအား ကိုယ်တော်မုဟမ္မဒ်က ခွင့်ပြုခဲ့သဖြင့် ဖာရ်စီ၏ အစီ အစဉ်ဖြင့် ထို နည်းဗျူဟာကို အာရဗ်ကမ္ဘာတွင် ပထမဦးဆုံး စတင် အသုံးပြုခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ခေတ်မှီ



တိုးတက်ခြင်းများကို တမန်တော် မုဟမ္မဒ်က ကန့်ကွက်ခြင်းမရှိ အားပေးခြင်းသာ ရှိ၏ဟု တွေ့ရှိနိုင်ပေသည်။ ထို အချင်းအရာသည်- ကုရ်အာန်တွင် လမ်းညွှန်ထားသော (အသင် တို့မသိရှိကြသော ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး သိရှိနားလည်သော သူများထံ မေးမြန်းကြ-၁၆း၄၃-၂၁း၇) ဟူသော ဥပဒေနှင့်လည်း ကိုက်ညီနေပေသည်။

အီဂျစ်နိုင်ငံမှ ပညာရှင် မုဟမ္မဒ်အဗ်ဒွလ် (အေဒီ၁၈၄၉-၁၉၀၅)သည် မွတ်စလင်မ်များ အတွက် လေးလေးနက်နက စဉ်းစားပေးသူ တစ်ဦး ဖြစ်သည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အတွက် တော်လှန်ရေးဟူသည် နယ်ချဲ့ များ၏ပညာရေးကို တတ်သိနားလည်မှု မရှိဘဲ မဖြစ်နိုင်ဟု ယုံကြည်ခဲ့သူ ဖြစ်သည်။ အီဂျစ်နိုင်ငံကို ဗြိတိသျှတို့ သိမ်း ပိုက်ခြင်းကြောင့် အကြီးအကျယ် စိတ်ပျက်ခဲ့သူလည်း ဖြစ်သည်။ သို့ရာတွင် သူသည် အနောက်တိုင်း ပညာရပ်များကို နှစ်သက်သူ ဖြစ်သည်။ အနောက်တိုင်း အတွေးအခေါ်နှင့် သိပ္ပံဆိုင်ရာ ပညာရပ်များကို အီဂျစ်နိုင်ငံ၏ ဘာသာရေး ကျောင်းများတွင် ပူးတွဲသင်ကြားပေးရန်မှာ အထူးလိုအပ်ချက် တစ်ရပ် ဖြစ်သည်ဟု သူက ဆိုခဲ့သည်။

ထိုသို့ ခေတ်သစ်ပညာရပ်များကို ဘာသာရေးကျောင်းများ၌ ပူးတွဲသင်ကြားပေးရန်မှာ လွယ်ကူသော ကိစ္စရပ် မဟုတ် ကြောင်း သူသိခဲ့သည်။ သို့သော် သူက မွတ်စလင်မ်များ အနေဖြင့် မိမိတို့၏ ဘာသာရေးဆိုင်ရာ ယုံကြည်မှုနှင့် အတူ ဖွံ့ဖြိုး တိုးတက်သော စနစ်ဖြင့် လျှောက်လှမ်း အသွင်ပြောင်းရမည် ဟူသော အသိ လူတိုင်းတွင် ရှိရန် အရေးကြီး ကြောင်း ရှုမြင်ခဲ့သည်။

တိုင်းပြည်တစ်ပြည်၌ ပြဋ္ဌာန်းထားသော ဥပဒေများကို ပြည်သူများက မသိနားမလည်ခြင်းလျှင် ထိုနိုင်ငံကို ဥပဒေမဲ့ နိုင်ငံဟု ဆိုရပေမည်။ မွတ်စလင်မ်များ အတွက် လမ်းညွှန်ချက် ဖြစ်သော ကုရ်အာန်တွင် ကဏ္ဍပေါင်း ၁၁၄ ကဏ္ဍ အနက် (တိုင်ပင်နှီးနှောခြင်း) ကဏ္ဍဟု ကဏ္ဍတစ်ခု ဖော်ပြထားပေသည်။ ထိုကဏ္ဍ၏ ညွှန်ကြားချက်များမှာ ပေါ် ပေါက်လာသော ပြဿနာရပ်များကို ခေတ်စနစ်များနှင့်အညီ အချင်းချင်း တိုင်ပင်ဆွေးနွေး၍ အဖြေထုတ်ရခြင်း ဖြစ်သည်။ ထိုအချက်ကို နားလည်ခြင်းဖြင့် ဒီမိုကရေစီဝါဒ ဟူသည် ကုရ်အာန်က ညွှန်ပြထားသော (လူသားတိုင်း တစ်ပြေးညီ အခွင့်အရေးများရှိသည်) ဟူသော ဝါဒနှင့်ညီသည် ဟူသည့် အသိကို၊ မွတ်စလင်မ်တိုင်း နားလည်ရမည်ဟု ခံယူခဲ့သူ ဖြစ်သည်။ ဘာသာရေး ကျောင်းများတွင် ခေတ်သစ်ဆိုင်ရာ သိပ္ပံပညာရပ်များပူးတွဲ သင်ကြားခြင်းဖြင့် ခေတ်သစ်ကမ္ဘာကြီး အတွင်းသို့ အဓိပ္ပါယ်ပြည့်ဝစွာဖြင့် မွတ်စလင်မ်အများ ပူးပေါင်းပါဝင် ဦးဆောင်နိုင်မည် ဖြစ် သည်။

အလားတူပင်- အဗ်ဒွလ်နှင့်ခေတ်ပြိုင်ဖြစ်သော သတင်းစာဆရာ ရာရှစ်(ဒ်)ရီဒါ (၁၈၆၅-၁၉၃၅) ကလည်း အိုလမာ များသည် မိမိတို့၏ ဘာသာရေး ခံယူချက်များနှင့် အညီ ခေတ်မှီကမ္ဘာကြီးအတွင်း လိုက်လျောညီထွေ ဖြစ်လာနိုင်ရေး မှာ အရေးကြီးသည်ဟု သဘောပေါက်ခဲ့ပေသည်။ သို့သော် ပညာရေး စနစ် အသွင်ပြောင်းလဲရေးမှာ အရိုးစွဲ လူထုနှင့် ထိုလူထုအား ဦးဆောင်နေသော အယူသီး ခေါင်းဆောင်များ- ချက်ချင်း ဒရွတ်တိုက်ဆွဲ ရေတိုစီမံချက်ဖြင့် အောင် မြင်နိုင်မည်မဟုတ်ဟု နားလည်သဘောပေါက်ခဲ့ပေသည်။

ရီဒါ၏ အတွေးအခေါ် အရေးအသားများကြောင့် ဘာသာရေးဆိုင်ရာ ပညာရှင်များနှင့် လောကီရေး အားသန် အာရဗ်များက ရီဒါအား အပြင်းအထန် ဝေဖန်ပြစ်တင်ခဲ့ကြပေသည်။ ဘာသာရေးဆိုင်ရာ ပညာရှင်များ၏ အယူ အဆမှာ အစ္စလာမ် ဟူသော သာသနာသည် ခေတ်မှီတိုးတက်လျှက်ရှိသော ကမ္ဘာကြီးနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ မွတ်စလင်မ် ဟူသည် ခေတ်မှီသည် ဆိုသော ကမ္ဘာကြီးကို ကျောခိုင်းပစ်ရဲရမည်၊ နောက်ကြောင်းပြန်လှည့် ခေတ် နောက်ကျသည်ဟု မည်သူက ဝေဖန်သည် ဖြစ်စေ- ဂရုမစိုက် လျစ်လျူရှုရဲသော သတ္တိအပြည့်ရှိရမည်။ သို့မှသာ တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်က နှစ်သက်သည်ဟု ရိုးတွင်းချဉ်ဆီစွဲ ယုံကြည်ထားသော ဘာသာရေး ဦးဆောင်များ ကြောင့်  မွတ်စလင်မ် အသိုက်အမြုံကြီး တစ်ခုလုံး နယ်ချဲ့များ၏ သားကောင်အဖြစ်သို့ ကြာရှည်စွာ နေထိုင်ခဲ့ကြ ရခြင်း ဖြစ်သည်ဟု ရီဒါက ခံယူထားသည်။ ရီဒါသည် အနောက်တိုင်း ရှေ့နေ ဘွဲ့ရ တစ်ဦး ဖြစ်သည့် အလျောက် ရှရီ ယာကို ခေတ်နှင့်အညီ လိုက်လျောညီထွေသော ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ဆန္ဒရှိခဲ့သူ ဖြစ်သည်။ အစ္စလာမ် ဘာသာရေးကျောင်းများတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ လူမှုရေးနှင့်ဆိုင်သော ပညာရပ်များ၊ ကမ္ဘာ့သမိုင်းနှင့်

သိပ္ပံဆိုင်ရာ ပညာရပ်များကိုပါ ဘာသာရေး ကျောင်းများတွင် ပူးတွဲ သင်ကြားပေးရန် အစွမ်းကုန်ကြိုးပမ်းခဲ့သူ ဖြစ် သည်။ မွတ်စလင်မ်များ အတွင်း ဘက်စုံပညာရပ်များကို ကျွမ်းကျင်သော အိုလမာများနှင့်ထို အိုလမာများ၏ ခေတ်မှီ သော ထုံးဖွဲ့မှုဥပဒေများကို ခေတ်မှီကမ္ဘာကြီးအတွင်း မိတ်ဆက်ပေးလိုသူ ဖြစ်သည်။ သို့မှသာ လယ်ယာမြေ ပိုင်ဆိုင် ရေး ဥပဒေများကိုလည်း အနောက်တိုင်းသားများ နည်းတူ နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဖော်ပြပါ ပြန်လည် ပြုပြင်ရေးသမားများ အားလုံးသည် အစ္စလာမ် သာသနာကို ပုပ်ခတ်စွပ်စွဲလာ ကြ သည့် အနောက်တိုင်းသားတို့နှင့် လောကီ ဝါဒီ (Sနခကူမေဂျအ) များကို နည်းမျိုးစုံဖြင့် ဓမ္မဓိဋ္ဌာန် ကျကျ ပြန်လည် ချေပခဲ့နိုင်ကြသည်။ သို့ရာတွင် ပြုပြင်ရေးသမား အားလုံးသည် အိုလမာများ၏ ပုတ်ခတ်မှုများကို အကြီးအကျယ် ခံစားခဲ့ကြရသည်။

အိန္ဒိယနိုင်ငံတွင် မွတ်စလင်မ်များကို ခေတ်မှီစေချင်သူ၊ ကဗျာဆရာ အက္ကဘာရ် အေဒီ ၁၈၇၆- ၁၉၃၈-က အစ္စလာမ် သာသနာသည် အလွန်တရားမျှ၊ ခေတ်မှီ တိုးတက်ပါသည် ဟူသော အနောက်တိုင်းသားတို့၏ ဝါဒလမ်းစဉ်များထက် ပိုမို၍ခေတ်မှီတိုးတက်သော လမ်းစဉ် ဖြစ်သည်။ ထိုလမ်းစဉ်သည် ကမ္ဘာပေါ်တွင် ပေါ်ပေါက်ပြီးသော လမ်းစဉ်များ အနက် နောက်ဆုံးပေါ်ဝါဒလမ်းစဉ် ဖြစ်သည်။ ခေတ်တိုင်း၊ နေရာတိုင်း၊ လူတိုင်းနှင့် လိုက်ဖက် ညီသည်။ အစ္စလာမ် ဟူသည့် သာသနာသည် တစ်ဆူတည်းသော တုနှိုင်းမဲ့ ကိုးကွယ်ရာအရှင်ကို ယုံကြည်၍ ဒဏ္ဍာရီပုံပြင်ဆန်သော အတွေး အခေါ်အယူဝါဒများမှ လွတ်မြောက်စေခဲ့သော ဝါဒလမ်းစဉ် ဖြစ်သည်။

ကုရ်အာန်၏တိုက်တွန်းချက်မှာ သဘာဝ တရားများကို အနီးကပ် စူးစမ်းရန် ဖြစ်သည်။ ထိုစူးစမ်းချက်များမှ တစ်ဆင့် ထိုသဘာဝတရားများကို လူသားတစ်ရပ်လုံး အတွက် အကျိုးရှိရန် လက်တွေ့အသုံးချရမည် ဖြစ်သည်။ အစ္စလာမ် သာသနာသည် လက်တွေ့ဆန်၍ မွေးရာပါ ခေတ်မှီသော သာသနာ ဖြစ်သည်။ အစ္စလာမ်၏ အခြေခံမူဝါဒများသည် ကမ္ဘာ့ အတွေးအခေါ်ဝါဒများနှင့် မဆန့်ကျင် သကဲ့သို့ ခေတ်သစ်သိပ္ပံ ပညာရပ်များနှင့်လည်း လိုက်လျောညီထွေ ရှိသည်။ ခေတ်တိုင်းခေတ်တိုင်းတွင် ခေတ်မှီတိုးတက်သော ခေတ်ရေစီးကြောင်းနှင့်အညီ မိမိတို့၏အယူဝါဒများ အားဖြင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲရမည်မှာ မွတ်စလင်မ်များ၏ မွေးရာပါတာဝန် တစ်ရပ်ဖြစ်သည်ဟု ဖွင့် ဆိုခဲ့သည်။ သူသည် ဆူဖီကျင့်စဉ်ဝါဒများမှ ပုံစံသစ်ဖြင့် တစ်မူထူးခြားစွာ ဆန်းသစ်ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။ သူ၏ဆူဖီကျင့်စဉ် နည်းလမ်းမှာ အစ္စလာမ့် ကမ္ဘာတစ်ခုလုံးသို့ ပြန့်နှံ့ခဲ့သည်။ သူ၏ အတွေးအခေါ် အယူဝါဒမှာ ခေတ်မှီ တိုးတက်လျှက်ရှိသော ကမ္ဘာကြီးတွင် မွတ်စလင်မ်များသည် မိမိတို့ ၏ ယုံကြည်မှုဖြင့် ရပ်တည်ရေး ဖြစ်သည်။ သူကိုယ်တိုင်လည်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ ပါရဂူ ဘွဲ့ကို ရရှိခဲ့သည်။ အနောက်တိုင်းသားများကဲ့သို့ လောကီရေးရာ အကျိုးအမြတ် တစ်ခုတည်းအပေါ်ကြိုးစားခြင်းသည် ပင်လျှင် အောင်မြင်မှု ရရှိခြင်းသည် အံ့ဖွယ် မဟုတ်ပေ၊ မည်သူပင် ဖြစ်စေကာမူ ကြိုးစားအားထုတ်မှုအပေါ် အောင်မြင် မှုရရှိမှာ အမှန်ပင် ဖြစ်သည်ဟု သူက ယုံကြည်ခဲ့သည်။ လောကီရေးရာ ကိစ္စရပ်များကို တိုးတက် အောင်မြင်မှု ရရန် ကြိုးပမ်းဆောင်ရွက်မှုနှင့် အတူ တုနှိုင်းမဲ့ကိုးကွယ်ရာအရှင့်ထံမှ ရရှိထားသည့် လူသား၏ကိုယ်ရည်ကိုယ်သွေးကိုလည်း အမြဲတမ်း ဖွံ့ဖြိုးတိုးတက်ရန် ကျင့်ကြံခြင်းဖြင့် လောကီလောကုတ္တရာ နှစ်ခုစလုံးတွင် အောင်မြင်နိုင်မည် ဖြစ်သည်။

မွတ်စလင်မ်ဟူသည် လူသား တစ်ရပ်လုံး၏ စံပြ ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများသည် လောကီရေးရာ များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ရ မည်။ စိတ်ပိုင်းဆိုင်ရာ ခံယူချက်သည် တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ ပြဋ္ဌာန်းထားသော တစ်ကိုယ်ကောင်းဆန်မှုကင်းခြင်း၊ အများသူငှာအပေါ် ကိုယ်ချင်းစာတရား ထားနိုင်ခြင်း၊လောကီ ဘဝသည် တမလွန်ဟူသော ထာဝရစခန်း အတွက် ရိက္ခာ ရှာဖွေရသော ခေတ္တကွန်းခိုရာ စခန်းဖြစ်သည်ဟူသော အသိစိတ်ဖြင့် ရပ်တည်ရမည်။ အစ္စလာမ့် အခြေခံမူဝါဒများသည် တမလွန် တစ်ခုတည်း အတွက် မဟုတ် သကဲ့သို့ လောကီ တစ်ခုတည်းအတွက် လည်းမဟုတ်ပေ။ လူသားတစ်ရပ်လုံးကို ငြိမ်းချမ်းစေသော အလယ်အလတ်တန်းစား လမ်းစဉ်ဖြစ်သည်ဟု အက္ကဘာရ်က ဖွင့်ဆိုခဲ့သည်။

ဟစန်အလ်ဘနာ (၁၉၀၆-၁၉၄၉)သည် အီဂျစ်နိုင်ငံမှ ကျောင်းဆရာတစ်ဦး ဖြစ်သည် အလ်ဘနာ၏ လူမှုရေး အဖွဲ့သည် နောက်ပိုင်း မွတ်စလင်မ် ညီနောင်များအဖွဲ့ အဖြစ် အရှေ့အလယ်ပိုင်းတွင် ကြီးမားသော နိုင်ငံရေး



လှုပ်ရှားမှု တစ်ရပ် ဖြစ်လာခဲ့သည်။ ထိုအဖွဲ့သည် အရှေ့အလယ်ပိုင်းရှိ ဂိုဏ်းဂဏကွဲများကို အတိုင်းအတာ တစ်ခုအထိ စည်းရုံးနိုင်ခဲ့သည်။ အလ်ဘနာ၏ အမြင်တွင် အီဂျစ်နိုင်ငံတွင် လူမှုရေး သိပ္ပံကျောင်းများ တည်ဆောက်၍ လူမှုရေး ဆိုင်ရာ အတွေးအခေါ်သစ်များနှင့်အတူ ဘာသာရေး ဆိုင်ရာမူဝါဒများကိုလည်း ခေတ်စနစ်နှင့်အညီ ပြန်လည် တည်ဆောက်ရမည်ဟု ဖြစ်သည်။ အလ်ဘနာသည် စူးအက်တူးမြောင်းအနီးရှိ ဗြိမ်ခံ အဆောက်အဦများ အတွင်းမှ စီစဉ် ညွှန်ကြားလျက်ရှိသော ဗြိတိသျှများနှင့် နေပူကျဲကျဲအတွင်း အလုပ်ကြမ်း လုပ်နေကြရသော အီဂျစ်လူမျိုးတို့၏ ဆင်းရဲချမ်းသာ ကွာဟမှုကို မြင်တွေ့ခဲ့ရသည့် အတွက် မျက်ရည်ကျခဲ့ရ သူ ဖြစ်သည်။

ထိုသို့ ဖြစ်ရခြင်းမှာ ခေတ်မှီတိုးတက်မှုကို ဟန့်တားလျက်ရှိသော ဘာသာရေး အယူသီးမှုများကြောင့်ဟူ၍ မှတ်ချက် ချခဲ့သည်။ ထိုခေတ် ဘာသာရေးပညာရှင်များက ခေတ်ပညာ ဆည်းပူးခြင်းကို တားမြစ်ပိတ်ပင် ခဲ့ကြသည်။ ခေတ်မှီ တိုးတက်လျှက်ရှိသော ကမ္ဘာကြီးအတွင်း ခေတ်သစ် ပညာရပ်များကို ဆည်းပူးခွင့် မရရှိကြသော အီဂျစ်ပြည်သူများ သည် ပင်ပန်းကြီးစွာဖြင့် နေပူကျဲကျဲတွင် အလုပ်ကြမ်း

လုပ်စားနေရခြင်း ဖြစ်သည်။ အလ်ဘနာ၏ အမြင်တွင် အစ္စလာမ် သာသနာသည် လောကီရေးရာ ကိစ္စရပ်များ နှင့်စပ်လျဉ်းပြီး ကန့်သတ်ဘောင်ခတ်ထားခြင်း အလျဉ်းမရှိ၊ ယခုကဲ့သို့အနောက်တိုင်းသားတို့၏ လက်အောက်ခံ ဖြစ်နေရခြင်းသည်ပင် ထိုအနောက်တိုင်းသားတို့နှင့် ပညာအရာ၌ လည်းကောင်း၊ နည်းပညာ အရာ၌ လည်းကောင်း အဖက်ဖက်မှ နိမ့်ကျနေခြင်းကြောင့် ဖြစ်သည်ဟု သုံးသပ်ခဲ့သူ ဖြစ်သည်။

သူသည် ကျူရှင် ညကျောင်းများ၊ သက်ကြီး တက္ကသိုလ်များ ကို ဖွင့်ပေး၍ ထိုကျောင်းများမှ တက္ကသိုလ် ဝင်ခွင့်ရသည် အထိ အများပြည်သူများကို ပညာသင်ကြားပေးခြင်း၊ ထိုညကျောင်းများမှ ဗြိတိသျှတို့၏ အလုပ်သမားများဆိုင်ရာ ရပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး ပြည်သူများကို သင်ကြားပေးခြင်း၊ ကင်းထောက် အဖွဲ့များ ဖွဲ့စည်း၍ လူမှုရေး ကိစ္စ များတွင် ပါဝင်ကူညီပေးခြင်း၊ ထိုညကျောင်းများမှ ကုရ်အာန်ပါ ဥပဒေများကို သင်ကြားပေးခြင်း၊ ကျေးရွာများအထိ ညကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ကျေးရွာ ဆေးပေးခန်းများ ဖွင့်ပေးခြင်း ဟူသော အီဂျစ်ပြည်သူများ အတွက် အကျိုးပြု လုပ်ငန်းများကို မွတ်စလင်မ်ညီနောင်များအဖွဲ့က ဆောင်ရွက်ပေးခဲ့သည်။ ၁၉၄၈ခုနှစ် တွင် ညီနောင် အဖွဲ့ကြီးတွင် အီဂျစ်ပြည်သူများ သန်းချီ၍ အဖွဲ့ဝင်များ ဖြစ်လာကြသည်။

ဒုတိယ ကမ္ဘာစစ်ကြီး အပြီး တွင် မွတ်စလင်မ် ညီနောင် အဖွဲ့ကြီးသည် အလွန် အင်အားကြီးမားသော နိုင်ငံရေး အဖွဲ့ကြီး ဖြစ်လာခဲ့သည်။ ထိုအဖွဲ့ကြီး၏ အဓိကရည်ရွယ်ချက်မှာ အီဂျစ်ပြည်သူ အများ ခေတ်မီ တိုးတက်သော ကမ္ဘာ ကြီးတွင် ခေတ်မီသော သူများအဖြစ် အများသူငှာနှင့် ရင်ဘောင်တန်းနိုင်ရေး ဖြစ်သည်။

ထိုကဲ့သို့ပင် ဂါဇာဒေသတွင် ရှေးခ်အဟ်မဒ်ရာစင်းမ်ကလည်း ]မုဂျမ္မဟ်}အစ္စလာမ့် ကွန်ကရက် အဖွဲ့ကြီးကို တည် ထောင်ခဲ့သည်။ ထိုအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များမှာလည်း အလ်ဘနာ၏မွတ်စလင်မ်ညီနောင် အဖွဲ့ကဲ့သို့ ပါလက် စတိုင်း ပြည်သူများကို ခေတ်မီ တိုးတက်သော ကမ္ဘာကြီးအတွင်း မိမိတို့၏ ကိုယ်ပိုင်ဟန်ဖြင့် လိုက်လျောညီထွေ ဘဝ ရှင်သန်နိုင်ရေး ဖြစ်သည်။

ခေတ်သစ်အစ္စလာမ့်နိုင်ငံများ

ဥရောပ၏ကျူးကျော်စိုးမိုး အုပ်ချုပ်မှုတို့ကြောင့် မွတ်စလင်မ် အသိုက်အမြုံကြီး အပါအဝင် ကမ္ဘာ ကိုလိုနီပြုခံရ သော နိုင်ငံ ဒေသအားလုံး ပြုပြင်၍ မရနိုင်လောက်အောင် အပြောင်းအလဲ ကြီးပြောင်းခဲ့ရလေပြီ။ ဥရောပသား တို့သည် သူတို့ စိုးမိုးရာ ဒေသများတွင် သူတို့၏ သြဇာအာဏာ တည်တံ့ရန် အတွက် ဘာသာရေး၊ စီးပွားရေး၊ ပညာ ရေး၊ လူမှုရေးတို့၌ အကြီးအကျယ် ချယ်လှယ်ပြီးလည်း ဖြစ်ခဲ့လေပြီ။ အထူးသဖြင့် အစ္စလာမ် သာသနာ၏ အဓိက ဥပဒေ ချမှတ်သွန်သင်သည့် ကုရ်အာန်ကျမ်းတော်အား ဥရောပသားတို့၏ အယူများဖြင့် ဘာသာပြန်ခြင်း ဖွင့်ဆိုခြင်း များဖြင့် မူဆလင် စင်စစ်များကို ခရစ်ယာန် အရောင် ဆိုးပြီးခဲ့လေပြီ။



ဥပမာအားဖြင့်- ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော် အီဆာနှင့် ပတ်သက်၍- သူသည် တမန်တော် မုဟမ္မဒ်မတိုင်မီ ပွင့်ပေါ် ခဲ့သော တမန်တော် တစ်ပါးဖြစ်သည်ဟု အတိအကျ ဆိုထားသော ကျမ်းချက်ပေါင်း များစွာရှိပြီး- အစ္စလာမ် ဘာသာဝင် အားလုံးကလည်း ထိုအတိုင်းပင် လက်ခံထားပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်ပါ- တမန်တော် မုဟမ္မမတိုင်မီ ပွင့်ပေါ် ခဲ့သော တမန်တော်များအားလုံး သေခဲ့ရလေပြီ ဆိုသည့် ၃း၁၄၄ ပါ ဥပဒေနှင့် အခြားသော တမန်တော် အီဆာ သေလွန်လေပြီဆိုသည့် ကျမ်းချက်များကို တမန်တော် မုဟမ္မဒ် မရှိတော့သည် နောက်ပိုင်း နှစ် ၂၀၀ နီးပါးအထိ မည်သူမှ စောဒက မတက်ခဲ့ချေ သည့်အပြင် ဥရောပသားတို့၏ နယ်မချဲ့မီ အချိန်ထိ ထိုကိစ္စအား ကြီးကျယ်သော အငြင်းပွားမှုများ၊ သို့မဟုတ် မူဆလင်များအကြား သဘောထား ကွဲမှုများ မရှိခဲ့ချေ။ အစ္စလာမ် သာသနာသည် မည်သူ၏ သာသနာကိုမျှ မချယ်လှယ် လက်သိပ်ထိုး ဖျက်ဆီးခဲ့ခြင်း မရှိသည့် အပြင် ဘာသာတရား အသီးသီးမှ ဦးဆောင်နာယက အဖြစ် အမြတ်တနိုးထားသော ဘာသာရေး ဦးသျှောင်များကို ဂုဏ်ပေးခဲ့သည့်သာ ရှိပေသည်။

ထိုအချက်များကို ဥရောပ နယ်ချဲ့သမားများက အခွင့်ကောင်းယူလျှက် မွတ်စလင်မ်တို့၏ အုပ်ချုပ်ထားသော နယ်မြေ များသို့ ထိုးဖေါက်ဝင်ရောက်နိုင်ရန် စနစ်တကျ စီမံချက်ချမှုထဲတွင် မူဆလင်များအနေဖြင့် တမန်တော် အီဆာ၏ နောက်လိုက်များ ဖြစ်သော ခရစ်ယာန်များအား အားကိုးအားထား ဦးထိပ်ထားရမည့် သူများ ဖြစ်စေရန် စိတ်ဓါတ် စစ်ဆင်ရေးများ ပြုလုပ်ခဲ့လေသည်။ အခြားတစ်ဘက်တွင် မွတ်စလင်မ် သာသနာရေး ခေါင်းဆောင် အိုလမာများက လည်း မွန်ဂိုအင်ပါယာ စိုးမိုးချိန်မှ စတင်၍ ကျမ်းမြတ်ကုရ်အာန်အား နားလည်မှု ရပ်တန့်သွားပြီဟု ဓမ္မသတ်ထုတ်ပြန် ပြဌာန်းလျှက်- ကျမ်းမြတ်ကုရ်အာန်အား ဖွင့်ဆိုခြင်းများ မပြုလုပ်တော့ချေ။ ထိုအချက်များကို စနစ်တကျ အသုံး ချ တတ်သော ဥရောပသားများ ခရစ်ယာန် ဆရာတော်များ ဖြစ်သော ပါလ်မာ၊ ဆေးလ်၊ ရှော့ဒ်ဝဲလ် ကဲ့သို့ ပုဂ္ဂိုလ်များ အား ထောက်ပံ့ကူညီလျှက် ကျမ်းမြတ်ကုရ်အာန်အား ခရစ်ယာန် အရောင်ခြယ် ဘာသာပြန် အစာသွတ်မှုပေါင်း များ စွာကို ပြုလုပ်လျှက် မွတ်စလင်မ် လူထု၏ ဦးနှောက်အား ခရစ်ယန် အယူများ ပနက်ရိုက် သွတ်သွင်းခဲ့လေတော့သည်။ ထိုအချိန်မှ မျိုးဆက်များ ပြောင်းလာသော အခါ၊ ထိုအယူများမှာ မိရိုးဖလာအစွဲ အယူများ ဖြစ်လာလေတော့သည်။ ဥပမာအားဖြင့်- ကုရ်အာန် ဒသနမှ ပြောဆိုသော ကိုးကွယ်ရာ အရှင် အလ္လာဟ် ဆိုသည်မှာ လူသား သဏ္ဍာန်ကဲ့သို့ ခံစား တွေးသိနိုင်စွမ်း မရှိသော- ဉာဏ်အသိအားဖြင့် ဉာဏ်စဉ်အားဖြင့်သာ တွေးသိနိုင်သော- အတုလံ အတုမရှိ သော လောကအပေါင်း၊ လူသားအားလုံးအတွက် မူလဘူတ ဇစ်မြစ်တော်အရှင်- တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်ဟု ကျမ်းမြတ်ကုရ်အာန်၏

နေရာပေါင်းများစွာတွင် အကြာခဏ ပြောဆိုထားသော်လည်း- ထိုအလ္လာဟ်အရှင်အား ခရစ်ယာန်များ သက်ဝင်ယုံကြည်သော သမ္မကျမ်းပါ အိသရေလ (အစ္စရေးလ်) လူမျိုးတို့၏ မူပိုင်ဘုရား ဖြစ်သည့် လူ သားသဏ္ဍာန်ခံစား ဖွင့်ဆိုသည့် ကောင်းကင်ယံတွင် စံမြန်းနေသည့် ထာဝရဘုရားဟု မွတ်စလင်မ်များ နားလည်ခံစား သွားစေရန် ဖွင့်ဆို ရိုက်သွင်းခြင်း၊ ကျမ်းမြတ်ကုရ်အာန်ပါ နဗီ၊ ရစူလ် ဆိုသည့် ဝေါဟာရများကို ခရစ်ယာန် သမ္မကျမ်း ပါ ယေရှုလောက် အဆင့်မမြင့်သည့် ပရောဖက်များအား ပြန်ဆိုသကဲ့သို့ တမန်တော်များဟု ပြန်ဆိုကာ မွတ်စလင်မ်များအား ယုံမှတ်နေစေရန် ဖွင့်ဆိုခြင်း၊ ခရစ်ယာန်တို့၏ အယူဖြစ်သည့် ခရစ်တော် ယေရှုသည့် လောကဠ် ကံကုန် ကွယ်လွန်သွားခြင်း မဟုတ်ဘဲ- ထာဝရဘုရားသခင် စံမြန်းရာ ကောင်းကင်သို့ မသေအသက်ဖြင့် ပင့်မ ခေါ်ဆောင် သွား၍ ကမ္ဘာပျက်ချိန်နီးလျှင် လူသားအပေါင်းအား ကယ်တင်ရန် ပြန်လည် ကြွမြန်းလာမည်ဟု- ကုရ်အာန်ပါ ယေရှု သည် ကွယ်လွန် အနိစ္စရောက်သွားပြီဟူသည့် ဝေါဟာရများကို ပြောင်းပြန် ပြန်ဆိုခြင်း၊ ထိုသို့သော ခရစ်ယာန် အယူ အဆများအား မွတ်စလင်မ် လူထုထဲသို့ ရိုက်သွင်းနိုင်ရန် အာရဗ်မှ အာရ်ဗီစကားပြော ခရစ်ယာန်များအား မွတ်စ လင်မ် ပုပ်ရဟန်းများ အသွင်ဆောင်စေလျှက် အာရ်ဗီစကား မပြောသည့် မွတ်စလင်မ် တိုင်းဒေသများသို့ စနစ် တကျ စီမံစေလွှတ် ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့ပေသည်။

အခြားတစ်ဘက်တွင် မွတ်စလင်မ် မဟုတ်သော အခြား ဘာသာဝင်များအားလည်း မွတ်စလင်မ်များသည် ကမ္ဘာ့ လူ သားများ၏ အန္တရာယ်ကောင်များ ဘီလူး သဘက်များ၊ မကောင်းဆိုးဝါးများ ဖြစ်သည်ဟု ထင်မှတ်လာစေရန် နည်း ပေါင်းစုံကို သုံးလျှက် ဝါဒဖြန့်ချီခဲ့ပေသည်။ ထိုဝါဒဖြန့်ချီမှုမှာ- အာဏာရှိသော၊ ငွေကြေးတတ်နိုင်သေ၊ ပညာတတ်



သော၊ ခေတ်မှီ နည်းစနစ်များကို ပိုင်ဆိုင်သော၊ သူလျှိုဒလန်များအား စနစ်တကျ မွေးနိုင်သော သူများက ရေရှည် စီမံကိန်းဖြင့် ပြုလုပ်ခဲ့သည့် အတွက် ကိုလိုနီပြုခံ သာမန် ရိုးသားသည့် လူထုကြီး၏ စိတ်နှလုံး၌ မိရိုးဖလာ ယုံကြည်မှု အဖြစ် စွဲမှတ်သွားလေတော့သည်။

ထိုသို့သော အချိန်သို့ ဆိုက်ရောက်နေပြီ ဖြစ်သော အခါ၊ အမှန်ကို သိမြင်လာသော မွတ်စလင်မ် ပညာတတ်များမှာ အနောက်တိုင်းသားအား မည်သို့ တုန့်ပြန်ရမည်ကိုပင် နည်းလမ်း ရှာမရ လမ်းစပျောက် နေရပေတော့သည်။ အဘယ် ကြောင့်ဆိုသော်- အမှန်ကို ဖေါ်လိုသော ပညာတတ်များ၊ မျိုးချစ်ပညာရှင်များမှာ (၁) မိမိတို့၏ လူထု ဖြစ်သော မိရိုး ဖလာ အရိုးစွဲ လူထုကြီးနှင့် ထိပ်ဆိုင်တိုးရခြင်း (၂) မိမိတို့၏ လူထုကြီးအား ဦးဆောင်နေသော သာသနာ ဦးဆောင် ဆိုသူများမှာလည်း နောက်လိုက်ပြည်သူများအား ခေတ်ပညာနှင့် အဆက်ဖြတ်ထားခြင်း၊ ကျမ်းမြတ်ကုရ်အာန်အား နားလည်စေရန် လေ့လာခြင်းနှင့် အဆက်ဖြတ်ထားခြင်း၊ (၃) ခေတ်ပညာတတ်များအား သာသနာပျက်များ၊ အယူ တိမ်းသူများ ဖြစ်သည်ဟု လူထုအတွင် လှုံ့ဆော်စေရန် ထိုမွတ်စလင်မ် ပုပ်ရဟန်းမင်းထဲတွင် ကိုလိုနီပြု အစိုးရများမှ သူလျှိုများ ထည့်ထားခြင်း- စသည့် အလွန်အခက်အခဲ အကြပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့နေရလျှက် ခေတ် ပညာ ဘာသာရေးပညာ ဘက်စုံတတ် ပညာရှင်များမှာ လူထုအတွင်းသို့ ထိုးဖေါက်၍ မရနိုင်အောင် ဖြစ်ခဲ့ရလေသည်။ သို့ဖြင့် ကိုလိုနီပြုခံရသည့် နိုင်ငံများတွင် လူထုမှ အမှန်တရားအား ဆန်းစစ်ခြင်း ဆိုသည်ထက် ပုံပြင်များ ဒဏ္ဍာရီများ ဖြင့် ကြားဖူးနားဝများ၌ ပျော်ရွှင်စုံမက် နှလုံးဖက်နေစေရန် မှိုင်းတိုက်ထားလျှက်- လူထု၏ အတွေးအခေါ်အား ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်နေစေရန် မွမ်းမံထားပေသည်။ လူထုမှာလည်း ဆင်းရဲတွင်း နစ်လေလေ- ကြားဘူး နားဝ ပုံပြင်လာ ဘုရား တရားအား အားကိုးအားထား ပြုလေလေဖြစ်ရကာ- ပုံပြင်ဒဏ္ဍာရီများအတွင်း၌ မိမိ၏ ဦး နှောက်ကို ကျွန်ခံနေရမှန်းမသိ ဖြစ်လျှက် ပုံပြောကောင်းလေလေ ထိုပုံပြောကောင်းသူအား ဆရာသခင်ကြီး အဖြစ် ဆည်းကပ်လေလေ ဖြစ်လာရလေတော့သည်။

အခြားတစ်ဘက်တွင်မူ အနောက်တိုင်းသားတို့သည် မိမိတို့၏ လူမျိုးများ အတွင်း၌- ပုံပြင်ဒဏ္ဍာရီများဖြင့် လူထုအား မှိုင်းမမိစေရန် ပေါ်လစီမျိုးစုံအား သုံးလျှက် နိုင်ငံရေးနှင့် ဘာသာရေးအား သီးခြား ခွဲထုတ်လျှက် လူထုအား တွေးနိုင် ခေါ်နိုင် ပြောနိုင် ဆိုနိုင်စေရန် လမ်းဖွင့်ပေးထားခဲ့သည်။ သို့မှသာ သူတို့၏ လူထုမှာ တိုးတက်လာမည် ဖြစ်ပြီး ကမ္ဘာကြီးအား လက်ဆင့်ကမ်း အုပ်ချုပ်ထားနိုင်မည် မဟုတ်ပေလော။

## ဗြိတိသျှတို့၏မဟာကြံစည်မှုကြီး။

ဗြိတိသျှတို့၏မွတ်စလင်မ်များ အပေါ်နည်းမျိုးစုံဖြင့် ကျွန်ပြုခဲ့သော ကမ္ဘာ့သမိုင်းမှတ်တိုင်များအနက် မှတ်မှတ်ရရ မှတ်တိုင်တစ်ခု ကိုတင်ပြရ မည်ဆိုပါက၊ ဝီလီယံအက်(ဒ) ဝါဒ်ဂလက်စတုံး (၁၈၀၉-၁၈၉၈) အကြောင်းဖြစ်သည်။ သူသည် ဗိတိုးရိုးယား ခေတ်တွင် ကျော်ကြားသော ဗြိတိသျှ နိုင်ငံရေးသမား တစ်ဦးဖြစ်သည်။ (၁၈၆၈-မှ- ၁၈၉၂) ထိ လေးနှစ်လေးကြိမ် (၁၆) နှစ်တိတိ ဗြိတိသျှ နန်ရင်းဝန်ဖြစ်ခဲ့သည်။သူသည် မွတ်စလင်မ်များ အပေါ်ထာဝရ အောင်နိုင် ရေးအတွက် သုသေသနစာတမ်း တစ်စောင်ကိုတင်သွင်းခဲ့သူလည်းဖြစ်သည်။ဝီလီယံအက်(ဒ)ဝါဒ်ဂလက် စတုံးသည် ၁၈၈၂ ခုနှစ်တွင် ဗြိတိသျှပါလီမန်တွင် ကျမ်းမြတ်ကုရ်အာန်ကို လက်တွင်ကိုင်၍ အောက်ပါမိန့်ခွန်းကိုပြော ကြားခဲ့သည်။

ရဲဘော်တို့- အဲ့ဒီကျမ်းစာအုပ်ဟာ မွတ်စလင်မ်တို့ အတွက် ဘဝတည်ဆောက်မှု ဥပဒေဖြစ်တယ်။ မွတ်စလင်မ် တွေဟာ အဲ့ဒီကျမ်းကို သဘောပေါက်ပြီး လက်တွေ့လိုက်နာ ကျင့်သုံးနေသမျှ ကာလပတ်လုံး ဒို့ဗြိတိသျှများ အပါအဝင် မည် သည့် လူမျိုးများကမျှ မွတ်စလင်မ်တို့ကို

ဖိနှိပ်ချုပ်ချယ် နိုင်မှာ မဟုတ်ဘူး။ ၎င်းတို့၏နယ်ပယ်များကို အေးချမ်းစွာ ကြီးစိုးနိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လည်း ဆိုတော့ မွတ်စလင်မ်တို့ရဲ့ အတွေးအခေါ် အမျှော်အမြင် လုပ်ရည်ကိုင် ရည်ကို ထက်မြက် မြင့်မားအောင် သွန်သင်ရာမှာ ဘယ်လုပ်ငန်း

၁၃၁ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

တာဝန်တွေ ဆောင်ရွက်ရင်းနဲ့ ဘယ်လို ဘဝတည် ဆောက်ရတယ်လို့ မွတ်စလင်မ်များကို ဒီကျမ်းက အသေးစိပ် ညွှန်ကြားပြဋ္ဌာန်းထားတယ်။ ဒီတော့ တို့ဗြိတိသျှ အာဏာပိုင်တွေဟာ ရောက်လေရာ အရပ်တိုင်းမှာ ရှိတဲ့ မွတ်စလင်မ် တွေအတွက် အလိမ္မာ တရား သုံးပြီး အောက်ပါပညာရေးမူဝါဒ တစ်ခုကို မဖြစ်ဖြစ်အောင် ကြိုးစားအကောင် အထည်ဖော်ကြရမယ်။ ဗြိတိသျှ နန်း ရင်းဝန်စလက်စတုံးမှ မွတ်စလင်မ်တို့ အတွက်ပညာရေးမူဝါဒ ပြဋ္ဌာန်းချက်မှာ-

(၁) အစ္စလာမ်သာသနာသည် မွတ်စလင်မ် အားလုံးကို နေ့စဉ်နှင့် တစ်သက်တာ ပတ်လုံး အလ္လာဟ် အရှင်မြတ် အား တသ သတိရလျက် ဝတ်ပြုလျက် ရှိနေရမည်ဖြစ်သည်။ တစ်ကိုယ်ရေ တစ်ကာယ တရားဘာဝနာ စီး ဖြန်းပြီး၊ ဤလော က အလှကို ရှုံရှာ မုန်းတီးမှု ကိုသာ ပြဋ္ဌာန်းကြောင်းကောင်းစွာ သဘောပေါက်စေရမည်။ ဤလူ့ဘောင် လောကသည် အကုသိုလ် အတိပြီးလျက် ရှိ ပြီး ကောင်းမှုနှင့် မကောင်းမှုကို နားလည်သည့် ကယ်တင်ရှင် လမ်းပြများ ကိုရှာဖွေပြီး တပည့်ခံ လိုက်နာကြရမည်ဟု သင်ကြား ပေးရမည်။

(၂) ကုရ်အာန်ကျမ်းသည် အလွန်မြင့်မြတ်သော ကောင်းကင်ကျ ကျမ်းဖြစ်သည်။လူတိုင်းနှင့်မဆိုင် လူတိုင်းနား မ လည်နိုင် ဘာသာစကား မျိုးစုံတတ်မှ လေ့လာနိုင်မည်။ လူတိုင်းမလေ့လာရ။ လမ်းလွဲသွားမည်။ အဓိပ္ပါယ် ဖွင့်ဆိုရန် မည်သူမျှ မစွမ်းဆောင်နိုင်။ ဘာသာရေးပညာရှင် အလင်းရပုဂ္ဂိုလ် အဆောင် အယောင်ရှိသူတို့ အတွက်သာ ချပေး သောကျမ်း၊ သူတို့၏ သင်ကြားပြသ လမ်းညွှန်မှုကိုသာ ခံယူရမည်။ သူတို့ ထံမှသာ ဘာသာသာသနာ အစစ်အမှန်ကို ရရှိနိုင်မည် ဟုသာ သင်ကြား ပို့ချပေးရမည်။ သာမန်လူတို့ အတွက် လာဘ်လာဘ တိုးပွားဖို့ ဖတ်ရွတ်ခြင်း သက်သက် ပြုလုပ်ရုံဖြင့် အလွန်မတန် လုံလောက်လှပြီ ဟုသာ သင်ကြားပို့ချ ပေး ရမည်။

ဒီအချက် နှစ်ချက်ကို ပိုင်ပိုင်နိုင်နိုင် မွတ်စလင်မ်များအား ပို့ချပြီး အသား သေနေအောင် ပြုလုပ်နိုင်လျှင် တို့နယ်ချဲ့ ဗြိတိသျှတို့ အတွက် မွတ်စလင်မ်များကို လက်နက်စွဲကိုင် တိုက်ခိုက်နေစရာမလို၊ ယှဉ်ပြိုင်ကြိုးစားနေရန် မလိုဘဲလျက် သူတို့သည် တို့အဖို့ ထာဝရ အလုပ်အကျွေးပြုမည့် တပည့်ကောင်း၊ ကျွန်ကောင်းများအဖြစ် ကမ္ဘာ တည်သရွေ့ ရပ် တည်နေကြမည်မှာ မြေကြီး လက်ခပ်မလွဲပင်ဖြစ်သည်။ ဤ ကဲ့သို့ သင်ကြား ပေးခြင်းမျိုး မဟုတ်ဘဲ အကယ်၍ ကုရ်အာန်လမ်းညွှန်မှုကို မွတ်မလင်မ်များ နားလည် သဘော ပေါက်သည်ဆိုသည်နှင့် ဧကန်အမှန်အစ္စလာမ်သည် –

(၃)လူမှုဆက်ဆံရေးနှင့် စီးပွားရေး၊ ကြီးပွားရေးတို့ကို လူ့လောကတစ်ခွင်တွင် တစ်သက်ပတ်လုံးမည်သို့ ရှာဖွေ ဆည်း ပူးခံစား၍၊သာယာဝပြောသော လောကသစ်ကို တည်ဆောက်ရန် သင်ကြားပေးသည့် လမ်းညွှန်ဖြစ်ကြောင်း သိသွား ကြပေမည်။ အဲဒီအခါ တို့ဗြိတိသျှများအဖို့ ဒီလောကတွင် တိုးတက်ကြီးပွား ချမ်းသာဖို့ အခြေအနေ လုံးဝ ရှိတော့ မည် မဟုတ်သဖြင့် မွတ်စလင်မ် များအား ကုရ်အာန်ပါ လူမှုဆက်ဆံရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုး မှုဆိုင်ရာများကို နားလည် သဘောပေါက်ခြင်း မရှိစေဘဲ၊ အဖတ် သက်သက် ( mနမန မနခအေအေသေညာ) ဖြင့် အလွန်မတန် လုံ လောက်ပြီ ဟု သိစေလျက်၊ မြင်သာမြင်စေ မကြင်စေနှင့်၊ ဖတ်သာဖတ်စေ၊ နားလည်ရန်၊ တတ်သိရန်၊သဘော ပေါက် ရန်၊ လုံးဝမကြိုး စားစေ နှင့် စိတ်ကူးမပေါ်စေနှင့်။

(၄)အစ္စလာမ်သည် လူတို့နေထိုင် အသက်ရှင်ရာ ရပ်ရွာ၊နယ်ပယ်၊ တိုင်းပြည်၊ လူ့ဘောင်တစ်ရပ်လုံးကို မည်သို့မည်ပုံ စီ မံ၊ ကွပ်ကဲအုပ်ချုပ် ရမည်ကို သင်ကြား ပေးသော စနစ် ကျင့်စဉ် တစ်ခု ဖြစ်သည်ကို လုံးဝအသိမပေးရ။ ဒီနည်းတွေ ကုရ်အာန်မှာ ပါလို့ ပါမှန်းမသိစေဘဲ၊ ကုသိုလ်ရရေး၊ ဂျန္နတ်ရောက်ကြောင်း အတွက် အပတ်တကုတ် အလွတ် ကျက် မှတ်၊ အာစုံဆောင်စေ၊ ထပ်တလဲလဲ ဖတ်စေရုံအခြေတွင် ရှိစေရမည်။ ဒါမှသာ ဒီမြေဒီမိုး ရှိရှိသမျှဟာ တို့ရဲ့ပိုင် နက် ဖြစ်ပြီး မွတ်စလင်မ်တွေဟာ ယင်းပိုင် နက်မှ သစ္စာအရှိဆုံး ကျေးကျွန်များအဖြစ် သားစဉ်မြေးဆက် တို့အတွက်ရပ် တည်နေပေမည်။

၁၃၂ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

(၅)အစ္စလာမ်သည် လူသားတို့ဘဝ ဖြစ်စဉ်၊ လူသားဘဝ၏ ရည်ရွယ်ချက်၊ လူ့တန်ဖိုး၊ လူ့အရည်အသွေးဖြင့် အပြည့်အ ဝ နေထိုင် အသက်ရှင်ရန် လမ်းညွှန်ပြသည်ကို လုံးဝ ပြည်ဖုံးကားချထားပြီး၊ သေနေ့မွေးနေ့နှစ်ရက် အတွင်း ဘဝကို အရှုံးပေး လက်မြှောက်ပြီး အညံ့ဆုံး သတ္တဝါ အဖြစ် မိမိကိုယ်ကို ခံယူထားရန်မျှသာ အသိပေးပါ။

(၆)အထက်ပါ အချက်အလက်များအစား အစ္စလာမ်သာသနာသည် အဆိုအမျိုးမျိုး၊ အတွေးအခေါ်ကင်းမဲ့သော ပုံပြင်ဒဏ္ဍာရီ သိန်းသောင်းဖြင့် သံသယဖြစ်ဖွယ် အသွယ်သွယ်နှင့် အငြင်းပွားစရာ များပြည့်နက်လျက်၊ အသေးအဖွဲ ကွဲလွဲချက်များအပေါ် ငြင်းခုံနေခြင်း၊ ခိုက်ရန်ပွားနေခြင်း၊ မွတ်စလင်မ်အချင်းချင်း တစ်ဖက်နှင့် တစ်ဖက် ပုတ်ခတ် ပြောဆို ဝေဖန်ခြင်း၊စွတ်စွဲခြင်း အဆုံးအဖြတ်ပေးခြင်း၊ အုပ်စုဖွဲ့ တိုက်ခိုက် ခြင်း၊အသေသတ်နိုင်သည် အထိတိုက်ပွဲ ဝင်ခြင်း သည် သာသနာ့ အာဇာနည်ဘွဲ့ရရှိပြီး သာသနာကို ချစ်သူများ ပြုကို ပြုရမည့် တာဝန်ဟုသိ နားလည်စေ ရမည်ဟု စလက်စတုံးက မိန့်ခွန်းကို အဆုံးသတ်ခဲ့သည်။

မွတ်စလင်မ်များ အတွက်နယ်ချဲ့ ဗြိတိသျှ ပါလီမန်မှ (၁၈၈၂) တွင် အထက်ပါ ပြဌာန်းချက် အတိုင်း နယ်ချဲ့ ဗြိတိသျှ တို့သည် ရောက်လေရာ အရပ်တိုင်း အထူးသဖြင့် အရှေ့အလယ်ပိုင်း၊ အာဖရိကတိုက်၊ အိန္ဒိယပြည်၊ မြန်မာပြည်၊ အ ရှေ့ပါကစ္စတန် နှင့် အနောက်ပါကစ္စတန် တွင် တိတိကျကျ ဆောင်ရွက်ကြသဖြင့် ယင်းနယ်မြေများရှိ မွတ်စလင်မ်များ သည် အစ္စလာမ်သာသနာကို နားလည်သဘောပေါက်ရာတွင် တူညီနေကြလေသည်။ မြန်မာပြည် တိုင်းရင်းသား မွတ် စလင်မ်တို့ထံ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ တဆင့် အစ္စလာမ် သာသနာတော် ပြန့်ပွားရောက်ရှိလာသည်။ ရှေးယ ခင်က ( Iညိငညေ ဒကဘ-ခသညအညေနညအ) ဟုခေါ်သော အိန္ဒိယ တိုက်ငယ်တွင် အိန္ဒိယပြည်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာပြည်တို့ ပါဝင်ပြီး ဗြိတိသျှနယ်ချဲ့သည် အိန္ဒိယပြည်တွင် ရုံးစိုက်ပြီး ကျန်ပြည်နယ်ငယ်များကို အုပ်စိုးလေသည်။ ထို့ကြောင့် ယင်းဒေသရှိ အစ္စလာမ် သာသနာဝင်တို့ အပေါ်  ဗြိတိသျှ နယ်ချဲ့တို့၏ ဖော်ပြပါ ပညာရေးမူဝါဒကို ကောင်း စွာ ပုံသွင်း နိုင်ခဲ့လေသည်။ ပေါ်လွင် လာသော ရုပ်သွင် မှာလည်း အိန္ဒိယ သဘာဝ၊ အိန္ဒိယ ဓလေ့ ထုံးတမ်းများ နှင့် အိန္ဒိယ ယဉ်ကျေးမှု အတိုင်း ဖြစ်ကြသည်။ ၎င်းတို့ အားလုံးသည် အစ္စလာမ် အမွေအနှစ်ဟု နှစ်နှစ် ကာကာ လက်ခံ ယုံကြည်ထား ကြလေသည်။ ၎င်းတို့သည် ဘာသာ ယဉ်ကျေးမှု၊ မိရိုးဖလာ ထုံးတမ်းဓလေ့ နှင့် လူမျိုးယဉ် ကျေးမှု တို့ကို ခွဲခြား၍ နားမလည်ကြချေ။

သို့ရာတွင် ဗြိတိသျှ နယ်ချဲ့၏ လှည့်ဖြားမှုက မည်မျှအထိ ထိရောက် ပိုင်နိုင်ပုံကို လေ့လာလျှင် ယင်းဗြိတိသျှ ပညာ ရေးစနစ် ပျိုးထောင်မှု အောက်တွင် ကြီးပြင်းလာသူသည် မစ္စတာစလက်စတုံး မရှိတော့ သည့်နောက် ဗြိတိသျှ နယ် ချဲ့တို့၏နေမဝင်နိုင်ငံ နေဝင်ပြီးသည့်နောက် ၊ခေတ်အဆက်ဆက်တိုင် ယင်းဒေသရှိ မွတ်စလင်မ်တို့မှာ ဆက်လက် ၍ ဗြိတိသျှတို့၏ သွန်သင်မှုအတိုင်း မပြောင်းမလဲတွေ့နေရသေးသည်။ထို့ကြောင့်ဗြိတိသျှနယ်ချဲ့၏ မွတ်စလင်မ်များ အတွက် ပညာရေးမူဝါဒ သက်ရောက် ရှင်သန်သည့် ဒေသရှိ မွတ်စလင်မ်တို့တွင် ကုရ်အာန်ကျမ်းသည် အဓိပ္ပါယ် သိ နားလည်ရန်မလိုဘဲ၊ ဖတ်တတ်ရုံ ဖတ်တတ်သော ဆရာဖြစ်သူက တပည့်ကိုလည်းကောင်း အဖတ်သာသင်၏။ အဖတ် အရွတ်မျှဖြင့် ကုရ်အာန်ကျမ်းမြတ် ကို ဦးထိတ်ပန်ဆင် အရိုအသေထား၏။ သိနားလည်စရာမလို၊ မသိဘဲ ဖတ်ရုံဖြင့် စာတစ်လုံးလျှင် အကျိုးပေါင်း များစွာဖြင့် အကျေနပ်ကြီးကျေနပ်နေ၏။ ယင်းဆရာနှင့် တပည့်တို့ ထံတွင် ကုရ်အာန် ဖတ်တတ်ရုံနှင့် သာသနာ့ တည်ဆောက်မှု ဘဝမှာ ပြီးပြည့်စုံ နေလေပြီ။ ကုရ်အာန် ကျမ်းမြတ်ကို ရေးသား ပို့ချသော အာရဗီ စာပေသည် အခြားအခြားသော စာပေကဲ့သို့ စာပေတစ်ခု အနေဖြင့် လေ့လာရကောင်းမှန်း မသိရှိတော့ပေ။

ယနေ့ မွတ်စလင်မ်အများစုကို လေ့လာ ကြည့်ရှုကြပါလျှင် ဗြိတိသျှနယ်ချဲ့၏ မွတ်စလင်မ်များ အတွက် ပညာရေး မူ ဝါဒမှာ ယနေ့ထိတိုင် အပီပြင်ဆုံး အကောင်အထည် ပေါ်လွင်လျှက် ရှိနေသေး၏။ သင်ခန်းစာ ယူကြဖို့ အချိန်တန်



နေလေပြီ။ ဘာသာရေး ဆိုတိုင်း မစဉ်းစား မဆင်ခြင်ဘဲ လက်ခံနားထောင် မနေသင့်ဘဲ၊ ကုရ်အာန်လမ်းညွှန်မှု ဖြင့်လည်းကောင်း၊တမန်တော်မြတ်၏ အဆုံးအမဖြင့်လည်းကောင်း၊ မိမိ၏ ဆင်ခြင်တုံတရား အသိပညာဖြင့် အမှန်နှင့် အမှားကိုခွဲခြား နားလည်ဖို့ အချိန်တန်လေပြီ။မွတ်စလင်မ်တိုင်း အမျိုးသမီးရော၊ အမျိုးသားပါ၊ လူကြီးရော လူငယ် ပါ၊ မိမိ၏ဘာသာသာသနာ အဆုံးအမကို မိမိကိုယ်တိုင် ကိုယ်ကျ အရင်းအမြစ်ကျကျ လေ့လာဆည်းပူးသင့်ပါသည်။ လေ့လာဆည်းပူးရန်လည်းတာဝန်ရှိပါသည်။

ကိုးကားချက်။ ။ ကူဝိတ်နိုင်ငံ ၊ ဒါရွလ်ဘယာန်စာပေတိုက်မှ ၁၉၆၄ ခုနှစ်တွင် (၆)ကြိမ် မြောက်ရိုက်နှိပ် ထုတ်ဝေခဲ့ရ သော "မုဟမ္မဒ်ကုသုဗ်" ရေးသားသည့် "ရှဗ်ဟါဒ်ဟောင်လုလ်အိစ်လာမ်"အရဗီကျမ်းမှထုတ်နှုတ်ဘာသာပြန်ထား သော ဆရာဦးမြတ်သူ၏ ဆောင်းပါးကိုပြန်လည် ဖော်ပြခြင်းဖြစ်သည်။

ထိုသို့သော အခြေအနေမျိုးတွင် ဥရောပသားတို့၏ ပေါ်လစီအား သိမြင်လာသော မွတ်စလင်မ် ပညာတတ်များမှ- မိမိလူထု၏ အယူသည်းသော ဘာသာရေးလောကမှ ထိုးဖေါက်ထွက်နိုင်ခြင်းကို လမ်းကြောင်းလွှဲလျှက် Sနခကူမေဗျာ ခေါ် လောကီဇောင်းပေး ဝါဒီများ ပေါ်ပေါက်လာခဲ့ပေသည်။

ထိုသူများ အထဲတွင် တူရကီနိုင်ငံမှ မွတ်စ္စဖာ ကမားလ်သည် သဘောထားပြင်းထန်သော ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ သည်။  သူသည် တူရကီနိုင်ငံ၌ အာဏာရလာသော အခါ၊ ဘာသာရေးကျောင်းများကို ပိတ်ပစ်ခြင်း၊ ဘာသာရေး ဆိုင်ရာပညာရှင်များနှင့် ဆူဖီများကို ဖိနှိပ်ချုပ်ချယ်ခဲ့ခြင်း၊ သူတို့အား အနောက်တိုင်းဝတ်စုံကို အတင်း အဓမ္မဝတ် စေခဲ့ပြီး အမျိုးသမီးများကိုလည်း ဘာသာရေးဆိုင်ရာ ဝတ်စုံဖြစ်သော ခေါင်းပေါ်သို့ ပုဝါခြုံခြင်း၊ တစ် ကိုယ်လုံး လုံခြုံအောင် ခြုံခြင်းများကို တားမြစ် ပိတ်ပင်ခဲ့ခြင်း၊ အနောက်တိုင်းဝတ်စုံကိုသာ ဝတ်ဆင်ရန် အဓမ္မ တိုက်တွန်း ဝတ် ဆင်စေခဲ့ခြင်း အယူသည်းသော အိုလမာများနှင့် မွတ်စလင်မ်များကို ထောင်သွင်းအကျဉ်းချခဲ့ခြင်း စသည့် ယဉ်ကျေး မှု တော်လှန်ရေးကို ပြုလုပ်ခဲ့ပေသည်။

မွတ်စ္စတာဖာ၏ အတင်းအဓမ္မ ဒရွတ်တိုက် ဆွဲမှုများကြောင့် သူ့အားလည်း ဘာသာရေး အယူသီးများဘက်မှ အပြင်း အထန် ဝေဖန်ပြစ်တင်ခြင်းများကို ခံခဲ့ရပေသည်။

အလားတူပင် အီဂျစ်နိုင်ငံအား အုပ်ချုပ်ခဲ့သော မုဟမ္မဒ်အလီ၊ နှင့် ဂျမားအဗ်ဒွလ်နာဆာရ် (အေဒီ၁၉၁၈-၁၉၇၀)တို့ သည်လည်း အိုလမာများကို ဖိနှိပ်ချုပ်ချယ်ခဲ့သည်။ နာဆာရ် သည် မွတ်စလင်မ်ညီနောင်များ အဖွဲ့အား ဖိနှိပ် ချုပ် ချယ်ခဲ့သောကြောင့် အဖွဲ့ဝင်တစ်ဦးက သူ့အား လုပ်ကြံရန်

ကြံစည်ခဲ့လေသည်။ ထိုကြံစည်မှုကြောင့် မွတ်စလင်မ် ညီနောင် အဖွဲ့ဝင် တစ်ထောင်ကျော်အား ဖမ်းဆီး ထောင်ချ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်မှုများ ပြုခဲ့လေသည်။

အီရန်နိုင်ငံမှ ရီဇာရှားပ်ပဟ်လဝီ (၁၉၂၁-၁၉၄၁)သည်လည်း အီရန် အိုလမာများ၏ ရှရီယာကို ခေတ်သစ် ဥပဒေများဖြင့် အစားထိုးခဲ့သည်။ အီမာမ်ဟူစိန်ကျဆုံးခြင်း အာရှူရာနေ့ အထိမ်းအမှတ် ပြုခြင်းကို ပိတ်ပင် တားဆီး ခဲ့သည်။ အီရန်ပြည်သူများ ဟဂ်ျသွားရောက်ခြင်းကိုတားမြစ်ခြင်း၊ အီရန်ရိုးရာဝတ်စုံ အင်္ကျီရှည်ဝတ်ဆင်ခြင်းကို တား ဆီးခြင်း၊ အမျိုးသမီးများ မျက်နှာပေါ်တွင် ဖုံးထားသော ပိုက်ဇာပုဝါများကို ရှား၏စစ်တပ်က လှံစွပ်ဖြင့်ထိုးဖယ်၍ လမ်းမပေါ်တွင် စုတ်ဖြဲခြင်းများကို ပြုလုပ်ခဲ့သည်။ ၁၉၃၅ ခု နှစ်တွင် ရှစ်ပါးမြောက် အေမာမ် ရှားဟ်၏ အုတ်ဂူ နံဘေး၌ အဝတ်အစား ဝတ်ဆင်ခြင်း ဥပဒေကို ပြန်လည်ပြုပြင်ပေးရန် ငြိမ်းချမ်းစွာ လူထု ဆန္ဒပြပွဲ ပြုလုပ်ခဲ့ကြ သည်။ ထို ဆန္ဒပြပွဲအား ရှား၏စစ်တပ်မှ ပစ်ခတ် နှိမ်နင်းခဲ့သည့်အတွက် ရာပေါင်းများစွာသော ပြည်သူများ သေဆုံး ခဲ့၍ မြောက်များစွာ ဒဏ်ရာရရှိခဲ့ကြရသည်။ တစ်ချိန်တစ်ခါက အီရန်နိုင်ငံအား အိုလမာများက ဩဇာအာဏာ လွှမ်း မိုး ထားခြင်းကို ရှားက ဖြိုခွင်းချေမှုန်းခဲ့သည်။



အီရန်အိုလမာ အကြီးအကဲ အာယာတွလ္လာဟ်မူဒါရစ်သည် အီရန်ပါလီမန် အစည်းအဝေးတွင် ရှားဘုရင်၏ လုပ်ဆောင်ချက်များကို ပြင်းထန်စွာ ဝေဖန်ခဲ့သည်။ ထိုမှ မကြာမီတွင် အာယာတွလ္လာဟ်မူဒါရစ် လုပ်ကြံခံခဲ့ရလေ သည် သို့ဖြင့် အီရန်နိုင်ငံရှိ အိုလမာများ ထိတ်လန့်တုန်လှုပ်သွားလျှက် ဆန္ဒရဲခြင်း မရှိတော့ပေ။

ရှားဘုရင်၏သား ရီဇာရှား (၁၉၄၄-၁၉၇၉) လက်ထက်တွင် ဘုရင်နှင့် ပြည်သူများ စပ်ကြား ရန်ညိုး ကြီးထွားရန် အကြောင်း ဖန်လာခဲ့သည်။ ရာပေါင်းများစွာသော ဘာသာရေး ကျောင်းသားများက အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲ များ ပြုခဲ့ရာမှ ရှား၏စစ်တပ်က လမ်းမပေါ်တွင်ပင် ကျောင်းသားများစွာအား ပစ်သတ်ခဲ့ပြီး ဘာသာရေးကျောင်း များလည်း အပြီးအပိုင်ပိတ်ခဲ့သည်။ များစွာသော အီရန်အိုလမာများအား ဖမ်းဆီး ထောင်ချ ညှင်းပန်း သတ်ဖြတ် ခဲ့ပေသည်။ ရှား၏ Sလေak ခေါ်လျှို့ဝှက်ထောက်လှမ်းရေး ရဲများသည် ပြည်သူအား တရားသူကြီး၏ ဝရမ်းမပါဘဲ ထောင်တွင်း၌ အချိန် အကန့်အသတ်မရှိ ချုပ်နှောင်ထားခဲ့ကြသည်။

ပြည်သူများအတွက် တရားဥပဒဟူ၍ မရှိ၊ ဖိနှိပ်အုပ်ချုပ်သော စနစ်ဖြင့် အုပ်ချုပ်ခဲ့ခြင်း ဖြစ်သည်။

အီရန်နိုင်ငံတွင် ၁၉၀၆ ၌ အခြေခံဥပဒေကို ပြင်ဆင်၍ လူထုအစိုးရ စည်မျဉ်းခံဘုရင် စနစ်ကို တည်ထောင်ခဲ့သည်။ သို့သော် နောက်ပိုင်း ရုရှား၏ အကူအညီဖြင့် ရှားက ထိုဥပဒေကို ပြန်လည်ဖျက်သိမ်းခဲ့သည်။ ၁၉၂၀တွင် ဗြိတိသျှ သည် အီရန်နိုင်ငံကို ၎င်း၏ အစောင့်အရှောက်ခံ နိုင်ငံ အဖြစ် ပြုလုပ်ခဲ့သည်။ ထိုအချိန်တွင် အမေရိကန်၏ ဦးဆောင်မှုဖြင့် ယာယီရွေး ကောက်ပွဲပြုလုပ်ပေးပြီး လူကြိုက်နည်းသော ရှားကို ပြန်လည် အုပ်ချုပ်စေခဲ့သည်။ အီရန် မှ လူအခွင့်အရေးအဖွဲ့များနှင့် ပြည်သူလူထုက ရုပ်ပြ ဒီမိုကရေစီဝါဒကို လက်မခံခဲ့ကြပေ။ ဒီမိုကရေစီ ဟူသည် ပြည်သူများ၏ လူမှုဖူလုံရေး၊ တရားမျှတရေးကို ပေးနိုင်သည့် အစိုးရ ဖြစ်ရမည်။ ရှား၏ ဒီမိုကရေဒီမှာ အုပ်ချုပ်သူ လူတန်းစားများနှင့် လူနည်းစုအတွက်သာ ဘာဝလုံခြုံမှု ပေးနိုင်ပြီး၊ ပြည်သူလူထု အတွက် အကျိုးအမြတ် မရှိသော ဒီမိုကရေစီ ဖြစ်နေပေသည်။

အီဂျစ်နိုင်ငံတွင်လည်း ၁၉၂၃ခု ၁၉၅၂ထိ အထွေထွေရွေးကောက်ပွဲ ၁၇ ကြိမ် ပြုလုပ်ခဲ့သည်။ ထို ၁၇ ကြိမ်းလုံးတွင်  လူကြိုက်များသော Wဖ်ဒ် ပါတီက အနိုင်ရခဲ့သည်။ သို့ရာတွင် Wဖ်ဒ် ပါတီက တရားဝင် ငါးကြိမ်သာ အုပ် ချုပ်ခွင့် ရရှိခဲ့သည်။ ကျန် ၁၂ ကြိမ်အုပ်ချုပ်ခွင့်ကို ဗြိတိသျှနှင့် အီဂျစ်ဘုရင်တို့၏ ဖိအားကြောင့် Wဖ်ဒ် ပါတီက စွန့်လွှတ်ခဲ့ရသည်။

စအူဒီနိုင်ငံတွင်လည်း ၁၉၃၂တွင် ဘုရင်စနစ်ကို ဝဟာဗီ အတွေးအခေါ် ဖြင့် တည်ထောင်ခဲ့သည်။ ထိုအချိန်မှ စတင်၍ ကုရ်အာန်ကို ဖွင့်ဆိုရာ၌ သူတို့၏ ရိုးရာ အတိုင်း ကျဉ်းမြောင်းသော စနစ်ဖြင့် အဓိပ္ပါယ်ကို ကျင့်သုံးခဲ့သည်။ ထိုကျဉ်း မြောင်းသော ဖွင့်ဆိုချက်များအရ ကုရ်အာန်တွင် လူကျင့်ဝတ်နှင့် ဆိုင်သော ဥပဒေများမှာ အလွန်အားနည်းနေ၍ ဥပဒေပြုရာ၌ လိုအပ်သလို စအူဒီ ပုပ်ရဟန်းကြီးများ၏ အာဘော်ဖြင့် ဖြည့်စွက်ပေးခဲ့ပေသည်။ စအူဒီ၏ ကြွေး ကြော်ချက်မှာ ၎င်းတို့၏အုပ်ချုပ်ရေးသည် စစ်မှန်သော အစ္စလာမ်အုပ်ချုပ်ရေး ဖြစ်သည် ဟူ၍ပင်။ ၎င်းတို့ ကျင့်သုံး လျှက်ရှိသော ဥပဒေများမှာ အစ္စလာမ် တရားစစ်တရားမှန် ဖြစ်သည်ဟူ၏။ ထို ကြေညာ ချက်အား စအူဒီ ရှိ အိုလမာများက မှန်ကန်ကြောင်း ထောက်ခံပေးခြင်းဖြင့် ပြည်သူများအပေါ် အလွန် ခေတ်နောက် ကျသော သက်ဦး ဆံပိုင် မင်းစိုး ရာဇာစနစ်ဖြင့် ဖိနှိပ်ချုပ်ချယ်နိုင်ခဲ့သည်။ စအူဒီ ရှိ အမျိုးသမီးများ တစ်ကိုယ် လုံးခြုံထည် ခြုံရ ရုံမက မျက်နှာများ အပေါ်သို့ပင် အဝတ် အုပ်ရသည်။ ကားမောင်းခွင့်မရှိချေ။ စအူဒီ တိုင်းရင်း သားများ၏ ဦးခေါင်း၌ အုပ်သော အဝတ်မှ ချည်သော ကြိုးကို တိုင်းရင်းသား မဟုတ်သူများက ပုံတူ ဝတ်ပိုင်ခွင့် မရှိပေ။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဘုရင်၏ ဆွေတော် မျိုးတော်များ ဖြစ်ရမည်။ ရွေးကောက်ပွဲ ဟူ၍-  ကတိပေးထားပြီး မြူနီစီပါယ် ရွေးကောက်ပွဲကိုပင် ယခုအထိ မလုပ်သေးပေ။ ထိုသို့သော ဥပဒေများသည် ကျမ်း မြတ်ကုရ်အာန်က ဖျက်သိမ်းပြီး ဖြစ်သော အစ္စလာမ်မ တိုင်မီ အာရဗ်များ၏ ရိုးရာယဉ်ကျေးမှုများသာ ဖြစ်ပေ သည်။ ထိုသို့ လူတန်းစား ခွဲခြား၍ ဘုရင်နှင့် သက်ဦးဆံပိုင် ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခြင်းကို အစ္စလာမ် သာသနာ၏ စစ်မှန် သော အုပ်ချုပ်ရေးဟု ဆိုခြင်းဖြင့် ကမ္ဘာ့အလယ်တွင် အစ္စလာမ် သာသနာအား အထင်မှား အမြင်မှား ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် မွတ်စလင်မ်များကို ခေတ်မှီစေချင်သော သူမှာ မုဟမ္မဒ်အလီ ဂျင်နား ၁၈၇၆-၁၉၄၈ ဖြစ်သည်။ သူသည် ပါကစ္စတန်နိုင်ငံအား ခေတ်သစ် အုပ်ချုပ်ရေး စနစ်ဖြင့် ဆေးရောင်ချယ်ခဲ့သူ ဖြစ်သည်။ မွန်ဂိုဘုရင် အော်ရန် ဇေ့ဗ် လက်ထက်တွင် မွတ်စလင်မ်များသည် အိန္ဒိယနိုင်ငံတွင် မွတ်စလင်မ်များ၏ ဓလေ့ထုံးတမ်းများ ပျောက်ကွယ်ရ မည့် အရေးကို စိုးရိမ်းသောက ရောက်ရှိခဲ့ကြရသည်။ ဗြိတိသျှတို့က အိန္ဒိယတိုက်ငယ်ကို ဟိန္ဒူအိန္ဒိယ၊ မွတ်စလင်မ် ပါကစ္စတန်ဟူသော တံတိုင်း ခြားပေးခဲ့သည်။ နောက်ပိုင်းတွင် တစ်ဖက်နှင့် တစ်ဖက် အစုလိုက်အပြုံလိုက် သတ်ဖြတ် မှုများကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ အလီဂျင်းနားသည် ပါကစ္စတန် နိုင်ငံကို ခေတ်ရေစီးကြောင်း နှင့်အညီ နိုင်ငံရေးနယ်ပယ် တစ်ခု ဖန်တီး၍ ဘာသာရေးဆိုင်ရာ အယူဝါဒများ ပူးကပ်သော နိုင်ငံရေးစနစ်မှ ဟန့် တားရန် ဖြစ်သည်။ သူ၏ရည်ရွယ်ချက်မှာ အနောက်တိုင်းသားတို့၏ဒီမိုကရေစီရေးပုံစံကို ဖန်တီးရန် ဖြစ်သည်။ ထို အနောက်တိုင်းသားတို့၏ နိုင်ငံရေးတွင် ဘာသာရေးက ဝင်ရောက်ဟန့်တား နိုင်မှုမရှိဘဲ လောကီအကျိုးအမြတ် တစ်ခုတည်းကိုသာ ရှေ့ရှုသော နိုင်ငံကဲ့သို့ တည်ဆောက်ရန် အလီဂျင်းနားက ရည်ရွယ်ခဲ့သည်။

အလီဂျင်းနား အုတ်မြစ်ချခဲ့သော ထို နိုင်ငံရေးလမ်းစဉ်အား ဂျမာအသ်သေ အစ္စလာမ် အဖွဲ့ကို တည်ထောင်သူ အဗ္ဗဒွလ်အာလာမောက်ဒူဒီ ၁၉၀၃-၁၉၇၉ က ရှရီယာကို ပိုမို အခြေခံသော နိုင်ငံရေး အဖြစ် ပုံစံပြောင်းခဲ့သည်။ ၁၉၅၆တွင် အခြေခံမူဝါဒများ ရေးဆွဲ၍ ပါကစ္စတန်နိုင်ငံကို အစ္စလာမ့် အုပ်ချုပ်ရေးအမည်ဖြင့် စတင်ခဲ့သည်။ သို့ရာ တွင် မောက်ဒူဒီ၏ ပြင်းပြသော ဆန္ဒတစ်ခုသာ ဖြစ်ခဲ့၍ အမှန်တကယ် အကောင်အထည် မဖော်လိုက်ရပေ။

ဗိုလ်ချုပ်ကြီး အယွတ်ခန်း ၁၉၅၈-၁၉၆၉ အစိုးရက လုံးဝဥဿုံ လောကီဘက်ယိမ်း မူဝါဒဖြင့် အုပ်ချုပ်ခဲ့သည်။ သူသည် ပါကစ္စတန် နိုင်ငံအတွင် အိုလမာများ၏ အရည်အချင်းများကို အာဏာသိမ်းခဲ့သည်။ ဘာသာရေးကျောင်း များတွင် လောကီရေးရာ ပညာရပ်များကို ပိုမို မြှင့်တင်ပေးသည့် စနစ်အား ကျင့်သုံးခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ အစ္စလာမ်ဟူသော သာသနာသည် မူဆလင် လူတု တစ်ရပ်လုံးနှင့် သက်ဆိုင်၍ အိုလမာဟူသော ဘုန်းကြီး ရဟန်း လူတန်းစား တစ်ရပ်၏ မောင်ပိုင်စီးထားခြင်းမှ ကင်းလွတ်ရန် ဖြစ်ခဲ့သည်။ အထူးသဖြင့် အိုလမာများ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှု မရှိရေး ဖြစ်သည်။ နောက်ဆုံးတွင် အယွတ်ခန်းသည်လည်း နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့ပြီး ဖြစ်သော မိရိုးဖလာအမှောင်ထုအား ဖေါက်ထွင်း အလင်းဆောင်နိုင်သော လမ်းပြမီးအိမ်တစ်ခု မဖြစ်ခဲ့နိုင်ဘဲ အာဏာ စွန့်ခဲ့ရလေသည်။

၁၉၇၀တွင် ဘာသာရေး သမားများသည် အစိုးရ၏ အဓိက အတိုက်အခံများ ဖြစ်လာသည်။ ထိုအချိန် ၁၉၇၁-၁၉၇၇ တွင် လက်ဝဲဝါဒီ လောကီအားသန်သူ ဇွလ်ဖီကာအလီဘူတိုက ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ အလီဘူတိုသည် အတိုက်အခံ ဘာသာရေးသမားများနှင့် သဟဇာတ ဖြစ်ရန် အရက်နှင့် လောင်းကစားကို တစ်တိုင်းပြည်လုံးတွင် တရားဝင် ပိတ်ပင်ခဲ့သည်။ သို့ရာတွင် အတိုက်အခံ အိုလမာများ၏ တောင်းဆိုမှုကို လုံလောက်စွာ လိုက်လျော နိုင်ခဲ့ ခြင်း မရှိခဲ့သည့်အတွက် ၁၉၇၇ ဇွန်လတွင် ဘာသာရေး ကိုင်းရှိုင်းသော ဇေယာအွလ်ဟက် က အာဏာသိမ်းခဲ့သည်။ သူ၏ လက်ထက်တွင် ဘာသာရေး သမားများ၏ တောင်းဆိုမှုကို ပိုမို၍ လိုက်လျောနိုင်ခဲ့သည်။ တိုင်းပြည်၏ အခြေခံ ဥပဒေတွင် ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများကို ဘာသာရေးဆိုင်ရာ ဥပဒေနှင့် ဆုံးဖြတ်ရေးနှင့် တစ်နိုင်ငံလုံးတွင် ပါကစ္စတန် ရိုးရာဝတ်စုံ ဝတ်ဆင်မှုတို့ကို ပြဋ္ဌာန်းခဲ့သည်။ ဇီယာအွလ်ဟက်၏ အစ္စလာမ့်ဥပဒေကို အခြေခံသော ဥပဒေသည်လည်း လောကီ ကောင်းစားရေးကို ဦးစားပေးသော နိုင်ငံရေး လမ်းစဉ်သာ ဖြစ်ခဲ့သည်။

၁၉၈၈ ခုနှစ် ဇီယာ လေယာဉ်ပျက်၍ သေဆုံးသွားချိန်မှ စ၍ လူနည်းစုကသာ နိုင်ငံရေးကို ချုပ်ကိုင် လွှမ်းမိုးခဲ့တော့ သည်။ ထို လက်ရွေးစင် အုပ်ချုပ်သူ လူနည်းစုအတွင်း အချင်းချင်း အာဏာပြိုင်မှု လာဘ်စားမှု မကောင်းသတင်းနှင့် ကျော်ကြားမှုများ ရှိနေခဲ့သည်။ ပါကစ္စတန်နိုင်ငံ၏ အုပ်ချုပ်ရေးသည် အစ္စလာမ့်အမည်ကို လှိုင်လှိုင်သုံးသော နိုင်ငံ ရေး ဖြစ်သည်။ အမှန်တကယ် အစ္စလာမ် သာသနာ၏ အနှစ်သာရများ ပါဝင်ခြင်း မရှိပေ။ ထိုသို့သော နိုင်ငံရေး အမျိုးအစားသည် အဘာစီများနှင့် မွန်ဂိုများ၏ အုပ်ချုပ်ရေး စနစ်များကဲ့သို့ပင် ဘာသာသနာ ဆိုင်ရာ ဝေါဟာရ များကို ဘန်းပြ၍ ပြည်သူများအား တင်းကြပ်စွာ အုပ်ချုပ်သော စနစ်ပင် ဖြစ်သည်။



ပါကစ္စတန် အပါအဝင် မွတ်စလင်မ်နိုင်ငံများသည် ၂၀ ရာစု ကုန်ပိုင်းမှ စ၍ ဒီမိုကရေစီဆိုသော စကားလုံးအား လှိုင် လှိုင်သုံးခြင်းများ ရှိခဲ့၍ အခြားတစ်ဘက်တွင် တိုင်းပြည်တွင်း လူများစုဖြစ်သော မွတ်စလင်မ်များအား စိတ်ကြေ နပ်စေ ရန် အစ္စလာမ်ဟူသော စကားလုံးအား မနားတမ်း သံကုန်ဟစ်နေသော်လည်း လက်တွေ့တွင်မူ ကုရ်အာန်မှ ပြောသော၊ လူ့အခွင့်အရေး၊ လူနည်းစု အခွင့်အရေး၊ မွတ်စလင်မ် မဟုတ်သူများအား ကာကွယ်စောင့် ရှောက်ပေး သည့် အခွင့် အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်များ အခွင့်အရေး- ကျန်မာရေး ပညာရေး စသည်တို့ မှာ- အကြီးမား ဆုံး ဖုံးကွယ်ခံထားရသော အဖြစ်ဖြင့်သာ ရှိနေခဲ့ပေသည်။ ဒီမိုကရေစီဆိုသော စကားလုံးကိုလည်း အနောက်တိုင်း သားများနှင့် ဆက်ဆံရေး အဆင်ပြေစေရန်သာ သုံးစွဲခဲ့ခြင်း ဖြစ်၍ လက်တွေ့တွင် အာဏာမက်မော၊ ဖက်တွယ်နေ ခြင်း ဖြင့်သာ အချိန်ကုန်နေလေတော့သည်။

ထိုသို့ ဖြစ်ရသည်မှာ- နိုင်ငံရေး လောကသို့ တက်လှမ်းလာသော သူများကိုယ်တိုင်ပင် အမှန်တရား ဆိုသည်ထက် မိရိုး ဖလာအစွဲကြီးအား တစ်စုံတစ်ရာ ဖက်တွယ်ထားခြင်းနှင့် လူထုအား ကြီးစိုးချယ်လှယ်ထားသော ဘာသာရေး အာဏာ ပိုင် အများစုကြီးမှာလည်း တိုးတက်သော အတွေးအခေါ်များနှင့် ရန်သူကြီးများ ဖြစ်နေသောကြောင့်ပင် ဖြစ်တော့ သည်။

အခြားတစ်ဘက်တွင် ကမ္ဘာ့အင်အားကြီး နိုင်ငံများကလည်း ဒီမိုကရေစီ ဆိုသော စကားလုံးအား လိုင်လိုင်အော်ပေး လျှက် လက်တွေ့တွင်မူ မွတ်စလင်မ်များ စစ်မှန်သော လမ်းစဉ်ဖြင့် ပြန်လည် နိုးထလာမည်ကို လိုလားခြင်း မရှိချေ။ သို့ ဖြစ်၍ မွတ်စလင်မ် လူထုအတွင်း လောကီယိမ်းများအား အားပေးလိုက်၊ ဘာသာရေး အယူသန်များအား ထောက်ပံ့ လိုက်ဖြင့် ဘက်ပေါင်းစုံမှ နိုင်ငံရေး ကျားကွက်ချ ကစားနေပေသည်။ ထိုအထဲမှ- ကုရ်အာန်အား အခြေခံသော အတွေးအခေါ်ပညာရှင်များ ပေါ်ထွန်းလာလျှင်- သူတို့၏ အထွင့်အမြတ်ထားရာ ခရစ်ယာန်ဘာသာအား ထိခိုက် မည်ဟူသော အယူအဆဖြင့် ဘာသာရေး အယူသန်များအား နောက်ကွယ်မှ လှုံ့ဆော်ပေးလျှက် နှိပ်ကွပ်မှုများလည်း ရှိနေပေသည်။ မွတ်စလင်မ်များအတွင်း အချင်းချင်း မသင့်မတင့် ပြည်တွင်းစစ်ဖြစ်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ခင်း- စစ်ပန်းနေလျှင် နောက်ကွယ်မှ နှစ်ဘက်လုံးအား လက်နက်ရောင်းခြင်း- နည်းပညာရောင်းခြင်း- ထောက်လှမ်းရေး သတင်းများရောင်းခြင်း- များဖြင့် စီးပွားဖြစ်ထွန်းသည့်အပြင်- ထိုမွတ်စလင်မ် နိုင်ငံများမှ ရေနံနှင့် အခြားသော သယံဇာတများကိုလည်း ပယ်ပယ်နယ်နယ် အမြတ်ထုတ်သော မူဝါဒဖြင့် စနစ်တကျ လျှောက်လှမ်းနေတော့သည်။

ထို့ပြင် မွတ်စလင်မ်များအား အကြမ်းဖက်များဟု ကမ္ဘာသူ ကမ္ဘာသားများမှ မြင်ယောင်လာစေရန် ထိုမသင့်မတင့် ဖြစ်နေသော မွတ်စလင်မ်များ၏ စစ်ပွဲများအတွင်း အသေခံ ဗုံးခွဲခြင်းများ- မွတ်စလင်မ် အချင်းချင်း သတ်မှုများ အား ပုံကြီးချဲ့လျှက် သတင်းဝါဒ ဖြန့်ချီရေးများကို အကြီးအကျယ် ပြုလုပ်နေပေတော့သည်။ လူဦးရေ သန်း ၁၅၀၀- ၂၀၀၀ ခန့်ရှိသော ကမ္ဘာ့ မွတ်စလင်မ် လူထုကြီးအနက်မှ မပြောပလောက်သည့် ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၅၀၀- ၁၀၀၀ ၏ အသေခံ ဗုံးခွဲခြင်းများကို အစ္စလာမ် သာသနာ၏ သွန်သင်ချက်ဟု ထင်ယောင်ထင်မှား ဖြစ်စေရန် ပြုလုပ် နေမှုများမှာ ရေးဟောင်းဝါဒဖြန့်ချီနည်းသာ ဖြစ်ကြောင်း မွတ်စလင်မ်များကိုယ်တိုင် တွေးခေါ်သုံးသပ်နိုင်မှု မရှိနိုင် ဖြစ်နေရပေသည်။

၂၀ ရာစု အစောပိုင်းကာလတွင် ဘာသာရေး အတွက် အသေခံသော စိတ်ဓါတ်ရှိသည့် ခရစ်ယာန် အခြေခံဝါဒီများ ပေါ်ပေါက်ခဲ့သော အမေရိကန်သည်- အခြေခံဝါဒီများ ပေါ်ပေါက်ရခြင်း၏ သဘောမနောကို သိပြီး ဖြစ်၍ အခြား နိုင်ငံများ တွင် အခြေခံဝါဒီများ ပေါ်ပေါက်ရန် မည်သို့ မျိုးစေ့ချပေးရမည်ကို သဘောပေါက်ပြီး ဖြစ်ပေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး အပြီး- ဆိတ်ငြိမ်ကာလဟု ခေါ်အပ်သော စစ်အေးကာလတွင် ဥရောပနှင့် အမေရိကန်တို့၏ အဓိက အတိုက်အခံမှာ ဆိုဗီယက်ရုရှနှင့် လက်ဝဲနိုင်ငံများ ဖြစ်သော ယူဂိုဆလားဗီးယား- တရုပ်တို့ ဖြစ်ခဲ့သည်။ ထို အထဲတွင် တရုပ်သည် ပါးရည်နပ်ရည်ဖြင့် သီးခြားရပ်တည်ခဲ့သော်လည်း- ဆိုဗီယက်ယူနီယံမှာ လက်ျာအုပ်စုနှင့် ထိပ်ဆိုင်တိုးနေခဲ့ပေသည်။ ထိုလက်ျာအုပ်စုနှင့် ထိပ်ဆိုင်တိုးနေသော ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလားဗီးယားတွင် ဒုတိယ လူအများစုမှာ မွတ်စလင်မ်များ ဖြစ်ခဲ့၍ – အတိုက်အခံအား အင်အားချိနဲ့သွားရန် ပြည်ထောင်စုဖြိုခွဲရေး လျှို့ဝှက် မူ၌ အမေရိကန်က ဆိုဗီယက်နှင့် ယူဂိုဆလားဗီးယား အတွင်းမှ မွတ်စလင်မ်များနှင့် အခြား တိုင်းရင်းသား လူနည်း



စုများအား အခြေခံဝါဒီများ ဖြစ်စေရန် ငွေကုန်ကြေးကျခံလျှက် မျိုးစေ့ ချပေးခဲ့တော့သည်။ အခြေခံဝါဒီများ အပင် ပေါက်လာသော အခါ- ဥရောပ အတွင်းမှ အဓိက အချက်အခြာ ဖြစ်သည့် ယူဂိုဆလားဗီးယားအား စတင်မွေနှောက် ဖြိုခွဲခဲ့လေတော့သည်။ ထိုအကွက်များကို ရိပ်စားမိသော ရုရှားများက ပြည်တွင်း စစ်ကို ရှောင်လျှက် ပြည်ထောင်စု အား သွေးအေးအေးဖြင့် ခွဲပေးလိုက်၍- လက်ျာအုပ်စုများ ကမ္ဘာစစ် မဖြစ်ဘဲလျှက် အနိုင်ရသွားလေတော့သည်။

သို့သော် ထိုဥရောပသားတို့၏ စီမံချက်သည်ကား မပြီးဆုံးသေးပေ၊ လွတ်လပ်ရေးရ မီးခေါင်ပေါက် လူလားမြောက် လာသော မွတ်စလင်မ် ကမ္ဘာအား အညွှန့်ချိုးထားရန်မှာလည်း တာဝန်တစ်ရပ်ပင် မဟုတ်ပေလော။ သို့ဖြင့် သူတို့ မွေး ထားသော ထိုအခြေခံဝါဒီများအား လေမှုတ်စက်ဖြင့် လိုရာသို့ မှုတ်ထုတ်လိုက် သကဲ့သို့ဖြစ်ရန် မွတ်စလင်မ် နိုင်ငံငယ် များ ဖြစ်သော- အာဖဂန်နှင့် အီရတ်ထံသို့ ငါးစာချ လွှင့်ထုတ်လိုက်လေတော့၏။ ထို့နောက် ထိုအခြေခံဝါဒီများ၏ လုပ်ရပ်အား အစ္စလာမ်သာသနာမှ သွန်သင်သယောင် ကမ္ဘာကြီးအား ဝါဒဖြန့်လေတော့သည်။

လက်ျာဝါဒီတို့၏ မဟာဗျူဟာအား သိမြင်နေသော်လည်း- ထိုးဖေါက်တက်လာသည့် တရုပ်နှင့် အခြားနိုင်ငံများတွင် မွတ်စလင်မ်သည် ဒုတိယ လူများစု ဖြစ်နေသဖြင့်- နိုင်ငံရေးအရ နှိပ်ကွပ်ထားရန် လိုသည်ဟူသော မူဝါဒဖြင့် အမေရိ ကန်နှင့် ဥရောပသားတို့၏ ဝါဒဖြန့်မှုကို ထပ်ဆင့် သံယောင်လိုက်ပေးနေလေတော့သည်။ အမှန်တကယ်တွင် ထိုသို့ အခြေခံဝါဒီများ ဖြစ်လာရန်- အယူသည်းပါသည်ဟု ပြောနေသော အိုလမာများမှ သော်လည်းကောင်း၊ သဘောထား ပျော့ပျောင်းပါသည်ဟု ဆိုသော မွတ်စလင်မ် ခေတ်ပညာတတ် အုပ်စုများမှ သော်လည်းကောင်း မွေးထုတ် အားပေး ခဲ့ခြင်း မဟုတ်ချေ။ ထိုအုပ်စု နှစ်ခုသည် အချင်းချင်း ဝိရောဓိ ဖြစ်နေသော်လည်း

အများမွတ်စလင်မ်များအပေါ် ကိုယ့်အမြင်နှင့်ကိုယ် တိုးတက်စေလိုသော စေတနာများ၊ အချင်းချင်းဖြစ်စေ- အခြားဘာသာဝင်များနှင့် ဖြစ်စေ ငြိမ်းချမ်းစွာ အတူနေလိုသော ဆန္ဒများ အပြည့်ရှိနေခဲ့ပေသည်။

အမှန်တကယ်တွင် အစ္စလာမ်သာသနာ၏ အခြေခံဝါဒမှာ မွတ်စလင်မ်မုန်း အနောက်တိုင်းသားတို့၏ ဖွင့်ဆိုမှုနှင့် မတူညီချေ။ ခေတ်သစ် အစ္စလာမ် အခြေခံဝါဒီများ၏ အစောဦးဆုံး ဖြစ်သူမှာ မောက်ဒူဒီဖြစ်၍ သူသည် ဂျမာ အသ်သေ အစ္စလာမ်အဖွဲ့ကို ပါကစ္စတန်နိုင်ငံတွင် တည်ထောင်ခဲ့သည်။ သူသည် စစ်အေးခေတ်ကုန်လျှင် အစ္စလာမ် ကမ္ဘာအား ချေမှုန်းတော့မည့် အနောက် တိုင်းသားတို့၏ ခြေလှမ်းကို ကြိုတင်သိရှိခဲ့သူ ဖြစ်သည်။ မွတ်စလင်မ်များ သည် စည်းလုံးညီညွတ်စွာဖြင့် အနောက်တိုင်း၏ ခေတ်သစ် စီးပွားရေး ကိုလိုနီ မူဝါဒများနှင့်(စီကူလာရစ်) လောကီ ဘက်ယိမ်း နိုင်ငံရေး ပေါ်လစီများကို ဆန့်ကျင်ရန် အစောဆုံး တိုက်တွန်းနှိုးဆော်ခဲ့သူ ဖြစ်သည်။ သို့မှသာ မွတ် စလင်မ်များသည် မိမိတို့၏ ဘာသာ သာသနာ အယူဝါဒများအားဖြင့် လောကတွင် ရှင်သန်နိုင်သူများ ဖြစ်မည်ဟု ယုံကြည် ခဲ့သူ ဖြစ်သည်။ သူ၏ အယူဝါဒမှာ အလုံးစုံသော အချုပ်အခြာ အာဏာနှင့် ကမ္ဘာ့နယ်ပယ် အားလုံးကို စိုးပိုင်သော အရှင်မှာ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်တစ်ပါးတည်းသာ ဖြစ်၏။ ထိုတုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ ဥပဒေအရ လူတိုင်း သည် မွေးရာပါ အခွင့်အရေး အဖြစ် လွတ်လပ်စွာ ယုံကြည်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ဘဝတည်ဆောက်ခွင့်၊ လွတ်လပ်စွာ ပြောဆို ပိုင်ခွင့်များကို ပိုင်ဆိုင်သည်။ ထိုအခွင့်အရေးများကို မည်သူ တစ်ဦး တစ်ယောက် ကမျှ ဝင်ရောက် ခြယ်လှယ်ပိုင်ခွင့် မရှိချေ၊ ဟူ၍ ဖြစ်သည်။

အကယ်၍ တစ်ဘာသာနှင့် တစ်ဘာသာ၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ပုတ်ခတ်စော်ကား နယ်ချဲ့ ကျူးကျော်မှုများ ရှိလျှင်၊ ခုခံ တော်လှန် ရမည်မှာ လူသားတိုင်း၏ မွေးရာပါ တာဝန်ဝတ္တရား ဖြစ်သည်။ တမန်တော် မုဟမ္မဒ်သည် ဝန်းကျင်ရှိ အမိုက်မှောင် ဝါဒီများနှင့်၊ လူသား အချင်းဂုတ်သွေးစုပ် အမြတ်ထုတ်သော ဝါဒလမ်းစဉ်များ၊ ပုတ်ခတ်စော်ကားမှုများ၊ အသရေဖျက် ဝါဒဖြန့်ခြင်းများ၊ ဘာသာရေး ဖိနှိပ်မှုများကို တိုက်ဖျက်၍

လူသားတစ်ရပ်လုံးအား ဘဝလွတ်မြောက်စေသော စံပြ ခေါင်းဆောင်အဖြစ် ရပ်တည်ခဲ့သည်။ ထို့ကြောင့် တမန်တော် မုဟမ္မဒ်၏ စံနမူအတိုင်း ကျင့်ဆောင်ရမည်ဟုလည်း မောက်ဒူဒီက ဆိုခဲ့ပေသည်။

ထိုကဲ့သို့ နိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးများတွင် ဂုတ်သွေးစုတ်သူများအား တွန်းလှန်ရမည့် တာဝန်မှာ အစ္စလာမ် သာသနာ၏ အခြေခံ မဏ္ဍိုင်ကြီးငါးခုနှင့် ထပ်တူထပ်မျှ ဖြစ်၍ အခြေအနေနှင့် အချိန်အခါပေါ်တွင် မူ



တည်လျှက် လက်တွေ့ အကောင်အထည် ဖော်ဆောင်ရမည်ဟု မွတ်စလင်မ်လူထုအား တိုက်တွန်းခဲ့ပေသည်။ သူ့ အလျှင် မည်သူကမျှ သူ့ကဲ့သို့ ဖွင့်ဆိုခဲ့ခြင်း မရှိခဲ့ပေ။

မောင်ဒူဒီ၏ အယူအဆ၊ အတွေးအခေါ်အား အခြေခံ လက်ခံသူမှာ အီဂျစ်နိုင်ငံသား ဆိုက်ယဒ်ကုတ္တဗ် (၁၉၀၆-၁၉၆၆) ဖြစ်ခဲ့သည်။ သူသည် မူလက ပြင်းထန်သော အခြေခံဝါဒီတစ်ဦး မဟုတ်ခဲ့ပေ။ သို့ရာတွင် အနောက်တိုင်း သားတို့၏ ချယ်လှယ်မှုနှင့် လောကီရေးဘက်ယိမ်း နိုင်ငံရေး အာဏာပိုင်များ၏ ဖိအားကြောင့် စိတ်ဓါတ်ပြတ်သား သော အခြေခံဝါဒီတစ်ဦး ဖြစ်လာခဲ့ရသည်။ ၁၉၅၃တွင် မွတ်စလင်မ်ညီနောင် အဖွဲ့ကို ဖွဲ့၍ အနောက်တိုင်း ဒီမို ကရေစီ ဝါဒနှင့် အစ္စလာမ်သာသနာ့ လမ်းစဉ်အား လိုက်လျောညီထွေ ဖြစ်မည့်ပုံစံဖြင့် တည်ထောင်လျှက် လောကီဝါဒီ သက်သက် ဘဝကို ရှောင်ရှားသော နိုင်ငံရေး သမားတစ်ဦး ဖြစ်သည်။ မွတ်စလင်မ် ညီနောင်များအဖွဲ့ဝင် တစ်ဦး ဖြစ်ခြင်းကြောင့် ၁၉၅၆တွင် သမ္မတနာဆာရ်၏ ထောင်သွင်းအကျဉ်းချခြင်းကို ခံခဲ့ရသည်။

ထောင်ထဲတွင် တရားလက်လွှန် ညှင်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်။ ထို့နောက် သူ့တွင် အတွေးအခေါ် တစ်ရပ် ဖြစ် တည်ခဲ့သည်မှာ မေတ္တာတရားကို အခြေခံသည့် ဘာသာရေး ဘက်ယိမ်း နိုင်ငံရေးသမားများ နှင့် လောကီဘက်ယိမ်း နိုင်ငံရေးသမားတို့မှာ လူ့အဖွဲ့အစည်းကြီး တစ်ခုတည်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ၍ နေထိုင်ရန် အခက်အခဲများ ရှိသည်ဟု ပင် ဖြစ်သည်။ သူသည် လောကီဘက်ယိမ်း နိုင်ငံရေး သမားများ၏ အာဏာအတွက် မည်သူ့ကိုမျှ မထောက် ထား ဘာသာတရားတစ်ခုတည်း အောက်မှ လူသား ညီနောင်များ ဖြစ်သည်ဟူသည့် စိတ်မျိုးပင် မွေးနိုင်ခြင်းမရှိဘဲ အာဏာပိုင်များက အတိုက်အခံ ဖြစ်သည့် မွတ်စလင်မ် ညီနောင် အဖွဲ့ဝင်များစွာကို ထို အဖွဲ့ဝင်ဖြစ်သည် ဟူသည့် ပုဒ်မ တစ်ခုတည်းဖြင့် အပြိုးအာဃာတ ကြီးစွာဖြင့် သေကြေလောက်သည်ထိ ညှင်းပန်းနှိပ်စက်မှုများ ပြုခြင်း၊ တရား လက်လွှန် သေဒဏ်ပေးခံရခြင်းများကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသူ ဖြစ်သည်။

နာဆရ်သည် အီဂျစ်နိုင်ငံအတွင်း ဘာသာရေးဆိုင်ရာ အိုလမာများအား ချုပ်ခြယ်ကန့်သတ်၍ ဘောင်ခတ်အနားသတ် အုပ်ချုပ်သူ ဖြစ်သည်။ ထိုကဲ့သို့ လောကီအာဏာ တစ်ခုတည်းကို ဗဟိုပြု အုပ်ချုပ်သူ အာဏာရှင်များသည် မွတ် စလင်မ်များ၏ အဓိက အတွင်းရန်သူများ ဖြစ်ပြီး၊ နယ်ချဲ့များမှာ အပြင်ရန်သူများသာ ဖြစ်သည်ဟု ကုတ္တဗ်က မှတ် ချက်ချခဲ့သည်။ သို့ဖြစ်၍ ပြည်တွင်း အာဏာရှင်အား တော်လှန်ရန်မှာ ပထမ၊ ချယ်လှယ် ကြီးစိုးရန် တာစူနေသော နယ်ချဲ့တို့အား တော်လှန်ရမည်မှာ ဒုတိယ ဖြစ်သည်ဟု သူက ဖွင့်ဆိုခဲ့သည်။

ဤသို့ အစ္စလာမ် သာသနာအတွင်းမှ အခြေခံဝါဒီများ ဖြစ်တည်လာရခြင်းမှာ- အခြေခံဝါဒီများ ဖြစ်တည်လာစေရန် မျိုးစေ့အား စနစ်တကျ ပြုစုပျိုးထောင်ပေးရန် နည်းပညာကို သိခဲ့သော အနောက်တိုင်းသားတို့၏ လက်ရာပင် ဖြစ် တော့သည်။ အနောက်တိုင်းသားတို့သည်

အာရဗ်ကမ္ဘာမှ ရေနံအား ဖြစ်သလိုနည်းဖြင့် လိုအပ်နေသည်က တစ် ကြောင်း၊ မီးခေါင်ပေါက် လူလားမြောက်လာသော မွတ်စလင်မ်တို့အား ပြည်တွင်းရေးဖြင့် နဘန်းလုံးနေစေရန် လို လားသည်က တစ်ကြောင်း - စသော အကြောင်းခံကြောင်းများကြောင့် သမ္မတ နာဆာရ်၏ လုပ်ရပ်များကို လူ့အခွင့် အရေး ဟူသော ပုဒ်မ အောက်မှ သံကုန်ဟစ်ပေးခြင်း မရှိဘဲ၊ အဖိနှိပ်ခံ မတရား ညှင်းပန်းခံ မွတ်စလင်မ် ညီနောင်များကိုသာ စွန်းရောက်များ၊ ဘာသာရေး အယူသန်များ၊ စစ်သွေးဆာနေသူများ (ထိုစဉ်က အကြမ်းဖက်ဟူသော ဝေါ ဟာရ မပေါ်သေးပေ) ဟု တစ်ဘက်ဖောင်းနင်း ဝါဒဖြန့်ချီပေးလျှက်- တစ်ဘက်လှည့်ဖြင့် နာဆာရ်အား ထောက်ပံ့ ပေးထားမှုများကြောင့် ဖြစ်ရပင်။ ၁၉၆၆ခုနှစ်၌ သမ္မတ နာဆာရ်သည် ဆိုက်ယဒ်ကုတ္တဗ်အား သေဒဏ်ပေးကွပ်မျက် ခဲ့လေသည်။

ထိုသို့သော မတရား ဖိနှိပ်ခံရမှုများကြောင့် နောက်ပိုင်းတွင် ဆိုက်ယဒ်ကုတ္တဗ် အတွက် ခံစားပေးသူများက သူ၏ လမ်းစဉ်ကိုအခြေခံလျှက် အာဏာရှင်အား ဆန့်ကျင်ရန် ပိုမိုပြတ်သားစွာ ပေါ်ပေါက်လာခဲ့ လေတော့သည်။ နာဆာရ် အား ဆက်ခံသော အန်ဝါရ်ဆာဒတ်သည်လည်း နာဆာရ် ကဲ့သို့ပင် လူထုအား အကြီးအကျယ် နှိပ်ကွပ်သော နည်းဖြင့် တိုင်းပြည်အား အုပ်ချုပ်ခဲ့လေသည်။ တိုင်းပြည်အား အကြီးအကျယ် နှိပ်ကွပ်ထားနိုင်ရန် လက်ကိုင်တုတ် ထောက် လှမ်းရေးများကို မွေးမြူထားလျှက် ပြည်သူအား လှုပ်မရနိုင်အောင် ဖိထားသော မူဝါဒအား သုံးခဲ့လေသည်။ ထို ထောက်လှမ်းရေး နည်းပညာများအား လူ့အခွင့်အရေးအား သံကုန်ဟစ်နေသော အနောက်တိုင်းသားများကပင်



စနစ်တကျ လေ့ကျင့်သွန်သင်ပေးခြင်းပင် ဖြစ်တော့၏။ ထိုသို့ ထောက်လှမ်းရေး ယန္တရားဖြင့် ဖိနှိပ်ထားသည့် ကြားမှ အာဏာရှင် တော်လှန်ရေး အုပ်စုမှ အသက်စွန့်လျှက် သမ္မတအန်ဝါရ် ဆာဒတ်အား လုပ်ကြံလိုက်လေတော့သည်။

အာဒတ် လုပ်ကြံခံရပြီးနောက် ဟူဆနီ မူဘာရာ့က်က သမ္မတရာထူးကို ဆက်လက် လွဲပြောင်းယူခဲ့သည်။ သူသည်လည်း ပြည်သူများအား ဖိနှိပ်သော နည်းဖြင့်ပင် အုပ်ချုပ်ထားလျှက် ရှိနေပေသည်။ မွတ်စလင်မ် ညီနောင်များ အဖွဲ့အား နည်းမျိုးစုံဖြင့် ဖိနှိပ်ထားဆဲပင်။ ၂၀၀၇ ခုနှစ်တွင် အီဂျစ်နိုင်ငံအား ရွေးကောက်ပွဲ လုပ်ပေးမည်ဟု ကမ္ဘာသိကြေငြာ သော်လည်း-လူထုက မွတ်စလင်မ်ညီနောင်များ အဖွဲ့အား ထောက်ခံမှု ပိုမိုများပြားသည်ကို သိလိုက်သည်နှင့် ထိုကြေ ငြာချက်အား ဗြောင် ဖုံးကွယ်ထားလိုက်တော့သည်။

၁၉၉၄ တွင် အာဖဂန်နစ္စတန်တွင် အာဏာရလာခဲ့သော တာလီဘန် ခေါ် ကျောင်းသားများ အစိုးရသည်လည်း ဆိုက် ယဒ် ကုတ္တဗ်၏ လမ်းစဉ်ကို အခြေခံခဲ့သူများ ဖြစ်ကြသည်။ သို့သော် နောက်ပိုင်းတွင် ထိုလမ်းစဉ်မှ လွှန်ဆန်လျှက် လုံးဝဥသုံဘာသာရေး အယူသီးမှုဘက်သို့ ဦးတည်သွားလေတော့သည်။ ထိုသို့ ဖြစ်ရသည်မှာ ထိုကျောင်းသားများ သင်ယူ ဆည်းပူးခဲ့သော ပညာရေး စနစ်ကြောင့်ပင်၊ ထိုကျောင်းများမှ ပညာရေး စနစ်မှာ မွန်ဂိုအင်ပါယာ မတိုင်မီ သင်ရိုးဟောင်းများ ဖြစ်၍- သင်ရိုးသစ် ပြဌာန်းခြင်းအား တားမြစ်ပိတ်ပင်ထားသော ကျောင်းများ ဖြစ်ပေသည်။ ထိုတာလီဘန် အိုလမာများသည် အစိုးရ အကြီးအကဲများ ဖြစ်လာသောအခါ- အမျိုးသမီးများအား အတင်းအဓမ္မ ခေါင်းမြီးခြုံစေ၍ အိမ်တွင်းပုန်း စနစ်ဖြင့် နေစေခြင်း၊ အမျိုးသမီးများ အဖို့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စနစ်များကို ဖျက်သိမ်းပစ်ခြင်း၊ တိုင်းသူပြည်သားများကိုလည်း ခေတ်သစ်ပညာရေးမှ ကင်းကွာစေခြင်း စသည့် လွန်စွာ ခေတ်နောက်ဆွဲသည့် စနစ်များကို တင်းကြပ်စွာ ပြဌာန်းလေတော့သည်။ တိုင်းပြည်တွင် ထုတ်လွှင့်လျှက် ရှိ သော ရေဒီယို၊ တီဗွီ အစီအစဉ်များတွင်လည်း သူတို့ သီအိုရီဖြင့် ယူဆသော ဘာသာရေး စနစ် ဝါဒဖြန့်ချီမှုများကို သာ ထုတ်လွှင့်ခွင့်ခဲ့၍၊ ဖျော်ဖြေရေး အစီအစဉ်များကို တားမြစ်ပိတ်ပင်ခဲ့သည်။

မွန်ဂိုဘုရင် အာလာမ်ဂီရီ၏ ဓမ္မတ်ကဲ့သို့ အိမ်ထောင်ရေးဖောက်ပြန်မှု အတွက် သေဒဏ်ပေးခြင်း၊ မွတ်စလင်မ်ဖြစ်ပြီး အခြားဘာသာသို့ကူးပြောင်း သူအား သေဒဏ်ပေးခြင်း စသည့် ကုရ်အာန်နှင့် ဆန့်ကျင်သည့် ဥပဒေများအား ပြ ဌာန်းခဲ့လေသည်။ ထိုလီလီဘန်များသည် ကုရ်အာန်ဆန့်ကျင်သော လူမျိုးရေး ခွဲခြားမှု စနစ်အား အကြီးအကျယ် ပြုလုပ်ခဲ့လေသည်။ တာလီဘန်များမှာ ပါးရှုန်းမျိုးနွယ်စု ပါရှ်တန်များ ဖြစ်၍၊ အာဖဂန်မြောက်ပိုင်းမှ ပါရှ်တန် မဟုတ် သည့် လူမျိုးနွယ်များကို အကြီးအကျယ် ဖိနှိပ်ခွဲခြားခဲ့လေသည်။ ထို့ပြင် ဒေသခံ သို့မဟုတ် နိုင်ငံသား ဖြစ်ပြီးသူ အစ္စလာမ် ဘာသာဝင်မဟုတ်သူများကိုလည်း အကြီးအကျယ် ခွဲခြားထားခဲ့လေသည်။

သို့သော် ထိုသို့ အစ္စလာမ့် ဥပဒေ ကုရ်အာန်နှင့် တိုက်ရိုက်ဆန့်ကျင်သော ဆောင်ရွက်မှုများအား လက်တွေ့ ဆောင်ရွက် လျှက် အစ္စလာမ် သာသနာ၏ စစ်မှန်သော အဆုံးအမ အမွေအနှစ်များ ဖြစ်သည်ဟု ခံယူကြသူများ ဖြစ်ကြလေသည်။ ထိုသို့သော သူတို့၏ မျက်ကန်းမျိုးချစ် တစ်ယူသန် ဝါဒကြောင့်များကြောင့်- အစ္စလာမ် သာသနာအား ပြစ်တင်ဝေ ဖန်ရန် အမြဲကြိုးစားနေသော အနောက်တိုင်းသားတို့ အနေဖြင့် ပုံကြီးချဲ့ ဝါဒဖြန့်ချီရန် ဂွင်ဝင်သွားလေတော့သည်။

ဒီမိုကရေစီကို လိုလားသော မွတ်စလင်မ် ပညာတတ်များသည်ပင် အနောက်တိုင်းမှ ပြောသော ဒီမိုကရေစီအား ရွံရှာ မုန်းတီးရန် အကြောင်းဖန်လာရသော အခြား အချက်တစ်ခုမှာ ၁၉၆၇ အာရဗ် အစ္စရေး ခြာက်ရက် စစ်ပွဲပင် ဖြစ် တော့သည်။

ထိုစစ်ပွဲတွင် အာရဗ်များက ရှုံးနိမ့်ခဲ့၍ အာရဗ်ကမ္ဘာ တစ်ခုလုံးကို အရှက်ကွဲစေခဲ့သည်။ နာဆရ် ကဲ့သို့ လောကီ ဘက် ယိမ်း ခေါင်းဆောင်များကိုလည်း လူထုမှ ယုံကြည်မှု ကင်းမဲ့ခဲ့လေသည်။ လူထု၏ အမြင်တွင် အနောက်တိုင်းသား တို့၏ ပို့ကုန် ဒီမိုကရေစီသည် လူထုအတွက် မဟုတ်ဘဲ၊ လူထုအား ဖိနှိပ်သော မိမိအာဏာအတွက် အစ္စရေးလ်အား ကြိတ်၍ထောက်ခံသော အာဏာရှင် လူတစ်စု အတွက်သာ

ဖြစ်၍၊ ထိုဒီမိုကရေစီမှာ လူအများစုကြီး၏ ဆန္ဒနှင့် လို လားချက်အား လုံး၀ အသိအမှတ် မပြုသော အနောက်တိုင်း လက်ပါးစေမွေး ဒီမိုကရေစီဟုသာ စွဲမှတ်လာတော့ သည်။



ထိုသို့ အနောက်တိုင်း လက်ပါးစေ ဒီမိုကရေစီအား ဆန့်ကျင်သော အနေဖြင့် လူထုမှ ကျောင်းများ၊ တက္ကသိုလ်များ နှင့်စက်ရုံများတွင် ဗလီ၀န်ကျောင်းများ ပူးတွဲ တည်ဆောက်လာလျှက် စုပေါင်း ၀တ်ပြုခြင်း၊ လူမှုရေး ကိစ္စများအား အစ္စလာမ်ပုံစံဖြင့် ဆောင်ရွက်လာခြင်း စသည့် အစ္စလာမ် ပုံစံ ဒီမိုကရေစီ ဘက်သို့ဦးတည် လှုပ်ရှားလာတော့သည်။ အနောက်တိုင်း ယဉ်ကျေးမှု ကူးစက်ခြင်းမှ ကာကွယ်ရန် မိမိတို့၏ ရှေးရိုးရာ ၀တ်စား ဆင်ယဉ်မှုများအား မျိုးချစ် အသွင်အဖြစ် ဖန်တီးလာတော့သည်။ တနည်းအားဖြင့် အနောက်တိုင်း လက်ပါးစေ အာဏာရှင် အစိုးရများအား ဥပဒေဘောင်တွင်းမှ ရသည့် နည်းဖြင့် ဆန္ဒပြခြင်းမျိုးများ ဖြစ်လာတော့သည်။ အာဏာရှင် အစိုးရတို့၏ ဖိနှိပ်ချုပ် ချယ်မှု မြင့်မားလာလေလေ အခြေခံ၀ါဒီများဟု ခေါ်သော အစိုးရဆန့်ကျင်ရေး အုပ်စုများ၏ တုံ့ပြန်မှုသည်လည်း အထွဋ်အထိပ်သို့ ရောက်လာလေလေ ဖြစ်လာခဲ့တော့သည်။

အာယာသွလ္လာဟ် ရူဟွလ္လာဟ်ခိုမေနီ ၁၉၀၂-၁၉၈၉

ခိုမေနီသည် ၁၉၆၀ ခုနှစ်တွင် အာဏာရှင် အီရန် ရှားဘုရင်အား ဆန့်ကျင် ဆန္ဒပြရန် အီရန်လူထုအား လမ်းမပေါ်သို့ အရောက်ပို့နိုင်ခဲ့သည်။ သူ၏ လှုံ့ဆော်ချက်မှာ အာဏာရှင် ဘုရင် ရီဇာရှားဟ်သည် ရှီယာတို့၏ အထွဋ်အမြတ်ထားရာ အေမန်ဟူစိန်ကို သတ်ခဲ့သော အိုမိုက်ယာ မင်းဆက်မှ ခလီဖာရဇစ် ကဲ့သို့ပင် ဖြစ်သည်ဟု ဘုရင် ရှားအား "ရဇစ်" ဟူသည့် ဘွဲ့ကိုပေး၍၊ လူထုအား ဖိနှိပ်ချုပ်ချယ်သော အာဏာရှင်မှန်လျှင် ဆန့်ကျင်ရမည်မှာ မွတ်စလင်မ် တိုင်း၏ တာ၀န်ဖြစ်သည်ဟု ဖြစ်လေသည်။ ထိုလှုံ့ဆော်မှုသည် မွန်းကြပ်နေသော လူထု၏ နှလုံးသည်းပွတ်သို့ စူးနစ် ၀င်ရောက် သွားကာ အာဏာရှင်အား ဆန့်ကျင်ရဲသော သတ္တိများ ပေါ်ပေါက်လာခဲ့တော့သည်။ သို့ဖြင့် အလွန် ခိုင်မာစွာ တည်ဆောက်ထားသော ဖယ်ရှားရန် ခက်သည့် ရှားဘုရင်၏ အာဏာအား ခိုမေနီက ကိုင်လှုပ်နိုင်ခဲ့သည်။ ထိုကြောင့် ရှားသည် ခိုမေနီအား အတင်းအဓမ္မ ပြည်နှင်ဒဏ်ပေးခဲ့သည်။

၁၉၇၈ တွင် အစိုးရ၏အာဘော် ဖြစ်သော(အီတီလတ်) သတင်းစာတွင် ခိုမေနီအား ပုတ်ခတ်စေဖန်ထားသည့် ဆောင်းပါးကြောင့် များစွာသော ကျောင်းသား လေးများက လမ်းမပေါ်တွင် ဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြပွဲတွင် လော ကီဘက်ယိမ်း နိုင်ငံရေး သမားများသည်လည်း ပူးပေါင်းပါ၀င်လာခဲ့ရာမှ ကြီးမားသော သပိတ်တိုက်ပွဲကြီး အဖြစ် ဖြစ်လာခဲ့တော့သည်။ ထိုလောကီ ဘက်ယိမ်း နိုင်ငံရေး သမားများ၏ အမြင်တွင် ခိုမေနီသည်သာ အီရန်နိုင်ငံတွင်း အလွှာပေါင်းစုံ ဘာသာပေါင်းစုံမှ လူသားများ ၏ နှလုံးသားကို ဖမ်းစားနိုင်သူ ဖြစ်ပြီး၊ သက်ဦးဆံပိုင် ဘုရင်စနစ်အား ဖြိုလှဲနိုင်မည်ဟု ယုံကြည်ခဲ့သောကြောင့် ပင်ဖြစ်သည်။ ထိုသူတို့၏ ထင်မြင်ယူဆ ယုံကြည်ချက်မှာကား မလွဲခဲ့ချေ။ ခိုမေနီသည် တရုတ်နှင့် ရုရှားတောင်လှန်ရေး ကဲ့သို့ ကားလ်မတ်စ်၏ နည်းဗျူဟာအတိုင်း လူထုအင်အားဖြင့် အာဏာ ရှင် ဘုရင်စနစ်ကို ဖြုတ်ချနိုင်ခဲ့လေသည်။

ခိုမေနီသည် ရှီယာ၀ါဒကို အခြေခံလျှက် ၁၂ ပါး အီမန်၀ါဒ ရှီယာများသည် အကွယ်တွင် ရှိနေသော ၁၂ ပါးမြောက် အေမန် ပြန်လည်ရောက်ရှိလာခြင်း မရှိသမျှ အိုလမာများ အနေဖြင့် တိုင်းပြည်၏ အုပ်ချုပ်ရေးတွင် ပါ၀င်မှု မရှိတော့ ဟူသော ခံယူချက်အား စတင်ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။ အကယ်၍ အိုလမာများသာ နိုင်ငံရေးတွင် ဆိတ်ဆိတ် နေခဲ့ပါက အာဏာရှင် ရှားဘုရင်အား ဖြုတ်ချနိုင်မည်ဟု အိပ်မက်ပင် မက်နိုင်ခဲ့ခြင်း မရှိချေ။

ယခုမူ အိုလမာများ၏ အားပေးမှုနှင့် ]]အာရှူရာဟ်}} အီမန်ဟူစိန် ကျဆုံးခြင်း အာဇာနည်နေ့၌ လူတိုင်းသည် ကြေကွဲ ၀မ်းနည်းမှု အရှိန်အဟုန်ဖြင့် ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။ ထို့ဆန္ဒပြပွဲတွင် ရှား၏ စစ်သားများ၏ သတ်ဖြတ်မှုဖြင့် အီရန် လူထု များစွာ သေဆုံးခဲ့ရသော်လည်း အီရန် လူထုမှာ ကြောက်ရွံ့ နောက်တွန့်သွားခြင်း မရှိဘဲ အာဇာနည်များထုံးကို နှလုံးသွင်းလျှက် မိမိကိုယ် မိမိ အသေဟု သတ်မှတ်ကာ လူသေ အလောင်း၌ ၀တ်ဆင်ပေးသော ပိတ်ဖြူများကို ၀တ် ဆင်၍ သပိတ်တိုက်ပွဲကို ဆက်လက် ချီတက်ခဲ့သည့် အတွက် အာဏာရှင် ရှားဘုရင်အား ဖြုတ်ချနိုင်ခဲ့လေတော့သည်။

ထိုအချိန်မှစ၍ အီရန်နိုင်ငံရေးသည် အရှေ့အလယ်ပိုင်းတွင် ပိုမို၍ အခြေခိုင်သော နိုင်ငံရေး ဖြစ်လာခဲ့သည်။ သို့ သော် ရှားဘုရင်အား ကြောထောက်နောက်ခံပေးခဲ့သော အီရန်တွင်ရောက်နေသည့် အမေရိကန် လူမျိုးများအား တန်ဆာခံ အဖြစ်- အီရန်တော်လှန်ရေး သမားများက ဖမ်းဆီး ချုပ်နှောင်ခဲ့ခြင်း အတွက် အီရန်နှင့် အမေရိကန် အကြား စတင်၍ ရန်ငြိုးကြီးထွားခဲ့လေတော့သည်။



တော်လှန်ရေးပြီး နောက်ပိုင်းတွင် ခိုမေနီသည် ]]စည်းလုံးညီညွတ်ခြင်းသည် အင်အား}} ဟူသော မူ၀ါဒကို လက်ကိုင် ထား၍ အများဆန္ဒနှင့် ဆန့်ကျင်သော ဆောင်ရွက်ချက်များကို ပလပ်ဖျက်သိမ်းခဲ့သည်။ အီရန် ပြည်တွင်းမှ အတိုက် အခံနိုင်ငံရေး သမားများ လူနည်းစု ကိုးကွယ်သော

ဘာသာများ၊ ဂိုဏ်းများအတွက်လည်း သူတို့အား လေးစား အသိ အမှတ်ပြုပေးရမည်ဟူ၍ ဖွဲ့စည်းပုံ ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းပေးခဲ့လေသည်။

ခိုမေနီသည် ၎င်းထက်ရှေးကျသော

ဘာသာရေးဆိုင်ရာပညာရှင် မွလ္လာဟ်စရ်ဒဟ်၏ လွတ်လပ်စွာတွေးတောပိုင်ခွင့်၊ လွတ်လပ်စွာကာကွယ်ပိုင်ခွင့်ဟူသော

အစဉ်အလာကို ချိုးဖောက်ခဲ့သည်။

၁၉၈၉၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် စေတန်နစ်ဗားစက်(စ်)စာအုပ်ကို ရေးသားသော စလ်မန်ရုရှ်ဒီကို သေဒဏ်ထိုက်သူ ဟူ၍ ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်ခြင်းမှာ ရုရှ်ဒီသည် လွတ်လပ်စွာ ပြောဆိုရေးသားခြင်းဆိုသော အရိပ်ကို ခုတုံး လုပ်လျှက် လွတ်လပ်စွာ ပုတ်ခတ်စော်ကားခြင်း၊ လွတ်လပ်စွာ မဟုတ်မတရားပြောခြင်းဟု ခိုမေနီက သတ်မှတ်ခဲ့လေ သည်။

ရုရှ်ဒီအား အီဂျစ်နိုင်ငံ အဇ်ဟရ်မှ အိုလမာများနှင့် စအူဒီနိုင်ငံ အိုလမာများက သူ၏ လုပ်ရပ်သည် အစ္စလာမ် သာ သနာဝင် မဟုတ်သူ တစ်ဦး၏ လုပ်ရပ်ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ အစ္စလာမ့်ကွန်ဖရင်အဖွဲ့ဝင် ၄၉ နိုင်ငံမှ ကိုယ် စားလှယ် ၄၉ ဦး အနက် ၄၈ ဦးက ထိုလတွင်ပင် ရုရှ်ဒီ၏လုပ်ရပ်ကို ရှုံ့ချခဲ့ကြသည်။ ခိုမေနီ၏ ဆုံးဖြတ်ချက်အား ကျောထောက်နောက်ခံ ပြုပေးသော အိုလမာများ မရှိခဲ့ သကဲ့သို့ ကန့်ကွက်သူများလည်း မရှိခဲ့ချေ။ ထို ရုရှ်ဒီသည် အင်္ဂလန်နိုင်ငံ ဘုရင့်နန်းတော်၏ ထောက်ပံ့ငွေ စတင်လင်ပေါင် သန်း ၂၀ ဖြင့် ထိုစာအုပ်အား ရေးသားခဲ့သည်ဟု အချို့သူများက ဆိုကြပေသည်။

မည်သို့ပင်ဆိုစေ ခိုမေနီ၏ ကျေးဇူးကြောင့် အီရန်ပြည်သူများ အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ပုံစံဖြင့် ပို၍ခေတ်မီသော နိုင်ငံရေး၏ အရသာများကို ခံစားရသည်ကား အမှန်ပင်။ ခိုမေနီသည် သူ မကွယ်လွန်မီထိ အီရန်ပြည်သူများအတွက် များစွာသောဥပဒေများကို အီရန်ပါလီမန်၌ အတည်ပြုပေးရန် ကြိုးစားခဲ့လေသည်။

ခိုမေနီ ကွယ်လွန်ပြီးနောက် ဟာရှမ်မီရပ်ဖ်ဆန်ဂျာနီက ]]ဝေလာယသေဖကိဟ်}} ခေါ် မဂျလစ်အတွင်း ပြောရေးဆိုခွင့် ရှိသူ တစ်ဦး အနေဖြင့် အီရန် ပြည်သူများ၏ လိုအပ်ချက်ဖြစ်သော ခေတ်မီနိုင်ငံကြီး ဖြစ်လာရန် ဒီမိုကရေစီဝါဒသည် မရှိမဖြစ် လိုအပ်သည်။ သို့ရာတွင် အများပြည်သူများနှင့် ကိုက်ညီသည်မှာ အစ္စလာမ့် အသွင်အပြင်နှင့် လိုက်လျော ညီထွေ ဖြစ်သည့် ဒီ မိုကရေစီ ဖြစ်သည်ဟု ကြေငြာ၍။ ထိုလမ်းစဉ်အား မဲအများစု ထောက်ခံမှုဖြင့် ၁၉၉၇ မေလ ၂၃ ရက်နေ့တွင် အတည်ပြုခဲ့ပေသည်။

ထောက်ခံမဲ အများစုဖြင့် သမ္မတ ဟွဂ်ျဂျာသွလ်အစ္စလာမ် ဆိုက်ယဒ်ခတာမီသည် အနောက်နိုင်ငံများနှင့် ပိုမိုပြေလည် စေရန် ကြိုးစားခဲ့သည်။ ၁၉၉၈ ခု စက်တင်ဘာလမှ စ၍ ခတာမီ၏ အစိုးရက ခိုမေနီက စလ်မာန်ရုရှ်ဒီအတွက် ထုတ် ပြန်ထားသော ဖသ်ဝါအား ဝင်ရောက် စွက်ဖက်ခြင်း မရှိဘဲ ကြားနေခဲ့သည်။ခတာမီ၏ သဘောထားကို အီရန်နိုင်ငံ၏ ဘာသာရေးဆိုင်ရာ အကြီးအကဲ အာယာသွလ္လာဟ် အလီခါမေနီ၏ ထောက်ခံခြင်းဖြင့် ထိုဖသ်ဝါကို ရုပ်သိမ်းခဲ့သည်။

ခတာမီ လက်ထက်တွင် အီရန်ပြည်သူများ အတွက် ပိုမို ခေတ်မီသော အစ္စလာမ့် အုပ်ချုပ်ရေး စနစ်ကို အကောင် အထည် ဖော်နိုင်ခဲ့သည်။ အမျိုးသမီးများ အတွက်လည်း ပိုမို လွတ်လပ်ခွင့် ရရှိခဲ့ကြသည်။

သို့ရာတွင် ရှေးအစဉ်အလာကို ထိန်းသိမ်း လွန်းသော အိုလမာများ၏ ဆန့်ကျင်မှုကို ခံရလေသည်။ ခတာမီ၏ များ စွာသော ပြုပြင်ပြောင်းလဲမှုများသည် ခေတ္တခဏ ပိတ်ဆို့ခြင်းခံရပြီး နောက်ဆုံးတွင် မှန်ကန်သည့် အစ္စလာမ့် အုပ်ချုပ် ရေးစနစ်နှင့် အနီးစပ်ဆုံး ဖန်တီးနိုင်စွမ်းရှိခဲ့သည်။ ကုရ်အာန်၏ အခြေခံမူဝါဒနှင့် အနီးစပ်ဆုံး ကိုက်ညီသည့် အစ္စလာမ့် အုပ်ချုပ်ရေးနိုင်ငံ တစ်ခုကို ပြရမည်ဆိုပါလျှင် အီရန်နိုင်ငံကို ပြရမည် ဖြစ်ပြီး၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသည်လည်း ယခင်ရှေးရိုးစွဲ နိုင်ငံရေး စနစ်များထက် ပိုမို ကောင်းမွန်ရန် တက်လှမ်း လာနေ သည်ဟု ဆိုရမည် ဖြစ်သည်။

၁၄၂ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

## အင်အားကြီး နိုင်ငံများ အတွင်းမှ လူနည်းစု မွတ်စလင်(မ်)များ

### ဥရောပနှင့် အမေရိကန်

ကမ္ဘာ့ အင်အားကြီး နိုင်ငံများဟု ခေါ်အပ်သည့် ဥရောပနှင့် အမေရိကန်နိုင်ငံတို့သည် မွတ်စလင်(မ်) နိုင်ငံများ အတွင်းသို့ နည်းမျိုးစုံဖြင့် ဝင်ရောက်စွက်ဖက် ချယ်လှယ်မှုများကြောင့် အစ္စလာမ် အခြေခံဝါဒီများ၏ တုန်လှုပ် ချောက်ချားလောက်သည့် တုန့်ပြန်မှုများဖြင့် တစ္ဆေခြောက် သကဲ့သို့ ခြောက်လှန့် ခံရလျက်ရှိနေသည်။

ဥရောပနိုင်ငံများအတွင်းတွင် မွတ်စလင်(မ်) အင်အားမှာ ဥရောပ လူဦးရေ၏ သုံးပုံ နှစ်ပုံခန့် ရှိနေခဲ့သည်ကို ကမ္ဘာမှ မသိစေရန် နှစ်ပေါင်း ၈၀၀ နီးပါးခန့် ဖုံးကွယ်ထားခဲ့ပေသည်။ စပိန်တောင်ပိုင်း၊ ဒိန်းမတ်မြောက်ပိုင်း၊ ပြင်သစ်တောင် ပိုင်းနှင့် ဥရောပ၏ ဗဟိုချက်မ ဖြစ်သော ဩစတီးယား၊ ယူဂိုဆလားဗီးယား၊ ဆာဗီးယား၊ ဘူဂေးရီယား၊ ရိုမေးနီးယား ယူကရိန်းတို့ရှိ မူလဒေသခံ မွတ်စလင်မ်တို့၏ ရာခိုင်နှုန်းမှာ အင်အားနည်းလှသည် မဟုတ်ချေ။ ထို့ပြင် နောက်ပိုင်း ပြောင်းရွှေ့နေထိုင်လာသူများဖြင့် ပိုမို များပြားလျှက် ရှိနေပေသည်။ အလားတူ အမေရိကန်

ပြည်ထောင်စုတွင်လည်း မွတ်စလင်မ် လူဦးရေမှာ ၁၀ ရာခိုင်နှုန်းထိ မြင့်မား၍ လာနေပေသည်။ ပြောင်းရွှေ့လာသော လူဦးရေထက် အမေရိက ဥရောပမွေး မွတ်စလင်မ် လူဦးရေက ပိုမို များပြားပြီး- ပတ်ဝန်းကျင်အမြင်နှင့် ခေတ်ပညာတတ်မှုများမှာ အခြား အာဏာရှင် လက်အောက်ခံ မွတ်စလင်မ်များထက် ပိုမိုထိုးပေါက်လာခဲ့ကြသည်။ နိုင်ငံရေးလောကတွင်လည်း ပိုမို ဝင် ရောက်လာခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဘရဒ်ဖို့(ဒ်)မြို့တွင် စေတန်နစ်ဗား(စ်)စက်(စ်) စာအုပ်ကို မွတ်လင်(မ်)များက မီးရှို့ဖျက်စီး၍ ဆန္ဒပြခဲ့ကြရာမှ၊ မွတ်စလင်(မ်)များအပေါ် ရောမ ရန်ညိုးကြီး ဖြစ်လာရန် ဖန်လာ ခဲ့သည်။ ဗြိတိသျှမွတ်စလင်(မ်)များက ထိုစာအုပ်ရေးသားခဲ့သူအား ပြစ်တင်ရှုံ့ချခဲ့ကြသော်လည်း သေဒဏ်ထိုက်တန် သည်ဟု မယူဆခဲ့ကြပေ။ မွတ်စလင်(မ်)များသည် ပင်ကိုယ်သဘောအရ ကျူးကျော်စော်ကားတတ်ခြင်း မရှိသကဲ့သို့ ကျူးကျော်စော်ကားမှု ပြုလာသည်များကိုလည်း ငုံ၍ မခံတတ်ကြပေ။ ထိုကိစ္စကို ကိုင်တွယ်ဖြေရှင်းရန်မှာ ဥရောပ သားတို့အဖို့ အခက်အခဲ တစ်ရပ်ပင် ဖြစ်တော့သည်။ နိုင်ငံအတွင်း လူမျိုးရေးခွဲခြားမှုကို ဆန္ဒပြခဲ့ကြသော၊ တူရကီ အလုပ် သမားများ အသတ်ခံခဲ့ကြခြင်း အတွက်လည်း ဖြေရှင်းရခက်သော ပြဿနာထဲတွင် ပါဝင်ခဲ့လေသည်။

၁၉၉၀ ပြည့်နှစ်တွင် ဒေါက်တာကလင်(မ်) ဆစ်ဒီကီ ကအင်္ဂလန်နိုင်ငံ၌ မွတ်စလင်(မ်)ပါလီမန် တစ်ရပ်တည်ထောင်ရန် ကျေညာခဲ့သည်။ သို့ရာတွင် မွတ်စလင်(မ်) အများစု၏ ထောက်ခံမှုအား မရရှိခဲ့သောကြောင့် အကောင်အထည် မပေါ် ခဲ့ပေ။

ပြင်သစ်နိုင်ငံ တက္ကသိုလ်ကျောင်းများတွင် ဘာသာရေး သင်္ကေတဆောင် ဝတ်စားဆင်ယင်၍ ကျောင်းတက်ခြင်းကို ဥပဒေပြု ပိတ်ပင်ခြင်း ဖြစ်သော အခါ၊ မွတ်စလင်မ် အမျိုးသမီးများ၏ ဟိဂျာဗ် ခေါ် ခေါင်းခြုံပုဝါ ဝတ်ဆင်ခြင်း အား တိုက်ရိုက် ထိပါးသည်ဟု ဆန္ဒပြမှုများ ဖြစ်ခဲ့ရလေသည်။ ထိုဥပဒေတွင် ခရစ်ယာန် လက်ဝါးကပ်တိုင် သင်္ကေတ အား ဆွဲကြိုး လေ့ကက်သီး၌ ဝတ်ဆင်ခြင်းအား လည်းကောင်း၊ ဆက်ခ်တို့၏ ခေါင်းပေါင်းများအား လည်း ကောင်း အကြုံးဝင်သော်လည်း သတင်းမီဒီယာများက မွတ်စလင်မ်တို့၏ ဂုဏ်သိက္ခာအား ထိခိုက်စေသည်ဟုသာ အသားပေး ဖော်ပြခြင်းဖြင့် မွတ်စလင်မ်နှင့် မွတ်စလင်မ် မဟုတ်သူ လူထု၏အကြား အမုန်းပွားရန် ဇောင်းပေးရေးသား ဖော်ပြခဲ့ ပေသည်။

အင်္ဂလန်နိုင်ငံတွင် အခြား ဘာသာဝင်များ ကဲ့သို့ မွတ်စလင်(မ်)များ အတွက် သီးသန့်ကျောင်း ဖွင့်နိုင်ရန် မိဘများက၊ မေတ္တာရပ်ခံခဲ့မှုကို မကျေနပ်ဖြစ်ခဲ့သူများ ရှိလာခဲ့သည်။ သို့ဖြင့် လူ့အခွင့်အရေးအား ဦးဆောင်ပြောနေသော ဥရောပ နိုင်ငံများ အတွင်း၊ မွေးဖွားခဲ့ကြသော မွတ်စလင်(မ်)များ အဖို့ ဥရောပလူ့အဖွဲ့အစည်းကြီးအတွင်း၊ ညီမျှမှု မရှိသော အတွေ့အကြုံအချို့ကို ကမ္ဘာသို့ ထင်ဟပ် မြင်သာစေခဲ့ပေသည်။ အစိုးရ ဥပဒေများ မည်မျှပင် ကောင်းမွန်စေကာမူ ပထမ လူများစုနှင့် ဒုတိယ လူများစုမှာ အတိုက်အခံအမြင် ရှိနေသည်ဖြစ်၍ အင်အားပြိုင်ဆိုင်မှု သဘောမှာ ရှိနေမြဲ ဖြစ်ပေသည်။ ထို့ပြင် မွတ်စလင်မ်များ၏ အင်ပါယာအား အနောက်အုပ်စုမှ ချယ်လှယ်စိုးမိုး လုယုရန် ကြိုးပမ်းစဉ်



ကာလမှ မွတ်စလင်မ်မုန်း ဇာတ်လမ်းများ ရေးသားလှုံ့ဆော်ခဲ့သော နှစ်ပေါင်း ရာနှင့်ချီသည့် အစွဲအား လွယ်လွယ်နှင့် ချွတ်ပါယ်၍ မရနိုင်သေးချေ။ ဥရောပနှင့် နှိုင်းယှဉ်လျှင် အမေရိကန်နိုင်ငံ အတွင်းရှိ မွတ်စလင်(မ်)များမှာ ပိုမို၍ အခွင့်အရေးများ ရရှိခဲ့ပေသည်။ အစ္စလာမ် သာသနာသို့ ကူးပြောင်းလာသူ အာဖရိကန်-အမေရိကန်ခေါင်းဆောင် မဲလ်ကွန်အိတ်(စ်) (၁၉၂၅-၁၉၆၅) ကဲ့သို့ ထူးခြားသော အရည်အသွေး ရှိသည့် ခေါင်းဆောင်သော အစ္စလာမ့်အမျိုးသားအဖွဲ့သည် အမေရိကန် တစ် နိုင် ငံလုံးတွင် ပျံ့နှံ့လျက် ရှိခဲ့သည်။ အခြေခံ လူ့အခွင့်အရေး လှုပ်ရှားမှုများဖြင့် အများပြည်သူများ၏ လေးစား ခံရ သော ခိုင်မာတောင့်တင်းသော အစ္စလာမ် အဖွဲ့အစည်းကြီးအား ၁၉၃၀ ခုနှစ်တွင် ဝေါလေ့(စ်)ဖါးရ်(ဒ်)က ဒက် ထရိုက် ပြည်နယ်တွင် စတင်တည်ထောင်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် အလွန်ဆန်းကြယ်စွာဖြင့် ဖါး(ဒ်) ပျောက်ကွယ် သွားပြီးနောက် အလီဂျာဟ်မုဟမ္မဒ်(၁၈၉၇-၁၉၇၅)က ဆက်လက်၍ ဦးဆောင်ခဲ့သည်။ အလီဂျာဟ်၏ဖွင့်ဆိုချက်အရ ဖါး(ဒ်)သည် ထဝရာဘုရားသခင်၏ ဝင်စားခြင်းခံရသော ပုဂ္ဂိုလ်ထူး ဖြစ်သည် ဟူ၏။ လူဖြူများက လူမျိုးရေး ခွဲခြား သော ညဉ့်ဆိုးမှာ မွေးရာပါ အကျင့်စရိုက်များ ဖြစ်သည်။ ထိုအကျင့်စရိုက်များကြောင့် တမလွန်တွင် မည်သည့် အကျိုးမျှ ခံစားကြရမည် မဟုတ်ဟု အလီဂျာဟ်ကဖွင့် ဆိုခဲ့သည်။ အလီဂျာဟ်၏ ထူးခြားပြောင်မြောက်စွာ စိတ်ဓါတ် မွေးမြူပေးခြင်းကြောင့် အာဖရိကန်-အမေရိကန်ပေါင်း များစွာမှာ အစ္စလာမ် သာသနာသို့ ကူးပြောင်းခဲ့လေသည်။ ထို့ပြင် မူရင်းဒေသခံ အမေရိကန် ဌာနေတိုင်းရင်းသားများမှလည်း အစ္စလာမ်သာသနာသို့ ကူးပြောင်းခဲ့သူများ ရှိခဲ့ သည်။

ပွင့်လင်းစွာ ရေးသားခွင့်ရသော အမေရိကန်တွင် ပါလက်စတိုင်းနှင့် အစ္စရေးလ် ပြဿနာမှာလည်း အစ္စလာမ် သာသ နာ လူကြိုက်များလာစေရန် အကြောင်းရင်းထဲတွင် ပါဝင်လာပေသည်။ စာပေတတ်မြောက်လာသော အမေရိကန် လူမျိုးများ၏ ရင်ထဲတွင် ပါလက်စတိုင်းသားတို့အား ကိုယ်ချင်းစာစိတ်များ ပိုမို ကိန်းဝပ်လာကာ အစ္စလာမ် သာသနာ အား လေ့လာလိုက်စားမှု ပိုမိုများပြားလာခဲ့ပေသည်။ အမေရိကန်ရှိ ဗလီဝတ်ကျောင်းများတွင်လည်း ညှော်သည်များ လာရောက်လျှက် တရားဓမ္မနားထောင်နိုင်ရန် စီစဉ်ပေးခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ အစ္စလာမ်သို့ဝင် ရောက်လာသည့် လူသစ်များအား လက်ခံခြင်း စသော အစီအစဉ်များ ရှိနေပေသည်။

အထူးသဖြင့် ၂၀၀၁ ခုနှစ် စက်တင်ဘာ တိုက်ခိုက်မှုကြီး အပြီးတွင် အစ္စလာမ် သာသနာအား ပိုမို အာရုံစိုက်လာလျှက် ရှေးရိုးစွဲ မွတ်စလင်မ်မုန်းများ၏ တားဆီးမှုများစွာကို လွှန်ဆန်လျှက် အစ္စလာမ်သို့ ဝင်ရောက်လာသူများမှာ ပိုမို တိုး ပွားလာလေတော့သည်။ ရီဗားဗလစ်-မှ ဆင့်ပွားဖြစ်သော (ရီပါပလီကန်) ခေါ် ပြည်ချစ်များ၏ နိုင်ငံရေး လှည့် ကွက်တွင် တွေဝေထောက်ခံမိလိုက်သော အီရတ်သို့ ကျူးကျော်စစ်အား နောင်တရမိသော ပြည်သူများမှာ လည်း ရာ ခိုင်နှုန်း များလာလျှက် အစ္စလာမ်သာသနာအား လေ့လာမှု ပိုမိုတိုးပွားလာခဲ့ပေသည်။

အမေရိကန်၏ အောက်လွှတ်တော် အမတ်အဖြစ် အီလီနွိုက်ပြည်နယ်မှ အစ္စလာမ် သာသနာဝင် ဖြစ်သော ကီယက် အီလီဆင်အား ၂၀၀၆ ခုနှစ်တွင် ရွေးချယ်ခံရပြီး- အီလီဆင်သည် တက္ကသိုလ်ကျောင်းသား ဘဝတွင် အစ္စလာမ်သို့ ကူးပြောင်းခဲ့သည်ဟု ဆိုပေသည်။ အစ္စလာမ် ဘာသာဝင် ဒုတိယမြောက် အောက်လွှတ်တော် အမတ်မှာ အင်ဒရီ ကာဆွန် ဖြစ်၍ သူသည်လည်း နောက်ပိုင်းတွင်မှ အစ္စလာမ်သို့ ကူးပြောင်းလာသူ ဖြစ်ပေသည်။

အမေရိကန် နိုင်ငံရေး လောကတွင် မွတ်စလင်မ်များ အနေဖြင့် လွှတ်တော် အမတ်များအပြင်- ပြည်နယ်အမတ်များ မြို့တော်ဝန်များနှင့် နိုင်ငံရေး ပါတီဝင်များ မြောက်များစွာ ပါဝင်ပတ်သက်လျှက် ရှိလာခဲ့ပေသည်။

အိန္ဒိယ

၁၉၄၇ ခုနှစ်တွင် ပေါ်ပေါက်လာသော ပါကစ္စတန်နိုင်ငံသို့ မပြောင်းရွှေ့ဘဲ အိန္ဒိယတွင် ကျန်နေခဲ့သော မွတ်စလင်(မ်) များသည် လူဦးရေ ၁၁၅ သန်းကျော်ရှိခဲ့၍ အိန္ဒိ၏ ၁၂ ရာခိုင်နှုန်းခန့် ဖြစ်သည်။ ထိုအိန္ဒိယနိုင်ငံ အတွင်းမှ  မွတ်စ လင်(မ်) များသည် အနောက်နိုင်ငံများ အတွင်းမှ မွတ်စလင်(မ်) များထက် ပိုမို၍ ဘေးအန္တရာယ် ဝိုင်းရံလျှက် ရှိခဲ့ပေ သည်။ ယခင်က သမိုင်းစဉ်ဆက် ဟိန္ဒူ-မွတ်စလင်မ် ငြိမ်းချမ်းစွာ အတူနေထိုင်ခဲ့ကြ၍ အိန္ဒိယမှ မွတ်စလင်မ်များသည်



ပင် အိန္ဒိယရိုးရာ ဝတ်စုံများကို အစ္စလာမ် သာသနာက ပြဋ္ဌာန်းသကဲ့သို့ ခံစားယုံကြည် ဝတ်ဆင်ခဲ့ကြပေသည်။ သို့ သော် လွတ်လပ်ရေး ရကာနီး အိန္ဒိယသည် ထိုသမိုင်းအား ပြောင်းပြန်ဆန်လျှက် ဟိန္ဒူ-မွတ်စလင်မ်၊ ဟိန္ဒူ-ဆက်ခ် အရေးအခင်းကြီးများ ပေါ်ပေါက်ခဲ့လေတော့သည်။ အထူးသဖြင့် ဟိန္ဒူ-မွတ်စလင်မ် အရေးအခင်းကြီးမှာ ကြောက် ခမန်းလိလိ ဖြစ်ခဲ့၍ လူပေါင်းများစွာ သေကြေခဲ့ရပေသည်။ ထိုအရေးအခင်းမှ စတင်တင်းမာလာခဲ့သော အက် ကြောင်းမှာ အိန္ဒိနိုင်ငံကြီးအား-၁၉၄၇ ခုနှစ်တွင် ဟိန္ဒူ အိန္ဒိယနှင့် မွတ်စလင်မ် ပါကစ္စတန်ဟူ၍ ကွဲထွက်သွားရလေ တော့သည်။ ထိုစဉ်က မွတ်စလင်မ် လူများစု နေထိုင်ရာ ပြည်နယ်ဒေသများကို ပါကစ္စတန် (သန့်ရှင်းရာမြေ) ဟု ကင်ပွန်းတပ်လျှက် မွတ်စလင်မ် ဘန်ဂေါအား အရှေ့ပါကစ္စတန်ဟုလည်းကောင်း၊ ထိုမှ မိုင်ပေါင်း ထောင်နှင့်ချီဝေး သော ပါရှ်တန်များ နေထိုင်ရာ အိန္ဒိယမြောက်ပိုင်းအား အနောက်ပါကစ္စတန် ဟုလည်းကောင်း ခွဲပေးလိုက်ရလေ တော့သည်။ နောက်ပိုင်းတွင် အရှေ့ပါကစ္စတန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဟု အနောက်ပါကစ္စတန်မှ ခွဲထွက်လျှက် သီး ခြားနိုင်ငံ ဖြစ်လာခဲ့သည်။

ပင်မ အိန္ဒိပြည်ကြီးမှ နှစ်ပေါင်း ထောင်နှင့်ချီ၍ ဥပကွဲ သိုက်မပျက် အတူနေခဲ့သော သွေးချင်းသားချင်းများမှာ မိမိကြိုက်နှစ်သက်ရာ ဘာသာတရားအား ကိုးကွယ်ယုံကြည်ခဲ့သော်လည်း သမိုင်းတွင်လောက်သည့် ပဋိပက္ခများ မရှိခဲ့ ချေ။ သို့သော်- ဥရောပသားများ အနေဖြင့် ထိုကြီးမားသော အိန္ဒိယနိုင်ငံကြီးအား လွတ်လပ်ရေး ပေးရတော့မည့် အချိန်တွင်- မွတ်စလင်မ်များ စိုးမိုးသွားမည်ဟု ကြီးမားစွာ ထိတ်လန့်ခဲ့ပေသည်။ ဥရောပသားများ အိန္ဒိအား မစိုးမိုး မီ နှစ်ရာပေါင်းများစွာ အိန္ဒိယအား အုပ်ချုပ်ထားသူများမှာ မွတ်စလင်မ်များ ဖြစ်ခြင်း၊ အိန္ဒိယသားတို့ အနေဖြင့် အင်္ဂလိပ်တို့၏ လက်အောက်တွင် ထွက်လမ်းမဲ့နေခဲ့စဉ် အင်္ဂလိပ်တို့အား ပြန်လည်တော်လှန်ရန် စခဲ့သူများမှာ မွတ် စလင်မ် လူငယ်အသင်းဖြစ်ခဲ့ခြင်း၊ ထိုလူငယ် အသင်းသည် မြန်မာနိုင်ငံ၌ မျိုးချစ်စိတ် ဖြစ်ပေါ်စေရန် စတင်လှုပ်ရှား ခဲ့သော ဗုဒ္ဓဘာသာ ကလျာဏ ယုဝ အသင်းကဲ့သို့ ဖြစ်ပြီး အိန္ဒိယတိုက်ငယ် အတွင်းရှိ ပြည်သူများအား နိုင်ငံရေး နိုးကြားစေရန် မျိုးစေ့ချခဲ့ခြင်း ဖြစ်သည်။

သို့ဖြင့်- ဥရောပသားများက အိန္ဒိတိုက်ငယ် တစ်ခုလုံးကို မွတ်စလင်မ်၏ ဩဇာလွှမ်းမိုးသွားမည်ကို စိုးရိမ်ကြီးစွာဖြင့် အိန္ဒူ- မွတ်စလင်မ် သွေးချောင်းစီး အရေးအခင်းကြီးကို ဖန်တီးလိုက်လေတော့သည်။ ထို ဘာသာရေး လှိုင်းဂယက် သည် နီးစပ်ရာ နိုင်ငံများထံသို့ ရိုက်ခတ်ခဲ့ရလေသည်။

ထိုမှနောက်ဆက်- အိန္ဒိယတိုက်ငယ်ကြီး ကွဲထွက်သွားပြီးနောက်- ကျန်နေခဲ့သော အိန္ဒိယပြည်ရှိ မွတ်စလင်မ်များမှာ လူများစုဖြစ်သော ဟိန္ဒူများ၏ လက်စားချေမှု- ရန်ရှာမှု၊ အနိုင်ကျင့်မှုများစွာကို အကြီးအကျယ် ခံစားရလေတော့ သည်။ သို့သော် အိန္ဒိယ- မွတ်စလင်မ်တို့သည် အိန္ဒိယရိုးရာ၊ အိန္ဒိယ ယာဉ်ကျေးမှု၊ အိန္ဒိယ အနုပညာများကို အိန္ဒိယ ဟိန္ဒူများနှင့် မခြားနား မြတ်နိုး ခုံမင်စွာ ထိမ်းသိမ်းစောင့်ရှောက်ခဲ့ခြင်း- ဘာသာရေး အယူသည်းများ ခေါင်းဆောင် များ၏ ဖါ့သ်ဝါ ဓမ္မအား ဂရုမစိုက်ဘဲ  ပြည်သူ၏ နှလုံးသားကို ဖမ်းစားနိုင်သော အနုပညာများတွင် ထူးချွန်ကျော် ကြားသည်အထိ ကြိုးစားကြခြင်း၊ အိန္ဒိလူမျိုးစု ရိုးရာ အိုးစည်ဗုံမောင်းများဖြင့် ဘာသာရေး ရိုးရာ တေးသီချင်းများ သီဆိုသည့် အသင်းအဖွဲ့များ ရှိနေခြင်း၊ နောက်ဆုံး အယူသည်းပါပေ့ ဆိုသည့် အိန္ဒိယ အိုလမာများသည်ပင် အိန္ဒိယ ဝတ်စားဆင်ယဉ်မှုဖြင့် ဝတ်စား ဆင်ယဉ်စေခြင်း- အသွင်အပြင် ဆံ၊ မုတ်ဆိတ်မှ အစ ဟိန္ဒူများနှင့် မွတ်စလင်မ်များ မှာ သိသာရန်ထင်ရှားစေ လောက်သည့် ကွဲပြားခြားနားမှု

မရှိခြင်း၊ အမျိုးသမီးများမှာလည်း အိန္ဒိယ ဓလေ့အတိုင်း အိမ်တွင်းပုန်းခြင်း၊ အိန္ဒိယ ရိုးရာ ဆာရီများကို ရစ်သိုင်းပတ်နှောင် ဝတ်ဆင်ခြင်း စသည့် လိုက်လျှောညီထွေ လူနေမှု ပုံစံကြောင့် အများ ပြည်သူ များ၏ အမြင်တွင် ဟိန္ဒူနှင့် မွတ်စလင်မ်၊ တမီလ်နှင့် ကျိုလီယာ၊ ဆက်ခ်နှင့် ပန်ဂျာပီ တို့မှာ သီးခြား ဖြစ်နေခြင်း မရှိခဲ့ ချေ။

ထိုသို့ ကိုးကွယ်ဆည်းကပ်သည့် ဘာသာ မတူသော်လည်း လူမျိုးတူ၊ ယဉ်ကျေးမှုတူ၊ လူနေမှုပုံစံ တူနေသော ကြောင့် လွတ်လပ်ရေး ရပြီး နိုင်ငံထူထောင်စ ရောင်စုံ သူပုန်များဖြင့် မတည်မငြိမ် ကာလအတွင်း၌ပင် အလွန်လျှင် မြန်စွာဖြင့် ဟိန္ဒူ-မွတ်စလင်မ် သွေးချောင်းစီး ပဋိပက္ခကြီးမှာ မေးမှိန်သွားလေတော့သည်။ အချင်းချင်း သွေးကွဲမှု များ ပပျောက်လာခဲ့တော့သည်။ လွှတ်တော်အမတ်များ၊ ပြည်နယ် သမ္မတများတွင် မွတ်စလင်မ်များ ရှိလာခဲ့သည်။



နောက်ဆုံးတွင် အိန္ဒိယ တစ်နိုင်ငံလုံး၏ သမ္မတကြီး ရာထူးကိုပင် မွတ်စလင်မ်ဖြစ်သော အဗ္ဗဒူလ်ကလမ် လက်ထဲသို့ ပြည်သူများ၏ ရွေးကောက်မှုဖြင့် ပေးအပ်ခဲ့ပေသည်။

သို့သော် ၁၉၄၇ တွင် ဖြစ်ခဲ့သော ဟိန္ဒူ-မွတ်စလင်မ် သွေးချောင်းစီး တိုက်ပွဲကြီးအား နိုင်ငံရေးသမားတို့၏ အသုံးချ မှုမှာကား လုံးဝ သုန်းဆိတ်သွားခြင်း မရှိသေးချေ။ အိန္ဒိယ၏ အတိုက်အခံ ပါတီကြီး ဖြစ်သော (ဘီ၊ဂျေ၊ပီ) ပါတီသည် ဟိန္ဒူ အမျိုးသားရေး ပါတီဟု အမည်ခံယူလျှက်- ရံဖန်ရံခါ မွတ်စလင်မ် မုန်းတီးရေး လှုံ့ဆော်ချက်များဖြင့် နိုင်ငံရေး အမြတ်ထုတ်လျှက် ရှိနေသေးပေသည်။ ထိုပါတီ အာဏာရလာသော ကာ လများတွင် မွတ်စလင်မ် လူနည်းစု နေထိုင်ရာ ဒေသ မြို့ရွာများမှာ မျက်ခမ်းလှုပ်နေဆဲပင် ဖြစ်တော့သည်။ ထိုပါတီက အာဏာကို လက်ကိုင်ထားစဉ်တွင် မွတ်စလင်(မ်)များ အလုပ်အကိုင် ရှာဖွေရာ၌ အများ အိန္ဒိယနိုင်ငံသားများနှင့် တန်းတူ အခွင့်အရေးများကို မရရှိခဲ့ ကြပေ။ မွန်ဂိုဘုရင်များ ဆောက်လုပ်ခဲ့ကြသည့် အဆောက်အဦများ၊ ဗလီ ဝတ် ကျောင်းများကိုလည်း နိုင်ငံရေး ပစ်မှတ်အဖြစ် အသုံးပြုမှုများ ရှိနေခဲ့ပေသည်၊ ဥပမာ အားဖြင့် မွန်ဂိုဘုရင်များ လက်ထက်က တည်ဆောက်ခဲ့သော အယုတ္တယမြို့ ရှိ ဗလီဝတ်ကျောင်းတော်အား- ယင်းသည် ယခင်က ဟိန္ဒူများ၏ အမွေအနှစ် ဖြစ်သည်ဟု စွပ်စွဲချက်ဖြင့် ၁၉၉၂ ခုနှစ် ဒီဇဘာလတွင် သူတို့ဘက်တော်သား သတင်းသမားနှင့် စစ်သား များ၏ အစောင့် အ ကြပ်ဖြင့် ဆယ်နာရီအတွင်း တစ်စစီ ဖြိုဖျက်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံရှိ် မွတ်စလင်(မ်)များသည် ထိုကဲ့သို့သော အဖြစ် များကို တစ်နေရာ သို့မဟုတ် တစ်နေရာ၌ နေ့စဉ်နှင့်အမျှ ကြုံတွေ့ခံစားကြရလေသည်။

သို့သော်- နိုင်ငံသား လူထုတွင် ပညာရည်မြင့်မားလာခြင်း၊ ခေတ်ကာလ ပွင့်လင်းလာခြင်း၊ စသည့် ဘက်ပေါင်းစုံမှ တိုးတက်လာခြင်းများကို မည်သည့် အယူသည်း အုပ်စုသည်မှ ရှည်ကြာစွာ ဒဏ်ခံနေနိုင်ခြင်း မရှိချေ။

အစ္စလာမ့်ရှေ့ခရီးစဉ်

၁၁ ရာစု ဆန်းစ သို့မဟုတ် ၁၀၉၉ ခုနှစ် ဂျူလိုင်လတွင် ခရူးဆိတ်ခေါ် ဘာသာရေး စစ်ပွဲဟူသော အမည်ဖြင့် အနောက်တိုင်းသားတို့ က မွတ်စလင်(မ်)များ အုပ်ချုပ်ရာ ဂျေရုဆလင်(မ်)မြို့ကို တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက် ခိုက် မှုကြောင့် ဂျေရုဆလင်(မ်)ရှိ မွတ်မလင်(မ်)နှင့် ဂျူးများ အစုလိုက် အပြုံလိုက် အသတ်ခံခဲ့ကြရသည်။ ဂျေရုဆလင်(မ်) မြို့၏ မြင်ကွင်းမှာ အလွန် ကြည်ညိုဖွယ်ရာ ဖြစ်သော ဘာသာကြီး သုံးရပ်၏ အထိန်းအမှတ် လက္ခဏာများ အဖြစ်မှ လူသေ အလောင်းများကို တင်ဆောင်ထားသော ရောမ အလောင်းစင်ကြီး အဖြစ်သို့ တမဟုတ်ခြင်း ရောက်ရှိသွား ခဲ့ရသည်။ မြို့တွင်းမြို့ပြင်နှင့် ရေမြောင်းများ၊ လမ်းကြိုလမ်းကြားများတွင် ရှုမြင်၍ မကောင်းလောက်အောင် အထပ်ထပ်ရှိနေခဲ့သော အလောင်းများ၏ အရေအတွက်သည် ခရူးဆိတ် တိုက်ခိုက်ရေး သမားများ၏ အရည် အတွက်ထက်ပင် ပိုမိုများပြားလျှက် ရှိခဲ့သည်။ တမန်တော် အီးဗရာဟီးမ် ယူဆောင် လာသော သာသနာဝင် အုပ်စု သုံးစုသည် အစ္စလာမ့် အုပ်ချုပ်ရေး အောက်တွင် နှစ်ပေါင်း ငါးရာနီးပါး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေလာရာမှ၊ ယခုကဲ့သို့ ခရူးဆိတ် တိုက်ခိုက်သမားများ၏ လက်ချက်ဖြင့် ရုတ်ချည်း အနိဋ္ဌာရုံအသွင် ပြောင်းသွားခဲ့ခြင်း ဖြစ် သည်။ ထိုတိုက်ခိုက်မှုကြောင့် မသေဘဲကျန်ရှိ နေသူများသည် ထိုလူသေ အလောင်းများကို အမြန်ဆုံး မြေမြှုပ် သင်္ဂြိုဟ်နိုင်ရန် အထူးကြိုးစား အားထုတ်ခဲ့ကြသော်လည်း အနည်းဆုံး ငါးလကြာ အထိ ဂျေရှု ဆလင်(မ်)မြို့ အတွင်း လူသေ အနံ့အပုတ်များသည် ပျံ့နှံ့လျက် ရှိခဲ့သည်။ ထိုအဖြစ်အပျက်သည် မွတ်စလင်(မ်)များအတွက် အနောက်တိုင်း သားတို့၏ ပထမဦးဆုံးသော ထိုးနှက်ချက် အတွေ့အကြုံပင် ဖြစ်တော့သည်။ အေဒီ ၁၁၈၇ ခုနှစ်တွင် ဆလာအွဒ္ဒင်က ဂျေရုဆလင်(မ်)ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။

ခရူးဆိတ်တိုက်ခိုက်ရေးသမားတို့သည် ကမ္ဘာတစ်ဝှမ်းရှိ မွတ်စလင်(မ်)အားလုံးကို ဒုက္ခပေးနိုင်ခြင်း မရှိခဲ့သော်လည်း အနောက်တိုင်းသားတို့၏ ဘာသာရေး စစ်ပွဲအဖြစ် မွတ်စလင်မ်များအား တိုက်ခိုက်ခဲ့သည်ကို ကမ္ဘာအဝှမ်း မွတ် စလင်မ်များ၏ စိတ်နှလုံးတွင် အမာရွတ် ဖြစ်ကျန်ခဲ့တော့သည်။ ထို့ပြင် မွတ်စလင်မ်များသည် ဒါရွလ်အစ္စလာမ်ခေါ်

အစ္စလာမ့် အုပ်ချုပ်ရေးဖြင့် ခမ်းနားစွာ အုပ်ချုပ်ခဲ့သူများ ဖြစ်သည်ဟူသော ဇာတိသွေးကိုလည်း ပြန်လည် အမှတ် ရလျှက် မေ့ပျောက် ပစ်ခြင်း မရှိတော့ချေ။

မွတ်စလင်(မ်)များသည် ကိုယ်ပိုင်ယုံကြည်မှု ဓလေ့စရိုက်များအားဖြင့် ခေတ်စနစ်နှင့် လိုက်လျော်ညီထွေ ရှိသူများ ဖြစ် သည်ကိုလည်း အနောက်တိုင်းသားတို့က သိထားကြသည်။ ခရူးဆိတ်ဆိုသည်မှာ မွတ်စလင်မ်မုန်း ခရစ်ယာန် အယူ သီးများက မွတ်စလင်(မ်)များသည် အကြမ်းဖက်သမားများ ဖြစ်၍ သာသနာကို ဖြန့်ချီရာ၌ ဓါးမိုး၍ ဖြန့်ချီသူများ ဖြစ်၏ ဟု ဝါဒဖြန့်လျှက် ခရစ်ယာန် သာသနာပြု စစ်ပွဲဟု အဓိပ္ပါယ်ကို ပေးသည့် ကရူးဆိတ်ဟု ကြေငြာ တိုက်ခိုက်ခဲ့ ခြင်း ဖြစ်ပေသည်။ သို့သော် အနောက်တိုင်းသားများက သူတို့၏ ကျူးကျော်စစ် ခရူးဆိတ်အား လူကြားကောင်း အောင် ဖန်တီးလျှက် မိမိနိုင်ငံအား ခုခံသူ မွတ်စလင်မ်များ၏ ဂျီဟာ့ဒ် တော်လှန်ရေးကိုမူ သာသနာပြုစစ်ဟု ကြီးမား စွာ ဝါဒဖြန့်ခဲ့လေတော့သည်။ ဩဇာအာဏာ၊ ငွေကြေးနှင့် နည်းပညာ ပိုင်ဆိုင်သူများ၏ ဝါဒဖြန့်ချီမှုမှာ ပိုမို ခရီး ရောက်ခဲ့သည်သာ ဖြစ်တော့သည်။

ထိုသို့ အနောက်တိုင်းသားတို့၏ မဟုတ် မတရား ဝါဒဖြန့်တတ်သော အကျင့်စရိုက်အား ရွံမုန်းသွားသည့် မွတ်စလင်မ် များသည် အနောက်တိုင်းသားများနှင့် ဆက်ဆံရေးတွင် ယုံကြည်ခြင်း ကင်းမဲ့လျှက် ဖာသိဖာသာ နေထိုင်ခဲ့လေတော့ သည်။ မွတ်စလင်မ်နိုင်ငံများ ပြန်လည် နလံထူလာသော်လည်း အနောက်တိုင်းသားတို့နှင့် ဆက်ဆံရေးမှာ အကန့်စည်း ခြားလျှက်ပင် ရှိနေသေးပေသည်။

၁၉၉၀ တွင် ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲသောအခါ နျူကလီးယားပိုင် ရေနံချမ်းသာသော မွတ်စလင်မ်နိုင်ငံ များ ပေါ်ထွက်လာခဲ့သော်လည်း ထို ဆိုဗီယက်မှ ခွဲထွက်လာသော မွတ်စလင်မ်နိုင်ငံများကိုပင် အနောက်နိုင်ငံများနှင့် အမေရိကန်တို့မှာ သူတို့၏ အပေါင်းပါ အဖြစ် စည်းရုံးသိမ်းသွင်းနိုင်ခြင်း မရှိခဲ့ချေ။ ထိုနိုင်ငံများသည် အနောက်နိုင် ငံများ စုပေါင်းထားသော စစ်ရေး အင်အားစု နေတိုးနှင့် အပြိုင် အသစ်ဖွဲ့စည်းသော ဘေဂျင်းညွန့်ပေါင်း အဖွဲ့ဝင် များသာ ဖြစ်လာခဲ့လေသည်။

၁၉၅၄ ခုနှစ်တွင် ပြင်သစ်ထံမှ လွတ်လပ်ရေး ယူခဲ့သော အယ်ဂျီရီးယားနိုင်ငံတွင် ၁၉၆၂ ခုနှစ်မှ စ၍ အရှေ့အလယ် ပိုင်း နိုင်ငံများနည်းတူ-ဆိုရှယ်လစ်စနစ်ဖြင့် တိုင်းပြည်အား အုပ်ချုပ်ခဲ့ပေသည်။ သို့သော် ဆိုရှယ်လစ်စနစ်များ၏ မအောင်မြင်ခြင်းနှင့် အတူ အယ်ဂျီးရီးယားတွင်လည်း ဆိုရှယ်လစ်စနစ်ဖြင့် တိုင်းပြည်၏ စီးပွားရေးအား မကယ်တင် နိုင်ခဲ့ချေ။ သို့ဖြင့် ပြည်သူများမှာ ဆိုရှယ်လစ်စနစ်အား စိတ်ကုန် စိတ်ပျက်လာခဲ့တော့သည်။ သို့ဖြင့် ၁၉၇၀ မှစ၍ လက်ရှိ အုပ်ချုပ်နေသော အမျိုးသား လွတ်မြောက်ရေး ပါတီ(အက်ဖ်-အယ်-အဲန်) အား(အက်ဖ်-အိုင်-အက်စ်)ခေါ် အစ္စလာမ့် ကယ်တင်ခြင်း တပ်ဦး ပါတီက စိန်ခေါ်လာပေတော့သည်။

ပါတီကို တည်ထောင်သူ အဘတ်(စ်)မဒနီသည် ခေတ်သစ်ကမ္ဘာကြီးနှင့် လိုက်လျောညီထွေ ဖြစ်သော အစ္စလာမ့် နိုင်ငံရေးစနစ်ကို တည်ထောင်မည်ဟု ကျေညာခဲ့သည်။ ထိုပါတီတွင် ဗလီဝတ်ကျောင်းတစ်ခု၏ ရှေ့ဆောင်၊ အလီ အစ်ဗနေဟဂျ်က ဦးဆောင်သည်။ ဟဂျ်သည် ဘာသာရေးဆိုင်ရာ ခံယူချက်ပြင်းထန်သူတစ်ဦး ဖြစ်သည်။ ထို ပါတီ သည် လက်ရှိအစိုးရ၏ ခွင့်ပြုချက် မယူဘဲ၊ ဗလီတစ်လုံးကို တည်ဆောက်ခဲ့သည်။ ထိုအချိန်က ပြင်သစ်နိုင်ငံတွင်၊ စက် ရုံနှင့်အလုပ်ရုံများတွင် ဆွလာသ်အချိန်များ၌ အလုပ်သမားများ စုပေါင်းဆွလာသ် တည်ဆောက်ခွင့်ကို တောင်း ဆို ခဲ့သော အချိန်ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် အယ်ဂျီရီးယားနိုင်ငံတွင် စီးပွားရေး အကြပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရ သည်။ လက်ရှိအုပ်ချုပ်နေသော (အက်ဖ်-အယ်-အဲန်) ပါတီက ဒီမိုကရေစီစနစ်ကို ကူးပြောင်းရန် ပြင်ဆင်လျက် ရှိနေသည်။ သို့ရာတွင် နှစ်ပေါင်းများစွာကတည်းက အကျင့်ပျက်နေသော ဝန်ထမ်းများ အတွင်း၌မူ ဒီမိုကရေစီစနစ် ကို ကူး ပြောင်းရန် ဆန္ဒ မရှိကြပေ။

လူဦးရေ သန်းပေါင်း သုံးဆယ်ရှိ သည့်အနက် အသက်သုံးဆယ်အောက် လူငယ်များ အလုပ်လက်မဲ့ ဖြစ်ခဲ့ကြသည်။ လူနေအိမ် လုံလောက်မှု မရှိသော ပြဿနာသည် ထိပ်ဆုံးသို့ ရောက်ရှိခဲ့သည်။ တိုင်း ပြည် အတွင်း ဆူပူအကြမ်း ဖက်မှု များသည် နေ့စဉ်နှင့်အမျှ တိုးပွားလာခဲ့သည်။ များစွာသော(အက်ဖ်-အယ်-အဲန်) ပါတီဝင် လူငယ်များသည် ထိုပါတီ ကို အစ္စလာမ်ပါတီ အဖြစ်ပြောင်းလဲ၍ အစ္စလာမ့် အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်လိုကြသည်။

၁၄၇ ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

၁၉၉၀ ပြည့် အယ်ဂျီရီးယား အထွေထွေ ရွေးကောက်ပွဲတွင် (အက်ဖ်-အိုင်-အက်စ်)အစ္စလာမ့် ကယ်တင်ခြင်း တပ်ဦးက မဲအများဆုံးဖြင့် အနိုင်ရရှိခဲ့သည်။ ထိုပါတီကို ဦးဆောင်သူများမှာ ခေတ်ပညာတတ် လူငယ်များ ဖြစ်သည်။ ၎င်းတို့သည် တိုင်းပြည် ကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်မည့်သူများ ဖြစ်သည်ဟု အယ်ဂျီရီးယား ပြည်သူများက ယုံကြည်ကြသည်။ သို့ရာတွင် ထို ပါတီဝင်များသည် အချို့သော ပြည်နယ်များ၌ ဘာသာရေး အယူသန်သူများလည်း ပါဝင်လာကြသည်။ ၎င်း တို့၏ မူဝါဒအရ မွတ်စလင်(မ်) အမျိုးသမီးများသည် ရိုးရာ ယဉ်ကျေးမှု ဝတ်စုံများကို ဝတ်ဆင်ရမည် ဖြစ်သည်။ ထိုပါတီသည် အနောက်တိုင်း ဆန့်ကျင်သည့် ပါတီ မဟုတ်ပေ။ ၎င်းတို့၏ သဘောထားသည် ဥရောပ ဘုံဈေးအဖွဲ့နှင့် ဆက်နွယ်သည့် အနောက်နိုင်ငံများ၏ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုကို အားပေးသည်။

၁၉၉၀ ပြည့်နှစ်တွင် ထို ပါတီအနိုင်ရပြီး ဥပဒေ ရေးဆွဲရေး လွှတ်တော်ရွေးကောက်ကို ၁၉၉၂ ခုနှစ်တွင် ကျင်းပရန် သတ်မှတ်ခဲ့သည်။

လက်ရှိအစိုးရ (အက်ဖ်-အယ်-အဲန်) ပါတီမှ သမ္မတ ဘင်ဂျီဒစ်(ဒ်)က ဒီမိုကရေစီ စနစ်ဖြင့် ပြုပြင်ပြောင်း လဲပေး မည်ဟု ကြေညာပြီး ဖြစ်သည်။ သို့သော် အနောက်တိုင်းနှင့် နီးကပ်နေသော အယ်ဂျီးရီးယားနိုင်ငံအား အစ္စလာမ့် ထီးရိပ်အောက်မှ ပါတီ၏ လက်ထဲသို့

အာဏာအပ်လိုက်ရမည်ကို အနောက်တိုင်းသားတို့က မလိုလားခဲ့ပေ။ သို့ဖြင့် နောက်ကွယ်မှ အားပေးလျှက် စစ်တပ်အား အာဏာသိမ်းစေ၍ အစ္စလာမ့် ကယ်တင်ခြင်း တပ်ဦးအဖွဲ့မှ အကြီး အကဲ များ လွှတ်တော် ကိုယ်စားလည်များကို၊ ဖမ်းဆီးထောင်ချခြင်းများ ပြုလုပ်စေတော့သည်။ အလားတူ (အက်ဖ်-အယ်-အဲန်)အစိုးရကိုလည်း စစ်တပ်က ဖယ်ရှားခဲ့သည်။ ထိုကဲ့သို့ပင် အီရန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည်လည်း ဖြစ်ခဲ့ဘူးသည်။

ထိုသို့ အလ်ဂျီရီးယားနိုင်ငံအား စစ်တပ်က အာဏာသိမ်းလိုက်လျှက် အစ္စလာမ် ခေါင်းစဉ်အောက်ရှိ ပါတီတစ်ခုထံမှ ကယ်တင်လိုက်ခြင်းကို အနောက်တိုင်း သတင်းစာ ခေါင်းကြီးပိုင်းမှ နှစ်ထောင်းအားရ ကြိုဆိုရေးသားခဲ့ကြပေသည်။ စစ်တပ်သည်(အက်ဖ်-အယ်-အဲန်) ပါတီဝင် ဖြစ်သော လီယာမင်ဇိုရုယယ်လ်က သမ္မတ အဖြစ် ခန့်အပ်လျှက် အလ်ဂျီ ရီးယားနိုင်ငံကို အုပ်ချုပ်ခဲ့သည်။ တိုင်းပြည်အတွင်း အရက်ဆိုင်၊ ကယ်ဆီနိုလောင်းကစားရုံများ၊ ဖွင့်ခွင့်ပြု၍ ဒီမိုက ရေစီ မမည်သော ဒီမိုကရေစီ စနစ်ဖြင့် အုပ်ချုပ်ခဲ့လေသည်။ ရွေးကောက်ပွဲနိုင် အတိုက်အခံဖြစ်သော(အက်ဖ်-အိုင်-အက်စ်) အစ္စလာမ့် ကယ်တင်ခြင်း တပ်ဦးနှင့်လည်း ညှိနှိုင်းဆွေးနွေးခြင်း မပြုခဲ့ပေ။ ပြုရန်လည်း ဆန္ဒ မရှိခဲ့ပေ။ ထို အဖြစ်အပျက်ကြီးအား လူ့အခွင့် အရေး ချိုးဖေါက်ပါသည်ဟု လည်းကောင်း ရွေးကောက်ပွဲနိုင် ပါတီအား အာဏာ လွှဲပြောင်းပေးပါဟု လည်းကောင်း အနောက်နိုင်ငံများထံမှ တောင်းဆိုမှု၊ ဖိအားပေးမှု၊ စီးပွားရေး ပိတ်ဆို့မှု တစ်စုံ တစ်ရာမျှ မရှိခဲ့ချေ။ ထိုသို့သော အနောက်နိုင်ငံများ၏ သဘောထားကြောင့် မွတ်စလင်(မ်)နိုင်ငံများနှင့် မွတ်စလင်မ် လူထုမှာ အနောက်နိုင်ငံများမှ အော်ဟစ်နေသော ဒီမိုကရေစီ ဟူသည်ကို အယုံအကြည် လုံးဝ မရှိနိုင်တော့ချေ။

နောက်ပိုင်းတွင် ခေတ်သစ် အနောက်တိုင်း လက်ပါးစေ အစိုးရ၏ ဖိနှိပ်မှုဒဏ်ကို မခံနိုင်တော့၍(အက်ဖ်-အိုင်-အက်စ်) ပါတီ အဖွဲ့ဝင်များသည် တောခိုကာ (ဂျီ-အိုင်-အေ) ခေါ် လက်နက်ကိုင် အဖွဲ့အစည်းကြီးကို တည်ထောင် ခဲ့သည်။

အလ်ဂျီရီးယား တောင်ပိုင်းရှိ၊ တောင်တန်းဒေသများတွင် အခြေချ၍၊ အစိုးရနှင့် အစိုးရ၏ ဆက်နွယ်သူများကို သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်း၊ သတင်းစာဆရာများကို ပြန်ပေးဆွဲခြင်းများကို ပြုခြင်းများကို ပြုလုပ်ခဲ့လေသည် သို့ဖြင့် အနောက်နိုင်ငံသားတို့၏ ဘွဲ့ပေးမှုအရ အကြမ်းဖက် သမားများဟူ၍ ဖြစ်ရလေတော့သည်။

အတိုက်အခံ များက တွေ့ဆုံ ဆွေးနွေးရေးကို အစဉ်တစ်စိုက် တောင်းဆိုခဲ့နေသော်လည်း အနောက်တိုင်း လက်ပါးစေ အာဏာရ အစိုးရပါတီက ညှိနှိုင်းဆွေးနွေးရန် လုံးဝ မလိုဟု ငြင်းဆန်ခြင်းဖြင့် ကြီးမားသော ပြည်တွင်းစစ်ကြီး ဖြစ်နေ ရလေတော့သည်။

၁၉၉၅ ခုနှစ်တွင် ရိုမင်ကသ်လစ်အဖွဲ့ကြီးမှ ဦးဆောင်၍ အစိုးရနှင့် အတိုက်အခံတို့စပ်ကြား၊ ညှိနှိုင်းဆွေးနွေးနိုင်ရန် အီတလီနိုင်ငံတွင် စီစဉ်ခဲ့သည်။ သို့ရာတွင် သမ္မတ ဇီရိုယယ်လ်က ငြင်းဆိုခဲ့ခြင်းဖြင့် ဆွေးနွေးမှု ပျက်စီးခဲ့ရလေသည်။ ထိုမှ စ၍ ပြည်တွင်း စစ်ကြီးမှာ ပိုမိုတောက်လောင်ပေတော့သည်။



တွေ့ဆုံဆွေးနွေးရန် အစဉ် ဆန္ဒရှိနေသော အစ္စလာမ် တပ်ဦးအား အကြမ်းဖက်ဟု သတ်မှတ်လျှက် အာဏာရှင် စနစ် ဖြင့် အုပ်ချုပ်နေသော သူတို့အား ကျောထောက်နောက်ခံ ပြုထားခြင်းမျိုးမှာ အစ္စလာမ်နိုင်ငံများ အတွက် အနောက် တိုင်း၏ နိုင်ငံရေး ဗျူဟာတစ်ရပ်ပင် ဖြစ်ပေသည်။ သို့ဖြစ်၍ မွတ်စလင်မ်လူများစု ရှိရာ တိုင်းနိုင်ငံများမှ ပြည်သူလူထု၏ ဘဝမှာ လွန်စွာ တိုးတက်နေသော ခေတ်ကာလ ကြီးအတွင်းမှ အလွန်တရာ ဒုက္ခရောက်နေရသော ငရဲကျ လူသားများနှင့် တူနေပေသည်။ ပြည်သူများအနေဖြင့် အာ ဏာရှင်များ၏ ဖိနှိပ်မှု၊ လာ့ဘ်စားမှု၊ ဥပဒေမဲ့ အရေးယူနှိပ်ကွပ်မှုများ အောက်မှလည်း လွတ်မြောက်လိုသည်၊ သို့သော် မွတ်စလင်မ်မုန်း အနောက်တိုင်းသားများ၏ ဒီမိုကရေစီ ဆိုသည်မှာလည်း သူတို့အတွက် အာမခံချက် မရှိ၊ ဘာသာ ရေး အယူသီးများအား အစိုးရတစ်ရပ် ဖြစ်လာစေရန် အားပေးလိုက်လျှင်လည်း အယူသီး ဘာသာရေး ဥပေဒများ အောက်၌ ပိုမို တင်းကြပ်စွာ ခံစားရမည်ဟု ထိတ်လန့်လျှက် ပြည်သူများမှာ ထွက်ပေါက်မဲ့ရလေတော့သည်။

သို့ဖြင့် ထိုထွက်ပေါက်မဲ့နေသော မွတ်စလင်မ်များအတွက် မွတ်စလင်မ် ပညာရှင်များက ထွက်ပေါက်မျိုးစုံကို စတင် စဉ်းစားလာတော့သည်။ အချို့ကလည်း အနောက်တိုင်းသားတို့၏ အကျင့်ကိုသာ မုန်းတီးလို၍ အနောက်တိုင်းတွင် ကျင့်သုံးသော ဒီမိုကရေစီ စနစ်ကို အစ္စလာမ် စနစ်ဖြင့် ပေါင်းစပ်လိုကြသည်။

အချို့ကလည်း မိမိ၏ အယူအဆထက် ပြည်သူဘက်ကို ကြည့်ပေးသော ခေါင်းဆောင်များ ဖြစ်ခဲ့သည်။ ထိုအထဲတွင် အီရန်နိုင်ငံမှ အဗ္ဗဒွလ်ကရီမ်ဆိုရက်(ရှ်)လို ပုဂ္ဂိုလ်မျိုးပါဝင်ခဲ့ပေသည်။ သူသည် ရှေးရိုးစွဲ အယူအားသန်သူ ဖြစ်၍ ခို မေနီ၏ နောက်ကွယ်မှ အာဏာကို ချုပ်ကိုင်ခဲ့သူ ဖြစ်သည်။ သို့သော် သူ၏ ရှေးရိုးစွဲ အယူထက်- တိုင်းပြည်တိုးတက် ရေး-ပြည်သူလူထု စိတ်သက်သာရေးကို ကြည့်လျှက် မတူညီသော ဝါဒသုံးမျိုးဖြင့်၊ အစပ်အဟပ်တည့်ရန် ပေါင်းစပ် ပေးခဲ့နိုင်သူ ဖြစ်သည်။ ထိုဝါဒသုံးမျိုးမှာ၊ အစ္စလာမ့်မတိုင်မီ ရှေး ပါရှန်းရိုးရာဝါဒ၊ အစ္စလာမ့်ဝါဒနှင့် အနောက်တိုင်း ဒီမိုကရေစီဝါဒများ ဖြစ်ပေသည်။ ဆိုရက်(ရှ်)သည် ခေတ်သစ်ကမ္ဘာတွင် ကျင့်သုံးလျှက်ရှိသော လောကီဘက်ယိမ်း ဝါဒ တစ်ခုတည်းအား ငြင်းပယ်၍ ဘာသာရေးသည် လူသားများအဖို့ အခြေခံလိုအပ်ချက် ဖြစ်သည်ဟု ယုံကြည်သူ ဖြစ် သည်။ သို့ရာတွင် ခေတ်သစ်ပညာရပ်များကို ဆည်းပူးရန် ပြည်သူများအား အစဉ်တိုက်တွန်းသူ ဖြစ်ပေသည်။

အလားတူ စွန္နီမွတ်စလင်(မ်)ပညာရှင်များတွင်လည်း သူနှင့် အတွေးအခေါ် တူသူများ ရှိနေသည်။ တူနီးရှားနိုင်ငံမှ ပြည်နှင်ဒဏ် ပေးခြင်းခံရသော ဘဝသစ် ပါတီခေါင်းဆောင် ရရှစ်(ဒ်)အလ် ဂနူချီ၏ အမြင်၌ အနောက်တိုင်းသားများ

အစ္စလာမ်ကို အမုန်းပွားခြင်းမှာ အသိဉာဏ်နည်းပါးသောလူတစ်စု၏ လုပ်ရပ်အပေါ် အသိဉာဏ်နည်းပါးစွာသုံးသပ်

ခြင်းများကြောင့်ဖြစ်၏။ မြင်တွေ့ရသော အဖြစ်အပျက်များမှ အကျိုးမဲ့သော အရာများကို ဖယ်ရှား၍ အကျိုးရှိ သော အရာများကို ရွေးချယ်တတ်ရမည်မှာ လူသားတိုင်း၏တာဝန် ဖြစ်သည်။ ထိုအတွေ့အကြုံများကို စံထား၍ မိမိ အတွက်၊ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက် လက်တွေ့အသုံးချရမည် ဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။ ဂနူချီသည် ဒီမိုကရေစီနည်းကျ အစ္စလာမ့် အုပ်ချုပ်ရေးဝါဒကို နှစ်သက်သူ ဖြစ်ပေသည်။

အစ္စလာမ် သာသနာနှင့် ဒီမိုကရေစီတို့မှာ အလွန် သဟာဇာတ ဖြစ်သော ဝါဒနှစ်ခု ဖြစ်သည်။ သို့ရာတွင် လောကီရေး တစ်ခုတည်းကို ဦးစားပေးသော ဝါဒလမ်းစဉ်ကိုမူ သူ လက်မခံပေ။ အဘယ်ကြောင့်ဆိုသော် လူသားဖြစ်ခြင်းသည်ပင် လျှင် ရုပ်ခန္ဓာနှင့် နာမ်ဝိညာဉ်တို့ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ လူသားဖြစ်ပါလျှက် ရုပ်ခန္ဓာ တစ်ခုတည်းကို အကျိုး ဖြစ်ထွန်းစေမည့် မည်သည့်ဝါဒလမ်းစဉ်ကမျှ ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပေ။ အစ္စလာမ် သာသနာ၏ အခြေခံ ယုံကြည်မှု သောဝ်ဟီဒ် ခေါ် လူသားအားလုံး၏ ဘုံဘုရားတစ်ဆူဝါဒကို လက်ခံယုံကြည်ရာ၌၊ နှုတ်မှ ထွတ်ဆိုဝန်ခံ၍ စိတ်မှ ယုံကြည်ရမည်မှာ ရုပ်ခန္ဓာနှင့်နာမ် နှစ်ခုလုံးနှင့်ဆိုင်သော ကိစ္စ ဖြစ်သည်။ လူသား၏ ရည်ရွယ်ချက် ဦးတည်ချက် လုပ်ဆောင်ချက် အားလုံးတို့မှာ အစ္စလာမ့် လမ်းညွှန်ချက်အတိုင်း တပြေးညီရှိနေရမည် ဖြစ်သည်။ ထိုလမ်းညွှန်ချက် ဘောင်အတွင်းမှ ထိုလမ်းညွှန် ချက်နှင့်ဆန့်ကျင်မှု မရှိသော ဝါဒလမ်းစဉ်အားလုံးကို လက်မခံရဟူ၍ အစ္စလာမ်က တားဆီးပိတ်ပင်ထားခြင်း အလျင်းမရှိပေ။ အစ္စလာမ့် အခြေခံမူဝါဒကို အခြေခံ၍ ခေတ်မီကမ္ဘာတွင် မိမိတို့၏ ခံယူ ချက်၊ ဦးတည်ချက်၊ အမူအကျင့်များနှင့် ရပ်တည်နိုင်ရန် ကြိုးစားကြရမည်မှာ မွတ်စလင်(မ်)တိုင်း၏ တာဝန်ဖြစ် သည်။ မွတ်စလင်(မ်)တိုင်း ခေတ်မီ စနစ်ကြီးဖြင့် လိုက်လျောညီထွေ ရှိကြရမည် ဖြစ်ပြီး မိမိတို့၏ နိုင်ငံရေးများကို



သွေးထွက် သံယိုမှု မရှိဘဲ၊ လုပစ္စာ ပြောင်းလဲနိုင်ရန် ကြိုးစားအား ထုတ်ရမည်ဟု ရရှစ်(ဒ်) အလ်ဂနူချီက သုံးသပ်ပြခဲ့ သည်။

အီဂျစ် နိုင်ငံ ကိုင်ရိုမြို့ အလ်အဇ်ဟရ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရ- လက်ရှိ မွတ်စလင်(မ်) ညီနောင်များ အဖွဲ့ဝင် တစ်ဦး ဖြစ်သော စွန္နီမွတ်စလင်(မ်)တစ်ဦး ဖြစ်သူ ကတာနိုင်ငံ တက္ကသိုလ်တွင် စွန္နဟ်နှင့်စီရဟ်ဌာနတွင် ဒါရိုက်တာ အဖြစ် တာဝန် ထမ်းဆောင်နေသည့် ဒေါက်တာ ယူဆွဖ် အဗ္ဗဒွလ္လာဟ် အလ်ကရ်ဒါဝီကလည်း အစ္စလာမ့် အတွေး အခေါ်အား အခြေခံသည့် နိုင်ငံရေးကို မိမိတို့ကိုယ်တိုင် ရွေးချယ်ရာ၌၊ အနောက်တိုင်းသားများ အနေဖြင့် အသိ အမှတ် ပြုကြရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ့် ဘဝတည်ဆောက်မှု စနစ်သည် လောကီရေး တစ်ခု တည်း အတွက်ဟူသော ဝါဒလမ်းစဉ်ထက် ပိုမိုကျယ်ပြန့်သည့် အပြင် အစ္စလာမ့်လမ်းစဉ်သည် ကမ္ဘာတစ်ဝှမ်းလုံးနှင့် ဆိုင်သော ကမ္ဘာ့လူသား တစ်ရပ်လုံးအကျိုးရှိသော လမ်းစဉ်ကြီး ဖြစ်သည်ဟု ဆိုပေသည်။

ဘာသာရေးစစ်စစ်ကို အခြေခံသော နိုင်ငံရေးသည် မိမိတို့အား အကောင်းဆုံး အကျင့်စာရိတ္တများ ပေးနိုင်သည်ဟု ကရ်ဒါဝီက အရေးကြီးသော အချက်တစ်ခုကို မြှင့်တင်၍ ထောက်ပြဆွေးနွေးခဲ့သည်။ အနောက်တိုင်းသားတို့သည် အလွန်ခေတ်မီ တိုးတက်သော လူနေမှုစနစ်ကြီးတွင် ဘာသာတရား ကင်းမဲ့နေမှုကြောင့် ရောင့်ရဲခြင်းဟူသော သက် တောင့် သက်သာဖြစ်မှုကို မရရှိ ခဲ့ကြပေ။ မိမိတို့၏ ယုံကြည်မှုဆိုင်ရာ ဘာသာ သာသနာ အရ ဘဝ တည်ဆောက် ရမည်ဟူသော အရေးကြီးသည့်အဓိက အချက်ဆီသို့ပြန်လှည့်ကြရမည်ကို မေ့လျော့နေကြပေသည်- ဟူ၏။ အစ္စလာမ်ဟူသော အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌၊ လူတိုင်းသည် တူညီသော တရားမျှတမှုရ ရှိရေး ဖြစ်သည်။ မွတ်စလင်(မ်) ဟူသည် တရားမျှတမှုကို လက်ကိုင်ထား၍ ကြုံတွေ့လာသော လောကဓံတရားများကို ကြံ့ကြံ့ခံနိုင်သူများ ဖြစ်ရမည်။ လူမှုရေးဆိုင်ရာ တာဝန်သိတတ်မှု လူသား တစ်ရပ်လုံး အပေါ် ကရုဏာပွားနိုင်မှုတို့ ရှိရမည်။

သို့ရာတွင် မွတ်စလင်(မ်)များသည် အဆိုပါ နည်းလမ်းအတိုင်း နေထိုင်နိုင်ခြင်း မရှိကြသည့် အတွက် လူမှုရေးနှင့် နိုင်ငံရေးရာ တည်ဆောက်မှု အတွင်းတွင် မကြာခဏ အခက်အခဲများနှင့် ရင်ဆိုင် ဆုံတွေ့ကြရသည်။ မည်သို့ပင် ဆိုစေကာမူ၊ ရာစုနှစ်ပေါင်းများစွာအလျင်က မွတ်စလင်(မ်)များသည် အစ္စလာမ်သာသနာ၏လမ်းညွှန်မှုကို အခြေခံ သော လူမှုရေးနှင့် နိုင်ငံရေးကို တည်ဆောက်နိုင်ခဲ့ကြသည့် အတွက် ကြီးမားသော အောင်မြင်မှုကို ရရှိခဲ့ကြသည်။ ထို အချိန်က မွတ်စလင်(မ်)များ၏ကျန်းမာသန်စွမ်းသော နိုင်ငံရေးနှင့် လူမှုရေး စနစ်ကြီးသည် အနောက်တိုင်းသားများ ကိုယ်တိုင် အားကျ အတုခိုးခဲ့ရကြောင်း သမိုင်းတွင် အထင်အရှား ရှိခဲ့သည်။ အစ္စလာမ် သာသနာအတွင်း အယူဝါဒ ပြင်းထန်သော အုပ်စုများ ပေါ်ပေါက်လာခြင်း အတွက် အနောက်တိုင်းသားများ အပေါ်တွင်သာ လုံးလုံးလျားလျား တာဝန်ရှိသည်ဟူ၍ကား ပြောဆို၍ မရနိုင်ပေ။ မိမိသာသနာမှ တားမြစ်ထားသော အကြမ်းဖက်မှုများနှင့် မင်းမဲ့ စရိုက်ဆန်မှုများကို အစ္စလာမ်များကိုယ်တိုင်က မည်သူတရားဖျက်ဖျက် ကိုယ်မဖျက်ရန် အရေးကြီးသည်ဟု ထောက်ပြ ပြောဆိုလျှက်- အစ္စလာမ်၏ မွန်မြတ်သော လူသား စည်းကမ်းများ စနစ်ဇယားများကို နှစ် သုံးထောင်စုတွင် အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်စေရန် ဆန္ဒပြုသည်ဟု ဒေါက်တာယူဆွဖ် အဗ္ဗဒွလ္လာဟ် ကရ်ဒါဝီက ပြောဆိုခဲ့ပေ သည်။

ဂျွန်လ (၁၈)ရက် ၂၀၀၇ ခုနှစ် ညနေ ၈း၅၀ နာရီ တနင်္လာနေ့တွင် တုန်ရှိုင်းမဲ့ကိုးကွယ်ရာအရှင်၏ အလိုတော်ဖြင့် ရေး သားပြီးစီး၍၊ ၂၀၀၈ ခုနှစ် အောက်တိုဘာလ (၅) ရက် တနင်္လာနေ့နံနက် ၉း၃၀ တွင် စီစစ်တည်းဖြတ်ခြင်း ပြီးစီး ခဲ့သည်။

ဦးစိုးလွင်(ငြိမ်းချမ်းလျှပ်စစ်)